# မေဒီ
# နှင့်
# မောင့်မမငြိမ်း

## အောင်လင်း



ရန်အောင်စာပေ - ၂ စာအုပ်အမှတ် (၃၉)

# ဗေဒါနှင့်မောင့်မငြိမ်း

အောင်လင်း

စီစဉ်သူ
နီနီအောင်

ရန်အောင်စာပေ - ၂
အမှတ် (၈၅၅)၊ ဦးငွေကိုင်လမ်း။ (၄၁) ရပ်ကွက်
ဒဂုံမြို့သစ်မြောက်ပိုင်း ၊ ရန်ကုန်တိုင်း
၀၉၅၅၁ ၉၅၆၂၉

# အောင်လင်း

# ဗေဒါနှင့်မောင့်မမငြိမ်း

ရန်အောင်စာပေ-၂

အမှတ်(၈၅၅)၊ ဦးငွေကိုင်လမ်း။ (၄၁)ရပ်ကွက်၊ ဒဂုံမြို့သစ်မြောက်ပိုင်း။ ရန်ကုန်တိုင်း။
၀၉၉၉ ၂၆၆၆၅

စာပုံနှိပ်ခြင်းဆိုင်ရာမှတ်တမ်း
ထုတ်ဝေသည့်အကြိမ်
ပထမအကြိမ်
(၁၉၆၀ - ပေဒါ ၊ ၁၉၆၁ - မောင့်မမငြိမ်း။ )
ဒုတိယအကြိမ်
(၁၉၆၂ - ပေဒါ)
တတိယအကြိမ်
၂၀၀၈ ခုနှစ်၊ ဇွန်လ၊ ပေဒါနှင့်မောင့်မမငြိမ်း

စာမူခွင့်ပြုချက်အမှတ်
၅၀၀၆၇၄၀၆၀၇/၅၀၁၀၆၈၀၉၀၇

မျက်နှာဖုံးခွင့်ပြုချက်အမှတ်
၅၀၀၇၃၅၀၆၀၈

စီစဉ်ထုတ်လုပ်သူ
နီနီအောင်

မျက်နှာဖုံးပန်းချီ
တင်လှဝင်းထင်

အတွင်းပုံနှိပ်
ဦးတင်အောင်ကျော် (စွယ်တော်ပုံနှိပ်တိုက်)
အမှတ် (၈၇) ၊ ၅၆ - လမ်း၊ (၂) ရပ်ကွက်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့

မျက်နှာဖုံးပုံနှိပ်
ဦးဇော်မင်း (Wizard)
အမှတ် (၁၉၈) ၊ ၃၃-လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့

ထုတ်ဝေသူ
ဦးလှတိုး (ရန်အောင်စာပေ)
၃၄၃/၁၈ ၊ အနောက်ရန်ကင်း၊ ရန်ကုန်မြို့။

ကွန်ပျူတာ - K Zaw DPT
အတွင်းဖလင် - ထွန်းတောက်ဇော (မ)ဆက်
စာအုပ်ချုပ် - ရွှေကြိုင်
တန်ဖိုး - ၂၅၀၀ ကျပ်

# ଡେଭି

# ၁

ငြိမ်သက်နေသော ကန်ရေပြင်ပေါ်တွင် ကြာပွင့်တို့သည် ဝေဝေစီစီ လန်းဆန်းလျက်ရှိလေသည်။

တစ်ခါတစ်ရံ ရေပြင်ပေါ်သို့ အပြေးရှပ်၍ တိုက်ခတ်လိုက်သော လေဟုန်ကြောင့် ကြာပွင့်တို့သည် လှုပ်ရှားလာကြပြန်သည်။ ပြီးတော့လည်း ပြန်၍ပင် ငြိမ်၍သွားကြပြန်သည်။

အမှန်ကတော့ ကန် ကြာပွင့်ကြာပန်းတို့သည် ကန်၏ ကျက်သရေကို ဆောင်ခဲ့သူများ ဖြစ်၏။ ကန် ကြာပန်းတို့သည် ကန်၏ ကျက်သရေ ကန်၏ အလှ၊ ကန်၏ တင့်တယ်ခြင်းကို မည်မျှပင် ဆောင်ခဲ့ကြစေကာမူ သူတို့သည် ကန်ရေပြင်၏ ငြိမ့်ညောင်းသော လှိုင်းကို စီးခွင့် မရခဲ့ကြချေ။ သူတို့နေသော နေရာမှတစ်ပါး တခြားသို့ သွားခွင့် မရှိခဲ့ကြချေ။ တစ်နေရာတည်း၌သာ ရပ်တည် ငြိမ်သက်နေရသော ကန်ကြာပန်းတို့၏ ဘဝကား အမှန်တော့ သနားစရာ ကောင်းလှပေသည်။

ဗေဒါသည် စီရရီပွင့်နေသော ကြာပွင့်များကို ကြည့်ရင်း သူ့ဘဝကို သူ ပြန်တွေးမိလေသည်။ သူ့ဘဝကား ကန်ကြာပန်းတို့၏ ဘဝနှင့် လုံးဝ ကွဲပြားခြားနားခဲ့၏။ ကြာပန်းတို့သည် သူတို့ အမြစ်တွယ်သော နေရာတွင် ရပ်တည်၍ ကန်၏အလှ၊ ကန်၏ တင့်တယ်ခြင်း၊ ကန်၏ ကျက်သရေကို မည်မျှပင် ဆောင်ကြသော်လည်း သူတို့၏ ဘဝတား သနားဖွယ်ရာ ကောင်း လှ၏။

နံနက်ခင်း နေရောင်ခြည် နွေးနွေးနှင့် ထိတွေ့ရသည့် တစ်ချိန်သာ သူတို့ဘဝသည် လန်းဆန်းခဲ့ကြ၏။ တစ်နေကုန် နေမင်း၏ ပူပြင်းသော ဒဏ်ကို ခံကြရ၏။ ကန်ရေပူထဲတွင် ပင်ပန်းနွမ်းနယ်စွာ နေကြရ၏။ အရိပ်ကိုလည်း ခိုခွင့်မရ၊ ရွေ့လျားခွင့်မရ၊ ညအခါ၌လည်း လမိုက်ရက်များတွင် မှောင်နှင့် မည်းမည်း နေကြရ၏။ ထို့ကြောင့်လည်း သူတို့၏ ဘဝသည် သနားစရာ ကောင်း၏။ အားငယ်စရာ ကောင်း၏။ ငြီးငွေ့စိတ်ပျက်ဖွယ်ရာလည်း ကောင်း၏။

ဗေဒါသည် သူ့ဘဝနှင့် ကြာပန်းများကို ယှဉ်၍ တွေးကြည့်မိသည်။ အမှန်တော့ သူ့ဘဝနှင့် ကန်ကြာပန်းတို့သည် တစ်ခုသာ ကွဲပြား၏။ သူသည် ကန်ကြာပန်းများကဲ့သို့ လောကဓံလှိုင်း ရေပူတွင် ကျင်လည်ခဲ့ရသည်။ သို့သော် ကန်ကြာပန်းများကဲ့သို့ တစ်နေရာတည်း၌ အမြစ်တွယ်၍ မနေနိုင်ပေ။ ကန်ကြာပန်းများကဲ့သို့ ဣန္ဒြေရရ မနေနိုင်ခဲ့ပေ။

လောကဓံလှိုင်းရေပူထဲတွင် အမြဲတမ်း ကူးခတ်နေရ၏။ ရေပူချောင်းတွင် အမြဲတမ်း မျောပါနေခဲ့ရ၏။ ကြာပန်းများကဲ့သို့ ကမ်းစပ် ကန်စပ်တွင် မနေနိုင်။ သူ့ဘဝသည် ပူပြင်းလှသော လောကဓံလှိုင်းတွင် ကမ်းမမြင် လမ်းမမြင် စုန်ဆန် မျောခဲ့ရသည်။ တစ်ခါတစ်ရံ ကမ်းကို မှန်း၍ ကူးသော်လည်း ပင်ပန်းလာပြန်တော့သည့်အဆုံး ကမ်းနှင့် ဝေးရာသို့သာ မျောခဲ့ရသည်။

အမှန်တော့လည်း သူ့ဘဝသည် ကြာပန်းကဲ့သို့ ချမ်းမြေ့ခြင်း မရှိ၊ တည်ငြိမ်ခြင်းမရှိ၊ တပင်တပန်း ကူးခတ်လှုပ်ရှား ရုန်းကန်ခဲ့ရခြင်းသာ ဖြစ်သည်။

ဗေဒါသည် သက်ပြင်းကို လေးတွဲ့စွာ ချလိုက်ပြီးလျှင် ကန်စပ်မှ ထလာခဲ့လေသည်။ တနင်္ဂနွေနေ့ဖြစ်၍ ပန်းခြံတွင်းဝယ် လူ စည်ကားလှသည်။ ရေပန်းဘေးတွင် ဗေဒါ၏ အဖော်တစ်စု လုံးထွေးသတ်ပုတ်၍ နေကြသည်။ ဗေဒါသည် သူတို့ဘေးတွင် အသာရပ်၍ ကြည့်နေလိုက်သည်။

လှမြင့်သည် ကျော်နီတင်ထွန်းလက်မှ ဓာတ်ပုံကို အတင်းလု၍ ယူလိုက်သည်။ ပြီးမှ ဗေဒါ့လက်သို့ ထိုးပေးလိုက်သည်။ ဗေဒါသည် လှမြင့်ပေးသော ဓာတ်ပုံကို ကြည့်ရင်း မျက်နှာများ နီ၍လာလေသည်။ ဗေဒါသည် ကျော်နီ၏ မျက်နှာကို ခပ်တင်းတင်း စိုက်၍ကြည့်လိုက်သည်။

"ဒါ မင်း ဘယ်ကရသလဲ ကျော်နီ. . ."

ကျော်နီတင်ထွန်းသည် နေရာမှ လူးလဲ၍ထရင်း ဗေဒါ၏ လက်မှ

ဓာတ်ပုံကို ရုတ်တရက် ပြန်၍ လုယူလိုက်သည်။ ဗေဒါသည် ကျော်နီ၏ ရင်ပြင်မှ အင်္ကျီစကို ဖမ်း၍ ဆွဲလိုက်သည်။

"ဒီဓာတ်ပုံကို မင်း ဘယ်ကရသလဲ ကျော်နီ"

"မြသီတာပေးတာ. . ."

"ဟောကောင် မင်း မဖြီးနဲ့ ငါ့ကို မှန်မှန်ပြော၊ ဒီဓာတ်ပုံ မင်း ဘယ်က ရသလဲ. . ."

ကျော်နီသည် ဗေဒါ့လက်ကို ပုတ်ချလိုက်ပြီးလျှင် တစ်လှမ်းချင်း နောက်သို့ ဆုတ်လိုက်သည်။ ဗေဒါက ကျော်နီ နောက်သို့ တစ်လှမ်းချင်း လိုက်၍သွားသည်။ လှမြင့်သည် ဗေဒါ၏ နောက်မှကပ်၍ လိုက်လာသည်။ ကျော်နီတင်ထွန်းသည် ကြောက်ရွံ့ဟန်ဖြင့် တစ်လှမ်းချင်း နောက်သို့ ဆုတ်သွားတော့သည်။

"ဟောကောင်၊ မေးနေတာ မပြောဘူးလား. . ."

"ငါ တကယ်ပြောတာပါကွာ. . . မြသီက ငါ့ကို ပေးတာပါ. . ."

ကျော်နီတင်ထွန်းသည် နောက်သို့ အလန့်တကြား လှည့်၍ကြည့်လိုက်သည်။ သူ့နောက်တွင် ရေပြင်သာ ရှိတော့သည်။ သူ့ ခြေတစ်ဖက်ပင်လျှင် ရေစပ်သို့ နင်းမိပြီး ဖြစ်နေသည်။

"မြသီက မင်းကို ဘာလို့ပေးတာလဲ. . ."

"မြသီနဲ့ ငါနဲ့. . ."

ဗေဒါသည် ကျော်နီတင်ထွန်း၏ စကားမဆုံးမီ. . . ခြေထောက်ကို သိမ်း၍ ကန်လိုက်သည်။ ကျော်နီတင်ထွန်းသည် ရေထဲသို့ ပက်လက်လန်၍ ကျသွားလေသည်။ ဗေဒါသည် ကျော်နီတင်ထွန်း ကိုယ်ပေါ်သို့ ခုန်၍ အုပ်လိုက်ပြီး လည်ပင်းကို ကိုင်၍ ညှစ်လိုက်သည်။

"ငါ မေးတာ မှန်မှန်ပြောမလား၊ မပြောဘူးလား. . ."

"တကယ်ပါ ဗေဒါရာ. . . မြသီကို တို့ တစ်နေ့ ဓာတ်ပုံခေါ်ပြီး ရိုက်ကြတယ်. . ."

ဗေဒါသည် ကျော်နီ၏ စကားကို စောင့်၍ နားမထောင်တော့ချေ။ ကျော်နီ၏ မျက်နှာကို ရေထဲတွင် နှစ်လိုက်သည်။ ကျော်နီက ကြောက်အား လန့်အားဖြင့် ရုန်းလိုက်သည်။

"ငါ အမှန် ပြောတာပါကွ. . . မင်းက မြသီကို သိပ် အထင်ကြီးနေတာ မင်း မယုံရင် ငါခေါ်ပြမယ်. . ."

"ဗေဒါသည် ဂျော်နီ၏ မျက်နှာတစ်ခုလုံးကို ရေထဲတွင် အတန်ကြာအောင် နှစ်၍ထားလိုက်သည်။ ဂျော်နီသည် ဗေဒါ့လက်မှ အတင်းရုန်း၍ ထလိုက်သည်။ ဗေဒါ၏ လက်သီးများသည် ဂျော်နီ၏ မျက်နှာပေါ်သို့ တစ်ချက်ချင်း ဝင်၍ လာတော့သည်။ ဂျော်နီ၏ မျက်နှာပေါ်တွင် သွေးများ ဖြာ၍ ကျလာသည်။ ဗေဒါသည် နောက်ထပ် ဆက်ထိုးရန် ပြင်လိုက်သည်။ သို့သော် သူ့ လက်သီးများသည် ဂျော်နီ၏ မျက်နှာပေါ်သို့ မရောက်မီ တစ်စုံတစ်ယောက်က သူ့လက်ကို ဆွဲထားလိုက်သည်။ ဗေဒါက ဆွဲသူကိုပင် ဒေါသတကြီး လှည့်၍ကြည့်လိုက်သည်။ သည်တော့မှလည်း တင်းမာ ခက်ထန်လှသော သူ့ မျက်နှာသည် အပြစ်ရှိသော ကလေးငယ်၏ မျက်နှာကဲ့သို့ တဖြည်းဖြည်း ပြောင်း၍လာတော့သည်။

"ဗေဒါ နင် ဘာဖြစ်တာလဲ ကလေးလည်း မဟုတ်ဘဲနဲ့ကွယ် လူလယ်ကောင်မှာ ရန်ဖြစ်ရသလား. . ."

"မဟုတ်ဘူး မမငြိမ်း၊ ဒီကောင်တွေက ပိုက်ဆံ ချမ်းသာတယ်ဆိုပြီး မရှိဆင်းရဲတဲ့ မိန်းကလေးတွေကို လိုက်ပြီး ဖျက်ဆီးချင်တယ်. . ."

ငြိမ်းသည် ဗေဒါ ဂျာကင်အင်္ကျီတွင် ပေကျံနေသော ရွှံ့များကို သူ၏ ဖြူဖွေးသော လက်ကလေးဖြင့် သုတ်၍ ပေးလိုက်သည်။ သည်တော့မှ ဗေဒါက သူ့အင်္ကျီကို ချွတ်၍ ခါလိုက်သည်။ သူ့ တစ်ကိုယ်လုံးကိုလည်း လက်ကိုင်ပဝါဖြင့် သုတ်လိုက်သည်။

"ကဲ-လာ ပြန်ကြရအောင်. . . ဟိုကောင်လေးရော လှမြင့်လည်း ခုတစ်လော တော်တော်ကဲနေတယ်နော်၊ နင့် အဖေကို တိုင်လိုက်မယ်. . ."

လှမြင့်သည် ပြုံးဖြဲဖြဲဖြင့် ငြိမ်းကို ကြည့်လိုက်သည်။

ဗေဒါ

"ကျွန်တော် စက်ဘီးပါတယ် မမငြိမ်း ခု ပြန်မှာပါ၊ ကနေ့ ရိုဇာဝတ် အောက်မလာလို့ ကျောင်းကိုသွားရင်း ဒီဘက် လှည့်ဝင်လာခဲ့တာပါ"

"ကနေ့ တနင်္ဂနွေနေ့ပဲဟာ ဘယ်က ရိုဇာဝတ်အောက်မှာလဲ ကဲလာ ဗေဒါ. . ."

ငြိမ်းက ပြောပြောဆိုဆို ရှေ့မှထွက်၍ သွားတော့သည်။ ဗေဒါသည် ခေါင်းငိုက်စိုက်ဖြင့် ဂျာကင်ကို ပခုံးပေါ်တင်၍ လျှောက်ခဲ့လေသည်။

"မမငြိမ်း တစ်ယောက်တည်းလား. . ."

"ပေဒါက ခေါင်းငုံ့၍ လျှောက်ရင်း မပွင့်တပွင့် မေးလိုက်သည်။

"အထွန်းတို့ရော ပါတယ်လေ. . ."

"ဦးတင်အောင်ရော မပါဘူးလား. . ."

ပေဒါက မသိမသာ ပြုံးလိုက်ရင်း မေးလိုက်သည်။

ငြိမ်းသည် ပေဒါကို သမင်လည်ပြန် လှည့်၍ တစ်ချက်မျှ စိုက်ကြည့်လိုက်သည်။

"ပါတာပေါ့ဟဲ့ သူ လိုက်ပို့လို့ တို့ လာရတာပေါ့။ ကနေ့ ဆန်းဒေးဆိုတော့ ဒရိုင်ဘာမှ မလာဘဲ၊ ပြီးတော့ ကိုကိုကြည်ကလည်း ဖဲဝိုင်းထိုင်နေတော့ ကားမောင်းမယ့်လူ ဘယ်ရှိမလဲ"

"ကျွန်တော့်ကို မပြောလို့ပါ အစ်မရာ၊ ခါတိုင်း ကျွန်တော် မောင်းပို့နေတာပဲဟာ. . ."

"နင်က အိမ်ကပ်တာမှ မဟုတ်ဘဲ. . ."

ငြိမ်းက မျက်စောင်းကလေးထိုး၍ ပြောလိုက်သည်မှာ ကလေးဆန် လှ၍ ပို၍ပင် ချစ်ခင်စရာ ကောင်းတော့သည်။ ပေဒါသည် ဂျာကင်အင်္ကျီကို လေထဲတွင် တစ်ပတ်နှစ်ပတ် ဝှေ့ယမ်းလိုက်သည်။ ပြီးမှ ကားဆီသို့ ပြေးတက်သွားတော့သည်။

ဦးတင်အောင်နှင့် အထွန်းတို့က ကားဘေးမှ ငြိမ်းကို ရပ်၍စောင့်နေသည်။ အထွန်းက နှုတ်ခမ်းလေး စူနေတော့သည်။

"သူများ ထမင်းဆာလှပါပြီ ဆိုမှ မငြိမ်းကလည်း ဘာများ လုပ်နေတယ် မသိဘူး. . ."

ငြိမ်းက အထွန်း ခေါင်းကလေးကို ခပ်ဖွဖွ ပွတ်လိုက်သည်။ ပေဒါက ကားရှေ့မှ တက်လိုက်ပြီးလျှင် နောက်တံခါးကို ဖွင့်၍ ပေးလိုက်ရင်း အထွန်းကို စ,လိုက်သည်။

"အထွန်း ရှေ့ကတက် ငါ မောင်းမလို့ သော့ရော ဦးတင်အောင်. . ."

ဦးတင်အောင်က အိတ်ထဲမှ သော့ကို ပစ်ပေးလိုက်သည်။ အထွန်းကမူ စုအောင့်အောင့်ဖြင့် ပေဒါ ဖွင့်ပေးထားသော ရှေ့တံခါးကို ဆောင့်၍ ပိတ်လိုက်ပြီး နောက်ခန်းသို့ ဝင်၍ ထိုင်လိုက်သည်။

"ငါ့ကို စ,မနေနဲ့နော် ဒါပဲ၊ ထမင်းဆာလှပြီ အိမ်ကို မြန်မြန်မောင်း. . ."

"ဒီကောင်ကလေးကို အမြန် အမောင်း မခိုင်းစမ်းနဲ့၊ သူ မောင်းရင် ငါ ရင်တုန်လွန်းလို့. . ."

ဗေဒါက စက်ကိုနှိုး၍ ကားကို တစ်ရှိန်ထိုး မောင်းထွက်လိုက်သည်။ ဦးတင်အောင်က စီးကရက်တစ်လိပ်ကို မီးညှိဖွာလိုက်ပြီးလျှင် ဗေဒါအတွက် တစ်လိပ် ပစ်၍ ပေးလိုက်သည်။ ဗေဒါက ကားကို လက်တစ်ဖက်ဖြင့် မောင်း၍ တစ်ဖက်မှ စီးကရက်ကို မီးညှိ၍ ဖွာလိုက်သည်။ ဗဟန်း ဓာတ်ဆီဆိုင် အကွေ့သို့ ရောက်သောအခါ ဦးထောင်ဘို လမ်းဘက်ဆီသို့ ချိုးလိုက်သည်။

"ထနေ့ ဒီဇာတ်မထွက်တာ တစ်ရက်တော့ ပျော်ရဦးမှာပဲ. . ."

"ဘာလဲ နင် စာမေးပွဲ ကျမယ်ဆိုတာ သေချာလို့လား. . ."

"ဘောင် ဆေးစရာတောင် မလိုဘူး. . ."

"နင့် အခေ အမေများ နင် မသေနားဘူးလား ဗေဒါရယ်. . ."

ငြိမ်းက တရှုံးအာသံဖြင့် ညည်းလိုက်သည်။ ဗေဒါက စီးကရက်ကို အားရပါးရ ဖွာလိုက်ရင်း ပြုံးလိုက်သည်။ ပြီးမှ ကားကို ဝင်ဒါမီယာသို့ ချိုးလိုက်သည်။

"ဗေဒါ နင် ဘယ်ဝင်ဦးမလို့လဲ ထမင်းဆာလှပြီ. . ."

"ခဏပါ အထွန်းရာ တစ်မိနစ် မကြာဘူး. . ."

"ဟော့. . . မစောင့်နိုင်ဘူး နင့်ဟာနင် နေခဲ့. . ."

ဗေဒါက ကားကို ရပ်ကာ သော့ပါဖြုတ်၍ ဆင်းသွားတော့သည်။ အထွန်းသည် ကားကူရှင်ကို လက်ဖြင့် ပုတ်ရင်း စောင့်၍နေတော့သည်။

"မမငြိမ်းက အလကား သူ့ကို ခေါ်လာတယ်၊ ဗေဒါက အလွန် လမ်းများတဲ့အကောင်၊ နောက်တော့ တော်ပြီ သူတို့နဲ့ ဘယ်တော့မှ အတူ မသွား ဘူး သူများဘာသာ သွားမယ်. . ."

"လာပါပြီကွယ် မိထွန်းကို နားပူတယ်. . . ငါကလည်း နင်တို့နဲ့ မသွား ချင်ပါဘူး. . ."

ဗေဒါသည် အပြေး ပြန်ထွက်လာပြီးလျှင် ကားပေါ်သို့ ခုန်တက် လိုက် သည်။ ရှေ့ မှန်ထဲမှနေ၍ နှုတ်ခမ်းစူနေသော အထွန်း မျက်နှာကို တစ်ချက်မျှ ပြုံး၍ ကြည့်လိုက်သည်။

"ကဲပါဟာ ငါ နှစ်ဆ မောင်းပေးပါမယ်. . ."

အထွန်းကမူ ဘာမျှ မပြောတော့ချေ။ ကားသည် တရိပ်ရိပ် ပြေး၍

နေတော့သည်။ မိုင်းနှုန်း လက်တံသည် လေးဆယ်ပင် ကျော်၍လာသော်လည်း ဝက်က အရှိန် မလျော့သေးချေ။

"ဖြည်းဖြည်း မောင်းပါကွာ. . ."

ဦးတင်အောင်က စိုးရိမ်တကြီး သတိပေးလိုက်သည့်တိုင်အောင် ဖေဒါ က စက်အရှိန်ကို မလျှော့သေးချေ။ အကွေ့ရောက်မှ ဘရိပ်ကို အုပ်၍ အရှိန် သတ်လိုက်သည်။

ငြိမ်းတို့အိမ်ရှေ့ ကားထိုးရပ်လိုက်သည်နှင့် တစ်ပြိုက်နက် အထွန်းသည် ကားပေါ်မှ အပြေးဆင်း၍ အိမ်ပေါ်သို့ တက်သွားတော့သည်။

"ဒီ ကောင်မလေးကို အငမ်းမရဘဲ သွားချင်လည်းသူပဲ ပြန်ချင်လည်း သူပဲ၊ ဒါကြောင့် မိထွန်းနဲ့များ လမ်းမထွက်ချင်ဘူး. . ."

ဦးတင်အောင်က ခွင့်လွှတ်သောအနေဖြင့် ပြုံးလိုက်သည်။

အိမ်ရှေ့ဧည့်ခန်းတွင် ဖဲဝိုင်းက ကောင်းတုန်းပင် ရှိသေးသည်။

"ကိုတင်အောင် ဝင်မလား၊ ကျွန်တော် ထွက်ပေးမယ်. . ."

ကိုဘကြည်က အိမ်ခံလူအနေဖြင့် ဦးတင်အောင်ကို ဖိတ်ခေါ်လိုက် သည်။

ကိုဘကြည်မှာ ငြိမ်းတို့အိမ်တွင် အိမ်ထောင် အုပ်ထိန်းသူ ဖြစ်သည်။ ညီအစ်ကိုမောင်နှမ သုံးယောက်အနက် အကြီးဆုံးလည်း ဖြစ်သည်။ ငြိမ်းတို့ ဖခင် ဆုံးပြီးနောက်တွင် မိခင်အိုကြီးဖြင့် အိမ်စီးပွားရေးလုပ်ငန်းကို ကိုဘကြည် ပင် ဆက် ဦးစီးလုပ်ကိုင်ခဲ့သည်။ အမှန်တော့လည်း ငြိမ်းတို့ မိသားစုမှာ ဖခင်ကြီး ရှာဖွေထားခဲ့သော စီးပွားရေး အခြေအနေဖြင့်ပင် ဘာမျှ မလုပ်ဘဲ ထိုင်၍ စားနိုင်ပေသည်။ သို့သော် မိဘ လက်ထက်က တည်ထောင် လာခဲ့သော အလုပ် ဖြစ်၍ ကိုဘကြည် ကိုယ်တိုင်ကပင် ဆက်လက် ဦးစီး လုပ်ကိုင်ခဲ့ရလေသည်။

ငြိမ်းနှင့် အထွန်းကမူ ကျောင်း ပညာကိုပင် ဆက်လက် သင်ကြားရင်း အိမ်တွင်း အလုပ်များကို ကူညီ လုပ်ကိုင်ခဲ့ကြရသည်။ ဖေဒါအတွက် ငြိမ်းတို့ အိမ်သည် စားရေအိမ် သောက်ရေအိမ် ဖြစ်နေတော့သည်။ တစ်အိမ်လုံးကပင် ဖေဒါကို ချစ်ကြသည်။ လုပ်စရာရှိလျှင် ဖေဒါကို လာ၍ ခေါ်ရသည်။ မီးပျက် လျှင်လည်း ဖေဒါ၊ ရေဒီယိုပျက်လျှင်လည်း ဖေဒါ၊ ကားမောင်းမည့်သူ မရှိလျှင် လည်း ဖေဒါ။ ဖေဒါသည် ငြိမ်းတို့ မိသားစု၏ လက်စွဲ ဖြစ်သည်။

အထူးသဖြင့် ငြိမ်းအတွက် ဖေဒါသည် ကလေးဆိုးလေး တစ်ယောက်

လည်း ဟုတ်၏။ ချစ်စရာကောင်းသော မောင်ငယ်လေး တစ်ယောက်လည်း ဟုတ်သည်။

နောက်ဖေးခန်းတွင် ထမင်းပြင်၍ပြီးသော ငြိမ်းက ဦးတင်အောင်နှင့် ဗေဒါကို ထမင်းစားထွက်၍ ခေါ်လိုက်သည်။

"ကဲ. . . ထမင်း သုံးဆောင်ပါဦး ကိုတင်အောင်. . ."

"တော်ပြီငြိမ်း ကျွန်တော် မုန့်ဟင်းခါးတွေ စားထားလို့ပါ"

"နည်းနည်းဖြစ်ဖြစ်ပေါ့. . ."

"ဝနေလို့ပါ အားနာရမယ့် အိမ်မှ မဟုတ်ဘဲ၊ ဆာရင် စားမှာပေါ့. . ."

သည်တော့မှလည်း ငြိမ်းက လက်လျှော့လိုက်တော့သည်။

"ကိုကိုကြည်ရော စားတော့မလား. . ."

ကိုအကြည်က လက်ထဲမှ ဖဲများကို နေရာတကျ စီနေရင်းမှ သူ့ အဖော်များကို လှမ်း၍ ကြည့်လိုက်သည်။

"ကဲ မစားရသေးတဲ့ လူများ စားနိုင်တယ်ဗျာ၊ ဝိုင်းမပျက်ချင်ရင်တော့ ဒီမှာတင် ပုံပြီး ဇွန်းနဲ့ စားပေါ့. . ."

"အေးဗျာ. . . ကောင်းသားပဲ. . ."

"ကျွန်တော်တော့ တော်ပြီ အစောကြီး စားခဲ့တယ်. . ."

"ဒါမျိုးကျ တယ်ပြီး ဝီရိယကောင်းသားပဲ. . ."

"ကဲ တို့ဖို့ သုံးပွဲလောက်ပြင်ပြီး ပို့လိုက်ကွာ၊ ဗေဒါ မင်း သွားယူချေ"

ဗေဒါသည် နောက်ဖေးခန်းသို့ ဝင်၍ ထမင်း သုံးပွဲကို အမြန်ဆုံး ပြင်လိုက်သည်။ အထွန်းက ဗေဒါကို မျက်စောင်းထိုး၍ ကြည့်လိုက်ရင်း ရန်တွေ့လိုက်ပြန်သည်။

"ဟော့. . . ဟင်းတွေ အရမ်းမထည့်နဲ့၊ ဒီမှာ ဘယ်သူမှ မစားရသေးဘူး. . ."

"အောင်မာ ကိုကိုကြည် စားဖို့ပြင်ရတာဗျ သိလား၊ သူကများလာပြီး ဝိုလ်ကျနေသေးတယ်၊ အစားများဆိုရင် တကယ်စိတ်ချရတယ် ဒီဆရာ ပဲ"

"ငါ့ကို လာမပြောနေနဲ့နော် ဗေဒါ၊ ငါ ဖော်ပြီး တိုင်လိုက်မယ်. . ."

ဗေဒါသည် ထမင်းပန်းကန် သုံးချပ်ကို ဆင့်ကိုင်လိုက်ပြီး အပြင်သို့ ခပ်သုတ်သုတ် ထွက်ခဲ့လေသည်။ ထမင်းပွဲများ ချပေးပြီးလျှင် နောက်ဖေးခန်းသို့ ပြန်၍ ဝင်ခဲ့လေသည်။ ထမင်းဝိုင်းတွင် ငြိမ်း၏ မိခင် ဒေါ်မြစိန်ပါ ရောက်၍

နေသည်။ ဒေါ်မြစိန်ကား အေးအေးပင် နေတတ်သူ ဖြစ်သည်။ တစ်ခါတစ်ရံ တစ်နေ့လုံးနေ၍ စကားတစ်လုံး ပြောသူမဟုတ်။ တရားစာအုပ် တစ်အုပ်နှင့်သာ သူ့အခန်းတွင် သူ နေတတ်သူဖြစ်သည်။ ထမင်းဝိုင်းတွင် ဗေဒါဝင်၍ ထိုင်လိုက်လျှင် ငြိမ်းက ဗေဒါ့အတွက် ထမင်းများ ထည့်၍ပေးလိုက်သည်။ ဗေဒါက ငြိမ်းထည့်ပေးသော ထမင်းများ ထမင်းအုပ်ထဲတွင် တစ်ဝက် ပြန်၍ ထည့်လိုက်သည်။

"မင်းက ဘာတွေ စားထားလို့လဲ၊ ထမင်း တစ်ပန်းကန်တောင် မကုန်တော့ဘူးလား. . ."

"မဟုတ်ဘူး မမငြိမ်းရဲ့ အိပ်ကျတော့ တစ်ထပ် အုပ်ရဦးမယ်. . ."

ဗေဒါသည် ထမင်းပွဲကိုကြည့်ရင်း အိမ်ကို သတိရသည်။ အမှန်တော့ ငြိမ်းတို့အိမ်မှ ထမင်းပွဲနှင့် သူ့ အိမ်မှ ထမင်းပွဲမှာ နတ်သုဒ္ဓါနှင့် လယ်တောထမင်းလောက် ကွာလှပေသည်။

ငြိမ်းတို့ အိမ်မှ ထမင်းပွဲကြည့်လိုက်လျှင် သား ငါး နှစ်ခွက်နှင့် အကြော်၊ ဟင်းချိုအစုံ စားပွဲပြည့်မျှ ဖြိုင်ဆိုင်လှလေသည်။ သူ့ အိမ်မှ ထမင်းပွဲကို ကြည့်လိုက်လျှင် ပဲဟင်း၊ ငပိရည်ကျို အပေါ်စား ငါး ဤမျှသာ ဖြစ်သည်။

ဗေဒါသည် ထမင်းစားရင်း အိမ်ကို သတိရလာမိသည်။ အိမ်ကိုသာမဟုတ် သူ လုပ်ရသည့် အလုပ်များကိုလည်း သတိရမိသည်။ ထို့ကြောင့်လည်း ထမင်းကို အမြန်စား၍ သူ စားသော ပန်းကန်ကို ဆေးပြီးလျှင် အိမ်သို့ တစ်ကြိုးတည်း လစ်ခဲ့သည်။

ငြိမ်းကမူ ဗေဒါ၏ အဖြစ်ကို နားမလည်သလို ကြောင်ကြည့်ရင်း ကျန်ရစ်ခဲ့လေသည်။

အိမ်ပေါ်သို့ ဝင်လျှင် အမေ၏ ဆူသံကို ကြားရသည်။ အမှန်တော့ အမေ ဘာကြောင့် ဆူသည်ကို ဗေဒါက သိပြီး ဖြစ်သည်။ ညနေ ထမင်းချက်ချိန် ရောက်လျှင် အမေ၏ ဆူသံကို အမြဲ ကြားရတတ်သည်။ ထမင်းချက်ချိန် ရောက်သော်လည်း ဆန်အိုးထဲတွင် ဆန်ကမရှိ၊ ဆီပုလင်းကပြောင်၊ ဈေးဖိုးကမရှိ။ အဖေကို မျှော်သော်လည်း အဖေက မရေရာလှချေ။ အလုပ်မှ ပြန်သော်လည်း အိမ်ကို တန်းတန်းမတ်မတ် ရောက်ခဲလှသည်။ အရက်ဆိုင်တွင် ဆိုင်ပိတ်သည်အထိ သောင်တင်၍နေတတ်သည်။ တစ်ခါတစ်ရံ ကိုးနာရီ ဆယ်နာရီ

မှ ထမင်းချက်ရသည်။ အမေပြန်လာမှ ပါလာသမျှ ငွေစကို တောင်း၍ ဖြစ်သလို ချက်၍ စားရသည်။

ဗေဒါသည် အမေ့အနားတွင် ထိုင်ရင်း သက်ပြင်းကို မှုတ်ထုတ်လိုက်သည်။

"ဈေးဖိုးမရှိပြန်ဘူးလား အမေ. . ."

"နင့် အမေ အကြောင်း နင် သိတယ်မဟုတ်လား ဗေဒါရယ်၊ ငါ့ကို မေးမနေစမ်းပါနဲ့၊ မနက်ကတည်းက အထပ်ထပ် မှာလိုက်တယ်၊ ဈေးဖိုး မရှိပါဘူး ငွေလေးဘာလေး ရှင်းပြီး အိမ်ကို စောစောပြန်ခဲ့ပါဆိုတာ ခုထိ မပေါ်လာဘူး. . ."

ဗေဒါသည် အိမ်တွင်းသို့ လှည့်၍ ကြည့်လိုက်ရင်း တစ်စုံတစ်ယောက်ကို ရှာလိုက်သည်။

"ကြောင်မရော ဘယ်သွားလဲ. . ."

"သူ့အဘွားအိမ် ဆန်သွားချေးတယ်. . ."

"မောင်တိုးရော. . ."

မောင်တိုးလည်း ညနေကတည်းက ထွက်သွားတာ ခုထိ ပြန်မလာသေးဘူး။ သူ့အဘွားအိမ်မှာ နေမှာပေါ့၊ မင်း ညီက အပါး၊ သူ့ အဖေနဲ့ အတူတူပဲ ကြောင်မျိုးတွေ အိမ်မှာ ထမင်းချက်စရာ မရှိဘူးဆိုရင် အိမ်ကို မကပ်တော့ဘူး၊ အဘွားအိမ် ပြေးတော့တာပဲ. . ."

ဗေဒါသည် ဆက်၍ မမေးတော့ချေ။ အထပ်ခိုးပေါ်သို့ တက်ပြီးလျှင် သူ့သေတ္တာကို ဖွင့်လိုက်သည်။ အောက်ဆုံးထပ်တွင် ရှိသော အသစ်စက်စက် ဘန်ကောက်လုံချည်ကို ထုတ်၍ အင်္ကျီထဲသို့ လိပ်၍ ထိုးသွင်းလိုက်သည်။ ပြီးမှ အောက်ထပ်သို့ ပြန်၍ဆင်းပြီးလျှင် အိမ်မှ ခပ်သုတ်သုတ် ထွက်ခဲ့သည်။

အိမ်တွင် ဈေးဖိုးမရှိလျှင် ဘာလုပ်ရမည်ကို ဗေဒါက နားလည်ပြီး ဖြစ်သည်။ အမှန်တော့ ဤ ဘန်ကောက်လုံချည်သည် ဝယ်ဈေးထက် အတိုးက ပိုများခဲ့လေပြီ၊ ဝယ်ရင်းဈေး သုံးဆယ့်ရှစ်ကျပ်မျှသာ ဖြစ်သော်လည်း အတိုးက ငါးဆယ်ကျော်လေပြီ။

ထို့ကြောင့်လည်း သူ့လုံချည်ကို ဝတ်ရန်ပင် သဘောမထားတော့ပေ။ အရေးရှိလျှင် ပေါင်ရန်ပစ္စည်း တစ်ခုလိုသာ သဘောထားလိုက်တော့သည်။

ဗေဒါသည် ဘန်ကောက်လုံချည်ကို ပိုက်၍ ခါတိုင်း ပေါင်နေကျ ဒေါ်ဖွားတင်တို့ အိမ်ထဲသို့ ဝင်ခဲ့သည်။

ဗေဒါ့ မျက်နှာကို မြင်လျှင်ပင် ဒေါ်ဖွားတင်က နားလည်ပြီး ဖြစ်လေသည်။

"ဟဲ့. . . ကောင်လေး ဘာပါလဲ ငါ့မှာ ငွေ သိပ်မရှိဘူးနော်. . ."

"ကြီးကြီးတင်ကလည်း ငွေမရှိတာက အလျှင်ပဲ၊ ရော့-ဒါယူထား ကျွန်တော့်ကို ငွေနှစ်ဆယ်လောက် ပေးပါ. . ."

ဒေါ်ဖွားတင်သည် ဗေဒါပေးသော လုံချည်ကို ဖြန့်၍ အသေအချာ ကြည့်နေပြန်သည်။

ဒေါ်ဖွားတင်သည် ငွေတိုးပေး အပေါင်ခံ၍ စားသူပီပီ နေရာတကာ စေ့စပ်သူ ဖြစ်သည်။ ဘန်ကောက်လုံချည် အသစ်စက်စက်ကိုပင် နှစ်ဆယ် အစိတ် ပေးချင်သူ မဟုတ်။ အစွန်းအထင်းပါလျှင် မီးလောင်ပေါက်ပါလျှင် ဘစ်ဆယ်ပေးဖို့ အတင်း တောင်းပန်ရသည်။

ခုလည်း ဒေါ်ဖွားတင်သည် လုံချည်ကို အထက်အောက် ဖြန့်၍ ကြည့်လိုက်ရင်း မျက်နှာကို ရှုံ့လိုက်သည်။

"နင့် လုံချည်က နည်းနည်းတောင် နွမ်းနေပြီ. . ."

"ဗျာ. . . နွမ်းရင်လည်း ခင်ဗျား ဒီမှာပဲ နွမ်းမှာပဲ ဒီလုံချည်ကို ဝယ်ကတည်းက ကျွန်တော် တစ်ခါမှ မဝတ်ရသေးပါဘူးဗျာ၊ ဝယ်ကတာမှ သုံးဆယ့် ရှစ်ကျပ်ရယ် ကြီးကြီးတင်ကို့ အတိုးတွက် ပေးရတာ ငါးဆယ်ကျော်ပြီ. . ."

ဒေါ်ဖွားတင်သည် ဗေဒါကို ဒိတ်ဆိုးဟန်ဖြင့် ကြည့်လိုက်ရင်း မျက်နှာကို တစ်ချက်မျှ မဲ့လိုက်ပြန်သည်။

"ငါက နင်တို့ကို မတရားယူတယ်လို့ ဆိုချင်တာပေ့ါလေ မအေပေး မျိုး၊ အဖေ့သား အဖေလိုပဲ သူတို့ လိုဘလည်း ဖြည့်ရသေးတယ် လူကိုလည်း မတရား ပြောချင်သေးတယ်. . ."

"အဖေနဲ့ မဆိုင်ပါဘူး အဖေ့ကို ထည့် ထည့် မပြောပါနဲ့. . ."

သူ့အဖေကို ထိတော့လည်း ဗေဒါက မခံနိုင်ချေ။ ထို့ကြောင့်လည်း ဒေါ်ဖွားတင်ကို မကျေမချမ်း ပြန်ပြောလိုက်ခြင်း ဖြစ်သည်။

"ဘာ မဆိုင်ရမှာလဲ၊ မင်းအဖေလည်း အတူတူပဲ သူတို့ လိုချင်ရင်လာ ပြီး ရေဒီယိုအဖျက် ထားလိုထား၊ ဘက်ထရီအိုး ထားလို့ထား၊ ငွေ မလွယ်လို့ မပေးနိုင်ရင် သူတို့ကပဲ ငါ့ကို မကောင်းပြောချင်သေးတယ်. . ."

"ဒါတွေ မဆိုင်ပါဘူးဗျာ. . . ခင်ဗျားလည်း အတိုးရလို့ ချေးတာပဲ၊ ကျွန်တော်တို့မှာလည်း အရေးတကြီး လိုလို့ ယူရတာပဲ၊ ကဲပါ နှစ်ဆယ်ပေး ပါ. . ."

ဒေါ်ဖွားတင်သည် အိတ်ထဲမှ ဆယ်တန်တစ်ရွက်နှင့် ငါးကျပ်တန် တစ်ရွက်ကို ထုတ်လိုက်သည်။

"ရော့- ဆယ့်ငါးကျပ်ပဲယူ. . ."

"ဟာဗျာ- ကြီးကြီးတင်ကလည်း ငါးကျပ်လောက်များ အလကားတောင် ပေးသင့်ပါတယ်ဗျာ. . . အိမ်မှာ တကယ်လိုလို့ ပြောနေတာပါ. . ."

ဒေါ်ဖွားတင်သည် စိတ်မရှည်တော့ချေ၊ အိတ်ထဲမှ ကြေမွနေသော ငါးကျပ်တန် တစ်ရွက်ကို ထပ်၍ ထုတ်လိုက်ပြီးလျှင် ဗေဒါလက်ထဲသို့ ပစ်၍ ပေးလိုက်သည်။

"ကဲ. . . ရော့-ရော့-မင်းတို့ သားအဖကို နားပူတယ်. . ."

ဗေဒါသည် ဒေါ်ဖွားတင် ပေးသော ငွေ ငါးကျပ်ကို ကောက်ယူ၍ အိမ်ဆီသို့ တစ်ကြိုးတည်း ပြေးခဲ့သည်။

ဒေါ်အေးတင်သည် ထမင်းအိုးကို မွှေနေရာမှ ဗေဒါကို လှမ်း၍ ကြည့် လိုက်သည်။ ဒေါ်အေးတင်၏ အကြည့်မှာ ဗေဒါကို တစ်စုံတစ်ခု မေးလိုသော အကြည့်မျိုး ဖြစ်သည်။ ဗေဒါက အိတ်ထဲမှ ငွေ ဆယ့်ငါးကျပ်ကို ထုတ်၍ ဒေါ်အေးတင် လက်သို့ အပ်လိုက်သည်။ သည်တော့မှလည်း ဒေါ်အေးတင်က ကြောင်မကို ခေါ်၍ ဈေးသို့လွှတ်ရသည်။

ဦးဘအေးကမူ အိမ်ရှေ့ ကြမ်းပြင်တွင် အင်္ကျီချွတ်ဖြင့် လှဲ၍နေလေ သည်။ ဗေဒါက ဦးဘအေး အနားသို့ ထိုင်လိုက်သည်။ ဗေဒါကို ကြည့်ရင်း ဦးဘအေး၏ မျက်နှာသည် အလိုလို ပြုံး၍လာသည်။ သို့သော် ဦးဘအေး၏ အပြုံးမှာ အားနည်းလှသည်။ ညနေပိုင်းတွင် ဦးဘအေး ခုလိုပြုံးလျှင် အရက် ဝအောင် မသောက်ရသောကြောင့်ဟု ဗေဒါက အလိုလို နားလည်ပြီး ဖြစ်သည်။

"ကနေ့ကွာ ဗဟန်း အိမ်က မီးဆင်ခလေးများ ရမလား အောက်မေ့ တယ်။ သုံးခေါက်သွားတာ လူကို မတွေ့ခဲ့ဘူး။ အကြီးအကျယ်ကို ဒုက္ခ ရောက်တာပဲ. . ."

ဗေဒါသည် ဦးဘအေးကို ကြည့်ရင်း အလိုလို စိတ်ထိခိုက်လာမိသည်။ သည်တော့လည်း သူ့ အိတ်ထဲတွင် သုံးရန် ချန်ထားသော ငါးကျပ်တန် တစ်ရွက်ကို စမ်းလိုက်မိသည်။

ဗေဒါသည် ပုလင်းကို ဆွဲ၍ အရက်ဆိုင်ဘက်သို့ ထွက်ခဲ့ရပြန်သည်။ ဆေးဖိုးနှင့် အရက်ဖိုး ပြဿနာသည် ဗေဒါတို့ အိမ်အတွက် နေ့စဉ် ရင်ဆိုင်နေရသည်။ တစ်အိမ်လုံး အဖေကို အားကိုးနေရသော်လည်း အဖေ့ အလုပ်က ဝင်ငွေမမှန်၊ ဝင်ငွေမှန်သော လခစား အလုပ်ကို လုပ်ပြန်တော့လည်း တစ်လ နှစ်လသာ မြဲတတ်သည်။ အလုပ် မှန်မှန် မဆင်း၍ တစ်လ နှစ်လ လုပ်ပြီးလျှင် ပြုတ်ရပြန်သည်။ အလုပ်ရှင်နှင့် စကားများ၍ ထွက်ရပြန်သည်။ သည်လိုနှင့်ပင် နောက်ဆုံး၌ လခစား အလုပ်ကို ဝင်လုပ်ရန် လုံးလုံး မကြိုးစားတော့ချေ။ အပေါက် အလုပ်များကိုသာ ကျဘန်း လုပ်ရတော့သည်။ အသိမိတ်ဆွေများ အိမ်တွင် မီးဆင်ပေးခြင်း၊ ရေဒီယိုပြင်ပေးခြင်း၊ ဝိုင်ယာသွယ်ပေးခြင်း စသည့် အလုပ်ကလေးများကို လုပ်ရင်း သောက်ဖို့စားဖို့ ရှာရတော့သည်။ သည်တော့သည်း ဝင်ငွေက မမှန်တော့ချေ။

ရသည့်အခါ နှစ်ရာသုံးရာ ရသည်။ သည်အခါများတွင် ဦးဘအေးသည် မိုးလင်းကနေ ညဥ့်နက်သည်အထိ တစ်နေကုန် မူး၍နေတတ်သည်။ လက်ထဲတွင်ရှိသော ငွေစကလေး မကုန်မချင်း အလုပ်လုပ်ရန် စိတ် မကူးတော့ချေ။ ငွေမရှိမှ အလုပ်လုပ်ရန် သတိရပြန်တော့လည်း အလုပ်က အဆင်သင့် မရှိ။ ရှာ၍ရသည့်အခါ ရ၏။ မရသည့်အခါ နှစ်ကျပ်သုံးကျပ်ကို လက်ဖြန့်ခံပြီး တောင်းရသည်။

ပိုက်ဆံများကလည်း ရှားပါပြီဆိုလျှင် တကယ် ရှားတတ်သည်။ တစ်ခါတစ်ရံ ပဲပြုတ်ကလေး ဆယ်ပြားဖိုးလောက် စားရန်ပင်လျှင် လက်ထဲ၌ ငါးပြား ဆယ်ပြားမျှ မရှိချေ။ ဆယ်ပြား ငါးပြားလောက်နှင့် သူများထံ မတောင်းချင်၊ သည်တော့လည်း ဗိုက်မှောက်၍ အိပ်နေလိုက်ရတော့သည်။

ဗေဒါသည် သူ့ဘဝကို သူ တွေးရင်း နာကြည်းလာသည်၊ ရှက်လာသည်၊ ဝမ်းနည်းလာသည်။

ဗေဒါသည် ခါးကြားမှ အရက်ပုလင်းကို ဦးဘအေးရှေ့သို့ ချ၍ ပေးလိုက်သည်။ သည်တော့မှလည်း ဦးဘအေး မျက်နှာမှာ သိသိသာသာ လန်း၍လာတော့သည်။ အမှန်တော့လည်း ဗေဒါ ထွက်သွားကတည်းကပင် ပိုက်ဆံရှာ၍ အရက် ဝယ်လာမည်ကို ဦးဘအေး သိနှင့်ထားလေပြီ။ ထို့ကြောင့် ရေခွက်နှင့် အကြမ်းပန်းကန်လုံးကို အသင့် ချထားလိုက်သည်။ ရှေ့တွင် အရက်ပုလင်း ရောက်လျှင် ဦးဘအေးသည် ပုလင်းကို ဖွင့်၍ ငှဲ့လိုက်ပြီးလျှင် တစ်ကျိုက်

တည်းနှင့် မော့လိုက်သည်။ ပြီးမှ ရေကို တစ်ငုံနှစ်ငုံမျှ သောက် သောက်လိုက်
သည်။

ဗေဒါကို ဦးဘအေးက ငေး၍ ကြည့်နေမိသည်။ အရက်ကလေး နှစ်ခွက်
သုံးခွက်မျှ ဝင်သွားသောအခါ ဦးဘအေး၏ မျက်နှာမှာ စောစောကနှင့် လုံးဝ
မတူတော့ချေ။

သူ့ ဘဝကိုသူ ရင်ဆိုင်ရဲသော အရိပ်အယောင်များ လွှမ်း၍လာသည်။
ဦးဘအေးသည် ဘေးတွင်ချထားသော ဆေးလိပ်တိုကို မီးညှိလိုက်ရင်း မီးဖိုချောင်
ဘက်ဆီသို့ တစ်ချက်မျှ လှမ်း၍ ကြည့်လိုက်သည်။ ပြီးမှ ဗေဒါကို ခပ်တိုးတိုး
လှမ်း၍ မေးလိုက်သည်။

"ဈေးဖိုး ဘယ်ကရလဲ ဗေဒါ. . ."

"ကျွန်တော် ရှာပေးတာပါ. . ."

မီးဖိုချောင်မှ ဟင်းနံ့ကလေးများ အိမ်တွင်းသို့ ဝင်၍လာသည်။ သည်
တော့မှလည်း ဦးဘအေး ရင်ထဲတွင် ပေါ့၍သွားတော့သည်။ အိမ်တွင် ဈေးဖိုး
မရှိပြန်တော့လည်း တာဝန်က သူ့တာဝန် ဖြစ်၍နေသည်။ လူကြီးဖြစ်၍ တာဝန်
ကို နားလည်သော်လည်း မတတ်နိုင်သည့်အခါ ပေ၍ခံနေရတော့သည်။
သည်တော့လည်း သူ့ ကိုယ်သူ မလုံမလဲ ဖြစ်သည်။ ခုတော့ မီးဖိုချောင်မှ ဟင်းနံ့
ကလေး သင်း၍လာလေပြီ။ သူ့ ရှေ့တွင်လည်း အရက်ပုလင်းအပြည့် ရောက်
နေပြီ။ ဦးဘအေးအတွက် တစ်နေ့ ဝဋ်ဒုက္ခကြီး လွတ်မြောက်ရလေပြီ။

ဦးဘအေးသည် လန်းဆန်းကြည်လင်သော မျက်နှာထားဖြင့် အရက်ကို
တစ်ခွက်ချင်း မော့၍ သောက်လိုက်တော့သည်။

❑

# ၂

ဇေဒါသည် မြသီ၏ မျက်နှာကို အတန်ကြာမျှ ကြည့်နေမိသည်။ မြသီက ဇေဒါ ပြောမည့် စကားကို စောင့်၍နေသည်။ ဇေဒါက ရုတ်တရက် ဘာမျှ မပြောသေး ဘဲ မြသီကိုသာ မျက်တောင်မခတ် စိုက်၍ကြည့်နေလိုက်သည်။

"ကိစ္စ ရှိတယ်ဆိုရင် မြန်မြန်ပြောပါ ဇေဒါရာ. . . ငါ ကျောင်းက ခဏ ပြောပြီး ထွက်လာတာ. . ."

"ဂျော်နီတင်ထွန်းကို နင် သိလား. . ."

"သိသားပဲ. . ."

"သိရုံတင်ပဲလား သူ့ကို နင် ဓာတ်ပုံတွေ ဘာတွေ ပေးဖူးသလား. . ."

မြသီက မျက်တောင်ကလေး တဖျပ်ဖျပ် ခတ်ရင်း စဉ်းစားလိုက်သည်။

"သူ့ကို ပေးတာမဟုတ်ပါဘူးဟာ ငါ မင်းသမီး လုပ်ချင်တယ် ဆိုတာ ဒီလို့ ရုပ်ရှင် ကုမ္ပဏီတွေနဲ့ ဆက်ပေးမယ်ဆိုပြီး ဓာတ်ပုံ ယူသွားတာ၊ သူက ငါ ပေးတယ်လို့ ကြွားလို့လား. . ."

"အေး သူက ကြွားနေတယ်၊ နင်နဲ့ သူနဲ့ ဘာလိုလို ဖြစ်နေတယ်လိုလို ပြောတာ ငါနဲ့တောင် ရန်ဖြစ်ရသေးတယ်. . ."

ဇေဒါ၏ စကားကြောင့် မြသီမှာ မျက်နှာကလေး တစ်ခုလုံး နီ၍ လာ တော့သည်။ ကိုယ် မဟုတ်ဘဲနှင့် အစွပ်စွဲ ခံရသဖြင့်လည်း ဒေါသ ဖြစ်မိသည်။

"ဒီကောင်ကို ငါ တွေ့မှ ပြောဦးမယ်၊ သူ့ အကြောင်းတွေကို ငါ အကုန်

လည်းချင့်ရာလည်း၊ အပြန် လာကြိုရင်ပြီးရော ကဲ အယ်လောက် ပျော်စရာ ကောင်းမလဲ. . ."

မြသီက သူ စိတ်ကူးယဉ်ထားသမျှ အကုန်ဖွင့်၍ ပြောလိုက်သည်။ ဗေဒါကမူ မြသီ စကားများကို နားထောင်ရင်း သဘော်ဟန်ဖြင့် ပြုံးလိုက်သည်။

"အေး နင်ပြောသလို ဖြစ်ရင်တော့ ကောင်းတာပေါ့။ အဲဒီလို မဖြစ်ဘဲ ဒိုက်တလေးပူပြီး ဖူးနဲ့ မျက်ရည် သုတ်နေရမှ ဒုက္ခရောက်မှာ. . ."

"အံမယ် နင်က ဒီလို မတရား မပြောပါနဲ့ ငါက ဒီလို အစားထဲက မဟုတ်ပါဘူး. . ."

"ငါ နင့်ကို ယူ့ပါမယ်ဟယ် ဒါပေမဲ့ လူဆိုတာ တစ်ခါတလေ ကိုယ် ဆုံးဖြတ်သလို ဖြစ်တာ မဟုတ်ဘူး၊ သူများ ဆွဲဆောင်ရာလည်း ပါတယ်၊ ဒါကို နိုးနိမ်လို့ ပြောနေတာ. . ."

ဗေဒါက မြသီ၏ လက်ကလေးကို ဆုပ်နယ်နေမိသည်။ မြသီကလည်း ဗေဒါ့လက်ကလေး တစ်ဖက်ကို ပြန်၍ ခပ်တင်းတင်း ဆုပ်ထားလိုက်သည်။ ပြီးမှ တစ်ယောက်မျက်နှာကို တစ်ယောက် မဝတမ်း အကြည့်မျိုးဖြင့် စိုက်၍ ကြည့်နေကြသည်။ နှစ်ဦးစလုံး၏ မျက်လုံးများထဲတွင် မေတ္တာ ကရုဏာ အခိုးအငွေ့များ ဖုံးလွှမ်း၍ လာတော့သည်။ သည်တော့လည်း မြသီက ဗေဒါကို အကြောင်းမဲ့ သနား၍လာမိသည်။ ချစ်သူကို သနားမိပြီ ဆိုတော့လည်း ချစ်သူ ၏ အလိုကို မဆန့်ကျင်ရဲတော့ချေ။ ချစ်သူ မကျေနပ်သော အလုပ်ကိုလည်း မလုပ်လိုတော့ချေ။

"ဗေဒါ. . ."

မြသီက ဗေဒါ၏ လက်မောင်းဖျားကို ဆုပ်ကိုင်၍ ရှိုက်သံဖြင့် ခေါ်လိုက် သည်။ ဗေဒါက စိတ်ပျက်ဟန်ဖြင့် ပြန်၍ ထူးလိုက်သည်။

"ဟင်. . ."

"နင် သဘော မတူဘူးဆိုရင် ငါ မလုပ်တော့ပါဘူး. . ."

ဗေဒါသည် သူ့ နားကိုပင် သူ မယုံနိုင်အောင် ရှိတော့သည်။ မြသီသည် သူ လုပ်ချင်ရာကိုသာ တစ်ဇွတ်ထိုး လုပ်တတ်သူ ဖြစ်သည်။ မိဘ စကားကိုပင် နားထောင်ချင်မှ နားထောင်တတ်သည်။ အမှန်၌ မြသီ ခုလို ယဉ်ကျေးမှု ဌာနတွင် က, နေသည်ကိုပင်လျှင် သူ့ မိဘများက သဘော မတူကြချေ။ သို့သော် မြသီက သူ့ဝါသနာ အလျောက် သူ လုပ်ချင်ရာကို ဖြစ်အောင် လုပ်ခဲ့သည်။ နောက်ဆုံး အခေါ်အိမ်သို့ ပြောင်း၍ သူ ဝါသနာပါရာကို လုပ်ခဲ့သည်။

# ၃

ဦးဘအေးသည် အရက်ခွက်ကို ခပ်တင်းတင်း ဆုပ်ကိုင်ထားရင်း အံကို ကြိတ်ထိုက်သည်။ သူ့ မျက်နှာသည် တင်းမာနေရာမှ တဖြည်းဖြည်း အားနည်း၍ ကာလေသည်။ ဝမ်းနည်းသည့် အရိပ်အယောင်များ လွှမ်း၍လာပြန်သည်။

"မင်းသားကို တို့ ဘယ်လိုလုပ်များ အားထားရဦးမှာတုံး အေးတင်ရေ. . ."

ဒေါ်အေးတင်က မျက်လုံးထောင့်တွင် ဝဲလာသော မျက်ရည်စကလေးများကို အင်္ကျီ လက်ဖျားစကလေးဖြင့် ပင့်၍ သုတ်လိုက်သည်။

"စာမှ မကြည့်ဘဲ ဘယ်အောင်မလဲ. . . နေ့ရှိသရွေ့ ငြိမ်းတို့ အိမ်မှာ သွားပြီး ကျွန်ခံနေရတာ. . ."

"ခုရော ဘယ်မှာလဲ. . . ဟိုအိမ်မှာပဲလား. . ."

"ဟုတ်တယ် ဘိုင်စကုတ် သွားပြပေးနေရတယ်. . ."

"ကြောင်မ သွားခေါ်စမ်း အခုလာလို့ ပြောလိုက်. . ."

ဦးဘအေးသည် လက်ထဲမှ အရက်ခွက်ကို တစ်ကျိုက်နှင့် မော့လိုက်သည်။ ဒေါ်အေးတင်က သားအဖ ရန်ဖြစ်မည်ကို စိုးရိမ်လာသည်။

"ခုမှတော့ ပြောနေလည်း အပိုပဲ ကိုဘအေးရယ်. . . သူလည်း စိတ်ညစ်နေမှာပဲ. . ."

"မင်းက ကာဆီး ကာဆီး လုပ်မနေနဲ့. . . မင်းတို့ကြောင့် ဒီကောင် ပျက်စီးတာ. . ."

ဦးဘအေးသည် အင်္ကျီကို ချွတ်လိုက်ပြီးလျှင် အထပ်ခိုးဆီသို့ ပစ်တင်လိုက်လေသည်။ ပြီးမှ လက်နှစ်ဖက်ကို နောက်သို့ပစ်၍ ခေါက်တုံ့ခေါက်ပြန် လျှောက်၍ နေတော့သည်။

ပေဒါ ဝင်လာတော့လည်း ဦးဘအေးက ရုတ်တရက် ဘာမျှ မပြော သေးဘဲ လမ်းလျှောက်မြဲသာ လျှောက်၍နေသည်။ ဒေါ်အေးတင်က ဦးဘအေး အရိပ်အခြည်ကို ကြည့်ရင်း ရင်ခုန်၍လာသည်။

ဦးဘအေးသည် လက်လေးလုံးခန့် ကျန်နေသော အရက်ကို အကုန်ငှဲ့၍ မော့လိုက်သည်။ သူ့မျက်နှာသည် ချွေးများပြန်၍ နေသည်။ နဖူးရေများတ အလိပ်လိုက် ကြွ၍နေသည်။

"မင်း စာမေးပွဲကျတာ သိပြီလား. . ."

ပေဒါက မျက်နှာငယ်ကလေးဖြင့် ဦးဘအေးကို မော့၍ ကြည့်သည်။ ဦးဘအေးက စိတ်မရှည်ဟန်ဖြင့် ထပ်၍ အော်လိုက်သည်။

"ဘာကြည့်နေတာလဲ မင်း စကား မပြောတတ်ဘူးလား. . . မင်း စာမေးပွဲ ကျတယ်၊ လှမြင့်ရော မင်းရော စာမေးပွဲ မအောင်ဘူး နားလည်လာ မင်း ကျောင်းမနေနဲ့တော့ သူများအိမ်မှာ ကျွန်ခံနေ၊ ကားမောင်းစရာ ရှိရင် မောင်းပေး၊ ပိုက်ဆံ တစ်ပြားမှ မရဘဲ သူများခိုင်းတာ လုပ်၊ ဖျင်းတယ်ဆိုရင် ပြစက် ကိုယ်တိုင် ထမ်းပြီး ဘိုင်စကုတ်ပြပေး၊ အိမ်အလုပ်ကို ဘာမှ မလုပ် ကျောင်းလည်း မနေနဲ့၊ သွား ကျွန်ခံနေ၊ ချွေးသတောင်းစား ကျွန်သဘော မျိုး. . ."

"အဖေနော် မတရား မပြောနဲ့. . . ကျွန်တော် အလကား ပြပေးတာ မဟုတ်ဘူး ဒီမှာကြည့် အစိတ်ရတယ်. . . အိမ်မှာ ဈေးဖိုး မရှိလို့ ကျွန်တော် ပေါင်ထားရတဲ့ ကျွန်တော့် လုံချည် ရွေးမလို့. . ."

ပေဒါက သူ့ အိတ်ထဲမှ ဆယ်တန် နှစ်ရွက်နှင့် ငါးကျပ်တန် တစ်ရွက် ကို ထုတ်၍ ပြလိုက်သည်။ ဒေါ်အေးတင်က သားအဖ ရန်ဖြစ်မည်စိုး၍ ဝင် ဖျန်လိုက်သည်။

"ဟုတ်ပါတယ် ကိုဘအေးရယ်၊ ဒီလဆိုရင် ရှင့်အလုပ်ကလည်း အဆင် မပြေတော့ အိမ်မှာ သုံးစရာကို ပြတ်ပြတ်နေတာ။ အဲဒါ သူပဲ တစ်ဆယ်ယူ နှစ်ဆယ်ယူလာနဲ့ ရှာ ရှာ ပေးရှာပါတယ်. . ."

"နင်က ဝင်ပြီး ကာကွယ်မနေနဲ့. . . သူ့သားထိရင် မခံနိုင်ဘူး

ကျက်ဆီးလို့ ဒီကောင် ပျက်စီးနေတာ. . . ဒီ မက်ထရစ်ကို နှစ်နှစ်ရှိပြီ ကျတာ။ ဒိုကောင်မလေး အထွန်းတို့ကျတော့ တစ်နှစ်တည်းနဲ့ အောင်တယ်၊ တစ်နေကုန် အိမ်မကပ်ဘူး၊ ကျောင်းလည်း မတက်ဘူး၊ စာလည်း မကျက်ဘူး၊ လမ်းသရဲ လိုလို. . .၊ ဂျပိုးလိုလို. . . ငါ မင်းကို မျက်စိ နောက်နေတာ ကြာပြီ၊ မိဘက ပြောရင် နိုင်းရင် မရဘူး၊ တစိမ်းက နိုင်းရင် ကျွန်လို လုပ်တယ်။ သွား ဟိုအိမ်မှာ ပဲ ကျွန်ခံနေချေ၊ ငါ့အိမ်ကို မလာနဲ့. . ."

ဗေဒါသည် တစ်လုံးမျှ ပြန်မပြောဘဲ ခေါင်းငိုက်စိုက်ဖြင့် နားထောင်နေသည်။ သူ့ မျက်ရည်ပေါက်များက ကြမ်းပြင်ပေါ်တွင် တစ်စက်ချင်းကျ၍ လာလေသည်။ ဒေါ်အေးတင်က ဗေဒါ အနားသို့ ထိုင်လိုက်ရင်း ခပ်တိုးတိုး ချော့လိုက်သည်။

"သားရယ် မင်းအဖေက စိတ်ဆိုးတုန်း ပြောတာပါကွယ်၊ အသာ ခံနေလိုက် သူ စိတ်ပြေတော့လည်း ပြီးသွားမှာပဲ. . ."

ဗေဒါသည် သူ့ နှုတ်ခမ်းများကို တင်းတင်းစေ့၍ ထားလိုက်ရင်း လက်ခုံဖြင့် ပွတ်၍ မျက်ရည်ကို သုတ်လိုက်သည်။ ဦးဘအေးသည် တံခါး ကြားတွင် ညှပ်၍ထားသော အရက်ပုလင်း အသစ်ကို ဆွဲထုတ်လိုက်သည်။ သောက်လက်စ ပုလင်းဟောင်းကို ဝွမ်းများ ခံထားသော ကတော့ကို တပ်၍ ပုလင်းသစ်မှ ငှဲ၍ မော့ချလိုက်ပြန်သည်။

"ငါ့ဟာ ဆယ့်ရှစ်နှစ်သားက စပြီး ကိုယ့်ထမင်းကို ကိုယ် ရှာစားလာတာ ယောကျ်ားဆိုတာ ကိုယ့်ဘဝကိုယ် ရပ်တည်နိုင်ရတယ်၊ တို့တုန်းက မိဘလည်း ဒုက္ခ မပေးခဲ့ဘူး၊ ကိုယ့်ထမင်းကို ကိုယ် ရှာစားတယ်၊ ကိုယ့် တာဝန်ကို နားလည် တယ်. . ."

မင်းတို့လို ပေါ်ကြော့နေတာ မဟုတ်ဘူး၊ ဂျပိုး တေလေလို နေတာ မဟုတ်ဘူး။ သူများ ကျွန်ခံနေတာ မဟုတ်ဘူး၊ ကိုယ့်ဒူး ကိုယ်ချွန်လာတာ၊ ကိုယ့်ကိုယ်ကိုယ် နားလည်ရတယ်ကွ၊ ကိုယ် ဘာကောင်တုံးဆိုတာ သိရတယ်။ မင်းကိုယ်မင်း ပြန်စဉ်းစားကြည့်စမ်း၊ ကျောင်းသားလား၊ မင်းကိုယ် မင်း ကျောင်းသားလို့ ပြောလို့ရမလား ကျောင်းမှန်မှန် မတက်ဘူး၊ စာ မကျက်ဘူး၊ စာမေးပွဲ နှစ်တိုင်း ကျတယ်၊ ဒါ ကျောင်းသားလား၊ ကားဒရိုင်ဘာလား၊ မီးပြင်တဲ့ လူလား၊ သူများအိမ်က အစေခံလား၊ မင်း ဘာကောင်လဲ၊ ဂျပိုးလား၊ အစေခံ လား. . ."

[illegible] ရှက်လုံးများဖြင့် ဦးဘအေးကို [illegible] စိတ်ကြောင့် အလိုလို ဒေါသ ဖြစ်လာမိ [illegible] သူ့ကို ခုလောက် အထင်သေး စကား ပြော [illegible]

"[illegible] ရှက်ရှက်စော်စော်လည်း မပြောပါနဲ့ အဖေရာ. . . [illegible] လူဆိုတာ လူတစ်ယောက်လို ကိုယ့် အရည်အချင်းနဲ့ [illegible] ကျွန်တော်လည်း တခြားလူတွေ စာမေးပွဲ အောင်သလို အောင်ချင်တာပဲ၊ တခြားလူတွေ ကြီးပွားသလို. . . ကြီးပွားချင်တာပဲ။ ဒါပေမဲ့ အခြေအနေချင်းက မတူဘူး။ မတူတာကို သွားယှဉ်ပြောလို့ မရဘူး အဖေရ"

"ဘာ မတူတာလဲ ဒီ စာအုပ်ကို ကိုင်ပြီး ဒီမေးခွန်းကို အတူတူ ဖြေတာပဲ၊ အတွန်းလို မိန်းကလေးက တစ်နှစ်တည်းနဲ့ အောင်ရင် မင်းက နှစ်နှစ်ဖြေပြီး ဘာလို့ မအောင်လဲ။ ဒါ လူလား၊ ယောက်ျားလား၊ ကိုယ့်တာဝန်ကို ကိုယ် မလုပ် ဘူး။ သူများကိစ္စ လျှောက်လုပ်တဲ့ ကောင်မျိုးကို လူလို့ မခေါ်ဘူးကွ. . . နွား နွား. . ."

ဖေဖေါသည် နေရာမှ ရုတ်တရက် ထလိုက်သည်။ သူ့ တစ်ကိုယ်လုံးလည်း တဆတ်ဆတ် တုန်နေသည်။ ကိုယ့် ဘဝကို ကိုယ် အဘက်ဘက်မှ အားငယ် နာကြည်းရသည့် အခါမျိုးတွင် ခုလို ချိုးချိုးနှိမ်နှိမ် အပြောခံရ ပြန်တော့လည်း ရှက်လာမိသည်။

"ဟုတ်တယ်, ဟုတ်တယ်, ကျွန်တော်ဟာ နွားပဲ၊ ပခုံးပေါက်အောင် ရုန်းလည်း အလကားပဲ၊ ဒါဟာ ဘာကြောင့်လဲ အဖေ သိလား၊ မွေးလာ ကတည်း က ဘဝအကျိုးပေးချင်း အခြေအနေချင်း မတူလို့ပဲ၊ အတွန်းနဲ့ ကျွန်တော့်ကို ယှဉ်ပြောလို့ မရဘူး အဖေ၊ ဒီ စာအုပ်ကိုင်ပြီး ဒီမေးခွန်းကို ဖြေတယ် ဆိုပေမဲ့ မတူပါဘူး၊ ဒီမေးခွန်းတွေကို ဖြေနိုင်အောင် အကောင်းဆုံး ကျောင်းမှာ နေနိုင် တယ်။ ခက်ဆစ်စာအုပ်၊ မှတ်စုစာအုပ် အမျိုးမျိုး ဝယ်နိုင်တယ်၊ ဖိမ်နဲ့ စာကျက် နိုင်တယ်၊ ကျွန်တော့်မှာ အဲဒီလို အခြေအနေ မရှိဘူး။ ကျောင်းသုံး စာအုပ် တောင် စုံအောင် မဝယ်နိုင်ဘူး။ သူများ စာအုပ် ငှားဖတ် ရတယ်၊ အိမ်မှာ ဘယ်တော့မှ အေးအေးဆေးဆေး စာမကျက်နိုင်ဘူး။ ဒါတွေဟာ ဘယ်သူ့ အပြစ်လဲ ကျွန်တော် ပြောရင် ငရဲကြီးမယ် သိလား. . . ကျွန်တော်ပဲ [illegible] ဖြစ်မှာပဲ. . ."

ပေဒါသည် ပြောရင်း ရှိုက်သံများ ထွက်၍လာသည်။ ဦးဘအေးသည် တစ်ခွန်းမျှ ပြန်၍မပြောတော့ချေ။ ပေဒါက သူ့မျက်နှာကို လက်ဝါးဖြင့်အုပ်ရင်း အိမ်ထဲမှ ထွက်သွားတော့သည်။ ပေဒါ၏ ရှိုက်သံများသည် အိမ်တွင်းသို့ လွင့်စဉ်၍ ကျန်ရစ်ခဲ့လေသည်။

ဦးဘအေးသည် ပေဒါ ထွက်သွားရာဘက်သို့ ငေးစိုက်၍ ကြည့်နေတော့သည်။ ပေဒါ၏ စကားများသည် သူ့ရင်ထဲတွင် လှိုင်းထ၍ ကျန်ရစ်ခဲ့လေသည်။ ဦးဘအေး၏ မျက်လုံးများသည် အရည်ဝေ၍လာသည်။ သူသည် လက်ထဲမှ အရက်ခွက်ကို အကုန်မော့လိုက်ပြီးလျှင် ထရံဘက်ဆီသို့ တအား လွှဲ၍ ပေါက်လိုက်သည်။

❑

ငြိမ်းက ပေဒါကို ကြည့်ရင်း စိုးရိမ်ဟန်ဖြင့် ခေါင်းကို ဆွဲ၍မော့လိုက်သည်။ ပေဒါက ခေါင်းကို ငုံ့၍ ငိုနေတော့သည်။ ရှိုက်သံများ မထွက်အောင် သူ့ စိတ်ကို သူ ချုပ်တည်း၍ ထားသော်လည်း မျက်ရည်များက တလိမ့်လိမ့် စီး၍ ကျလာသည်။ ငြိမ်းက ပေဒါ၏ ဆံပင်ကို အသာဆွဲ၍ ခေါင်းကို မော့လိုက်သည်။

"နင် ဘာဖြစ်လာလဲ. . . ပေဒါ၊ နင့်အဖေက ရိုက်လွှတ်လိုက်သလား"

"ပေဒါက ခေါင်းကို တွင်တွင် ခါယမ်းလိုက်သည်၊ ငြိမ်းက စိုးရိမ်တကြီး မြင့် ထပ်၍မေးလိုက်သည်။

"ဘာဖြစ်တာလဲ ပေဒါရယ်၊ မေးနေတာများ ပြောစမ်းပါ. . ."

"ကျွန်တော် စာမေးပွဲကျတယ် မငြိမ်း၊ စာမေးပွဲ ကျတာကို ဝမ်းမနည်း ပါဘူး၊ ဖြေကတည်းက အောင်တယ် ရှုံးတယ် ဆိုတာ တစ်ခုခု ရင်ဆိုင်ရမှာပဲ၊ ဒါပေမဲ့ ကျွန်တော် စာမေးပွဲ မအောင်တာနဲ့ အဖေက ကျွန်တော့်ကို အညွန့်တုံး တဲ့ လူတစ်ယောက်လို့ ပြောတယ်၊ ကျွန်တော် သိပ်ရှက်တယ်၊ ဝမ်းလည်း နည်း တယ်၊ တစ်သက်နဲ့တစ်ကိုယ် တစ်ခါမှ ဒီလို အပြောမခံခဲ့ရဘူး. . ."

ပေဒါက ကလေးငယ်ကလေးကဲ့သို့ သူ့ အဖြစ်ကို သူ ဝမ်းနည်းပက်လက် ပြောလိုက်သည်။ ငြိမ်းက ပေဒါ၏ ခေါင်းကို ပွတ်၍ ချော့လိုက်သည်။

"မိဘဆိုတာ ဒီလိုပဲ ဆုံးမရတာပေါ့ကွယ်။ ကောင်းစေချင်လို့ စေတနာနဲ့ ဆုံးမတာကို အထင်မမှားရဘူး။ မင်းတို့ကို အညွန့်ကျိုးအောင် စေတနာဆိုးနဲ့

ပြောတာမဟုတ်ဘူး၊ နာလာအောင်, ခံပြင်းလာအောင် ပြောမှ မင်းတို့ ကြိုးစား လာမယ်ဆိုတာ သိလို့ တမင် ပြောတာ. . ."

"ကျွန်တော်လည်း ကြိုးစားပါတယ် မငြိမ်းရာ. . .။ ဒါပေမဲ့ ကျွန်တော် တို့ဘဝက အဘက်ဘက်က ချို့ငဲ့တဲ့ဘဝ၊ စားပွဲမှာ ထိုင်ပြီး စာကို ဇိမ်နဲ့ ကျက်နေ နိုင်တာ မဟုတ်ဘူး။ အဖေ့ အလုပ်ကလည်း ဝင်ငွေ မှန်တာ မဟုတ်ဘူး၊ တစ်ခါ တလေ ဈေးဖိုးပြတ်ရင် ကျွန်တော်ပဲ ရှာရဖွေရတာ၊ ဒါတောင် ကျွန်တော့်ကို ဂျပိုးတေလေလို့ အပြောခံရသေးတယ်။ လောကကြီးဟာ မမှန်တော့ပါဘူးဗျာ၊ လူတွေ ပြောပြောနေတဲ့ အမှန်တရားဆိုတာ ဘာလဲလို့ မေးကြည့်ချင်တယ်. . ."

ဇေဒါသည် ပြောပြောဆိုဆို နေရာမှထ၍ ထွက်သွားတော့သည်။ ငြိမ်းက ဇေဒါကို ငေးကြည့်ရင်း ကျန်ရစ်ခဲ့သည်။

ငြိမ်းတို့ အိမ်မှ ထွက်ခဲ့ပြန်တော့လည်း ဘယ်သို့ သွားရမှန်း မသိချေ။ အိမ်သို့လည်း ပြန်ချင်စိတ် မရှိ၊ ထိုင်နေကျ လက်ဖက်ရည်ဆိုင်ဘက် ဆီသို့ လျှောက်ခဲ့မိသည်။ ဆိုင်ထဲတွင် လှမြင့်တို့ လူသိုက်သည် ထိုင်၍ မှိုင်နေကြသည်။ ဇေဒါကို မြင်လျှင် အကြောင်းသိပြီး ဖြစ်သော လှမြင့်က ပြုံးလိုက်သည်။

"မောင်နီကို ငါ ခုပဲ ပြောနေသေးတယ်၊ မင်းလည်း ဒီ ရောက်လာရမယ် ဆိုတာ၊ ဒါကြောင့် သိသိချင်း မင်းဆီ ဝင်ပြောတာ၊ တစ်ယောက်တည်းဆိုတော့ အားငယ်တယ်၊ ကျတာချင်း အတူတူ အဖော်များတော့ ကောင်းတာပေါ့. . ."

မောင်နီက မချိသွားဖြဲ ရယ်လိုက်ရင်း အကျ ဖြီးထားသော ခေါင်းကို လက်ဖြင့် အသာ သပ်လိုက်သည်။ ဇေဒါက မောင်နီကို ကြည့်၍ ပြုံးမိသည်။ မောင်နီသည် အမြဲတမ်း သပ်သပ်ရပ်ရပ် နေတတ်သူ ဖြစ်သည်။ သူ့ ခေါင်းသည် အမြဲတမ်း ပြောင်၍ ပိနေသည်။ အမောက်ကလေး ထောင်၍နေတတ်သည်။

"မောင်နီရော မအောင်ဘူးလား. . ."

"ဟာ. . . လုလုပပကြီး ကျတာပေါ့. . ."

မောင်နီ ကြည့်ရသည်မှာ စာမေးပွဲ ကျသည်ဟုပင် မထင်ရပေ။ ဇေဒါက မောင်နီကို ကြည့်၍ ဇုံ့ပြုံမိသည်။

"လန်ဘားကျော်မြင့်ကြီးရော. . ."

"သူလည်း ဘာသားမို့ ခံနိုင်မလဲ၊ ဒါပေမဲ့ ငါ ခံပြင်းတာက ဗူးရှိ ကော် တင်ထွန်း အောင်တယ်ကွ။ ဒီကောင် တစ်နှစ်လုံး ပွေနေတဲ့ ကောင်ပဲ"

လှမြင့်က မကျေမချမ်း ညည်းလိုက်သည်၊ မောင်နီက ဝင်၍ ထောက် လိုက်ပြန်သည်။

"အေးကွ. . . ငါလည်း ဒီကောင်အောင်တာတော့ ခံပြင်းတယ်၊ ကျောင်းနှင့်ရင် ဘယ်လောက်များ နှိုးထုတ်လိုက်မလဲလို့. . ."

"ဒီကောင်က မယ်သီလရှင် ကျောင်းက ထွက်လာတာကွ၊ ဒီတော့ အင်္ဂလိပ်စာ တော်ပြီးသား၊ အင်္ဂလိပ်စာနဲ့ ဂဏန်းပိုင်ရင် အောင်ဖို့ သေချာသလောက်ပဲ နေစမ်းပါဦး မင်းတို့အိမ်က မပွက်ဘူးလား. . ."

"ပွက်တာပေါ့. . . ဒါကြောင့် ငါ မင်းတို့အိမ်ကို လာပြီး သတင်းပေးတာ ငါ တစ်ယောက်တည်းဆိုတော့ အားငယ်တယ်. . . အဖော်ရှိတော့ ကောင်းတာပေါ့ကွာ. . ."

ဗေဒါက လှမြင့်ပြောသော စကားကို နားထောင်ရင်း သူ့အဖြစ်ကို ပြန်၍ တွေးလိုက်သည်။ ဦးဘအေးပြောသော စကားများသည် သူ့နားတွင် အလိုလို ပြန်၍ ကြားယောင်မိလေသည်။ သည်တော့လည်း သူ့ ဘဝကို သူ ပြန်တွေးရင်း ရကြည်းလာမိသည်။

"ငါကတော့ ကနေ့ စိတ်ညစ်တယ်. . . စာမေးပွဲကျတာကို ငါ ဒါလောက် စိတ်မညစ်ပါဘူး၊ အဖေ ပြောတာကို ငါ နားထောင်ရင်း ပိုပြီး စိတ်ညစ်တယ်၊ စာမေးပွဲဆိုတာ ရှုံးတာနဲ့ အောင်တာ တစ်ခုခုပဲ ဖြစ်ရမှာပေါ့. . . စာတော်နိုင်လို့ ရှုံးချင်လည်း ရှုံးမယ်၊ ကျောင်းမှန်မှန် မတက်လို့ ရှုံးချင်လည်း ရှုံးမယ်၊ ကိုယ် ကျက်ထားတာနဲ့ မေးခွန်းနဲ့ မတိုက်ဆိုင်လို့ ရှုံးချင်လည်း ရှုံးမယ်၊ ဖြေတဲ့နေရာမှ အစိုးရိမ်လွန်ပြီး မှားလို့ ရှုံးချင်လည်း ရှုံးမယ်၊ စာမေးပွဲရှုံးတာကို ငါ ရှက်ပါဘူး၊ အားလည်း မလျော့ပါဘူး။ ဒါပေမဲ့ အဖေက ငါ့ကို စာမေးပွဲအောင်တာနဲ့ အလကားကောင်လို့ ပြောတာ ငါ မခံနိုင်ဘူး။ လူဆိုတာ ကိုယ့်အစွမ်းနဲ့ကိုယ် ရှိကြတာပဲ၊ စာမေးပွဲ မအောင်တာနဲ့ လူတစ်ယောက်ဟာ အညွန့်တုံးပြီလို့ ဆုံးဖြတ်လို့ ရမလား. . ."

လှမြင့်က ဗေဒါ၏ စကားများကို နားထောင်ရင်း စိတ်မကောင်း ဖြစ်မိလေသည်။ သူ့ကြောင့် ဗေဒါ ခုလို ဒုက္ခ ဖြစ်ရသည်ကိုလည်း အလိုလို စိတ်မကောင်းဖြစ်မိသည်။

"ငါ့ကိုတော့ စိတ်မဆိုးပါနဲ့ကွာ. . . အောင်စာရင်း ကြည့်ပြီး မင်းလည်း မအောင်ဘူး ငါလည်း မအောင်ဘူးဆိုတာတော့ ကဲ စိတ်ညစ်စရာရှိရင် အတူတူညစ်မယ်ဆိုတဲ့ သဘောနဲ့ မင်းကို ဝင်ပြောတာ၊ မင်းနဲ့ မတွေ့ဘူး၊ ဦးဘအေးနဲ့တော့ ငါလည်း ဆဲလွှတ်တာပဲ ငါလည်း တစ်ကြိမ်တည်း လစ်ရတာပဲ"

"ငါ မင်းကို စိတ်မဆိုးပါဘူးကွာ. . . ဒါပေမဲ့ အဖေက ငါ့ကို တစ်ပြားမှ မတန်အောင် ပြောတာတော့ ငါ ဝမ်းနည်းတယ်၊ ဒီ စာမေးပွဲ မအောင်လည်း ထမင်း တစ်လုတ်တော့ ငါ ရှာကြံပြီး စားနိုင်ပါတယ်ကွာ. . ."

ဗေဒါက သူ ခံစားနေရသမျှကို ဖွင့်အန်၍ ထုတ်လိုက်သည်။ စာမေးပွဲ အကြိမ်ကြိမ် ကျ၍ စိတ်ညစ်ရမှန်း မသိခဲ့သော မောင်နီပင် ဗေဒါ ပြောသော စကားများကို နားထောင်ရင်း စိတ်ညစ်လာဟန် ရှိလေသည်။

"ငါတောင် မင်းပြောတာ နားထောင်ပြီး ခံပြင်းလာတယ်၊ စာမေးပွဲ မအောင်တာနဲ့ဘဲ လူတစ်ယောက်ဟာ ဘာမှ သုံးမရတဲ့အဖြစ် ရောက်ရတော့ မလား။ ငါကတော့ ခု စာမေးပွဲကျတာကို စိတ်မညစ်တော့ဘူး. . . ဝမ်းလည်း မနည်းဘူး၊ အားလည်း မငယ်ဘူး။ မင်း စဉ်းစားကြည့်၊ အောင်တဲ့လူနဲ့ ရှုံးတဲ့လူ ဘယ်သူကများလဲ ဆယ်ရာခိုင်နှုန်းနဲ့ တွက်ကြည့်၊ တစ်သောင်းကို တစ်ထောင်၊ ခုနှစ်သောင်းကို ခုနှစ်ထောင်၊ အောင်တဲ့လူ ခုနစ်ထောင်ရှိရင် တို့လို ဘဝတူတဲ့လူ ခြောက်သောင်း သုံးထောင် ရှိတယ်။ ကဲ ဒီလူတွေက ဘာလုပ်ရမလဲ. . . ရေထဲ ခုန်ဆင်းပြီး သေရမလား။ အဲဒီလို သေတမ်းဆိုရင် တစ်နှစ်ကို လူခြောက်သောင်း ကျော် သေပြီး တို့တိုင်းပြည်လည်း မျိုးဆက် ပျောက်ရုံပဲ ရှိတော့တာပဲ။ တို့လို ဘဝတူတွေဟာ ဒီလိုပဲ နှစ်တိုင်း စာမေးပွဲ ကျလာပြီး ဆက်ဖြေ လာကြရတယ် မဟုတ်လား။ တချို့တော့လည်း ဆက်ပြီး မဖြေဘဲ တခြား အလုပ် တစ်ခုခု ပြောင်းသွားကြတယ်။ စီးပွားရေး အလုပ် လုပ်တဲ့လူက လုပ်တယ်၊ လခစား ဝင်လုပ်တဲ့ လူက လုပ်တယ်၊ ဘာထူးသလဲ စာမေးပွဲ အောင်လည်း ဒီအောင် လက်မှတ်နဲ့ တို့ အလုပ် တစ်ခု လုပ်ရမှာပဲ မဟုတ်လား။ ငါတော့ ဘာမှ အား မငယ်တော့ဘူး ခုဆို ဦးလေးရဲ့ ဆန်စက်မှာ လုပ်မယ်၊ အလုပ် လုပ်ရင်း စာမေးပွဲ ဝင်ဖြေမယ်။ ကျောင်းက စာမေးပွဲ အောင်ရင်လည်း အောင်ပေါ့ကွာ မအောင် လည်း ကိုယ့် အလုပ်က အောင်မြင်ရင် လခ, တိုးမှာပေါ့။ အမှန်တော့ ဘာမှ မထူးဘူး၊ မက်ထရစ် အောင်ရင် တစ်ရာကျော်ရမယ်၊ ဘီအေ အောင်ရင် သုံးရာ ကျော် ရမယ်၊ ဘာထူးလဲ ခု ငါ မက်ထရစ် မအောင်ဘူး၊ ဆန်စက်မှာ ဝင်လုပ် ရင် နှစ်ရာငါးဆယ် ရမယ်။ ကုန်ကုန်ပြောမယ်ကွာ သုံးဘီးကား ဝင်မောင်း တောင် တစ်လ တစ်ရာ့ရှစ်ဆယ်လောက်တော့ ခပ်ပျော့ပျော့ပဲ ရတယ်။ တစ်ရာ့ ရှစ်ဆယ် နှစ်ရာ ဆိုတာ အင်တာအောင်မှ ရတာကွ၊ တို့လည်း မက်ထရစ် မအောင်လည်း ဒီ လခလောက်တော့ ရနိုင်တာပေါ့ ငါတော့ ဘာမှ မကြောက် ဘူး"

ဗေဒါသည် မောင်နီပြောသော စကားများကို စိတ်ဝင်စား၍ နေမိသည်။ အစက မောင်နီကို အထင်သေးမိသည်။ မောင်နီသည် အမြဲတမ်း သပ်သပ်ရပ်ရပ် နေသူ ဖြစ်သည်။ တစ်နည်းအားဖြင့်ဆိုသော် ပေါ်ကြော နေသူဖြစ်သည်။ ညစဉ် မယ်ဒလင် တစ်လုံးနှင့် အနှံ့ လျှောက်၍ ဆိုတီး၍ နေတတ်ပြီး လက်ဖက်ရည်ဆိုင်၌ ညဥ့်နက်သန်းခေါင် ထိုင်၍ နေတတ်သူ ဖြစ်သည်။ မောင်နီက ဒီလို လေးနက်သော စကားများကို ပြောလိုက်သောအခါ မအံ့ဩဘဲ မနေနိုင်အောင် ရှိတော့သည်။ ကိုယ့် ဘဝနှင့် ဟပ်မိနေ၍ လားမသိ မောင်နီ ပြောသော စကားများကို ထောက်ခံမိလေသည်။

"ဟုတ်တယ် မောင်နီ ပြောတာ မှန်တယ်။ မင်း ဒါလောက်တောင် လေးလေးနက်နက် တွေးလိမ့်မယ်လို့ အစက ငါ မထင်ခဲ့ဘူး၊ တို့ဘဝဟာ သူများတွေလို အချိန်တန်ရင် စာအုပ် ဖိုက်ပြီး ကျောင်းတက်နေနိုင်တဲ့ လူတွေ မဟုတ်ဘူး၊ အလုပ် တစ်ခုခု လုပ်ရင်း စာမေးပွဲ ဖြေရမှာပဲ. . . လှမြင့်ရော မင်း ဘယ်လို စိတ်ကူးလဲ. . ."

"ငါတော့ ကျောင်းပဲ ဆက်နေမှာပဲ၊ အိမ်က အလုပ် မလုပ်ရဘူးတဲ့. . ."

"အေးပေါ့ကွာ မင်းတို့က တတ်နိုင်တာကိုး၊ အမှန်တော့ စာသင်ချိန်မှာ စာပဲ သင်တာ အကောင်းဆုံးပဲ၊ ဒါပေမဲ့ နောက်ပိုင်း မအေးဘူး မဟုတ်လား။ တို့ဘဝက ဘာပဲဖြစ်ဖြစ် ကိုယ် လုပ်ချင်ရာ လုပ်သင့်တာကို ဘယ်တော့မှ လုပ်ခွင့် မရဘူး၊ မီးစင် ကြည့်ပြီး ကရသလို ဖြစ်နေပြီ. . ."

ဗေဒါသည် သူ့ဘဝကို သူ. . . စိတ်ပျက်လက်ပျက်ဖြင့် ညည်းလိုက်ရင်း နေရာမှ ထလိုက်သည်၊ မောင်နီက တစ်စုံတစ်ခု သတိရယာဖြင့် သူ့ အိတ်ကို သူ စမ်းလိုက်သည်။

"ဟော့ စိတ်ညစ်ရင် အရက် သောက်ရအောင်၊ ငါ့မှာ တစ်ဆယ်လောက်တော့ ရှိတယ်. . ."

လှမြင့်က မောင်နီ၏ စကားကို ထောက်ခံလိုက်သည်။

"အေး ဟုတ်သားပဲ ငါလည်း စပ်မယ်ကွာ သွားမလားဟေ့ ဗေဒါ. . ."

ဗေဒါက နှုတ်ခမ်းကို ရှုံ့ရင်း. . . ခေါင်းကို ယမ်းလိုက်သည်။

"မသောက်ချင်ဘူး. . . စိတ်ညစ်လို့ သောက်တယ်ဆိုတာ ယောကျ်ား မဟုတ်ဘူး သောက်ချင်ရင် ကိုယ့်ဘာကိုယ် သောက်ပေါ့၊ စိတ်ညစ်ရင် စိတ်ညစ်တဲ့ အကြောင်းကို ဖြေရှင်း. . . ဒါပဲ. . ."

"အောင်မှာ ကိုဆင့်ဖင်က ကြိုးကျယ်လိုက်တာ. . ."

ဗေဒါက ပြောပြောဆိုဆို လူချင်း ခွဲလိုက်သည်။ ဗေဒါတို့ အိမ်တွင်းမှ ရေနံဆီ မီးခွက်ကလေးသည် ခပ်မှိန်မှိန် လင်းလျက်ရှိလေသည်၊ ဗေဒါသည် အိမ်ဘက်သို့ တစ်ချက်မျှ ကြည့်လိုက်ပြီးလျှင် ဆက်၍ လျှောက်ခဲ့လေသည်။

ကနေ့ည ဗေဒါသည် အဘွားအိမ်၌ပင် အိပ်မည်ဟု ဆုံးဖြတ်လိုက်သည်။

❑

၄

မြသီ၏ မျက်နှာသည် ချို့ပြုံးလျက် ရှိသည်။ ဒါရိုက်တာ ကိုအေးလွင် ပြောသော စကားများကို စိတ်ဝင်စားစွာ နားထောင်ရင်း သူ့မျက်နှာသည် ကြည်လင် တန်းဆန်းလျက် ရှိသည်။ ကိုအေးလွင်က စီးကရက်ကို အားပါးတရ ရှိုက်ဖွာလိုက်ရင်း ရုပ်ရှင်လောကနှင့် ပတ်သက်သော အတွေ့အကြုံများကို စိတ်ရှည် လက်ရှည် ပြောပြ၍နေသည်။

ရုပ်ရှင်လောကသို့ ဝင်လျှင်၊ မည်မျှခက်ခဲကြောင်း၊ ခေါင်းဆောင် မင်းသမီး တန်း၍ဖြစ်ဖို့ မလွယ်ကြောင်း၊ အရန် မင်းသမီး ဖြစ်ရန်ပင် ခက်ခဲကြောင်း စသည်တို့ကို ရှင်းပြရင်းမှ မြသီကို နာမည်ကြီး မင်းသမီး တစ်ယောက် ဖြစ်ရန် မည်သို့ ကူညီမည့် အကြောင်းများကို ပြောပြသောအခါ မြသီမှာ မစားရ ဝခမန်း ဝမ်းသာမိသည်။

ကိုယ် ယုံကြည်ရာကို လုပ်ရမည့်အတွက်လည်း အားတက်မိသည်။ မြသီ သာမက အလွန် ရိုးသားလှသော မြသီ၏ မိခင်ကြီးပင်လျှင် ကိုအေးလွင်ကို ကျေးဇူးတင်၍ မဆုံးနိုင်အောင် ရှိတော့သည်။

“ဒေါ်ဒေါ်တို့တော့ ဒါတွေ ဘာမှ နားမလည်ပါဘူး မောင်ရယ်၊ မြသီက ဝါသနာကြီးလွန်းတော့ သူ လုပ်ချင်ရာကို လုပ်ခွင့်ပေးရတာပဲ။ တစ်ခုတော့ နိမ့်နိမ့်တာပေါ့ ရှုပ်ရှုပ်ယှက်ယှက် ဖြစ်မှာတော့ ကြောက်တယ်။ သူများ အပြော

လည်း မခံချင်ဘူး၊ ဆရာတို့နဲ့ လုပ်တယ်ဆို တပြည့်ရင်းလို နှမရင်းလို အရာရာ ကြည့်ရှုဆုံးမပါ။ ဆရာလေးတို့ကို လုံးလုံးအပ်တာပဲ. . ."

ကိုအေးလွင်သည် မြသီ၏ မိခင် ဒေါ်ခင်သန်းပြောသော စကားများကို ခေါင်းတညိတ်ညိတ်ဖြင့် နားထောင်ရင်း ဣန္ဒြေရရ ပြုံးလိုက်သည်။

"စိတ်ချပါ ဒေါ်ဒေါ်၊ ကျွန်တော့်အနေနဲ့ ခု ရိုက်မယ့်ကားက ပထမဆုံး ကားဆိုတော့ အောင်မြင်အောင် ကြိုးစားရမှာပဲ။ အမှန်က နာမည်ကြီး ဒါရိုက် တာ တွေတောင် မင်းသမီးသစ်ကို မတင်ရဲကြဘူး။ ဂျော်နီက မြသီအကြောင်း ပြောတော့တောင် ဒါလောက် မယုံဘူး၊ နောက် ကိုယ်တိုင် တွေ့ကြည့်မှ မြသီရဲ့ အစွမ်းအစကို သိရတာ။ ခုတော့ မြသီရဲ့ အရည်အချင်းကိုလည်း ယုံကြည် တယ်၊ ဇာတ်လမ်းကလည်း သူနဲ့ ဟပ်မိတယ်၊ အငြိမ့် မင်းသမီးလေးရဲ့ ဘဝ ဆိုတော့ သူ နိုင်တဲ့ အဆိုအကကို ကောင်းကောင်း ပြနိုင်တာပေါ့။ ဒီ တစ်ကား သာ စွံလိုက်ရင် သောင်းကျော် မင်းသမီး ဖြစ်သွားမှာပဲ၊ အဲဒီတော့သာ မြသီက အစ်ကိုတို့ကို မမေ့ပါနဲ့"

ကိုအေးလွင်က ဒေါ်ခင်သန်းကို ပြောရာက မြသီကို ခနဲ့လိုက်သည်။ မြသီက ကိုအေးလွင်ကို မျက်စောင်းလေး ထိုး၍ ကြည့်လိုက်ရင်း မပွင့်တပွင့် ပြုံးလိုက်သည်။

"အေးကွယ် စိတ်ချရတယ်ဆိုရင် ဝမ်းသာပါတယ်။ သူလည်း မတော်တ ဆိုရင် ဆုံးမပေါ့၊ ဆုံးမလို့ မရရင် ရိုက်နိုင်တယ်၊ ဆရာကို တစ်ခါတည်း အပ်တာ ပဲ။ ဟဲ့ မြသီ နင့်ဆရာအတွက် ကော်ဖီလေးဘာလေး လုပ်ပါလား"

ဒေါ်ခင်သန်းက ယုံယုံကြည်ကြည်ပင် သမီးကို ဒါရိုက်တာ ကိုအေးလွ လက်သို့ အပ်လိုက်သည်။ မြသီက နောက်ဖေးခန်းကို ဝင်၍ ကိုအေးလွ အတွက် ကော်ဖီဖျော်လိုက်သည်။ ကိုအေးလွင်က မြသီ ဝင်သွားရာ အပေါ် ဆီသို့ ငေး၍ ကြည့်လိုက်သည်။ ဒေါ်ခင်သန်းက နေရာမှ ထလိုက်သည်။

"ကဲ အေးအေးဆေးဆေးပေါ့ ဆရာ၊ မီးဖိုချောင် ဝင်လိုက်ဦးမယ် ဈေးတွေ ဘာတွေတော့ ကျွပ်လည်း နားမလည်ပါဘူး၊ ဆရာတို့ သင့်တော်သ သာ ကြည့်ပြီး ဆုံးဖြတ်ပေါ့"

ဒေါ်ခင်သန်း ဝင်သွားလျှင် မြသီက ကော်ဖီပန်းကန်ကို ကိုင် ထွက်လာသည်။ ပြီးမှ ကိုအေးလွင်ရှေ့တွင် ပုဆစ်ဒူးတုပ်၍ ကော်ဖီပန်းကန် လှမ်း၍ ပေးလိုက်သည်။

"ကော်ဖီ သုံးဆောင်ပါဦး ဆရာ"

မြသီ၏ အသံက ချိုမြသလောက် မျက်နှာက ပြုံး၍နေသည်။ ကိုအေးလွင်က လက်ထဲမှ စီးကရက်တိုကို အပြင်သို့ ပစ်လိုက်ပြီးလျှင် မြသီလက်မှ ကော်ဖီပန်းကန်ကို လှမ်း၍ ယူလိုက်သည်။

"ကားမရိုက်ခင်က ကြိုပြီး ရီဟာဇယ်လေး ဘာလေးတော့ လုပ်ရမယ်နော်။ ပြီးတော့လည်း မိတ်ကပ်စမ်းဖို့နဲ့ မြသီရဲ့ မျက်နှာကို ကင်မရာ အနေအထား ဘယ်လို ရိုက်ရင် ကောင်းမယ်ဆိုတာ သိရအောင် ဓာတ်ပုံလည်း အမျိုးမျိုး ရိုက်ကြည့်ရမယ်"

ကိုအေးလွင် ပြောသမျှ မြသီက ကျိုးနွံဟန်ဖြင့် နားထောင်ရင်း ခေါင်းကို အသာညိတ်လိုက်သည်။

"မြသီ အပင်ပန်း ခံနိုင်ပါတယ် ဆရာ၊ ရုပ်ရှင် အလုပ်က မြသီတို့ ဇာတ်စင်ပေါ်မှာ က,ရတာလောက်တော့ မပင်ပန်းပါဘူး ထင်ပါတယ်"

"အောင်မယ် ဒီလိုလဲ အထင်မသေးနဲ့ဗျ၊ မီးထိုး မှန်ထိုး ခံနိုင်ဖို့ကိုက မလွယ်ဘူး။ ပြီးတော့လည်း စင်ပေါ် ကရတာက ဇာတ်တိုက်ပြီးရင် တစ်ဆက်တည်း က,ချလိုက်ပြီး နားရသေးတယ်၊ သူက ဆယ်စက္ကန့်လောက် ကြည့်ဖို့အတွက် တစ်ခါတလေ တစ်နေကုန်လောက် ရိုက်ယူရတာ၊ မကြိုက်တိုင်း ပြန်ပြန်ရိုက်ရတဲ့ အခါမျိုးကျတော့ စိတ်ရောလူရော ပင်ပန်းတယ်"

ကိုအေးလွင်က ရုပ်ရှင်အလုပ် ခက်ခဲ ပင်ပန်းပုံကို ပြောပြလိုက်သော်လည်း မြသီကမူ အနည်းငယ်မျှ စိတ်မပျက်ချေ။ လုပ်ပြလိုက်ချင်သော မာနသွေးလေးများပင် ကြွ၍ လာလေသည်။

"ပင်ပန်းပါစေ အစ်ကိုရယ် မြသီ လုပ်ပြချင်ပါတယ်၊ မြသီ အဆိုနဲ့ အက သင်ထားတာလည်း ဒီ ရုပ်ရှင်ဘက်မှာ အသုံးချနိုင်အောင် ရည်ရွယ်ပြီး သင်ထားတာ။ အစ်ကိုတို့ကသာ မြေတောင်မြှောက်ပေးမယ်ဆိုရင် မြသီ ကြောက်ပါဘူး။ တစ်နေ့ နာမည်ကျော် မင်းသမီး ဖြစ်ရမှာပဲ"

မြသီက သူ့ စိတ်ထဲတွင် ရှိသည့်အတိုင်း ပြောချလိုက်သည်၊ ကိုအေးလွင်က မြသီ၏ တစ်ကိုယ်လုံးကို သိမ်းကျုံး၍ ကြည့်လိုက်သည်၊ သို့ကြည့်လိုက်သောအခါ မြသီ၏ တစ်ရစ်ကျစ်လျစ်သော ကိုယ်လုံးနှင့် ကြည်လင်ပြုံးချိုသော မျက်နှာကလေးမှာ မျက်စိထဲတွင် မထွက်နိုင်အောင် ရှိတော့သည်။

"နာမည်ကျော် မင်းသမီးကြီး ဖြစ်တော့မှ အစ်ကိုတို့ကို မေ့မှာပေါ့တော်လား"

"မြသီ ဒီလို မာနမကြီးတတ်ပါဘူး၊ ကိုယ့် ကျေးဇူးရှင်ကိုလည်း ဘယ်တော့မှ ကျေးဇူး မကန်းတတ်ဘူး"

"မြသီ၏ မျက်နှာကလေးမှာ ဘာကြောင့်မှန်းမသိ ရှက်သွေးကလေး များ ကြွ၍လာသည်။ ကိုအေးလွင်က မြသီကို ပြုံး၍ ကြည့်နေသည်၊ မြသီက ကိုအေးလွင်ကို တစ်ချက်မျှ ကြည့်ပြီးလျှင် မျက်နှာလွှဲလိုက်သည်၊ သည် တော့မှလည်း အပေါက်ဝတွင် ရပ်၍နေသော ပေဒါကို မြင်ရသည်၊ ပေဒါက အထဲသို့ မဝင်သေးဘဲ တံခါးပေါင်တွင် မှီ၍ ရပ်နေရာမှ မြသီနှင့် ကိုအေးလွင်ကို အကဲခတ်သလို ကြည့်လိုက်သည်၊ သူ့ မျက်နှာမှာကား မှုန်၍ နေသည်။

ကိုအေးလွင်က ပေဒါကို လှမ်း၍ ကြည့်လိုက်ရင်း ရင်းရင်းနှီးနှီး နှုတ်ဆက်လိုက်သည်။

"ဟော့ကောင် မင်း ဘယ်က လာတာလဲ"

"မြသီဆီ လာတာ"

ပေဒါက အသံ ပြတ်ပြတ်ဖြင့် ဖြေလိုက်သည်၊ မြသီက ပေဒါ့အတွက် ကုလားထိုင် တစ်လုံးကို ဆွဲ၍ ပေးလိုက်သည်၊ ပေဒါက မြသီ ပေးသော ကုလားထိုင်ကို နောက်ပြန် လှည့်လိုက်ပြီးလျှင် ခွ၍ ထိုင်လိုက်သည်၊ ပြီး ကုလားထိုင်နောက်မှီ လက်ထောက်၍ မြသီကို အဓိပ္ပာယ်ပါသော အကြည့် ဖြင့် ကြည့်လိုက်သည်၊ မြသီက ပေဒါ၏ အမူအရာကို အကဲခတ်လိုက်မိသည်

"အစ်ကို အေးလွင်နဲ့ မြသီ ရုပ်ရှင် ရိုက်မလို့"

ပေဒါက အင်းအဲမလှုပ် မြသီကိုသာ စိုက်၍ ကြည့်နေသည်၊ ပေဒါ၏ အကြည့်ကြောင့် မြသီပင် အနေရ အထိုင်ရ ခက်နေတော့သည်။

"အေးကွ၊ ရွှေလဆန်းရင် တို့ စဖို့ စီစဉ်ထားတယ်၊ မြသီကို ခေါ် ဆောင် မင်းသမီး တင်မလို့"

ပေဒါက ကိုအေးလွင်ကို လှည့်၍ ကြည့်လိုက်ရင်း မဲ့ပြုံးကလေး ပြုံး လိုက်သည်။

"ကားနာမည်ကရော ပေးပြီးပြီလား. . ."

"လှယဉ်ကျေးတဲ့၊ မြသီနဲ့ တော်တော်လိုက်တယ်၊ ဇာတ်ကတို့ အဆိုတို့ အသားပေးမှာပဲ၊ အငြိမ့် မင်းသမီးကလေးရဲ့ ဘဝကို ဖော်တာပဲ၊ အပေ

ဆောင် လောကကြီးမှာ ဒီ ဖက်ခွက်စား မင်းသမီးကလေးရဲ့ ဘဝ ကြွေရွက်လို
လေမှာလွှင့်ပြီး နစ်မွန်း ဆုံးရှုံးသွားတာ ဖော်ထားတာပဲ။ ဒီ တစ်ကားနဲ့ နာမည်
ကြီးရမယ်ကွာ"

ကိုအေးလွင်က သူ့ဇာတ်လမ်းကို အားရပါးရ အမွှမ်းတင်လိုက်သော်
သည်း ဗေဒါက စိတ်ဝင်စားပုံ မရချေ။ အလိုက်သင့် နားထောင်ရင်း ပြုံးနေ
လိုက်သည်။ ပြီးမှ သူ မေးချင်ရာကို စွပ်၍ မေးလိုက်သည်။

"ရိုက်မှာက ဘယ်ကုမ္ပဏီလဲ"

ဗေဒါ၏ အမေးကြောင့် ကိုအေးလွင်မှာ ကြောင်၍သွားသည်။

"ကုမ္ပဏီကတော့ အသစ်ပဲကွ စံမတူ ရုပ်ရှင်က ကားတွေလည်း ရှယ်ယာ
ပါတယ်. . ."

"စံမတူ ရုပ်ရှင်က ဘယ်သူတွေလဲဗျ"

"ဦးဘဌေးတို့ကွာ"

"ကျွန်တော် သူတို့နဲ့ သိသားပဲ၊ သူတို့မှာ ကားရိုက်ဖို့ အစီအစဉ်
မရှိသေးပါဘူး။ ခု ရုံတင်ထားတဲ့ ကားတောင် နစ်နေလို့ ငွေ မြုပ်နေတာ ဘယ်လို
လုပ်ပြီး နောက်တစ်ကား ရိုက်မှာလဲ"

ကိုအေးလွင်သည် မျက်နှာပျက်သွားရာမှ ဣန္ဒြေဆည်လိုက်သည်။
မြသီက ကိုအေးလွင်ကို အားတုံ့အားနာ ဖြစ်နေဟန် ရှိသည်။

"မင်း နားမလည်ပါဘူးကွာ ဗေဒါရာ ဒီအလုပ်က လုပ်မိရင် ဆက်ပြီး
လုပ်သွားရတယ်။ တစ်ကားရှုံးလည်း နောက်တစ်ကား ဆက်ရိုက်ရတယ်၊ ဒါမှ
ငွေလွယ်သွားတယ်။ ရပ်လိုက်ရင် အရင်းပါ လုံးလုံးပျောက်သွားရော။ ခု
တင်ထားတဲ့ကားက ဒါရိုက်တာကြီးတွေနဲ့ ရိုက်တော့ စရိတ်ကြီးပြီး ကား
လည်း တော်တော်ကြာအောင် ရိုက်ရတော့ ငွေမြုပ်တာပေါ့၊ ပြတော့လည်း
ပွဲမစွံတော့ ခံရတာပေါ့၊ ဒါကြောင့် ခု စနစ်တစ်မျိုးနဲ့ ရိုက်မယ်။ နာမည်ကြီး
အစ်ယောက်ငှားပြီး မင်းသား မင်းသမီး အသစ်တွေနဲ့ စရိတ်နည်းနည်း ကား
မြန်မြန်ပြီးအောင် ရိုက်မလို့ကွ. . ."

ဗေဒါသည် ခဏတရက် ဘာမျှ ပြန်မပြောသေးဘဲ ကိုအေးလွင်ကိုသာ
ကြည့်၍ ကြည့်နေသည်။ သူ့ မျက်လုံးများမှာ ကိုအေးလွင် ပြောသမျှ တစ်လုံးမျှ
မယုံကြောင်း ပေါ်လွင်ထင်ရှားလှသည်။ မြသီက ဘေးမှ အားနာ လာဟန်
ရှိသည်။

"ဟုတ်ပါတယ် ဗေဒါရဲ့ အလျှင်တစ်ခေါက်က သူဌေး ဦးဘဌေး ကိုယ်တိုင် ပါတယ်။ သေသေချာချာ ပြောသွားတာပဲ မဟုတ်ဘဲနဲ့တော့ အလကား ပြောပါ့မလား။ ဟုတ်လို့ ပြောတာပေါ့"

"နင် မသိပါဘူး ဝင်ပြောမနေစမ်းပါနဲ့၊ အဆိုတော် မာလာယုနဲ့ တစ်ကား ရိုက်မယ်ဆိုတာရော ဘယ်လိုဖြစ်သွားလဲ အဲဒီ သတင်းက ရုပ်ရှင်နယ်မှာ တော်တော်ပြန့်နေတယ်"

ကိုအေးလွင်မှာ သိသိသာသာ မျက်နှာပျက်၍ နေတော့သည်။ ဗေဒါ၏ မျက်နှာကား တဖြည်းဖြည်း တင်းမာလာလျက်ရှိသည်။ မြသီက ဗေဒါကို မကျေမချမ်းဖြင့် ကြည့်လိုက်ရင်း ကိုအေးလွင်ဘက်မှ ဝင်၍ တန့်လိုက်သည်။

"ဗေဒါ နင် မဆိုင်တာတွေ ဝင်မပြောနဲ့"

"မဆိုင်တာ ပြောတာမဟုတ်ဘူး ဆိုင်တာကို ပြောနေတာ။ နင့် အတွက် ပြောနေတာ နားလည်လား။ ရုပ်ရှင်လောကမှာ ဒါရိုက်တာ ယောင်ယောင် ဇာတ်ညွှန်းရေးဆရာ ယောင်ယောင်နှင့် ရုပ်ရှင် ရူးမကလေးတွေကို မင်းသမီး ဖြစ်အောင် လုပ်ပေးမယ် ဆိုပြီး ဖျက်ဆီးနေတဲ့ ရုပ်ရှင် သရဲတွေ ရှိတယ်။ အဲဒီလို ရုပ်ရှင် သရဲတွေနဲ့ တွေ့မှာစိုးလို့ ငါ ပြောနေတာ"

ကိုအေးလွင်သည် နေရာမှ ရုတ်တရက် ထလိုက်သည်။ သူ့မျက်နှာ သည် နီရဲ၍လာသည်၊ မြသီက ဘာကို ဝင်ပြောရမှန်း မသိအောင် ကြောင်၍ နေတော့သည်။

"ဒါ မင်း ငါ့ကို သက်သက်စော်ကားတာပဲ။ အနုပညာကို ငါ ဘယ်တော့မှ အလွဲသုံးစား မလုပ်ဘူး။ ပြန်မယ် မြသီ၊ ငါ့ စေတနာကို ယုံရင်လုပ်မယ်၊ သူ ပြောတာကို ယုံရင်လည်း မလုပ်ချင် နေနိုင်တယ်။ တို့မှာ မင်းသမီးတွေ တစ်ပုံကြီး ရှိပါတယ်ဟာ"

ကိုအေးလွင်က ပြောပြောဆိုဆို ထွက်သွားမည် အပြုတွင် မြသီက ပျာပျာသလဲ လိုက်၍ တောင်းပန်သည်။

"သူ ပြောတာကို စိတ်မဆိုးပါနဲ့ အစ်ကို၊ မြသီ နားလည်ပါတယ်။ ဒါကြောင့်တော့ မြသီကို အထင်မလွဲပါနဲ့၊ ဗေဒါက ဒီလိုပဲ ပြောချင်ရာ လျှောက် ပြောတာ ဘာမှ စဉ်းစားတာ မဟုတ်ဘူး"

"အေး၊ မင်း လုပ်မယ်ဆိုရင် အလုပ်တိုက်ကို လာခဲ့၊ တနင်္ဂနွေနေ့က လွဲလို့ ငါတို့ နေ့တိုင်းရှိတယ်. . ."

ကိုဖေအးလှင် ထွက်သွားတော့လည်း မြသီသည် ဗေဒါကို စော့မချမ်းဖြင့် ကြည့်ရင်း နှုတ်ခမ်းကလေးများ စူနေတော့သည်။

"နင် မကောင်းဘူး ဗေဒါ၊ ငါ့ အလုပ်ကို ဝင်ပြီးဖျက်ပစ်တယ်"

"နင် ထင်သလား မြသီ၊ ဒီကောင်တွေက နင့်ကို မင်းသမီး ဖြစ်အောင် လုပ်ပေးနိုင်မယ်လို့များ နင် ထင်သလား. . ."

"ကုမ္ပဏီပိုင်ရှင် ကိုယ်တိုင် လာပြောထားတာ မဟုတ်ဘဲနဲ့ ပြော မလား၊ ငါ့ အလုပ်ကို ဝင်ပြီး ဖျက်တာပေါ့ ငါ နည်းနည်းမှ မကျေနပ်ဘူး"

"အေး နင် စိတ်ဆိုးချင် ဆိုး၊ ဒါပေမဲ့ ငါကတော့ စေတနာနဲ့ တမင် လုပ်တာပဲ။ နင့်အတွက် စေတနာနဲ့ လုပ်တယ်ဆိုတာ နောက်တော့ နင် နားလည်မှာပဲ"

ဗေဒါက ကုလားထိုင်နောက်မှီပေါ်တွင် မေးကလေးတင်၍ ခပ် အေးအေး ပြောလိုက်သည်။ မြသီက ဗေဒါ၏ အမူအရာကို ကြည့်ရင်း သည်း မခံနိုင်အောင် ရှိတော့သည်။

"ငါ့အတွက် နင် စေတနာထားစရာ ဘာမှ မလိုဘူး၊ ငါ လုပ်ချင်တာကို ငါ လုပ်မှာပဲ နင် ဝင်ပြီး ဆရာလုပ်ဖို့မလိုဘူး"

"ဪ. . . ဒါဖြင့် နင် ဒီကောင်တွေကို ယုံတယ်ပေါ့၊ ငါ့ စကားကို နားမထောင်ဘဲ ဒီကောင်တွေ ပြောတဲ့စကားကို လက်ခံမယ်ပေါ့"

ဗေဒါက လေအေးဖြင့် မေးလိုက်သော်လည်း မြသီက ဒေါသတကြီး ပြန်၍ ဖြေလိုက်သည်။

"အေး၊ လက်ခံတယ်, လက်ခံတယ်၊ ငါ လုပ်ချင်တာကို ဖြစ်အောင် လုပ်မှာပဲ၊ ဘယ်သူ တားလို့မှ မရဘူး၊ နင် မပြောနဲ့ အမေ ပြောတာတောင် မရဘူး"

ဗေဒါက သူ ထိုင်နေသော ကုလားထိုင်ကို မြသီ အနားသို့ဆွဲ၍ ထိုင်လိုက်သည်။ ပြီးမှ မြသီ၏ မျက်နှာကို မေးဖျားမှ ကိုင်၍ မော့လိုက်သည်။

"ငါ ပြောပါမယ် မြသီရယ်။ နင်နဲ့ ငါနဲ့ဟာ ဒီအထိတောင် ပြောစရာ မလိုပါဘူး၊ တစ်ယောက်အကြောင်း တစ်ယောက် သိပြီးသားပဲ၊ ပြီးတော့လည်း ဘို့ နှစ်ယောက်ဟာ ရင်ဖွင့်ပြီး ပေါင်းလာတာပါဟာ၊ နင် လုပ်ချင်တာကို ငါ မတားမြစ်ပါဘူး။ ဒါပေမဲ့ ဒီလောက အကြောင်းကို နင် ဘာမှမသိဘူး။ ဒီလောကမှာ အလုပ်ကလေး ငွေကလေးပြပြီး မိန်းကလေးတွေကို ဖျက်ဆီးနေတဲ့

လူတွေ အများကြီး ရှိသလို ကောင်းတဲ့လူတွေ တကယ့် ပညာသည်တွေလည်း အများကြီးရှိတယ်။ နင် လုပ်ချင်ရင် လုပ်ပါ၊ ဒါပေမဲ့ ဒါလောက် မလောပါနဲ့ဟာ။ ပြီးတော့လည်း ဒီလူတွေနဲ့တော့ မလုပ်စေချင်ဘူး၊ ဒီလူတွေဟာ ရုပ်ရှင်ကို ဘန်းပြပြီး မိန်းကလေးတွေကို ဖျက်ဆီးနေတာ။ အဆိုတော် မာလာယုဆိုတာ နင် ကြားဖူးမှာပေါ့၊ အဲဒီကောင်မကလေးကို ရုပ်ရှင်ရိုက်မယ်ဆိုပြီး သူတို့ တရှုတ်ရှုတ်လုပ်တာ ခုတော့ ကောင်မလေးလည်း ရုပ်ရှင်မင်းသမီး မဖြစ်ဘဲနဲ့ လူရုပ်တောင် မပေါ်တော့ဘူး။ ငါက စေတနာနဲ့ ပြောတာ၊ နင် မယုံရင်တော့ မတတ်နိုင်ဘူး"

"ဒါက လူချင်းလည်း မတူပါဘူး၊ ငါက သူတို့ စော်ကားတဲ့အတိုင်း ခံမယ့် အစားထဲကလား။ နင်က ငါ့ကို အထင်သေးပြီး ပြောတာ"

"နင့်ကို ငါ အထင်မသေးပါဘူး မြသီရာ. . . ဒါပေမဲ့ ငါ စိုးရိမ်တယ်။ ငါ့အနေနဲ့ နင် စဉ်းစားကြည့်ပါ၊ ငါ မစိုးရိမ်သင့်ဘူးလား။ ငါ စိုးရိမ်တာလည်း နင့်ကို မုန်းလို့ အထင်သေးလို့ မဟုတ်ပါဘူး၊ နင့်ကို ချစ်လို့ စိုးရိမ်မိတာပါ။ ငါ့ စေတနာကို နင် နားမလည်ရင်တော့ မတတ်နိုင်ဘူး မြသီ၊ ငါကပဲ အလျှော့ ပေးရမှာပဲ"

ဇေဒါက စိတ်ပျက်, လက်ပျက်ဖြင့် ညည်းလိုက်ပြန်တော့လည်း မြသီက အလိုလို စိတ်ပြေ၍ လာတော့သည်။ စောစောက ဒေါသဖြင့် ပြောမိသဖြင့် ပြောမိသည်ကိုပင် စိတ်မကောင်း ဖြစ်မိတော့သည်။

"ငါ မင်းသမီး ဘယ်လောက်တောင် ဖြစ်ချင်သလဲဆိုတာ နင် အသိဆုံးပါ ဇေဒါ၊ ငါ ဝါသနာပါတာကို ငါ လုပ်ပါရစေဟယ်။ နင် သူတို့ကို မယုံရင် နင်ပါလိုက်ခဲ့ အလုပ်ဆင်းတိုင်း နင့်ကို ငါ ခေါ်မယ်၊ နင် မလိုက်နိုင်ရင် အမေ့ကို ခေါ်မယ်၊ ဒီလိုဆို ဘာမှ စိုးရိမ်စရာ မလိုပါဘူး ဇေဒါရယ် နော်၊ ငါ လုပ်ပါရစေကွယ်. . ."

ဇေဒါက မြသီကို ကြင်နာသော မျက်လုံးများဖြင့် ကြည့်လိုက်ရင်း သက်ပြင်းကို ချလိုက်မိသည်။ မြသီ၏ လက်ကလေးကိုလည်း တယုတယ ဆုပ်ကိုင်၍ ထားလိုက်မိသည်။ မြသီကမူ ဇေဒါကို တောင်းပန်တိုးလျှိုးသော မျက်နှာဖြင့် ငေး၍ ကြည့်နေမိသည်။

"နင် ဒါလောက်တောင် လုပ်ချင်ရင်လည်း ငါ မတားတော့ပါဘူး။ တစ်ခုတော့ရှိတယ် အလုပ် တကယ်ဖြစ်လို့ လုပ်ရတာက ကိစ္စမရှိဘူး၊ နင်

ပြောသလို ငါ လိုက်ရင်လိုက်မယ် မလိုက်ရင် ဒေါ်ဒေါ်ကို ခေါ်သွားလည်း ဖြစ်တာပဲ။ ဒါပေမဲ့ အလုပ် တကယ်မဖြစ်ဘဲနဲ့တော့ ဒီလူတွေနဲ့ မရောစေချင် ဘူး။ ငါ စေတနာနဲ့ ပြောတာ မြသီ၊ နင် ဝါသနာပါတာကို ငါ မတားမြစ်ပါဘူး။ ငါ နင့်အတွက်တောင် စုံစမ်းပါသေးတယ်"

မြသီ၏ မျက်နှာကလေးသည် ကြယ်ကလေးများလို တောက်ပ၍ သွားလေသည်။ ပေဒါ၏ စေတနာကို အလိုလို လေးစားမိသည်။ သူ့ အလိုကို လိုက်လျော၍လည်း ဝမ်းသာမဆုံး ရှိတော့သည်။

"နင့်ကို ကျေးဇူးတင်ပါတယ်ဟယ်၊ နင် ဒီလို ပြောတဲ့အတွက် ငါ တော်တော် အားတက်မိတယ်။ နင် ပြောတဲ့အတိုင်း ငါ နားထောင်ပါမယ်။ နင် ပြောသလို စုံစမ်းပြီးလို့ တကယ် လုပ်မယ်ဆိုရင် ငါ လုပ်ပါရစေ ငါ့ကို စိတ်ချပါ။ နင်ကိုယ်တိုင်လိုက်ရင် ငါတောင် ပိုပြီး ကျေနပ်ပါတယ်။ မလိုက် လည်း အမေ့ကို ခေါ်သွားမယ်။ တစ်ယောက်တည်း မဟုတ်တော့ သူတို့ စော်ကားချင်တောင် မစော်ကားနိုင်ပါဘူးဟာ၊ ငါကလည်း ဘာလို့ ခံရမလဲ"

"ပေဒါက မြသီ၏ ပါးကလေး အစုံကို လက်ဖဝါး အစုံဖြင့် ညှပ်၍ မော့လိုက်ပြီးလျှင် သူ့မျက်နှာနှင့် ကပ်လိုက်သည်။ မြသီက လည်တိုင်ကလေး ဖြင့် မော့လိုက်သည်၊ ပေဒါက မြသီ၏ နဖူးကလေးကို ငုံ၍ အားပါးတရ နမ်းလိုက်ပြီးလျှင် နေရာမှ ထလိုက်သည်။

"ငါ နင့်ကို ယုံပါတယ် မြသီရယ်။ ဒါပေမဲ့ ယုံတာထက် အရေးကြီးတဲ့ စကားတစ်ခွန်း ငါပြောမယ်"

ပေဒါက မြသီ၏ ပခုံးကလေး ဆွဲ၍ မ,လိုက်သည်၊ မြသီက အလိုက် သင့် ပေဒါနှင့် မျက်နှာချင်းဆိုင် ရပ်လိုက်သည်။ မြသီက ပေဒါပြောသည့် စကားကို စိတ်ဝင်တစား စောင့်မျှော်၍ နေမိသည်။ ပေဒါက မြသီ၏ ပခုံး ကလေးကို ဆွဲ၍ ရင်ချင်းကပ်လိုက်သည်။ ပြီးမှ ပါးချင်းကပ်၍ လေသံသဲ့သဲ့ ဖြင့် ပြောလိုက်သည်။

"ငါ နင့်ကို ချစ်တယ် မြသီ"

လေသံသဲ့သဲ့ဖြင့် ပြောလိုက်ရင်း မြသီ၏ ပါးကလေး နှစ်ဖက် နမ်းလိုက် ပြီးနောက် အိမ်ထဲမှ ပြေးထွက်၍ သွားလေသည်။ မြသီက ပေဒါ၏ ကလေး ဆန်လှသော အပြုအမူကို နှစ်သိမ့် ကြည်နူးမိကာ မျက်စိတစ်ဆုံး စိုက်၍ ကြည့်နေမိသည်။ တမုန်တော့ ပေဒါသည် သူ ထင်ရာကို ပြော၍ ယုံကြည်ရာကို

လုပ်တတ်သူ ဖြစ်သော်လည်း မြသီအဖို့ရာကား ပေဒါသည် အပြစ်မဲ့၍ ချစ်စရာ ကောင်းသော ပန်းကလေးတစ်ပွင့်သာ ဖြစ်သည် မဟုတ်လား"

❑

# ၅

ပေဒါသည် အမေထွေး ပြောနေသော စကားများကို မကြားဟန်ပြု၍ သတင်းစာကို တစ်ရွက်ချင်း လှန်၍ ကြည့်လိုက်သည်။ အမေထွေးကမူ ပေဒါကို တွတ်တွတ်ဖြင့် ဆုံးမ၍ နေတော့သည်။ ပေဒါက သူ့အဘွား အကြောင်း သိပြီးဖြစ်သည်။ တစ်ခုခုက အကြောင်းစ၍ ဆူမိလျှင် မီးနိုး ကြွက်လျှောက် ဆက်၍ ဆူတတ်သည်။ သည်အခါမျိုးတွင် ပြန်ပြောလျှင် ပို၍ဆိုးတတ်သည်။ ဆူ၍ မဆုံးနိုင်အောင် ရှိတော့သည်။ တစ်ခုက တစ်ခု ဆက်၍ ပွားတတ်လာသည်။ ခုလည်း ညက ပေဒါ အိမ်ပြန်ညဉ့်နက်သည်က စ၍ ဆူရာမှ အကုန်ဆက်၍ သွားတော့သည်။ ညဉ့်နက်မှ ပေဒါ အိမ်ပြန်လာသည်ကို အမေထွေးသိ၍ မဟုတ်။ ခေါင်းရင်း ပြတင်းပေါက် ပွင့်၍ မေးရာမှ ပေဒါ အိမ်ပြန်ညဉ့်နက်ကြောင်း ပေါ်၍လာတော့သည်။ ပေဒါသည် ညဉ့်နက်လျှင် အိမ်ကိုမနိုးဘဲ ခေါင်းရင်း ပြတင်းပေါက်ကို သံချောင်းဖြင့် ကလော်၍ ဖွင့်တတ်သည်။ နိုးလျှင်လည်း ညဉ့်နက် သန်းကောင် အဘွား ဆူပွက် နေမည်ကို စိုးရသည်။

ညက ပေဒါသည် စစ်တပ်ထဲတွင် ဘိုင်စကုတ် သွားပြရသည်။ နှစ်နာရီကျော်မှ အိမ်သို့ ပြန်ရသည်။ ထို့ကြောင့် ခေါင်းရင်း ပြတင်းပေါက်ကို သံချောင်းဖြင့် ကလန့်၍ ဖွင့်ဝင်ခဲ့သည်။ ပြီးတော့လည်း အိပ်ချင်စောဖြင့် ပြန်၍ မပိတ်မိတော့ချေ။ မိုးလင်း၍ တံခါးပွင့်နေသည်ကို အမေထွေးက တွေ့၍ မေးရာမှ ပေဒါ ညဉ့်နက်မှ ပြန်လာသည်ကို သိရသည်။ ထို့ကြောင့်လည်း အမေထွေးသည် ပေဒါ အိပ်ရာမှ မနိုးခင်ကတည်းက ဆူပွက်၍ နေတော့သည်။

ဗေဒါက မျက်နှာသစ်ပြီးလျှင် အိမ်ရှေ့ တန်းလျားတွင် ထိုင်၍ သတင်းစာကို လှန်နေလိုက်သည်။

"မရှိမဲ့ ရှိမဲ့ သူခိုးလမ်းပြ လုပ်တာလေ၊ ငါ့ကို မသေမချင်း နှိပ်စက်တဲ့ အကောင်တွေ အဖေက နှိပ်စက်လို့ အားမရတော့ သားကပါ လာပြီး နှိပ်စက်တယ်၊ အိမ်မှာ မနေပါနဲ့ဆိုလည်း မရဘူး။ နေတော့လည်း အချိန်တင် စား အချိန်တင် မအိပ်ဘူး။ လေချင်ရာလေ၊ လည်ချင်ရာလည်၊ အချိန်မရှိ ပြန်လာပြီးတော့ အိမ်ကို မနိုးဘူး။ သူခိုးကျင့် သူခိုးကြံ၊ ဒီ ခေါင်းရင်း ပြတင်းပေါက်ကပဲ ဖွင့်ဖွင့်ပြီး ဝင်တာ၊ တစ်နေ့နေ့တော့ အိမ်မှာ ရှိတာလေး အားလုံး ပြောင်မှာပဲ နင်တို့က တစ်ပြား ရှာမပေးဘဲ ငါ့ကို လာလာနှိပ်စက်တာ ခေါင်းမွေးလည်း ပြောင်ပြီ။ သွားကြပါ မနေကြပါနဲ့ မောင်မင်းကြီးသား၊ မင်းအဖေအိမ် ပြန်သွားပါတော့၊ နေလည်း မနေပါနဲ့ လာလည်း မလာပါနဲ့၊ ငါ့ကို ဒုက္ခ မပေးရင် မင်းတို့ကို သီတင်းကျွတ်တိုင်း လာ လာ ကန်တော့ ပါမယ်တော်"

အမေထွေးက ခုနစ်အိမ်ကြား ဆက်၍ ဆူနေတော့လည်း ဗေဒါက အိမ်နီးနားချင်းကို ရှက်လာမိသည်။ အဖေနဲ့ စိတ်ဆိုးသည့် နောက်တစ်နေ့က ပင် ဗေဒါသည် အဘွားအိမ်သို့ ပြောင်းခဲ့သည်။ အဘွားအိမ်တွင် အဆူအဆဲ ခံရမည်ကိုကား ဗေဒါက သိပြီး ဖြစ်သော်လည်း အိမ်နှင့်စာသော် စိတ်ချမ်းသာ ရသည်။ နောက်ပိုင်းအရေးလည်း မပူရ။ အဖေ၏ ဆူသံဆဲသံလည်း မကြားရ တကယ်တော့လည်း အဘွား၏ ဆူသံပွက်သံ ဆဲသံထက်တော့ ခံသာသေးသည်။ ထို့ကြောင့်လည်း ဗေဒါက အဘွားအိမ်တွင် ပေကပ်၍ နေခြင်းဖြစ်သည်။

အိပ်ရာမှ မနိုးခင်ကတည်းက အမေထွေး ဆူပွက် နေသည်ကိုလည်း မကြားယောင် ပြု၍နေသည်။ ဤသည်ကိုပင် အမေထွေးက ပို၍ ဒေါသကြီး လာတော့သည်။

"သူတို့ လုပ်ပုံ နေရာမကျလို့ ပြောလိုက်ရင် သူတို့ကို မပြောတဲ့ အတိုင်း ပြောရတဲ့လူက လေကုန်တယ် အာပေါက်တယ်၊ သွားပါကွယ် သွား ခုသွား"

"ဟာ အဘွားကလည်းဗျာ နောက် မလုပ်ဘူးဆို ပြီးရောပေါ့ ခဏ ထပ်ထပ်ပြီး ပြောနေတာပဲ"

"မလုပ်ဘူး မလုပ်ဘူး ပြောပြောပြီး ဘယ်နှခါ ရှိပြီလဲ၊ မဖြစ်ပါဘူး မင်း မင်းတို့ သားအဖ ငါ့ကို တစ်ယောက်တစ်မျိုးစီ ဒုက္ခပေးနေတာ မင်း အိမ်သာ မင်းပြန်"

ဗေဒါက ဘာမှ ပြန်မပြောတော့ချေ။ လက်ထဲမှ သတင်းစာကို ချလိုက်ပြီးလျှင် နောက်တစ်စောင်ကို ကောက်၍ လှန်လိုက်သည်။ သည်တော့လည်း ဗေဒါသည် မျက်လုံးများ ပြူး၍လာသည်။ သတင်းစာ မျက်နှာဖုံးတွင် မြသီ၏ ချိုပြုံးသော မျက်နှာကလေးသည် ဗေဒါကို လှမ်း၍ နှုတ်ဆက်နေသလို ရှိတော့သည်။ ဗေဒါသည် မြသီ၏ ဓာတ်ပုံအောက် ပုဒ်တို သတင်းကို ဖတ်လိုက်မိသည်။

'ဒါရိုက်တာ တက္ကသိုလ်ဘေးလွင်၏ လှယဉ်ကျေး အသံထွက် ဇာတ်ကားတွင် ခေါင်းဆောင် မင်းသမီးအဖြစ် သရုပ်ဆောင်မည့် မြသီတာ'

ဗေဒါသည် သတင်းကို ဆက်၍ မဖတ်တော့ချေ။ ဤ သတင်းကို ကြားတင် သိနှင့်သော်လည်း ခုလောက် မြန်မြန်ဆန်ဆန် ဖြစ်လိမ့်မည်ဟု မမျှော်လင့်ခဲ့ချေ။ ခုတော့ သူ မျှော်လင့်ထားသည်ထက် မြန်ဆန်လွန်းလှသဖြင့် အံ့သြမိသည်။ ခံပြင်းသလိုလည်း ဖြစ်မိသည်။

ဗေဒါ၏ နားထဲတွင် အမေထွေး၏ အသံကို မကြားရတော့ချေ။ မြသီ ပြောသော စကားများကိုသာ ပြန်၍ ကြားယောင်နေမိသည်။

ဗေဒါသည် အိမ်ထဲသို့ မျက်နှာငယ်ဖြင့် ဝင်လာသော ကြောင်မကို လှမ်း၍ ကြည့်လိုက်မိသည်။ ကြောင်မက ဗေဒါကို လှမ်း၍ ကြည့်လိုက်ရင်း အဘွားနားသို့ အသာကပ်၍ သွားလေသည်။ အမေထွေးက ကြောင်မကို လှမ်း၍ ခေါ်လိုက်သည်။

"ဘာလဲ ညည်းက ဘာလုပ်လာတာလဲ၊ ဆန်မရှိပြန်ဘူးလား"

ဈေးဝယ်ချိန်တွင် ကြောင်မ လာလျှင် ဘာကြောင့် လာသည်ကို အမေထွေးက သိထားနှင့်ပြီး ဖြစ်သည်။ ကြောင်မက အမေထွေး၏ ရင်ခွင်တွင်းသို့ ခေါင်းဖြင့် ဝှေ့လိုက်သည်။

"အဘွားကလည်း အိမ်မှာ တကယ် ချက်စရာ မရှိလို့ပါ။ အဖေ ကနေ့ နေမကောင်းလို့ အလုပ် မဆင်းနိုင်ဘူး။ အိမ်မှာလည်း သုံးစရာ တစ်ပြားမှ မရှိဘူး။ အဲဒါ အမေက ငွေ နှစ်ကျပ်လောက် ချေးပါတဲ့ သန်ဘက်ခါကျတော့ အတိုးနဲ့ဆက် ပြန်ပေးပါ့မယ်တဲ့"

"နုတ်ကြ နုတ်ကြ ငါ့ခေါင်းမွေးကို ပြောင်အောင် နုတ်ကြ။ နင့်အမေက ငါ့ကို ဆိုပြီး နေတယ် မဟုတ်လား၊ မရှိဘူးဆိုရင် ငါ့ခေါင်းပေါ်ပဲ ကျတာပဲ။ မရှိဘူး၊ ပေးနိုင်ဘူး တစ်ပြားမှ မပေးနိုင်ဘူး"

ကြောင်မက သူ့ အဘွားကို အတင်းဖက်လိုက်သည်။ အမေထွေးက စိတ်ထဲမှ မကျေနပ်မိသော်လည်း တမင် ဟန်ဆောင်၍ ကြောင်မကို တွန်းဖယ် လိုက်သည်။ ကြောင်မကလည်း အမေထွေးကို အတင်းဖက်တွယ်၍ ခေါင်းဖြင့် ဇွေနေတော့သည်။

အဘွားကလည်း တကယ်ပါ၊ ဒီတစ်ခါ ဈော်ဂျက်တိုးလို့ ရရင် ကြောင်မ ပြန်ဆပ်ပါ့မယ် အဘွားရဲ့။ ညက ဆံပြုတ်ကျိုပြီး သောက်ရတယ်။ ခုလည်း ဘာမှ ချက်စရာ မရှိဘူး။ အဖေနဲ့ အမေ့ကို စေတနာ မရှိတောင် ကိုတိုးရဲ့ ကြောင်မကိုတော့ စေတနာ ရှိသင့်ပါတယ်။ နှစ်ကျပ်တော့ ပေးပါ အဘွားရယ်"

"ညည်းတို့ စားချင်ရင် အိမ်လာစား မပေးဘူး"

"အဘွားကလည်း နှစ်ကျပ်တော့ ပေးပါ အဘွားရယ်၊ ကျွန်မ ပြန်ဆပ် ပါ့မယ်"

အမေထွေးသည် ဆီမလူးဘဲ ခြောက်သွေ့နေသော ကြောင်မ၏ ဆံပင် ကို အသာပွတ်သပ်၍ နေမိသည်။ သူ့ဝသီနှင့်သူ ဆူပွက်တတ်သော်လည်း မရှိဘူးဆိုလျှင် ပါးစပ်မှ ဟောင်ဖွာ ဟောင်ဖွာ ဆူပွက်၍ လက်က ချွေးခံ အင် အိတ်ကို နှိုက်ပြီးသား ဖြစ်တတ်သည်။ လူကြီးဖြစ်၍လည်း သဘောစဉ်ကပိုင် ကြီးမားသည်။ ဟင်းကောင်းကလေးချက်လျှင် မျှ၍မကျ၊ သူ့ မြေးတွေကို ခေါ် ကျွေးတတ်သည်။ ခုလည်း ပါးစပ်မှ ဆူပွက်နေသော်လည်း အိတ်ထဲမှ ကြေ နေသော ကျပ်တန်ကလေးများကို နှိုက်၍ ထုတ်လိုက်သည်။

"ညည်းအဖေ အရက်ဖိုး မဟုတ်ဘူးနော် ဒါပဲ။ ညည်းတို့ စားစ မရှိဘူးဆိုလို့ ပေးတာ၊ အရက်ဖိုးတော့ မပေးနိုင်ဘူး ရော့"

ကြောင်မက အမေထွေးပေးသော ကျပ်တန်နှစ်ရွက်ကို ယူလိုက်ပြီးလျှ အမေထွေးကို တအားဖက်ထားလိုက်သည်။

"အဘွားကို ဒါကြောင့်ချစ်တာ အဘွားက သိပ်ချစ်ဖို့ ကောင်းတာပဲ"

"သွားစမ်းပါအေ ငါ့ကို ပလီမနေစမ်းပါနဲ့"

အမေထွေးက ကြောင်မ လက်များကို ဖယ်ချလိုက်သော်လည်း တကယ် မဟုတ် ဟန်ဆောင်သာ ဖြစ်သည်။ ကြောင်မ၏ နွဲ့ဆိုး ဆိုးသော အပြုအမူမျ ကို စိတ်ထဲမှ သဘောကြည်နူးမိသည်။

"တကယ်ပါ အဘွားရဲ့ အဘွားကို ကြောင်မ တကယ်ချစ်တာ အဘွ ကရော ကြောင်မကို မချစ်ဘူးလား"

"မချစ်ပါဘူး၊ ညည်းတို့ သားအမိသားအဖတွေ တစ်ကောင်မှ မချစ်ဘူး ငါ့ကို နှိုပ်စက်လွန်းလို့"

"ဒါဖြင့် အဘွားက မမအေးမှပဲ ချစ်တာပေါ့"

"အေး ငါ့သမီးတော့ ချစ်ရတာပေါ့ သူက ငါ့ကိုမှ ဒုက္ခမပေးဘဲ"

မမအေးဆိုသည်မှာ ကြောင်မတို့၏ အစ်မဝမ်းကွဲ ဖြစ်သည်။ ငယ်စဉ် ကတည်းကပင် မိဘများ ကွယ်လွန်သွား၍ အဘွားနှင့်အတူ နေရသူ ဖြစ်သည်။ ထို့ကြောင့်လည်း မြေးထဲတွင် အမေထွေးက အေးအေးကို အချစ်ဆုံး ဖြစ်သည်။ ထို့ကြောင့်လည်း မြေးတွေအပေါ်တွင် အချစ်ချင်း ပြိုင်လျှင် အေးအေးနှင့် နှိုင်း၍ ပြောတတ်သည်။

"ဒါဖြင့်ရင် ကြောင်မကို မချစ်ဘူးပေါ့"

"မချစ်ဘူး"

"ကိုတိုးကိုရော မချစ်ဘူးလား"

"မချစ်ပေါင်"

"အစ်ကို ပေဒါကိုရော"

"ဒီကောင့်ကို သာမုန်းသေးတယ်"

"ကဲ မချစ်ရင် သွားတော့မယ် နောက် အဘွားအိမ်ကို မလာတော့ဘူး"

"အေး ညည်းက ဘယ်လာတော့မလဲ၊ လိုတာရသွားပေါ့ကို"

ကြောင်မ ထွက်သွားတော့လည်း အမေထွေးက တစ်စုံတစ်ခု သတိရ ...န်ဖြင့် ကြောင်မကို လှမ်း၍ ခေါ်လိုက်ပြန်သည်။

"ဟဲ့ ဟဲ့ နေဦး နေဦး၊ မအေးရေ တို့ ငါးရန့်ခြောက်ကလေး ရှိပါတယ် ...နှစ်မျှောင်းလောက် ဖဲ့ပေးလိုက်၊ ဒီကောင်မတွေ ဟင်းမရှိဘူးတဲ့ . . ."

အေးအေးက ငါးခြောက် နှစ်မျှောင်းကို ဖဲ့၍ ကြောင်မကို ပေးလိုက် ...ည်။ ကြောင်မက သူ့အဘွားကို ပြုံး၍ ကြည့်လိုက်သည်။

"ဒါ ကြောင်မတို့ စားရမှာ မဟုတ်ပါဘူး၊ အမေ အရက်နဲ့ မြည်းမှာပါ"

"ညည်းအမေ အရက်နဲ့ မြည်းတာတွေ့ရင် လွှင့်ကို ပစ်လိုက်မယ်။ ...ည်းတို့ ထမင်းစားရင် ငါ ကိုယ်တိုင် လာကြည့်မှာ ငါ့ကိုများ မလိမ့်တပတ် ...ရင် နောက် တစ်ပြားမှ မပေးဘူး မှတ်ထား . . ."

ကြောင်မက သူ့ အမေထွေးကို တစ်ချက်မျှ ပြုံးကြည့်ရင်း အိမ်ထဲမှ ...ထွက်လာခဲ့သည်။ အိမ်ရှေ့တွင် ကြောင်မကို စောင့်နေသော ပေဒါကို တွေ့ရ

သည်။ ဗေဒါက အမေထွေး မကြားအောင် ကြောင်မကို ခပ်တိုးတိုး ဆိး၍ မေးလိုက်သည်။

"အဖေ မူးနေပြီလား"

"တစ်ပြားမှ မရှိဘဲ ဘယ်မူးမလဲ"

သည်တော့လည်း ဗေဒါ့ စိတ်ထဲတွင် ထိခိုက်မိပေသည်။ ဦးဘအေး သည် မိုးလင်းလျှင် အရက်မသောက်ရ မနေနိုင်သူ ဖြစ်သည်။ သူ့ အဖေ အကြောင်းကိုလည်း ဗေဒါက သိပြီးဖြစ်သည်။ မိုးလင်း၍ အရက် မသောက် ရလျှင် စကား တစ်လုံးမှ မပြောဘဲ မှိုင်၍နေတတ်သည်။ ဆေးလိပ် မီးညှိလျှ မီးနှင့် ဆေးလိပ် တော်တော်နှင့်မထိ၊ လက်က တစ်ဆတ်ဆတ် တုန်၍ နေတ သည်။ အလုပ်လည်း လုပ်လို့မရ၊ သံပတ် မရှိသော အရုပ်ကဲ့သို့ ငြိမ်သက်၍ နေတတ်သည်။ ဗေဒါသည် သူ့အဖေ၏ အဖြစ်ကို တွေးရင်း အိတ်ကို စမ်း သည်။ ညက ရုပ်ရှင်ပြသည့်အတွက် ငွေ အစိပ်ရသည်။ ဖဲပေါင်းအသ များဖြင့် နှစ်ကျပ်ဖိုးခန့် စားသောက်ခဲ့သည်။ အိတ်ထဲတွင် ငွေ နှစ်ဆယ်ကျေ သာ ကျန်တော့သည်။ ဗေဒါသည် အိတ်ထဲမှ ဆယ်တန် တစ်ရွက်နှင့် ငါးကျ တန် တစ်ရွက်ကို ထုတ်လိုက်ပြီးလျှင် အဘွားမမြင်အောင် ကြောင်မ လက်ထဲ ထည့်လိုက်သည်။

"ရော့ ဆယ့်ငါးကျပ် ယူသွား အမေ့ကို ပေးလိုက်၊ အဖေ သောက် ဆိုင်ကြီးက အကြီးတစ်လုံး မောင်တိုးကို အဝယ်လွှတ်၊ အမေ့ကို ငါက ပေးတ လို့ မပြောနဲ့ တော်တော်ကြာ ဆဲနေဦးမယ်"

ကြောင်မက ဗေဒါ ပေးသွားသော ငွေကို ယူလိုက်ပြီးလျှင် ခပ်တိုး ပြန်၍ မေးလိုက်သည်။

"အစ်ကိုရော အိမ်မပြန်လာသေးဘူးလား"

"အဖေ စိတ်ပြေမှ ပြန်လာမယ်ဟာ"

"အဖေက မနေ့ကတောင် မေးနေသေးတယ်၊ အစ်ကို့ကို အဖေ ချစ်ပါတယ် အစ်ကိုရာ။ ရွှေတင်သာ ဟန်ဆောင်နေတာ အစ်ကို မရှိ ဒီကောင် မပြန်လာသေးဘူးလား မပြန်လာသေးဘူးလားနဲ့ မေးနေတာ။ အ ကလည်း ညည်းကိုကို ပြန်ခေါ်ခဲ့လို့ မှာတယ်။ ပြန်ခဲ့ပါ အစ်ကိုရယ် အစ် မရှိတော့ အဖေ မူးရင် ဆွဲမယ့်လူလည်း မရှိဘူး။ အမေနဲ့ ခဏခဏ ရန်ဖြစ်တ ညကတောင် အဖေက အမေ့ကို ရိုက်သေးတယ်"

ကြောင်မက သူတို့ အိမ်တွင်းရေးနှင့် ပတ်သက်၍ ဗေဒါကို ပြောပြ လိုက်သည်။ ကြောင်မပြောသော စကားများကို နားထောင်ရင်း ဗေဒါသည် မျက်နှာညှိုး၍ လာတော့သည်။

"ငါ အလုပ် ရှာနေတယ်၊ အလုပ်ရရင် ငါ အိမ်ပြန်လာမယ်။ အမေ့ကို သည်း ပြောလိုက် ငါ့အတွက် ဘာမှ စိတ်မပူနဲ့လို့"

"ဒါဖြင့် ကျွန်မ သွားမယ်နော်"

ကြောင်မ ထွက်သွားသောအခါ ဗေဒါ လက်ထဲတွင် လိပ်၍ ကိုင်ထား သော သတင်းစာကို ဖြန့်လိုက်ပြီးလျှင် မြသီ၏ ဓာတ်ပုံနှင့် သတင်းကို ဆုတ်၍ ယူလိုက်သည်။ ပြီးမှ ခေါက်၍ အိတ်ထဲသို့ ထည့်လိုက်သည်။

ဗေဒါ လမ်းမဘက်သို့ ထွက်လာသောအခါ သူ့ဆီသို့ လာနေသော ငြိမ်းကို လှမ်း၍မြင်ရသည်။ ငြိမ်းက ဗေဒါကို မြင်လျှင် အသာရပ်၍ လက်ပြ ဆိုက်သည်။ ဗေဒါက ငြိမ်းရှိရာသို့ အပြေးသွားလိုက်သည်။

"ဘာလဲ မမငြိမ်း၊ ကျွန်တော် ဘာလုပ်ပေးရမလဲ"

"တော်တော်ကြာ ကိုကိုကြည်တို့ ရုံးသွားရင် မင်းလိုက်သွားပြီးတော့ အားပြန်ယူလာခဲ့၊ တခြားလည်း လျှောက်မောင်းမနေနဲ့ဦး"

"ဟုတ်ကဲ့ မမ၊ အခု သွားရမှာလား"

"ကိုကိုကြည် ထမင်းစားပြီး သွားလိမ့်မယ်။ မင်း လက်ဖက်ရည် သောက် ပြီးပြီလား မသောက်ရသေးရင် ရော့ သွားသောက်ချေ"

ငြိမ်းက ကျပ်တန်တစ်ရွက် ထုတ်ပေးလိုက်သည်။ ဗေဒါက မယူဘဲ ပြုံး၍ အိတ်ကို သူ ပုတ်ပြလိုက်သည်။

"ကျွန်တော့်မှာ ရှိတယ် မမရဲ့ ကျွန်တော် ခု လက်ဖက်ရည် သောက်ပြီး လာခဲ့မယ်"

ဗေဒါက လက်ဖက်ရည်ဆိုင် ဆီသို့ ပြေးထွက်ခဲ့လေသည်။ လက်ဖက် ရည်ဆိုင်တွင် မောင်နီတို့အုပ်သည် လေရနေလေပြီ။ မောင်နီက လက်ရှိ ကျောင်းရေး စနစ်နှင့် ပတ်သက်၍ ဝေဖန်နေတော့သည်။

လာမည့် ကျောင်းသားထု အစည်းအဝေးမှာ ဒီ ပြဿနာတွေ ဆွေးနွေး မယ်၊ အစည်းအဝေးလည်း မင်းတို့ တက်ကြကွာ ငါတောင် ကော်မတီထဲမှာ ပါတယ်"

"မင်းတို့ဟာ နိုင်ငံရေးတွေ ဘာတွေများ ပါသေးလား"

လှမြင့်က ဘာမှ နားမလည်ဟန်ဖြင့် ဖြတ်၍ မေးလိုက်သည်။

"ဒီကောင် တော်တော်ကို တုံးတဲ့ကောင်ပဲ ဒီကိစ္စမှာ နိုင်ငံရေးတွေ ဘာတွေ တွေးနေစရာ မလိုဘူး တင်းကျပ်တဲ့ တန်းချစနစ်ကို တိုက်ပစ်ရမှာပဲ အစိုးရ အနေနဲ့ အလုပ်မပေးနိုင်လို့ ဖြစ်စေ၊ ကောလိပ်မှာ လူပိုနေလို့ပဲ ဖြစ်စေ တင်းကျပ်တဲ့ တန်းချစနစ်ကို တိုက်ပစ်ရမယ်။ လူငယ်တွေကို အလုပ်လက်မဲ့ ဖြစ်အောင်၊ လေလွင့် ပျက်စီးအောင် လုပ်နေတာ ဒီ တန်းချစနစ်ပဲ။ ခုလည်း ဘယ်နှရာခိုင်နှုန်းများ အောင်လို့လဲ။ ဥပမာ ရန်ကုန် စာစစ်မှာဆိုရင် လူ တစ်ရာမှ ၉.၅ ယောက်ပဲ အောင်တယ်။ ဖြေတဲ့လူပေါင်း ၁၇၄၁၉ ကျော် ရှိတယ်။ အဲဒီ အထဲက ၁၆၅၄ ပဲ အောင်တယ်။ ပြီးတော့လည်း မေးခွန်းတွေ ပေါက်တယ်ဆိုတဲ့ သတင်းတွေလည်း ရေးနေကြတယ်။ ဒါကို တို့တစ်တွေ အနစ်နာခံရမယ်ဆိုရင် ဘယ်တရားမလဲ"

ဗေဒါက မောင်နီ ပြောသော စကားကို စိတ်ဝင်စားစွာ နားထောင် နေမိသည်။ မောင်နီ၏ အယူအဆကိုလည်း ထောက်ခံမိသည်။

"ဖေးကွ-မင်းပြောတာ ငါတော့ ထောက်ခံတယ်။ အစည်းအဝေးလည်း တက်မယ်။ ငါတို့ တစ်သိုက်လုံး တက်မယ်ကွာ ငါ စုခေါ်လာမယ်"

ဗေဒါက အကြမ်း တစ်ခွက်ကို မော့လိုက်ပြီးလျှင် ဆိုင်မှ ထွက်ခဲ့သည်။ ငြိမ်းတို့အိမ်ရှေ့တွင် ကား အသင့်ထုတ်ထားပြီး ဖြစ်သည်။ ကိုဘကြည်က လက်ထဲမှ သော့ကို ဗေဒါကို လှမ်း၍ ပေးလိုက်သည်။

"မောင်းရင်တော့ ဖြည်းဖြည်းမောင်းပါကွာ၊ မင်း မောင်းတာတော့ လန့်လန့်ပဲ. . ."

ငြိမ်းက အပေါက်ဝမှ ရပ်၍ ဗေဒါကို ကြည့်နေသည်။ ဗေဒါက ခန်းတွင် ထိုင်နေသော ဦးတင်အောင်ကိုပါ အကဲခတ်သလို ကြည့်လိုက်ပြီး ကားတံခါးကို ဖွင့်လိုက်သည်။

ဗေဒါ့ခေါင်းထဲတွင် မောင်နီပြောသော စကားများကိုသာ စွဲနေသည်။ တစ်နှစ်တစ်နှစ် ဤ စာမေးပွဲများသည် သူတို့ ဘဝခရီးလမ်းတွင် သမုဒ္ဒရာ ကြီးလို ကန့်လန့် စီး၍နေတတ်သည်။ စာမေးပွဲနီးလျှင် တခြား ဘာကိုမျှ စိတ် မဝင်စားနိုင်၊ စာအုပ်နှင့် မျက်နှာ မခွာရတော့ပေ။ စာမေးပွဲ စစ်ပြီး အောင် စာရင်း မထွက်ခင် တစ်လ နှစ်လ စိတ်ရော ကိုယ်ရော လွတ်လပ်ခဲ့ကြသည် ပျော်ခဲ့ရသည်။ အောင်စာရင်းထွက်၍ ကိုယ့်နာမည် မပါလျှင် ဘာလုပ်ရမည်

မသိတော့ချေ၊ လမ်းစပျောက်သူကဲ့သို့ တလည်လည် ဖြစ်နေတော့သည်။ နောက်ဆုံးကြပြန်တော့လည်း ဤစာအုပ်များကိုပင် ပြန်၍ ကိုင်ရပြန်လေသည်။ ဤ သံသရာသည် တစ်နှစ်မှ နှစ်နှစ်၊ နှစ်နှစ်မှ သုံးနှစ်သို့ ကူးလာ ပြန်တော့လည်း အလိုလို ငြီးငွေ့လာသည်၊ စိတ်ပျက်လာသည်၊ အားက ယော်၍ ယော်၍လာသည်။ သည်အထဲ အိမ်စီးပွားရေးက ကျပ်တည်းလာတော့လည်း ဘေးအလုပ်များ လျှောက်၍သာ လုပ်ရသေးသည်။ ဘိုင်စကုတ် လည်၍ ပြရသည်။ သမဝါယမ ဆက်စပ်တို့တွင် ပစ္စည်းများ ဝယ်၍ တစ်ဆင့် ရောင်းရသည်။ ရုပ်ရှင်ရုံများတွင် နေ့စား ဆင်းပေးရသည်။ အမှန်တော့လည်း ဗေဒါ၏ ဘဝသည် မနိုင်သော ဝန်ကို ထမ်း၍ လျှောက်နေရသူကဲ့သို့ပင် ဆင်းရဲပင်ပန်းလှသည်။

ဦးဘကြည်ကို ရုံးသို့ ချပြီးနောက် ဗေဒါသည် တစ်ယောက်တည်း စိတ်လွတ်လက်လွတ် မောင်းလိုက်သည်။ ရုံးနှင့်အိမ်ကို ၆ မိနစ်ခန့်ဖြင့် ပြန်၍ ရောက်လာသည်။

ဗေဒါသည် ကားကို အိမ်ရှေ့တွင် ရပ်၍ အိမ်ပေါ်သို့ အပြေးတက်သွား သည်။ အိမ်ပေါက်ဝ အဝင်တွင် သူ့ ခြေထောက်များကို ရှေ့ဆက်၍ မလှမ်း တော့ချေ။

ဦးတင်အောင်၏ လက်ထဲတွင် လူးလွန့်ရုန်းကန်နေသော ငြိမ်းကို တွေ့ရသည်။

“လွှတ် လွှတ် ကိုတင်အောင် ရှင် လူကြီးလူကောင်း မဆန်ဘူး”

ငြိမ်းက အတင်းရုန်းသော်လည်း ဦးတင်အောင်က အတင်းဖက်၍ထား သည်။ နောက်ဆုံးတွင် ငြိမ်းက အတင်း ရုန်းထွက်လိုက်သည်။ ဦးတင်အောင်က ...၍ လိုက်ရန် ဟန်ပြင်လိုက်သည်။ ဗေဒါက ငြိမ်းရှေ့မှ ဝင်၍ ရပ်လိုက်သည်။ ဦးတင်အောင်သည် ရှက်ရမ်း ရမ်းတော့မည်ကဲ့သို့ ဗေဒါကို ဒေါသဖြင့် ကြည့်လိုက်သည်။ ဗေဒါက ဘောင်းဘီကြားမှ မောင်းချဓားကို ထုတ်၍ ခလုတ်ကို ...လိုက်သည်။ ဦးတင်အောင်က ဖျတ်ခနဲ ပွင့်၍လာသော ဓားကို ကြည့်ရင်း ...သို့ မတိုးရဲတော့ချေ။ စောစောက တင်းမာနေသော မျက်နှာမှာ ရွတ်ခြည်း ...င်း၍လာသည်။

“တို့ချင်း ကျေကျေနပ်နပ်ပါကွာ၊ မင်း ဝင်ပြီး လူစွမ်းကောင်း လုပ်စရာ ...ပါဘူး။ ငါက မိန်းကလေး တစ်ယောက်ကို မတရား အနိုင်အထက် ...တော့ မင်း သူရဲကောင်း ဝင်လုပ်နိုင်တာပေါ့ ခုတော့”

ပေဒါက ဦးတင်အောင်ကို အလျှင်း ဂရုမစိုက်၊ ငြိမ်းကိုသာ လှည့် ကြည့်လိုက်သည်။ ပေဒါ၏ အကြည့်က ဦးတင်အောင် ပြောသော စကားများ မှန်မမှန် ငြိမ်းကို မေးလိုက်သလို ရှိတော့သည်။ ထို့ကြောင့်လည်း ငြိမ်းက ဦးတင်အောင် စကားမဆုံးခင် ဖြတ်၍ ပြောလိုက်သည်။

"ယောကျ်ား စကားပြောပါ ဦးတင်အောင်။ ငြိမ်း ရှင့်ကို အဖြူအမည်း မပြောသေးပါဘူး။ စဉ်းစားမယ်လို့သာ ပြောတာပါ။ အခုလို အပြုအမူမျိုးနဲ့ ဆိုရင်တော့ ငြိမ်း ရှင့်ကို ဆက်ပြီး စဉ်းစားဖို့တောင် မလိုဘူးထင်တယ်. . ."

ငြိမ်းက တည်ငြိမ်သော အသံဖြင့် ခပ်မှန်မှန် ပြောလိုက်သည်။ သည်တော့မှလည်း ဦးတင်အောင်၏ မျက်နှာမှာ ညှိုး၍လာတော့သည်။

"ကျွန်တော် မှားပါတယ် ငြိမ်း စော်ကားတဲ့ စိတ်နဲ့တော့ မဟုတ်ဘူးဆိုတာ ငြိမ်း ယုံပါ။ ရုတ်တရက် စိတ်ကို မချုပ်တည်းနိုင်လို့ ခုလို ဖြစ်ရတာပါ။ နောက် ဒါမျိုး မဖြစ်စေရပါဘူး။ ကဲ ကျွန်တော် ပြန်ပါရစေ. . ."

ဦးတင်အောင်က တုန်ယင် အက်ကွဲသော အသံကြီးဖြင့် တောင်းပန်၍ ခေါင်းငိုက်စိုက်ဖြင့် ဆင်းသွားတော့သည်။ ပေဒါက ငြိမ်းကို တစ်စုံတစ်ခု မေးရန် သင့်မသင့် စဉ်းစားနေမိသည်။ ငြိမ်းက ပါးပြင်ပေါ်တွင် စီးကျနေသော မျက်ရည်များကို လက်ကိုင်ပဝါဖြင့် သုတ်လိုက်သည်။

"ဦးတင်အောင် ပြောတဲ့အတိုင်း မဟုတ်ဘူးပေါ့နော်။ မမငြိမ်း သူ့ကို မဆုံးဖြတ်သေးဘူး မဟုတ်လား. . ."

"ငါ သူ့ကို ပြောလိုက်တာ နင် မကြားဘူးလား။ ဒီအကြောင်းနဲ့ ပတ်သက်ပြီး ငါ့ကို မမေးစမ်းပါနဲ့ ပေဒါ၊ ငါ စိတ်ညစ်လွန်းလို့. . ."

ပေဒါသည် ဆက်၍ မမေးရဲတော့ချေ၊ ငြိမ်းအတွက်လည်း ကိုယ်ချင်းစာမိသည်။ ခုချိန်မျိုးတွင် ငြိမ်းသည် ရှက်လည်း ရှက်၍နေမည်။ စိတ်ညစ်မည်ဆိုလျှင်လည်း ညစ်ပေမည်။ ပြီးတော့လည်း သူများ အတွင်းရေးကို ကာယကံရှင် မကျေနပ်ဘဲ မမေးသင့်ချေ။

"မမငြိမ်း ကျောင်းသွားမယ်ဆို သွားစို့လေ"

"ကနေ့ မသွားတော့ပါဘူးကွယ်၊ မင်း အားရင် နက်ဖြန်မှ သွားရအောင်"

ပေဒါသည် ငြိမ်းကို နှုတ်ဆက်ရင်း နေရာမှ ထလိုက်သည်။

"ကျွန်တော် ပြန်တော့မယ် မမငြိမ်း၊ နက်ဖြန် သွားချင်တဲ့ အချိန် ပြောပေါ့၊ ကျွန်တော် လိုက်ပို့ပါမယ်. . ."

ငြိမ်းသည် ဗေဒါကို ကြည့်ရင်း သက်ပြင်းကို မသိမသာ ချလိုက်မိသည်။ သူ့ နားတစ်ဖက်စီတွင် ဦးတင်အောင် ပြောသွားသော စကားနှင့် ဗေဒါ ပြောသွားသော စကားများက ပဲ့တင်ထပ်လျက် ရှိတော့သည်။

❑

# ၆

စည်းဝေးခန်းမတွင် လူများ ပြည့်ကျပ်လျက် ရှိသည်။ ဗေဒါသည် ရှေ့ဆုံးတန်း တွင် ခပ်ကုပ်ကုပ် ထိုင်လျက်ရှိသည်။ အတွင်းရေးမှူးက အစည်းအဝေ ဖွင့်လှစ်ပြီးလျှင် ဥက္ကဋ္ဌ မိန့်ခွန်း စလေသည်။ ဥက္ကဋ္ဌက လက်ရှိ ပညာရေ စနစ်၏ ချို့ယွင်းချက်များကို လည်းကောင်း၊ ကျောင်းသားများ ညီညွတ်ရေ လည်းကောင်း။ တိုင်းပြည် ငြိမ်းချမ်းရေးနှင့် ပတ်သက်၍ လည်းကောင်း အကျယ်တဝင့် ပြောကြားသွားသည်။ သည်နောက် အဆိုများ အသီးသီး တင်ကြသည်။ ငြိမ်းချမ်းရေးနှင့် ဒီမိုကရေစီရေးအဆို၊ ကျောင်းသား ညီညွ ရေးအဆို၊ ပညာရေး အသုံးစရိတ် တိုးမြှင့်ရေးအဆို စသည်တို့ အသီးသီ တင်သွင်း သွားပြီးလျှင် မောင်နီ့ အလှည့် ရောက်လာသည်။ မောင်နီက တင်းကျပ်သော စာမေးပွဲစနစ် ပြုပြင်ရေး အဆိုကို စ၍ တင်သွင်းတော့သည် မောင်နီသည် အဆိုကို ဖတ်ပြ ပြီးနောက် အသေးစိတ် ရှင်းပြလိုက်ပြန်သည်

"ကနေ့ လူငယ် ပြဿနာများကို သုံးသပ်ရင် အလွန် ရင်လေး ကောင်းတယ်။ တင်းကျပ်လှတဲ့ တန်းချ စနစ်ကြီး စာမေးပွဲ စနစ်ကြီးဟ ကျွန်တော်တို့ လူငယ်တွေရဲ့ ဘဝခရီးကို ပင်လယ်ပြင်ကြီးလို တားဆီးထားတယ် ဒီ ပြဿနာဟာ နှစ်စဉ် အမွှာအအောင် စာရင်းကို ကြည့်ရင် သိနိုင်တယ် ကျောင်းသား တစ်ရာမှာ ဆယ်ယောက်ပဲ စာမေးပွဲ အောင်တယ် ထားတော့ ကျောင်းသား ငါးသောင်းမှာ ငါးထောင်ပဲ အောင်တယ်။ ဒီတော့ ကျွန်

လေးသောင်းငါးထောင်က ဘာလုပ်ရမလဲ။ ကျောင်း ဆက်နေနိုင်တဲ့ လူတွေက နေကြတယ်။ မနေနိုင်တဲ့လူတွေက ဖြတ်လမ်းလိုက်ရတယ်။ စီးပွားရေး အလုပ်တစ်ခုခု ဝင်လုပ်ရတယ်။ ထားပါတော့ လေးသောင်းကျော်မှာ နှစ်သောင်းကျော်က အလုပ်လုပ်ပြီး နှစ်သောင်းကျော်က ကျောင်းပြန် နေတယ် ဆိုကြပါစို့၊ အဲဒီပြဿနာကိုပဲ ကျွန်တော်တို့ တွက်ကြည့်၊ ဆယ်တန်းမှ မအောင်တဲ့ ဒီနှစ်သောင်းအတွက် အလုပ်ပေးဖို့ ဘယ်သူ တာဝန်ယူနိုင်မလဲ။ ပြီးတော့ ကျောင်းပြန်နေကြရမယ့် နှစ်သောင်းအတွက်ကရော နောင် တက်လာမယ့် မက်ထရစ်သမားတွေနဲ့ ပေါင်းလိုက်ရင် သူတို့အတွက် ကျောင်းနဲ့ ဆရာ လုံလောက်မလား။ ဒါကြောင့်လည်း အလွတ် ပညာသင်ကျောင်းတွေ ခေတ်စားလာတာပေါ့။ ဒီအလွတ် ပညာသင်ကျောင်းတွေ ဆိုတာလည်း အစိုးရကျောင်းတွေထက် ကျောင်းလခ လေးငါးဆ ပေးရတယ်။ နာမည်ကြီးလေ ပိုပေးရလေပဲ၊ တချို့ စာမေးပွဲ အအောင်များပြီး နာမည်ကောင်းတဲ့ ကျောင်းတွေမှာဆိုရင် အစိုးရကျောင်းမှာ ငါးကျပ်ယူရင် သူတို့က သုံးဆယ် ယူတယ်။ နှစ်ဝက်အတွက် အကျေခံဆံခါတည်း ပေးထားရတယ်။ ဒီလို ကျောင်းတွေမှာ တစ်လ တစ်ရာကျော်ခန့်ရှာ ရတဲ့ စာရေးစာချီသားတွေ နေနိုင်မလား။ အလုပ်သမားတွေ ထားနိုင်မလား။ ငွေ တတ်နိုင်တဲ့သူတွေသာ နေနိုင်ကြမှာပဲ။ အများတတ်နိုင်တဲ့ ကျောင်းတွေမှာ ဆရာ နည်းချင်နည်းမယ်၊ ဒါဟာ ဘာကြောင့်လဲ ဆရာကောင်းတွေဟာ အစိုးရကပေးတဲ့ လခနဲ့ မလုပ်နိုင်ကြလို့ပေါ့။ ဒိုပြီး ဝင်ငွေဖြောင့်တဲ့ အလွတ်ပညာသင်ကျောင်းတွေ ထောင်တဲ့သူက ထောင်ကြ၊ အဲဒီ ကျောင်းတွေမှာ လခကောင်းကောင်းနဲ့ လုပ်တဲ့လူတွေက လုပ်ကြ။ ဒီတော့ လက်ရှိ ပညာရေးစနစ်အရ ကြည့်ရင် တစ်နှစ် တစ်နှစ် တန်းကျ ကျောင်းသား ပိုမိုများလာတယ်။ သုံးသောင်းက လေးသောင်း၊ လေးသောင်းက ငါးသောင်း၊ နှစ်ဆက် ကျပြီး ကျောင်းထွက်တဲ့ လူတွေလည်း များလာမယ်။ အလုပ်လက်မဲ့တွေ ပိုပြီး ပေါလာမယ်၊ စိတ်လေလွင့်ပြီး ပျက်စီးတဲ့လူတွေ ပိုများလာမယ်။ ဒါကြောင့် ကျောင်းသားတွေရဲ့ စိတ်ဓာတ်ကို ပျက်ပြားစေတဲ့ တင်းကျပ်လွန်းလှတဲ့ တန်းချိန်ဒီဂရီမဟုတ် စာမေးပွဲစနစ်ကို အမြန်ဆုံး ပြုပြင်ပေးဖို့ ဤအစည်းအဝေးကို ကျွန်တော် အဆိုတင်သွင်းပါတယ်"

ခန်းမ တစ်ခုလုံး လက်ခုပ်သံများ ပွဲတင်ထပ်လျှက် ရှိသည်။ ဝေဒါ ဒိုင်ပင် လက်နှာရမှန်း မသိအောင် တီးလိုက်မိသည်။ မောင်နီ ဤမျှ

တရားဟောကောင်းသည်ကို ဗေဒါ မမျှော်လင့်ခဲ့ချေ။ ခုတော့ မောင်နီသည် တကယ့် နိုင်ငံရေးသမားကြီး တစ်ယောက်ကဲ့သို့ တရားဟော ကောင်းလှသည်။

မောင်နီ၏ အဆိုကို ထောက်ခံသူများလည်း ရှိသည်။ ပြင်ဆင် ဖြည့်စွက်သူများလည်း ရှိသည်။ တချို့က အဆိုမှာ မပြည့်စုံမည်စိုး၍ ပြုပြင်ရမည်ကို ပါသင့်ကြောင်း အကြံပေးကြသည်။ ထို အတွင်းမှာပင် မောင်နီ၏ အဆိုကို ကန့်ကွက်သူ တစ်ဦး ပေါ်လာသည်။

"ဒီ အဆိုဟာ လုံးလုံး မဖြစ်နိုင်ပါဘူး။ စာမေးပွဲစနစ်ဆိုတာ ဘယ်လို လုပ်ပြီး ပြုပြင်မလဲ မေးခွန်းလွယ်လွယ် မေးရမလား၊ ဒါမှမဟုတ်ရင် ဟယ်နီ တန် ခေတ်လို အကုန် အအောင် ပေးရမလား။ ဒီအဆိုဟာ အဓိပ္ပာယ် မရှိ ပါဘူး"

အားလုံးက ဝိုင်း၍ အော်ကြသည်။ အထိုင်ခိုင်းသူက အထိုင်ခိုင်းသည်။ အော်သူက အော်ကြသည်။ ဗေဒါသည် စင်မြင့်ပေါ်သို့ တက်၍ ရပ်လိုက်ပြီးလျှင် ဥက္ကဋ္ဌထံ စကားပြောခွင့် တောင်းလိုက်သည်။

"ကျွန်တော် ဒီအဆိုနဲ့ ပတ်သက်ပြီး နည်းနည်းပြောပါရစေ"

ဥက္ကဋ္ဌက ခေါင်းညိတ်၍ ပြောခွင့်ပေးလိုက်သည်။ ဗေဒါက ပရိသတ် အကဲကို ခတ်လိုက်သည်။ စောစောက ဆူနေသော အသံများသည် တဖြည်းဖြည်း ပျောက်၍ ငြိမ်သွားသည်။

"ကျွန်တော် ပရိသတ်ရှေ့မှာ တစ်ခါမှ စကား မပြောဖူးပါဘူး၊ ဒါပေမဲ့ ကနေ့ ပြဿနာကတော့ ကျွန်တော့် ဘဝနဲ့ တိုက်ရိုက် သက်ဆိုင်နေလို့ ကျွန်တော် အလွန်ပဲ စိတ်ဝင်စားပါတယ်။ ဒါကြောင့် ဒီအဆိုကို ထောက်ခံရ သဘောကို နည်းနည်းပြောပါရစေ။ ကျွန်တော် မက်ထရစ်ကို နှစ်နှစ် တိတိ အားရပါးရ ကျဖူးပါတယ်"

ဗေဒါ၏ စကားကြောင့် ပရိသတ်က ဝိုင်း၍ ရယ်ကြသည်။ ဗေဒါ သူ့ စကားကို သူ မင်သေသေဖြင့် ဆက်လိုက်သည်။

"ကျွန်တော့် မိဘက သာမန် အလုပ်သမားပါပဲ။ တစ်လကို နှစ် လောက်ဝင်ဖို့ တော်တော် ခဲခဲယဉ်းယဉ်း ရှာရပါတယ်။ အဲဒီလို ဘဝက ကျွန်တော်ဟာ မက်ထရစ်ကို နှစ်နှစ်တိတိ ဆက်ဖြေပြီး ကျခဲ့ပါတယ် ကျောင်းသားတိုင်းဟာ စာမေးပွဲ အောင်ချင်ကြတယ်ဆိုတာ ကျွန်တော် အ ပြောစရာ မလိုပါဘူး။ ဒါပေမဲ့ စာမေးပွဲ အောင်ဖို့အတွက် ဘာတွေလို

ဉာဏ်ပညာ ထက်မြက်ရမယ်၊ စာ မှန်မှန် ကျက်ရမယ်၊ ကျောင်း မှန်မှန် တက်ရမယ်၊ ဒါက အကြမ်းဖျင်း အမြင်ပဲ။ တကယ် ဘဝကို လေ့လာပြီး အသေးစိတ် လိုက်ကြည့်ရင် ဒါတင်မကပါဘူး၊ အေးအေးဆေးဆေး စာကျက်နိုင်တဲ့ ဘဝမျိုးမှာ ရှိရမယ်။ ဆိုလိုတာက စီးပွားရေး ပူပင်ကြောင့်ကြမှု မရှိရဘူး။ ကျောင်းသားအရွယ်မှာ ထမင်း လက်ဆေးစား၊ ကစားချိန်ကစား၊ ကျောင်း သွားချိန်သွား၊ စာကျက်ချိန်စာကျက် ကျောင်းသားပီပီ နေနိုင်ရမယ်၊ နောက် စာအုပ် ပြည့်စုံအောင် ဝယ်နိုင်ရမယ်၊ ဆရာကောင်း သမားကောင်းရဲ့ အသင် အပြကိုလည်း ခံရမယ်၊ အဲဒီ အခြေအနေတွေလည်း ရှိဖို့ လိုပါတယ်။ ဒါတောင် စာမေးပွဲခန်းထဲမှာ ကိုယ်က ခပ်ပေါ့ပေါ့ ထားပြီး အပိုင် မကျက်မိတဲ့ စာကို မေးခွန်းနဲ့ တွေ့ရင် ဖြေနိုင်မှာ မဟုတ်ဘူး။ ဒီတော့ စာမေးပွဲ အောင်ဖို့အတွက် ဒီ အရည်အချင်းတွေ လိုတယ်ဆိုတာ ကျွန်တော်တို့ ငြင်းမရဘူး။ ဒါကို ကျွန်တော့် ဘဝနဲ့ တွက်ကြည့်မိတယ်။ ကျွန်တော့် ဘဝက အိမ်အလုပ်ရော၊ အခြား စီးပွားရေးအလုပ်ရော လုပ်ပြီး ကျောင်းတက်ရတယ်။ တက္ကသိုလ်က စာမေးပွဲ မအောင်သေးခင် ကျောင်းစရိတ်နဲ့ ထမင်းစရိတ် ကျေအောင်ဆိုပြီး အခန်းငှား ထောင်ထားတဲ့ အလွတ် ပညာသင်ကျောင်းမှာ သင်ရတယ်။ တစ်ခါတလေ အိမ် ဈေးဖိုး ရှာနေရလို့ ကျောင်းမတက်ရဘူး။ အဲဒီလို ဘဝမျိုးနဲ့ ကျွန်တော်တို့ တစ်တွေဟာ တင်းကျပ်တဲ့ စာမေးပွဲစနစ် အောက်မှာ ဘယ် အောင်နိုင်မလဲ ကျွန်တော့် အဖေက ကျွန်တော် စာမေးပွဲ ကျတော့ ဆူတယ်၊ ကျွန်တော်တို့ လမ်းထဲက အထွန်းဆိုတဲ့ ကောင်မလေးက အောင်သွားတော့ သူနဲ့ နှိုင်းပြီး ပြောတယ်။ သူက တစ်နှစ်တည်းနဲ့ အောင်တယ်။ ကျွန်တော်က နှစ်နှစ်ဆက်ပြီး ကျတယ်။ ကိုယ့်ကိုယ်ကိုယ် ကာကွယ်တာတော့ မဟုတ်ဘူး၊ ဒါပေမဲ့ ဒါကို ယှဉ်ပြောလို့ မရပါဘူး၊ အမှန်က သူနဲ့ ကျွန်တော် စာတစ်ပုဒ်ကို ပြိုင်ကျက်ရင် ကျွန်တော်က သူ့ထက် အလျင် ရတယ်။ ဆိုလိုတာက ကိုယ်ရည် သွေးတာတော့ မဟုတ်ဘူး ကျွန်တော်က သူ့ထက် ဉာဏ်ကောင်းတယ်။ ဒါပေမဲ့ နောက်တော့ သူက အောင်တယ် ကျွန်တော်က ကျတယ်။ သူနေတဲ့ ကျောင်း ဆောင် ကြည့်ဦးလေ၊ စံပြထားတဲ့ ကျောင်းခန်းမှာ နေတာ။ ပြီးတော့ တစ်လ ဆယ်ပေးပြီး အင်္ဂလိပ်စာ ကျူရှင်ယူသေးတယ်။ ကျွန်တော်က ကောလိပ်က စာမေးပွဲကျပြီး ဘိုင်ကျလို့ ထောင်ထားတဲ့ အလွတ်ပညာသင်ကျောင်းမှာ နေတာ။ သူက စာကို ဖိမ်နဲ့ ကျက်နိုင်တယ်၊ ကျွန်တော်က စာကျက်ချိန်

ဘုံပိုင်မှာ ရေလာရင် ရေဆွဲရသေးတယ်။ ဘေးပေါက်ရတဲ့ အလုပ်ကလေးကို ဖောက်လုပ်ရသေးတယ်။ ဒီလို အခြေအနေချင်း ကွာတဲ့ လူချင်း ပညာရေးမှာ ယှဉ်လို့ရမလား။ ကြိုးစားတာချင်း ညက်ချင်း တူရင် သူတို့က ရှေ့က နေမှာပေါ့။ စောစောက ကိုနီ ပြောသလို တစ်သောင်းမှ တစ်ထောင် အအောင်ပေးမယ်ဆိုတဲ့ စနစ် အတိုင်းဆိုရင် ကျွန်တော်တို့ဟာ နောက်ဆုံးက နေမှာပဲ။ အခြေအနေချင်း မတူတဲ့ ဘဝကို ယှဉ်ပြီး ရွေးရင် ကျွန်တော်တို့ နံပါတ်က နောက်ဆုံးကပဲ။ ဒီတော့ လက်ရှိ အခြေအနေကို ကြည့်ရင် တန်းတူ ကျောင်းသားတွေရဲ့ ဘဝဟာ တောင်မရောက် မြောက်မရောက်နဲ့ ဒုက္ခ တွေ့ရမှာပဲ။ စာမေးပွဲ ဖြေရမယ့် အလုပ်ပဲ လုပ်ရမလိုနဲ့ အချိန်ကုန်ပြီး စိတ်ဓာတ် ပျက်ပြားရုံပဲ။ ဒီတော့ လူငယ်တွေရဲ့ ရှေ့ရေးကို ကာကွယ်သောအားဖြင့် ဒီ ဘင်းကျပ်တဲ့ တန်းတူ ဓနမ်ကြီးကို အမြန်ဆုံး ပြုပြင် ပြောင်းလဲဖို့ ကျွန်တော် လေးလေးနက်နက် ထောက်ခံပါတယ်"

ဗေဒါသည် လက်ခုပ်သံများ မစဲမီ အစည်းအဝေး ခန်းမ အတွင်းမှ အသာ ထွက်ခဲ့သည်။ သူ့ စိတ်ထဲတွင် အလိုလို ပေါ့၍သွားသည်။ ရင်ထဲတွင် ခံစားနေရသည့်အတိုင်း ဘဝတူချင်းကို ဖွင့်အံ ထုတ်လိုက်ရသည့်အတွက်လည်း ဝမ်းသာ ကျေနပ်မိသည်။ ဗေဒါသည် ရွှင်လန်းစွာ လျှောက်လာရင်း တစ်ချက် တစ်ချက် တိုက်ခတ်လာသော လေအေးကလေးကို တအား ရှိုက်၍ ရှူလိုက်သည်။ လမ်းခရီး တစ်ခုကို ဖြတ်မည် အပြုတွင် ဂျစ်ကားတစ်စီးက ဗေဒါ့ရှေ့သို့ ထိုး၍ ရပ်လိုက်သည်။ ကားရှေ့တန်းတွင် ကိုအေးလွင်နှင့်အတူ ယောကျ်ား နှစ်ယောက်နှင့် မြသီကို တွေ့ရသည်။

"ဗေဒါ နင် ဘယ်သွားမလို့လဲ လာ တို့နဲ့ လိုက်ခဲ့၊ တို့ ဖြဲသွားမလို့"

ဗေဒါက ရုတ်တရက်တော့ ဘာမျှ ပြန်၍ မပြောနိုင်ဘဲ မြသီကိုသာ ငေး၍ ကြည့်မိသည်။ ကားနောက်တန်းတွင် လူ တစ်ယောက်မျှမရှိ၊ သို့သော် ရှေ့တန်းတွင်မူ ကိုအေးလွင်က ကိုယ်တိုင်မောင်း၍ မြသီက အလယ်မှ ထိုင် လိုက်သည်။ မြသီဘေးမှ ယောကျ်ား တစ်ယောက်ရှိသည်။ မြသီသည် အလှ ကနှင့် မတူတော့ချေ။ ခေါင်းတွင် အကွေ့အကောက်များ အမောက်များဖြင့် ရှုပ်ပွေ၍ နေသည်။ မျက်မှန် အနက်ကိုလည်း တပ်ထားသည်။ ဗေဒါက မြသီကို ငေး၍ ကြည့်ရင်း အံ့ဩနေမိသည်။

"ဟဲ့ လာလေ ဘာငေးနေလဲ နောက်ကတက်"

မြသီက ရွှင်ပြုံးသော မျက်နှာကလေးဖြင့် ခေါ်လိုက်သော်လည်း ဗေဒါ ဲ့ကား ဘာကြောင့်မှန်းမသိ၊ အလိုလို ဝေါသ ဖြစ်လာမိသည်။ ဗေဒါသည် ကို အတန်ကြာမျှ စိုက်၍ကြည့်လိုက်ပြီးလျှင် အေးစက်စက် ပြန်၍ ိုက်သည်။

"ငါ မလိုက်ပါဘူး ဝင်စရာရှိသေးတယ်၊ နောက်မှ အိမ်ကိုလာခဲ့မယ်"

"အိမ်လာရင် စောစောလာမှ ငါ့ကိုတွေ့မယ်၊ ကိုးနာရီဆိုရင် အလုပ် တယ် ဒါဖြင့် သွားမယ်ဟေ့"

မြသီက နှုတ်ဆက်သွားသည့်တိုင်အောင် ဗေဒါက မြသီကို ပြန်၍ နှုတ် ိမ်း ခပ်ကြောင်ကြောင် ငေး၍သာ ကျန်ရစ်ခဲ့သည်။ ဗေဒါသည် မြသီ၏ င်းသဲ့ပုံကို တွေးရင်း ရင်လေးလာမိသည်။ စောစောက ပေါ့ပါးနေသော ည် ခုတော့ လေးလံ ထိုင်းမှိုင်း၍ လာလေသည်။ ဗေဒါသည် ခေါင်း ်ဖြင့် ဆက်၍လျှောက်ခဲ့သည်။ မြသီကို တွေ့လိုက်ရ၍ ဗေဒါ၏ ည် အလိုလို လှုပ်ရှားလာသည်။ စိုးရိမ်လာသည်။ ခံပြင်းလာသည်။ ာသော စကားနှင့် အပြုအမူများမှာ လုံးဝ ခြားနား၍နေသည်။အလုပ် ့ သူနှင့် အတူဆင်းမည်၊ သို့မဟုတ် သူ့ အမေနှင့် အတူ ဆင်းမည်ဟု းသားသည်။ ယခု ယောကျ်ားနှစ်ယောက် အလယ်တွင် တစ်ယောက် ိုက်ပါလာသည်။ နေ့တိုင်း အလုပ် ဆင်းရသည်ကိုလည်း ပြောသွား

မြသီ၏ အပြုအမူနှင့် မြသီ ပြောသွားသော စကားများသည် ဗေဒါ၏ ှ လှုပ်ရှား၍ နေတော့သည်။

❑

# ၇

ဗေဒါသည် တံခါးပေါင်ကို မှီ၍ ရပ်လိုက်ရင်း အတွင်းဘက်သို့ လှမ်း၍ ကြ
လိုက်သည်။ နောက်ဘက်ဆီမှ မြသီ၏ သီချင်းသံကို ကြားရသည်။သည်တေ
မှလည်း ဗေဒါက အိမ်ရှေ့ခန်းတွင် ဝင်၍ ထိုင်လိုက်သည်။ ထရံတွင် န
ထားသော မြသီ၏ ဓာတ်ပုံများကို လှမ်း၍ ကြည့်လိုက်မိသည်။ မြသီ ရှ
မင်းသမီး လုပ်မှ ရိုက်ထားသော ဓာတ်ပုံသစ်များကို ကြည့်ရင်း စိတ်
မတွေ့မချမ်း ဖြစ်သည်။ မြသီ၏ ချိုပြုံးသော အမူအရာကလေးများမှာ ဗေဒ
လှောင်ပြောင် ကဲ့ရဲ့ယသလို ရှိတော့သည်။

ဗေဒါသည် ဆေးလိပ်ခွက်ထဲတွင် ရှိသော ဆေးလိပ်အတိုကို
မီးညှိလိုက်သည်။ ပြီးမှ တစ်ဖွာချင်း ရှိုက်လိုက်ရင်း သူနှင့် မြသီတို့၏ ရှေ့
တွေးနေမိသည်။ တွေးရင်း တွေးရင်း စိတ်ထဲတွင် မချုပ်တည်းနိုင်တော့
သူ့ ရင်ထဲတွင် ခံစားရသမျှ မြသီကို ပြောပြလိုက်ချင်သည်။ သည်တော့လ
ဗေဒါက မြသီကို လှမ်း၍ ခေါ်လိုက်သည်။

"မြသီရေ. . . မြသီ"

"ဗေဒါလား. . . လာပြီဟေ့ လာပြီ အကျီလဲနေတယ်. . ."

"နင် တနေ့ အလုပ်ဆင်းရဦးမလား"

"ဆင်းရမှာပေါ့တော် တော်ကြာ ကားလာခေါ်လိမ့်မယ်"

"ကားရော စနိုက်ပြီလား"

မြသီက အင်္ကျီ ကြယ်သီးများကို တပ်ရင်း အတွင်းမှ ထွက်လာသည်။

အပေါ် ကြယ်သီးနှစ်လုံးက မတပ်ရသေး၍ မြသီ၏ ဝင်းစိုနေသော ရင်သား အပေါ်ပိုင်းကလေးကို အတိုင်းသား မြင်နေရသည်။ မြသီ၏ တစ်ကိုယ်လုံး ကြော့နေအောင် ပြင်ထားသည်။ နားတွင် တပ်ဆင်ထားသော ပန်းပွင့်သဏ္ဌာန် နားပန်ကလေး အစုံမှာ ရွှေရောင် ဝင်းနေ၍ မြသီ၏ မျက်နှာကလေးမှာ ပို၍ လှပလာသည်ဟု ထင်ရသည်။

မြသီက ဗေဒါ့ အနားတွင် ဝင်၍ ထိုင်လိုက်သည်။

"ကား မရိုက်ရသေးပါဘူး ရိုဟာဇယ် လုပ်နေရသေးတယ်၊ ငါနဲ့ တွဲဖို့ နာမည်ကြီး မင်းသား တစ်ယောက် ငှားဖို့ စီစဉ်နေတုန်း"

"ရိုဟာဇယ်ကလည်း နေ့တိုင်းပဲ လုပ်ရတာပဲလား၊ တစ်နေ့လုံး လုပ်ရသလား"

"နေ့တိုင်းတော့ ဘယ်ဟုတ်မလဲဟဲ့. . . တစ်ခါတလေ အစ်ကိုအေးလွင် အားရင် တိုက်မှာစောင့်ပြီး လေပန်းကြတာပေါ့။ တစ်ခါတလေကျတော့လည်း ရုပ်ရှင်ခြံတွေကို လိုက်ပြီး ပြတယ်။ သူများတွေ ရိုက်တာ နာမည်ကြီး မင်းသမီးတွေ လုပ်ပုံကိုင်ပုံ ကြည့်ပြီး အတုခိုးရတာပေါ့။ မေသစ်တို့ မြင့်မြင့်ခင်တို့က သိပ်တော်တာပဲဟယ်။ လွမ်းခန်းရိုက်တာ ဂရေစလင် မထည့်ရဘူး။ တကယ် ငိုတာပဲ။ အစ်ကိုအေးလွင်က ငါ့ကို သူတို့လို တကယ် အငိုနိုင်းတယ်။ တစ်နေကုန် လုပ်ကြည့်တယ် မရပါဘူး၊ မျက်ရည် တစ်ပေါက်တောင် ထွက်လို့ မရဘူး"

ဗေဒါက သရော်ပြုံးကလေး ပြုံးလိုက်သည်။

"အေး နောက်တော့ နင် မျက်ရည်ကျလို့ ရမှာပေါ့။ လူ့ဘဝမှာ မျက်ရည်ကျစရာတွေ အများကြီး ရှိတယ်ဆိုတာ နင့်ကို အစ်ကိုအေးလွင်က သင်ပေးလိမ့်မယ်. . ."

ဗေဒါက သူ့အမိပွာယ်နှင့်သူ ပြောလိုက်သော်လည်း ဗေဒါ၏ ပြောသော စကားများကို မြသီက နားလည်ပုံမရချေ။ ထို့ကြောင့်လည်း ဗေဒါကို ကြောင်၍ ကြည့်နေသည်။

"နင် ပြောတာ ငါ နားမလည်ဘူး"

"အေး နောက်တော့ နားလည်ပါလိမ့်မယ် နင့်ကို မျက်ရည်ကျတတ်အောင် နင့်ဆရာက သင်ပေးပါလိမ့်မယ်။ နင် ကားရိုက်မှာ သေချာတယ်ပေါ့"

"သေချာလို့ ကြော်ငြာထားတာပေါ့ဟ၊ မင်းသား ငှားပြီးရင် ရိုက်မှာပဲ"

"နင် စကားမတည်ဘူး ဒီအတိုင်း ဆိုရင်တော့ တစ်နေ့ ဒုက္ခ ရောက် လိမ့်မယ်"

"ဘာလဲ ဘာတည်ရမှာလဲ. . . နင်က အမြဲတမ်း ဆရာ လုပ်ချင်တယ်"

မြသီက နှုတ်ခမ်းကလေး စူ၍ ရန်တွေ့လိုက်သည်။ ဗေဒါ ပြောမည့် စကားကိုလည်း မြသီက နားလည်ပြီး ဖြစ်သည်။ ဗေဒါကမူ မတုန်မလှုပ်ဖြ မြသီကိုသာ မျက်မှောင်ကုတ်၍ ကြည့်နေသည်။

"အစက နင် ဘယ်လို ပြောထားသလဲ၊ အလုပ်ဆင်းရင် ငါ့ကို ခေါ်မယ် ဆို၊ ငါ မလိုက်နိုင်ရင် နင့် အမေကို ခေါ်မယ်ဆို ခုတော့ နင်ပြောတာနဲ့ လုပ်တာ တခြားစီပဲ"

"မယုံရင်တော့ ဟုတ်တာပေ့ါ။ နင်က လူတွေကို အလွန် အထင်သေ ချင်တယ်။ အစ်ကိုအေးလွင်က နင် စွပ်စွဲသလို မဟုတ်ပါဘူး။ ငါ့အပေါ်မှ သိပ်ဂရုစိုက်တာပဲ၊ သဘောလည်း သိပ်ကောင်းတယ်"

မြသီက ကိုအေးလွင် ချီးကျူးခန်းကို ဖွင့်လိုက်မှ ဗေဒါက ပို၍ ဒေါ ဖြစ်မိသည်။ အမှန်တော့ သည်လူတွေကို မြသီ အထင်ကြီးနေခြင်းကပင်လျှ သူတို့ အလွှမ်းမိုးကို ခံနေရခြင်းပင် ဖြစ်သည်။ တစ်နည်းအားဖြင့် မြသီ အတွေ အန္တရာယ် ပိုကြီးလာသည်ဟု ထင်မိသည်။

"ဘာပဲဖြစ်ဖြစ် နင် စကားမတည်တာကို ငါ စိတ်ဆိုးတယ်။မိန်းကလေ ဆိုတာ ကိုယ့်ချစ်သူ တစ်ယောက် အပေါ်မှာ စကားတည်ရတယ်။ စကား မတည်တာဟာ သစ္စာမဲ့တာပဲ ပြီးတော့လည်း နင့် လူတွေကို နင် ယုံပေမဲ့ ငါ မယုံဘူး"

"နင် မယုံပေမဲ့ ငါယုံတယ် ဘာဖြစ်သလဲ၊ သူများကျတော့ နေ တကာ လိုက်ပြီး ပြောချင်တယ်၊ နင်ကတော့ရော စာလည်းမကျက်ဘူး၊ ကျော လည်း မှန်မှန် မတက်ဘူး၊ ကြမ်းပိုး လိုက်ထိုးနေရတာနဲ့ အချိန် ကုန်တာပဲ"

"ဒါ ငါ့ အကြောင်းနဲ့ ငါရှိတယ်၊ နင် ပြောစရာ မလိုဘူး"

"အေး ငါလည်း ငါ့အကြောင်းနဲ့ ငါရှိတယ်၊ နင် ပြောစရာ မလိုဘူး"

ဗေဒါသည် နေရာမှ ထလိုက်သည်။ မြသီကို တင်းမာသော မျက် ထားဖြင့် ကြည့်နေရင်း ဒံကို ကြိတ်ထားလိုက်သည်။ မြသီက အပြုံးပင် မျှ ချေ။ ခါတိုင်းလည်း မြသီသည် ဗေဒါကို အရွဲ့တိုက်၍ ပြောတတ်သည်။ ဗေဒါက ဖြူလျှင် မြသီက မည်းတတ်သည်။ တခြား ကိစ္စများတွင် ဗေဒါ သည်းခံနိုင်ခဲ့သော်လည်း ယခု ကိစ္စတွင် သည်းမခံနိုင်တော့ချေ။

"ဒါဟာ နောက်စရာ မဟုတ်ဘူး မြသီ၊ နင်နဲ့ ငါနဲ့ ပြဿနာပဲ။ နင် ဒီကောင်တွေနဲ့ အလုပ် လုပ်တာကို ငါ သဘောမတူဘူး။ ငါ သဘော မတူတာကို လုပ်မယ်ဆိုရင်တော့ နင်နဲ့ ငါနဲ့"

"ဘာလဲ နင်က ပြတ်ချင်သလား။ ပြတ်ချင်လည်း ပြတ်ပေါ့ ဗေဒါရယ်။ နင် ထင်သလို ငါ မဟုတ်ရင် ပြီးတာပဲ။ နင့်ကို ချစ်သလို ငါ ဝါသနာ ပါတာကို ငါ လုပ်ချင်တာပဲ"

ဗေဒါက မြသီ၏ နဖူးကလေးကို ဆွဲ၍ မော့လိုက်သည်။

"ဒီမှာ မြသီ ငါပြောနေတာ စေတနာနဲ့ ပြောတယ်ဆိုတာ နင် ခု နား မလည်ပေမဲ့ နောက် နားလည်လာလိမ့်မယ်။ နင် မင်းသမီးလည်း ဖြစ်မှာ မဟုတ်ဘူး။ ဒီလိုသာ သွားရင် တစ်နေ့ နင် နစ်လိမ့်မယ် ဒါပဲ ငါ ပြောချင်တယ်"

ဗေဒါ၏ စကားမဆုံးခင် အိမ်ရှေ့တွင် ကိုအေးလွင်၏ ကားကလေး ဆိုက်လိုက်ရင်း ဟွန်းသံ နှစ်ချက်လောက် ပေးလိုက်သည်။

"လာပြီ အစ်ကို"

မြသီက ပျာပျာသလဲ အိမ်တွင်းသို့ ဝင်သွားပြီးလျှင် လက်ဆွဲအိတ်ကို ဆွဲ၍ ထွက်လာသည်။ ဗေဒါက မျှော်လင့်ချက် မရှိတော့သော မျက်နှာဖြင့် မြသီကို ငေးစိုက်၍ ကြည့်လိုက်သည်။ ပြီးမှ နောက်ဆုံး တောင်းပန်သည့် အနေဖြင့် တောင်းပန်လိုက်သည်။

"နင် ဘယ်လို ဆုံးဖြတ်လဲ မြသီ"

"ငါ နင့်ကို ပြောပြီးပြီပဲ ထပ်ပြောစရာ မလိုဘူး"

မြသီသည် စကားမဆုံးခင် အောက်သို့ ဆင်းသွားတော့သည်။ အိမ်ရှေ့ အပေါက်ဝတွင် ဗေဒါ တစ်ယောက်တည်း ခေါင်းငိုက်စိုက်ဖြင့် ကျန်ရစ်ခဲ့လေသည်။ မြသီကား ဂျစ်ကားပေါ်တွင် ခပ်ကြော့ကြော့ ပါ၍သွားလေပြီ။

ဗေဒါသည် စိတ်ပျက် လက်ပျက်ဖြင့် အိမ်ဘက်သို့ ပြန်ခဲ့တော့သည်။ အမန်တော့လည်း အပြစ်မတင်သာချေ။ မြသီ၏ ဝါသနာကို ဗေဒါ အသိဆုံး ဖြစ်သည်။ ထို့ကြောင့်လည်း မင်းသမီး ဖြစ်တော့မည် ဆိုသည်နှင့် အလုပ်က ထွက်လိုက်သည်။ ဝါသနာအရ လုပ်ခြင်းဖြစ်၍ အပြစ်မဆိုသာသော်လည်း မြသီ ခြေလှမ်းမှားမည်ကို စိုးရိမ်မိသည်။ ကိုယ့်ချစ်သူ တစ်ယောက်ကို သူစိမ်း ယောကျ်ားတွေနှင့် တတွဲတွဲနေသည့် အဖြစ်ကိုတော့ မကြည့်နိုင်ချေ။ ပြီးတော့ တွဲနေသူများက ယုံကြည်ရသူများ ဖြစ်လျှင် တော်သေးသည်၊ ခွင့်လွှတ်

နိုင်သေးသည်။ ခုတော့ မြသိနှင့် တွဲနေသူများမှာ ရုပ်ရှင် အလုပ်ကို ဘန်းပြ
မိန်းကလေးများကို ဇော်ကားနေသူများ ဖြစ်သောကြောင့် ပေဒါက ဝို၍ စိုးရိမ်
မိသည်။ စိုးရိမ်သည့်အတိုင်း တားခဲ့၏။ ခုတော့ လုံးလုံး လက်လျှော့ခဲ့ချေပြီ
ဤသို့ လက်လျှော့လိုက်ရခြင်းပင်လျှင် ပေဒါအတွက် ချစ်သူ တစ်ယောက်
ဆုံးရှုံးခြင်း ဖြစ်ချင် ဖြစ်ပေလိမ့်မည်။

လမ်းထိပ်သို့ ရောက်လျှင် အမေထွေး အိမ်ဘက်ဆီမှ ဆူသံ ကြားရသည်
အဖေ့ အသံနှင့် အတွားအသံပင် ဖြစ်သည်။ ပေဒါက အိမ်ဆီသို့ ခပ်သုတ်သုတ်
လျှောက်ခဲ့သည်။

ဦးဘအေးသည် အိမ်ရှေ့မှ ဒေါသတကြီး ရန်တွေ့နေသည်။ တစ်ချက်
တစ်ချက် အိမ်တွင်းမှ အမေထွေး၏ အသံလည်း ကြားရသည်။

"ခင်ဗျား ထမင်းကို စားတဲ့အကောင် မဟုတ်ဘူး၊ ကိုယ့် ထမင်းကို
စားတာဗျ၊ ခင်ဗျား ဘာမှ ပြောစရာ မလိုဘူး"

"ဟဲ့-ငါ့မြေးကိုရိုက်လို့ ပြောတာ ကြီးကျယ်လိုက်တာ ကိုယ့်ထမင်း ကို
စားသတဲ့တော် ငါ ကျွေးထားတဲ့ ထမင်းတွေ နှင့် လည်ချောင်းထဲ ခြေမ
ကော်ထုတ်တောင် ရသေးတယ်။ နှလုံးကောင်း ဝမ်းဖောင်း တော်တော်ကြ
လာပြန်ပြီ ဆန်မရှိလို့ တော်တော်ကြာ ဆီ၊ တော်တော်ကြာ တစ်ကျပ်၊ တော်တော်
ကြာ နှစ်ကျပ်၊ ခေါင်းမွေး မပြောင်, ပြောင်အောင် နုတ်ပြီးမှ ခွေးစ
ပြောတယ်"

"ဒါက ခင်ဗျား မြေးတွေ ခင်ဗျား သဒ္ဓါလို့ ကျွေးတာ ဘာမှ ထည့်
ပြောနေစရာ မလိုဘူး၊ ခင်ဗျား ဂုဏ်ဖော်စရာ မလိုဘူး"

ပေဒါသည် အိမ်ထောင့် သစ်ပင်တွင် အသာကပ်၍ အရိပ်အခြေ
ကြည့်လိုက်သည်။ ဦးဘအေးက လမ်းလယ်ကောင်တွင် လျှောက်၍ ပြော
အိမ်အပေါက်ဝတွင် လာရပ်လိုက်နှင့် မပြန်သေးချေ။ အမေထွေးကမူ အိမ်
တန်းလျားတွင် ပြောင်းဖူးဖက်ကို ဖွာရင်း တတွတ်တွတ် ပြန်၍ ပြောနေသ

"ဟဲ့-ငါက သဒ္ဓါလို့ ကျွေးတာ မဟုတ်ဘူးဟဲ့၊ နင် အငတ်
ကျွေးရတာ"

"ခင်ဗျားကြီး ဇော်ကားလွန်းပြီနော်၊ သချိုင်းကို ခြေတစ်ဖက် လှမ်း
တာတောင် ဘုရား၊တရားကို သတိမရဘူး၊ သူများအတင်း လျှောက်ပြော
တာ သည်းခံနေလို့ အကောင်း မမှတ်နဲ့"

"အမယ် သည်းမခံတော့ နင်က ဘာလုပ်ချင်လဲ၊ ဒွေးပါးစပ်က နုတ်ထား ထွက်လို့ အရက်သမားကများ ဘုရားအကြောင်း တရားအကြောင်း ပြောသေးတယ်"

ဦးဘအေးသည် အိမ်တွင်းသို့ ဝင်၍သွားလေသည်။ ပေဒါက ဦးဘအေး နောက်သို့ လိုက်သွားရသည်။ ဦးဘအေးက အိမ်တွင်းမှ ပစ္စည်းများ ဆွဲယမ်း ပစ်နေတော့သည်၊ ပေဒါက ဦးဘအေး တစ်ကိုယ်လုံးကို နောက်မှ သိမ်း ဖက်၍ ဆွဲလိုက်သည်။

"အဖေ. . . တော်ပြီဗျ မလုပ်နဲ့လေ၊ လာ အိမ်သွားရ အောင်"

"လုပ်ပစေ-လုပ်ပစေ၊ စော်ကားနိုင်သမျှ စော်ကားပါဟဲ့ ဘအေးရဲ့ ငါ့ကို စော်ကားလွန်းလို့လည်း နင်လည်း လူမွေးလူတောင် မပြောင်တာ။ အရက်မူးပြီး ကြောင်မကို ရိုက်လို့ ငါ ပြောမိတာ။ အဲဒါ ငါ့ကိုပါ စော်ကားတယ် ကောင်းကြ သေးလား"

ဦးဘအေးသည် ဘာမျှ မပြောတော့ချေ၊ ပေဒါ ဆွဲခေါ်ရာသို့ လိုက်လာ တော့သည်။ သည်တော့မှလည်း အမေထွေးက ဒေါသူပုန်ထ၍ နေတော့သည်။ ပေဒါက အမေထွေးကို တောင်းပန်လိုက်သည်။

"အဘွားကလည်းဗျာ တော်ပါတော့"

"ဟဲ့ မတော်ဘူး၊ နင့်အဖေ စော်ကားတာကို ငါက ခံရမလား အရက် မူးပြီး လာ,လာပြီး စော်ကားတာ တစ်ရပ်လုံး သိတယ်"

ဦးဘအေးက ပြန်လှည့်မည် ပြုလိုက်သည်။ ပေဒါက ဦးဘအေးကို ဆွဲ၍ အိမ်ဆီသို့ အတင်း ဆွဲခေါ်သွားတော့သည်။

"ပြောမနေပါနဲ့ အဖေရာ တော်ပါတော့"

ဦးဘအေးသည် ဘာမျှ မပြောတော့ချေ။ ပေဒါ ခေါ်ရာသို့သာ လိုက် သွားလေသည်။ ဒေါ်အေးတင်က တန်းလျားပေါ်တွင် ဆောင့်ကြောင့် ထိုင်၍ ဆေးလိပ် သောက်နေရာမှ ပေဒါတို့ သားအဖကို မျက်စောင်းထိုး၍ ကြည့်လိုက် သည်။ ပြီးမှ နောက်ဖေး မီးဖိုချောင်သို့ ဝင်သွားသည်။

အိမ်ရောက်လျှင် ဦးဘအေးက တံခါးကြားမှ ပုလင်းကို ဆွဲထုတ်လိုက် သည်။ ပေဒါက ဖန်ခွက်ကို ဆေး၍ ရှေ့တွင် ချပေးလိုက်သည်။ နောက်ဖေး မှ ကြောင်မ၏ ငိုသံကို ခပ်သဲ့သဲ့ ကြားရသည်။ ဦးဘအေးသည် အရက်ကို သောက်လိုက်သည်။ သူ့ မျက်နှာမှာ အဆီများ ပြန်၍နေသည်။ ရင်ပြင်မှ

အနှိုးများ ငေါ်ထွက်နေသည်။ မုတ်ဆိတ် နှုတ်ခမ်းမွေးများမှာလည်း ရှည်လျားပြီ အရက် သောက်နေရင်းမှ အရိုးပြိုင်းပြိုင်း ထလျက်ရှိသော သူ့ရင်ပြင်ကို ပွတ်တတ်၏။ ကြွက်သိုက်ကဲ့သို့ ပွနေသော သူ့ခေါင်းကို ဖွတတ်သည်။ သူ့ လက်များသည် အမြဲတမ်း စက်ဆီများပေ၍ နေတတ်သည်။ အလုပ် မရှိလျှင် အိမ်တွင်ရှိသော ရေဒီယိုပျက်ကို ဆွတတ်သည်။ စက်ပစ္စည်း တစ်ခုခုကို ဖြုတ်လိုက် တပ်လိုက် လုပ်တတ်သည်။

ဗေဒါသည် တစ်လခန့် ကွဲနေသော သူ့အဖေတို့ ဂရုတစိုက် ကြည့်နေ မိသည်။ ခုတလော အဖေသည် ဝင်ငွေ မှန်နေဟန်တူ၏။ သို့ကြောင့် နေ့တိုင်း မူးနေသည်။ သူ့အဖေ အလုပ်အကိုင် နေရာကျလျှင် မူးသံ မှန်မှန် ကြားရသည်။ အလုပ်အကိုင် နေရာမကျလျှင် သောက်ဖို့ဝေး၍ ထမင်းချက်ရန်ပင် ချေးငှား ပေါင်နှံ၍ ဖန်တီးရသည်။ သူများတိုက်၍ မူးလျှင်လည်း ခါတိုင်းလို မဟုတ် တရားလွန် မူးတတ်သည်။

သူ့ အဖေကိုကြည့်ရင်း ဗေဒါ့ရင်ထဲတွင် တစ်မျိုးကြီး လှုပ်ရှားလာသည်။

"အေးတင် အမြည်းလေးဘာလေးမှ မရှိဘူးလား၊ မနက်က ကြက်သား ကျန်ပြီလား"

"ရှိပါတယ်. . . ပေးမလို့ပါ. . ."

ဗေဒါက နောက်ဖေး မီးဖိုချောင်ထဲသို့ ဝင်ခဲ့လေသည်။ ဒေါ်အေးတင် သည် ဦးဘအေးအတွက် ကြက်သားဟင်းကို ခပ်ထည့်လျက် အိမ်ရှေ့သို့ ယူ ထွက်သွားသည်။ ဗေဒါက ထမင်းအိုးများကို လှန်လှော၍ ရှာလိုက်သည်။

"ထမင်း ကျန်သေးလား အမေ"

"ကျန်တယ်ဟဲ့ ထမင်းအုပ်ထဲမှာ"

အိမ်တွင် ချက်ထားသော ဟင်းကို ကြည့်၍ ဗေဒါက ပြုံးလိုက်သည် အိမ်တွင် ဟင်းလေးမှန်မှန် ချက်ရတော့လည်း အမေ့မျက်နှာက ရွှင်ပျ၍ သည်။ ဈေးဖိုး မရှိလျှင် အမေသည် မျက်နှာ မကောင်းတော့ချေ။ သူ့အတွ အဆာခံနိုင်သော်လည်း ကလေးတွေအတွက် စိတ်မကောင်း ဖြစ်မိသည ယခုတော့ အဘွားနှင့် အဖေ ရန်ဖြစ်သည်ကိုပင် အမေက ဘာမှ မဖြစ်သ နေနိုင်သည်။

ခုလို အိမ်တွင် သာသာယာယာ တွေ့ရတော့လည်း ဝမ်းသာမိသ ဗေဒါက အိမ်ရှေ့ခန်းမှ ပြန်၍ ဝင်လာသော ဒေါ်အေးတင်ကို ကြည့်

ပြုံးလိုက်သည်။ ပေဒါ ပြုံးလိုက်သော အဓိပ္ပာယ်ကိုလည်း ဒေါ်အေးတင်က နားလည်ပြီး ဖြစ်သည်။

"နင်က ဘာပြုံးတာလဲ"

"ဪ. . . အမေတို့ ဖြိုးနေလို့ ပြုံးတာပါ။ အဖေ့ကိုတောင် အမြည်း ကောင်း ဘာတွေ ထည့်ပေးနေလို့"

"မဖြိုးပါဘူးဟယ်. . . နင့်အဖေ မြေနီကုန်းက အိမ်တစ်အိမ်မှာ သွားပြီး ဆောင်ပေးတာ ငွေ နှစ်ရာလောက် ရတယ်။ ဟိုက ဘယ်လောက် ရလဲတော့ မသိဘူး အိမ်ကို နှစ်ရာလောက် ပါလာတယ်၊ အဲဒါ အကြွေးလေးဘာလေး ဆပ်ပြီး ဆီလေးဆန်လေး ဝယ်ရတာပေါ့"

ဒေါ်အေးတင်က ပေဒါအတွက် ကြက်သားဖတ်များ ခပ်၍ ထည့်ပေး လိုက်သည်။ အိမ်မှာ ဟင်းကောင်း ချက်သော်လည်း ပေဒါက တစ်ဖတ် နှစ်ဖတ် ထက် ပို၍မစား၊ အငယ်တွေအတွက် အမြဲညာတတ်သည်။ ထို့ကြောင့် ဒေါ်အေးတင်က ထပ်၍ ထည့်ပေးလိုက်သည်။

"ကြောင်မကို ဖေဖေက ဘာလို့ ရိုက်တာလဲ"

"အရက်ဝယ်ခိုင်းတာ မရလို့ ဟိုကောင်မကလည်း လုပ်မပေးတာတော့ မဟုတ်ပါဘူး။ အဝတ်တွေ လျှော်နေရလို့ ရေချိုးပြီးမှ သွားမလို့ အဲဒါ မင်း အဖေက သူ့ကို ပမာမခန့် လုပ်တယ်ဆိုပြီး ရိုက်တာ။ အမေက ဝင်ဆွဲလို့ တော်သေးတာပါ ဆက်ပြီး ရန်ဖြစ်တာ"

"ဒီကောင်မလေးကလည်း ဒီလိုပဲ အဖေခိုင်းရင် ဘာလို့ ချက်ချင်း မလုပ်ပေးလဲ"

ဒေါ်အေးတင်က ပေဒါ့ အနားတွင် ထိုင်၍ ခပ်တိုးတိုး ပြောလိုက်သည်။

"အလကား မင်း အဖေက ပရိယာယ်လုပ်တာ၊ မင်း မရှိရင် ကြောင်မ ကို မကြည့်ချင်တော့တာပဲ။ မင်းက အမေတို့အိမ် ဆင်းနေတာကို သူ မကြိုက်ဘူး၊ မင်းကို သူ့ဆီပြန်နေစေချင်တယ်၊ သူ့ဟာသူလည်း မခေါ်ဘူး။ ဒီတော့ ကြောင်မ ရိုက်ရင် မင်းနဲ့ တည်ရမယ်ဆိုတာ သိလို့ တမင်ရိုက်တာ။ မင်း အဖေ ဉာဏ်တွေများ တယ်ကွာ၊ မင်းကို အသွားအိမ်မှာ မနေရဘူးတဲ့"

ပေဒါက သူ စားသော ပန်းကန်ကို ဆေး၍ မီးဖိုဘေးတွင် မှောက်၍ ထားလိုက်သည်။

"ပေဒါ လာဦး"

"ခင်ဗျာ လာပါပြီ"

ဦးဘအေးသည် တန်းလျားပေါ်တွင် လှဲ၍နေရာမှ ပေဒါကို တစ်ချက် မျက်လုံးလှန်၍ ကြည့်လိုက်သည်။

"မင်း အခု ဘယ်မှာနေလဲ"

"အဘွားအိမ်မှာ"

"မနေနဲ့ အောက်ကျတယ်၊ ခု ပစ္စည်းတွေ သွားယူ၊ မင်း အဘွား ပစ္စည်း မရှိတော့ တို့ကို အထင်သေးတယ်၊ သူ့ကို တို့က ဝိုင်းနှိပ်စက်တယ် ပြောတာ မကြားဘူးလား၊ သွား ပစ္စည်းတွေ ခုသွားယူ. . ."

ဒေါ်အေးတင် ပြောထား၍ သူ့အဖေ၏ အကြောင်းကို ပေဒါက သိထား ပြီး ဖြစ်သည်။ သို့ကြောင့်လည်း အဖေပြောသည့် အတိုင်း အဘွားအိမ် ပစ္စည်းများ သွား၍ သယ်လိုက်သည်။ ပေဒါက ပစ္စည်းတွေ သိမ်းနေစဉ် အဘ ထွေးက တတွတ်တွတ်နှင့် ဆူနေသေးသည်။

"ဪ နင်ကလည်း မနေတော့ဘူးပေါ့ နင့်အဖေဘက်ကပေါ့။သွား သွားကြ အကုန်တောင် သက်သာသေးတယ်။ နောက် ငါ့အိမ်ကို ဘယ်တော့ မလာနဲ့"

အမေထွေးကို ပေဒါက ဘာမှ ပြန်၍ မပြောချေ။ ပြောလျှင်လည် ဆုံးတော့မည် မဟုတ်ချေ။

ပေဒါသည် ပစ္စည်းများကို ယူ၍ သူနေရာဟောင်းသို့ ပြန်၍ ရွှေ့ခဲ့သ အပေါ် ထပ်ခိုးကလေးသည် ပေဒါ၏ အိပ်ခန်း စာကြည့်ခန်း ဖြစ်သည်။ ထပ်ခိုးကလေးသည် ပေဒါ၏ အိပ်ခန်း စာကြည့်ခန်း ဖြစ်သည်။ သူ အ ခိုးကလေးကို သပ်သပ်ရပ်ရပ် ရှင်းလိုက်သည်။ သူ၏ စာကြည့် စားပွဲက ဖြစ်သည့် ထင်းရှူးသေတ္တာကလေးကို အမှိုက်များ ဖုန်များခါ၍ စာအုပ် များကို စီ၍ တင်လိုက်သည်။ အိပ်ရာလိပ်ကို ဖြန့်၍ခင်းလိုက်သည်။ အဝ များကို စက္ကူဖြင့် ကပ်၍ ဖာထားသော စစ်ခြင်ထောင်စုပ်ကို ထောင်လိုက်

ပေဒါ့အတွက် ဤအခန်းကျဉ်းကလေးသည် ငရဲခန်းဆိုလည်း သည်၊ နတ်ပြည်ဆိုလည်း ဟုတ်သည်။ နေ့ခင်းတွင် ချွေးပေါက် ကျအောင် ပူတတ်သည်၊ ညဘက်တွင် လေကလေး ရမှအေးသည်၊ ပိတ်လျှင် အိပ်၍ပင် မရချေ။ လေကလည်း ဝင်စရာဆိုလို့ ဘေး တစ်ပေါက်သာ ရှိသည်၊ သို့သော် ပေဒါက သူ့ အခန်းကလေးကို သူ

သည်၊ တစ်ယောက်တည်း လွတ်လွတ်လပ်လပ် နေရသည်၊ စိတ်အေး သက်အေး ရှိသည်။

အားလုံး ရှင်းလင်းပြီးလျှင် အောက်ထပ်သို့ ဆင်းလာခဲ့သည်။ ဦးဘအေးဘ အရက်တစ်လုံးနှင့် တစိမ့်စိမ့် သောက်၍နေတော့သည်။ သူ့ ထုံးစံအတိုင်း အရက်ရှိန်ကလေးရမှ စကား ပြောတတ်လေသည်။

"မင်း ကျောင်းပြန်နေမယ် မဟုတ်လား"

"မသိသေးပါဘူး အဖေရာ"

"မသိသေးဘူး မဟုတ်ဘူး။ မင်း ကျောင်းပြန်နေရမယ်"

"ကျောင်းလခရော ဘာရော အားလုံး စရိတ် ဘယ်လောက်ကျမလဲ"

"ငါးဆယ်ကျော်လောက်တော့ ကျမယ်"

ဦးဘအေးသည် ပိုက်ဆံကို တွက်ကြည့်လိုက်သည်။ လက်ထဲတွင် ရှိသော ိုက်ဆံနှင့် နောက်ရမည့် ငွေကို တွက်ကြည့်သည်။ လက်ထဲရှိသည့် ငွေ ဆိုသည် ာလည်း မည်မျှ ကျန်မည်ဟု မမှန်းနိုင်ချေ။ သူ့ အိတ်ထဲတွင် ကပ်ထားသော ရက်ဖိုးငွေ နှစ်ဆယ်ခန့်သာ ကျန်သည်။ တစ်ရက်နှစ်ရက် အတွင်း အဆင်ပြေ ျင် ငွေ လေးငါးဆယ်လောက် ရစရာ အလုပ်တစ်ခု ရှိသည်။ အရက်ဖိုးနှင့် ောင်းစရိတ် ပေါင်းလိုက်လျှင် ရမည့်ငွေနှင့် လောက် မလောက် စိတ်တွက် ွက်၍ ကြည့်လိုက်သည်။ သို့သော် နောက်ဆုံး၌ ဦးဘအေးသည် ပေဒါ ောင်းစရိတ်အတွက် မရရအောင် ရှာမည်ဟု ဆုံးဖြတ်လိုက်သည်။

"အေး မင်းလိုချင်တဲ့ ရက်ကို ငါ ရှာပေးမယ်၊ မင်း ကျောင်းနေရမယ်၊ ည် မလုပ်ရဘူး။ ဒီအရွယ်မှာ အလုပ် လုပ်ရင် ငါ့လို သူများ ခေါ်ခိုင်းမှ ုပ်ပေးမှ စားရတဲ့ လူမျိုး ဖြစ်မှာပဲ"

ပေဒါသည် ဦးဘအေး၏ စကားကို နားထောင်ရင်း မိဘ၏ စေတနာ ားလည်မိကာ အသည်းဆိုင်တစ်ခုလုံး တဖျတ်ဖျတ် ခါ၍သွားလေသည်။ ဘစ်အိမ်ထောင်လုံး၏ ဘဝကို တွေးရင်း ရင်ထဲတွင် နာ၍လာမိသည်။ ကြီးကိုလည်း အလိုလို နာကြည်းလာမိသည်။ မည်သူ့ကို နာကြည်း ည် ဆိုသည်ကိုကား ပေဒါ ကိုယ်တိုင် အဖြေရှာ၍မရအောင် ရှိလေ ည်။

□

# ၈

ဗေဒါအတွက် ကျောင်းဝင်ကြေး ပေးရမည့် ရက်သည် နက်ဖြန် နောက်ဆုံး ဖြစ်သည်။ ဤသည်ကိုလည်း ဗေဒါသာမက ဦးဘအေး ကိုယ်တိုင်လည်း သိထားပြီး ဖြစ်သည်။ အစတော့ ဗေဒါက သူ့အဖေကို ဖွင့်၍ မပြောခဲ့ချေ။ ပြော၍ မပေးနိုင်လျှင် အဖေ စိတ်ဆင်းရဲမည်ကို စိုးရိမ်မိသည်။ ဦးဘအေး ကိုယ်တိုင်က ဘယ်နေ့ နောက်ဆုံး ပေးရမည်ကို အကြိမ်ကြိမ် မေး၍သာ ဖွင့်ပြော လိုက်ရသည်။ သို့ ဖွင့်ပြောပြီး သုံးလေးရက်အတွင်း အဖေ အမြဲ မူး၍ ပြန်လာ သည်ကို တွေ့ရတိုင်း ဗေဒါက စိတ်ဆင်းရဲမိသည်။

ကနေ့လည်း ဦးဘအေးသည် သုံးနာရီ မထိုးခင် မူး၍ ပြန်လာသည်။ ထုံးစံအတိုင်း အင်္ကျီချွတ်ဖြင့် လမ်းထဲတွင် ခေါက်တုံ့ခေါက်ပြန် လျှောက်သည်။ လူတွေ့တိုင်း အင်္ဂလိပ်လို နှုတ်ဆက်သည်။ စကားပြောမည့်သူ ရှိလျှင် ရပ်၍ ပြောသည်။ အဘွားအိမ်နားတွင် ရစ်သီရစ်သီ လုပ်နေသည်။ သို့ ရစ်သီ ရစ်သီ လုပ်နေခြင်းမှာလည်း အကြောင်းမဟုတ်၊ အဘွားက တစ်ခွန်း ပြောလျှင် အဘွား ကို ရန်ရှာရန်ဖြစ်သည်။ အဘွားက ဘာမှ မပြောလျှင် အိမ်ရှေ့မှ နေ၍ အဘွား ကြားအောင် စောင်းမြောင်း၍ ပြောတတ်သည်။

"ကျုပ်တို့က ဆင်းရဲသားပါခင်ဗျား၊ ဆင်းရဲသားပေမဲ့ အရက်တော့ မှန်မှန်သောက်နိုင်ပါတယ်။ သချိုင်း ခြေတစ်ဖက် နင်းနေတဲ့ ဘဝမှာ မစားရက် မသောက်ရက်၊ မလှူရက် မတန်းရက်နဲ့ လူပြည်မှာ ဒုက္ခခံပြီးလည်း မနေတ

ပါဘူး။ ရှိရင် စားမယ်၊ သောက်မယ်၊ လှူမယ် တမ်းမယ်။ ဒီတော့ စည်းစိမ်သုခပဲ၊ သူတော်ကောင်းတွေ ကိန်းအောင်း မွေ့လျော်ကြတဲ့ ဤ လမ်းမဟာကြီးမှာ တစ်ပြား နှစ်ပြား ခွာနေတဲ့ သူယုတ်မာတွေလည်း ရှိတာပဲ"

ပေဒါသည် အိမ်ရှေ့ မြောင်းဘေး သစ်တုံးပေါ်တွင် ထိုင်ရင်း သူ့အဖေကို စောင့်၍ ကြည့်နေမိသည်။ သူ့အဖေ ပြောသော စကားများကို နားထောင်ရင်း အလိုလို ဝမ်းနည်း၍နေသည်။

အစက ခု သုံးလေးရက်အတွင်း အဖေက အဘွားကို ရန်ဖြိုနေသည့် အကြောင်းနှင့် ပတ်သက်၍ လုံးဝ နားမလည်မိပေ။ အဖေ့ကိုပင် အပြစ်တင်မိသည်။ နောက် အမေက ရှင်းပြမှ အဖေ့ကို အပြစ် တင်မိသည့်အတွက်ပင် နောင်တကြီးစွာ ရမိသည်။

အမေသည် အဘွားထံမှ ငွေတစ်ရာ ခဏလှည့်ရန် တောင်းသည်။ ငွေ တစ်ရာ လှည့်ရခြင်းမှာ သူ့ကျောင်းစရိတ်အတွက် ဖြစ်သည်။ သို့သော် အဘွားက အဖေ့ကို မယုံ၊ နောက်ဆုံး ငါးဆယ် ချေးသည်ကိုပင် မရချေ။ ထို့ကြောင့်လည်း အဖေက အဘွားကို မကျေနပ်တိုင်း မူး၍ ရန်ရှာတော့သည်။ အဖေ၏ အဖြစ်မှန်ကို သိထားသောကြောင့်လည်း ပေဒါက သူ့အဖေ မူးနေသည်ကို ခါတိုင်းလို အထင်မသေးတော့ချေ။ အဖေကိုပင် ပို၍ သနားမိသည်။

ပေဒါသည် သစ်တုံးပေါ်တွင် ထိုင်၍ မှိုင်နေမိသည်။ တစ်ဖက် လမ်းထိပ်တွင် ငြိမ်းသည် ပိုးထီးကလေးကို ပခုံးပေါ်တင်၍ လှည့်ရင်း တအိအိ လျှောက်၍ လာသည်။ ပေဒါက ငြိမ်းကို မြင်လိုက်သဖြင့် မလုံမလဲ ဖြစ်မိသည်။ လမ်းထဲတွင် အဖေ မူးနေသည်ကို မြင်လျှင် ရှက်မိသည်။ အထူးသဖြင့် အသိမိတ်ဆွေများနှင့် မိန်းကလေးများ ရှေ့တွင် အဖေ လွတ်နေလျှင် ပို၍ ရှက်မိသည်။

ငြိမ်းက ပေဒါကို ပြုံး၍ နှုတ်ဆက်လိုက်သည်။

"တနေ့ ဘယ်မှ မသွားဘူးလား ပေဒါ"

"မသွားဘူး မငြိမ်း"

ငြိမ်းက မလှမ်းမကမ်းတွင် ရှိနေသော ဦးဘအေးကို လှမ်း၍ ကြည့်ရင်း ပြုံးလိုက်သည်။

"မင်း အဖေလည်း ရေချိန်ကိုက်နေပြီနဲ့တူတယ်"

အဖေ မူးနေသည် မှန်သော်လည်း ပေဒါက အမှန်အတိုင်း မဖြေရက်

"မဟုတ်ပါဘူး မမငြိမ်းရဲ့ အဘွားနဲ့ စိတ်ဆိုးလို့ပါ"

ဗေဒါက ခေါင်းငုံ့၍ ဖြေလိုက်သည်။

အဖေက ငြိမ်းကို အင်္ဂလိပ်လို လှမ်း၍ နှုတ်ဆက်လိုက်သည်။

"ဟဲလို ဒေါ်ခင်ငြိမ်းခင်ဗျာ ဂွတ် အီးဗနင်းမ(က်)ဒမ်။

ငြိမ်းက ဦးဘအေးကို အလိုက်သင့် ပြန်၍ နှုတ်ဆက်လိုက်ပြီးလျှ

အိမ်ထဲသို့ ဝင်သွားလေသည်။ သည်တော့မှလည်း ဦးဘအေးက အိမ်ဘက်

ပြန်၍ လျှောက်လာသည်။

အိမ်ရောက်တော့လည်း ဒေါ်အေးတင်ကို ရန်ရှာပြန်သည်။ ဗေဒါ

မကြားဟန် ပြု၍နေသည်။

"နင့်မှာ ငွေ နှစ်ကျပ်လောက်ရှိရင် ငါ့ကို ချေးကွာ မနက် ပြန်ပေးမယ်

"ငါ့ပြားတောင် မရှိဘူး ကိုဘအေးရေ ဟင်းချက်စရာတောင် မရှိ

ကြောင်မကို အကြွေးဝယ်ခိုင်းရတယ်"

"ငါ့ လုံချည် တစ်ထည် ရှိတယ်မဟုတ်လား။ အဲဒါ သွားပေါင်၊ ကြော

ဘယ်သွားသလဲ ကြောင်မကို သွား အပေါင်ခိုင်း. . ."

"ရှင့်လုံချည် ဒေါ်ဖွားတင့်တို့ အိမ်ရောက်တာ ဘယ်နှလ ရှိပြီလဲ၊ ပိုက်

လေး ရလာလျှင် ရွေးမယ်တော့ စိတ်မကူးဘူး ဒီ အရေတွေ သောက် သော

ပစ်တာပဲ. . ."

"ဟယ်. . . နင် နားမလည်ပါဘူး။ ငါ သောက်တာ အမိဃ္ဃာယ် ရှိတ

အမိဃ္ဃာယ်ဆိုတာ နင် နားလည်ရဲ့လား။ ဗေဒါရော မင်း နားလည် လား. .

"မသိပါဘူး အဖေရော. . ."

ဗေဒါက စိတ်ပျက်လက်ပျက်ဖြင့် ပြောလိုက်သည်။ ဦးဘအေးက

ရင်ပြင်ကို ပွတ်လိုက်ရင်း ခေါင်း တညိတ်ညိတ်ဖြင့် ပြုံးလိုက်သည်။

"ဒါကြောင့် မင်း မက်ထရစ်ကျတာ။ အမိဃ္ဃာယ်ဆိုတာ အဋ္ဌပိတ် ဆို

ပါဠိစကားက လာတာ။ အဲဒီကနေ အထဲပိတ်ဆိုတဲ့ စကားကို ရွေ့

လာတယ်။ အထဲပိတ်ဆိုတာ အထဲမှာ ပိတ်ထားတာ၊ ပိတ်ထားရင် ဘာရှိ

မသိတော့ဘူး မဟုတ်လား၊ ဖွင့်ပြမှ သိရမှာပေါ့၊ အဲ-အမိဃ္ဃာယ်ဆိုတာ

အထဲပိတ်ဆိုတဲ့ ပါဠိပျက်ကလာတာ၊ အဲဒီ ပါဠိပျက် အဒယ်ပိတ်ဆို

ပြောင်းလာတယ်။ အဒယ်ပိတ်ကနေ အမိဃ္ဃာယ်ကို ပြောင်းပြန်ရော၊ ဒီ

အမိဃ္ဃာယ်ဆိုတာ နင်တို့ နားမလည်ပါဘူး။ ငါ သောက်တဲ့ အမိဃ္ဃာယ်က

အထဲမှာပဲ ပိတ်ထားတယ်၊ နင်တို့ တစ်ယောက်မှ မသိဘူး၊ ဗေဒါရော မှတ်ထား ကြားလား"

ဗေဒါသည် စိတ်ပျက်လက်ပျက်ဖြင့် အိမ်မှ ထွက်ခဲ့သည်။ ငြိမ်းတို့ အိမ်သို့ ရောက်ပြန်တော့လည်း တစ်ယောက်တည်းသာ အရုပ် စာအုပ်ကို ဆွဲလှန်နေမိသည်။ ဦးဘအေး ပြောသော အစီပွာယ်ကိုလည်း ဗေဒါက နားလည် သိုက်မိသည်။ အဖေက သူ့ရင်ထဲတွင် ပိတ်ထားသော်လည်း အမေ့ ရင်ထဲတွင် ချေသို့ ခံစားနေရသည်ကို ဗေဒါ နားလည်ထားလေပြီ။ ထို့ကြောင့်လည်း ပို၍ စိတ်ဆင်းရဲမိသည်။

ငြိမ်းက ဗေဒါနားတွင် ဝင်၍ ထိုင်လိုက်ပြီး ဗေဒါကို အကဲခတ်လိုက် သည်။

"ဟဲ့ ကောင်လေး နင် ဘာဖြစ်နေတာလဲ"

"ဘာမှ မဖြစ်ပါဘူး မမရာ"

ဗေဒါက လိမ်၍ ဖြေလိုက်သော်လည်း ညှိုးနွမ်းနေသော ဗေဒါ၏ မျက်နှာကို ကြည့်၍ တစ်ခုခု စိတ်ညစ်နေကြောင်း ရိပ်မိသည်။ ဗေဒါ၏ မျက်နှာ သည် ကလေးရိုပ် ကလေးဟန် မကုန်သေးသဖြင့် ပန်းကလေးကဲ့သို့ ရှိလေ သည်။ ညှိုးလျှင် ညှိုးမှန်း လန်းလျှင် လန်းမှန်း သိသာလှသည်။ ထို့ကြောင့်လည်း ဗေဒါမျက်နှာ ညှိုးငယ်နေသည်ကို ငြိမ်းက ရိပ်မိခြင်းဖြစ်သည်။

"ငါ့ကို မညာနဲ့နော် ဗေဒါ၊ လိမ်တာကို ငါ မကြိုက်ဘူးလို့ ပြောထား သယ် မဟုတ်လား"

"အဟုတ်ပါ မမရဲ့၊ ကျွန်တော် မလိမ်ပါဘူး ခေါင်းကိုက်လို့ပါ"

"အမှန်အတိုင်း ပြောစမ်း. . . နင် ဘာဖြစ်လဲ အဖေနဲ့ ရန်ဖြစ်လာလား၊ နင့်အဖေ မူးနေလို့ စိတ်ညစ်တာလား၊ နင့် အဖေကလည်း လွန်တယ်၊ မိုး မလင်း သင်ဘ မူးနေတာပဲ။ ဘာပဲဖြစ်ဖြစ်လေ ကိုယ်က သားဆိုတော့ ရှောင်သာနေ၊ အဖေ မိဘကို ပြန်ပြီး ပြောမိဆိုမိတော့ ကိုယ်ပဲ အပြစ်လေးနေမယ်. . . "

ငြိမ်းက စေတနာနှင့် ပြောလိုက်သော်လည်း အဖေ့ကို ထိ၍ ဗေဒါက နုံနှင့်စိတ်ကလေးများ ကြွ၍လာသည်။ ထို့ကြောင့်လည်း သူ့ အဖေကို သူ ကာကွယ်လိုက်သည်။

"အဖေ သောက်တာကိုတော့ အပြစ် မပြောပါနဲ့ မမရယ်၊ အဖေ သောက်တာတာ အပြစ် မဆိုသင့်ပါဘူး"

"အမယ် လိုက်လည်းလိုက်တဲ့ သားအဖပဲ။ အရက် သောက်တာမျှား အပြစ်မရှိဘူးတဲ့။ ဘာလို့ မရှိရမှာလဲ၊ အိမ်မှာတော့ စားစရာ မရှိဘူး၊ သူကတော့ တစ်နေ့လုံး မူးမူးနေတယ်။ ကိုယ့်သားတွေ ကိုယ့်သမီးတွေ ငတ်နေတာတော့ ကြည့်နေတယ်။ နင့် အဖေကိုကြည့်ပြီး ငါတောင် ယောကျ်ား ယူရမှာမျှား ကြောက် ကြောက်လာတယ်"

"ခင်ဗျား ဒီလို မစော်ကားနဲ့၊ လူတစ်ယောက်ရဲ့ အတွင်းရေး လူ တစ်ယောက်ရဲ့ ဒုက္ခကို မသိဘဲ အထင် မသေးပါနဲ့၊ အဖေ အခု သိပ်သောက် ပြီး မူးနေတာ ကျွန်တော့်ကြောင့်ဗျ၊ ကျွန်တော် ကျောင်းစရိတ် ပေးဖို့ ရှာမ စိတ်ညစ်ပြီး သောက်နေတာ သိလား။ မရှိဆင်းရဲတဲ့ လူတွေဆိုရင် မမတို့ သိပ် အထင်သေးတာပဲနော်။ မမတို့အိမ်က ဖဲဝိုင်းမှာ အကောင်းစား အရက် သောက်ပြီး တစ်ရာ နှစ်ရာကြေး ကစားတဲ့ လူကြီးလူကောင်းတွေကျတော့ ဒီ မပြောဘူး။ ကျွန်တော့် အဖေလို လူမွဲတစ်ယောက်ကျတော့ ပြောရက်တယ်"

ဗေဒါက အက်ကွဲသော အသံဖြင့် သူ့ရင်ထဲတွင် ခံစားမိသမျှ လှိုက်လှိုက် လှဲလှဲ ပြောချလိုက်သောအခါ ငြိမ်း၏ ရင်ထဲတွင် နင့်၍သွားသည်။ အမှန်တော ဗေဒါသည် ငြိမ်းကို လေသံ မာမာဖြင့်ပင်လျှင် တစ်ခါမျှ ပြန်၍ မပြောဘူးချေ သူ့ အဖေအတွက် သူ့ ရင်ထဲတွင် နာကြည်းလွန်း၍သာ ခုလို ပြန်၍ပြောခြ ဖြစ်သည်ကိုလည်း ငြိမ်းက နားလည်မိသည်။ ထို့ ကြောင့်လည်း ငြိမ်းက ဗေဒါ စိတ်မဆိုးရက်နိုင်အောင် ရှိတော့သည်။ သူ ပြောလိုက်သော စကားအတွေ ဗေဒါ့ကိုပင် သနားမိလေသည်။

ငြိမ်းသည် ဗေဒါကို. . . ဆို့နစ်သော မျက်လုံးများဖြင့် ကြည့်လိုက်မ ဗေဒါ၏ နီကြောင်ကြောင် စုတ်ဖွားဖွား ဆံပင်များကို တယုတယ သပ်၍ လိုက်သည်။

"မငြိမ်းက ဒီအကြောင်းတွေ မသိလို့ ပြောခဲ့တာပါ ငါ့ မောင်ရဲ မငြိမ်း ပြောလိုက်တဲ့ စကားအတွက် မင်း ရင်ထဲမှာ ဘယ်လောက် နာ မယ်ဆိုတာ မငြိမ်း စဉ်းစားမိပါတယ်။ မငြိမ်း ခုလို ပြောလိုက်မိတဲ့အတွ မငြိမ်းလည်း စိတ်မကောင်းပါဘူး။ မမစကားကို ပြန်ပြီး ရုပ်သိမ်းပါတယ်ကွ ပြီးတော့လည်း မင်း ကျောင်းစရိတ်အတွက် မမ ကူညီပါရစေ။ မမ စေတန ယုံရင် လက်ခံနော်"

ငြိမ်းက တုန်ယင်လှိုက်လှဲသော အသံဖြင့် သူ့ စေတနာကို ဖွင့်ဟ လိုက်သည်။ ပေဒါက သူ့ မျက်နှာကို လက်ဝါးဖြင့် အုပ်၍ ဒူးနှင့် အပ်၍ ထားလိုက်ရင်း ခေါင်းကို တွင်တွင်ကြီး ယမ်းလိုက်သည်။

"ကျွန်တော် မလိုချင်ဘူး၊ မမ စေတနာကို ယုံပေမဲ့ ကျွန်တော် မယူဘူး၊ ယူလည်း မယူသင့်ဘူး၊ ကိုယ့်ဘဝကို ကိုယ် ဖန်တီးရမှာပဲ၊ စေတနာကို ဘယ်လောက်ပဲ ယုံကြည်ပေမဲ့ ဒါမျိုးကိုတော့ လက်မခံသင့်ဘူး၊ ကျွန်တော် ယူပါရစေနဲ့"

ပေဒါက ငြင်းလိုက်သည့်အတွက် ငြိမ်းမှာ ပို၍ စိတ်မကောင်း ဖြစ်မိသည်၊ ပေဒါကို ငြိမ်းက မောင်ငယ် အရင်းတစ်ယောက်လို ခင်မင်ခဲ့သည်။ ပေဒါ ကျောင်းမှန်မှန် မတက်၊ စာမေးပွဲ ခဏခဏ ရှုံးသည်ကို ငြိမ်းက တရုဏာ ဒေါသဖြင့် ပြစ်တင် ပြောပြတတ်သော်လည်း ပေဒါ့အပေါ်တွင် စေတနာ အမြဲတမ်း ဖြူစင်ခဲ့သည်၊ ငြိမ်းတို့ တစ်အိမ်လုံးကပင် ပေဒါကို ဆွေမျိုး အရင်း အချာ တစ်ယောက်လို ခင်မင်ကြသည်။ သုံးစရာမရှိလျှင် အမြဲတမ်း ပေးလေ့ ရှိသည်၊ စေတနာ သန့်သန့်ဖြင့် ပေးသော်လည်း ပေဒါက ယူလေ့မရှိ၊ အတင်း ပေးမှ တစ်ကျပ် နှစ်ကျပ်သာ ယူတတ်သည်၊

ခုလည်း ပေဒါက ငြင်းသဖြင့် ငြိမ်းမှာ စိတ်မကောင်း ဖြစ်ရသည်၊ငြိမ်း အနေဖြင့် ပေဒါ့အတွက် ငါးဆယ် တစ်ရာသည် အကြောင်းမဟုတ်၊ ပေဒါ ကျောင်းနေဖြစ်သည်ကိုပင် ဝမ်းသာရသည်။

"ယူပါ ငါ့မောင်ရယ် ဒီငွေလောက်က ဘာမှ အရာမရောက်ပါဘူး၊ မင်း ကျောင်းနေဖြစ်တယ်ဆိုရင်ပဲ မမငြိမ်း ဝမ်းသာလှပါပြီ"

"မနေရလည်း အရေးမကြီးပါဘူး၊ ကျွန်တော့်ဘာသာ စာကျက်ပြီး ဖြေမယ်၊ မသိတာရှိရင် မမငြိမ်းကို လာမေးရုံပေါ့။ မနေသင့် မနေထိုက်လို့ နေရတာကို ကျွန်တော် ဝမ်းမနည်းပါဘူး မမငြိမ်းရယ်၊ ကိုယ့်ဘဝနဲ့ကိုယ် နေ့လို့ မနေရတာကို သူများဆီက ငွေယူပြီး နေရမယ်ဆိုတာ သဘာဝ မကျပါ ဘူး၊ မမငြိမ်းကိုတော့ ကျေးဇူးတင်ပါတယ်။ ကဲ ကျွန်တော် သွားတော့မယ်"

ပေဒါက ပြောပြောဆိုဆို နေရာမှ ထ၍ အပေါက်ဝဆီသို့ တစ်လှမ်းချင်း လျှောက်သွားသည်။ ငြိမ်းက ပေဒါကို နောက်မှ လိုက်ခေါ်သည်။

"ဟဲ့ နေပါဦးလေ ပေဒါ၊ ယူသွားပါကွယ် မင်း မလိုချင်ရင် နောက် မှတော့ ပြန်ပေးပါ"

ပေဒါသည် ငြိမ်းကိုပင် ပြန်၍ မကြည့်တော့ချေ။ အိမ်တွင်းမှ ထွက်သွားတော့သည်။ ငြိမ်းက တံခါးပေါင်ကိုမှီ၍ ပေဒါကို ကရုဏာ အပြည့် လျှမ်းသော မျက်လုံးများဖြင့် ကြည့်ရင်း ကျန်ရစ်ခဲ့လေသည်။

ပေဒါသည် အိမ်သို့ မဝင်ဘဲ လက်ဖက်ရည်ဆိုင်ဘက်သို့ ထွက်ခဲ့သည်။ လက်ဖက်ရည်ဆိုင်တွင် လှမြင့်နှင့် လူတစ်ယောက် ထိုင်နေသည်ကို တွေ့ရသည်။ ပေဒါ့ကို မြင်လျှင် လှမြင့်သည် ဝမ်းသာအားရ လှမ်း၍ နှုတ်ဆက်လိုက်သည်။

"ရှာလိုက်ရတာကွာ ခုပဲ ငါ အိမ်ကပြန်လာတာ၊ မြသီတို့ဆီတော ရောက်သေးတယ်။ မြသီက ငါ့ကို ဘု မှုတ်လွှတ်တယ်၊ ပေဒါ တွေ့ချင်ရ ပေဒါ့အိမ် သွားမေးတဲ့၊ ဒါ ပေဒါ့အိမ် မဟုတ်ဘူးတဲ့ဆရာ၊ ဒီကောင်မ မင်းသမီး မဖြစ်သေးဘူး လေက မိုက်လာပြီ။ ကဲ ဘာမှ ပြောမနေနဲ့ ဟောဒီ မင်း သိမှာမပေါ့ကွ။ အမျိုးသား လွတ်လပ်ရေးအဖွဲ့က အတွင်းရေးမှ ဦးဘကျော်ကွာ၊ တို့တောင် တစ်ခါ ရုပ်ရှင် ပြဖူးသေးတယ်။ အဲဒါ သူတို့ ရုပ်ရှ ထဲမှာ ကနေ့ည ရုပ်ရှင် ပြချင်လို့တဲ့။ ခုနစ်နာရီ အမီ ပြချင်လို့ အဲဒါ စီ ပေတော့ စရိတ်ငြိမ်း တစ်ရာ့ငါးဆယ် ပေးမတဲ့"

ပေဒါသည် ထ၍ ခုန်ချင်လောက်အောင် ဝမ်းသာ၍သွားသည် ချည့်သည် ရွှေမှီသာ မနည်း ကြွမြွေဆည်၍ ထားရသည်။ သို့သော် အချိန် ကပ်လွန်းသည်။ တစ်ရက်နှစ်ရက် ကြိုတင် စီစဉ်ရလျှင် အာမခံရဲသည်။ခုတေ ကပ်၍ လုပ်ရသဖြင့် အသေအချာ အာမ မခံရဲချေ။

"ကျွန်တော် ကြိုးစားပါမယ်။ မနက်က သိရရင် ကောင်းမှာ ခုတေ စက်ရော ကားထုပ်ရော ရှာရမှာ မလွယ်ဘူး။ လမ်းစရိတ်တော့ ဦးတို့က ခံပေ တယ်၊ ကျွန်တော်တို့က ဘိုင်၊ တက္ကစီ ငှားသွားရမှာ. . ."

ပေဒါက ခပ်ရိုးရိုးပင် ပြောလိုက်သည်။ ဦးဘကျော်က ပေဒါ၏ ပြောင်ပြောင် ပြောလိုက်ပုံကို ကျေနပ်စွာ ပြုံးလိုက်သည်။ ပြီးမှ အိတ်ထဲ ဆယ်တန် တစ်ရွက်ကိုထုတ်၍ ပေဒါ့လက်သို့ လှမ်း၍ ပေးလိုက်သည်။

ကဲ တစ်ဆယ်ယူသွား ဒါက ကျုပ် အိတ်ထဲက စိုက်ပေးတာပါ၊ တစ်ရာ့ငါးဆယ်ကတော့ ပြောထားတဲ့အတိုင်း ပြပြီးယူပေါ့။ ကဲ ပြန်ဦးမ စိတ်ချပါရစေကွာ၊ အရပ်ထဲမှာ ကြေညာထားပြီးသားမို့ မပြဖြစ်ရင် အ နေရမှာ. . ."

"စိတ်ချပါဦး ကျွန်တော် မဖြစ် ဖြစ်အောင် ကြိုးစားပါ့မယ်"

ဦးဘကျော် ထွက်သွားသောအခါ ပေဒါက လက်ထဲမှ ဆယ်တန်ကို ထောင့်တန်းခေါက်လိုက်ပြီးလျှင် မေးဖျားကို ပွတ်လိုက်သည်။ လှမြင့်က ပေဒါ၏ အမူအရာကို ကြည့်ရင်း ပြုံးလိုက်သည်။

“ဟေ့ ငါလည်း ဆိုင်တယ်ကွ”

“ခါတိုင်းလိုပေါ့ကွာ မင်းကလည်း၊ ကဲ တို့ ကားငှားရအောင် ဘယ်သူ့ ကား ငှားမလဲ. . .”

“လန်ဘား ကျော်မြင့်ကြီးကွာ သူ့ အဖေ သုံးဘီးကို သူကိုယ်တိုင် မောင်းနေတာ နှစ်ရက်ရှိပြီ. . .”

“အေး ဟုတ်သားပဲ လာ သွားကြရအောင်”

ပေဒါသည် ရှင်လန်း ပေါ့ပါးစွာဖြင့် ကျော်မြင့်ကြီးတို့ ကားဂိတ်ဆီသို့ ပျောက်ခဲ့သည်။ အခန့်သင့်ပင် သုံးဘီးကား နောက်ပိုင်းတွင် စာအုပ် တစ်အုပ် [illegible] လှဲ၍နေသော ကျော်မြင့်ကြီးကို တွေ့ရသည်။ လန်ဘားကျော်မြင့်ကြီးကား [illegible]ည်နှင့်လိုက်အောင် အရပ်ရှည်လှသည်။ သူ၏ ရှည်လျားသော ခြေထောက် [illegible]သည် သုံးဘီးကား နောက်သို့ ထွက်၍ နေတော့သည်။ ကျော်မြင့်ကြီးက [illegible]နှင့် လှမြင့်ကို လှည့်၍ ကြည့်ရင်း မျက်နှာအိုအိုဖြင့် ညည်းလိုက်သည်။

“ဟေ့ကောင်တွေ ကနေ့ အခြေအနေ မကောင်းဘူးနော်၊ စားရမယ့် [illegible] မလာသေးဘူး၊ ခတ်မယ့် ကျွဲတွေပဲ လာနေတယ်. . . ညည်းမယ်တော့ [illegible]”

ဘိုင်ကျလျှင် ညည်းနေကျ ဖြစ်၍မို့ ကျော်မြင့်ကြီးက ဆီး၍ နောက် [illegible]ခြင်း ဖြစ်သည်။ လှမြင့်က ကျော်မြင့်ကြီးကို ပခုံးကဆွဲ၍ ထူလိုက်သည်။

“ကဲပါ ထပါ ပေဒါ လက်ထဲမှာကြည့် ဖြိုးလာတာ ကနေ့ည ရုပ်ရှင် [illegible] တစ်ချောင်းဆယ်နဲ့ လက်ခံပြီးပြီ။ အဲဒါ စက် သွားရှာမလို့၊ ဝက်လောက် [illegible]မနေနဲ့ ဘယ်လောက် အားရှိတယ် မှတ်လဲ သစ်ဆွဲနိုင်တယ် နားလည် [illegible]မှာ မမြင်ဘူးလား ဆင်လာတယ်နော် ညကျရင် ဒေါင်းပါ လာဦးမှာ”

ကျော်မြင့်ကြီးက ပေဒါ့လက်ထဲမှ ဆယ်တန်ကို ကြည့်လိုက်ပြီး ခုန်၍ [illegible]သည်။ ပြီးမှ ကားရှေ့ခန်းသို့ ဝင်၍ ထိုင်လိုက်သည်။ ပေဒါနှင့် လှမြင့်က [illegible] ဆက်လိုက်သည်။

“[illegible] ဘယ်သွားမလဲဟေ့”

“ကြည့်မြင်တိုင် ဈေးကြီးလမ်း သွားဗျာ”

ကျော်မြင့်ကြီးက ကားကို စက်နှိုး၍ ခပ်မှန်မှန် မောင်းလိုက်သည်။ ကားပေါ်တွင် ဗေဒါသည် သူ့ အစီအစဉ်အတွက် စဉ်းစားရင်း လိုက်လာသည်။ ပထမဆုံး ဦးထွန်းမြင့်ထံသို့ သွား၍ စက်ငှားမည်။ အဆင်သင့်လျှင် ကားထုပ်ပါ ရမည်။ ဦးထွန်းမြင့်မှာ သံရုံးပြန်ကြားရေး ဌာနမှ တာဝန်ခံ တစ်ယောက် ဖြစ်သည်။ သံရုံးမှ ရုပ်ရှင်ကားများ ပြသရေးအတွက် တာဝန်ခံလည်း ဖြစ်သည်။ အဆင်သင့်လျှင် သူ့ အိမ်၌ ပြစက်နှစ်လုံး သုံးလုံးနှင့် ဇာတ်ကား လေးငါးထုပ် ရှိသည်။ ဗေဒါ သွားယူလျှင် အချိန်မရွေး ရသည်။ ဦးထွန်းမြင့်ကလည်း သူ့ ပြစက်ဆရာများ အလုပ် မဆင်းနိုင်လျှင် ဗေဒါကို ခေါ်၍ ခိုင်းတတ်သည်။ မုန့်ဖိုး ငါးကျပ် တစ်ဆယ် ပေးသည့်အခါ ပေးသည်။ မပေးလျှင်လည်း ဗေဒါ ကျေနပ်ပြီး ဖြစ်သည်။ ခုလို စားပေါက်ကလေး တွေ့သည့်အခါ ဦးထွန်းမြင့်ဆီ အကူအညီ ယူရသည် မဟုတ်လော။

ဦးထွန်းမြင့် အိမ်ရှေ့သို့ ကားရပ်လျှင် ဗေဒါက ခပ်သုတ်သုတ် ဆင်း အိမ်ပေါ်သို့ တက်သွားသည်။ ဦးထွန်းမြင့်က ဗေဒါကို မြင်လျှင် လာရင်းကိစ္စ နားလည်ထားပြီး ဖြစ်သည်။

"ဘာလဲကွ စက်လား၊ ကားထုပ်လား။ စက်တော့ မရှိဘူး။ ရှိတာ လည်း ပျက်နေတယ် ကားထုပ်တော့ နှစ်ထုပ်ရှိတယ် လိုချင်ရင် တစ်ညဆေ ရမယ်"

ဗေဒါက စိတ်ပျက်ဟန်ဖြင့် ဧည့်ခန်းထောင့်တွင် ရှိသော စက်အပ ကို လှမ်း၍ ကြည့်လိုက်မိသည်။

"စက်မရလည်း ကားထုပ်ပဲ ယူသွားမယ် ဦးလေး။ ပြစက်တော ဘယ်မှာ ရှာရမယ် မသိဘူး"

ကားထုပ်က ရပြန်တော့လည်း စက်အတွက်က ပူရသေးသည်။ မရ၍ မပြဖြစ်လျှင် အကွက်ကောင်း တစ်ခု လွတ်တော့မည်။

"အေးမောင်ဆီ သွားဆွဲပါလားကွ ဒီကောင့်ဆီမှာ နှစ်လုံးရှိတယ်"

အေးမောင်ဆိုသူမှာ ဦးထွန်းမြင့်၏ တပည့် ပြစက်ဆရာ ဖြစ်သ ကိုအေးမောင်ဆီမှာ ယူလျှင် ရနိုင်သည်ကို ဗေဒါလည်း သိထားပြီး ဖြစ်သ ဦးထွန်းမြင့်ထံတွင် ရှိလျှင် တစ်ပြားမှ မပေးရချေ။ ကိုအေးမောင်ထံမှ ယူ အဖျင်းပြေ ပြရန်ယူလျှင် အရေးမကြီး ငွေယူ၍ ပြလျှင် သူကလည်း ငေ ယူသည်။ လိမ်၍ ပြောလျှင်လည် နောင် သိသွားသောအခါ အထဝ်သော

...ည်၊ မတတ်နိုင်သည့်အဆုံးတော့လည်း ကိုအေးမောင်ဆီကပင် ဝိုက်ဆံပေး၍ ...ရတော့မည်။

"ဒါဖြင့် ဦးလေး ကျွန်တော့်ကို ဝိတ်ကား အပိုရှိရင် ခဏပေးပါ"

"အဲဒီ ပေါ်မှာကွာ ကားထုပ်ရော ဝိတ်ကားရော"

ဗေဒါက လှမြင့်ကို လှမ်း၍ ခေါ်လိုက်ပြီးလျှင် ဖလင်ပုံးများကို သယ်၍ ...ားပေါ်သို့ တင်လိုက်သည်။ ပြီးမှ ကိုအေးမောင်တို့ အိမ်ဆီသို့ ထွက်ခဲ့သည်။

ကိုအေးမောင် အိမ်သို့ ရောက်လျှင် ဗေဒါ တွေးထားသည့်အတိုင်းပင် ...ိုအေးမောင်က ခပ်ရှင်းရှင်း မေးလိုက်သည်။

"စက်က ရှိပါတယ် ကားထုပ်ပါ လိုချင်တောင် ရသေးတယ်။ ဒါပေမဲ့ ...င်း ဘယ်လောက်ရလဲ ငါ့ကို မှန်မှန်ပြော"

"ကျွန်တော် အမှန်အတိုင်း ပြောမယ်ဗျာ ခင်ဗျားကို ဘယ်တုန်းက ...ဖူးလို့လဲ၊ တစ်ရာငါးဆယ်ရတယ်၊ အဲဒါ ကားစရိတ်နဲ့ ပြီးတော့ ကျွန်တော့် ...ောင်တွေလည်း ပေးရဦးမယ် ခင်ဗျား ကြည့်ယူဗျာ"

ဗေဒါက အမှန်အတိုင်း ဖွင့်ပြောလိုက်သည်။ ကိုအေးမောင်က ဗေဒါကို ...၍ ကြည့်လိုက်ရင်း မယုံဟန်ဖြင့် ထပ်၍ မေးလိုက်သည်။

"ဟုတ်လားကွာ ငါ့ကိုတော့ မလိမ်ပါနဲ့"

"ဩော်ဗျာ ခက်နေပါပြီ မယုံရင် ခင်ဗျား လိုက်ခဲ့၊ ငွေယူတော့ ခင်ဗျား ...ဲ ကျွန်တော် ဘယ်တုန်းက ညာဖူးလဲ"

"ကဲကွာ ဒါဖြင့် ငါးဆယ်ပေး"

ဗေဒါက တစ်ချက်မျှ ငိုင်၍ စဉ်းစားလိုက်သည်။ သူ့ အတွက် လိုငွေနှင့် ...ည့်ငွေကို ချိန်၍ ကြည့်လိုက်သည်။ ပြီးမှ ကိုအေးမောင်ကို တောင်းပန် ...င်ချေပြန်သည်။

"ခင်ဗျားကို ကျွန်တော် ဘယ်တုန်းက စျေးဆစ်ဖူးလဲဗျာ၊ ဒီ တစ်ခါတော့ ...တော့်မှာ တော်တော်လေး ကျပ်နေလို့ပါ၊ ကျောင်းစရိတ်ကလည်း ပေးစရာ ...ါ၊ သုံးဆယ်ပဲ ယူပါဗျာ"

သည်တော့လည်း ကိုအေးမောင်က ပြုံးပြုံးရွှင်ရွှင်ပင် စက်ကို ယူခွင့် ...သည်။ ဗေဒါကိုလည်း ကိုအေးမောင်က ယုံသည်။ ဗေဒါသည် ရလျှင် ...ည့်အတိုင်း အမှန်ကို ပြောသည်။ စားရမည့် အကွက်ရှိလျှင်လည်း ဝေ၍ ...သည်။ ထို့ကြောင့်လည်း ကိုအေးမောင်က ဗေဒါကို ချစ်ခင် ယုံကြည်

"အလကား နောက်တာပါကွာ၊ မင်း တကယ် လိုနေရင် ပေးချင်မှ ပေး ယူသာသွားပါ။ ကားထုပ်ပါ လိုချင်လည်း ယူ အဲဒီ ဗီရိုထဲမှာ"

"ကားထုပ်တော့ မလိုပါဘူးဗျာ၊ ကဲ ကျွန်တော် ပြန်မယ် သုံးဆယ်တော့ ပေးပါ့မယ်ဗျာ၊ အလကားပေးသလိုကို ကျေးဇူးတင်ပါတယ်။ သွားမယ်နော် အချိန် နောက်ကျနေမှာစိုးလို့"

ပေဒါသည် ပြစက်ကို လှမြင့်နှင့်အတူ အမြန်သယ်၍ အိမ်သို့ တန်း ပြန်ခဲ့သည်၊ ပြီးမှ ပြစက်နှင့် ကားထုပ်ကို အိမ်တွင်ချပြီးလျှင် မောင်တိုးပါ ခေါ် ဦးဘကျော် အိမ်သို့ ထွက်ခဲ့ကြသည်။ ဦးဘကျော်တို့ အိမ်သို့ ရောက်လျှင် ပြမည့် နေရာကို မေး၍ ပိတ်ကားကို ဆင်ရသည်။ ပိတ်ကား ဆင်ပြီးလျှင် စက်ကိုရွေ့ မီးသွယ်ရပြန်သည်။ မီးသွယ်ပြီးမှ ဖလင်များကို စစ်ရသည်၊ ပြရန်အသင့် စီ ထားရသည်။ ပြစက်ကို စစ်ရသည်၊ မီးချိန် ရသည်၊ ပေဒါတို့ ပြရန် စီ နေတုန်းမှာပင် လူများ တရုန်းရုန်း ရောက်၍ လာကြသည်။ ပေဒါသည် စ ဆေးလိပ်ကို မီးညှိ၍ ဖွာလိုက်ရင်း ပြမည့် အချိန်ကို စောင့်လိုက်သည်။ လှမြ ဘေးမှ ထိုင်နေသော ကလေးများကို အတင်း မောင်းထုတ်နေရသည်။

ခဏကြာလျှင် မောင်နီသည် အဖော် သုံးလေးယောက်နှင့် ပေဒါ ရှိရာသို့ ရောက်လာသည်။ မောင်နီ၏ မျက်နှာသည် အလွန် စိတ်ဆိုးနေ ရှိသည်။ မောင်နီက ရောက်လျှင်ရောက်ချင်း ပေဒါကို အပြစ်တင်လိုက်သ

"မင်း သိပ်တော်တဲ့ အကောင်ပဲ"

ပေဒါက မောင်နီ ဘာကြောင့် စိတ်ဆိုးနေသည်ကို စဉ်းစား၍ အောင် ရှိတော့သည်၊ မောင်နီ စိတ်ဆိုးလောက်အောင်လည်း ဘာတ မလုပ်ခဲ့။ ထို့ကြောင့်လည်း ပေဒါက ကြောင်၍ ကြည့်နေသည်။

"ဘာလဲဟ ငါ ဘာလုပ်လို့လဲ"

"ရုပ်ရှင်ပြဖို့ အစီအစဉ်ကို ဘယ်သူ လုပ်တာလဲ၊ မင်း လုပ်တာ

"ငါ လုပ်တာ မဟုတ်ပါဘူး၊ ဦးဘကျော် လာငှားလို့ ငါတို့က တာပါ"

"ဟုတ်တယ်ကွ ငါပဲ ဆက်ပေးတာ။ အမျိုးသား လွတ်မြောက် အဖွဲ့ချုပ်ကကွာ"

လှမြင့်က ဝင်၍ ဖြေရှင်းပေးလိုက်ရသည်။ မောင်နီက သူ့လူ အစိမ်းပွာယ်ပါပါ လှည့်၍ ကြည့်လိုက်သည်။ အားလုံးက သူ့ အစိမ်းပွာယ်မျ တစ်ယောက် တစ်ခွန်း ပြောကြသည်။

"ဟုတ်ပါတယ် တို့ထင်တဲ့အတိုင်းပဲ"

"တမင်ကို ဖျက်တာပဲ"

ပေဒါက သူတို့ပြောသောစကားများကို တစ်ခွန်းမှ နားမလည်တော့ချေ။ ောင်နီက မဲ့ပြုံးကလေး တစ်ချက်မျှ ပြုံးလိုက်သည်။

"ဒါ တို့တရားပွဲကို တမင် တိုက်ပြီး လုပ်တာပဲ။ တို့ ကျောင်းသား ငယ်အဖွဲ့ ကနေ့ တရားပွဲ ရှိတယ်။ ဒါကို သိလို့ တိုက်ပြီးစီစဉ်တာ မင်း ည်း ဒါလောက်တောင် တုံးရသလားကွာ။ ဘာလို့များ လက်ခံရသေးလဲ"

မောင်နီက အပြစ်တင်နေသည့် တိုင်အောင် ပေဒါက ဘာမျှ ပြန်၍ ပြောရှင်းတော့ချေ။ ကိုယ့် အပြစ်ကို ကိုယ်သာသိသည်။ မောင်နီတို့ ရှိသည့် ရားပွဲကို ဖျက်လိုသော စေတနာဖြင့် လက်ခံခြင်းကား မဟုတ်။ ရပေါက် မ်းကလေးတစ်ခု အနေဖြင့်သာ လက်ခံခြင်း ဖြစ်သည်။

"မင်းတို့ တရားပွဲ ရှိတယ်ဆိုတာတောင် မသိရိုး အမှန်ပါ သူငယ်ချင်းရာ၊ လို ဆောစောက သိရင် ငါ လက်မခံပါဘူး။ ခုတော့ ငွေလေးဘာလေး နည်းနည်း းပါးသည်း ရတာနဲ့ လက်ခံလိုက်တာပါ။ မင်းတို့ တရားပွဲက ဘယ်အချိန် လဲ. . ."

"ကိုးနာရီလောက်ဆိုရင် ပြီးမှာပဲ. . ."

ပေဒါက တစ်စုံတစ်ခုကို စဉ်းစားလိုက်သည်။ မောင်နီတို့ တရားပွဲ လည်း မထိခိုက်အောင် သူ့ အလုပ်လည်း မပျက်အောင် အကြံထုတ်လိုက် ည်။

"ဒီလိုလုပ်ကွာ မင်းတို့ တရားပွဲလည်း မထိခိုက်စေရဘူး။ ငါ့ အလုပ် ည်း မပျက်ရဘူး။ ငါ ရှစ်နာရီခွဲလောက် စပြမယ် မင်းတို့ကလည်း စောစော အောင် လုပ်ကွာ"

"ဘယ်ရမလဲ ပေဒါရ သူတို့က တမင် တို့တရားပွဲနဲ့ တိုက်ပြီး ပြချင် အချိန်ဆွဲပြရင် ဘယ်ခံမလဲ"

"အလွယ်ကလေးပါကွာ စက် တစ်ခုခု ဖြစ်တယ်လို့ အကြောင်းပြပြီး သလိုလို ရှောင်နေတာပေါ့"

သည်တော့မှလည်း မောင်နီက ပေဒါ၏ အကြံကို လက်ခံလိုက်သည်။ မျက်နှာမှာ ကျေနပ်ရွှင်လန်း၍လာသည်။

"ဒီလို လုပ်ပေးရင်တော့ ကျေးဇူးပဲကွာ၊ တို့ လုပ်နေတာတွေဟာ တို
အားလုံးရဲ့ ဘဝအတွက်ပါ။ ကနေ့ လူငယ်တွေ ပျက်စီးတယ်။ ကြမ်းပိ
တလေတွေ ဖြစ်တယ်၊ ရောင်ခြောက်ဆယ် ဖြစ်နေတာဟာ ဘာကြောင့်လဲ
လူနေမှု စနစ်နဲ့ ကိုလိုနီ ပညာရေး စနစ်ကြောင့်ဆိုတာ တို့ တိုင်းပြည်ကို ဖွ
ရမှာပဲ။ ကနေ့ လူငယ်ပြဿနာကို ဖြေရှင်းဖို့ တို့ လုပ်နေတယ်ဆိုတာ မင်းယုံ

ဗေဒါသည် မောင်နီကို လေးစားကြည်ညိုသော အကြည့်ဖြင့် ကြည့်
မိသည်။ မောင်နီသည် အလျင်လို ပေါ်ကြော့သမား မဟုတ်တော့ချေ
ခေါင်းတွင် အမောက် မရှိတော့ချေ။ သူ့ အင်္ကျီမှာလည်း အလျင်လို မီးပူတိ
ခေါက် မပျက်သော အင်္ကျီမျိုး မဟုတ်၊ မောင်နီ၏ ပြောင်းလဲပုံကား အံ့
လောက်သည်။ လေးစားကြည်ညိုစရာလည်း ကောင်းသည်။

"ကဲ သူငယ်ချင်း တို့သွားမယ်၊ တို့ အခု စတော့မယ် ရှစ်နာရီခွဲ လော
ပြီးအောင်လုပ်မယ်၊ မပြီးလည်း ကိစ္စမရှိဘူး၊ မင်းတို့က ရှစ်နာခွဲလော
စရင်တောင် ရတယ်၊ ဒီအချိန်ဆိုရင် တို့ တရားပွဲက ပရိသတ် ငြိမ်
ကျေးဇူးပဲကွာ"

မောင်နီ ပြောသော စကားများသည် ဗေဒါ၏ ရင်ထဲတွင် စွဲ
သွားတော့သည်။ မောင်နီတို့ ထွက်သွား၍ မကြာမီပင် ဦးဘကျော်တို့
သုံးယောက် လာကြသည်။ ဗေဒါက စက်ကို ကပျာကယာ ဖွင့်လိုက်သည်
ဟိုကိုင်သလို ဒီကိုင်သလို ဆွဲ၍နေသည်။ ဦးဘကျော်က ဗေဒါကို ကြည့်
စိတ်မရှည်တော့ချေ။

"ဟေ့ မပြသေးဘူးလား"

လှမြင့်က ဝင်၍ ဖြေလိုက်သည်။

"ပြမလို့ မီးချိန်နေရင်း စက်က ဘာဖြစ်သွားလဲ မသိဘူး"

"ဒုက္ခပါပဲကွာ မင်းဟာက ဘယ်အချိန် ပြီးမှာလဲ"

"ကျွန်တော်လည်း အပြစ်ရှာတုန်းပဲ မော်တာက ဖြစ်တာနဲ့ တူ
ခုနေ မော်တာကို သွားပြီး အမြန်ပြင်လိုက်ရင် မီပါလိမ့်မယ်၊ ပြင်မရရ
အသစ် ပြန်လဲမယ်"

"ကဲ လုပ်မှာဖြင့် မြန်မြန်လုပ်၊ ဒီအချိန်မှာ မပြရရင်တော့ အ

ဗေဒါက မောင်နီ ပြောသောစကားကို ပြန်၍ သတိရမိသည်။
ဘာကြောင့် လူငယ်များ ကောင်းကျိုးကို ပြုသော ဤ တရားပွဲကို

ကောင်းစားရေးကို လုပ်နေသော ဤ အဖွဲ့ကြီးက ဖျက်ရသည်ကို ပေဒါ နား
လည်ချေ၊ ညာဏ်လည်း မမီချေ။

ပေဒါသည် စက်ကို ပိတ်၍ ကျော်မြင့်ကားပေါ် တင်ပြီး ထွက်ခဲ့သည်။
ခေါင်တိုးကို အစောင့်ထားခဲ့သည်။ သုံးယောက်သား ကားပေါ်တွင် တစ်
ယောက်မျက်နှာကို တစ်ယောက်ကြည့်ကာ ပြုံးမိကြသည်။

"ကဲ ဘယ်သွားမလဲ"

ကျော်မြင့်ကြီးက လမ်းကို မေးလိုက်သည်၊ လှမြင့်က သူ့ ဗိုက်ကို သူ
ပုတ်၍ ပြလိုက်သည်။

"ဗိုက်ထဲကတော့ ကွိကွိ . . ကွိကွိ မြည်နေပြီဟေ့"

"တို့ စားနေကျ ရီဂျန့် သွားရအောင် ကိုကျော်မြင့်ကြီး ကားခကို ပြီးမှ
ယူနော်"

"အေး ဒါပေမဲ့ ပတ်တော့ မပတ်နဲ့ကွနော် . . . လှမြင့်က ငါ့ကို ခဏ
ခဏ ပတ်တယ်။ ပြီးတော့ မင်းအဖေ လမ်းမှာ မူးလို့ တင်ပြီး အိမ်ပြန်ပို့ရတာ
လည်း လေးငါးခါ ရှိပြီ တွေ့လိုက်ရင် ခဲ ဒင်္ဂါးကြီးပဲ"

ပေဒါက ကျော်မြင့်ကြီး ပြောသမျှကို ပြုံး၍ နားထောင်နေသည်။
ကျော်မြင့်ကြီးသည် ပါးစပ်က ဘယ်လိုပင် ပြောပြော စိတ်ရင်း စေတနာ ကောင်း
သည်ကို ပေဒါက နားလည်ပြီး ဖြစ်သည်။

ထမင်းဆိုင်ရောက်လျှင် ကိုယ်ကြိုက်ရာကို ကိုယ်မှာစားလိုက်သည်၊
ကျော်မြင့်ကြီးက ပြုံးဖြဲဖြဲဖြင့် ပေဒါကို လှမ်းကြည့်လိုက်သည်။

"ဟေ့ ပေဒါ ဆေးလေးဘာလေးလည်း မှိဝဲရအောင်ကွ ဒီမှာ ဆေး
ကောက်ရှိတယ် တစ်လုံးမှ လေးကျပ်ရယ် တစ်ပိုင်းလောက်တော့ ချရအောင်
. . ."

"ပိုက်ဆံ ခြောက်ကျပ် ရှိတယ် ဒါတောင် ဦးဘကျော်ဆီက စရိတ်
ထုတ်ထားရတာ"

"ရပါတယ်ကွာ ငါ စိုက်ပါ့မယ် အခု ကားခလည်း မပေးနဲ့ ပြန်ပို့တဲ့
ကျမှ ပေး"

ကျော်မြင့်ကြီးက အရက်တစ်ပိုင်း လှမ်း၍ မှာလိုက်သည်။ ခဏကြာ
သော် သမင်းနှင့် ဟင်းများ ရောက်လာသည်။ အရက်နှင့် ဖန်ခွက်အစုံလည်း
ရောက်လာသည်။ ပေဒါက ကြက်သားဟင်း ပန်းကန်ကို ဆောင်း၍ သူ့ ထမင်း

ပန်းကန်ထဲသို့ အနှစ်များ ဆန်းလိုက်သည်။ ပြီးမှ အားပါးတရ လူးနယ်
စားလိုက်သည်။ ကျော်မြင့်ကြီးကမူ ထမင်းကို မစားသောက်သေး အရက်
မော့လိုက်သည်။ ကျော်မြင့်ကြီး သောက်သည်ကို တစ်ကြိမ်သာ မြင်ဖူး
ဗေဒါက ဖုံပြခနေသည်။

"ကိုကျော်မြင့်ကြီး အရက် သောက်တတ်တာ ကြာပြီလား"

"မကြာသေးပါဘူးကွ ခုလည်း တစ်ခါတလေမှ သောက်တာ
မောင်းရတာ ပူတယ်မဟုတ်လား။ ဒီလောက်က အပူခံတယ်"

ဗေဒါသည် ကျော်မြင့်ကြီးကို ကြည့်ရင်း၊ သူ့ အဖေ မျက်နှာကို မြင်
မိသည်။ ကနေ့ အိပ်တွင် ငွေပြတ်နေသည်။ သူ့ အဖေသည် အရက် ဝ
မဟုတ် ဤသည်ကို တွေးမိ၍ စိတ်မကောင်း ဖြစ်မိသည်။

ထမင်းစားပြီးလျှင် ဗေဒါက ဆိုင်မှ နာရီကို ကြည့်လိုက်သည်၊ ရှစ်နာရီ
ထိုးခါနီးလေပြီ ဗေဒါက ကျော်မြင့်ကြီး လက်သို့ ငွေဝင်းကျပ် ပေးလိုက်သည်
ကျော်မြင့်ကြီးက သူ့ အိတ်ထဲက ငွေဖြင့် အားလုံးပေါင်း၍ ရှင်းလိုက်သည်
ဗေဒါတို့ ပြန်ရောက်သောအခါ လူတွေက ဆူလျက် ရှိနေသည်။ ဦးဘကျော်
ဗေဒါကို ရှုသိုးသိုးဖြင့် ကြည့်လိုက်သည်၊ ဗေဒါက ဦးဘကျော်ကို ဂရုမစိုက်
ဖြင့် စက်ကိုသာ အမြန်ဆင်၍ နေသည်။

"မင်းတို့ဟာ သိပ် နောက်ကျတာ လှမြင့်ရာ၊ ငါတို့ စိစဉ်ထား
အားလုံး တလွဲတချော် ဖြစ်ကုန်တော့မယ်"

"ဩော် ဦးလေးကလည်း အရမ်းဆူနေတာကိုး၊ ဒီမှာ ဘယ်လော
ပင်ပန်းလဲ တစ်မြို့လုံး အနှံ့ ရှာရတယ်။ ပြင်တဲ့လူကလည်း ပြင်ရတယ်၊ ဒါ
တော့ မဖြစ်နိုင်ဘူး"

လှမြင့်က ဘုတောလိုက်မှ ဦးဘကျော်သည် ဘာမှ ဆက်၍ မဆူ
ချေ။

"ကဲ မြန်မြန်ပြ"

ဗေဒါသည် ဖလင်ကို တပ်လိုက်ပြီးလျှင် စက်ကို ဖွင့်လိုက်သည် ပြ
လှမြင့်ကို တိုးတိုး ကပ်၍ ပြောလိုက်သည်။

"လှမြင့် ကား စပြရင် ငွေချေရတယ်။ ပုလိပ်ဖမ်းလို့ တစ်ခုခု ဖြ
ဆိုရင် တို့နဲ့ မဆိုင်ဘူး။ စက်ပျက်ရင်တော့ တို့က ပြန်လျော်ရတာပေါ့။

လှမြင့်က ဦးဘကျော်ကို လှမ်း၍ ကြည့်လိုက်သည်၊ တောင်းရမည်
အားနာနေသလို ရှိတော့သည်။

"ဟေ့ကောင် ကောင်းပါ့မလားကွ ပြပြီးယူကွာ"

"ဘာဆိုင်လဲကွ ကိုယ့် အလုပ်အတွက် ကိုယ်တောင်းတာ ပြီးတော့ ဒါ ...ုံးစံ"

သည်တော့မှလည်း လှမြင့်က ဦးဘကျော်ကို အားတင်း၍ ငွေတောင်း ...လိုက်သည်။

"ဦးလေး ဗေဒါက ကား စပြရင် ငွေချေတဲ့ထုံးစံရှိတယ်တဲ့"

ဦးဘကျော်က စိတ်မရှည်တော့ချေ။ ကားပြရန်သာ လော၍ နေတော့ ...သည်။

"ငါ့ မယုံဘူးလား ကား ပြီးပြီးချင်း ပေးမှာပေါ့ကွ၊ လူကြီးပဲ လိမ်ပါ့ ...လား၊ ကားသာ မြန်မြန်ပြပါကွာ"

"မဟုတ်ဘူး ဦးလေး၊ ဒါက စကားများတတ်လွန်းလို့ ဥပမာ ကားပြ ...ဘုန်း ရှုတ်ရှုတ်ရက်ရက် ဖြစ်တယ်၊ ရပ်ကွက်က တားတယ်၊ ရဲက တားတယ် ...ို ငွေတစ်ဝက် ပေးတာတို့ဘာတို့ စကားများတယ်၊ ကျွန်တော်တို့ တာဝနက ...ဘုန်း ပွဲထိခိုက်လောက်အောင် စက်ပျက်ရင် ပြန်လျော်ရတယ်၊ တခြား ...ဝန် ဘာမှမခံဘူး"

"ဘာရဲမှ လာမဖမ်းဘူး၊ ငါတို့ လုပ်တာကွ"

"ဟုတ်ပါတယ် ထုံးစံမို့ ပြောတာပါ"

ဦးဘကျော်သည် အိတ်ထဲမှ ဆယ်တန်များကို ထုတ်ရေပြီးလျှင် ငွေ ...ငါးဆယ်ကို ထုတ်၍ ပေးလိုက်သည်။ ဗေဒါက ငွေကို အိတ်ထဲ ထည့်ပြီး ...နှင့် တစ်ပြိုင်နက် ဖလင်ကို မောင်းလိုက်သည်။ သည်တော့မှ ကလေးတွေ ... သက်ခုပ်တီးကြသည်။ ဗေဒါက လှမြင့်အိတ်ထဲမှ ဆေးလိပ်ဘူးကို နှိုက်၍ ...ညှိရှာလိုက်သည်။

"မင်း ဘယ်လောက် ယူမလဲ"

"ကြည့်ပေးပါကွာ၊ ငါက ဘာမှ လုပ်တာမှ မဟုတ်ဘဲ၊ မင်းက တာဝန် ...တာပဲ။ မင်း ပေးချင်သလောက် ပေး"

"မဟုတ်ပါဘူး ပြောပါကွ"

လှမြင့်က ကြည့်ပေးချင်သလောက် ပေးဟု ပြောသော်လည်း ဗေဒါက ...ရခက်နေသည်။ အိတ်ထဲမှ ဆယ်တန်စက္ကူများကို ထုတ်၍ တစ်ရွက်ချင်း ...ကြည့်လိုက်သည်။

"တစ်ဆယ် နှစ်ဆယ်ပေါ့ကွ"

ဗေဒါက ဆယ်တန် သုံးရွက် လှမ်း၍ ပေးလိုက်သည်။ လှမြင့်က ဆယ်တန် သုံးရွက်ကို ဆွဲယူလိုက်ရင်း သူ့ မျက်နှာမှာ အလိုလို ပြုံး၍လာသည်။

ကွန်းတောလမ်းထိပ်မှ တရားဟောသံသည် တစ်ချက်တစ်ချက် သဲ့သဲ့ ကြားရသည်။ ဗေဒါသည် ဖလင် ပုံးများကို တစ်ပုံးပြီး တစ်ပုံး ဖွင့်၍ တစ်လိပ်ချင်း လဲလိုက်သည်၊ တစ်လိပ်ကုန်လျှင် တစ်လိပ် အသစ်လဲရသည်။ ကြာနေလျှင် ပရိသတ်က ဆူလာသည်။ ခပ်မြန်မြန် လဲရသည်၊ သို့ လဲရင်း ဖလင်လဲပုံ၊ တစ် စက်မောင်းပုံ လှမြင့်နှင့် မောင်းတိုးကို ပြပေးရသည်။ ပြီးတော့လည်း သူတို့ တစ်လှည့် အမောင်းခိုင်းရသည်။ လှမြင့်က အနည်းငယ် စိမ်းနေသော်လည်း မောင်တိုးက ဗေဒါနှင့်အတူ လိုက်လေ့ရှိသဖြင့် ကျင်ကျင်လည်လည် ကိုင်တ ပြတတ်နေသည်။

ကိုးနာရီ ကျော်ကျော်လောက်တွင် ဗေဒါက ပြစက်ကို မောင်းတိုး လက်သို့အပ်လိုက်သည်။

"ကဲ ငါ အိမ်ပြန်ဦးမယ်၊ မောင်တိုး ပြလိမ့်မယ်ကွာ လှမြင့်က ဘေး ကြည့်ပြီး ကူပေါ့။ နောက် တစ်ထုပ်ပြီးခါနီးရင် မင်း အိမ်လာခဲ့ကွာ လှမြင့်"

ဗေဒါသည် အိမ်သို့ တစ်ကြိုးတည်း သုတ်ခဲ့သည်။

ဦးဘအေးသည် အိမ်ရှေ့ တန်းလျားပေါ်တွင် အိပ်လှဲ၍ နေသော်လည်း အိပ်သေးဟန် မပေါ်ချေ။ အိမ်ရှေ့ခန်းတွင် ဒေါ်အေးတင်က ဆေးလိပ် ဖွာ နေသည်။ ဗေဒါက သူ့ အမေနားသို့ ကပ်၍ တိုးတိုး မေးလိုက်သည်။

"အဖေ မူးနေပြီလား"

"ဟင်း ချက်စရာတောင် မရှိဘူး။ အမေ့အိမ်က ငါးပိရည် တောင်း လူးစားရတယ်။ မင်း အဖေတော့ အကြွတ်း ဉာဏ်တုံး ပက်လက်ကြီး အိပ် တာပဲ၊ ထမင်းလည်း မစားသေးဘူး"

ဗေဒါသည် ဒေါ်အေးတင်ကို ဘာမျှ ပြန်၍ မပြောတော့ချေ ကြားမှ. . . ပုလင်းလွတ်ကို ယူ၍ စောစောက ရိုက္ခန်ဆိုင်သို့ တစ်ကြိုးတည်း လှစ်ခဲ့သည်။ ရိုက္ခန် ဆိုင်သို့ ရောက်လျှင် ကျော်မြင့်ကြီး ပြောသော ဆေး အ တစ်လုံး ဝယ်လိုက်သည်။ ခေါက်ဆွဲကြော် ကြာဆံကြော် သူ့ အဖေ ကြိုက် သည့် အသားအခေါက်ကင်ကို ဝယ်၍ အိမ်သို့ တစ်ကြိုးတည်း လှစ်ခဲ့ အိမ်ရောက်လျှင် အဖေ့အတွက် ဖန်ခွက်များ ဆေး၍ ခေါက်ဆွဲကြော်

ကြာဆံကြော်ထုပ်ကို အမေ့လက်သို့ အပ်လိုက်သည်။ ဒေါ်အေးတင်က ဖေဒါ ကို တအံ့သြ ကြည့်နေသည်။

"နင် ဘယ်ကများ ပိုက်ဆံ ရလာသလဲ။ ဒါတွေ အလကား ဝယ်တယ် ဘယ်၊ ပိုက်ဆံ ကုန်အောင် နှစ်ကျပ် သုံးကျပ်ဆို မနက် ကြက်သားလေးဘာလေး ချက်နိုင်တာပေါ့"

"မနက်လည်း ချက်ပေါ့ အမေရဲ့ ကနေ့ညလည်း စားပေါ့။ ညနေကမှ ငါးမချက်ဘဲနဲ့ ကြောင်မလည်း ခေါ်ပါ အမေ၊ အဖေနဲ့ မောင်တိုးဖို့ နည်းနည်း ချန်ထား ကျွန်တော်တော့ စားပြီးပြီ"

ဖေဒါသည် အသား အခေါက်ကင်များကို ပန်းကန်ထဲ ဖြေ၍ ထည့် လိုက်သည်။ ပြီးမှ သူ့ အဖေကို ခေါ်လိုက်သည်။

"အဖေ လာလေ"

ဦးဘအေးသည် မျက်လုံးကို မဖွင့်ဘဲ လေသံပျော့ပျော့ဖြင့် ပြန်၍ ပြောလိုက်သည်။

"မစားတော့ဘူး၊ ငါ မဆာတော့ဘူး၊ မင်းအမေကို ကျွေး"

"အမယ်လေး အဖက်ကလပ်ချည်းပဲ မဟုတ်ဘူး ရှင်ကြိုက်တဲ့ အရည် သောက်လည်း ပါပါတယ်"

ဦးဘအေးက စိတ်ထဲမှ ကျေနပ်မိသော်လည်း ဟန်ဆောင်နေလိုက် သည်။

"နိဂျန်က ဆေးအရက်တဲ့ အဖေ လေးကျပ်တောင် ပေးရတယ်။ ကြီးကမှ နှစ်ကျပ်ခွဲ ပေးရတယ်၊ ပိုကောင်းတယ်လို့ ပြောကြတာပဲ"

ဦးဘအေးသည် လှဲနေရာမှ ခပ်ဖြည်းဖြည်း ထလိုက်ရင်း သူ့ မျက်လုံး ကို ပွတ်လိုက်သည်။ ဒေါ်အေးတင်က ခေါက်ဆွဲများကို နယ်၍ နေရာမှ ကြောင်မကို လှမ်း၍ခေါ်လိုက်သည်။ ပြီးမှ ဦးဘအေးကို မျက်စောင်းထိုး၍ ကြည့်လိုက်သည်။

"ဘာလို့များ ဆေးအရက်တွေဘာတွေ ဝယ်ရတာလဲ။ မင်း အဖေက ဟိုကြီးရော ကဇော်တောင် စုတ်သေးတာ"

"အေးတင်ရာ နင် မသိပါဘူး။ မသိဘဲနဲ့ ဝင်ဝင် မပြောစမ်းနဲ့။ ဒါက ဆေးအရက် နားလည်လား၊ တရုတ်ပြည်မှာ ဒါကြောင့် လူဦးရေ များတာ ပေါ့"

"အမယ်လေး ဒါဖြင့် ဒီအရက်ကို မသောက်ပါနဲ့၊ ရှိုးပါရစေ၊ ခု မွေ့
သားတောင် မကျွေးနိုင်လို့ သူများ ပေးချင်သေးရတဲ့အထဲ နောက်ထပ်
မယူပါရစေနဲ့"

ဦးဘအေးက အရက်ကို ငှဲ့လိုက်ပြီး မြည်းကြည့်သလို တစ်ငုံမျှ သော
လိုက်သည်။ ပြီးမှ ပထမခွက်ကို တစ်ကျိုက်တည်းနှင့် မော့လိုက်သည်။

"ကနေ့ ငါ အရက်လျှော့မလို့ စိတ်ကူးတာ၊ ဒါကြောင့် သိပ်တော
မသောက်ဘူး"

ဦးဘအေးက ပိုက်ဆံ မရှိ၍ မသောက်ရသည်ကို သား မသိစေ
သားဝယ်ပေးသော အရက် သောက်ရသည့်မှာလည်း အနည်းငယ် ရှက်မိသည
ဤသည်ကိုလည်း ဒေါ်အေးတင်က သိထားပြီး ဖြစ်သည်။

"အမယ် ကြီးကျယ်လိုက်တာ ကနေ့ လျှော့မယ်စိတ်ကူးရင် မနေ
ထားလိုက်ပေါ့။ ဒီ အသားကင်နဲ့ ထမင်းနဲ့ စားလိုက်ပါလား"

"ဒီကောင်မတော့ ခက်နေပါပြီ။ နင် မသိပါဘူး ဝင်ဝင် မပြော
မြင်တော့လည်း ဘယ်နေမလဲကွ"

ဦးဘအေးသည် အသားကင်ကို မြှုလိုက်၊ အရက်ကို မော့လိုက်
နေ့စဉ် ခံစားနေကျ စည်းစိမ်ကို ပြန်ရလာသည်။ စောစောက လေးလံ ထို
မှိုင်းနေသော စိတ်သည် ခုတော့ ပေါ့ပါးရွှင်လန်းလာသည်။ စောစော
ကတုန်ကယင် ဖြစ်နေသော်လည်း ယခုတော့ အားများရှိလာသည်။ လူ
စိတ်ရော လန်းဆန်းလာသည်။ သည်တော့မှလည်း သူ၏ အားနည်းချ
သူ ဖွင့်၍ ဝန်ခံလိုက်သည်။

"မင်း ကျောင်းသွင်းဖို့ငွေက နက်ဖြန် နောက်ဆုံးနော်"

သူ့အဖေက သတိတရ မေးလိုက်သည်ကိုပင် ပေဒါက ဝမ်းသာမိ
အဖေ စိတ်ညစ်နေမည်စိုး၍ သူ ငွေရလာသည့် အကြောင်းကို ဖွင့်၍
လိုက်သည်။

"မပူနဲ့တော့ အဖေ ကျွန်တော် ငွေရလာပြီ၊ အဖွဲ့ချုပ်က လ
ရုပ်ရှင်ပြတာ တစ်ရာ့ငါးဆယ် ရတယ်၊ အားလုံးခွဲယူတော့ ကျွန်တော့်
ရှစ်ဆယ်ကျန်တယ်"

ဦးဘအေး၏ မျက်နှာသည် ရုတ်တရက် လန်း၍လာသည်။ ပြီးမှ
ပြန်၍ ညှိုးသွားလေသည်။ အဖေ တစ်ယောက်အနေနှင့် သား ကျောင်း

ိုင် အချိန်မီ ရှာမပေးနိုင်သော အဖြစ်ကို တွေးရင်း စိတ်မကောင်း ဖြစ်လာသည်။

"အေး မင်းရှိလည်း စိုက်ထားပေါ့ကွာ။ ပြီးတော့ ငါ ရတော့ ပြန်ပေးမယ်"

"အမယ်လေး ရှင်ပေးမှာများ ဘယ်တော့မှ ရမှာမဟုတ်ဘူး"

ဒေါ်အေးတင်က နောက်သလို ပြောလိုက်သော်လည်း ဒေါ်အေးတင်၏ ားသည် ဦးဘအေး၏ ရင်ကို နင့်၍သွားသည်။

"ငါ့ကို ဒါလောက်လည်း အထင်မသေးပါနဲ့ အေးတင်ရာ ဒီကောင်တွေ ွယ်အထိ ရောက်လာအောင် ငါ ရှာကျွေးလာတာပါ၊ ခုမှ ဝင်ငွေ မမှန်လို့ ို့တ ဒီစကား ပြောတာတော့ မကောင်းပါဘူးဟာ၊ လုပ်နိုင်တုန်းက ကုန်း ြီး ရှာကျွေးရတာတွေများ ထောက်ပါဦး"

ဦးဘအေး၏ အသံသည် အက်ကွဲ၍ ထွက်လာသည်။ သည်တော့လည်း ဒေါ်အေးတင်က သူ ပြောမိသော စကားအတွက် စိတ်မကောင်း ဖြစ်မိသည်။

"ဟုတ်သားပဲ အမေကလည်း ဘာတွေ လျှောက်ပြောနေတာလဲ"

"ငါက နောက်တာပါကွယ်၊ ခါတိုင်းလည်း ပြောနေကျပဲဟာ။ မင်း ာ အခုမှ သည်းနေတာ၊ ကဲ အမေတို့အိမ်သွားဦးမယ်၊ ကြောင်မလည်း ြည့်နေတယ်ထင်တယ်၊ လာရင် ကျွေးလိုက်"

ဦးဘအေးသည် အရက်ကို ဆက်၍မော့လိုက်သည်။ ဘာပဲဖြစ်ဖြစ် ္တင် အလုံးကြီး တစ်လုံး ကျသွား၍ သူ့ စိတ်များသည် ပေါ့ပါးနေသည်။ ာစ်ဝက်ကျိုးလျှင် စကားများ သွက်လာသည်။ ဆိုနေကျ သီးချင်း ကို ဆိုလိုက်သည်။

"ဘနေ့ ဝေးပေမယ်လို့လည်း ပျော်သလိုနေမည်
ဖြစ်ချင်ရာဖြစ်တော့ နေပါတော့မည်
ပျော်ပျော်နေ အသက်ရှည်
ဘဲ ပျော်လို"

ဦးဘအေး ခါတိုင်းလိုသောက်ရင်း ပျော်နေသည်ကို ကြည့်၍ ပေါက ီသည်၊ အဖေကို ကိုယ့် လုပ်စာလေးနဲ့ ပြုစုရသည့်အတွက်လည်း ီသည်။

ဦးဘဖေအေး သီချင်းဆိုနေစဉ် ဗေဒါက အသာထွက်ခဲ့သည်။ လမ်းတွင် လှမြင့်နှင့် အဆင်သင့်တွေ့သည်။

"ပြီးတော့မယ်ကွ နောက်ဆုံးပိုင်း ရောက်နေပြီ"

လှမြင့်က ဗေဒါကို လှမ်း၍ ပြောလိုက်သဖြင့် ဗေဒါသည် ခပ်သုတ်သုတ် လျှောက်ခဲ့သည်။ ပြီးမှ လူအုပ်ကြီးကြားသို့ တိုးဝင်ကာ ပြစက်ရှိရာသို့ လာ သည်။ ဗေဒါ ရောက်လျှင်ပင် နောက်ဆုံးပိုင်း ပြီးလေပြီ။ မောင်တိုးကပင် ရုပ်ရှ ပြ၍ ပြီးကြောင်း ကြေညာလိုက်သည်။ သည်တော့မှ အားလုံးထ၍ ပြ ကြတော့သည်။

လူတွေ ပြန်လျှင် မီးကြိုးများ သိမ်းရသည်။ ဖလင်ပုံးများ ထပ်ရသည် အားလုံး သိမ်းဆည်းပြီးလျှင် ကျော်မြင့်ကြီး ကားနှင့် ဦးထွန်းမြင့်တို့ အိမ် ဇာတ်ထုပ် ပြန်ပို့ရသည်။ ဦးထွန်းမြင့်အိမ်မှ တစ်ဆင့် ကိုအေးမောင်အိမ် ပြန်ပို့ရသည်။ ကိုအေးမောင်အတွက် ငွေသုံးဆယ် ပေးရသည်။ အားလုံး ပြီးမှ လက်ဖက်ရည်ဆိုင်သို့ ထိုင်ကြသည်။ ညဥ့်နက်မှ အိမ်သို့ ပြန်ခဲ့သည် ဦးဘဖေအေးကား အိမ်ရှေ့မှာ ပက်လက်ကုလားထိုင် တစ်လုံးနှင့် သီချင်းဆို နေတော့သည်။ ဗေဒါက သူ့ အထပ်ခိုးကလေးပေါ်သို့ တက်၍ လှဲလိုက်သည် တစ်နေ့ ခုက္ခလည်း အေးပြီ။ ကျောင်းစရိတ်အတွက် ပူစရာ မလိုတော့သ ဗေဒါသည် ဝမ်းသာ ကြည်နူးနေမိသည်။

အိမ်ရှေ့မှ ဦးဘဖေအေး၏ သီချင်းသံကား တိတ်ဆိတ်သော ညဥ့် လွှမ်းမိုးလျက် ရှိသည်။

"ပျော်ပျော်နေ အသက်ရှည်မည်
ပျော်ပျော်နေ အသက်ရှည်မည်
အဲဒါး ကျော်လီ"

□

# ၉

ဒါသည် ပြစက်ခန်းတွင် လှမြင့်နှင့် အလုပ် ရှုပ်နေတော့သည်။ ပြစက်ခန်း သော်လည်း သီးသန့် လုပ်ထားသော အခန်းဖြစ်သည်။ အိမ်အလယ်ခန်းမ၌ နေသည့်အတွက် ဗေဒါတို့ ပြစက်ခန်းမှ စားပွဲပုပု တစ်လုံးရှိသည်။ ၎င်းကို င်ဘာပြားများဖြင့် လူ တစ်ရပ်နီးပါး ကာထားသည်။

ညနေကတည်းက ဦးထွန်းမြင့်က ရုပ်ရှင်ပြရန် လာခေါ်သည်၊ ထွန်းမြင့်တို့ အသိုက်သည် အင်းယားအနီး ချောင်ထဲ အိမ်တစ်အိမ်တွင် ုပ်ရှင် ရုပ်ရှင် ပြတတ်သည်။ တိတ်တိတ် ခိုးပြရခြင်းဖြစ်၍ သူစိမ်း ဧော်ပရေ ကို မခေါ်။ ဗေဒါလို ယုံကြည်ရသူကိုသာ ခေါ်၍ နိုင်းတတ်သည်။ ကြည့် တော့လည်း တိတ်တိတ်ခိုးကြည့်ရသည်၊ နိုးရိုးဇာတ်ကားများလို ကားမပြခင် တည်းက ကြည့်မည့်သူများ ရောက်၍ မနေနှင့်ပေ။ ကား ပြခါနီး မီးအားလုံး းလိုက်မှ ကြည့်မည့်သူများသည် သူ့အတွဲနှင့်သူ အသာ ဝင်ထိုင်ကြသည်။ ိုင်တော့လည်း တစ်ယောက်တစ်ယောက် ခပ်ဝေးဝေး ထိုင်ကြသည်။ ထိုအတွဲ းကို ဗေဒါတို့ မမြင်နိုင်အောင် ဖိုင်ဘာပြားနှင့် ကာထားခြင်းဖြစ်သည်။ သော် ဗေဒါနှင့် လှမြင့်တို့က သံချောင်းဖြင့် အပေါက်ကလေးများ ဖောက် း၍ ကားပြနေစဉ် ကားကိုကြည့်၍ ကားပြတ်သွားသည့်အခါ ပိတ်ကားမှ လင်းရောင်မှေးမှေးဖြင့် စုတွဲများ ပွေ့ဖက် နေသည်ကို ခပ်ရေးရေး မြင်ရသည်၊ င်ခါတစ်ရံ ပိုင့်လော့မီးကို ဖွင့်လိုက်သည့်အခါ အနီးမှ အတွဲများကို မြင်ရ သည်။

ယခုလည်း ပေဒါတို့ ပြင်ဆင်နေစဉ် ညှော်ခန်း၌ လူတစ်ယော
မရှိသေးချေ။ ဦးထွန်းမြင့်က အတွင်းခန်းမှ လှမ်း၍အော်လိုက်သည်။

"မြန်မြန်လုပ်ပါဟေ့ ညဥ့်နက်နေမယ်။ နောက် အစီအစဉ်က မှ
တယ်၊ ပြီးရင် မီးမှိတ်လိုက်"

"ဟုတ်ကဲ့ ပြီးပါပြီ၊ မီးမှိတ်မယ်"

ပေဒါက သတိပေး၍ မီးမှိတ်လိုက်သည်၊ ဖလင်ကို နည်းနည်း
ကြည့်လိုက်မှ ဖလင်စက ကျွတ်ထွက်သွားသည်။ ပေဒါက ယောင်၍
လိုက်သည်။ အလန့်တကြား အော်လိုက်သော မိန်းမအသံကို ကြားရသ
လှမြင့်က အပေါက်မှ ချောင်းကြည့်လိုက်သည်။

"ဟေ့ ဘယ်လို လုပ်တာလဲ မီးပိတ်လိုက်လေ၊ ဗိုင်လော့ထွန်းပါလ

ပေဒါက ဦးထွန်းမြင့် အမိန့်ပေးသည့်အတိုင်း အခန်းမီးကို ပြန်
လိုက်ပြီး ပြစက်မှ ဗိုင်လော့မီးကို ပြန်ဖွင့်လိုက်သည်။ လှမြင့်က အထိတ်တ
အဖြစ်ဖြင့် ခပ်တိုးတိုး ပြောလိုက်သည်။

"မင်းကောင်မတော့ သွားပြီ"

"ဟေ ဘာလဲ ဘယ်သူလဲ"

"မြသီလေ အေးလွင်နဲ့ ဖက်ပြီးဝင်အလာ မင်း မီးဖွင့်လိုက်တာ အေ
ပြန်ဝင်ပြေးရော"

ပေဒါသည် စက်ကိုရုတ်တရက် မမောင်းသေးဘဲ ငြိမ်နေမိသည်။
ရင်ထဲတွင် အသည်းအူ ပြောင်းပြန် ဟာ၍သွားသည်။ ဦးထွန်းမြင့်က လှ
အော်လိုက်မှ စက်ကိုမောင်းလိုက်သည်။ ပေဒါသည် ဖံကို ကြိတ်၍
လိုက်သည်။

"သူတို့ ဘယ်နားထိုင်လဲ မင်း မှန်းလို့ရမလား"

"နေဦးကွ ဒီအပိုင်းပြီးရင် မင်း ဗိုင်လော့မီးကို ဖွင့်လိုက် မင်းလည်
ငါလည်း ကြည့်မယ် ဒီအနားမှာ မရှိရင် ရှေ့နားမှာ ရှိရမှာပေါ့။
တစ်ခါကျ ဖလင်ကုန်ရင် မီးကို တင်ပြီးထိုးထား"

ပေဒါက ခွေထဲမှ ဖလင်ကို စောင့်၍ကြည့်ကာ ဖလင် ကုန်သွ
ဗိုင်လော့မီးကို ဖွင့်လိုက်သည်။ သူတို့ ရှေ့နားမှ မိန်းမတစ်ယောက်၏ ရယ်
ကြားလိုက်သည်။ ပေဒါက ရှေ့ပေါက်မှ ချောင်း၍ ကြည့်လိုက်သည်။

နေ့ နားတွင် အဘိုးကြီးနှင့် မိန်းမရွယ် လုလုတစ်ဦးကို တွေ့ရသည်။ အဘိုးကြီး
က ခပ်တိုးတိုး ညည်းလိုက်သည်။

"တယ်ဇိမ်ပျက်သကိုးကွ"

"တော်တော်ကဲနေ သေခါနီးကြီး"

မိန်းမရွယ်က ညည်းသံကလေးဖြင့် ရယ်ရင်းပြောလိုက်သည်။ ဗေဒါ
သည် သူ့ ပြစက်နံဘေးမှ အတွဲကို ကြည့်လိုက်သည်။ ဦးထွန်းမြင့်၏ မျက်နှာကို
ထင်ထင်ရှားရှား မြင်ရသည်။ ဦးထွန်းမြင့် ရင်ခွင်တွင် ဖြူဖြူဝဝ အသက်
ဆယ်ခန့် မိန်းမတစ်ယောက်ကို တွေ့ရသည်။ သူတို့စုံတွဲက ဖြစ်ချင်သလို
နေတော့သည်။ အပြင်၌သာတွေ့လျှင် ကျောင်းအမကြီးဟုပင် ထင်ရမည်။
သည် သားနားခံ့ညားသည်။ မျက်လုံး မျက်ခုံး ကွင်းကွင်းထင်ထင်း ရှိသည်၊
လုံးကိုယ်ပေါက် ထွားကျိုင်း စိုပြည်သည်။ ခဏပင် မြင်လိုက်ရသော်လည်း
ခတ်၍ ရလိုက်သည်။ ဗေဒါသည် မီးပိတ်လိုက်သည်။

ဗေဒါ မီးဖွင့်၍ ကြည့်နေစဉ် လှမြင့်က ဖလင်လဲပြီး မြင်နေသည်။
တ် ဇာတ်လမ်းပြသောအခါ ဗေဒါသည် ဇာတ်ကားကို မကြည့်တော့ချေ။
နားမှ လူရိပ်လူခြည်ကို ချောင်း၍ ကြည့်နေသည်။ ပိတ်ကားနားတွင် စုံတွဲ
တွဲ ရှိသည်ကို ခပ်မည်းမည်း မြင်ရသည်။ ဗေဒါက ဖလင်အကုန်ကိုသာ
နေသည်။ ဖလင်ကုန်ခါနီးတွင် ဗေဒါက မီးကို တင်လိုက်သည်။ဖလင်
သွားသောအခါ ပိတ်ကားမှ မီးရောင်သည် ဖွေး၍နေသည်။ မီးရောင်
ဖြင့် ရှေ့ စုံတွဲမှ မိန်းကလေး၏ သဏ္ဌာန်ကို ခပ်ဝါးဝါး မြင်ရသည်။ ဗေဒါ
သည် ပို၍ မသက်တော့ချေ။ ဗေဒါသည် မီးမောင်းကို အောက်သို့
၍ ချလိုက်သည်။ သည်တော့မှ ရှေ့စုံတွဲကို အထင်းသား မြင်ရတော့သည်။

မြသိက ကိုအေးလွင် ရင်ခွင်ထဲမှ မျက်နှာကို လက်ဝါးဖြင့် ဖိအုပ် လိုက်
မြသိ၏ အပေါ်အင်္ကျီ ကြယ်သီးများသည် တစ်လုံးမှ မရှိတော့ချေ။
ဘီစတစ်ဖက်သည် ပေါင်လည်တွင် လွင့်တက်နေသည်။ ကိုအေးလွင်
နောက်သို့ ခေါင်းကြီး လှမ်း၍ ကြည့်လိုက်သည်။

"ဟေ့ ဘယ်လို လုပ်တာလဲ"

ဦးထွန်းမြင့်က လှမ်း၍ အော်လိုက်သည်။ ဗေဒါကလည်း လျင်သည်
သည် ဒီသည်နှင့်တစ်ပြိုင်နက် မီးကို ပိတ်လိုက်သည်၊ ပြီးမှ လှမြင့်ကို
ခပ်တိုးတိုး သင်ပေးလိုက်သည်။

"ဝက်အူချော်သွားလို့ပါ ဦးလေး"

လှမြင့်က ဗေဒါ၏ ကိုယ်စား ဖြေလိုက်သည်။ ခုအချိန် ဗေဒါအသံ ပါကြားလျှင် ကိုအေးလွင်ရော မြသီပါ ရိပ်မိမည်။ ထို့ကြောင့်လည်း လှမြင့် အဖြေနိုင်းရသည်။ နောက် တစ်ထုပ် ပြသောအခါ ဗေဒါသည် လုံးလုံး ပြ စိတ် မရှိတော့ချေ။ ကြော တစ်လိပ်ကို ထုတ်၍ မီးညှိဖွာလိုက်သည်၊ တွေး ရင်ထဲက အလိုလို နာလာသည်။

ရုပ်ရှင် ပြ၍ပြီးတော့လည်း ဗေဒါကို ဦးထွန်းမြင့်က သူတို့အတွ ပေးထားသော ကားနှင့် အိမ်သို့ပြန်လာခဲ့သည်။ ခံပြင်းစိတ် နာကြည်းစိ များသည် သူ့ ရင်ထဲတွင် လှုပ်ရှား ထကြွနေတော့သည်။ သည်တော့လ ထိုင်နေ၍မရ ဘာလုပ်ရမှန်းမသိ။ သူ့စိတ်ကို ဒေါသက လွှမ်းလာသည်။

ဗေဒါသည် မြသီတို့ အိမ်ဘက်ဆီသို့ ထွက်ခဲ့သည်။ အချိန်က ကိုး ကျော်လေပြီ။ ရှစ်နာရီတွင် ရုပ်ရှင်ပြ၍ ပြီးသည်၊ သည်အချိန်ဆိုလျှင် မြ တစ်ယောက် အိမ်သို့ ပြန်ရောက်ချင် ရောက်၍နေပေလိမ့်မည်။ မြသီတို့ အိ ရောက်တော့ ဗေဒါ ထင်သလို မဟုတ်ချေ။

အိမ်ရှေ့ခန်းတွင် တစ်ယောက်မှ မတွေ့၍ လှမ်း၍ မေးလိုက်သည်

"မြသီ ရှိသလားဒေါ်ဒေါ်"

"ရုပ်ရှင် ရိုက်ရာက ပြန်မလာသေးဘူးတဲ့"

ဗေဒါက မချိုပြုံးပင် ပြုံးမိသေးသည်။ မြသီကို ကနေ့ည မတွေ့ရ အိပ်၍ ရတော့မည် မဟုတ်တော့ချေ။ ထို့ကြောင့်လည်း မြသီတို့ လ လက်ဖက်ရည်ဆိုင်မှ မလာမချင်း ထိုင်၍ စောင့်နေသည်။

ဆယ်နာရီခွဲလောက်တွင် ကိုအေးလွင်တို့ ကားလေး မြသီတို့ လ သို့ ချိုးဝင်သွားသည်ကို မြင်လိုက်ရသည်။ ဗေဒါက အပြေး နောက်မှ သွားသည်။ ဗေဒါ မရောက်မီပင် ကိုအေးလွင်၏ ဂျစ်ကားကလေးက တစ် ထွက်သွားသည်။ မြသီက အသံကြောင်ကလေးဖြင့် နှုတ်ဆက်ရင်း ကျ သည်။ သည်တော့မှလည်း ဗေဒါက မြသီအနားသို့ ခါးယောက်၍ ရ သည်။ မြသီက သူ့ရဲခြောက်ခံရသလို အထိတ်တလန့်ဖြင့် နောက်သို့ တစ် ဆုတ်သွားသည်။

"နင်က အချိန်မတော်ကြီး ဘယ်က လာတာလဲ"

မြသီက တုန်တုန်ယင်ယင် မေးလိုက်သည်။ ဗေဒါက မြသီ အမေးကို ...ဖြေဘဲ ပြန်မေးလိုက်သည်။

"ဘယ့်နှယ် သတင်းကြီးတဲ့ မင်းသမီးကြီး၊ ကနေ့ည အကွက်ကောင်း ...လေးတွေ တော်တော် ရိုက်ခဲ့ရသလား။ အခန်းကောင်းကလေးများ ဘယ် ...နှ်း ရိုက်ခဲ့ရသလဲ"

"ဒါ နင့်အလုပ် ဟုတ်ပါဘူး။ ဒါရိုက်တာရဲ့ အလုပ်ပါ"

"အေးပေါ့ ဒါရိုက်တာရဲ့ အလုပ်မို့ မေးကြည့်တာ။ နင့် ဒါရိုက်တာက ... အခန်းကောင်းကောင်း ဘယ်နှခန်းလောက် ရိုက်လိုက်သလဲ။ ရိုက် ...ကလေးတွေက ဘယ်နှနည်းလောက် ရှိလဲ"

"နင့်ကို စကားပြောဖို့ အချိန်မရှိဘူး"

မြသီက ဖိမ်ပေါ်သို့ တက်မည်အပြုတွင် မြသီ၏ လက်ကို ဗေဒါက ...၍ ဆွဲလိုက်သည်။

"နင် ငါ့ကို ဘယ်နှခါ လိမ်ဦးမလဲ။ ကနေ့ည ခုနစ်နာရီလောက်က ...မြင့်က တစ်စုံတွဲ၊ အဘိုးကြီး တစ်ယောက်က တစ်တွဲ အောက်ဝိုး ...ဘာလေး။ နင်တို့အတွဲက မီးနှင့်အထိုးခံရလို့တောင် နင့်ပေါင်ကြီး ဖွေးဖွေး ...င် မြင်ရသေး မဟုတ်လား။ နင်က အဲဒီတော့ ရှက်ပြီး မျက်နှာကို ...နဲ့ အုပ်သေးတယ်"

"အေး ဟုတ်တယ်၊ ဟုတ်တယ်၊ ငါ ယုံကြည်တာကို ဖြစ်ဖို့အတွက် ...ညီ လုပ်တယ်၊ နင့်လို လေလွင့်ပြီး ကြမ်းပိုးထိုးနေတာ မဟုတ်ဘူး"

"နင် ယုံကြည်တာက ဘာလဲ မိန်းမရှင် မိန်းမပျက် ဖြစ်ဖို့လား။ သူများ ...ယ် ဖြစ်ဖို့လားဟင်"

"ဘာပဲဖြစ်ဖြစ် ငါ မင်းသမီး ဖြစ်ရင် တော်ပြီ။ ငါ့ရည်ရွယ်ချက်နဲ့ ငါ ...ဲ အဆုံးခံတယ်။ နင်နဲ့ ဘာမှ မဆိုင်ဘူး"

အမှောင်ထဲ၌ ဖြစ်သော်လည်း ဗေဒါ မျက်လုံးများသည် မီးတောက် ...နှိုတော့သည်။ ဗေဒါသည် မြသီ၏ လက်ကို ခပ်တင်းတင်း ဆွဲလိုက် ...။

"အေး ခုတော့ ဘယ်ဆိုင်တော့မလဲ ဒီမှာ မြသီ လူ့ဘဝဆိုတာ ဇာတ်စင် ... ကဗျာလွတ် က,သလို ခုန်ပေါက်ပြီး က,နေလို့ မရဘူး။ ကဗျာလွတ်လို ...မရဘူး၊ မေတ္တာတို့ သစ္စာတို့ ရှိရသေးတယ်။ နင့်လို မေတ္တာလွတ်၊

သစ္စာလွတ် မိန်းမတစ်ယောက်ကို ငါလည်း မမက်မောပါဘူး။ ဒါ
ယောကျ်ားတစ်ယောက်အပေါ်မှာ သစ္စာဖောက်တဲ့ နင့်လို မိန်းမ
တစ်ယောက်ကိုတော့ ဟောဒီလို ဆုံးမချင်တယ်"

ဗေဒါ၏ လက်သည် မြသီ၏ ပါးပြင်ပေါ်သို့ တဖြန်းဖြန်း
လာသည်။ မြသီသည် ကြောက်လန့်တကြားနှင့် အော်လိုက်သည်။ မြ
အမေက အခန်းတွင်းမှ အထိတ်တလန့် ပြေးထွက်လာပြီး အသံကုန်
လိုက်သည်။

ဗေဒါသည် မြသီကို တစ်ချက်ချင်း ဆင့်၍ ရိုက်လိုက်သည်။ ဘေး
လူများ ထွက်၍လာသည်။ သည်တော့မှ ဗေဒါသည် တစ်ကြိုးတည်း လစ်
သည်။ ဗေဒါနောက်သို့ လေးငါးယောက် ဝိုင်း၍ လိုက်သည်။ သို့သော် ဗေ
ဘေးလမ်းကြားထဲသို့ ချိုးဝင်၍ ပြေးထွက်သွားသည်။

ဗေဒါသည် အိမ်အထိ မနားဘဲ စွတ်၍ ပြေးခဲ့သည်။ အိမ်ရှေ
အိမ်ရှေ့ ကြမ်းပြင်တွင် လှဲချလိုက်သည်။ ဒေါ်အေးတင်က အထိတ်တလ
ဗေဒါကို ကြည့်လိုက်ရင်း အလန့်တကြား အော်လိုက်သည်။

"ဟင် နင့်လက်မှာ သွေးတွေနဲ့ပါလား ဗေဒါ။ နင် ဘာဖြစ်လာ

အမေပြောမှ သူ့ လက်သူ ကြည့်လိုက်မိသည်။

ဟုတ်ပေသည်၊ ဗေဒါ၏ လက်ဝါးတစ်ခုလုံးကား သွေးဖြင့် ရဲ
နီရဲလျက် ရှိလေတော့သတည်း။

❑

# ၁၀

...က ပေဒါရေးထားသော အင်္ဂလိပ် စာစီစာကုံးကို တစ်လုံးချင်းဖြင့် ဖတ်၍ ...လိုက်သည်။ ဘယ်ဘက်လက်က ပေဒါ၏ ပခုံးနောက်မှ ကုလားထိုင် ...က်မှီပေါ်တွင် တင်၍ ညာဘက်လက်က ဖေါင်တိန်ကို ကိုင်၍ ပြင်ပေး ...သည်။ ငြိမ်း၏ ပခုံးသားက ပေဒါ၏ ပါးပြင်ကို လာ၍ထိတတ်သည်။ ...ကိုယ်မှ မွှေးပျံ့သော ရနံ့တို့က ပေဒါ၏ နှာခေါင်းဝတွင် လာ၍ ကျီစယ် ...ကြသည်။ ပေဒါက ငြိမ်းကို တစ်ချက်တစ်ချက် အကဲခတ်သလို ကြည့် ...သည်။ ငြိမ်း၏ ပါးပြင်ကလေးသည် ညက်ညော ဖြူဖွေး၍နေသည်။ ...လေးက ပန်းရောင်သွေးကြွနေသည်။ နှုတ်ခမ်းကလေး ပွင့်နေပုံမှာ ...နှင့်အောက် ပွင့်ပုံမှာ ညီညာလှသည်။ အထက်နှုတ်ခမ်းက လေးကိုင်း ... ကော့ညွှတ်၍ အောက်နှုတ်ခမ်းက လဆန်း လေးငါးရက် သဇင်ကွေး ...ပုံသဏ္ဌာန် ရှိသည်။ ငြိမ်း၏ မျက်လုံးများက အမြဲတမ်း ရွှန်းလဲ့၍ ...သည်။

...ဒါသည် ငြိမ်းကို ကနေ့မှ စေ့စေ့စပ်စပ် ကြည့်မိသည်။ ငြိမ်း၏ ...သည် ခမ်းနားသည်။ ထည်ဝါသည်။ ခံ့ညားသည်။ သိမ်မွေ့သည်။ ...သည်။ ငြိမ်းက စာသင်နေရာမှ ငေးနေသော ပေဒါကို လှည့်၍ ...လိုက်သည်။

"...တာလည်း နားမထောင်ဘူး ဘာများငေးနေတာလဲ"

"ဘာမှ မဖေးပါဘူး မမငြိမ်း ပြောတာကို နားထောင်နေတာပါ"

ဖေဒါ ရေးထားသော စာစီစာကုံးကို ပြန်ကြည့်လျှင် တစ်မျက်နှာ မင်နီဖြင့် ရဲနေသည်။ ဖေဒါက သူ့ စာအုပ်ကို သူကြည့်ရင်း စိတ်ပျက်မိသည်

"စာစီစာကုံးရေးရင် သဒ္ဒါကို ဂရုစိုက်ရမယ်၊ မမှားရဘူး။ စကားလုံး အလွယ်ဆုံး ကိုယ်နိုင်တာ ရွေးရမယ်။ စာရေးရင် ခပ်ရိုးရိုးနဲ့ မှန်အော ရေးရမယ်၊ အဲဒါကို ဂရုစိုက်"

ဖေဒါသည် ငြိမ်း ပြောသမျှကို စိတ်ဝင်စားစွာ နားထောင်နေမိသည် ငြိမ်းက ဖေဒါ့အနီးမှ ကုလားထိုင်ကို ဆွဲ၍ ထိုင်လိုက်သည်။

"ဖေဒါ နင် ဒီနှစ်တော့ အောင်အောင် ကြိုးစားပါကွယ်။ မက်ထ အောင်ရင် အင်တာ တစ်ထစ်ပဲ ရှိတယ်။ အင်တာအောင်ရင် အလုပ် လုပ် ဖြေတာတောင် ဒီဂရီ ရနိုင်ပါတယ်"

ငြိမ်းက အားပေးလိုက်သော်လည်း ဖေဒါက သက်ပြင်းကို ချလိုက်သ သည်တော့လည်း မောင်နီပြောသော စကားများကို ကြားယောင်မိသည်။

"လူငယ်တွေရဲ့ ဘဝလမ်းခရီးကို မက်ထရစ်ဆိုတဲ့ သမုဒ္ဒရာကြီ ကန့်လန့် ဆီးပြီးနေတယ်. . ."

ဟုတ်ပေသည်။ သူ့ ဘဝကို ခရီးဆက်ရန်အတွက် မက်ထရစ် သမု ကြီးကို မည်သို့မည်ပုံ ကူးခတ်ရမည်ကို စဉ်းစား၍မရအောင် ရှိတော့သ ငြိမ်းက စေတနာဖြင့် ပြောသော်လည်း ဖေဒါ့အတွက် ရင်လေးစရာ ပြ တစ်ခုကို အစဖော်ပေးသလို ရှိတော့သည်။

"ကျွန်တော် ကြိုးစားပါ့မယ်။ သူများနည်းတူ ဘာမှ မပူမပင် မ မကြရဘဲ အချိန်တန် ကျောင်းတက် စာကျက်ပြီး ဖြေရရင် မကြောက် မမငြိမ်းရယ်"

"အိမ်မှာ လုပ်စရာရှိရင် လုပ်ပေါ့၊ စာကျက်ချိန်တော့ မလုပ်နဲ့ အ စာကျက်ပြီးတော့ ကျောင်းပျက်မခံနဲ့။ ကျောင်းမှန်မှန်တက် မင်းဘဝ တစ်ခါလောက် စဉ်းစားကြည့်တယ်၊ ဒီစာမေးပွဲသာ မအောင်ရင် မင်းဘ ဘယ်ဘက်ကို ကူးမလဲ။ မက်ထရစ် စာမေးပွဲဟာ မင်းအတွက် ဘဝလှေ ဒါကို နင် လေးလေးနက်နက် ထားစမ်းပါ ဖေဒါ။ နင့်ဟာက တစ်ခုခုကို မလုပ်ချင်ဘူး။ အခု ဒါဆို တော်တော်ကြာ ဟိုဟာ၊ နောက်ဆိုရင် နင် ကလေး ဖြစ်လိမ့်မယ်. . ."

"ဘာပဲဖြစ်ဖြစ်ပေါ့ မမငြိမ်းရယ် ကိုယ့် ဘဝနဲ့ကိုယ် ထိုက်တန်တာ ဖြစ်ရတာပဲ၊ ကျွန်တော် ကျေနပ်ပါတယ်. . ."

"နင် ခု နေပုံမျိုးသာ နေသွားရင်တော့ နင့်နာမည်နဲ့ နင့်ဘဝဟာ အတူတူပဲ ဗေဒါလို နင့်ဘဝဟာလည်း ရေစုန်မျောမှာပဲ။ လူ့ဘဝဆိုတာ ရည်မှန်းချက် ကမ်းတစ်ခုခုတော့ ကပ်ဖို့ ကူးခတ်ရတယ်. . ."

"ကျွန်တော့် ဘဝမှာ ကပ်စရာကမ်း မမြင်သေးပါဘူး မမငြိမ်းရယ်"

ဗေဒါက သူ့ဘဝကို သူ စိတ်ပျက်သည့်အတိုင်း ခပ်ရှိုးရှိုး ညည်းလိုက်သည်ကိုပင် ငြိမ်းက စိတ်မကောင်းမိတော့ချေ။ ဗေဒါ့ ဘဝကို တွေးရင်း ရင်ထဲ ဘပင် နာလာရသည်။

"မင်း မမငြိမ်းကို ဘယ်တော့မှ ဒီလို မပြောနဲ့၊ မင်း ဒီနှစ် စာမေးပွဲ အောင်အောင် မမငြိမ်း အတတ်နိုင်ဆုံး ကူညီမယ်၊ စာလည်း သင်ပေးမယ်၊ ကျောင်းစရိတ် လိုရင်လည်း အားမနာရဘူး မမငြိမ်းဆီက ယူရမယ်၊ နောက် မင်း အလုပ်လုပ်တော့ ပြန်ဆပ်ပေါ့၊ မာနဆိုတာ လူတိုင်းအပေါ်မှာ မထားရ ဘူး ကိုယ့်ကို စေတနာထားတဲ့သူ တစ်ယောက်အပေါ်မှာ ပြန်ထားတာဟာ စေတနာထားရတဲ့သူကို စော်ကားရာရောက်တယ် နားလည်လား. . ."

ငြိမ်းက ဆရာမကြီးလို ဗေဒါကို ဆုံးမလိုက်သောအခါ ဗေဒါက ကလေးလို ခေါင်းကို အသာညိတ်လိုက်သည်။ သည်တော့မှ ငြိမ်းက နှစ်သိမ့် ကျေနပ်သော အပြုံးဖြင့် ပြုံးကာ ဗေဒါ၏ ပြောင်းဖူးမွှေး ဆံပင်များကို လက် ဖြင့် အသာပွတ်လိုက်သည်။

"နောက်ကို မမငြိမ်း ပြောတာကို နားထောင်စမ်းပါကွယ်၊ မင်း ကြီးပွားတာကို မမငြိမ်း မြင်လိုတာ အမှန်ပါပဲ၊ မင်းကို မမငြိမ်း မောင်အရင်း တစ်ယောက်လို ခင်ပါတယ် ဗေဒါရယ် မင်းယုံစမ်း"

"ကျွန်တော် ယုံပါတယ် မမငြိမ်းရာ၊ မမငြိမ်း ပြောရင် ဘာပဲဖြစ်ဖြစ် နားထောင်ပါတယ်၊ ကျွန်တော်ဟာ ဗေဒါမဟုတ်ပဲ မျောနေတဲ့ လှေတစ်စင်း များ ဖြစ်ခဲ့ရင် မမငြိမ်းဟာ ကျွန်တော့်ဘဝအတွက် ပဲ့ကိုင်ပေးသူ တစ်ယောက် ဆို့ ကျွန်တော့်ရင်ထဲမှာ စွဲထားပါတယ်"

ဗေဒါ၏ စကားကို ငြိမ်းက နှစ်ခြိုက် ကျေနပ်စွာဖြင့် ပြုံးလိုက်သည်။ ငြိမ်း ပြုံးတော့လည်း ဗေဒါက ရှက်သွားဟန်ဖြင့် ခေါင်းကို ငုံ့ထားလိုက် သည်။

"ငါ့မောင်က ခုလိုကျတော့ စကားတတ်သားပဲ၊ ကဲပါရှင် ပဲ့ကိုင်တဲ့အတိုင်းသာ နားထောင်စမ်းပါ၊ ဗေဒါဟာ တစ်နေ့ ကမ်းကပ်ရမှာပေါ့"

ဗေဒါက ငြိမ်းကို တွေတွေကြီး ငေး၍ စိုက်ကြည့်နေသည်၊ ငြိမ်းကလည်း ဗေဒါကို မျက်တောင်မခတ် စိုက်၍ ကြည့်လိုက်သည်၊ ငြိမ်း၏ အကြည့်မှာ ကြင်နာမှု ကရုဏာ စေတနာအပြည့် လျှမ်း၍နေသည်၊ ငြိမ်း၏ အကြည့်သည် ဗေဒါ၏ ရင်ထဲတွင် လှုပ်ရှား၍ သွားလေသည်၊ ဗေဒါသည် အသက်ရှူများပင် မမှန်တော့ချေ၊ ရင်ထဲက အလိုလို ခုန်၍လာသည်၊ အေး၍ လာသည်၊

ထိုအတွင်း၀ယ် အိမ်ရှေ့မှ မောင်တိုး၏ ခေါ်သံကို ကြားရသည်၊ ဗေဒါက နေရာမှ ထလိုက်သည်၊

"ကျွန်တော် ပြန်ဦးမယ် မမငြိမ်း"

"အေးအေး. . . မင်းလိုတဲ့ စာအုပ်တွေ ငါ့ကို စာရင်းပေးစမ်း"

"ဟုတ်ကဲ့ မမငြိမ်း"

ဗေဒါသည် ပြောပြောဆိုဆို အိမ်ရှေ့သို့ ပြေးထွက်ခဲ့သည်၊ အိမ်ရှေ့သို့ ရောက်လျှင် မောင်တိုးက မျက်နှာငယ်ကလေးဖြင့် ဆီး၍ တိုင်လိုက်သည်၊

"အဖေ အရက်မူးပြီး ဆူနေတယ်"

"အေး ဒါ အဆန်းလား ငါ့ ဘာလို့ လာပြောနေရတာလဲ"

ဗေဒါက ဘာမျှမဖြစ်သလို ခပ်အေးအေးပြန်၍ ပြောလိုက်သည်၊ဟုတ်ပေသည် ဦးဘအေး အရက်မူးခြင်းသည် ဗေဒါအတွက် အဆန်း မဟုတ်ချေ

"မဟုတ်ဘူးဗျ နောက်ထပ် အရက်ဖိုး တောင်းမရလို့ အမေ့ကို ရိုက်လုပ်နေတယ်"

ဗေဒါက မောင်တိုးကို ဘာမှ ပြန်မပြောဘဲ အိမ်ထဲသို့ ၀င်ခဲ့သည်၊ ဦးဘအေးသည် အိမ်ရှေ့တွင် ခေါက်တုံ့ခေါက်ပြန် လျှောက်နေသည်၊ ဒေါ်အေးတင်က စိတ်ပျက်လက်ပျက်ဖြင့် ထိုင်နေရာမှ တတွတ်တွတ် ဆူ[illegible] သည်၊

"နေ့ရှိသရွေ့ မူးပြီး အိမ်ကို နှိပ်စက်နေတာ ၀ဋ်ရှိသလောက်တော့ ခံကြပေါ့၊ သေသွားရင် ဒီ၀ဋ်က ကျွတ်တာပဲ"

"အေး ခံကြပေါ့ ၀ဋ်ကျွတ်ချင်ရင် အလွယ်လေးပဲ၊ ကန်တော်ကြီး ကြို[illegible] သလား၊ အင်းယားကြိုက်သလား၊ ကြိုက်တဲ့ နေရာသွားခုန်ချချေ၊ ငါ ခ[illegible] ပေးလိုက်မယ်. . ."

"ရှင်သာ သွားခုန်ချပါ အဖန် ငါးရာငါးကမ္ဘာ ကျုပ်တို့တော့ ကြောက်လွန်းလို့"

ဦးဘအေးက ခြောက်ကပ်သော အသံကြီးဖြင့် ရယ်လိုက်သည်။ ပေဒါသည် ဦးဘအေး နှစ်နှစ်ခြိုက်ခြိုက် ရယ်သည်ကို တစ်ခါမျှ မတွေ့ဘူးချေ။ ဦးဘအေး၏ ရယ်သံသည် အမြဲတမ်း အားနည်း၍ နေတတ်သည်။ခြောက်ကပ်၍ နေတတ်သည်။ ရယ်ပုံ ရယ်နည်းမှာလည်း ရယ်ချင်၍ ရယ်ခြင်း မဟုတ်၊ သရော်လို၍ ရယ်သော ရယ်ခြင်း၊ မခံချင်၍ ရွဲ့ရယ်သော ရယ်ခြင်းမျိုးဖြစ်သည်။

ပေဒါသည် ဒေါ်အေးတင် အနားတွင် ဝင်၍ထိုင်လိုက်သည်၊ သည်တော့မှလည်း ဒေါ်အေးတင် နောက်တွင် မှောက်၍ငိုနေသော ကြောင်မကို တွေ့ရသည်။

"ဒီကောင်မကလေးက ဘာဖြစ်တာလဲ"

"သူ ကျော်ဂျက်တိုးပြီး စုထားတဲ့ ပိုက်ဆံကို ငါ ဈေးဖိုး မရှိလို့ ငါးကျပ် ခေါ်ယူတယ်၊ အဲဒါ မင်းအဖေကပါ အရက်ဖိုး မရှိလို့ တောင်းတယ်။ တောင်းရတော့ အဖေကဆူ သမီးကငို ငါဖြင့် ငရဲပြည်မှာ နေရသလို ထွက်သာပြေးချင်တယ်. . ."

"ငိုမှာပေါ့ သူများ စုစုထားတဲ့ ပိုက်ဆံတွေယူပြီး ပြန်လည်း မပေးဘူး။ အလျင်တစ်ခါလည်း ဒီလိုပဲ ကြက်သားတိုးပြီးရောင်းရတဲ့ ငွေ ရှစ်ကျပ်ကို သူတို့ပဲ ယူပြီး ပြန်မပေးဘူး။ အကျီဝယ်ဖို့ စုစုထားတယ်၊ သူတို့ သုံးဖို့ စုထားရတာ ဘဲနေတာပဲ။ ဈေးယူ အကုန်ယူ ဒီ ကျန်တဲ့ ငါးကျပ်နဲ့လည်း မဝယ်လောက်ပါဘူး"

ကြောင်မက သူ့အိတ်ထဲမှ ကျပ်တန် ငါးရွက်ကို လုံးချေလွှတ်ပစ် လိုက်သည်။ ပေဒါက ကြောင်မ လွှင့်ပစ်သော ကျပ်တန်ကလေးများကို လိုက်၍ကောက်ယူလိုက်သည်။ ဦးဘအေးက ကြောင်မကို မျက်နှာ ခပ်တင်းတင်းဖြင့် စိုက်၍ ကြည့်လိုက်သည်။

နင် စကားသိပ်မရှည်နဲ့ အတီးခံရလိမ့်မယ်။ ငါကကွာ သူ့ ပိုက်ဆံကို ပြန်ဖြန်ကျ ပြန်ပေးမယ်လို့ ပြောပြီး ခေါ်ယူတာ အဲဒါ မင်္ဂလာမရှိ ငိုနေတယ်။ သားသမီးများ တယ် အားကိုးရတယ်။ နင်များ သူဌေးသား တစ် ယောက်ယောက်နဲ့ ရရင် ငါ့ကို အိမ်နားတောင် အလာခံမှာမဟုတ်ဘူး ထို့ လူမဖြစ်ခင်က ဘဲရှုပ်ကန်းနေကြပြီ"

ဦးဘအေးက နာကြည်းကြေကွဲသော အသံဖြင့် ပြောလိုက်သောအခါ ဖေဒါက အဖေ့ကို သနားမိပြန်သည်။ ခုနေအခါ အဖေသည် အားငယ်ရှာပေမည်။ သမီးဆီက အရက်ဖိုး တောင်းမရ၍ ရှက်လည်း ရှက်ပေလိမ့်မည်။ ဖေဒါက ကြောင်မကျောကို ပွတ်၍ ချော့လိုက်သည်။

"ကဲ ကြောင်မ နင့် ငါးကျပ် ငါ့ကိုချေး၊ အမေ ယူတာရော ဆိုရင် တစ်ဆယ်ပေါ့ဟာ၊ ငါ နင့်ကို ဆယ့်ငါးကျပ်ပြန်ပေးမယ်၊ နင် ငါ့ကို ယုံတယ် မဟုတ်လား. . ."

ကြောင်မ ငိုနေရင်း ခေါင်းညိတ်လိုက်သည်။ သည်တော့မှ တံခါး ကြားမှ အရက်ပုလင်းကို လွယ်အိတ်ထဲတွင် ထည့်၍ ဆိုင်ကြီးသို့ ပြေးထွက်ခဲ့သည်။ ဆိုင်ကြီးမှ အရက်တစ်လုံး ဝယ်ပြီးလျှင် အိမ်သို့ ပြန်ခဲ့သည်။

အိမ် အခြေအနေသည် ဤအတိုင်းသွား၍ မဟန်တော့သည်ကို ဖေဒါ စဉ်းစားမိသည်။ မိုးလင်းလာလျှင် ဈေးဖိုး အရက်ဖိုး ပြဿနာက နေ့စဉ်နေ့တိုင်း အခက်အခဲကြီး တစ်ခုလို ဖြစ်နေသည်။ သည် ပြဿနာကစ၍ တစ်အိမ်လုံး တဆူဆူ တပူပူ ဖြစ်တတ်သည်။ နေ့စဉ်နေ့တိုင်း ရန်ဖြစ်သည်။ ဆူကြပူကြသည် ကြာတော့လည်း အရပ်ထဲတွင် ရှက်ဖို့ကောင်းလာသည်။ အိမ်နီးနားချင်းတို့ အားနာစရာ ကောင်းလာသည်။

ဖေဒါသည် အဖေ့ရှေ့တွင် အရက်ပုလင်းကို ချ၍ ပြန်ထွက်ခဲ့သည် ဆုံးဖြတ်ချက် တစ်ခုကိုလည်း ချလိုက်သည်။

စောစောက ငြိမ်း သင်ထားသော စာများသည် ဖေဒါ့ ဦးနှောက်ထဲမှ ထွက်ပြေးကုန်ကြလေပြီ။

ဖေဒါသည် ဦးထွန်းမြင့်ရှေ့သို့ မျက်နှာငယ်ကလေးဖြင့် ရပ်လိုက်သည်။ တစ်သက်နှင့်တစ်ကိုယ် မပြောရဲသော စကားကို ပြောရပေတော့မည်။ပြောမည် ဟု ဆုံးဖြတ်ထားသည့် တိုင်အောင် ပါးစပ်မှ မထွက်။

"ဆိုစမ်းပါ ဘာကိစ္စလဲ"

"ကျွန်တော် အလုပ်တစ်ခု လုပ်ချင်တယ်။ ကျွန်တော့်ကို အလုပ် တစ်ခုလောက် ရှာပေးပါ ဦးလေး။ ကျွန်တော် အလုပ်လုပ်မှ ဖြစ်တော့မယ်"

"မင်း ကျောင်းမနေတော့ဘူးလား"

"အလုပ်အားတဲ့ အချိန်မှာ ကျောင်းတက်မယ် အလုပ်ကတော့ လုပ် ရမှာပဲ"

"ဘာလဲ မင်းအဖေက အလုပ်ကို မလုပ်တော့ဘူးလား၊ တစ်နေကုန် မူးနေတာပဲလား"

အဖေ့ကို လူတကာ အထင်သေးတော့လည်း ဗေဒါက ရှက်လာသည်၊ အဖေ့အတွက်လည်း ဝမ်းနည်း နာကြည်းလာသည်။

"မဟုတ်ပါဘူး အဖေလည်း အလုပ်တော့ လုပ်ပါတယ်၊ ဒါပေမဲ့ အလျှင်လို ဝင်ငွေ မမှန်တော့ဘူး၊ အလုပ်ကလည်း ပါးလာတယ်"

"အေးလေ မင်း လုပ်ချင်ရင် ငါ စာရေးပေးလိုက်မယ်၊ အလုပ်လည်း အခန့်သင့်ပဲ၊ တစ်နေ့ကပဲ ဓာတုကလျာ ရုပ်ရှင်ရုံ ပိုင်ရှင် ဒေါ်စန်းရီက သက်ယောက် အော်ပရေတာ တစ်ယောက်လိုလို့ ငါ့ကိုတောင် ရိုးရိုးသားသား တစ်ယောက်တွေ့ရင် လွှတ်လိုက်ပါလို့ ပြောသေးတယ်၊ အဲဒီကို သွားပါ စာရေးပေးမယ်"

ဦးထွန်းမြင့်က စာရေးစက္ကူကပ်ကို ဖွင့်ကာ နှစ်ကြောင်းမျှ ရေး၍ ပေးလိုက်သည်၊ ဗေဒါသည် ဦးထွန်းမြင့်ပေးသော စာကိုယူ၍ ဓာတုကလျာ ရုပ်ရှင်ရုံသို့ တစ်ကြိုးတည်း လစ်ခဲ့သည်။

ရုံသို့ ရောက်သောအခါ ဒေါ်စန်းရီကို ချက်ချင်း တွေ့ခွင့်မရချေ၊ ဒေါ်စန်းရီ၏ အခန်းတွင်း၌ နာရီဝက်ခန့် စောင့်နေရသည်၊ ပြီးမှ ဦးထွန်းမြင့် ၏ စာကို ပေးလိုက်ရသည်။ စာပေးပြီး ဆယ်မိနစ်ခန့်ကြာမှ ဒေါ်စန်းရီကို တွေ့ရသည်။

ဒေါ်စန်းရီကို မြင်လိုက်ရသောအခါ ဗေဒါ၏ စိတ်ထဲတွင် တစ်ကြိမ် က တွေ့ဖူးသလို ထင်မိသည်၊ သို့သော် အစဖော်၍ကား မရချေ၊ ရုပ်ရှင်ရုံ အမည်နှင့်လိုက်အောင် ဒေါ်စန်းရီသည် ချောမောလှပသည်၊ စိုပြည်တောင့် တင်းသည်၊ ဖိဖိစက်စက်ကြီး လှသည်၊ အနည်းငယ် ဝသည်ဆိုသော်လည်း ပြေပြစ်သည်၊ သူ့ကိုယ်သူ ဓာတုကလျာလို သဘောထား၍သာ သူ့ ရုပ်ရှင် ရုံကို ဤ အမည်မျိုး ပေးခြင်းဖြစ်မည်။

"အလျှင် ဘယ်မှာလုပ်ဖူးလဲ. . ."

ဒေါ်စန်းရီက ဗေဒါကို အကဲခတ်သလို ကြည့်လိုက်ရင်း တည်ငြိမ် သော လေသံဖြင့် မေးလိုက်သည်၊ ဗေဒါက ဒေါ်စန်းရီကို ငေးကြည့်နေသဖြင့် ချက်ချင်း ပြန်၍မဖြေနိုင်သေးပေ၊

"ဦးလေး ဦးထွန်းမြင့်ဆီမှာ လုပ်ခဲ့ဖူးပါတယ်"

"လခ ဘယ်လောက်ယူမလဲ. . ."

"မမတို့ တော်သလိုပေးပါ အလုပ်ကတော့ ကျွန်တော် စက်မောင်း ရုံတင် မဟုတ်ပါဘူး။ အပိုင်းတွေဘာတွေ ဆင်တတ်ပါတယ်၊ ဖြတ်တတ် ဆက်တတ် ပါတယ်. . ."

ဒေါ်စန်းရီသည် ဣန္ဒြေရရ ပြုံးလိုက်သည်။ ဗေဒါ၏ အရည်အချင်းကို သဘောကျ၍လား၊ သူ့ကို ဗေဒါက မမလို့ ခေါ်သည်ကို ကျေနပ်၍လား မသိ၊ အတန်ကြာမှ ဣန္ဒြေရရ ပြုံးလိုက်သည်။

"ဒါဖြင့် တစ်ရာ့အစိတ်နဲ့ လုပ်နိုင်ပါ့မလား။ အချိန်က ဆယ်နာရီက နေ ညအထိ ဆင်းချင်ဆင်း၊ မဆင်းချင် ဆန်းဒေး မောနင်းရှိုးနဲ့ နေ့ပိုင်းဆင်း"

"မမတို့ နိုင်းသလို ဆင်းနိုင်ပါတယ်။ ဒါပေမဲ့ ဆယ်နာရီတော့ ဖြစ်နိုင် ရင် ကျောင်းချိန်နဲ့ တိုက်နေလို့ ဆယ့်တစ်နာရီလောက်က စပြီး ဆင်းပါရစေ ညအထိ ဆင်းဆိုလည်း ဆင်းပါ့မယ်. . ."

"အေးလေ ဒါဖြင့် ဆယ့်တစ်နာရီက စဆင်းပေါ့ အလုပ်ချိန်တော့ နောက်မှ ပြောတာပေါ့၊ နက်ဖြန်က စပြီးဆင်း။ မင်းက ကျောင်းလည်း နေသကို ကောင်းတာပေါ့ကွယ်။ ဒီအရွယ်မှာ ပညာသင်ဖို့ ကောင်းသေးတာ မေ ဘယ်အတန်း ရောက်ပြီလဲ"

"မက်ထရစ်ပါ"

"အေးအေး မနက် တစ်နာရီဆင်း ငါ့ကို အလျင်လာတွေ့"

"ကျွန်တော် ပြန်မယ် မမ"

"အေး"

ဗေဒါသည် ပေါ့ပါးသွက်လက်သော ခြေလှမ်းဖြင့် ရုံမှ ထွက်ခဲ့သည် ခုတော့လည်း ဗေဒါ့ဘဝသည် တစ်ဖြစ်လဲရပေတော့မည်။

ဘဝဆိုသည်မှာ အကျပ်အတည်းများဖြင့် ရင်ဆိုင် ရုန်းကန်ရခြင်းပ မဟုတ်လော။

□

## ၁၁

ဗေဒါက ငြိမ်းပြသော စာအုပ်များကို ကြည့်ရင်း အတန်ကြာမျှ ငိုင်၍ ကြည့်နေမိသည်။ ငြိမ်းက ဗေဒါ့အတွက် ဝယ်လာသော စာအုပ်များကို တစ်အုပ်ချင်း ယူ၍ ပြလိုက်သည်။ စာအုပ်များကား စုံပါသည်။ ပြဋ္ဌာန်းထားသော စာအုပ်များသာ မဟုတ်။ ဦးခင်မောင်လတ်၊ ဦးတက်တိုးတို့၏ မှတ်စုစာအုပ်များပါ အစုံဝယ်၍ ထားခြင်းဖြစ်သည်။

အမှန်တော့ ဗေဒါ အလုပ် ဝင်လုပ်သည်ကို ငြိမ်းက မသိသေးချေ။ ဗေဒါ အလုပ် ဝင်လုပ်သည်မှာ တစ်ပတ်ခန့် ရှိလေပြီ။ သို့သော် ငြိမ်းကို ဖွင့်မပြောခဲ့ပေ။ ထို့ကြောင့်လည်း ငြိမ်းက ဗေဒါအတွက် ကျူရှင်ပေးရန် သူ ကိုယ်တိုင် စာအုပ်များ ဝယ်၍လာခြင်း ဖြစ်သည်။

"နင် အခု လေးငါးရက် အတွင်း ဘယ်ပျောက်နေလဲ။ စာလည်း လာပြီး မသင်ဘူး။ ကြိုးစားပါ ငါ့မောင်ရယ် မသွေစမ်းပါနဲ့၊ ဒီအချိန်က စပြီး စာ မှန်မှန် ကျက်သွားရင် အောင်နိုင်ပါတယ်။ တခြားဟာတွေ ဘာမှ စိတ်မဝင်စားနဲ့ ရှစ်လ၊ ကိုးလလောက် အောင့်လိုက်ရင် မင်းဘဝဟာ မှတ်တိုင် တစ်ခု ကျော်သွားမှာပဲ"

ငြိမ်းက ဗေဒါ၏ ဘဝရှေ့ရေး စိမံကိန်းချ၍ အားရပါးရ ပြောပြလိုက်သောအခါ ဗေဒါမှာ အလိုလို ဝမ်းနည်း၍လာသည်။ ငြိမ်း မျှော်လင့်သည်နှင့် ဗေဒါ၏ ဘဝမှာ တခြားစီ ဖြစ်သည်။

မငြိမ်းက နောက်စာအုပ် တစ်ပုံကို သယ်၍လာပြန်သည်။

"ဟောဒါက အထွန်း မနှစ်က ကိုင်တဲ့ စာအုပ်တွေ ပြန်သုံးနိုင်တယ်"

"အထွန်းရော မမငြိမ်း"

"အဆောင်မှာ နေတယ်လေ"

ပေဒါသည် သူ့အဖြစ်ကို ဖွင့်ပြောရန် သင့်မသင့် စဉ်းစားနေသည်။

"ကျွန်တော် အလုပ် ဝင်နေပြီ မမငြိမ်း"

စောစောက ကြည်လင် ရွှင်ပျသော ငြိမ်း၏ မျက်နှာမှာ ခဏချင်းပင် ညှိုး၍လာတော့သည်။

"ဟင် နင် အလုပ် ဝင်လုပ်နေပြီ ဟုတ်လား။ ဒါဖြင့် ကျောင်းမနေတော့ဘူးပေါ့။ ငါ့ကို တိုင်ပင်ပါဦးတော့လား ပေဒါရယ်"

ငြိမ်းက ဝမ်းနည်း ကြေကွဲသံကလေးဖြင့် ညည်းလိုက်သည် ပေဒါက အလိုလို ငိုချင်လာသည်။

"ကျွန်တော့်ဘဝက တိုင်ပင်စဉ်းစားပြီး လုပ်ရမယ့် ဘဝ မဟုတ်တော့ဘူး မမ။ နေ့ချင်း ရင်ဆိုင်နေရတဲ့ ဘဝကို ရုန်းနေရတာပဲ။ ဒါပေမဲ့ ကျောင်းတော့ အချိန်ရသလို တက်မယ်လို့ စိတ်ကူးတယ်။ ကျူရှင်တော့ မယူနိုင်တော့ဘူး မမရာ၊ နေ့ခင်းကနေ ည ၁၂-နာရီအထိ အလုပ်ဆင်းရမှာ"

"အလုပ် မလုပ်ရင် မဖြစ်တော့ဘူးလား။ မင်း အဖေက မင်း အခုလို စာသင် အပျက်ခံပြီး အလုပ် လုပ်နိုင်းရသလား။ သူ့မှာ တာဝန်ရှိတာတော့ မယူဘူး။ ငါသာ မင်းအဖေနေရာမှာ ဆိုရင် ကိုယ့်သား လူညွန့်တုံးအောင် အလုပ် မလုပ်ခိုင်းဘူး။ တောင်းပြီး ကျွေးရ ကျွေးရ ကျွေးမယ်၊ အချိန်ရှိသရွေ့ မှုးနေပြီး သားကို အလုပ် လုပ်ရက်တယ်. . . မင်းအတွက် ငါ နှမြောတယ် ပေဒါ. . ."

ငြိမ်းက စေတနာ အရင်းခံဖြင့် လှိုက်လှိုက်လှဲလှဲ ပြောလိုက်ပြန်တော့လည်း ပေဒါက ငြိမ်းကို စိတ်မဆိုးနိုင်အောင် ရှိတော့သည်။ အဖေကို ထိတော့ ရင်တွင်းက မခံချိအောင် နာမိသော်လည်း ငြိမ်း၏ စေတနာကိုလည်း မပြစ်မှားမိအောင် ရှိတော့သည်။

"ကျွန်တော် အလုပ် လုပ်တာကို အဖေ မသိပါဘူး၊ အဖေနဲ့လည်း မဆိုင်ပါဘူး။ ဒါပေမဲ့ မမငြိမ်း ပြောသလို အိမ်က တာဝန်ဟာ အဖေ တစ်ယောက်တည်း အပေါ်မှာသာ မဟုတ်ဘူး၊ ကျွန်တော့် အပေါ်မှာလည်း တာဝန်ရှိပါတယ်။ အဖေဟာ အနှစ် နှစ်ဆယ်ကျော် ကျွန်တော်တို့ကို တာဝန်ယူခဲ့ပြီးပြီ။ အသက် နှစ်ဆယ်ကျော်ရင် လူဟာ ကိုယ့်ဘဝကိုယ် ရပ်တည်နိုင်ရမယ်။ မိဘကို မှီခိုဖို့ မသင့်ဘူး။ အဖေကလွဲရင် အိမ်မှာ အကြီးဆုံး ယောကျ်ားဆိုလို့

ကျွန်တော်ပဲ ရှိတယ်။ အမေ့တာဝန်၊ ညီ၊ နှမတွေ တာဝန်ကို ကျွန်တော် ယူသင့်တယ် မဟုတ်လား မမ။ ကျွန်တော်လည်း စာမေးပွဲ မအောင်ချင်ဘဲ ဘယ်နေမလဲ သိပ်အောင်ချင်တာပေါ့။ မမငြိမ်း ပြောသလို ဒီစာမေးပွဲဟာ ကျွန်တော့် ဘဝရဲ့ လှေကားကြီးဆိုတာ ကျွန်တော် ယုံကြည်ပါတယ်၊ ဒီ လှေကားကြီးပေါ် တက်နိုင်မှ ကြီးမြင့်တဲ့ လမ်းကို ရောက်မယ်ဆိုတာ ကျွန်တော် သိပ်ယုံတာပေါ့။ ဒီ လှေကားကြီးကို ကျော်နိုင်မှ ကြီးမြင့်တဲ့ လမ်းကို လျှောက် နိုင်မယ်ဆိုတာ ကျွန်တော် နားလည်ပါတယ် မမငြိမ်းရဲ့။ ဒါပေမဲ့ အိမ်မှာ ငတ်နေတယ်၊ နေ့ရှိသမျှ ဈေးဖိုး၊ နေ့ရှိသမျှ ဆီဖိုး၊ ဆန်ဖိုး အရက်ဖိုး မရှိဘူးဆိုတဲ့ အသံတွေဟာ ကျွန်တော့်နားထဲမှာ သံပူနဲ့ လောင်းသလို ကြားနေရတယ်၊ မရှိဘူး မရှိဘူးဆိုတဲ့ အသံဟာ မိုးကြိုးပစ်တာထက်တောင် ကျွန်တော့် နားထဲမှာ ပွတင်ထပ်နေတယ်။ မီးလောင်နေတဲ့ အိမ်ကြီးထဲမှာ အတွန်းတို့လို စာထိုင်ကျက် နေနိုင်ပါ့မလား မမငြိမ်း။ ကျွန်တော် မရှက်ပါဘူး။ အိမ်မှာ ငတ်နေတယ်၊ ငတ်နေတယ်၊ ဒီ အငတ်ပြဿနာကြီးနဲ့ နေ့တိုင်း ရင်ဆိုင်နေရတဲ့ ဘဝမှာ ကျွန်တော် အေးအေးချမ်းချမ်း စာသင်နိုင်ပါ့မလား၊ ထမင်း တစ်လုတ်ကို တစ်နေ့ လုပ်မှ တစ်နေ့စားရတဲ့ ကျွန်တော်လို ကောင်မွဲကလေး တစ်ယောက်အတွက် စာအုပ်ကို ပိုက်ပြီး ကျောင်းပညာကို လိုက်ဖို့ဆိုတာ တွေးတောင် မတွေးရဲပါဘူး မရယ်...”

ဒေါ်ဒါသည် မငိုမိအောင် ချုပ်ထိန်း၍ထားသော်လည်း မရတော့ချေ။ မျက်ရည်များက တစ်ပေါက်ချင်း ကျလာသည်။ ငြိမ်းက စားပွဲကို မှီ၍ ရပ်လိုက် ၏၊ ဒေါ်ဒါ့မျက်နှာကလေးကို ဆွဲမော့လိုက်သည်။ ပြီးမှ ဒေါ်ဒါ့ ပါးပြင် ပေါ်သို့ စီးကျနေသော မျက်ရည်များကို နူးညံ့သော လက်ချောင်းကလေးများဖြင့် သုတ်ပေးလိုက်သည်။

“မင်းဟာ အကျိုးပေးက ဆိုးလှချည်လား ဒေါ်ဒါရယ် ဘာပဲဖြစ်ဖြစ် လေ ကျောင်းမတက်ဖြစ်တောင် ကျူရှင်တော့ မှန်မှန် ယူပါကွယ်။ မနက် ခြောက်နာရီ ထောက်ဆိုရင် မင်း အချိန်ရမှာပေါ့။ မင်းကို အောင်စေချင်လွန်းလို့ ငါ ပြောင်ရယ်”

ငြိမ်းက တယုတယ ဒေါ်ဒါ့ ပါးပြင်မှ မျက်ရည်များကို သုတ်ပေးရင်း ညှာတာသံဖြင့် ပြောလိုက်သည်။ ဒေါ်ဒါက ငြိမ်း၏ လက်ကလေးနုနုကို အသာ ဆွဲလိုက်ပြီးလျှင် ပါးဖြင့် ကပ်ထားလိုက်သည်။

"မမငြိမ်း ပြောသလို ကျွန်တော့်ဘဝဟာ ပေဒါပန်းလိုပါပဲ။ ကမ်းမမြ
လမ်းမမြင် မျောနေမှာပဲ။ တစ်ခုတော့ရှိရဲ့ ပေဒါက ရေထဲမှာ မျော
ကျွန်တော်က လောကဓံလှိုင်းကြောပေါ်မှာ မျောနေရတာ၊ ကျွန်တော့်အတွ
ကပ်စရာ ကမ်းဆိုတာ မရှိပါဘူး မမရယ် . . . တကယ် မရှိပါဘူး . . ."

ငြိမ်း၏ တောက်ပသော မျက်လုံးအိမ်တွင်းဝယ် မျက်ရည်ကလေးမျ
အုန်း လာသည်။ ပေဒါက ငြိမ်းလက်ကလေးကို မလွှတ်သေးဘဲ သွ
ပွတ်နေတော့သည်၊ ငြိမ်းက ပေဒါ၏ ပါးကလေးကို မနာအောင် ဖျစ်ညှ
လိုက်သည်။

ပေဒါသည် ငြိမ်းကို မျက်ရည်ဝိုင်းနေသော မျက်လုံးများဖြင့် မေ
ကြည့်လိုက်ရင်း နေရာမှ ထလိုက်သည်။

"ကျွန်တော် ပြန်ဦးမယ် မမငြိမ်း"

"ကျူရှင်ယူမယ့် နေ့ကို ကြိုပြောနော် . . . ယူဖြစ်အောင်တော့ ယ
ကွယ် . . . နေ့စဉ် မဟုတ်တောင် တစ်ရက်ခြားပေါ့ . . ."

"ဟုတ်ကဲ့ မမငြိမ်း-ကျွန်တော် ကြိုးစားပြီး လာသင်ပါ့မယ် . . ."

ပေဒါသည် ခေါင်းငိုက်စိုက်ဖြင့် အိမ်သို့ ပြန်ခဲ့သည်။ အိမ်
ဦးဘအေးသည် အရက်ပုလင်းနှင့် ငြိမ်ချက်သား ကောင်းလှသည်။ ဦးဘ
၏ မျက်နှာကား တစ်ခုခု စိတ်ထိခိုက်နေဟန် ရှိသည်။ ဦးဘအေးသာ မ
ခေါ်အေးတင်၏ မျက်နှာလည်း မကောင်းလှပေ။

ပေဒါက အဖေနှင့်အမေ မျက်နှာကို ကြည့်ရင်း အမေ့ နောက်
ကပ်၍ ထိုင်လိုက်သည်။ ပြီးမှ အဖေမကြားအောင် ခပ်တိုးတိုး မေးလိုက်

"အဖေ ဘာဖြစ်လို့လဲ အမေ . . ."

"မင်း အလုပ် လုပ်တာကိုသိလို့ စိတ်ဆိုးနေတယ် . . ."

ပေဒါသည် ဆက်၍ မမေးတော့ချေ။ အမေ့နောက်တွင် အသ
နေလိုက်သည်။ ဦးဘအေးက အရက်ကို မော့လိုက်ရင်း ပေဒါ့ကို ခပ်
လှမ်း၍ ခေါ်လိုက်သည်။

"ဟေ့ကောင်-ပေဒါ"

ပေဒါသည် ထ၍ ထိုင်လိုက်ရင်း အဖေ့ရှေ့တွင် ရပ်လိုက်
ဦးဘအေးက ပေဒါကို မကြည့်ဘဲ အရက်ကို မော့မြဲ မော့နေသည်။

"မင်း-ဓာတုကလျာ ရုပ်ရှင်ရုံမှာ အော်ပရေတာ လုပ်နေတယ်ဆို

"ဟုတ်ကဲ့. . ."

အဖေက မေးတော့လည်း ကွယ်ဝှက်၍ မနေတော့ချေ။ အမှန်အတိုင်း သာ ပြောချလိုက်သည်။

"မင်းက ငါ့ကို မပြောဘဲ ဘာလို့ အလုပ်ဝင်ရတာလဲ။ မင်း သဘောနဲ့ ဆင်းလုပ်လို့ ရမလား။ ကျောင်းထားတယ် ကျောင်းမနေချင်ဘူး။ ဟိုယောင် ယောင်, ဒီယောင်ယောင်သွား။ ဟိုစပ်စပ် ဒီစပ်စပ် ဘာကောင်မှန်း မသိ ချွေသား ကောင်းစား. . ."

ဝေဒါက အဖေပြောသမျှ ငုံ၍ခံနေသည်။ ဝေဒါက ခံနေသော်လည်း ဦးဘအေးတင်က မခံနိုင်တော့ပေ။

"ရှင်က ငါ့စကားနွားရ မပြောပါနဲ့၊ ကျွပ်သားက သိတတ်တဲ့ကောင် ရှင့်လို တစ်နေကုန် မူးပြီးနေတာ မဟုတ်ပါဘူး။ အိမ်မှာ ကျပ်တည်းမှန်း သိလို့ ဝင်လုပ်တာ ရှင် ဘာမှ ပြောနေစရာ မလိုဘူး. . ."

"ပြောစရာလိုလို့ ပြောတာ၊ ဒီအိမ်မှာ ငါ လူကြီး၊ ငါ ဦးစီးတာ၊ ဘယ် ဘာလုပ်လုပ် ငါ့ကို ခွင့်တောင်းရမယ်။ ငါ သဘောတူမှ လုပ်ရမယ်။ ဘာ မှာ ကျပ်တည်းတာလဲ၊ နင်တို့ ခု ဘာနဲ့ စားနေလဲ။ အိမ်မှာ ကျပ်တည်းလို့ တယ်ဆိုတာ ငါ့ကို အရှက်ခွဲတာ၊ ငါ ဘယ်လောက် ရှက်ဖို့ ကောင်းသလဲ"

"ဦးဘအေးက ဖန်ခွက်ကို ဆောင့်၍ချလိုက်ရင်း အော်လိုက်သည်။ က ခေါင်းငုံ့၍သာ နားထောင်နေသည်။ ဒေါ်အေးတင်ကမူ ဦးဘအေး င်စီးလွန်းသော စကားများကြောင့် သည်းမခံနိုင်တော့ချေ။

"ရှက်ရင် အိမ်မှာ ဘာလို့ အငတ်ထားလဲ။ ရှက်တဲ့လူလား လမ်းထဲ ဆူဆဲနေတာ၊ ဒီ မျက်နှာမျိုးက ရှက်တဲ့ မျက်နှာမျိုး မဟုတ်ဘူး။ သူခိုးက လူ လု ဟစ်သေးတယ် အံ့ရော. . ."

"ဟေ့ မင်းစော်ကားလွန်းပြီနော် ငါ သည်းမခံနိုင်ဘူး။ မင်း ဝင်ပြောစရာ ကြောင်းမှ မရှိဘူး။ ဝေဒါကို ငါ ဆုံးမနေတာ ဒီအိမ်မှာ ငါ့ စကားကို *နားထောင်ရမယ်။ ဝေဒါ မင်း အလုပ်က ခု ထွက်မလား မထွက်ဘူး* . ."

ဝေဒါသည် ရုတ်တရက် အဖြေမပေးနိုင်၊ ငိုင်၍ စဉ်းစားနေမိသည်။ တ်ထဲတွင် ရှိသည့်အတိုင်း အဖြေပေးလိုက်လျှင် အဖေ ပို၍ စိတ်ဆိုးမည်။ ၍သည်းမဖြေ၊ ထို့ကြောင့်လည်း ဝေဒါက ငိုင်၍ ကြည့်နေသည်။

"ဟော့ကောင်. . . ငါ မေးနေတာ မင်း မကြားဘူးလား၊ မင်း ဒီအလုပ်က ထွက်မလား မထွက်ဘူးလား. . ."

"ကျွန်တော် မထွက်ချင်ဘူးအဖေ. . ."

"ဒါဖြင့် မင်း ခွေးဇာတ်ခင်းတော့မယ်ပေါ့လေ-မင်းဟာမင်း ခွေးဇာတ်ခင်းတာ အရေးမဟုတ်ဘူး၊ ငါ့ အရှက်ပါ ခွဲတာ စာမေးပွဲတော့ အောင်အောင် မဖြေဘူး ကျောင်းလည်း မနေချင်ဘူး၊ ကလေကချေ ကြမ်းပိုးတေလေ ဖြစ်မယ့်ကောင်၊ သွား-မင်း ငါ့ဆီမှာ မနေနဲ့ ခွေးလေခွေးလွင့် မင်းအမေက ကျွန်မ ဒါကြောင့် ကျွန်စိတ်ပါနေတာ သူများအိမ်မှာ သူများခိုင်းတာ လုပ်ချင်တယ် ဒနိုင်ဘာလည်း လုပ်ပေးတယ်၊ အစေခံလည်း လုပ်ပေးတယ်၊ ငါတောင် သူများ လခစား မလုပ်ဘူး၊ ကိုယ့်ဟာကိုယ် မီးကန်ထရိုက်တာ လုပ်နေတာကြည့် လွတ် လပ်တယ်ကွ၊ ကိုယ်လုပ်ချင်ရင် လုပ်တယ်၊ မလုပ်ချင်ရင် မလုပ်ဘူး၊ ဘယ်သူ ဘာပြောနိုင်သလဲ သူများ လခစား လုပ်တယ်ဆိုတာ ကျွန်စိတ်မွေးတာ"

ဖေဒါသည် အသားများ တဆတ်ဆတ် တုန်၍လာသည်၊ အမှန် ပြောလျှင် မည်သူကို ထိနိုက်မည်ကို ဖေဒါက သိသည်၊ ထိုကြောင့်လည်း ဘာ ပြန်မပြောဘဲ ခေါင်းငုံ့၍ ခံခဲ့သည်၊ ခုတော့ ကိုယ့်စိတ်ကို ကိုယ် မချုပ်တည်း နိုင်တော့ချေ၊ ဖေဒါသည် ဦးဘအေးအနားသို့ တစ်လှမ်း တိုးသွားပြီးလျှင် မခံရပ်နိုင်သော ဒေါသဖြင့် ရင်ထဲရှိသမျှ ဖွင့်ချလိုက်သည်၊

"ဟုတ်တယ်. . . ဟုတ်တယ် ကျုပ်က ကြမ်းပိုးတေလေ ကျောင်းလည်း မနေ စာလည်းမကျက် ပေတေနေတဲ့ အကောင်၊ သူများ ကျွန်ခံနေတဲ့ အကောင်၊ ကျွန်တော် ဒီလိုဖြစ်ရတာ ဘာကြောင့်လည်း ခင်ဗျား သိတာ မဟုတ်လား၊ ခင်ဗျား ပါးစပ်က ဝန်မခံပေမယ့် ခင်ဗျား ရင်ထဲမှာ သိတာ မဟုတ်လား၊ ကျွန်တော့်ကို ဘာမှ ပြောနေစရာ မလိုဘူး၊ ခင်ဗျားကိုယ် ခင်ဗျား ပြန်ပြော. . ."

ဖေဒါသည် စကားဆုံးလျှင်ဆုံးချင်း အိမ်ထဲမှ ထွက်သွားတော့သည်၊ ဦးဘအေးကား တန်းလျားပေါ်တွင် ငိုင်၍နေသည်၊ ဖေဒါပြောသော စကား များသည် ဦးဘအေး၏ ရင်ထဲတွင် နင့်၍သွားတော့သည်၊ ဖေဒါ ပြောသည့် ပင် ကိုယ့်ကိုယ်ကိုယ် ပြန်မေးတော့လည်း အဖြေကို မရှာရဲအောင် ရှိနေ သည်၊ သည်တော့လည်း နာကြည်းစိတ်ဖြင့် အံကို ကြိတ်ထားလိုက်သည်၊

ဦးဘဓေးသည် သူ့မျက်နှာကို လက်ဝါးဖြင့် အုပ်၍ ဒူးပေါ်တွင် မျက်နှာကို အပ်လိုက်သည်။ သူ့ လက်ဝါးပေါ်တွင် မျက်ရည်ပူတို့သည် အဆက်မပြတ် ကျဆင်း၍လာတော့သည်။

□

# ၁၂

ပေဒါ မျက်နှာတစ်ခုလုံး သွေးမရှိတော့ချေ။ ကိုယ် မဟုတ်ဘဲနှင့် ခံရတော့လည် စိတ်ထဲတွင် ခံပြင်းမိသည်။ ကိုယ့်အပြစ် မဟုတ်သော်လည်းကိုယ်က စား အပြစ် လက်ပူးလက်ကြပ် မိနေတော့လည်း ပြန်၍ ဖြေရှင်းရန် မလွယ်တော့ ပြီးတော့လည်း စက်ဆရာ ကိုယ်တိုင်က အမှန်အတိုင်း တောင်းပန် ထာ တော့လည်း ပေဒါက ရေငုံ၍ ဒေါ်စန်းရီ ပြောသမျှကို ငြိမ်ခံနေရတော့ ဒေါ်စန်းရီ၏ မျက်နှာအမူအရာသည် အေးအေးဆေးဆေး ရှိသော်လ သူ့ပစ္စည်းထိလျှင် ပြတ်ပြတ်သားသား ရက်ရက်စက်စက် လုပ်မည်မှာ သေ သည်။

"မင်းကို ငါ ဘယ်လိုလုပ်ရမလဲ။ အမှုဖွင့်ရမလား၊ ခေတ်ပညာ တတ်ရဲ့သားနဲ့ ခုလို လုပ်တာများ အံ့ရော။ ကိုထွန်းမြင့် လူမို့သာ သည် ရတယ်။ တခြားမျက်နှာ ထောက်စရာ မရှိတဲ့ လူဆိုရင် မင်းကို ငါ အခု ဖမ်းချုပ်နိုင်းမယ် နားလည်လား။ မင်း ဘာပြောချင်သေးသလဲ. . ."

"ကျွန်တော် ဘာမှ ပြောစရာမလိုပါဘူး။ မမထို့ ပေးတဲ့ အပြစ် ခံဖို့ပါပဲ၊ ဖမ်းချုပ်လည်း ခံရမှာပဲ။ ထောက်ချားပဲ လုပ်ပြီး ခံရမှာပေါ့"

ဒေါ်စန်းရီသည် စီးကရက်ကို မီးညှိ၍ ဖွာလိုက်ပြီးလျှင် တစ် လှည့်ရင်း တစ်ယောက်တည်း ပြောသလို ပြောလိုက်သည်။

"မင်း ဒီကာဗွန်တွေ ခိုးပြီး ဘာလုပ်လဲ၊ ရောင်းစားပြီး မ အရက်ဖိုး ပေးရသလား. . ."

"ဒါ မမနဲ့ မဆိုင်ပါဘူး. . ."

"အင်း. . . ငါနဲ့ မဆိုင်ဘူး ဟုတ်လား၊ ငါ့ ကာဗွန်တော့ ခိုးတယ်၊ သိုက်လည်း လိုက်တဲ့ သားအဖ အဖေက အရက်သမား၊ သားက သူခိုး. . ."

ပေဒါ့မျက်နှာမှာ နီ၍လာသည်၊ မျက်လုံးများက ဒေါသခိုး လျှံ၍ လာသည်။

"အပြစ်ရှိရင် ကျွန်တော့်ကို လုပ်ချင်သလိုလုပ်၊ အဖေကိုတော့ မစော်ကားပါနဲ့၊ အသေခံချင် ခံမယ်၊ အဖေ့ကို စော်ကားတာတော့ မခံဘူး. . ."

"အမယ်၊ ကြီးကျယ်လိုက်တာ၊ မင်းကို ငါ အမှုဖွင့်မယ် ဝတ္ထုရှား နှိုက်အတိုင်းတော့ ကိုထွန်းမြင့်ကို တိုင်ရဦးမယ်. . ."

ဒေါ်စန်းရီသည် စားပွဲပေါ်မှ တယ်လီဖုန်းကို ကောက်၍ ယူလိုက်ပြီး နံပါတ် လှည့်လိုက်သည်။

"ဟဲလို. . . ဟဲလို ကိုထွန်းမြင့်လား၊ ဟုတ်ကဲ့. . . စန်း စကားပြောနေတယ်၊ ရှင့်လူ ကာဗွန်တွေ ခိုးလို့ အဲဒါ ပစ္စည်းလည်း ဆုံးသေးတယ်၊ ရှုံးလည်း ရှုံးတယ်ဆိုပြီး. . . နာမည်ပျက်ရသေးတယ်၊ ကျွန်မ သိပ်စိတ်ဆိုးတယ်၊ ရှင့် ကျောင်းနှာကြောင့်၊ ကျွန်မ အမှုဖွင့်ချင်တယ်၊ အမှု မဖွင့်ရင် အလုပ်ကတော့ ထုတ်ပစ်ရမှာပဲ၊ လက်ပူးလက်ကြပ် မိနေတာပဲ၊ မဟုတ်ဘဲနဲ့ မလုပ်ဘူး၊ ကဲလေ အမှုဖွင့်ဘူး၊ ရက်တွက်ပြီး ထုတ်ပစ်လိုက်မယ်၊ ဟုတ်ကဲ့-ဟုတ်ကဲ့ ကနေ့လား၊ ကျွန်မ မအားဘူး၊ တနင်္ဂနွေနေ့ အားတယ်၊ ဟုတ်ကဲ့ ကျွန်မ စောင့်နေမယ်"

ဒေါ်စန်းရီက ဖုန်းကို ချလိုက်ပြီးလျှင် အံဆွဲထဲမှ ပိုက်ဆံကို ထုတ်ယူ လိုက်သည်။

"မင်း ဒီလ ဘယ်နှရက်တွက် ရှိလဲ. . ."

"ဆယ်ရက်တွက်. . ."

ဒေါ်စန်းရီက ကျသင့်ငွေကို တွက်၍ လေးဆယ့်တစ်ကျပ်ခုနစ်ဆယ် ကို ထုတ်၍ ပေဒါဆီသို့ ထိုးပေးလိုက်သည်။

"ရော့-မင်း ဒီမှာ အလုပ် လုပ်စရာ မလိုတော့ဘူး. . ."

ပေဒါသည် ဒေါ်စန်းရီကိုပင် စိုက်၍ ကြည့်နေတော့သည်၊ မဟုတ်ဘဲ ခံရ၍လည်း ဒေါသဖြစ်မိသည်၊ သို့သော် ဖြေရှင်း၍ မရသော အဖြစ်မို့ ကြိတ်၍သာ ခံနေရသည်။

ပေဒါသည် ဒေါ်စန်းရီပေးသော ငွေကိုယူ၍ ရုံးမှ ဆင်းခဲ့သည်၊ ကံများ

က ဆိုးချင်တော့လည်း သွားလေရာ မိုးက လိုက်၍ရွာသည်။ အမှန်က သူ့ အပြစ် လုံးလုံးမရှိချေ။ သူ၏ စက်ဆရာက ကာဗွန်အတိုများကို ပိုက်ဖြင့်ခံ၍ အသုံးနိုင်းသည်။ တစ်ပွဲလျှင် ကာဗွန် ရုံမှ နှစ်ချောင်းပေးသည်ကို ပေါ သိပြီး ဖြစ်သည်။ တနင်္ဂနွေနေ့ နံနက်ပွဲဆိုလျှင် လေးချောင်းရသည်။ စက် ဆရာသည် တနင်္ဂနွေနေ့ဆိုလျှင် ကာဗွန် နှစ်စုံလောက် ခိုးတတ်သည်။ ပေါ်ါနှင့် ကျွ စက်သမားများက ဖြစ်သလို ကာဗွန်အတိုများကို ပိုက်နှင့်ခံ၍ သုံးရသည်။ ပေ အလုပ်ဝင်ကတည်းက ဤသို့ပင် လုပ်ခဲ့ရသည်။ ဤသည်ကို သိသော်လည်း လူကြီးဖြစ်၍ ပေါ်ါက နိုင်းသည့်အတိုင်းသာ လုပ်ခဲ့သည်။ ကနေ့ တနင်္ဂနွေ အထူးပွဲတွင် ဒေါ်စန်းရီကိုယ်တိုင် သူ့ မန်နေဂျာနှင့် တက်၍ စစ်သည်။ ကာ အတိုများကို ပိုက်နှင့်ခံ၍ သုံးနေသော ပေါ်ါကို တွေ့၍ ခုလို ဖြစ်ရသည် ပေါ်ါက အမှန်အတိုင်း ဖြေမည် ဆိုပြန်တော့လည်း စက်ဆရာက သွေး နေတော့သည်။ သူ့ အပြစ်ကို မဖော်ရန် အမျိုးမျိုး တောင်းပန်သည်။ သည်တော့ လည်း ပေါ်ါက သူများအပြစ်ကို ခေါင်းခံ လုပ်ရတော့သည်။

သို့သော် တစ်သက်နှင့်တစ်ကိုယ် သူများ ပစ္စည်းကို မပြစ်မှားခဲ့ဖူးသ ခု တစ်ကြိမ်မှ အစွပ်စွဲခံရသည်ကို ဝမ်းနည်းမိသည်။ ဦးထွန်းမြင့်ကို တစ်နေ့နေ့တော့ ရှင်းပြမည်ဟု စိတ်ကူးလိုက်သည်။ ဦးထွန်းမြင့်ဆို၍ သည် ဒေါ်စန်းရီ၏ မျက်နှာကို ခုမှ ကွက်ခနဲ ပေါ်လာသည်။ ဒေါ်စန်း တွေ့စကပင် တစ်နေရာရာ၌ မြင်တွေ့ခဲ့ဖူးသည်ဟု ထင်ခဲ့မိသည်။ သို့ အစက ဖော်၍မရခဲ့။ ယခု ဦးထွန်းမြင့်နှင့် ဆက်၍ တွေးယူမှ တစ် တွေ့ခဲ့ဖူးသော မျက်နှာနှင့် ဒေါ်စန်းရီ၏ မျက်နှာကို ယှဉ်ကြည့်မှ သတိရသည်။ ယခု အလုပ်ရှင် ဓာတုကလျာ ဒေါ်စန်းရီသည် တစ် ကိုအေးလွင် မြသီတို့နှင့်အတူ ဦးထွန်းမြင့်၏ ရင်ခွင်ထဲတွင် တွေ့ခဲ့ မိန်းမချော မိန်းမလှကြီးပင် ဖြစ်သည် မဟုတ်လော။

ပေါ်ါသည် သည်အကြောင်းကို ဆက်၍ မတွေးတော့ချေ။ တွေး မတွေးချင်တော့ချေ။ လောကကြီး၌ လူတွေ၏ အကျင့်သိက္ခာသည် ယုံ မကောင်းလောက်အောင်ပင် ပျက်ပြားနေသည်ကို တွေးရင်း ဖုံ့ဖြ သည်။

အိမ်ရောက်တော့လည်း ခြေပစ်လက်ပစ် လှဲ၍ နေလိုက် ဦးဘအေးက ပေါ်ါကို အကဲခတ်၍ ကြည့်လိုက်မိသည်။

"မင်း အလုပ် မဆင်းတော့ဘူးလား ပေဒါ. . ."

"ကျွန်တော် အလုပ်ပြုတ်လာပြီ အဖေ. . ."

ပေဒါက ဦးဘအေး ဝမ်းသာစေရန် အမှန်အတိုင်းပင် ဖြေလိုက်သည်။ ဘအေး၏ မျက်နှာသည် ပြုံး၍လာသည်။ ပေဒါ အလုပ်ပြုတ်သည်ကို ဘအေးက ဝမ်းသာမိသည်။

"အလုပ်ပြုတ်တာကို မင်းက ဝမ်းနည်းသလား. . ."

"ဝမ်းမနည်းပါဘူး ဒါပေမဲ့ တစ်ခုတော့ ခံပြင်းတယ်။ စက်ဆရာက နိုးတာကို ကျွန်တော့်အခိုး ဖြစ်ရတယ်. . ."

"မင်းက ရှင်းမပြဘူးလား. . ."

"ရှင်းပြလို့လည်း မဖြစ်ဘူး။ စက်ဆရာက သူ့ အလုပ်ပြုတ်မှာ ကြောက် ။ ကျွန်တော့်ကို အမှန်အတိုင်း မပြောဖို့ တောင်းပန်တယ်။ တခြားမှာ ပါမယ်လို့ ပြောတယ်။ နောက်ဆုံး ငွေလိုရင် ငွေပေးပါ့မယ်လို့ တောင်းပန် ကျွန်တော်လည်း သူ့ အတွက် ခံလိုက်တယ်။ အလုပ်ရှင်လည်း အဆိုး လို့တော့ မရဘူးပေါ့။ သူ့ ပစ္စည်းခိုးတယ်ဆိုတော့ ထုတ်ပစ်မှာပဲ။ ကိုယ် ဘဲနဲ့ အစွပ်စွဲခံရတာတော့ မကောင်းဘူးပေါ့ အဖေ။ ဒါပေမဲ့ သူများ း၀ိုးကို မကွဲအောင် ကူညီရတာတော့ ဝမ်းသာပါတယ်. . ."

"အေး-မင်းမှန်တယ်၊ ငါ့သားမှန်တယ်။ အားမငယ်ပါနဲ့ကွာ မင်း လောက်တောင် အလုပ် လုပ်ချင်ရင် အဖေနဲ့ အတူလုပ်။ အဖေလည်း အခု ဘာတွေ ကိုယ်တိုင် မဆင်နိုင်ဘူး။ လူခေါ်ပြီး ဆင်ရတာ သူတို့လည်း ဆံပေးရတာပဲ။ မိုးမိုးအိမ်ဆိုရင် အဖေ့အတွက် လေးငါးခြောက် ဆယ်ပဲ ဘယ်။ တို့ သားအဖ လုပ်ရရင် ပိုကျန်တာပေါ့။ ဗိုလ်အိမ်တွေ တိုက်ကြီး ဘာတွေဆိုရင် အများကြီး စားသာတယ်။ သူများ လခစား မလုပ်နဲ့ကွာ းအဖ လုပ်ရင် မင်း အခုလုပ်တဲ့ တစ်ရာကျော်လောက်တော့ စည်တာ ကွာ"

ဦးဘအေး ပြောသော စကားများကို နားထောင်ရင်း ပေဒါက ကျေနပ် ဖြစ်မိသည်။ ဟုတ်သည် အဖေသည် ခုတလော အလုပ် ကောင်း ကောင်း နိုင်သော့ချေ။ တစ်ခါတစ်ရံ အရက်မူးနေ၍ ချိန်းထားသည့် အလုပ်များပင် ပေးသည်။ လုပ်တော့လည်း ကိုယ်တိုင် မလုပ်နိုင်။ အလုပ်သမားများကို ခိုင်းရသည်။ သူတို့အတွက် ပိုက်ဆံပေးရသည်။ အဖေနှင့်အတူ လုပ်လျှင်

အဖေပြောသလိုပင် တစ်လ တစ်ရာလောက်တော့ ပိုရွှဲ ဝင်မည်။ ကျောင်းလ
မှန်မှန် တက်နိုင်မည်။ ငြိမ်းထံတွင် ကျူရှင်လည်း မှန်မှန်ယူနိုင်မည်၊ ကို
လုပ်အား တစ်ရာလောက် မဝင်သည့် တိုင်အောင် အဖေ့အလုပ် မပျက်
ဝင်ငွေ ပိုလာမည်။ အဖေသာ အလုပ်အကိုင် စည်းကမ်းတကျ လုပ်လျှင် ခုထ
ဝင်ငွေ ပိုလာမည်၊ ဤသည်ကို တွေးရင်း ဗေဒါက အားတက်လာသည်။

"ဟုတ်တယ် အဖေ ဒါဒါ ကောင်းတယ် ကျွန်တော် မီးလောက်
ဆင်နိုင်ပါတယ်။ အဖေ ဘာမှ မလုပ်ရဘူး ပါးစပ်နဲ့ ထိုင်ပြောနေရင် ပြီးတ
သူများပေးရတဲ့ ပိုက်ဆံ ကျွန်တော်တို့ ရတာပေါ့. . ."

ဗေဒါက လှဲနေရာမှ ထ၍ ထိုင်လိုက်သည်။ ဦးဘအေးကလည်း
ကို ပေါင်လယ်အထိ သိမ်း၍ မ,တင်လိုက်ပြီးလျှင် သူ့ မုတ်ဆိတ်မွေး မျ
လက်ဝါးဖြင့် သပ်လိုက်သည်၊ သူ့ မျက်နှာမှာ အားတက်လာဟန် ရှိသည်၊

"ရပါတယ်ကွာ-လျှပ်စစ်ပညာဆိုတာ ခက်အောင် ပြောရင် ခက်တာ
လွယ်အောင် ပြောရင် လွယ်တာပေါ့။ ဒီလက်ထရစ်စီတီ အစ်စ နီးဝိတ်၊ နီး
နီးကာလာ။ လျှပ်စစ်သဘောမှာ အလေးချိန်မရှိဘူး၊ အရိပ်မရှိဘူး၊ အ
မရှိဘူး။ စီးဆင်းလာတဲ့ ဖိုဓာတ် မဓာတ် ထိတွေ့ဆန့်ကျင်တဲ့ သဘောပဲ
ချင်း ထိတော့ မီးပွင့်တာပေါ့ကွ-ဟိုမှာ မက်ကနက်ယူခဲ့. . ."

ဗေဒါက မက်ကနက်ယူ၍ ပေးလိုက်သည်၊ ဦးဘအေးက ဖို
မဓာတ် သဘောကို ရှင်းပြလိုက်သည်။ ဦးဘအေးက ရှင်းပြသည်ကို ဗေ
စိတ်ဝင်စားကာ နားထောင်နေသည်။ ဦးဘအေးကလည်း စိတ်ပါလ
ရှင်းပြနေသည်၊ ဒေါ်အေးတင်က အဝတ်လျှော်နေရာမှ သားအဖ နှစ်ယေ
လေပေးဖြောင့်နေသည်ကို ကြည့်ရင်း ကျိတ်၍ ပြုံးလိုက်သည်။

❑

# ၁၃

ဒါက ဦးဘအေး မီးပြင်လျှင် ကိုင်လေ့ရှိသည့် လက်ဆွဲသေတ္တာကလေး တွင် လိုသည့် ပစ္စည်းများကို ထည့်နေသည်။ ဦးဘအေးသည် ၎င်းသေတ္တာ လေးကို အမြတ်တနိုး ထားတတ်သည်။ သေတ္တာအပေါ်၌ သဘော်ဆေးဖြင့် ဘအေး မီးကန်ထရိုက်တာ ဆိုသော စာလုံးလေးများ ရေး၍ထားသည်။

ယနေ့လည်း မီးပြင်ရန် မနက်အစောကြီး လာ၍ ပြောသွားသည်။ သည့်အချိန်တွင် ဦးဘအေးက ရေချိုးကိုက်နေလေပြီ။ ဇေဒါက ပစ္စည်းများ ...င့် ဖြစ်နေသော်လည်း ဦးဘအေးက သောက်နေတုန်းပင် ဖြစ်သည်။

မီးဖိုချောင်မှ ဒေါ်အေးတင်က လှမ်း၍ သတိပေးလိုက်သည်။

"အလုပ် နှောက်ကျနေပြီ ကိုဘအေးရေ ဟိုက ခုနစ်နာရီ အမိလာဖို့ ...းတာ. . ."

"အေးပါဟာ ငါသိပါတယ်။ တဲ ဇေဒါ. . ."

ဦးဘအေးက သူ့လက်ကို ဆုပ်ပြီး တစ်စုံတစ်ခုကို ဆွဲဟန် ပြု၍ အရိပ် ...ည် ပြလိုက်သည်။ ဦးဘအေး သည်လိုပြလိုက်လျှင် သူ့ ပစ္စည်း သေတ္တာကို ...ခြင်းဖြစ်ကြောင်း ဇေဒါက နားလည်ပြီး ဖြစ်သည်။

ဦးဘအေးနှင့် ဇေဒါတို့ထလျှင် ကားတစ်စီး ထိုးရပ်လိုက်သည်။ကား ... လူတစ်ယောက် ဆင်းလာသည်။ ဦးဘအေးက ပြုံး၍ နှုတ်ဆက် ...သည်ကိုပင် ထိုသူ၏ မျက်နှာမှာ တင်းမာ၍နေသည်။

"ဘယ်အချိန် ရှိပြီလဲဗျ. . . ခင်ဗျား ခုနစ်နာရီ အမိ လာမယ်ဆိုပြီး ရှစ်နာရီခွဲနေပြီ။ ကျုပ်စက်က ရပ်ထားရတယ်။ အလုပ်ဆိုတာ စကားတည်မှ ကောင်းတယ် မတည် မကောင်းဘူး။ တစ်ခါလည်းမဟုတ် နှစ်ခါလည်း မဟုတ်"

ဗေဒါသည် ရုတ်တရက် ထွက်လာသော ဒေါသကို ချုပ်တည်း၍ ထားရသည်။ ဦးဘအေးကမူ ဟန်ဆောင်၍ ပြုံးလိုက်သည်။

ဒါကတော့ဗျာ ကျုပ်ကို ခင်ဗျား ချုပ်ချယ်လို့ ဘယ်ရမလဲ။ ကျုပ် အလုပ်က လွတ်လပ်တဲ့ အလုပ်ပဲ။ ခင်ဗျား ငွေကို စရန်ယူထားတာလည်း မဟုတ်။ ခင်ဗျားခေါ်တဲ့အချိန် ကျုပ် မလာသေးဘူးဆိုရင် လာတဲ့လူ ခေါ်ပြီး ပြင်ရုံပဲ ရှိတယ်။ ခင်ဗျား ကျုပ်ကို ဒေါသတကြီး အပြစ်တင်နေစရာ မလိုဘူး။ ကျုပ်က ခင်ဗျားစက်က အလုပ်သမား မဟုတ်ဘူးဗျား။ ဒီမှာကြည့် လွှ ကန်ထရိုက်တာ ကန်ထရိုက်တာဆိုတာ ကန်ထရိုက်နဲ့မှ အလုပ် လုပ် နားလည်လား. . ."

ဦးဘအေးက သူ့ ပစ္စည်းသေတ္တာကို မြှောက်၍ ပြလိုက်သည်။ ဗေဒါက သူ့အဖေပြောသော စကားများကို နားထောင်ရင်း ကျေနပ်နေမိသည်။

"ဒါဖြင့်လည်း ပြီးတာပေါ့ဗျာ။ နောက် မငှားရုံဘဲ ရှိတာပေါ့။ မီးအင် တွေ ပေါပါတယ်. . ."

ချည့်သည်သည် ပြောပြောဆိုဆို ပြန်ထွက်သွားတော့သည်။ ဦးဘအေး က အရက်ကို ငှဲ့၍ မော့လိုက်သည်။

"လူကို ဘာများ အောက်မေ့နေလဲ မသိဘူး ပိုက်ဆံမရှိ တယ် အထင်သေးကြတယ်။ သူတို့ အခိုင်းအစေမှ မဟုတ်ဘဲ ဘယ်ရမလဲ ဒါ တော့ ဘအေးတို့က မာနကြီးသဟေ့. . ."

ဒေါ်အေးတင်က ဦးဘအေးကို မျက်စောင်းထိုး၍ ကြည့်လိုက်သည်။

"ကြီးပါတော်. . . ရှင့်မယ် မာနကြီးတာပဲ ဂုဏ်ယူနေ၊ အိမ်ကျော အငတ်ထား. . ."

ဒေါ်အေးတင်၏ စကားကြောင့် ဦးဘအေးမှာ မျက်နှာပျက်သွားတော့ သည်။ ဗေဒါသည် အဖေကို သနားမိသည်။ အဖေ မူးနေ၍ အလုပ်ပျက်သည် မှန်သော်လည်း အဖေ့ကို ခုလို မပြောသင့်ဟု ထင်မိသည်။ အမေ့ဘက် ကြည့်ပြန်တော့လည်း ဆန်ဖိုးထဲ ဆန်မရှိလျှင် ပူရှာလိမ့်မည်။ သည်အဖြစ် လည်း တစ်နေ့မဟုတ်၊ နေ့စဉ်နှင့်အမျှ ဖြစ်နေတော့လည်း အမေ့အနေ

ည့်မှု စိတ်ဆင်းရဲမည်ကို ဗေဒါက ကိုယ်ချင်းစာမိသည်။ သူ ကိုယ်တိုင်ဝင်
ဒဏ်ကို မခံနိုင်၍ အလုပ်ဝင်ခဲ့ခြင်း ဖြစ်သည် မဟုတ်လော။

ဦးဘအေးသည် တစ်ချက်မျှ ရှုံ့မဲ့ပြီးမှ ခြောက်ကပ်သော အသံဖြင့် ယ်လိုက်သည်။ ပြီးမှ ဝမ်းနည်း နာကြည်းသံဖြင့် ညည်းလိုက်သည်။

"အေး. . . အေး. . . ပြောကြပေါ့ ငါက နင်တို့ကို ဝအောင် ရှာမပေး နိုင်တဲ့ အခြေ ရောက်နေပြီကိုး. . ."

အဖေပြောသော စကားများသည် ဗေဒါ့ရင်ကို နင့်စေသည်။ ထို့ ကြောင့်လည်း ဗေဒါသည် ဆက်၍ နားမထောင်တော့ချေ။ ငြိမ်းတို့ အိမ်ဘက် ်သို့ ထွက်ခဲ့သည်။

ငြိမ်းတို့ အိမ်အဝင်တွင် အထွန်းနှင့် သူ့အမေကို တွေ့ရသည်။ ဗေဒါကို မြင်သျှင် အထွန်းက တစ်ချက်မျှ ပြုံးလိုက်သည်။

"နင် ဒီနှစ် အောင်အောင် ကြိုးစားနော်၊ မသိတာရှိရင် ငါ့မေး ငါ ပေးမယ်. . ."

အထွန်းက ခပ်နှိမ်နှိမ် ပြောလိုက်သဖြင့် ခံပြင်းမိသည်၊ သို့သော် အခါ သူတို့က ပြောအားရှိနေသည် မဟုတ်လား။

"အေးပေါ့ဟာ နင်တို့က ပြောအားရှိသေးတာပေါ့။ ဒါပေမဲ့ နင် သိ သလောက် ငါလည်း သိပါတယ်၊ နင်လည်း ငါ့ထက်တော့ မတော်ပါဘူး. . ."

"အမယ် နင့်ထက်တော်လို့ အောင်တာပေါ့၊ မတော်ဘဲနဲ့ အောင် . . ."

"အလကား ဟဲ့ ဗေဒါ ဒီကောင်မလေးကို မစစ်နဲ့. . ."

အထွန်းတို့အမေ ဒေါ်ရွှေမြက ဝင်၍ ဖျဉ်လိုက်သည်။ အထွန်းသည် ါ ပြန်ပြောမည့် စကားကိုပင် မစောင့်တော့ဘဲ သူ့အမေနှင့်အတူ ထွက် သွားတော့သည်။ ဗေဒါက ဘာမှ ပြန်မပြောတော့ဘဲ အိမ်ထဲသို့ ဝင်ခဲ့သည်။

ညေ့ခန်းထဲတွင် တစ်ယောက်မျှမရှိ စာကြည့်ခန်းဘက်သို့ လှမ်း၍ ည့်လိုက်သည်။ စာကြည့်စားပွဲတွင် စာရေးနေသော ငြိမ်းကိုတွေ့ရသည်။ ါက စာကြည့်ခန်းသို့ အသာဝင်၍ သွားသည်။ ပြီးတော့လည်း ငြိမ်း က်တွင်သာ ရပ်လိုက်သည်၊ ဗေဒါက ငြိမ်းထိုင်နေသော ကုလားထိုင် ်မှီကို အသာ ကိုင်ထားရင်း ရပ်နေမိသည်။ ငြိမ်းက စာရေးရာမှ နားလိုက် ်ဖြင့် နောက်သို့မှီလိုက်သည်။ သည်တော့လည်း ဗေဒါ၏ လက်ချောင်းကလေး

များကို ငြိမ်း၏ ကျောသားကလေးက ဖိထားပြီး ဖြစ်သွားသည်။ ငြိမ်းသည် အထိတ်တလန့်ဖြင့် နောက်သို့ လှည့်ကြည့်လိုက်သည်၊ မတုန်မလှုပ်ဖြင့် ပြုံး၍ ကြည့်နေသော ဗေဒါမျက်နှာကို မြင်ရမှ ကလေးဆန်ဆန် နှုတ်ခမ်းကလေးများ စူ၍လာတော့သည်။

"ကောင်လေးက အသံမပေး ဘာမပေးနဲ့ လန့်လိုက်တာ၊ နင် က[illegible] အလုပ်မဆင်းရဘူးလား. . ."

ဗေဒါ အလုပ် ပြုတ်သည်ကို မငြိမ်း မသိသေးချေ၊ ဗေဒါကလည်း ဖွင့်၍ မပြောခဲ့ပေ။

"ကျွန်တော်. . . အလုပ်ပြုတ်သွားပြီ မမ. . ."

ငြိမ်းက ဗေဒါ အလုပ်ပြုတ်သည်ကို ဘာမှ မဖြစ်ဟန်ဖြင့် ပြုံးလိုက်သည်၊ ဗေဒါ အလုပ်ပြုတ်သည်ကို အမေကလွဲ၍ အားလုံးက ဝမ်းသာနေကြသည်။

"ကောင်းတယ် ဒါ နင် စာမေးပွဲ အောင်ချင်လို့ပဲ နောက် ငါ့ဆီ[illegible] မှန်မှန် လာသင်ရမယ်. . ."

ငြိမ်းက ဟန်ဆောင်မဟုတ် တကယ့် စေတနာဖြင့် ပြောလိုက်ခြ[illegible] ဖြစ်သည်ကို ဗေဒါ ကိုယ်တိုင် ယုံကြည်ပြီး ဖြစ်သည်။

"ဒါပေမဲ့ စာကတော့ မှန်မှန်သင်နိုင်မှာ မဟုတ်ပါဘူး မမရာ၊ အမေ[illegible] အတူ မီးလိုက်ပြီး ဆင်ရတယ်။ အဖေက အခု သိပ်ပြီး အလုပ် မလုပ်နိုင်တော့[illegible] မမရဲ့၊ အဖေ အလုပ် ကောင်းကောင်းမလုပ်နိုင်တော့လည်း စားရေး သောက်[illegible] ခက်တာပေါ့၊ ဒီတော့ အဖေ့အလုပ်ကို ကျွန်တော် ကူနေရတယ်. . ."

ငြိမ်းသည် ဗေဒါ ပြောသော စကားများကို နားထောင်ရင်း မျက်[illegible] ကလေးပင် မသိမသာ ပျက်သွားတော့သည်။ ငြိမ်း၏ စေတနာကား ဗေဒါ[illegible] ကျောင်းသားတစ်ယောက် စစ်စစ် ဖြစ်လိုသည်၊ စာမေးပွဲအောင်စေလိုသ[illegible] ဤ တစ်လုပ်တည်းကိုသာ ကြိုးစား၍ လုပ်စေချင်သည်၊ ထို့ကြောင့် လ[illegible] ဗေဒါ အလုပ်ပြုတ်သည့် သတင်းကို ကြားရ၍ ဝမ်းသာမိသည်၊ သို့[illegible] ဗေဒါက အဖေ့ အလုပ်ကို ကူညီလုပ်ရသည် ဆိုတော့ တစ်ဖန် စိတ်ပျက်ရသ[illegible]

"နင့်အတွက် ငါ ရင်လေးတယ် ဗေဒါ၊ ဒီအတိုင်းသာ သွားရင် နင်[illegible] နင့်အဖေလိုပဲ ဖြစ်တော့မှာပဲ၊ နင့်ဘဝရဲ့ တက်လမ်းကို ပိတ်ထားတာ [illegible] လူ မဟုတ်ဘူး နင့် အဖေပဲ- နင့် အဖေ. . ."

"အဖေ့ကို မစော်ကားပါနဲ့ မမငြိမ်းရာ ကျွန်တော့် အဖေလည်း တ[illegible]

က ကျွန်တော့်လိုပဲ သူများနည်းတူ လူ့ဘဝမှာ ချမ်းသာ ကြီးကျယ်တဲ့ လူ
တစ်ယောက်ဖြစ်အောင် ကြိုးစားခဲ့မှာပဲ။ ဒါပေမဲ့ ဘဝ အကျိုးပေးက နံချာတော့
ဆင်းရဲကြီး၊ လူမွဲကြီး၊ အရက်သမားကြီး ဖြစ်နေရတယ်။ ဒါကို ခင်ဗျားတို့က
တော်ကားချင်တယ်။ လူဆိုတာ သူ့ ရည်မှန်းချက်နဲ့ သူ ရှိကြ တာပဲ၊ ဒါပေမဲ့
အောင်မြင်တယ် မအောင်မြင်ဘူး ဆိုတောတော့ အစွမ်းအစ ပေါ်မှာချည်း
တည်ပါဘူး။ ဆင်းရဲတဲ့ လူတိုင်း လူညံ့တွေ မဟုတ်ပါဘူး မငြိမ်း၊ ပိုက်ဆံ
နဲ့လို့ ကျွန်တော့် အဖေကို မငြိမ်းတို့ အထင်သေးရက်ပေမယ့် ကျွန်တော်
မသေးနိုင်သေးဘူး သိလား. . ."

ငြိမ်းက ပေဒါ့အတွက် ဂရုဏာဒေါသော ပြောလိုက်ပိသော်လည်း
အဖေ့ကို ထိတော့ ပေဒါ မခံနိုင်ရှာပေ။ သည်တော့လည်း ကိုယ်ကပင် အလျှော့
ပေးရတော့သည်။

"နင့်အတွက် ရင်ထဲမှာ နာလွန်းလို့ ပြောတာပါ ပေဒါရယ်။ မငြိမ်း
ကို စိတ်မဆိုးပါနဲ့. . ."

ငြိမ်းက ပေဒါ၏ ခေါင်းကလေးကို ပွတ်၍ တောင်းပန်လိုက်သည်။
ပေဒါ့အဖြစ်ကို တွေးတိုင်း နာကြည်းရသည်။ ပေဒါ ရှေ့ရေးအတွက် အမြဲတမ်း
စိုးရိမ်ခလေးရသည်။ ငြိမ်းသည် မည်သို့သော ရေစက်ကြောင့်များ ပေဒါကို ဤမျှ
ယောဇဉ် တွယ်တာခဲ့ရသည်ကို စဉ်းစား၍ မရနိုင်အောင် ရှိတော့သည်။

"မငြိမ်းတို့ ပြောမယ်ဆိုလည်း ပြောစရာပါပဲ၊ ကျွန်တော့် ဘဝက်ကို
က မွဲလွန်းပါတယ်။ ဒါကြောင့်လည်း လူတိုင်းက ကျွန်တော့်ကို အထင်သေး
ကြတယ်။ ဘယ်လောက်အထိ အထင်သေးခံရသလဲဆိုရင် ဒီ အိမ်မှာ အဖိုးတန်
ပစ္စည်း တစ်ခုခု ပျောက်သွားတယ်ဆိုရင် ဘယ်သူ ခိုးတယ်လို့ ထင်မလဲ၊
ကိုအောင်အောင်ကို ထင်မလား၊ အထွန်းသူငယ်ချင်းတွေကို ထင်မလား။ ကျွန်တော်
ခိုးတယ် ကျွန်တော့်ပဲ ထင်မှာပဲ ကျွန်တော် ခိုးတယ်လို့ပဲ ပြောကြမှာပဲ။
ကျွန်တော့်ဘဝက ဒါလောက်အထိ လူအထင်သေးခံရတဲ့ ဘဝပါ မငြိမ်း. . ."

"မင်း ဒီလို မပြောနဲ့ မငြိမ်း ရင်ထဲမှာ ဆတ်ဆတ်ခါအောင် နာတယ်
သိလား၊ မငြိမ်း ဒီလိုတော့ အထင်မသေးဘူး၊ ခြောင်ပေးတာတောင် မယူတဲ့
ကောင် မင်း မာနကြီးတယ်ဆိုတာ မမသိတယ်။ မမ မင်းကို နည်းနည်းမှ
အထင်မသေးဘူး သိလား။ အထင်သေးတဲ့ လူတွေထဲမှာလည်း မငြိမ်း မပါဘူး
ဆိုတာကို မင်းယုံ. . ."

ငြိမ်းက ဗေဒါ၏ ခေါင်းကလေးကို ဆွဲမှေးပြီး တုန်တုန်ယင်ယင်နှင့် ပြောရှာသည်။ ဗေဒါက မျက်ရည်များ ဝဲလာသည့်တိုင်အောင် သူ့ နှုတ်ခမ်းကို သူ ဖြတ်လုမတတ် ကိုက်ထားလိုက်သည်။ ငြိမ်းက ဗေဒါ၏ နားထင်စ ကလေးများကို လက်ဝါးဖြင့် အသာညှပ်၍ မှေးထားလိုက်သည်။

"မငြိမ်း မပါပေမဲ့ အားလုံးက ကျွန်တော့်ကို အထင်သေးတယ်။ ကျွန်တော် အလုပ်ထုတ် ခံရတာလည်း ဒါကြောင့်ပဲ။ သူတို့ ပစ္စည်းကို ခိုးတော စက်ဆရာက ခိုးတယ်၊ အစွပ်စွဲခံရတော့ ကျွန်တော်ပဲ ခံရတယ်။ အမှန်အတိုင်း ဖော်ပြန်ရင်လည်း တကယ်ခိုးတဲ့လူက သူ့ ထမင်းအိုး ကွဲမှာစိုးတော့ ကျွန်တော် ကို တောင်းပန်တယ်။ ဒီတော့ ကျွန်တော်ပဲ ခံလိုက်တယ်။ ကျွန်တော ဘယ်လောက် နာကြည်းတယ်မှတ်လဲ။ အဖေက အရက်သမား၊ သားက သူ့ ရက်ရက်စက်စက် အပြောခံရတယ် မငြိမ်းရဲ့။ ပြောတဲ့ မိန်းမကလည်း ကြ ပါဦး ယောကျ်ား ကွယ်ရာမှာ ဖောက်ပြန်ချင်တိုင်း ဖောက်ပြန်နေတဲ့ မိန် တစ်ယောက်က ကျွန်တော့်ကိုသာ မကဘူး ကျွန်တော့် အဖေကိုပါ စော် တာကို ခံရတယ်၊ ကောင်းသေးလား"

နာကြည်းသည့် စိတ်ကြောင့် သူ့ မျက်နှာက ခက်ထန် တင်းမာ၍ သော်လည်း မျက်ရည်များက တစ်ပေါက်ချင်း ကျလာသည်။ ဒေါသ ကြေကွဲခြင်းသည် တစ်ချိန်တည်း၌ ပေါင်းစပ်၍ ခံစားလိုက်ရသည်။ ဗေဒ မဟုတ် ငြိမ်းပါ နားထောင်ရင်း ဗေဒါ့အတွက် ခံပြင်းလာသည်။ နာကြည်း သည်၊ ဗေဒါကို ပို၍ သနားလာသည်၊ ဗေဒါ့အတွက် ပို၍ ခံပြင်းလာသ သည်တော့လည်း ဗေဒါကို ကြီးမြင့်စေချင်သော ဆန္ဒက ပို၍ ပွားများ လ သည်။

"ဒါတွေကြောင့် ငါ့မောင်ကို မငြိမ်းက စာမေးပွဲ အောင်စေချင် ဘာမှ မလုပ်ဘဲ ကျောင်းစာကို အောင်အောင် ကြိုးစားစေချင်တာပေါ့။ အေ မမက စေတနာ ဘယ်လောက်ထားထား မင်းဘဝက လက်မခံနိုင်တဲ့ ဆိုတော့ မမရဲ့ စေတနာက အရာမထင်လာဘူးပေါ့. . ."

ဗေဒါသည် ငြိမ်းကို စိုက်၍ကြည့်လိုက်သည်။ ပြီးတော့လည်း ပါးပြင်တွင် ကပ်ထားသော ငြိမ်း၏ လက်ခုံကလေးပေါ်သို့ သူ့ လက် ကို အသာအုပ်၍ တင်ထားသည်။ သို့ တင်ထားရာမှ ငြိမ်း၏ လက်မော ဆီသို့ ရောက်သွားပြန်သည်။ ငြိမ်းကလည်း ဘာမျှ မပြော ဗေဒါ့ကို ကြည့်နေသည်။

"ငြိမ်း၏ အသက် ရှူထုတ်လိုက်သော လေကလေးက ပေဒါ့ နဖူးပြင်ကို ... နွေးသွားသည်။ ပေဒါ့ရင်ထဲတွင် ဘာတွေက ခုန်မှန်းမသိ တဆတ်ဆတ် ...နေသည်။

"မငြိမ်း ကျွန်တော့်အပေါ်မှာ ဘာလို့ ဒါလောက်တောင် စေတနာ ...ကောင်းနေရတာလဲဟင်..."

ပေဒါ့ အသံမှာ မောသံလို တုန်၍နေသည်။ ငြိမ်းက ခုတ်တရက် ...သေးဘဲ စဉ်းစားနေဟန်ရှိသည်။ ပြီးမှ... သက်ပြင်းကို မှုတ်ထုတ်လိုက်...င် ဖြေလိုက်သည်။

"မသိပါဘူးကွယ်... မင်း မေးသလိုလည်း မမ တစ်ခါမှ မစဉ်းစားမိ..."

"ကျွန်တော့်ကို မလိမ်ပါနဲ့ မငြိမ်း သိပါတယ်။ မငြိမ်းက ကျွန်တော့် ... ပညာလည်းရှိတယ်၊ အစဉ်းစားဉာဏ်လည်း ကြီးတယ်၊ မငြိမ်း ကျွန်တော့် ... ဘာလို့ ဒါလောက်တောင် စေတနာ ကောင်းရတယ် ဆိုတာ မငြိမ်း ရင်ထဲ ...သိတယ်၊ ကျွန်တော့်ကို ပြောပါ..."

"ပေဒါက ငြိမ်းနှင့် မျက်နှာချင်းဆိုင် ရပ်လိုက်ပြီး ငြိမ်း၏ လက်ဖျံး ...နှစ်ဖက်ကို ခပ်တင်းတင်း ဆွဲလိုက်သည်။ မျက်နှာချင်း ကပ်၍သွားသည်၊ ...ချင်း အပ်လုမတတ် ရှိတော့သည်။ ငြိမ်းသည် တစ်ကိုယ်လုံး ဆတ်ဆတ် ...၍ နေသည်။

"မသိမှုအမှန်ပါ ပေဒါရယ် မမရဲ့ စေတနာကို တလွဲ မထင်နဲ့နော် ..."

"တလွဲ မထင်ဘူး၊ ကျွန်တော် အမှန်အတိုင်းထင်တာ၊ ကျွန်တော့် ...တွေကို ဘယ်လိုမှ ချုပ်တည်းလို့ မရတော့ဘူး၊ ကျွန်တော် မမကို ချစ်တယ် ...ည်းတွေ နှလုံးတွေ အပြင်ကို ပေါက်ထွက်သွားမတတ် ချစ်တယ်..."

ပေဒါသည် ငြိမ်း တစ်ကိုယ်လုံးကို အားရပါးရ ဖက်ထားလိုက်သည်၊ ... ပါးနှင့် သူ့ပါးကို အပြန်ပြန် ကပ်ထားလိုက်သည်၊ ပြီးမှ ငြိမ်း၏ ပါး ... ဘအား နမ်းလိုက်သည်၊ အကြိမ်ကြိမ် နမ်းပြီးမှ မခွာသေးဘဲ ငြိမ်း၏ ... အိအိစက်စက်ပေါ်တွင် သူ့ နှာခေါင်းကို မြှုပ်ထားလိုက်သည်၊ ငြိမ်းသည် ...ော် သတိလွတ်နေသူကဲ့သို့ မရုန်းနိုင် မဖယ်နိုင်၊ ပေဒါ ပြုသမျှ ငြိမ်၍ ...က်မိသည်၊ အတန်ကြာမှ ကြောက်အားနှင့် ရုန်းလိုက်သည်၊

ရွက်စိတ် ကြောက်စိတ်ဖြင့် ဘာလုပ်လိုက်မိသည် မသိ။ ရုတ်တ...
လည်း သတိမရ။ အတန်ကြာမှ သူ့ပါးကိုသူ ပွတ်ရင်း ငိုတော့မည့် မျက်နှာ...
မလှုပ်မယှက် ကြည့်နေသော ပေဒါကို တွေ့ရသည်။ ငြိမ်း ကိုယ်တိုင်လ...
သူ့ လက်ဝါးကလေးကို ပြန်၍ ပွတ်နေမိသည်။

"ကျွန်တော့်ကို အထင်သေးတဲ့အထဲ မမငြိမ်းလည်း ပါတယ်ဆို...
ကျွန်တော် နားလည်ပါပြီ. . ."

ပေဒါ၏ အသံမှာ အက်ကွဲနေသည်။ ငြိမ်းကို စိတ်ဆိုးသည့် အမူအ...
တစ်ကွက်မှ မပြ။ ပေဒါ၏ မျက်နှာတွင် ဝမ်းနည်း ကြေကွဲသည့် အရိပ်အ...
များသာ လွှမ်း၍နေသည်။ ငြိမ်းသည် ပေဒါကို ကြည့်ရင်း မျက်ရည်များ အ...
စီးကျလာသည်။

"ငါ မင်းကို အထင်သေးတာမဟုတ်ဘူး။ ဒါပေမဲ့ မင်း ထင်သလို...
စေတနာက မညစ်ညမ်းဘူး ဖြူစင်တယ် သန့်ရှင်းတယ်. . ."

"ခင်ဗျား လိမ်တာ. . . လိမ်တာ. . ."

"မလိမ်ဘူး အမှန်အတိုင်းပြောတာ။ မင်းတို့ ကောင်ကလေးတွေ...
ဘို့က မောင်လေးတွေလို ချစ်ပြီး ကရုဏာ ထားတယ်၊ စေတနာထား...
အလိုလိုက်တယ်ဆိုရင် မင်းတို့ အပေါ်မှာ ဖောက်ပြန်တယ် ထင်ကြတာ...
သင်သလို မဟုတ်ဘူး ငါ့ စေတနာက ရှင်းတယ် မိုးတယ် သန့်တယ်"

"မဟုတ်ဘူး မဟုတ်ဘူး ခင်ဗျား ပြောတာတွေ တစ်ခုမှ မမှန်...
ခင်ဗျား ကျွန်တော့်ကို ချစ်တယ်၊ ခင်ဗျား အသည်းနှလုံးက ကျွန်တေ...
ချစ်တယ်၊ ကြင်နာသနားတယ်၊ ကရုဏာထားတယ်။ ဒါပေမဲ့ ခင်ဗျား ဦးနှေ...
က ကျွန်တော့်ကို ချစ်ခင် ကြင်နာခွင့် သနားခွင့် မပေးဘူး၊ ဒါဟာ ဘာကြေ...
ကျွန်တော်က အရက်သမားသား၊ လူမွဲသား၊ မက်ထရစ်မှ မအောင်တဲ့ ကြ...
တလေ လူလေ လူလွင့်မို့ မဟုတ်လား။ ဒီမှာ မမငြိမ်း ကျွန်တော်...
ဘယ်လောက်ပဲ မွဲမွဲတေ်ငတ် တေတေပေပေ မိန်းမ တစ်ယောက်ကိုတော့ သ...
နည်းတူ ချစ်တတ်ပါသေးတယ် မမငြိမ်းရယ်။ ဒီ အတတ်ပညာက ဘယ်ကေ...
က်မှ မသင်ခဲ့ရဘဲ မွေးကတည်းက နှလုံးသားထဲမှာ ပေါ်လာခဲ့တာပါ။ ဒါ...
ကျွန်တော်လို လူမျိုးရဲ့ အချစ်ကျတော့ ဘယ်တန်ဖိုးထားမလဲ ကျွန်တော်...
ဂျာ်နီတင်ထွန်းတို့လို စက်ပိုင်သား ဖြစ်ခဲ့ရင်၊ ဦးတင်အောင်လို အတွင်းဝန်...
ဖြစ်ခဲ့ရင် ခင်ဗျား ကျွန်တော့် အချစ်ကို လက်ခံမယ် မဟုတ်လားဟင်။ ပြေ...

ထိုး ခုတော့ ကျွန်တော့် အဖေက အရက်သမား လူမွဲ လူအောက်တန်းစားမို့ ခင်ဗျား လက်မခံတာ မဟုတ်လား ဖြေစမ်းပါဦး. . ."

"အေး ဟုတ်တယ်-ဟုတ်တယ်-နင့် အဖေ အရက်သမားကြီးက နင့် ဘဝရဲ့ အညွန့်ကို ချိုးထားလို့ နင့်ကို ငါ မချစ်နိုင်တာ၊ နို့မို့ ငါထားခဲ့တဲ့ အတာနာတွေဟာ နင့်အတွက် ဝေဒနာ မဖြစ်ဘူး နင့် အဖေကြောင့် သိလား"

ငြိမ်းက ရှိုက်၍ငိုရင်း ရင်ထဲတွင် ရှိသမျှ အန်ထုတ်လိုက်သည်။ ပေဒါ သည် ငြိမ်းကို စူးစူးဝါးဝါး တစ်ချက်မျှ ကြည့်လိုက်ပြီးလျှင် အိမ်ဘက်သို့ ပြန်ထွက်ခဲ့သည်။

အိမ်ရှေ့တွင် ဦးဘအေးသည် ထမင်းပွဲတွင် ထိုင်၍ မှုန်နေသည်၊ ဟင်းကို မြည်း၍ အရက်ကို တစ်ခွက်ချင်း မော့နေသည်။ ဒေါ်အေးတင်နှင့် ကြောင်မတ ထမင်းစားနေကြသည်။

"နင် တစ်ခါတည်း ဝင်စားဟော့ ဟင်းခွဲစရာ မရှိဘူး. . ."

ပေဒါက ထမင်းပွဲကို အကဲခတ်ကြည့်လိုက်သည်၊ ဘဲဥ ချဉ်ရည် ဟင်းခွက် ငပိရည် တို့စရာ ဖါပဲဖြစ်သည်။ ဒေါ်အေးတင်က နောက်ဖေးသို့ ဝင်သွားရင်း ပေဒါ့အတွက် ထမင်းပန်းကန်နှင့် ဘဲဥကြော်တစ်ခွက် ပါ၍ လာသည်။ ဦးဘအေးသည် ဒေါ်အေးတင် ချပေးသော ဘဲဥကြော်ကို ကြည့် လိုက်ရင်း မျက်နှာတစ်ခုလုံး မှုန်၍သွားသည်၊ ပြီးမှ အရက်ကို တစ်ခွက် အပြည့် ငှဲ့လိုက်သည်။

"ဒါက ဘာသဘောလဲ အေးတင်၊ ဒါက ဘာသဘောလဲ ငါ့စားဖို့ ကျတော့ ချဉ်ရည်တစ်ခွက်တည်း ချပေးတယ်။ နင့်သားကျတော့ ဘဲဥကြော် ပါရသေးတယ်။ ဒါ လင်ကို မသဒ္ဓါတဲ့ သဘောပေါ့ ဟုတ်လားဟင်. . . ဒါ ဘာကောင် အောက်မေ့လဲ. . ."

"ဘာသဘောမှ မဟုတ်ဘူး ကိုဘအေးရေ၊ ရှင့်သားက ဘဲဥကြော် စားချင်တယ်ဆိုပြီး ပိုက်ဆံတစ်မတ်ပေးထားလို့၊ ကဲ-နေရာတကာ အပြစ်ရှာတယ်"

ဦးဘအေးသည် ထမင်းပွဲကို ခြေထောက်ဖြင့် ဆောင့်၍ ကန်လိုက် သည်။ ကြောင်မရော ပေဒါပါ ထမင်းခုံနှင့် အဆောင့်ခံလိုက်ရသဖြင့် နောက် သို့ လဲကျသွားသည်။ ကြောင်မ၏ တစ်ကိုယ်လုံးကား ဟင်းများ ရွှဲသွား သည်။ ပေဒါသည် နေရာမှ လူးလဲ၍ ထလိုက်သည်။

"အဖေ အရက်မူးနေပြီလား. . ."

"နောက်ထပ် ဆယ်လုံးလောက် နိုင်သေးတယ်. . ."

ဗေဒါသည် တံခါးကြားမှ ပုလင်းလွတ်တစ်လုံးကို ဆွဲ၍ အရက်ဆိုင် သို့ ပြေးထွက်ခဲ့သည်။ လူ တစ်ကိုယ်လုံး ဒေါသဖြင့် တဆတ်ဆတ် တုန်၍ နေသည်။ အရက်ဆိုင်မှ အရက်ဝယ်ပြီးလျှင် အိမ်သို့ အပြေးပြန်လာသည်။

တစ်ရပ်လုံး ဗေဒါတို့ အိမ်ကို ကြည့်နေကြသည်။ တချို့က ချုံ အိမ်ပေါက်မှ ပြူ၍ ကြည့်ကြသည်။ အချို့က လမ်းပေါ်မှ ရပ်၍ ကြည့်နေကြ သည်။ ထိုအထဲတွင် ငြိမ်းကိုလည်း လှစ်ခနဲ မြင်လိုက်ရသည်။ ဦးဘအေးသည် ပန်းကန်တွေကို တစ်ချပ်စီ ခွဲ၍ပစ်နေသည်။

ဗေဒါက ဦးဘအေးရှေ့တွင် အရက်ပုလင်းကို ဆောင့်၍ ချလိုက်သည်။

"ကဲ-ဒါလောက်ရှိတာ သောက်စမ်း ခင်ဗျား ဝအောင်သောက်စမ်း. . ."

ဗေဒါသည် အဖေကို တစ်ခါမျှ မကြည့်ဘူးသော အကြည့်၊ မပြော သော အပြောဖြင့် ကြည့်၍ ပြောလိုက်သည်။ ဗေဒါ၏ အကြည့်မှာ ခက်ထ သည်။ ဗေဒါ၏ အသံမှာ မာကျောသည်။ ဦးဘအေးသည် ဗေဒါကို စိုက်ကြ နေရာမှ ဗေဒါချပေးသော ပုလင်းကို ခပ်တင်းတင်း ကိုင်၍မြှောက်လိုက်သည် ပြီးမှ တံခါးပေါင်တွင် လွှဲရိုက်လိုက်သည်။ အရက်နှင့် ပုလင်းကွဲ များသည် တစ်အိမ်လုံး ပြန့်ကျဲသွားသည်။

ဗေဒါက ကြမ်းပြင်တွင် ပြန့်ကျဲနေသော ပုလင်းကွဲများကို လက် ဖက်ဖြင့် ကျုံး၍ ဆုပ်ကိုင်လိုက်သည်။ ပြီးမှ ဦးဘအေးရှေ့တွင် ဆုပ်ကို မြှောက်ပြလိုက်သည်။

"ဒါဟာ ခင်ဗျား ကျွန်တော်တို့ကို ပေးမယ့် အမွေ၊ ဟင်-ပုလင်းခွဲ တော်တာရယ်၊ မွဲတာရယ်၊ ကြမ်းပိုးတေလေ ဖြစ်ရတာရယ်၊ ဒါတွေ အားလုံး ခင်ဗျား ပေးမယ့် အမွေတွေပဲ မဟုတ်လား။ အိမ်မှာ နေ့ရှိသရွေ့ ဈေးဖိုး ဆန်ဖိုး၊ သားတွေ သမီးတွေ ကျောင်းမနေရဘူး။ ထမင်း အချိန်တန် မစားရ ဒါတွေဟာ ဘယ်သူ့အပြစ်လဲ၊ ဘယ်သူ့ တာဝန်လဲ၊ ကျွန်တော်၊ အလ ဝင်လုပ်တော့ ကျောင်းမနေချင်ဘူး။ ကြမ်းပိုးတေလေ လုပ်ချင်တယ်၊ သူများကျ ခံချင်တယ်ဆိုတာ ခင်ဗျားပဲ ပြောခဲ့တယ်။ ကျွန်တော် ဘာလို့ အလုပ် လုပ် ကြမ်းပိုးတေလေ ဖြစ်ရလဲ၊ ဘာလို့ ကျောင်းမနေရလဲ အိမ်မှာ ဝတ်နေ မမြင်ရက်လို့ အလုပ် ဝင်လုပ်ရတာ။ အိမ်မှာ ဘာလို့ တော်လဲ ဘယ်သူ့ ကြောင့် ဒါတွေ အားလုံး ဘယ်သူ့ကြောင့်လဲ ခင်ဗျားကြီး ခင်ဗျားကြီး အသုံးမကျ

ကျွန်တို့ ဘဝဟာ လူဖြစ်ရှုံးတာ၊ ခင်ဗျားကြီးကို ကျုပ် တစ်သက်လုံး မကျေဘူး"

ဗေဒါသည် ပြောပြောဆိုဆို ဦးဘအေး၏ ပခုံးကို စုံကိုင် ဆောင့်တွန်းလိုက်သည်။ သို့ တွန်းရုံနှင့် မကျေနပ်သေးဘဲ ဦးဘအေးရှိရာသို့ အတင်းတိုးဝင်သွားတော့သည်။

ဒေါ်အေးတင်နှင့် ကြောင်မတို့က ဝယ်သံပါအောင် အော်လိုက်ကြသည်။ ... သည် ရှေ့သို့ တစ်ဟုန်ထိုးသွားမည် အပြုတွင် ဗေဒါ၏ လက်ကို တစ်စုံ ... နောက်က ဆောင့်၍ ဆွဲလိုက်သည်။ ဗေဒါက ဒေါသတကြီး လှည့်ကြည့် ... သည်။ အလွန် ထိခိုက်သော မျက်နှာဖြင့် ကြည့်နေသော ငြိမ်းကို တွေ့ရ ... ၊ ငြိမ်း၏ မျက်လုံးများတွင် တောင်းပန်နေသောသဘော သူ့ အမှားအတွက် ... ခံဝင်တရနေသော အရိပ်အယောင်များ ပြလျက် ရှိသည်။ ငြိမ်းကို မြင်ရမှ ... က ဒေါသကြီးမိသည်။

"ခင်ဗျား ကျွန်တော့်ကို ဘာလို့ ဆွဲတာလည်း ကဲ-ပြောလေ ကျွန်တော့် ... သူညှန့်တုံးအောင် လုပ်တာ ဘယ်သူလဲ၊ ကျွန်တော့် ဘဝရဲ့ တက်လမ်းကို ... ဆီးနေတာ ဘယ်သူလဲ။ ပြောပါ၊ ဘာမှ အားနာနေစရာ မလိုဘူး။ ကျုပ် ... ကြမ်းပိုးသူခိုး ဖြစ်ရတာ ဘယ်သူ့ကြောင့်လဲ. . . "

ဦးဘအေးသည် မတုန်မလှုပ် ကျောက်ရုပ်ကြီးကဲသို့ ရပ်၍ ဗေဒါကို ... ကြည့်နေတော့သည်။ သို့ ကြည့်ရင်းမှ မျက်ရည်များ တလိမ့်လိမ့် စီးကျ ... သည်။ ဦးဘအေးသာမက ငြိမ်းကိုယ်တိုင်ပင် မျက်ရည်များ ဝေ့၍လာ ... သည်။ သူ့အတွက် ဖြစ်ရသည်ကိုလည်း စိတ်မကောင်းမိချေ။

"မမ ပြောမိတဲ့ စကားတွေကို ပြန်ရုပ်သိမ်းပါတယ် ဗေဒါ။ မင်း ... ကျေနပ်ရင် မမကိုသာ ရိုက်ပါ။ မငြိမ်း ပြုံးပြုံးကြီး ခံပါ့မယ်၊ အဖေကိုတော့ ... ကားပါနဲ့"

ဗေဒါသည် ငိုတော့မလို တောင်းပန်၍နေရှာသော ငြိမ်းကို မျက်မှာ ... လိုက်သည်။ အဖေ့မျက်နှာကို ကြည့်လိုက်ပြန်တော့လည်း ဒေါသဟူ၍ ... မရှိ၊ အဖေသည် သူ့ကို ခွင့်လွှတ်သော အကြည့်ဖြင့် ကြည့်နေသည်။ ... မျက်နှာတွင် ဝမ်းနည်းခြင်း၊ ကြေကွဲခြင်း၊ ယူကြုံးမရ ဖြစ်ခြင်း စသည့် ... ရိပ်အယောင်များသည် ယှက်သန်းနေသည်။ နောက်ဆီမှ အမေ၏ ငိုသံကို ... ကြားရသည်။ အမေသာမဟုတ် အဖေ့ပါးတွင် မျက်ရည်ကြောင်းများက စီးကျ ... သည်။

ဗေဒါ တစ်ကိုယ်လုံး တဆတ်ဆတ် တုန်၍လာသည်။ ရင်ထဲက နှ
ရှိုက်၍လာသည်။ ဗေဒါသည် ကြာကြာရပ်၍ မနေနိုင်တော့ချေ။ သူ့ မျက်
သူ့လက်ဝါးဖြင့် အုပ်၍ ပြေးထွက်သွားတော့သည်။

ငြိမ်းက နောက်မှလိုက်၍ စိုးရိမ်တကြီး အော်လိုက်သည်။ ဗေ
ပြန်၍မှ မကြည့်တော့ချေ။ ဗေဒါ၏ ရှိုက်သံများကား အိမ်ထဲတွင် ပျံ့လွ
ကျန်ရစ်ခဲ့လေသတည်း။

□

## ၁၄

...သည် နောက်ဖေးခန်းတွင် တစ်ယောက်တည်း ထိုင်၍ငေးနေသည်။ သူ့...များသည် မီးနိုးများလို ဝေမှိုင်း လွင့်ပါး၍နေသည်။ နောက်ကြောင်း ကိုလည်း ...မတွေးရဲ၊ ရှေ့ရေးကိုလည်း မမျှော်မှန်းရဲ၊ ကိုယ့် ဘဝကို ကိုယ် ပြန်တွေး... သမ်းဘေး အမှိုက်ပုံကြီးလိုပင် ရှုပ်ပွေ၍ နေသည်။ ဘာမျှ တန်ဖိုးမရှိ...း စွန့်ပစ်ထားသည့် အရာတွေ၏ စုပေါင်းရာသာ ဖြစ်သည်။ မွေးကတည်းက ...ဘိုင် မဖြေရှင်းနိုင်သော ဝဋ်ကြွေးကြီးက ခေါင်းပေါ်တွင် ရွက်လျက် ...သည်။ မိဘဘိုးဘွား လက်ထက်ကတည်းက မဖြေရှင်းနိုင်သော ပြဿနာ ...ကိုယ့်လက်ထက် ကျတော့လည်း မည်သို့ ဖြေရှင်းရမည်ကို မတွေးတတ် ...ဘောင် ရှိတော့သည်။ အစွမ်းအစနှင့် ဖြေရှင်း၍လည်းမရ၊ လုံ့လ ဝီရိယနှင့် ...း၍လည်းမရ၊ ဇွဲသတ္တိနှင့် ဖြေရှင်း၍လည်းမရ။

သည်တော့လည်း ဗေဒါက သူ ဉာဏ်မမီသော အရာကို မရဲတရဲ ...း၍ ကြည့်မိသည်၊ စီးပွားရေး ကျပ်တည်းဆင်းရဲခြင်းသည် ဘယ် ...ာင်းတရားကြောင့် ပေါ်လာသည်ကို တွေးကြည့်မိသည်။ အဖြေက ...ဘ၊ ခေါင်းသာ ချာချာလည်ရသည်။ သည်အကြောင်းကို အဘွားကို ...ည့်မိသေးသည်။ အဘွားတို့ လက်ထက်၌ အတော်အတန် ချောင်လည် ...ဟု သိရသည်။ အဘိုးမရှိသည့်နောက် ကျပ်တည်းလာရသည်။ သို့သော် ...အိမ်လောက်တော့ အခြေအနေ မဆိုးလှချေ။ အဘွားနှင့် မမအေး

မြေးအဘွား နှစ်ယောက်သာရှိသည်။ ချောင်ချောင်လည်လည် စားနိုင် သော
နိုင်သည်။ ငွေတိုးလေးဘာလေး တစ်ရာနှစ်ရာပေး၍ စားနိုင်သည်။ ငွေ
ပေးသည် ဆိုပေမဲ့ အဖေချေးလျှင် အမေမေးလျှင် ဘယ်တော့မှမရ။ ကြော
ဆိုလျှင် အတော်အတန် ယုံသေးသည်။ သမဝါယမတို့ ဖက်စပ်တို့၌ တိုးဝေ
တစ်ဆင့်ရောင်းရန် ငွေလိုလျှင် ကြောင်မကို ကြည်ကြည်ဖြူဖြူ ပေးတတ်သ
ကြောင်မကလည်း သူ့ အဘွားကို သူ ကတိ တည်သည်။ ကြောင်မ ချေး
ပြန်ရသည်။ အဖေနှင့်အမေ ချေးလျှင် ဘယ်တော့မှ ပြန်မရ။ ပြန်မရသ
အတူတူတော့လည်း စေတနာ ရှိသလောက်၊ တတ်နိုင်သလောက် အလ
ပေးလိုက်သည်။ ဟင်းချက်စရာ မရှိလျှင် ဟင်းချက်စရာဖိုး ပေးလိုက်သ
အဘွား ပြောစကားအရ ဆိုလျှင် အဖေနှင့်အမေ နိုပ်စက်၍ သူ့ စီးပွားရေ
ထိနိုက်ရသည်ဟု သိရသည်။

ဗေဒါသည် အဖြေရှာ၍ မရသော ပြဿနာကို တွေးရင်း ခေါင်း
လာသည်။ ရင်ထဲတွင် ကျုပ်၍လာသည်။ သို့ ခေါင်းရှုပ်လာသည့်တိုင်အေ
အကြိမ်ကြိမ် ထပ်၍ တွေးနေပြန်သည်။ ဘာကြောင့် ပစ္စည်း မရှိသူ၏ သ
သမီးများက ကြမ်းပိုးတေလေ ဖြစ်၍ ပစ္စည်းရှိသူ သားသမီးများက ပညာ
လူကုံထံတွေ ဖြစ်ရသည်ကို မကျေနပ်တိုင်း ထပ်၍ စဉ်းစားမိသော်လ
အဖြေက မပေါ်လာပေ။

သည်တော့လည်း ဗေဒါသည် သူ့ခေါင်းကို သူ လက်ဝါးဖြင့် အ
ထားလိုက်မိတော့သည်။

"ဗေဒါ. . ."

နောက်မှ ခေါ်လိုက်သောအသံ ကြားသော်လည်း ရုတ်တရက် မေ
ဖော်၍ မရသေးချေ။ ပေါင်ကြားတွင် ခေါင်းကိုမြှုပ်၍ လက်နှစ်ဖက်ဖြင့် အု
ထားလိုက်သည်။ သူ့ အတွေးနှင့်သူ ခေါင်းကလေး ငုံ၍ နေသည်။

"ဗေဒါ-မင်း နေမကောင်းဘူးလားဟင်. . ."

နူးညံ့သိမ်မွေ့သော အသံနှင့်အတူ သင်းပျံ့သော ရနံ့ကို ခံစား
ရသည်။ သည်အသံနှင့် သည်ဖန်ကို ဗေဒါက သိပြီးဖြစ်သည်။ သည်
မှလည်း ခေါင်းကိုဖော်၍ ငေးကြောင်ကြောင် မော့ကြည့်လိုက်သည်။

ငြိမ်းက ဗေဒါ့ဘေးတွင် ဒူးထောက်ထိုင်ရင်း ဗေဒါ၏ နဖူးပြ
တယုတယ စမ်း၍ကြည့်လိုက်သည်။

"နေ မကောင်းဘူးလားဟင်. . . မင်း ဘယ်မှ ထွက်တာ မမြင်လို့ ထာ ...တာ. . ."

"နေကောင်းပါတယ် မမရယ်. . . ကျွန်တော် စိတ်ညစ်လွန်းလို့ ဘယ်မှ ...သွားတာ. . ."

ငြိမ်းက ပေဒါ့ဘေးတွင် ခပ်ကျုံ့ကျုံ့ ဝင်၍ ထိုင်လိုက်သည်။ ပေဒါက ...ပေါ်တွင် မျက်နှာကို မှောက်၍ နေလိုက်သည်။

"ဟိုနေ့က ဖြစ်ရတဲ့ ကိစ္စအတွက် မမငြိမ်း ရင်ထဲမှာ နည်းနည်းမှ ...သာဘူး။ မင်း အလွန်ချစ်ပြီး ကြည်ညိုတဲ့ အဖေကို ခုလိုစော်ကားတာ ... မမကြောင့်ပဲဆိုတာ သိရလို့ ဝိုပြီး ယူကျုံးမရ ဖြစ်ရတယ်"

"ပြီးပါပြီ မမရယ်. . . ဒါတွေ ပြောစရာ မလိုတော့ဘူး. . . နောက်ဆုံး ...တော့ ကျွန်တော်ပဲ အဆိုးဖြစ်ရတာပဲ။ အဆိုးဖြစ်ရတာလည်း ကောင်းပါ ...ယ် ဘယ်လို လုပ်လို့မှ ကောင်းချင်လို့ မရတဲ့ လူတစ်ယောက်ဟာ အဆိုး ...တာပဲ ကောင်းပါတယ်. . ."

ပေဒါက စိတ်ပျက်လက်ပျက်ဖြင့် ညည်းလိုက်သည်။ ငြိမ်းက ပေဒါ ...င်းမှ ကော်လာစလေးကို ဆွဲဖြန့်လိုက်သည်။

"မင်း မဆိုးပါဘူး၊ မင်း မှန်ပါတယ်. . . ဟိုနေ့က မင်း ပြောတာတွေ ...လုံး မှန်ပါတယ်။ မမကို ပြောတာရော၊ မင်း အဖေကို ပြောတာရော မင်း ...လုံးမှန်ပါတယ်။ မမအတွက်ကြောင့် မင်း အလွန်ချစ်တဲ့ အဖေကိုတောင် ...ည်ကြီးပေါက် ကျလောက်အောင် ပြောမိတဲ့ အထိ ဖြစ်ရတာ မမ ...ည်းလို့ မဆုံးဘူး။ ဒါတွေ အားလုံးဟာ မမ အပြစ်ပါပဲ။ မင်းနဲ့ မမနဲ့ဟာ ...င် ဖြစ်လာရလိမ့်မယ်ဆိုတာ မမ ကြိုတင် မစဉ်းစားခဲ့ဘူး။ စေတနာနဲ့ ...လှည့်နောက်မှ ကပ်ပါလာတဲ့ အရာကို လုံးလုံး သတိမမူမိခဲ့ဘူး၊ မမြင်ခဲ့ဘူး။ ... အမှန်အတိုင်း ဖွင့်ပြတော့မှ မမသိရတယ်။ ဒါတွေ ထားပါတော့ ...ရယ်၊ မမ ခွင့်လွှတ်တယ်ဆိုရင် မင်း ကျေနပ်ပါတော့ မမ ဒီအထိပဲ ...စေ ငါ့မောင်ရယ်. . ."

ငြိမ်းသည် သူ့ ရင်ထဲ၌ ခံစားရသည့်အတိုင်း အရဲစွန့်၍ ပြောလိုက် ...၍ စကားများကို ငြိမ်း မည်မျှ စွန့်စား၍ ပြောရသည်ကိုလည်း ပေဒါ ...် ရိပ်မိသည်။ ငြိမ်းထံမှ မမျှော်လင့်သော စကားကို ကြား လိုက်ရ ...သည်။ ပေဒါ့ရင်ထဲတွင် ဖေးမြ၍လာသည်။ ငြိမ်း၏ စကားများသည်

ရေကြည်စမ်းမြကဲ့သို့ ပေဒါ၏ နှားအစုံမှ ရင်ထဲသို့ တငြိမ့်ငြိမ့် စီးဆင်းသွားတော့သည်။ ထို့ကြောင့်လည်း ပေဒါသည် ငြိမ်းကို ကြည်ညို မြတ်နိုးစိတ်ဖြင့် ငေးစိုက်၍ ကြည့်နေလိုက်သည်။

"မငြိမ်း ခုပြောတဲ့ စကားတွေဟာ ကျွန်တော့် ဘဝကို ခဏနဲ့ နယ်ကို ပို့လိုက်သလိုပါပဲ။ ကျွန်တော် အများကြီး ဝမ်းသာတယ်၊ ကျေးဇူးဘယ်လိုတင်ရမှန်းတောင် မသိတော့ဘူး။ ကျွန်တော့်အတွက် မငြိမ်း ဝမ်းရတာတွေ ဆင်းရဲရတာတွေ သိရတိုင်း ကျွန်တော် ပိုပြီး ဆင်းရဲမိတဲ့ ဒီဝဋ်ကြီးက ကျွန်တော်တို့ ဘယ်တော့များမှ ကျွတ်ပါ့မလဲ မငြိမ်းရယ်. . .

"ဒါလောက်တောင်လည်း အားမငယ်ပါနဲ့ ငါ့မောင်ရယ်၊ ယောကျ်ားလူဆိုတာ အမြဲတမ်း ဒီလိုချည်း မနေပါဘူး။ ကြိုးစားရင် ဖြစ်မှာပေါ့. . .

ငြိမ်း၏ စကားကြောင့် ပေဒါက တအားတက်မိသည်။ အားမေ့ထားလိုက်လျှင် သူ့ ဘဝသည် အားတက်စရာတွေ ရှိသေးသည်။ ယောက်တည်း ရှုန်းတမ်းဆိုလျှင် ဘာမှ အားငယ်စရာ မရှိချေ။

"ကျွန်တော် ကြိုးစားမယ် တကယ်ပါ ကြိုးစားပါ့မယ်။ ကျွန်အတွက်သာ မဟုတ်ဘူး မငြိမ်း စိတ်ချမ်းသာဖို့ အတွက်ပါ နှစ်ဆ ကြိုမယ်. . ."

ငြိမ်း၏ မျက်နှာသည် အေးမြသော ကန်လယ်မှ ရွှေကြာပန်းလန်းဆန်းလာသည်။ အမှန်တော့ ပေဒါ၏ အပူအပင် အကြောင့်အကြလျှင် ငြိမ်း၏ မျက်နှာသည် အမြဲတမ်း ရွှေကြာပန်းကဲ့သို့ လန်းဆန်းနေမဟုတ်လော. . .။

ပေဒါသည် ကလေးငယ်ကဲ့သို့ ငြိမ်း၏ ရင်ခွင်တွင်းဝယ် သူ့ ခေါင်းမြှုပ်ထားလိုက်သည်။ ပေဒါ့အတွက် ငြိမ်း၏ ရင်ခွင်သည် မိခင်၏ ရင်သို့ နွေးသည်၊ အေးချမ်းသည်။

ငြိမ်းက ပေဒါ၏ ပြောင်းဖူးမွေး ဆံပင်များကို သပ်၍ပေးလိုက်ထိုအတွင်းဝယ် အေးအေး၏ ခေါ်သံကို ကြားလိုက်ရသည်။ ပေဒါရင်ခွင်ထဲမှ ခေါင်းဖော်၍ ကြည့်လိုက်သည်။

အေးအေးနှင့်အတူ ဝင်လာသော အမေကိုလည်း တွေ့ရသည်မျက်နှာမှာ တစ်စုံတစ်ခု ပူပန်နေဟန် ရှိသည်။

"နင့် အဖေက နင့်ကို တွေ့ချင်လို့တဲ့. . ."

ဗေဒါသည် အမေကို မည်သို့ ပြန်ဖြေရမှန်း မသိချေ။ အဖေက သူ့ကို ဘာကြောင့် တွေ့ချင်မှန်းလဲ မသိ သွားတွေ့၍ ကောင်း မကောင်းမှန်းလည်း သေး၊ ထို့ကြောင့်လည်း ဘာမျှ မဖြေသေးဘဲ ငိုင်၍နေသည်။

"ဟုတ်တယ် ဗေဒါ ငါ့ကိုတောင် မှာ မှာ နေတာ၊ ဦးလေးကို နင် သွားတွေ့လိုက်ပါဟယ်၊ ခု သူ အရက်လည်း မသောက်တော့ဘူး နေလည်း ကောင်းပုံမရဘူး. . ."

အေးအေးက ဝင်၍ တိုက်တွန်းနေပြန်သည်။ သို့သော် ဗေဒါ အနေနှင့် အချိန်မျိုးတွင် သူ့အဖေကို တွေ့လိုစိတ်မရှိ မျက်နှာလည်းမပြရဲ ပြလည်း ချင်. . .။

"ဟုတ်တယ် ဗေဒါ နင့်အဖေ မသောက်တာ တစ်ပတ်လောက် ရှိပြီ၊ နဲ့ ဖြစ်ပြီးတဲ့ နေ့ကတည်းက မသောက်တာ၊ အရက်ဖြတ်လိုက်ကတည်းက လည်း ကောင်းကောင်းမမာဘူး အိပ်ရာထဲမှာ လဲနေတာပဲ၊ ချောင်းကလည်း တော်တော်ဆိုးတယ်. . . အစားလည်း ဘာမှ မစားဘူး။ ညကတော့ တော်တော် တယ်. . . ဆရာမ သွားခေါ်ရသေးတယ်၊ ဘာမိုးနီးယားပဲလား မသိ ဘူးဟယ်. . ."

"နမိုးနီးယားလား. . ."

ငြိမ်းက ဝင်ထောက်လိုက်မှ ဒေါ်အေးတင် စကားကို အစဖော်၍ ရ သည်။

"အဲ-အဲ-ဟုတ်တယ် နမိုးနီးယားပိုက်ဆိုတာလား. . ."

"တိုက်ဖွိုက်လား. . ."

"အဲ-ဟုတ်တယ်. . . အဲဒါ နှစ်ခုပေါင်းဝင်ရင် မကောင်းဘူးတဲ့၊ ဆေးရုံ ပြောတယ်။ ငါက ဆေးရုံတော့ မတင်ချင်ဘူး၊ သဘာဝဓမ္မကို ပြချင် . . ."

ဗေဒါက အိတ်ထဲမှ ကျပ်တန် သုံးရွက် ထုတ်လိုက်ပြီးလျှင် အမေ့ ထဲသို့ အသာ ထိုးထည့်လိုက်သည်။ အမေက ဗေဒါ ပေးသော ငွေကို ယူ၍ ခါးကြားတွင် ညှပ်လိုက်သည်။

"နင်ရော လိုက်ခဲ့ပါလား နင့်အဖေက နင် အိမ်မှာ မနေတာ စိတ် ကောင်းဘူး. . ."

"ဟုတ်တယ် ဖေဒါ မင်း လိုက်သွားပါကွယ်၊ ငွေလိုရင် မမငြိမ်းဆီက ယူလေ. . ."

ငြိမ်း၏ စေတနာကို နားလည်သော်လည်း ဖေဒါက လက်မခံရက်နိုင်အောင် ရှိတော့သည်။

"ကိစ္စ မရှိပါဘူး ကျွန်တော် နောက်မှ လာမယ်အမေ၊ ခုနေတော့ အဖေ့ကို မျက်နှာ မပြချင်သေးဘူး. . ."

"ကဲလေ မင်း မလာချင်သေးရင်လည်း ခုတော့ နေဦးပေါ့၊ နက်ဖြန် သန်ဘက်လောက်တော့ အိမ်ကို ပြန်ပြီး ပြောင်းခဲ့၊ ပြီးပြီးသားတွေ မင်း အဖေကလည်း အမှတ်မထားပါဘူး၊ သူ့ဟာသူလည်း ခုတော့ သတိတရား ရပဲ နေတယ်၊ မင်းကိုပဲ တစ်မေးတည်း မေးနေတာပဲ. . ."

"ဟုတ်ပါတယ်ဟယ် ကိုယ့်အဖေပဲ ဒါလောက်တောင် နင်က ခေါင်းမာ မကောင်းပါဘူး. . ."

အေးအေးက ဖေဒါကို အပြစ်တင်လိုက်သည်။ ကိုယ့်အဖြစ် ကိုယ်သာ သိသည်။ ခုနေအခါမျိုးတွင် အဖေနှင့်သာမဟုတ် မည်သူနှင့်မျှ မတွေ့ချင်၊ တစ်ယောက်တည်း အိပ်ရာထဲတွင် ခွေရင်း အဖြေရှာ၍ မရသော ပြဿနာကိုသာ တွေး၍ နေချင်သည်။ ကိုယ့် အကြောင်းကို နားမလည်သော သူများက ဖေဒါကို အပြစ်တင်ပေလိမ့်မည်။

"ခေါင်းမာတာ မဟုတ်ပါဘူး မမအေးရာ၊ ခုတလော ကျွန်တော် ဘယ်သူနဲ့မှ မတွေ့ချင်ဘူး တစ်ယောက်တည်းပဲ နေချင်တယ်. . ."

"ကဲပါလေ မင်းဟာမင်း နေပါ. . . နက်ဖြန် သန်ဘက်တော့ အိမ် ပြန်ပြီး ပြောင်းခဲ့ကွယ်နော်. . . ငါ့သား။ မင်းအဖေ ရောဂါက စိတ်ထိခိုက်ထားပါတယ်၊ ခု ဆိုရင် တစ်နေကုန်နေလို့ စကားတစ်လုံးမှ မပြော၊ သူ့ သားသမီးတွေကို အနားမှာ အထိုင်ခိုင်းပြီး သူ အရက် မသောက်တော့ အကြောင်း၊ အလုပ် ကြိုးစားတော့မယ့် အကြောင်း။ သူ့ သားသမီးတွေ ကောင်းကောင်း နေနိုင်အောင် ထမင်းကောင်းကောင်း စားနိုင်အောင်၊ အဝတ်ကောင်းကောင်း ဝတ်နိုင်အောင် သူ အလုပ် ကြိုးစားမယ့် အကြောင်း ပြောတာပဲ။ ငါတောင် ဘေးက နားထောင်ရင်း စိတ်မကောင်းဘူး။ မင်းနဲ့ ကတည်းက မင်း အဖေဟာ တော်တော် စိတ်ထိခိုက်သွားတယ်၊ သူ့ ဟာသူ နောင်တ ရနေတယ်၊ ပြောင်းခဲ့ပါကွယ်နော်. . . သား. . ."

အမေ ပြောသော စကားများကြောင့် ပေဒါသည် အဖေ့အတွက် ဝိုး၍ မင်နေခဲ့ပါသည်။ ခုလိုဆိုတော့လည်း အဖေ့ကို ဝိုး၍ သနားလာမိသည်။ ငြိမ်း ကိုယ်တိုင်ကပင် ဦးဘအေးကို ကရုဏာ မသက်ဘဲ မနေနိုင်အောင် ရှိတော့ သည်။

"ဟုတ်ပါရဲ့ ပေဒါရယ်. . . အဖေ စိတ်ချမ်းသာအောင် မင်း ပြန်နေပါ ဦးသယ်. . ."

"ကျွန်တော် ပြန်လာပါ့မယ် အမေ စိတ်ချပါ. . ."

ပေဒါ၏ ကတိကိုရမှ အမေက စိတ်ချလက်ချ ထ၍ ပြန်တော့သည်။ ဒေါ်အေးတင်နှင့်အတူ ငြိမ်းကပါ ရောက်၍ ထလိုက်သည်။

"ကဲ ငါလည်း ပြန်မယ်. . . ကျွန်မလည်း သူ့ကို မမြင်လို့ တလည်း အသေင်တာနဲ့ လာမေးတာ. . ."

ငြိမ်းက သူလာရသည့် အကြောင်းကို ဒေါ်အေးတင်နှင့် အပြင်ထွက် ရင်း ရှင်းပြလိုက်သည်။

ပေဒါသည် ပြတင်းပေါက်တွင် ရပ်၍ အိမ်ဘက်ဆီသို့ လှမ်း၍ ကြည့်လိုက်သည်။ အမေသည် အိမ်နားအဝင်တွင် ရပ်၍ တစ်စုံတစ်ယောက်ကို စောင့်နေသည်။ အတန်ကြာမှ အမေရှိရာသို့ ငြိမ်း ရောက်၍လာသည်။ ငြိမ်းက ကြိုးကြားမှ ဆယ်တန်နှစ်ရွက်ကို ဒေါ်အေးတင်လက်သို့ ပေးလိုက်သည်။ ဒေါ်အေးတင်က ငြိမ်းပေးသော ဆယ်တန်ကို ယူ၍ အိမ်ထဲသို့ ဝင်သွားသည်။ ငြိမ်းက ငြိမ်းသွားရာဆီသို့သာ ငေး၍ ကြည့်နေမိသည်၊ ပေဒါကို ငြိမ်းက မြင်ပုံမရချေ။ သို့သော် ငြိမ်း၏ စေတနာကို ပေဒါက ထင်ထင်ရှားရှားကြီး မြင်နေလေသည်။

❑

## ၁၅

ဗေဒါသည် ဦးဘအေးကို မျက်တောင်မခတ် စိုက်၍ ကြည့်နေမိသ
ဦးဘအေးသည် အိပ်ရာပေါ်တွင် မလှုပ်မယှက် ရှိနေတော့သည်။ မျက်နှာ
သိသိသာသာကြီး ကျ၍ သွားတော့သည်။ ပါးက ခွက်ဝင်၍ ပါးရိုး
ထင်းထင်းကြီး ပေါ်နေသည်။ လက်မောင်းကလေးများမှာ အသားပင် လုံး
မရှိ အရိုးပေါ် အရေတင်၍ နေတော့သည်။

ဦးဘအေးသည် မျက်လုံးကို မှေး၍ထားသော်လည်း အိပ်ပျော်ဟန်
ပင်ပန်းလွန်း၍ သက်သာသလို နေခြင်းသာ ဖြစ်သည်။

ဒေါ်အေးတင်က ဦးဘအေး ခုတင်ဘေးတွင် ဒူးထောက်၍ ထိုင်
ခပ်တိုးတိုး ပြောလိုက်သည်။

"ကိုဘအေး ရှင့်သား ရောက်လာပြီလေ. . ."

မည်မျှပင် ချုပ်တည်း၍ ပြောသော်လည်း ဒေါ်အေးတင်၏ အ
တုန်နေသည်။ အားလျော့သံလည်း ပါသည်။ ဗေဒါက ဦးဘအေး
ဘေးတွင် ဒူးထောက်၍ ထိုင်လိုက်သည်။ သည်တော့မှလည်း ဦးဘ
မှေးထားသော သူ့မျက်လုံးများကို ဖွင့်လိုက်သည်။ သူ့ မျက်နှာပေါ်တွင်
ကြည့်နေသော ဗေဒါကို မြင်ရမှ ဦးဘအေးက အားတက်လာဟန် ရှိ
ချောက်ခန်းသော အပြုံးဖြင့် အားယူ၍ ပြုံးလိုက်သည်။

"သား. . . သား. . . အဖေ့ကို စိတ်နာတုန်းပဲလား၊ တင်. . . သား. . ."

ဦးဘအေး၏ အမေးကို ပေဒါက ပြန်၍ မဖြေနိုင်၊ ရင်ထဲတွင် ကျိတ်၍ ငိုနေရသောကြောင့် ဖြေလိုက်လျှင် ငိုသံပါသွားမည်ကို စိုးမိသည်။ ထို့ကြောင့် သည်း ပြောမည့် စကားလုံးများနှင့် တွယ်ကပ်၍ ပါလာမည့် ငိုသံ့အက်ကွဲသံများကို မျို၍ ချလိုက်ရသည်။ ပြီးမှ အဖေ မေးသည်ကို ပြန်၍ ဖြေလိုက်သည်။

"အဖေ့ကို ကျွန်တော် စိတ်မနာပါဘူး အဖေ၊ ဟိုနေ့က ကျွန်တော် စဉ်းမစား ပြောမိတာတွေအတွက် အဖေ့ကို တောင်းပန်ပါတယ်၊ အဖေ. . . ကျွန်တော့်ကို ခွင့်လွှတ်ပါနော်၊ ကျွန်တော့်ကို အပြစ် မယူပါနဲ့. . ."

ဦးဘအေးသည် မချိပြုံး ပြုံးလိုက်သည်။ မည်မျှပင် ကြိုးစား၍ ပြုံး လိုက်သော်လည်း သူ့ အပြုံးမှာ အက်ကွဲနေသည်၊ နှုတ်ခမ်း အစုံက ပြုံးတန် သော မျက်နှာ တစ်ခုလုံးက ထို အပြုံးနောက်သို့ လိုက်၍ မလာကြချေ။ မျက်နှာ တစ်ခုလုံးတွင် ကြေကွဲခြင်း၊ နာကြည်းခြင်း အရိပ်အယောင်နှင့် ခွင့်လွှတ်ခြင်း နှစ်သိမ့်ခြင်း အရိပ်အယောင် နှစ်ခုက ရောယှက်၍ ပေါ်နေသည်။ ထိုကို မှတ်ခံက ပေါ်လာသည့် ကြေကွဲခြင်း နာကြည်းခြင်း အရိပ် အရောင် ပေါ်တွင် ခွင့်လွှတ်ခြင်း အရိပ်အယောင်များ မသိမသာ လွှမ်း၍လာသည်။

"ငါ့သား ပြောတာတွေ အားလုံးမှန်တယ်။ မင်းတို့ လူဖြစ်ရှုံးတာ အဖေ့ကြောင့်ပဲ၊ အဖေ့ကြောင့် မယားကို လုအောင်မဆင်နိုင်ခဲ့ဘူး။ ဝအောင် မကျွေးနိုင်ခဲ့ဘူး။ သားသမီးတွေကို ပညာကောင်းကောင်း မသင်နိုင်ဘူး။ သူများ သားသမီးတွေလို တန်းတူ မထားနိုင်ဘူး။ အရာရာ ချို့ငဲ့တယ်၊ မျက်နှာ ငယ်ရတယ်၊ လူ အထင်သေး ခံရတယ်။ ခု ငါသေရင် ငါ့မယား ငါ့ သားသမီးတွေ အတွက် ဘာအမွေမှ မပေးနိုင်ဘူး။ မင်း ပြောသလို တော်တာရယ်၊ မွဲတာရယ်၊ လူဖြစ်ရှုံးတာရယ် ဒါတွေပဲ အမွေ ပေးခဲ့နိုင်မှာပဲ။ မင်းပြောတာ အားလုံး မှန်တယ်။ ခု ငါ အသေ မဖြောင့်တော့ဘူး၊ ငါ မရှိရင် မင်းတို့တတွေ ဘယ်လို နေကြ၊ ထိုင်ကြ၊ စားသောက်ကြမယ် ဆိုတာ မတွေး ရဲလောက်အောင်ပဲ။ အားလုံးတော့ ဒါတွေ အားလုံး ငါ့ အပြစ်ပဲ. . ."

ဦးဘအေး၏ အသံသည် ပြောရင်း နစ်ဝင်သွားတော့သည်။ ပေဒါကို ကြည့်ကာပင် အရက်သောက်လွန်း၍ ကွဲနေသည့်အထဲ ခုလို အားဆုတ်နေသည့်

အချိန်တွင် အသံ လုံးလုံးပင် မပေါ်တော့ချေ၊ လေသံသဲ့သဲ့ကိုသာ ကြားရ
သည်။

ဒေါ်အေးတင်က ဦးဘအေး ပြောသော စကားများကို နားထောင်
မျက်ရည်များ စီးကျလာတော့သည်။ စီးကျလာသော မျက်ရည်စများကို အ
လက်ဖြင့် သုတ်လိုက်သည်။

"ဒါတွေ ပြောမနေပါနဲ့ ကိုဘအေးရယ်၊ ဘဝ ကုသိုလ်ကံက
တာပဲ၊ ကံစီမံရာ ခံရတာ ဘယ်သူမှ မတတ်နိုင်ဘူး။ ဒါဟာ ရှင့် အပြစ်
ကျုပ် အပြစ်ရယ် ပုံချလို့ မရပါဘူး ကိုဘအေးရယ်. . ."

ဒေါ်အေးတင်က ဦးဘအေးကို နှစ်သိမ့်စကားဖြင့် ဖြေ၍ ပြော
သော်လည်း ဦးဘအေးကမူ သရော်ပြုံးကလေးပင် တစ်ချက်မျှ ပြုံးလိုက်
"ငါ သိပါတယ် အေးတင်ရယ်၊ ကံဆိုတာ လူက ပြုလုပ်တာပါ။
အကျိုးပေးဆိုတာကတော့ မင်းတို့ ငါတို့မှာ မကောင်းခဲ့တာဟာ ဘာမှ
ပြောစရာ မလိုပါဘူး. . . လက်ငင်း ခံစားနေရတာပဲ။ ဒါပေမဲ့ ငါ ချို့ယွ
တာဝန်တွေကို ငါ့သား ငါ့သမီးတွေ နားလည်အောင် မသေခင် ရှင်း
ဝတ္တရား ရှိတယ်။ ကြောင်မရော-မောင်တိုးရော ခေါ်စမ်း. . ."

ကြောင်မက ခုတင်ခြေရင်းတွင် တရှုံ့ရှုံ့ ငိုနေရာမှ ဒေါ်အေး
ဘေးတွင် အသာဝင်၍ ထိုင်လိုက်သည်။ မောင်တိုးက ဖေဖေ့ အနားတွ
ထောက်၍ ထိုင်လိုက်သည်။

"ငါ့ သားရော သမီးရော အစုံရှိကြတယ်နော်၊ ငါ့သားတွေ သမီး
အဖေ တစ်ခု ရှင်းခဲ့မယ်။ ဒါကိုမှ ရှင်းပြမသွားရရင် နောက် မင်းတို့ တစ်သ
ဒုက္ခ ရောက်သမျှ၊ ဆင်းရဲသမျှ၊ လူစဉ်မမီသမျှ တို့အဖေ လူမိုက်ကြီး အ
လို့ ခုလို ဖြစ်ရတယ်။ တို့ အဖေ အလုပ် ကောင်းကောင်း မလုပ်လို့ ဖေ
အရက်သမားဖြစ်လို့ တို့ ခုလို အောက်တန်း ကျရတယ်၊ ဆင်းရဲ
မွဲရတယ် ဆိုတာ မင်းတို့ အစွဲအလမ်းကြီးထားပြီး ငါ့ အပေါ်မှာ နာကြည်း
ငါကြောက်တယ်။ ဒီအတွက်လည်း မင်းတို့ အပြစ် မလေးစေချင်ဘူး
သူများ အဖေတွေ နည်းတူ ငါ့ မယား ဝအောင် စားစေချင်တယ်၊ လှ
ဝတ်စေချင်တယ်၊ ငါ့သား ငါ့သမီးတွေ အရာရာ ပြည့်စုံစေချင်တယ်။ အ
အရက်သမားကြီးပါပဲ၊ လူမိုက်လူပေ လူတေကြီးပါပဲ၊ ဒါပေမဲ့ သူများ အ
နည်းတူ ဒီ စေတနာကိုတော့ ရှိတာ အမှန်ပါပဲ ဒါကိုတော့ ယုံကြ. . ."

"သမီးတို့ ယုံပါတယ် အဖေရယ်. . . ဒါတွေ မပြောပါနဲ့. . ."

"ကျွန်တော်လည်း ယုံပါတယ် အဖေ၊ အဖေ့ကို နည်းနည်းမှ မပြစ်မှား ...ဘူး. . ."

ကြောင်မက ဝမ်းပမ်းတနည်း ရှိုက်၍ ပြောလိုက်သည်။ မောင်တိုးက ...ည်း ငိုသံဖြင့် ပြောလိုက်သည်။ ဦးဘအေးက ဗေဒါမျက်နှာကို လှမ်း၍ ကြည့် ...က်သည်၊ ဗေဒါက တည်ငြိမ်သော အသံဖြင့် သူ့အဖေ လိုချင်သော အဖြေကို ...တိုးတိုး ပေးလိုက်သည်။

"အဖေ့ကို ကျွန်တော်တို့ ဒီလို မထင်ပါဘူး၊ အမေလည်း မထင်ဘူး။ ...ကြောင်မလည်း မထင်ဘူး၊ မောင်တိုးလည်း မထင်ဘူး။ ကျွန်တော်တို့ အားလုံး ...အဖေ့ကို အထင်ကြီးတယ်၊ ကြည်ညိုတယ်၊ ချစ်တယ်ဆိုတာ အဖေ ယုံပါ. . ."

ဗေဒါ ပြောသော စကားသည် ဦးဘအေး နားထဲသို့ မဝင်နိုင်တော့ချေ။ ...ဦးဘအေး ကိုယ်တိုင်ကလည်း သူ့ ကိုယ်သူ မယုံနိုင်တော့ချေ။ မယား ...သားသမီးများ၏ ကြည်ညိုလေးစားမှုကို ခံထိုက်သူဟူ၍လည်း မထင်နိုင်တော့ ...ချေ၊

"အေး. . . ဟုတ်ချင်လည်း ဟုတ်မယ်။ ဒါပေမဲ့ ငါကိုယ်ငါတော့ မယုံ ...ဘူး၊ ငါဟာ မင်းတို့ ကြည်ညိုမှု လေးစားမှုကို မခံထိုက်ပါဘူးကွာ၊ ငါဟာ ...မင်းတို့အပေါ်မှာ တာဝန်တွေ အများကြီး ပျက်ခဲ့တယ်၊ ဒါပေမဲ့. . . ငါ့ စေတနာ ...တော့ မပျက်စီးအမှန်ပါ အေးတင် နှင့် အသိဆုံးပါ. . ."

"ဟုတ်ပါတယ် ကိုဘအေးရယ်၊ ကျွပ် သိပါတယ်။ ရှင် ဒါတွေ တွေးမနေ ...ပါနဲ့ ပြောမနေပါနဲ့ ရှင် မောလှပြီ။ သက်သာအောင် နေစမ်းပါ. . ."

ဒေါ်အေးတင်က တောင်းပန်သည့် တိုင်အောင် ဦးဘအေးက သူပြော ...သော စကားများကိုသာ တစ်လုံးချင်း ဆက်၍ ပြောနေတော့သည်၊

"ဒါတွေ ပြောရမယ် အေးတင်၊ ဒါမှ ငါ့ရင်ထဲမှာ ပေါ့သွားမယ်။ ...ဘတ်ကြောင်းက ပြည်ဖုံးကား ချတော့မယ် မဟုတ်လား။ မချခင် ဇာတ်ရည် ...ည်အောင် ခင်းရလိမ့်မယ်။ ငါဟာ နွံထဲမှာ ရှုန်းရတဲ့ နွားလိုပဲ။ ရှုန်းရင်း ...ရင်း နစ်ရတာပဲ။ မင်းတို့ မြင်ရတဲ့ ငါ့ဘဝက တစ်ဝက်တစ်ပိုင်း ကနေစပြီး ...ရတော့ အထင်မှားမယ်ဆိုလည်း မှားမှာပဲ။ တစ်နေကုန် အရက်သောက်ပြီး ...လုပ် မလုပ်တဲ့ အရက်သမားကြီးလို့ ထင်မှာပဲ။ ဒါကြောင့် အိမ်မှာ ကျပ်တည်း ...တယ်လို့ မြင်မှာပဲ အမှန်က အရက်သောက်လို့ ဒီ ဝန်ထုပ်ဝန်ပိုးကြီး ရှုန်းအား

မရှိလို့. . . စိတ်က ညစ်လာတယ်၊ စိတ်ညစ်လေ အရက်သောက်လေပဲ၊ အရ
သောက်တော့ အလုပ်ပျက်တယ် အလုပ် ပျက်တော့ အိမ်မှာ ပိုပြီး ကျပ်တည်
တယ်။ အဲဒီ ကျပ်တည်းတဲ့ ဒုက္ခကြီးကို မကြည့်ရက် မမြင်ရက်ဘူး၊ ဒီအဖြစ်
မေ့ပစ်လိုက်ချင်တယ်၊ အဲဒီတော့ အရက်ကို ပိုပြီး မူးအောင် သောက်လိုက်
သောက်တုန်းကတော့ ကိုယ့်ဘဝကိုယ် မေ့ပြီး စိတ်ချမ်းသာတယ်၊ တစ်
မူးပြေပြန်တော့ ဒီဒုက္ခ ကြီးက ဆက်ပြီး ရင်ဆိုင်ရတာ၊ ဒီ သံသရာထဲမှာ
နစ်ရတာပဲ။ စေတနာနဲ့ သံယောဇဉ်ဟာ ဘယ်လောက်ပဲ ကြီးမားပေမယ့် ထူ
မတတ်နိုင်တော့ ကျိတ်ပြီး စိတ်ဆင်းရဲရတယ်။ ဒါကြောင့် ခုတော့ တို
တာဝန်ကို ကိုယ် ရဲရဲကြီး ရင်ဆိုင်မယ် ရှန်းမယ်ဆိုပြီး ဆုံးဖြတ်တော့ အချိန်
နောက်ကျသွားပြီ။ မယား သားသမီးတွေအတွက် တကယ် ရှန်းတော့
ဆိုတော့ ဘုရားသခင်က ငါ့ ကို လူ့ပြည်မှာ မထားတော့ဘူး၊ ငါ ဘာမှ မတ
တော့ဘူး။ ငါ ဘာလုပ် ရမလဲ ငါ့သား ပြောသလိုပဲ၊ မင်းတို့ကို ငါ ဘာအ
မပေးနိုင်ဘူး။ ဒါပေမဲ့ ငါ့ကို ခွင့်လွှတ်ကြပါ၊ မင်းတို့ ဒုက္ခတွေ့တိုင်း တွေ့
ဒီ အရက်သမားကြီးကြောင့် ခုလို ဖြစ်ရတယ်ဆိုတာ တွေးပြီး နာကြည်း မ
ဘဲ ငါ့ကို ခွင့်လွှတ်ကြပါကွယ်. . ."

ဦးဘအေးသည် ပြောရင်း မောလာဟန်ရှိသည်။ ချောင်းက ဆိုး
သည်။ ဒေါ်အေးတင်က ဦးဘအေး၏ ရင်ကို အသာဖိထားလိုက်သည်။

"တော်ပါတော့ ကိုဘအေးရယ်. . . ရှင် ဒီလိုပြောတော့ ကျွပ် ရင်
မချမ်းသာလွန်းလို့ပါ။ ရှင့်ကို ကျွန်မတို့ အားလုံး အထင်မလွဲပါဘူး
နားလည်ပါတယ်၊ ရှင့် စိတ်အေးအေးထားစမ်းပါ၊ ဒါတွေ တွေးမနေပါနဲ့. .

ဒေါ်အေးတင်သည် ပါးပြင်ပေါ်တွင် စီးကျနေသော မျက်ရည်
သုတ်လိုက်သည်၊ ကြောင်မ၏ ငိုသံများသည် တဖြည်းဖြည်း ကျယ်၍လာ
ဒေါ်အေးတင်က ကြောင်မကို လက်တို့လိုက်သည်။ ဦးဘအေးသည် အ
မှ အမောဖြေနေရာမှ မျက်လုံးကို အားယူ၍ ဖွင့်လိုက်သည်။

"မင်းတို့ အားလုံးကို ငါ ဘာအမွေမှ မပေးနိုင်ပေမယ့် ငါ့သား
အမွေတစ်ခုပေးခဲ့မယ်. . . ကြားလား ဇေဒါ. . ."

"ဟုတ်ကဲ့. . ."

"အဲဒီ အမွေနဲ့ မင်းအမေ ညီ ညီမကလေးတွေရဲ့ တာဝန်ကို
တော့. . . ငါ့သားက လိမ္မာပါတယ်။ ငါ ရှိတုန်းမှာတောင် ထမ်းသော

နို့ရင် ပိုပြီး သိတတ်လိမ့်မယ် ဆိုတာ အဖေယုံပါတယ်၊ တစ်ခုတော့ မ်းနည်းစရာပေါ့၊ ငါ့သားရဲ့ ရွှေ ပညာရေးအတွက်တော့ နစ်နာမှာပဲ၊ အေးပေါ့ကွယ် . . . ကံမလှတဲ့ သူတွေဆိုတော့ ဒုက္ခနဲ့ အမြဲ ရင်ဆိုင်ကြရမှာပဲ"

ဦးဘအေးသည် စကားဆက်၍ မပြောနိုင်တော့ချေ၊ ပေဒါက သူ့ အဖေ၏ ခြေဖျားကလေးများကို အသာဆုပ်၍ နေမိသည်၊ ဦးဘအေး၏ ခြေထောက်များသည် တဖြည်းဖြည်း အေး၍လာသည်။

အပေါက်ဝမှ အမေထွေးနှင့် အေးအေးတို့ ဝင်လာကြသည်၊ အမေ ထွေးက ဦးဘအေးကို အကဲခတ်လိုက်ရင်း ဒေါ်အေးတင်နားသို့ ကပ်၍ မေး လိုက်သည်။

"ဘယ့်နှယ်နေလဲ . . ."

ဒေါ်အေးတင်သည် ပြန်၍မဖြေနိုင်တော့ချေ၊ ရှိုက်သံကိုသာ အပြင်သို့ ထွက်ရန် မျို၍ ချနေရတော့သည်။ သည်တော့လည်း အမေထွေးက ဆက်၍ မေးတော့ချေ။

ဦးဘအေးသည် အမေထွေးကို အားကိုးတကြီး လှမ်း၍ ကြည့်လိုက် သည်၊ သူ့ မျက်လုံးအိမ်တွင် မျက်ရည် ပြည့်၍နေသည်။

"အမေထွေး ကျွန်တော့်အပြစ်တွေကို ခွင့်လွှတ်ပါ . . ."

"ငါ ဘယ်လိုမှ မအောက်မေ့ပါဘူးဟယ် . . . နင် ဒါတွေ တွေးမနေပါနဲ့ ဘုရား တရားကို အာရုံပြုရင်း သက်သာအောင်နေ . . ."

"အမေထွေး သမီးနဲ့ မြေးတွေကို ကြည့်လိုက်ပါနော် . . . ကျွန်တော် ရှိရင် သူတို့ ဘယ်လိုနေမယ်ဆိုတာ မစဉ်းစားရဲဘူး . . ."

ဦးဘအေး၏ စကားများမှာ မပီတော့ချေ။

"အားလုံး စိတ်ချ ဘအေး၊ နင် ဒါတွေ ဘာမှ တွေးနေစရာ မလိုဘူး၊ ဘုရား ဘုရားနဲ့ ကိုယ်ကျန်းမာဖို့သာ အာရုံစိုက်ပါ . . ."

ဦးဘအေးသည် မျက်လုံးကို ပြန်မှေး၍ ထားသည်။ သည်တော့လည်း နှုတ်ခမ်းလုံး တိတ်ဆိတ်နေတော့သည်။ အမေထွေးက ဦးဘအေး၏ ခေါင်းရင်းမှ ထိုင်၍ ခပ်တိုးတိုး ဘုရားစာ တရားစာများ ရွတ်နေတော့သည်။

ပေဒါက သူ့အဖေကို မျက်တောင်မခတ် စိုက်၍ ကြည့်နေရင်း စိတ်ထဲမှ အဖေ ချမ်းသာပါစေ . . . ကျန်းမာပါစေ ဆိုသော ဆုကို အကြိမ်ကြိမ် တောင်း၍နေမိသည်။

ညနေစောင်းသည်အထိ ဦးဘအေးသည် မျက်စိ ပြန်၍ မဖွင့်
ချေ။ အမေက ထမင်းပင် မချက်နိုင်တော့ပေ၊ အားလုံး ဦးဘအေး အနား
ဝိုင်း၍ ထိုင်နေကြသည်။ ကြောင်မနှင့် မောင်တိုးက တရှုံ့ရှုံ့ ငိုနေတော့သည်
အေးအေးက ကြောင်မနှင့် မောင်တိုးကို နောက်ဖေးသို့ ခေါ်သွားပြီးလျှင်
ရတော့သည်။

ညနေ မိုးချုပ်ခါနီးလောက်တွင် ဦးဘအေးသည် မျက်လုံးကို တစ်
မှ ဖွင့်လိုက်သည်။ သူ့ ပါးစပ်က နှစ်ချက်မျှ လှုပ်လိုက်သည်။ လေသံမျှ
သော်လည်း ဖေဒါက သူ့ခေါ်ကြောင်း နားလည်လိုက်သည်။ ဦးဘအေးသ
ဖေဒါကို ကြည့်၍ သူ့ လက်တစ်ဖက်ကို အားယူမြှောက်လိုက်သည်၊ တော်
နှင့် မရ ကြွရှံသာ ကြွသည်၊ သည်တော့လည်း ဖေဒါက သူ့ အဖေလက်
ကိုင်၍ မြှောက်ပေးလိုက်သည်။ ဦးဘအေးက လက်ကို မြှောက်၍ တစ်စုံတစ်
ဆွဲဟန် ပြုလိုက်သည်။

ဦးဘအေး ဆိုလိုသော အဓိပ္ပာယ်ကို ဖေဒါ နားလည်လေပြီ
သော ပစ္စည်းသေတ္တာကို အယူခိုင်းခြင်းသာ ဖြစ်သည်၊ ဖေဒါက ပ
သေတ္တာကို ယူ၍ပြသည်။ သည်တော့မှလည်း ဦးဘအေး မျက်နှာ
ပြုံးရောင်ကလေး သမ်းရုံမျှ သမ်းလာသည်၊ ပြီးမှ လက်ညှိုး ထိုး၍
ပြလိုက်သည်။

"မင်းယူတော့ ဒါ ငါ့အမွေပဲ. . ." ဟု ဆိုသော သဘောကို
နားလည်မိသည်။ ဖေဒါသည် ပစ္စည်းသေတ္တာကလေးကို ရင်တွင်
လက်နှစ်ဖက်ဖြင့် ပိုက်ထားသည်။ ဖေဒါကို လက်ညှိုးထိုးနေရာမှ သူ့
သည် အောက်သို့ ပြန်ကျသွားသည်၊ ခေါင်းကလေး ငိုက်၍ ကျသွားသည်

ဒေါ်အေးတင်က တအားရှိုက်၍ ငိုလိုက်သည်၊ အမေ
ဒေါ်အေးတင်ကို လက်ကာပြီးလျှင် ဂွမ်းစကလေး တစ်ခုကို ယူ၍ ဦးဘ
နှာခေါင်းဝတွင် ကပ်၍ ထားလိုက်သည်။ ဤဂွမ်းစကလေးသည် ဦးဘ
နှာခေါင်းဝတွင် မလှုပ်မရှား ရှိတော့သည်။

ဖေဒါသည် ရုတ်တရက် မငိုနိုင်၊ အားလုံး၏ ရင်ဘတ်စည်တီး
များကိုလည်း မကြားရ၊ အိပ်မက်ရာမှ လန့်နိုးစသူကဲ့သို့ ကြောင်၍
အတန်ကြာမှ သူ့ ခြေထောက်များသည် ခွေပျော့၍ ကျသွားသည်။

မေဒါသည် အဖေ အမွေပေးသွားသော သေတ္တာကလေးနှင့် မျက်နှာ ...ကို အပ်ကာ. . . ရှိုက်ငင်တကြီး ငိုလေတော့သည်။

မေဒါ့အတွက် တွယ်ကပ်ခိုနားစရာ ကျောက်ဆောင်ကြီးသည် သခ်ီရ ...သိုင်းတံပိုး၏ ရိုက်ပုတ်ချက်ကြောင့် ပြိုကွဲနစ်မြုပ်၍ သွားလေပြီတကား. . .။

□

# ၁၆

ဗေဒါသည် ပစ္စည်းသေတ္တာကလေးကို ဆွဲ၍ အိမ်ဆီသို့ ဝင်ခဲ့သည်။ အမေ
ထမင်း အသင့်ပြင်၍ ဗေဒါကို စောင့်နေသည်။ ဗေဒါက သေတ္တာကို ခေါင်း
ဘုရားစင်တွင် ထောင်၍ ထားလိုက်သည်။

"မိုးချုပ်လိုက်တာ ဗေဒါရယ် ကျောင်းချိန်တောင် နီးနေပြီ ဒါကြောင့်
ထမင်းပြင်ပြီး စောင့်နေတာ. . ."

ဗေဒါက အိတ်ထဲမှ ငွေခြောက်ကျပ်ကို ထုတ်၍ အမေ့လက်
အပ်လိုက်သည်။

"ရော့အမေ. . . ခြောက်ကျပ်ရခဲ့တယ်၊ အမှန်က ခုနစ်ကျပ်လော
တော့ ရဖို့ပဲ၊ ကျွန်တော်လည်း မိတ်ဖြစ်အောင် ဆိုပြီး လုပ်ပေးတာ
နောက်လည်း သူတို့ဆီက ခဏ,ခဏ လာမှာပဲ. . ."

"အေးပါကွယ် ရသလောက်ပေါ့ ကိုယ်က လုပ်စဆိုတော့ ဒီလိုပေါ့
ပြီးတော့လည်း မင်း လိုင်စင်လည်း ယူရဦးမယ်နော်၊ ငါးဆယ်လား ခြော
ဆယ်လား. . . အမေက သူ စိုက်ပေးမယ် ပြောပါတယ်၊ ဦးထွန်းမြင့်ကိုလည်း
လိုင်စင်ရဖို့ သွားပူဦး ဟိုတုန်းက မင်း ရုံမှာ ဖြစ်လာတဲ့ ကိစ္စ အဖြစ်
သိတည်းက ဦးထွန်းမြင့်ကလည်း မင်းပေါ် သိပ်သနားနေရှာတာ၊ ကဲ-စား
ကျောင်းချိန်နီးပြီ. . ."

"အမေရော စားပြီးပြီလား. . ."

"ငါတို့ စောစောကပဲ ပြီးတယ် မင်း စောင့်သေးတယ် မလာနိုင်တာနဲ့ ကြောင်မနဲ့ မောင်တိုးကို ကျွေးရင်း တစ်ခါတည်း စားလိုက်တယ်. . ."

ဗေဒါက မျက်နှာသစ်ရင်း အဝတ်အစားများကို လဲလိုက်သည်။ ပြီးမှ အမေပြင်ထားသော ထမင်းပွဲကို ဝင်၍ သုတ်သုတ်စားလိုက်သည်။

"မောင်တိုးရောအမေ. . ."

"လှမြင့် ခေါ်သွားတယ်လေ၊ သူတို့လမ်းထဲမှာ ရုပ်ရှင်ပြစရာ ရှိလို့တဲ့"

ဒီကောင် စာမှန်မှန်ကျက်ပါစေ အမေ. . ."

"အမယ်လေး မင်းညီက လည်တုန်း လည်ပေမဲ့ စာတော့ကျက်ပါတယ်၊ ဒီနှစ် ခုနစ်တန်း အောင်ရမယ်တဲ့. . ."

"ကြောင်မရော. . ."

"သူ့ အဘွားအိမ်မှာလေ. . . အမေတို့က ကနေ့ ဆွမ်းချက်ဖို့ အလှူညှိနေတယ်. . ."

ဗေဒါက ညီနှင့် ညီမများကို စိုးရိမ်သောစိတ်ဖြင့် တစ်ယောက်ချင်း မေးလိုက်သည်။ ဒေါ်အေးတင်က ဗေဒါအတွက် ဟင်းများခပ်၍ပေးလိုက်သည်။

ထမင်းစားပြီးလျှင် ဗေဒါသည် စာအုပ်များကို ဆွဲ၍ ကျောင်းသို့ ထွက်ခဲ့သည်၊ ငြိမ်းတို့ အိမ်ရှေ့သို့ ရောက်လျှင် ဗေဒါက ငြိမ်းကို လှမ်း၍ ခေါ်လိုက်သည်။ ငြိမ်းက အမပေါက်ဝတွင် ရပ်နေရာက ဗေဒါကို မြင်လျှင် အောက်သို့ ဆင်းလာသည်။ ဗေဒါက ငြိမ်းကို ရပ်၍စောင့်နေသည်။

"နောက်ကျလှချည်လား ဗေဒါ ခုမှ ကျောင်းသွားမလို့လား. . ."

"မကျသေးပါဘူး မမရဲ့ ခုနစ်နာရီမှ ကျောင်းတက်တာပါ. . ."

"မနက်ကျ စောစောလာနော် ပြီးတော့ ငါ ပေးထားတဲ့ ဂဏန်းတွေ တစ်ခါတည်း တွက်လာ ကြားလား. . ."

"ဟုတ်ကဲ့မမ. . ."

ငြိမ်းက ဆရာမကြီးလို ပြောလိုက်သည်ကို ဗေဒါက ရှိုရှိုသေသေ ပြန်၍ ဖြေလိုက်သည်။ ဖြေပြီးတော့လည်း ငြိမ်း၏ အမိန့်ကို စောင့်နေသလို ရပ်၍ နေသည်။ ငြိမ်းက ဗေဒါကို မျက်စောင်းကလေးထိုး၍ ကြည့်လိုက်ရင်း ပြုံးစစဖြင့် ပြောလိုက်သည်။

"ပြီးတော့ စာသင်နေတဲ့ အချိန်မှာ မဆော့ရဘူး ကြားလား စာပဲ ကြည့်ရမယ် တခြားဘာမှ မလုပ်ရဘူး"

"ဟုတ်ကဲ့မမ. . ."

"သွား သွား ငါ့ကို နောက်မနေနဲ့ ကျောင်းနောက်ကျနေမယ်. . ."

ပေဒါသည် ငြိမ်းကို ပြုံး၍ ကြည့်လိုက်ရင်း ခပ်သုတ်သုတ် ထွက်လာခဲ့သည်။ လမ်းချိုးသို့ ရောက်လျှင် စာအုပ်ကို ကိုင်၍ ပြန်လာသော အေးအေးကို တွေ့ရသည်။

"ဟင် မမအေး ကျောင်းတက်နေပြီလား ဘယ်ကျောင်းမှာလဲ. . ."

"လက်ရေးတို လက်နှိပ်စက် ကျောင်းမှာ တက်တယ်၊ မက်ထရစ်တော့ ရွှေ့ နှစ်မှပဲ ဖြေတော့မယ်. . . လက်နှိပ်စက် သင်ပြီး စာရေးမလေး ဘာလေး လုပ်ဦးမယ်ဟယ်၊ နင်တရော သုံးနှစ်မြောက် ဂုဏ်ထူးယူဦးမလို့လား. . ."

"အမယ် စောင့်ကြည့်ပါ မမအေးရာ၊ ဒီနှစ် ကျွန်တော် သေချာပေါက် အောင်ရမယ်. . ."

ပေဒါက ယုံကြည်ချက်ဖြင့် ကြုံးဝါးလိုက်သော်လည်း အေးအေး အသံထွက်ရယ်ပင် ရယ်လိုက်သည်။

"အေးပါလေ စောင့်တော့ ကြည့်ရမှာပဲ၊ တို့ လက်နှိပ်စက်ကတော့ ရှင်းတယ်ဟေ့၊ စာမေးပွဲတွေဘာတွေ ဒါလောက် မရှုပ်ဘူး မြန်မြန်ရိုက်နိုင် အောင်တာပဲ စိတ်မရှုပ်ရဘူး. . ."

အေးအေးက သူ့ အလုပ်ကို သူ ကျေနပ်နှစ်သိမ့်ကာ ပြောရင်း ထွက် သွားသည်။

ပေဒါသည် ကျွန်းတောလမ်းမကြီးအတိုင်း လျှောက်ခဲ့သည်။ ရှေ့ တစ်စီးက ပေဒါ့ဘေးမှ ဖြတ်သွားသည်။ ညနေ မိုးချုပ်ချိန်တွင် မှောင် အနက်ကြီးကို တပ်၍ ကိုအေးလွင်နှင့် ယောကျ်ား တစ်ယောက် အလယ်မှ ကျေနပ် နှစ်သိမ့်စွာ ထိုင်၍ လိုက်သွားသော မြသီကို တွေ့လိုက်ရသည်။ မြ မျက်နှာကို မြင်လိုက်ရတော့ ပေဒါ့စိတ်ထဲတွင် ရုတ်တရက် ဒေါသ ဖြစ်မိသည်။ မြသီက ပေဒါကို သရော်သလို ပြုံး၍ ကြည့်သွားသည်။

ပေဒါသည် ဆက်၍ လျှောက်မြဲလျှောက်ခဲ့သည်။ နောက်လမ်း တစ် အကူးတွင် သောင်းကျော်ကားကြီး တစ်စီးက ပေဒါ့အနားသို့ ထိုး၍ ရပ် သည်။ ပေဒါက နောက်သို့ လှည့်ကြည့်လိုက်မိသည်။ ကျော်နီ တင်ထွန်း အထွန်းတို့ကို မြင်ရသည်။ ကျော်နီတင်ထွန်းက ပေဒါကို လှောင်ပြုံး ပြုံး ကြည့်လိုက်ပြီးလျှင် နောက်သလိုဖြင့် နှိမ်လိုက်သည်။

"ဟော့ကောင် အောင်မှာလည်း မဟုတ်ဘဲနဲ့ ကျောင်းတွေဘာတွေ
က်မနေပါနဲ့. . ."

ဗေဒါက ပြန်ပြောချိန် မရမီပင် ကားက တစ်ရှိန်ထိုး ထွက်သွားတော့
ည်၊ အထွန်း၏ ရယ်သံသည် လမ်းမပေါ်တွင် လွင့်၍ ကျန်ခဲ့သည်။

ဗေဒါသည် အောက်နှုတ်ခမ်းကို ကိုက်၍ ထားလိုက်သည်။ နောက်
ာစ်ချိုးသို့ ကူးခဲ့ပြန်သည်။ ခံပြင်းစိတ်များသည် ပို၍များလာသည်။
ည်တော့လည်း ကြိုးစားလိုစိတ်က တဖွားဖွား တက်၍လာသည်။

ဗေဒါသည် မဟာမြိုင်လမ်း ဖြတ်မည်အပြုတွင် လမ်းပေါ်မှ ဆင်းလာ
သုံးဘီးကားကို ရပ်၍ စောင့်နေလိုက်ရသည်။ သုံးဘီးကားပေါ်မှ
ားကျော်မြင့်ကြီးနှင့် မောင်နီက ဗေဒါကို လှမ်း၍ နှုတ်ဆက်လိုက်သည်။
ို့လည်း ထိုး၍ရပ်လိုက်သည်။

မောင်နီက ကားပေါ်မှ ဆင်းလိုက်ပြီးလျှင် လွယ်အိတ်ထဲမှ ဖိတ်စာနှင့်
ာစာတမ်းကို ထုတ်၍ ပေးလိုက်သည်။

ခုလ နှစ်ဆယ်ရက်နေ့မှာ ကျောင်းသားလူငယ် ညီလာခံကြီး ရှိတယ်၊
း တက်ဖြစ်အောင် တက်ပါ၊ တစ်ပတ်တိတိ ကျင်းပမယ်၊ ဒီ ညီလာခံ
ာစ်နှစ် တစ်နှစ် တန်းကျကျောင်းသား လေးသောင်းကျော် ပြဿနာ
ာနေ့ အလုပ်မရှိဘဲ လေလွင့်တေပေနေတဲ့ လူငယ်တွေရဲ့ ပြဿနာ
ယ် အလုပ်လက်မဲ့ ပြဿနာတွေ အားလုံး ဆွေးနွေးမယ်။ ကနေ့
င်လက်မဲ့ ပြဿနာက ပိုကြီးလာပြီ၊ ဆယ်တန်းလောက်မှ မအောင်တဲ့
ာတော့ မစဉ်းစားနဲ့ ဘီအေ၊ ဘီအက်စ်စီမကဘူး ခုဟာက ဒေါက်တာ
င်ဂုင်နီယာတို့အထိ ပြဿနာ ပေါ်နေပြီ၊ ဒီအထဲ စာမေးပွဲတွေကလည်း
င်းဘုပ်လာတယ်။ တက္ကသိုလ်မှာတောင် နောက်ဆက်တွဲ စာမေးပွဲ ဒီ
ဲ ပေးတော့မယ်၊ ဒါတွေ အားလုံး ချပြီး ဆွေးနွေးမှာပဲ။ မင်း
ောင် တက်ကွာ၊ စိတ်ပါရင်လည်း အလျှင်တစ်ခါလို ဝင်ဆွေးနွေး
ာလျှင်တစ်ခါ မင်း ဆွေးနွေးတာ တော်တော်ကောင်းတယ်၊ ကိုယ့်ဘဝ
ာတိုင်း တင်ပြတော့ ပိုပြီး လေးနက်တာပေါ့. . . ကဲ တို့သွားမယ်. . ."

ဒေါက မောင်နီပြောသမျှ ငေး၍ နားထောင်နေမိသည်။ လန်းဘား
ြင့်ကြီးက ကားထဲမှ လက်ခါ၍ပြလိုက်ရင်း ရှုံ့မဲ့၍ ညည်းလိုက်သည်။

"မစားသာဘူးဟော့ သုံးဘီးတွေက ပေါလာတော့ တစ်နေ့ သုံးဆ
လောက်ရဖို့ မနည်း ဆွဲနေရတာ၊ ဒီကြားထဲ ဒီကောင်တွေ လာ လာ ချေးတ
ဆွဲနေသေးတယ်. . ."

ကျော်မြင့်ကြီးက ပြောပြောဆိုဆို ကားကို မောင်း၍ ထွက်လိုက်သည
ဗေဒါသည် မောင်နီပြောသော စကားများကို လေးလေးနက်နက် စဉ်းစားမိသည
သို့ စဉ်းစားနေရာမှ ရွှေကြာပန်းကဲ့သို့ လန်းဆန်း၍ ကျက်သရေ ရှိလှသေ
ငြိမ်း၏ မျက်နှာက ပေါ်၍လာသည်။

စာမေးပွဲနှင့် မငြိမ်း၏ ပြဿနာသည် ဗေဒါအတွက် ဘယ်အ
ဘယ်ကာလ ရောက်ခါမှ ဖြေရှင်း၍ ရနိုင်ပါအံ့နည်း။ ။

❖ ❖ ❖

ပြီး
အောင်လ

# မောင့်မမငြိမ်း

# အောင်လင်း

# မောင့်မငြိမ်း

## ၁

သည် သူ၏ လေ့ကျင့်ခန်း စာအုပ်တွင် လက်ရေး ဝိုင်းဝိုင်းစက်စက် ဖြင့် ရေးသားထားသော ငြိမ်း၏ မှတ် ချက်ကလေးကို ကြည့်လိုက်ရင်း န်းအားတက်လာမိသည်။

ငြိမ်းက ဖေဒါကို ကြည်လင်ချိုမြသော အပြုံးဖြင့် မျက်တောင်မခတ် ကြည့်နေတော့သည်။ ငြိမ်း၏ အပြုံးမှာ ဖေဒါ၏ ရင်တွင်းဝယ် စမ်းရေ လေးများ လှုံးလွန့်လာသလို ငြိမ့်ညော င်းလှသည်။

ဖေဒါသည် ငြိမ်းကို ပြန်၍ ငေးကြ ည့်နေမိသည်။ ငြိမ်း၏ မျက်နှာထား ဝန်းကဲ့သို့ ရွှန်းမြသည်။ ကြည်လင်သည်။ ကျက်သရေရှိသည်။ ဖေဒါ၏ ကြောင့် ငြိမ်း၏ တိမ်စင်လနှယ် ကြည်လင်ရွှန်းမြသော မျက်နှာသည် ရောင်ကလေးများ သန်း၍ နီမြန်းလာတော့သည်။

"နောက်ကို ခု ရထားတဲ့ အမှတ်ထက်လျော့ရင် ဒဏ်ပေးမယ်။ ဒါ့ကြောင့် အောင် ကြိုးစားရမယ် ကြားလား"

ငြိမ်းက စကားလွှဲရင်း ဣန္ဒြေမြန်၍ ဆည်လိုက်သည်။ ပြီးမှ ဖော်ဒါ ထဲမှ လေ့ကျင့်ခန်းစာအုပ်ကို အစမှနေ၍ တစ်ရွက်ချင်း လှန်လိုက်သည်။ ဆုံး အရွက်တွင် မင်နီများဖြင့် ဖျက်ရာတွေ အမြောက်အမြား တွေ့ရ ထိုစာမျက်နှာ၏ အောက်နားတွင် ငြိမ်း၏ မှတ်ချက်ကိုလည်း တွေ့ရသည်။

'၂ မှတ်. . .' ကြိုးစားရန် အများကြီးလိုသည်။

ဗေဒါသည် ငြိမ်းထံတွင် တစ်ပတ်လျှင် နှစ်ကြိမ်ကျ အင်္ဂလိပ် စာစီစာ ရေး၍ပြရသည်။ ငြိမ်းက ဗေဒါရေးသော စာစီစာကုံး အားလုံး ပြင်၍ပေးသ သတ်ပုံ သဒ္ဒါကစ၍ ပြင်ရင်း ဗေဒါ နားလည်အောင် ပြ၍ပေးသည်။ ပြ သင့်တော်သည့် အမှတ်ကို ပေးတတ်သည်။

ခုတစ်ကြိမ်တွင်မူ ဗေဒါ မရခဲ့ဖူးသော အမှတ်ကို ပေးလိုက်ရသ ငြိမ်း ကိုယ်တိုင်က ဗေဒါအတွက် ဝမ်းသာအားတက်မိသည်။ ထို့ကြောင့်လ ကြည်နူးသည့်စိတ်ဖြင့် ဗေဒါကို ပြုံးပြုံးကြီး စိုက်၍ကြည့်နေမိသည်။ ငြိမ်းအ နှင့် သူကိုယ်တိုင် ဝမ်းသာကျေနပ်သည့် စိတ်ကို ဗေဒါအား ခွဲဝေပေးလိုက် ဖြစ်သည်။ ဗေဒါ၏ တိုးတက်လာသော ပညာအရည်အချင်းသည် ငြိမ်းအတ လည်း ဝမ်းသာအားတက်စရာ တစ်ခု မဟုတ်ပါလော။

ထို့ကြောင့်လည်း ငြိမ်းက ဗေဒါ ရေးခဲ့သော စာစီစာကုံးများကို အ နေ တစ်ရွက်ချင်း ပြန်၍လှန်လိုက်သည်။

၃ မှတ်. . . လိုသေးသည်။

၃ မှတ်. . . ညံ့သည်။

၂ မှတ်. . : ကြိုးစားမှုနည်းသည်။

“ဗေဒါသည် သူရေးခဲ့သော စာစီစာကုံးမှ မှတ်ချက်များကို တစ်ရွက် ပြန်ကြည့်နေမိသည်။ နောက်ဆုံးမျက်နှာတွင် သင့်သည်ဆိုသော မှတ်ချ အတူ ငါးမှတ်တိတိ ပေးထားသော ဂဏန်းကလေးကို တွေ့ရသည်။ တော့မှလည်း ဗေဒါ့မျက်နှာမှာ အလိုလို ပြုံး၍လာသည်။ သို့ ပြုံးနေ ငြိမ်းကို မော့၍ကြည့်လိုက်သည်။ ငြိမ်းက ဗေဒါကို ကြည့်နေရာမှ မျက် ကလေး တဖျပ်ဖျပ် ခတ်လိုက်ပြီးလျှင် မျက်လွှာကို အသာချ လိုက်သည်။ ငြ မျက်တောင်ကော့ကလေးများသည် လှော်ခတ်နေရာမှ လှေနံတွင် ပြ တင်ထားလိုက်သော ပြိုင်လှေ လှော်တက်ကလေးများကဲ့သို့ စီရရီ အနား ရှိတော့သည်။ သည်တော့မှလည်း ဗေဒါက ငြိမ်း၏ မျက်နှာကို ရဲရဲတင် ကြည့်လိုက်မိသည်။ ငြိမ်း၏ အလှသည် ဗေဒါ၏ မျက်လုံးအစုံတွင် ေ ရိုက်သကဲ့သို့ ကွင်းကွင်းထင်းထင်း ပေါ်လွင်၍ လာတော့သည်။ အ အတွန့်များနှင့် ရှုပ်ရှုပ်ပွေပွေ မရှိသော ငြိမ်း၏ နက်မှောင်သော ဆံ အလှတွင် ညီညာပြောင့်စင်းသော ဆံကြောင်းကလေးများက စိမ်းမြ နေသ မြင်ရခြင်းအားဖြင့်ပင် ငြိမ်း၏ ပင်ကိုစိတ်ရင်းသည် စိမ့်စမ်းရေကဲ့သို့ ေ

ည့်ပုံ ပေဒါက တွေးထင်ဟပ်၍ ကြည့်လိုက်မိသည်။ ခါတိုင်း ပေဒါသည် ကို ခုလိုငေးစိုက်၍ ကြည့်နေမိလျှင် ငြိမ်းက မျက်နှာ လွှဲသွားတတ်သည်။ တ် စကားလွှဲ၍ပစ်တတ်သည်။ ယခုမူ ငြိမ်းသည် မျက်လွှာကို အသာချ၍ ဘပွင့်ကလေး ပြုံးရင်း ငြိမ်နေရလေသည်။ ထို့ကြောင့်လည်း ပေဒါက ငြိမ်းကို သော ကြည့်ခြင်းဖြင့် ငေး၍ ကြည့်နေမိသည်။

ငြိမ်း၏ ရွှေပြားကဲ့သို့ ပြန့်ကားညက်ညောသော နဖူးပြင်၊ သွယ်တန်း မောင်သော မျက်ခုံး၊ ပန်းဝတ်လွှာဖတ်ကဲ့သို့ နူးညံ့လှပသော မျက်ခွံ၊ သော ပါးလေးမို့မို့အစုံ၊ ပွင့်လန်းနီရဲသော နှုတ်ခမ်းလွှာ၊ ပြည့်ဖြိုးသိပ် သော လက်မောင်းအိုး၊ အပေါ်ပိုင်းအလှ၏ ကျက်သရေကို ဆောင်နေ ရွှေရင်ဖြိုးဖြိုး . . .။

ပေဒါသည် ငြိမ်းကို ဆံဖျားမှ ခြေဖျားတိုင် ကြည့်လိုက်သည်။ မည်မျှ အောင် ငြိမ်း၏ အလှတွင် ရစ်မူးနေသည်မသိ၊ ငြိမ်းက ပေဒါ၏ မျက်နှာကို ကလေးဖြင့် အသာအုပ်လိုက်သည်။ ပေဒါက ငြိမ်း၏ လက်အစုံကို ဆုပ်ကိုင်လျက်ပြီးလျှင် သူ့လည်တိုင်တွင် ဆွဲယူကပ်ထားလိုက်သည်။ တစ်ယောက်မျက်နှာကို တစ်ယောက် မပွင့်တပွင့်မှေး၍ ကြည့်နေလိုက် သို့ကြည့်နေရင်းမှ ငြိမ်းက ရှက်ပြုံးကလေး ပြုံးလိုက်ရှာသည်။

ကရုဏာမိုးနှင့် အလှမုန်တိုင်း အဟုန်ကြောင့် ပေဒါ၏ ရင်ထဲတွင် လှိုင်းတို့သည် အရှိန်ပြင်းစွာ ရိုက်ခတ်လျက်ရှိတော့သည်။ ရင်တွင်း၌ လာသော မေတ္တာလှိုင်းတံပိုး အဟုန်ကြောင့် ပေဒါ တစ်ကိုယ်လုံး ဆတ် တုန်၍နေတော့သည်။

ပေဒါသည် ငြိမ်းလက်ကလေးကို ခပ်ဖွဖွ ဆုပ်ကိုင်ထားရာမှ မလွှတ် ငြိမ်း၏ လက်ဖဝါးနုနုကလေးဖြင့် သူ့ပါးပြင်တွင် ပွတ်သပ်နေမိသည်။ ရုန်းဖယ်ခြင်းမပြု၊ ပေဒါ ပြုသမျှ အလိုက်သင့် ခွင့်ပေးနေသလို ငြိမ်၍ သည်။

"မမငြိမ်း"

ပေဒါ၏ အသံသည် ခြောက်ကပ်တုန်ယင်၍ ထွက်လာသည်။ အမှန် ပေဒါ ရင်ထဲတွင် ပြောချင်သော စကားများက ပြည့်ကျပ်နေသည်။ သို့ နေသည်တိုင်အောင် ဘာပြောရမှန်း မသိ၊ ဘာပြောချင်မှန်း မသိ၊ ပြောချင်သော စကားများကို ဦးနှောက်က ဖမ်းယူ၍မရ။ လည်

ချောင်းထဲမှ ထုတ်ယူ၍ မရ။ သည်တော့လည်း ဖေဒါမှာ ဘာမျှ မတတ်နိုင်
သူ့ မမငြိမ်းဆီသာ ကြောင်လည်လည် ကြည့်၍နေမိတော့သည်။ ငြိမ်းက
ကြည့်နေရင်း ဖေဒါကို အလိုလို သနားလာမိသည်။

"မင်း ဘာဖြစ်နေတာလဲဟင်. . . ဖေဒါ. . . မမငြိမ်းကို ပြောစမ်း. . .

ငြိမ်းက ဖေဒါ၏ ပါးနှစ်ဖက်ကို သူ၏လက်ဖဝါး ဖြူဖြူနုနုကလေး
ညှပ်၍ မော့လိုက်သည်။ ဖေဒါသည် ဆွံ့အနေသူကဲ့သို့ ငြိမ်းကိုသာ ငေးမော
ကြည့်နေတော့သည်။ တစ်ယောက်ကိုတစ်ယောက် မရှောင်ရှားနိုင်သော အကြ
ဖြင့် အတန်ကြာအောင် စိုက်ကြည့်နေပြန်သည်။ သို့ကြည့်နေရာမှ ဖေဒါသ
ငြိမ်း တစ်ကိုယ်လုံးကို တအားသိမ်း၍ ဖက်လိုက်သည်။ သို့ဖက်လိုက်
ကလေးငယ်ကဲ့သို့ ငြိမ်း၏ရင်ခွင်တွင်းဝယ် ခေါင်းကို တအားတိုးဝှေ့နေပြန်သ

"ကျွန်တော် ဘာဖြစ်နေတယ်ဆိုတာ မမငြိမ်းကို ဖွင့်မပြောရဲဘူး။
လျှင်လည်း မမငြိမ်း ကျွန်တော့်ကို အရင်တစ်ခါလို စိတ်ဆိုးဦးမှာပဲ။ ကျွန်
မကောင်းဘူး မမငြိမ်း။ ကျွန်တော်ဟာ လူဆိုးလူယုတ်မာ၊ ကျွန်တော့်ကို မ
ပေးချင်တဲ့ အပြစ်ပေး။ ကျွန်တော် မကောင်းတာ အမှန်ပဲ"

ဖေဒါ၏ အသံမှာ တုန်ယင်အက်ကွဲနေသည့် အသံသာမဟုတ်
ကိုယ်လုံးလည်း တဆတ်ဆတ် တုန်၍နေသည်။ ထို့ကြောင့်လည်း
ပို၍ မချင့်မရဲ ဖြစ်လာသည်။ ဖေဒါသည် ငိုတော့မည့် မျက်နှာဖြင့် ငြိ
မော့ကြည့်လိုက်သည်။

"ကျွန်တော့်ကို ဒီလို ကြည့်မနေပါနဲ့ မမငြိမ်းရယ်။ မမငြိမ်း
ဂရုဏာမျက်ကြီးနဲ့ ကြည့်တာကို ကျွန်တော် ကြောက်တယ်။ ကျွန်တော့်ကို ဆဲ
ဆိုချင်ဆို၊ ရိုက်ချင်ရိုက် ခုလို ဂရုဏာမျက်ကြီးနဲ့တော့ ကြည့်မနေပါနဲ့။ ကျွန်
အနေရခက်လွန်းလို့ပါ"

ဖေဒါက ငိုမလို ရယ်မလိုဖြင့် တောင်းပန်လိုက်ပြန်တော့လည်း
ထိန်းသိမ်းထားရသော ဂရုဏာမျက်တို့သည် အလိုလို အရည်ပျော်၍ကျသွာ
သည်။ သည်တော့လည်း ငြိမ်းက ဖေဒါ၏ ခေါင်းကလေးကို ပွေ့ဖက်
လျှင် သူ့ပါးမို့မို့နှင့် ကပ်၍ထားလိုက်သည်။

"မမငြိမ်းကို မင်းကြောက်စရာ မလိုပါဘူးကွယ်၊ မင်း ကြောက်
လန့်အောင်လည်း မမငြိမ်း ဘယ်တော့မှ မလုပ်ခဲ့ပါဘူး။ ဒါကို
နားလည်သင့်ပါတယ်"

"မမငြိမ်းနဲ့ ခုလိုတွေ့တိုင်း ကျွန်တော် ရင်တွေတုန်တယ်၊ နှလုံးတွေ ခုန်တယ်လို့ ထင်တယ်။ ဒါဟာ ဘာဖြစ်တာလဲ။ မမငြိမ်းကို ကျွန်တော် ချစ်နေလို့လား၊ ချစ်နေတဲ့တိုင်အောင် ဒီတစ်ခါတော့ ကျွန်တော် မမငြိမ်း စိတ်ဆိုးမခံနိုင်ဘူး။ အလျှင်တစ်ခါတုန်းက မမငြိမ်းကို ချစ်တဲ့စိတ်နဲ့ မွှန်ထူပြီး အဖေ့ကိုမေ့ကားမိတယ်။ အဖေဟာ ဒီစိတ်နဲ့ သေသွားတာပဲ။ ခုတစ်ကြိမ်ဆိုရင် ကျွန်တော်. . ."

"ဒါတွေ မပြောပါနဲ့တော့ ငါ့မောင်ရယ်၊ မမငြိမ်း ရင်နာလွန်းလို့ပါ။ မမငြိမ်းကိုပဲ အပြစ်ထားပါ။ အမှန်တော့ မင်းအပေါ်မှာ စေတနာနဲ့ ကရုဏာဒေါသော ပြောခဲ့မိတာဟာ အကောင်းဘက်ကို အရာမထင်ဘဲ ဝေဒနာဖြစ်ရတာ တွေးတိုင်း ကိုယ့်ကိုယ်ကိုယ် ဒေါသဖြစ်ရတယ်။ စိတ်ဆိုးချင်းဆိုးရင် ငါ့မောင်ကသာ မမငြိမ်းကို စိတ်ဆိုးရမှာပါ။ နာကြည်းမယ်ဆိုရင်လည်း မင်းက မမ အပေါ်မှာ နာကြည်းသင့်ပါတယ်"

ငြိမ်းက ပေဒါ၏ ပါးစပ်ကို လက်ဖြင့် ပိတ်လိုက်ရင်း တုန်တုန်ယင်ယင် တောင်းပန်လိုက်ရှာသည်။ ငြိမ်းအသံက ပြောရင်းအက်ကွဲလာသည်။ ပေဒါက ငြိမ်း၏ လက်ခုံကလေးကို ဆုပ်နယ်၍ အထပ်ထပ် နမ်းလိုက်သည်။

"မမငြိမ်းဟာ ကျွန်တော့် ကျေးဇူးရှင်ပါ။ မမငြိမ်းမှာ ဘာအပြစ်မှမရှိဘူး အပြစ်ရှိတာက ကျွန်တော်၊ ကျွန်တော်၊ ကျွန်တော်။ မမငြိမ်းကို ချစ်နေမိတာဟာ အကြီးလေးဆုံး အပြစ်တစ်ခုပဲ ဟုတ်တယ် မဟုတ်လားဟင်။ မမငြိမ်း ကျွန်တော့်ကို ညာမနေပါနဲ့ အမှန်အတိုင်း ပြောစမ်းပါ မမငြိမ်းရာ"

ပေဒါက ငြိမ်း၏ ပခုံးအစုံကို လှုပ်ခါ၍ မေးလိုက်သည်။ သည်တော့လည်း ငြိမ်းမှာ မချုပ်တည်းနိုင်တော့ဘဲ ပေဒါ၏ ပါးကလေးကို လိမ်၍ ဆွဲလိုက်ရင်း ကြိတ်မနိုင် ခဲမရ အသံဖြင့် ပြန်၍ဖြေလိုက်သည်။

"မရှိဘူး၊ မရှိဘူး၊ သိလား။ မင်းမှာ ဘာမှ အပြစ်မရှိဘူး။ အပြစ်ရှိချင်ရှိမယ် အသက်ကြီးတဲ့လူက ပိုရှိတယ်။ အစဉ်းစားညာဏ် ရင့်တဲ့လူက ပိုရှိတယ်။ ဒါကြောင့် ခုလောက်ထိ ခေါင်းစားနေတာသိလား။ စေတနာကိုသာ ပြောရရင် ငါ့စေတနာဟာ မင်းအပေါ်မှာ တစ်သက်လုံး ရှိုင်းလို့မရဘူး။ အပြစ်ယူလို့လည်း မရဘူးသိလား။ ဒါထက် မမ ဘာပြောရဦးမလဲ. . . ဟင်၊ ဒါထက် မမ ဘာမှ မပြောတတ်တော့ဘူး ပြောလည်း မပြောနိုင်ဘူး"

ငြိမ်းက ခုလို လှိုက်လှိုက်လှဲလှဲ ပြောလိုက်ပြန်တော့လည်း ဗေဒါမှာ ငြိမ်းကို ဘာမျှပြန်၍ မပြောတတ်အောင် ရှိတော့သည်။ ငြိမ်း၏ မျက်နှာတစ်ခု လုံးကား နီ၍နေသည်။ တောက်ပသော မျက်လုံးများက အရည်လဲ့၍ လာသည်။ ငြိမ်း၏ နှုတ်ခမ်းကလေးများမှာ လေငွေ့ခံရသော ပန်းဝတ်လွှာကလေးများပမာ တဖျပ်ဖျပ် လှုပ်ခါ၍ နေတော့သည်။ ဗေဒါသည် ငြိမ်း၏ လည်တိုင်ကြော ကလေးကို လက်နှစ်ဖက်ဖြင့် သိုင်းယှက်ဖက်တွယ် ထားလိုက်သည်။ ပြီးမှ မျက်နှာချင်း နီးကပ်လာအောင် အသာ ဆွဲယူလိုက်လေသည်။

ရင်တွင်းမှ ရှိုက်ခတ်လာသော မေတ္တာသံလိုက်ဓာတ်သည် သူတို့နှစ်ဦး ၏ မျက်နှာအစုံကို အလိုလို နီးကပ်သွားစေသည်။ အစဦး ပါးချင်းကပ်သွားခဲ့ သည်။ နောက် တစ်ယောက် မျက်နှာဘက်သို့ တစ်ယောက်က အတည့်ပြန်၍ လှည့်လိုက်သည်။ သည်တော့လည်း အလိုလို တစ်ယောက်ပါးကို တစ်ယောက် နမ်းမိလျက်သား ရှိသွားပြန်သည်။

ငြိမ်း၏ ရင်တွင်းမှ ရှိုက်သံများသည် တစ်ချက်တစ်ချက် ပွင့်လျှံ၍ ထွက်လာသည်။ ငြိမ်းက ဗေဒါ၏ ပခုံးကို အသာ နောက်သို့ တွန်းဖယ်လိုက် သည်။ မျက်နှာချင်း ကွာ၍ သွားသည့်နောက်တွင်မှ ဗေဒါ၏ နှုတ်ခမ်းအစုံ သည် ငြိမ်း၏ နှုတ်ခမ်းအစုံနှင့် ပြန်၍ ပူးကပ်သွားကြသည်။ သည်တော့ လည်း တစ်ယောက်နှင့်တစ်ယောက် အတင်းအကျပ် ဖက်ထားမိကြသည်။ ရင်ခုန်သံများကမှ အပြိုင်ပေါ်၍ လာကြသည်။ ငြိမ်းက မျက်နှာကို ဘေးသို့ လွှဲပစ်လိုက်ပြီးလျှင် ဗေဒါ၏ ပြောင်းဖူးမွှေး ဆံပင်များကို လက်ဖြင့် အသာ ဖွလိုက်ပြီး သူ့ပါးဖြင့် ကပ်ထားလိုက်သည်။ ပြီးမှ မောသံကလေးဖြင့် ခပ်တိုးတိုး တောင်းပန် လိုက်ရှာသည်။

"တော်တော့ကွယ်နော်၊ ဗေဒါ အတွန်းတို့ ပြန်လာခါနီးပြီ"

ဗေဒါကမူ ငြိမ်း တောင်းပန်နေသည်ကိုပင် ကြားဟန်မတူ။ ငြိမ်း၏ ပြည့်ဖြိုးနူးညံ့သော ကိုယ်လုံးကြီးကို တအားဖက်ထားလိုက်ပြီးလျှင် အားမရ အားမရဖြင့် ပါးချင်း ကပ်ထားလိုက်သည်။

"ပြောရင် နားထောင်စမ်းပါ ဗေဒါ၊ အဲဒီလို မကဲနဲ့။ ခုချိန်မှာ မင်းနဲ့ကိုယ် နဲ့ အဆုံးအဖြတ်ပေးရမယ့် အချိန် မဟုတ်ဘူး၊ ဒါကို မင်း မြဲမြဲမှတ်ထား"

ငြိမ်းက သူ့စိတ်ကိုသူ ဖွတ်တင်း၍ ဗေဒါကို ဟန့်လိုက်သည်။ ဗေဒါ့ လက်များသည် အလိုလို ပြေလျော့၍ ကျသွားသည်။ လူချင်းခွာလိုက်ပြီးလျှင်

"အေး. . . ဟုတ်တယ်၊ ဟုတ်တယ်၊ ဝုဏ်တို့ အဆင့်အတန်းတို့ဆိုတာ တို့ မမက်မောပေမဲ့ မက်မောတဲ့ ပတ်ဝန်းကျင်မှာ ရပ်တည်နေရတော့ ဒါတွေ လည်း ထည့်ပြီး စဉ်းစားရတယ်။ ချစ်တယ်ဆိုတာ ချစ်တာတစ်ခုတည်းနဲ့ ကွက်ပြီး ဆုံးဖြတ်လို့ မရဘူး။ တခြားအရာတွေပါ စဉ်းစားပြီးမှ ဆုံးဖြတ်ရတယ်။ ပြီးတော့လည်း တစ်ဖက်တည်းက ဆုံးဖြတ်လို့ မမှန်ဘူး၊ နှစ်ဖက်စလုံး ကြည့်ပြီး ဆုံးဖြတ်မှ မှန်တယ်"

ဖေဒါက ခေါင်းတဖြည်းဖြည်းမော့၍ ငြိမ်းကို အားနည်းသောမျက်လုံး များဖြင့် ဝေး၍ကြည့်လိုက်သည်။ ဖေဒါ၏ မျက်နှာသည် မှုန်မှိုင်း၍နေသည်။ အောက်နှုတ်ခမ်းကို ခပ်တင်းတင်း ကိုက်လိုက်ပြီးလျှင် တစ်ချက်မျှ မဲ့ပြုံး လိုက်သည်။ ပြီးမှ သူ့စိတ်ကိုသူ ချုပ်တည်း၍ တစ်လုံးချင်းပြောလိုက်သည်။

"ကျွန်တော် နားလည်ပါပြီ။ မငြိမ်း တွေးပုံခေါ်ပုံ ဆုံးဖြတ်ထားပုံ ပညာရှင် ပီသပါတယ်။ မှန်လည်းမှန်ကန်ပါတယ်။ အမြော်အမြင်လည်း ကြီးပါ ပါတယ်။ မငြိမ်းကို ကျွန်တော် ချီးကျူးပါတယ်"

"မင်း ငါ့ကို ငေါ့စရာ မလိုပါဘူး။ ခုပြောနေတာက တို့နှစ်ယောက်စလုံး အတွက် ရှေ့ရေးကို စဉ်းစားပြီး ပြောတာ၊ ငါ့စေတနာကို ခု မင်းမယုံပေမဲ့ တစ်နေ့တော့ ယုံလာရမှာပဲ"

"ကျွန်တော်ယုံပါတယ်။ မငြိမ်းကို ကျွန်တော် မငေါ့ပါဘူး။ မငြိမ်း လုပ်သမျှ ကျွန်တော်အားလုံး ချီးကျူးတယ်။ ယုံကြည်တယ်။ မငြိမ်း စေတနာ ကိုလည်း ကျွန်တော် ယုံကြည်တယ်။ ကျွန်တော်ဟာ မငြိမ်း ကြီးခဲ့ရာ ပြီး၊ ထားရာကနေမယ့် အရုပ်ကလေးဆိုတာ မငြိမ်း ယုံထားပါ။ ဒါပဲ ကျွန်တော် ပြောပါရစေ"

ဖေဒါသည် စကားဆုံးလျှင်ဆုံးချင်း ငြိမ်းကို ကျောပေး၍ အမြန် ထွက်ခဲ့သည်။ အိမ်အထွက်တွင် ကိုဘကြည်နှင့် ရင်ဆိုင်သွား၍ တိုးသည်။ ကိုဘကြည်က ဖေဒါကို ပြုံး၍ နှုတ်ဆက်လိုက်သည်။

"ဟေး ဖေဒါ ကျူရှင်လာယူတာလား"

"ဟုတ်တယ် ဦးလေး"

"နက်ဖြန် မေမေတို့ ဘုရားသွားမယ် ပြောတယ်။ တို့ ဝိုင်းကောင်း မယ်။ မင်းပို့နိုင် ပို့ပေးစမ်းပါကွာ"

"ဟုတ်ကဲ့ ဦးလေး စိတ်ချပါ"

ဗေဒါ စကားမြန်မြန်ပြတ်ရန် ကတိ ပေးလိုက်ပြီးလျှင် အိမ်ဘက်သို့ ခပ်သုတ်သုတ် ထွက်ခဲ့သည်။ အိမ်ရှေ့ကြမ်းပြင်တွင် ဒေါ်အေးတင်က ဆေးပေါ့လိပ်ကို ဖွာနေသည်။ ဗေဒါက ဘယ်သူ့ကိုမှ စကားမပြောဘဲ အိမ်ရှေ့တန်းလျားတွင် ခြေပစ်လက်ပစ်လှဲ၍ နေမိသည်။

ခဏအတွင်း ဖြစ်ပျက်ခဲ့သော အဖြစ်အပျက်များ၊ အိပ်မက်လိုပင်၊ ပြန်တွေးတော့လည်း အပြည့်အစုံတွေး၍မရ၊ တွေးရင်းစိတ်တွေက ဝေ၍လာသည်။ မှိုင်းလာသည်၊ မီးခိုးများလို လေတွင် လွင့်၍လွင့်၍ တက်လာသည်။ ဝေ့၍ဝေ့၍ လာသည်။ အမြင့်သို့ရောက်တော့လည်း မီးခိုးများလိုပင် တဖြည်းဖြည်း မှုန်ဝါး၍ သွားတော့သည်။

ဒေါ်အေးတင်က ဆေးပေါ့လိပ်ကို ဖွာနေရာမှ ဗေဒါကို လှမ်း၍ အကဲခတ်လိုက်သည်။

"ဟဲ့ ဗေဒါ နင် နေမကောင်းဘူးလား. . ."

"ကောင်းပါတယ် အမေ. . ."

"ထမင်းဆာလို့လား။ ကျွက်ကုန်ပြီ ကြောင်မကို အလျှင်ပြင်ခိုင်းလိုက်ရမလား"

"မဆာသေးပါဘူး အမေ၊ အမေတို့ ဆာရင်စားနှင့်ပါ။ ကျွန်တော် နောက်မှစားမယ်"

ဗေဒါသည် လှဲနေရာမှ ထလိုက်သည်။ ပြီးတော့လည်း ရည်ရွယ်ချက်မရှိဘဲ အိမ်တွင်းမှ ထွက်ခဲ့သည်၊ သူသည် စက်ရုပ်ကဲ့သို့ ဘားကရာလမ်းမကြီးအတိုင်း တစ်လှမ်းချင်း လျှောက်လာခဲ့သည်။ သို့လျှောက်ရင်း သူ့ဘဝကို သူ ပြန်တွေးမိသည်။ မျက်ရည်စမ်းစမ်းဖြင့် ပြောလိုက်သော မငြိမ်း၏ အသံများသည် သူ့ နားတွင်းဝယ် ဝဲပျံ၍ လာလေသည်။ ဟုတ်ပေသည်၊ အချစ်ဆိုသည်မှာ တစ်ခုတည်း သီးခြား တွေးတော ဆုံးဖြတ်၍ မရကောင်းသည်ကိုလည်း စဉ်းစားလာမိသည်။ ဂုဏ်အဆင့်အတန်း ဆိုသည်မှာလည်း အများလော်ဝန်းကျင်က အထင်ကြီးစွာ လက်ခံထားပြန်တော့လည်း ပစ်ပယ်၍ မကောင်းသည်ကို ရိပ်စားမိလာသည်။

ဗေဒါသည် သူ့အတွေးနှင့်သူ သံပတ်ရုပ်ကဲ့သို့ ဘားကရာလမ်းမကြီးအတိုင်း လျှောက်၍လာခဲ့သည်။ သုံးဘီးကား၊ ဒဝ်ဆန်းကားများသည် သူ့ ဘေးမှ

တနိုင်နိုင် မြှတ်၍သွားကြသည်။ စမ်းချောင်းဈေးသို့ ရောက်လျှင် လန်ဘား ကျော်မြင့်ကြီးတို့ သုံးဘီးကား ရပ်နေကျ နေရာဘက်သို့ လှမ်း၍ ကြည့်လိုက် သည်။

"ဟော့ ဗေဒါ ဘယ်သွားမလို့လဲ။ လက်ဖက်ရည်သောက်ပါဦးလား"

ကျော်မြင့်ကြီးက လက်ဖက်ရည် ဆိုင်ရှေ့တွင် ယောင်လည်လည် လုပ် နေသော ဗေဒါကို လှမ်း၍ ခေါ်လိုက်သည်။ သည်တော့လည်း ဗေဒါက ဆိုင် တွင်းသို့ ဝင်လိုက်သည်။

ဗေဒါသည် ကျော်မြင့်ကြီး မှာပေးသော လက်ဖက်ရည်ကို တစ်ကျိုက် ချင်း သောက်လိုက်ရင်း သူ့အတွေးနှင့်သူ ငိုင်၍ နေရှာလေသည်။

"ဟေ့ကောင်ရ ငိုင်လှချေလား။ ဘာလဲ ချစ်မမ ကိစ္စလား"

ငြိမ်းနှင့် ဗေဒါတို့အကြောင်းကို ကျော်မြင့်ကြီးက တစ်စွန်းတစ်စ သိ ထားသည့်အတိုင်း နောက်လိုက်ခြင်းဖြစ်သည်။ ဗေဒါက ဘာမျှပြန်၍ မပြော စီးကရက်ကို အားရပါးရ ရှိုက်၍ ဖွာလိုက်သည်။ ခုအချိန်တွင် ဗေဒါ၏ နား တခြား စကားများကို နားထောင်၍ မရတော့ချေ။ ငြိမ်း ပြောလိုက်သော စကား များသည် သူ့ ဦးနှောက်ထဲ၌ ပြဿနာတစ်ခုလို လွှမ်းမိုးနေတော့သည် သည်တော့လည်း သူ့ဘဝအနေဖြင့် ညာဏ်မမီခဲ့သော အတွေးသစ် တစ်ခု ပေါ်၍လာသည်။

ချစ်မေတ္တာဆိုသည်မှာ တသီးတခြား ကင်းကင်းလွတ်လွတ် ဆုံးဖြတ် ရကောင်းသောအရာ မဟုတ်ပါတကား။

"ခင်ဗျားတော့ ကျွန်တော်ထက် အသက်လည်းကြီးတယ်၊ အတွေ့အကြုံ လည်း များတယ်ဆိုတော့ နားလည်မှာပဲ၊ ကျွန်တော် သဘောမပေါက်တာ တစ်ခု ရှိနေတယ်။ ချစ်တယ်ဆိုတာ တစ်ယောက်တည်း ဆုံးဖြတ်လို့ မရဘူးဆို ဟုတ်ရဲ့လား။ ကျွန်တော် အဲဒါကို နားမလည်ဘူး။ အမှန်က ဒီကိစ္စ တစ်ဦးတည်းနဲ့ သက်ဆိုင်တဲ့ကိစ္စပဲ၊ တစ်ဦးတည်းရဲ့သဘောနဲ့ ဆုံးဖြတ် ရမှာပေါ့။ ဘာလို့ ဘေးပတ်ဝန်းကျင်ရဲ့ ဩဇာကို အလွှမ်းအမိုး ခံရမှာလဲ"

ကျော်မြင့်ကြီးသည် ဗေဒါ ပြောသော စကားများကို တအံ့တဩ နား ထောင်နေမိသည်။ ဗေဒါသည် ခုလိုနက်နဲသော စကားကို တစ်ခါမျှ မပြော ဘူးချေ။ ကျော်မြင့်ကြီး ကိုယ်တိုင်လည်း ဗေဒါ၏ နှုတ်ဖျားမှ ခုလို စကား ကို တစ်ခါမျှ မကြားခဲ့ဘူးချေ။ ထို့ကြောင့်လည်း ဗေဒါ၏ အမေးကို ရုတ်တ

ပြေနိုင်သေးဘဲ ကြောင်၍ ကြည့်နေမိသည်။ အမှန်တော့လည်း ဗေဒါ တင်ပြသော ပြဿနာသည် ကျော်မြင့်ကြီး ကိုယ်တိုင် ဖြေရှင်းနိုင်သော အသိ မရှိချေ။

"ဟကောင်ရ. . . မင်းစကားက ကြီးမားလွန်းပါကလား။ ငါတောင် ဘာဖြေရမှန်း မသိဘူး။ ဟော မောင်နီလာပြီ။ ဟေ့ မောင်နီလာပါဦး ဟ"

ကျော်မြင့်ကြီးက ဗေဒါ၏ အမေးကို ပြန်၍ဖြေနေရာမှ ဆိုင်ရှေ့တွင် ဖြတ်၍ သွားသော မောင်နီကို လှမ်း၍ခေါ်လိုက်သည်။

မောင်နီသည် အရင်က မောင်နီနှင့် လုံးဝမတူတော့ချေ။ ခါတိုင်း မောင်နီကို မြင်လိုက်ရရင် မင်းသားကလေးကဲ့သို့ တောက်ပြောင် သပ်ရပ်လှသည်။ ခေါင်းတွင် အမောက်ကလေးက အမြဲထောင်၍ နေတတ်သည်။ အဝတ်အစားက အမြဲတမ်း သန့်ရှင်း၍ နေတတ်သည်။

ယခု မောင်နီမှာ ခေါင်းစုတ်ဖွားဖြင့် အဝတ်အစားများကလည်း ဟောင်းနွမ်းလှသည်။

မောင်နီသည် ကျော်မြင့်ကြီးဘေးတွင် ဝင်ထိုင်လိုက်ရင်း သူ့ဗိုက်ကို ပွတ်လိုက်သည်။

"အတော်ပဲဟေ့. . . ဆာလိုက်တာ အရေးထဲ ဗိုင်ကလည်း ကျလိုက်တာ ကြည့်မြင့်တိုင်ကနေ ဒီအထိ ကုန်းကြောင်းလျှောက်ခဲ့ရတယ်"

"ကြိုက်ပြီဟေ့၊ မစမယ့် လူတော့ ပေါ်လာတာပဲ။ ထောင်ကဲရေ ဘက်ဖက်ရည်တစ်ခွက် ပေးပါဦး"

"ဝက်သားပေါက်စီလည်း ပေးပါဗျို့။ ထမင်းလွတ် ကြိတ်လိုက်မယ်ကွာ"

"တော်တော်လည်း ရက်ရောတဲ့ကောင်ပဲ၊ ငါတော့ မင်းတို့ညည်းခဲတာနဲ့ ဒီကားပေါ်က ဆင်းရမှာပဲ၊ ခုတောင် အိမ်က ပွက်လှပြီ"

ကျော်မြင့်ကြီးကား မောင်နီတို့ လူသိုက်၏ ညည်းသမျှကို ခံနေရသူ ဖြစ်သည်။ အားလုံးသူငယ်ချင်း အပေါင်းအသင်းထဲတွင် သူက အလုပ်အကိုင် နှင့်နေသူ ဖြစ်၍လည်း ငွေကြေးပေးနိုင်သည်ဟု ဆိုရပေမည်။ ထို့ကြောင့်လည်း ဆိုင်တွင်ထိုင်လျှင် သူကပင် ဒိုင်ခံထုတ်၍ ရှင်းရတတ်သည်။ သွားစရာ လာစရာ ရှိလျှင် ကားနှင့်လိုက်၍ စေတနာ့ဝန်ထမ်း ပို့ပေးရသည်။ တစ်ခါတစ်ရံ မာတ်ဆီ ဖိုးကအစ စိုက်ထည့်ရသည်။ တော်ပေသေးသည်။ သုံးဘီးကားက ဆီစား သက်သာသဖြင့် တစ်ဂါလန်မျှ ထည့်ရုံဖြင့် တစ်နေကုန် မောင်းနိုင်သည်။

မောင်နီသည် ဝက်သားပေါက်စီကို ဝလုတ်ပလောင်း စား၍နေတော့သည်။ ဗေဒါက မောင်နီကို ငေး၍ ကြည့်နေမိသည်။ သို့ကြည့်နေရင်းမှ စောစောက ပြောလက်စ စကားကို ဆက်၍ စဉ်းစားမိပြန်သည်။

"တဲ မင်းသိချင်တဲ့ ပြဿနာကို ဒီကခေါင်းဆောင်ကြီးကို မေးပေတော့ လုပ်စမ်းပါဦး။ မောင်နီရ သဘောတရားတွေဘာတွေ မကြားရတာကြာပြီ ဒီကောင် အသည်းကွဲနေလို့"

ကျော်မြင့်ကြီးက သူမနိုင်သော ပြဿနာကို မောင်နီဘက်သို့ ထိုးပေး လိုက်သည်။ မောင်နီက နားမလည်သလို ကြောင်၍ကြည့်နေလိုက်သည်။

"တဲ. . . ပြောကွာ"

ကျော်မြင့်ကြီးက စကားစ၍ ပေးလိုက်သည့်တိုင်အောင် ဗေဒါက ပြောသင့် မပြောသင့် ဝေခွဲ၍ မရတော့ချေ။ မအောင့်နိုင်၍ ပြောရသည့်တိုင်အောင် စိတ်ထဲတွင် မလုံမလဲ ဖြစ်နေသည်။ အမှန်ဆိုတော့လည်း မောင်နီနှင့် ဗေဒါမှာ သိပ်ရင်းနှီးကြသူများ မဟုတ်ချေ။ ကျောင်းနေဖက် သူငယ်ချင်း ဆိုသော်လည်း ကျော်မြင့်ကြီးတို့လို တစ်ရပ်တည်းနေ ငယ်ပေါင်းကြီးဖော်များ မဟုတ်။ ပြီးတော့လည်း မောင်နီသည် တကယ့် နိုင်ငံရေးသမားကြီးလုံးလုံး ဖြစ်နေ၍လည်း ယခုလို အသေးအဖွဲကိစ္စလေးကို ပြောရသည်မှာ ရှက်သလို ဖြစ်မိသည်။ ကျော်မြင့်ကြီးက ဗေဒါကို အားနာသလို ကြည့်လိုက်ရင်း သူတင် စကားကို ဆက်လိုက်သည်။

"အချစ်ဆိုတာ ကာယကံရှင် တစ်ယောက်တည်း ဆုံးဖြတ်လို့ရသလား ဘေးပတ်ဝန်းကျင် အသိုင်းအဝိုင်းရဲ့ ဩဇာအလွှမ်းမိုး ခံသင့်သလား။ အဲဒါ သဘောတရားတွေနဲ့ ဟောကြားပြလိုက်စမ်းပါကွာ၊ ဒီကောင်ရောဂါတတ်နေ လို့"

သည်တော့လည်း ဗေဒါကိုယ်တိုင် မအောင့်နိုင်တော့ချေ။ ကျော်မြင့် ကြီး ခင်းပေးလိုက်သော စကားကို ဝင်၍ဖြည့်လိုက်ရတော့သည်။

"ကျွန်တော် ဆိုလိုတာက ဒီလိုလည်း မဟုတ်ဘူးဗျ၊ အချစ်ရေး ကိစ္စ မှာ ကာယကံရှင်တွေရဲ့ အဆုံးအဖြတ်ဟာ အဓိကလား၊ ဘေးပတ်ဝန်းကျင် အဆုံးအဖြတ်ဟာ အဓိကလား၊ ပြီးတော့လည်း ချစ်တယ်ဆိုတာမှာ ချစ်တဲ့ နှစ်ဦးရဲ့ စေတနာ၊ မေတ္တာတွေအပေါ်မှာ တည်သလား၊ တခြား ရာထူးတို့ ငွေ အဆင့်အတန်းတို့အပေါ်မှာ တည်သလား။ အဲဒါ ကျွန်တော် စဉ်းစားလို့ မရ

တယ်ဆိုတဲ့နောက်မှာ အချစ်ကို အရေးမထားဘဲ အခြားကိစ္စတွေကို အရေး နေရင် ဒီအချစ်ဟာ ဘယ်မှာ တန်ဖိုးရှိတော့မလဲ"

ဇေဒါသည် သူ့ရင်ထဲတွင် မတင်မကျ ဖြစ်နေသော ပြဿနာကို အန် လိုက်သည်။ မောင်နီက လက်ဖက်ရည်ကြမ်းကို တစ်ကျိုက်မျှ မော့လိုက် ဇေဒါပြောသော စကားလုံးများကို မျက်မှောင်ကုတ်၍ စဉ်းစား နေဟန်ရှိ သည်။

"ဒီပြဿနာတွေဟာ စီးပွားရေးစနစ်မှာ မူတည်တာပဲ။ တို့နေရတဲ့ လူ့ ကကြီးဟာ ညီမျှတဲ့ စီးပွားရေးစနစ် မရှိဘူး။ ညီမျှတဲ့ ပညာရေးစနစ် ဘူးဆိုရင် တခြား လူမှုရေး ကိစ္စတွေမှာလည်း ညီမျှမှု လွတ်လပ်မှု ဘယ်ရှိ မလဲ။ ဆိုလိုတဲ့သဘောက မျိုးရိုးအမွေခံစနစ်နဲ့ လူတွေဟာ အစဉ်အဆက် က်ဖွားရှုန်းကန်လာကြရတယ်။ သူဌေးသားဟာ သူဌေးသားပဲ ဖြစ်မယ်။ င်းရဲသား သားသမီးဟာ ဆင်းရဲသားပဲဖြစ်မယ်။ ဆင်းရဲသား သားကနေ ါက်လို့ သူဌေးဖြစ်မယ်ဆိုတာမျိုးကတော့ လူအများနဲ့ဆိုင်တဲ့ ပြဿနာ တ်ဘူးပေါ့။ အဲဒီလို သူဌေးသားက စီးပွားပျက်ပြီး ဆင်းရဲတယ် ဆိုတာလည်း ဦးတလေ ဖြစ်တတ်တဲ့ ပြဿနာပဲ။ ဒါတွေကို ပုံသေ ဖြစ်တတ်တဲ့ တရားလို့ ်လို့မရဘူး။ ဒီတော့ လူတွေဟာ အရည်အချင်းအလိုက် ကြိုးစားမှုအရ ွင့်ရေး ခံစားခွင့် မရှိဘူး။ ပြီးတော့လည်း အရည်အချင်း ဆိုတာကိုက း‌အဖြတ် ခက်လာတယ်။ ဥပမာ လယ်သမားသားက အသိဉာဏ် ကြွယ်ဝဖို့ ်ပညာတတ်ဖို့ဆိုတာ လူ့ပတ်ဝန်းကျင် အခြေအနေကိုက မပေးဘူး။ ကြီးပြကြီးမှာ နေတဲ့ လူကုံထံ သားတွေနဲ့ ယှဉ်မယ်ဆိုရင် မွေးဖွားကြီးပြင်း တဲ့ ပတ်ဝန်းကျင် အခြေအနေချင်းကိုက မတူတော့ တိုးတက်လာရတဲ့ ဉာဏ်ချင်းကလည်း မတူဘူးပေါ့။ အခွင့်အရေး ခံစားရတဲ့ နေရာမှာလည်း ခြားလာတယ်။ သူဌေးသားက သူ့အဖေ သူဌေးသေရင် အမွေရပြီး သူဌေးပဲ ာပဲ။ ပြီးတော့ သူဌေးသမီးနဲ့ ရမှာပဲ။ သူ တော်သည်ဖြစ်စေ၊ ညံ့သည်ဖြစ် အခွင့်အရေးကတော့ အောက်တန်းစား ဆင်းရဲသား သားတွေထက် ပိုနေ ားပဲ။ ဒီတော့ ဒီလို မညီမျှတဲ့ စီးပွားရေး စနစ်အောက်မှာ ဂုဏ်တို့ ငွေတို့ း အာဏာတို့ဟာ လူ့ဆက်ဆံရေး လောကမှာ လွှမ်းမိုးလာတာပဲ။ အချစ်ရေး ာလည်း ဒီလိုပဲ ချစ်တယ် ဆိုတာက ကင်းကင်းလွတ်လွတ် ဆုံးဖြတ်ခွင့် ချစ်သူတစ်ယောက်ကို ချစ်ဖို့ ဆုံးဖြတ်မယ်လို့ စိတ်ကူးတာနဲ့ တစ်ပြိုင်နက်

နေရေးထိုင်ရေး တွေးလာရပြီ၊ တင့်တယ်မှုအတွက် ဂုဏ် အဆင့်အတ
တွေးလာရပြီ၊ မိဘ ဆွေမျိုး အသိုက်အဝန်းရဲ့ သဘောကိုထည့်ပြီး တွေးလာ
ဒါကြောင့်လည်း ချစ်မေတ္တာဆိုတာ အနိမ့်ကျဆုံး လူတန်းစား အချင်းချ
မှာသာ တည်ရှိနိုင်တယ်လို့ အိန်းဂျယ်လ်က ပြောတာပေါ့၊ အပေါ်ယံမေ
ဆိုတာလည်း အဆင့်အတန်းချင်း ကွာခြားတဲ့ လူတွေမှာသာ ပေါ်ပေါက်
တယ်၊ အဆင့်အတန်းချင်း ကွာခြားတဲ့အတွက် တကယ့် မေတ္တာ
ကင်းကင်းလွတ်လွတ် ဆုံးဖြတ်ဖို့ဆိုတာ မဖြစ်နိုင်ဘူး၊ လက်ရှိ လူနေမှု စနစ်
ဒီ အခွင့်အရေးကို ပေးမထားဘူး၊ ချစ်တယ်ဆိုတာနဲ့ တစ်ပြိုင်နက် ဂုဏ်
ငွေတို့ အဆောင်အယောင်တို့ အဆင့်အတန်းတို့ ဆိုတာတွေ ထည့်စဉ်းစ
ဒါတွေအပေါ်မှာ တည်ပြီး မိဘဆွေမျိုးရဲ့ ဩဇာတွေလည်း လွှမ်းမိုးလာ
ဒါကြောင့်လည်း သက်ရှိလောကမှာ ချစ်မေတ္တာဆိုတာ ကြေကွဲစရာ သ
ဖြစ်ပြီး ဘဝတူ အကျိုးတူ အိမ်ထောင်ပြုခြင်းသာ လွှမ်းမိုးနေတာပဲ"

မောင်နီသည် ကရားရေလွှတ်သလို ချစ်မေတ္တာနှင့်ပတ်သက်သော
အယူအဆကို မနားတမ်း ပြောလိုက်သည်။

ဗေဒါက မောင်နီပြောသော စကားများကို လေးလေးနက်နက် စဉ်း
နေမိသည်။ မောင်နီပြောသော စကားများကို သူကိုယ်တိုင် မပြောတတ်
လည်း သူ့ရင်တွင်းမှ ခံစားချက်များနှင့် တစ်ထပ်တည်း ကိုက်ညီလျက်ရှိ
ဗေဒါသည် မောင်နီကို အထင်ကြီး၍လာသည်။

ငြိမ်း ပြောသောစကားများနှင့် မောင်နီပြောသော စကားများကို
ကြည့်မိသည်။ သည်တော့မှလည်း ငြိမ်း ဆိုလိုသော အဓိပ္ပာယ်ကို ပို၍ သ
ပေါက်လာသည်။

"ဂုဏ်တို့ အဆင့်အတန်းတို့ဆိုတာ တို့ မမက်မောပေမဲ့ မတ
ပတ်ဝန်းကျင်မှာ ရပ်တည်နေရတော့ ဒါတွေထည့်ပြီး စဉ်းစားရတယ်၊ ချစ်
ဆိုကာ ချစ်တာ တစ်ခုတည်းနဲ့ တွက်ပြီး ဆုံးဖြတ်လို့ မရဘူး၊ တခြား အ
ပါ စဉ်းစားပြီးမှ ဆုံးဖြတ်ရတယ်"

ဗေဒါသည် ငြိမ်း ပြောသော စကားများကို ပြန်၍ကြားယောင်လာ
မောင်နီပြောသော စကားများနှင့် ထပ်ဟပ်၍ကြည့်လိုက်မှ ငြိမ်း ပြောလို
စကားလုံးများသည် ပို၍ နက်နဲလာသည်၊ အဓိပ္ပာယ် ကျယ်ဝန်းလာသည်
တော့လည်း ဗေဒါ ကိုယ်တိုင်က သူ့ မမငြိမ်းကို အပြစ်တင်ရမလား၊ ခွင့်

ား ဆိုသည်ကို မဝေခွဲ မဆုံးဖြတ်နိုင်အောင် ရှိတော့သည်။ တွေးရင်း
ောက်တွေဝေ၍ လာသည်။

"အေးဗျာ. . . ခင်ဗျားပြောတာတွေဟာ တကယ်မှန်ပါတယ်။ အမှန်
ာ ချစ်တယ်ဆိုတာ ကိုယ့်ထက် အဆင့်အတန်း မြင့်တဲ့လူတွေအတွက်
်း မရှိပါဘူး၊ မမျှော်မှန်းတာက စိတ်ချမ်းသာဦးမယ်၊ တော်ပါပြီဗျာ ဒါတွေ
ားတာဘဲ ကောင်းတယ်။ ကျွန်တော် ပြန်ဦးမယ်"

ပေဒါက ပြောပြောဆိုဆို နေရာမှထ၍ ထွက်ခဲ့လေသည်။ ကျော်မြင့်ကြီး
ာင်နိုက ပေဒါကို ခပ်ကြောင်ကြောင်ကြည့်၍ ကျန်ရစ်လေသည်။

ကျော်မြင့်ကြီးတို့နှင့် ခွဲလာခဲ့ပြန်တော့လည်း ဘယ်ကိုသွားရမှန်းမသိ။
ခုအချိန်တွင် ပေဒါ၏ စိတ်တို့သည် ရေစီးတွင် မျောပါနေသော ပန်းကဲ့
ည်းကို မမြင်နိုင်တော့ချေတကား။

❑

# ၂

ဗေဒါသည် ကားပေါ်တွင် မှီ၍လှဲနေလိုက်သည်။ အိပ်ချင်သော်လည်း
မရ။ အပူရှိန်ကြောင့် တစ်ကိုယ်လုံး နုံး၍နေသည်။

ခုရက်အတွင်း ငြိမ်းနှင့် မတွေ့လိုသော်လည်း မရှောင်သာ
တစ်နေ့ကုန် ငြိမ်း မေမေသွားလိုရာသို့ ကားဖြင့် လိုက်ပို့ပေးနေရသည်။
သူ့မေမေနှင့် အဖော်လိုက်၍လာသည်။ သည်တော့လည်း ငြိမ်းနှင့်မျက်
မဆိုင်ချင်ဘဲနှင့် ဆိုင်နေရသည်။ ကားမောင်းနေစဉ် ရှေ့မှန်ထဲမှ ငြိမ်း၏မျ
ကို မြင်နေရသည်။ ငြိမ်း၏မျက်နှာတွင် ဝမ်းနည်းခြင်း အရိပ်အယော
သန်းလျက်ရှိသည်။ ဗေဒါသည် ငြိမ်းကို ကြာကြာ မကြည့်ရဲချေ။ မျက်
ဆိုင်မိတိုင်း လွှဲ၍ပစ်လိုက်သည်။

တစ်ခါတစ်ရံ သူ့စိတ်ကို ပြောင်းသွားရန် ကားကို အမြန်မော
မိသည်။ သည်တော့လည်း ငြိမ်းက လူကြီးသံဖြင့် သူ့ကို သတိပေးလို

"ဗေဒါရယ် မေမေက ကြောက်တတ်ပါတယ်။ ဖြည်းဖြည်းမှ
စမ်းပါ။ တို့ အလျင်မလိုဘူး၊ ကမ္ဘာအေး ရောက်ပြီးရင် ပြန်ကြမှာပဲ"

ငြိမ်းက သတိပေးလိုက်သည့်တိုင်အောင် ဗေဒါက ကားကို
မလျှော့သေးဘဲ ဆက်၍မောင်းနေတတ်သည်။ သည်တော့လည်း ငြိ
ဆက်မပြောတော့ချေ။ သူ ဆက်ပြောနေလျှင် ပို၍ အရွဲ့တိုက်မည်ကို
ရိပ်မိလိုက်သည်။ ငြိမ်းက ဘာမျှဆက်၍ မပြောတော့မှလည်း ဗေဒါက

...လှော့လိုက်သည်။ ငြိမ်းမေမေကမူ ပေဒါနှင့် ငြိမ်းတို့ အဖြစ်ကို ဘာမျှ သိပုံ ...ရဘဲ၊ တစ်ချက်တစ်ချက် ဝင်၍ နောက်တတ်သေးသည်။

"ပေဒါ မောင်းတာစီးရတာ ငါတော့ ကုသိုလ်ရတယ်ပေါ့၊ အမြဲတမ်း ဘုရားတနေရတာပဲ"

"စိတ်ချပါ ကြီးကြီးရဲ့၊ လမ်းရှင်းလို့ မောင်းတာပါ"

ကမ္ဘာ့အေးရောက်လျှင် ငြိမ်းတို့ သားအမိက ဘုရားဖူးနေစဉ် ပေဒါက ...ပေါ်တွင် အသာလှဲ၍ မှေးနေလိုက်သည်။

ကမ္ဘာ့အေးစေတီသည် နေရောင်ဖြင့် တဖိတ်ဖိတ် ဝင်းလက်၍နေသည်။ တစ်ချက်တစ်ချက် တိုက်ခတ်လာသော လေညင်းကလေးသည် ပေဒါ၏ရင်ကို ...အေးမြစေသည်။ သစ်ရွက်ခြောက်နုကလေးများကိုလည်း တစ်ခါတစ်ခါ ...ကြွေ့လိုက်ရသည်။

ပေဒါသည် ကျယ်ပြန့်သော မြေပြင်နှင့် ကြည်လင်ပြာလှဲ့သော ကောင်း...ကြီးကို ငေးမျှော်၍ ကြည့်နေမိသည်။ ညက အိပ်မရသဖြင့် မျက်လုံးများက ...၍ လာလေသည်။ တစ်ချက်တစ်ချက် ဝှေ့ယမ်းလိုက်သော လေပြည်ကလေး ...ကြောင့် လန်းဆန်းလာသလို ရှိသော်လည်း နေမင်း၏ အပူရှိန်သည် သူ့ တစ်ကိုယ် ...ကို နွမ်းနယ်စေတော့သည်။ ငြိမ်းတို့ ပြန်ရောက်လာသောအခါ ပေဒါသည် ...ပေါ်တွင် နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်လျက် ရှိနေတော့သည်။ ငြိမ်းက ...၏ ဆံပင်ကလေးများကို အသာသပ်၍ နှိုးလိုက်သည်။

"ပြန်ကြရအောင် ပေဒါရေ၊ ငါ့မောင်လည်း တော်တော် ပင်ပန်းနေပြီ ...ပါရဲ့"

ငြိမ်း၏ အသံမှာ နူးညံ့ပျော့ပျောင်းလှသည်။ ကရုဏာသံလည်း အပြည့် ...သည်၊ ပေဒါက ငြိမ်းကို မကြည့်ဘဲ သူ့နေရာသို့ ပြန်ရွှေ့ထိုင်လိုက်သည်။

"ပင်ပန်းတယ် သဘောမထားပါနဲ့ သားရယ်၊ ကုသိုလ်ရပါတယ်၊ သာဓု ...ခေါ်တော့"

"ပင်ပန်းလို့ မဟုတ်ပါဘူး ကြီးကြီးရဲ့၊ ညက အိပ်ရေးပျက်လို့ပါ"

"ငြိမ်း၏ မေမေကို ပြောသလိုနှင့် ပေဒါက ငြိမ်း သိအောင် တမင် ...ပြောလိုက်ခြင်းဖြစ်သည်။ ငြိမ်းက ပေဒါကို လှမ်း၍ကြည့်လိုက်ရင်း စကားလွှဲ၍ ...ပြောလိုက်သည်။

"ငါ့မောင်က စာတွေ တော်တော် ကြိုးစားနေပြီထင်တယ်၊ ဒါကြောင့် ...အိပ်ရေးပျက်တာ မဟုတ်လား"

"စာကြည့်လို့ အိပ်ရေးပျက်တာ မဟုတ်ပါဘူး၊ စိတ်ညစ်လို့ ထိုးတ
သဘော်ဆိပ်မှာ သွားပြီးထိုင်နေတာ၊ နှစ်နာရီထိုးမှ အိပ်ပြန်ရောက်တယ်"

ငြိမ်း၏ မျက်နှာကလေးသည် ညှိုး၍သွားလေသည်၊ မှန်ထဲမှ မြ
သော ငြိမ်း၏ မျက်နှာကလေးသည် အရည်လဲ့၍လာသည်ဟုပင် ထင်ရသ
ပေဒါသည် ရှေ့မှ တရိပ်ရိပ် ပြေးနေသော ကားတစ်စီးကို လှမ်း၍ ကြည့်လို
ရင်း စက်အရှိန်ကိုမြှင့်၍ မောင်းလိုက်သည်၊ တစ်ခဏနှင့်ပင် သူ့ ကားက
သည် ရှေ့ကား နှစ်စီး သုံးစီးကို ကျော်၍တက်သွားတော့သည်၊

ခုတစ်ကြိမ်တွင် ငြိမ်းသည် ပေဒါကို ဘာမျှ မပြောတော့ချေ၊
နှုတ်ခမ်းကလေးကိုသာ ခပ်တင်းတင်းကိုက်၍ ထားလိုက်မိသည်၊ အိမ်ရှေ့
ကားထိုးရပ်လိုက်မှပင် ငြိမ်းမှာ သက်ပြင်းချလိုက်မိတော့သည်၊

"ပေဒါက သူ့လက်ထဲမှ ကားသော့ကို ငြိမ်းဆီသို့ လှမ်း၍ ပေး
သည်၊ ငြိမ်းက သော့ကိုမယူသေးဘဲ ပေဒါကိုသာ စိုက်၍ကြည့်နေမိသည်၊

"ဟဲ့ ပြန်တော့မလား၊ ရေနွေးလေးဘာလေး သောက်ပါဦးလား"

ငြိမ်း မေမေက အပေါက်ဝမှ ပြန်လှည့်၍ ခေါ်လိုက်သည်၊ ပေ
ပြန်၍မပြောနိုင်ခင် ငြိမ်းက ကြားဖြတ်၍ ဝင်လိုက်သည်၊

"သမီး ကျောင်းကို ခဏသွားဦးမယ် မေမေ၊ အဆောင်က သူငယ်
တွေဆီမှာ စာအုပ်သွားယူချင်လို့"

"အေး. . . အေး ဒါဖြင့်လည်း သိပ်မိုးချုပ်နေမယ်၊ မြန်မြန်သွား

"ပေဒါသည် ပါးစပ်အဟောင်းသားနှင့် ငြိမ်းကို ငေး၍ကြည့်နေမိသ
ငြိမ်းက သူ့ဆုံးဖြတ်ချက်နှင့်သူ ကားပေါ်သို့ တက်ထိုင်လိုက်သည်၊ သည်
လည်း ပေဒါမှာ ဘာမျှ မတတ်သာတော့ချေ၊ ကားရှေ့ခန်းသို့ ဝင်၍ ထိုင
မောင်းထွက်ခဲ့ရပြန်တော့သည်၊

ပြည်လမ်းမကြီးပေါ်တွင် ကားကလေးသည် တရိပ်ရိပ် ပြေးနေ
သည်၊ တစ်လမ်းလုံး တစ်ယောက်နှင့်တစ်ယောက် ဘာမျှ မပြောကြ၊
အရှိန်သည် တစ်စထက်တစ်စ မြန်၍လာသော်လည်း မြန်သည်ဟု မ
နှစ်ယောက်စလုံး၏ စိတ်က လှုပ်ရှားနေသဖြင့် ကား ပြေးနေသည်
ပြေးသည်ဟု မထင်မိတော့ချေ၊

မှာလာဆောင်နားသို့ ရောက်သောအခါ ပေဒါက ကားကို
လျှော့၍ ပေးလိုက်သည်၊

"ဘယ်အဆောင်သွားမှာလဲ"

"ဘယ်အဆောင်မှ မသွားဘူး၊ ကန်ဘက်ကိုမောင်း မင်းတို့ပြောစရာ ရှိလို့ ဝင်ခေါ်လာတာ"

ဗေဒါသည် ကားကို ကန်ဘက်ဆီသို့ မောင်းလိုက်သည်။ ငြိမ်း၏ အသံသည် အမိန့်ပေးသကဲ့သို့ ပြတ်သားလှသည်။ ထို့ကြောင့်လည်း ဗေဒါတ ငြင်းဆန်နိုင်သဖြင့် ငြိမ်း ပြောသည့်အတိုင်း ကန်ဘေးသစ်ပင်ရိပ်တွင် ကားကို ထိုးရပ်လိုက်သည်။

ငြိမ်းက ကားပေါ်မှ ပေါ့ပါးစွာ ဆင်းလိုက်သည်။ ကန်ရေပြင်မှဖြတ်၍ တိုက်ခတ်လာသော ညင်းလေအေးကလေးကြောင့် ငြိမ်း၏ မျက်နှာတလေးသည် ကြည်လင်လန်းဆန်း၍ လာသလိုထင်ရသည်။ ဆံနုကလေးများသည် လှုပ်ရှား လူးလွန့်၍လာလေသည်။

ဗေဒါသည် သောက်လက်စ ဆေးလိပ်တိုကို မီးညှိ၍ ဖွာလိုက်ရင်း ကန်ရေပြင်ကို ငေးကြည့်နေတော့သည်။ လှေကလေးများက ငွေဈိုင်းဖြူ ကလေးများကဲ့သို့ စိမ်းလဲ့သော ကန်ရေပြင်ပေါ်တွင် ပြေးလွှားနေကြသည်။

"မငြိမ်းကို မင်း စိတ်ကောက်နေတယ် မဟုတ်လား"

ငြိမ်းက ဗေဒါကို မကြည့်ဘဲ သူ၏ နက်မှောင်ရှည်လျားသော ဆံပင် များကို ရစ်နေရင်း မေးလိုက်သည်။

"ကျွန်တော် စိတ်မကောက်တတ်ပါဘူး၊ ဝမ်းနည်းတာ တစ်ခုပဲ"

"ငိုများငိုသေးသလား ငါ့မောင်ရယ်"

ငြိမ်းက သံကြောင်ကလေးဖြင့် ရယ်လိုက်ရင်း ဗေဒါကို ကလေးကဲ့သို့ ပြောင်သည်။

"ငိုတော့ ငိုချင်သားပဲ မျက်ရည်က မထွက်လို့"

ငြိမ်းသည် ဗေဒါကို ပြုံး၍ စိုက်ကြည့်နေတော့သည်။ ဗေဒါ၏ ကလေး ဆန်ဆန် ပြောလိုက်ပုံကိုလည်း ငြိမ်းက ကျေနပ်နေဟန်ရှိသည်။

"မင်းတို့ ချာတိတ်တွေဟာ ဒီလိုပဲ ဘာဖြစ်ဖြစ် တဇွတ်ထိုးစိတ်နဲ့ လုပ်ချင် တာကိုး၊ နောက်တော့ သိလာလိမ့်မယ်၊ အခုတော့ ချစ်တယ်ဆိုတာ တစ်ခု တည်းဘို့နားလည်မယ်၊ တခြားဘာမှတွေးရမှန်း သိမှာမဟုတ်ဘူး၊ ဝေရက် ဆောင်သိပ် သွားမလား၊ ရေရှားတဲ့ သဲကန္တာရထဲကို သွားမလား ဆိုတဲ့သီချင်း ဟာ အမှန်တော့ ဒါတွေဟာ စိတ်ကူးယဉ်တာပါ ဗေဒါရယ်၊ စာရေးဆရာ

က အချစ်ကို ပေါ်လွင်အောင် တင်စားရေးတာပါ။ တကယ့် ဘဝမှာ ချစ်တင်
ဆိုပေမဲ့ ရွှေဘုံပေါ်ကဆင်းပြီး တဲအိုပျက်မှာ နေရဲတဲ့လူ ရှားပါတယ်။ မတင်
သာလို့ စွန့်စားတယ်ဆိုတာတော့ ရှိတာပေါ့"

ငြိမ်း၏ အသံမှာ တည်ငြိမ်လှသည်။ ဆရာမတစ်ယောက်က ကျောင်း
သားငယ် တစ်ယောက်ကို ဆုံးမနေသည်နှင့်လည်း တူလှသည်။ ပေဒါသည်
တစ်ချက်မျှ မဲ့ပြုံးပြုံးလိုက်သည်။

"တကယ်ဆိုတော့ အချစ်ဆိုတာ စိတ်ကူးယဉ်သက် မဟုတ်ဘူး ပေါ

"ကျွန်တော် နားလည်ပါတယ်။ ချစ်မေတ္တာစစ်ဆိုတာ ဘယ်လိုအရာ
ဆိုတာ ကျွန်တော် သိပါပြီ"

ပေဒါက ဝင့်ကြွားကြွား ပြောလိုက်သဖြင့် ငြိမ်းမှာ သူ့စကားကို
မဆက်နိုင်ဘဲ ပါးစပ်အဟောင်းသားဖြင့် ပေဒါကို ကြောင်၍ကြည့်နေမိသည်
အတန်ကြာမှ မပွင့်တစ်ပွင့် ပြန်၍မေးလိုက်သည်။

"ဆိုစမ်းပါဦး၊ ဘာလိုများ နားလည်လို့လဲ"

ပေဒါက ပညာရှိလူကြီးတစ်ယောက်လို တစ်ချက်မျှ မျက်မှောင်ကု
၍ စဉ်းစားလိုက်ပြီးလျှင် ရဲရဲရင့်ရင့် ပြန်၍ဖြေလိုက်သည်။

"အချစ်ဆိုတာ စိတ်ဆန္ဒ တန်ခိုးထဲမှာ သတ္တိအရှိဆုံး၊ အရဲရင့်ဆုံးအ
ဗိညာဉ်ရဲ့ အရှင်သခင်ဆိုလည်း ဟုတ်တယ်။ မှောင်မိုက်နေတဲ့ လူ့ဘ
အလင်းရောင်ပေးတဲ့ လမင်းကြီးဆိုလည်း မမှားဘူး။ လူ့ယုံကြည်ချက် အ
ပွဲကိုင်သူဆိုလည်း မှန်တယ်။ နှလုံးသားပြင်ရဲ့ စစ်သူကြီးဆိုလည်း ဟုတ်သ
ဦးနှောက်ရဲ့. . ."

"ကဲ. . . တော်ပါတော့ ပေဒါရယ်။ ငါ နားညည်းလွန်းလို့ နင် ဒီစ
တွေ ဘယ်က တတ်လာသလဲဟင်"

"ဒီစကားတွေ ပြောတတ်အောင် ကျွန်တော့်ကို သင်ပေးတဲ့ ဆရာ
မငြိမ်းပဲ။ မငြိမ်းဟာ ကျွန်တော့်ကို စာမေးပွဲအောင်ဖို့အတွက်သာ
ပေးတာမဟုတ်ဘူး။ အချစ်အကြောင်းကို နားလည်အောင်လည်း သင်
တယ်။ ပြီးတော့ အချစ်ရဲ့ဒုက္ခဟာ ဘယ်လောက်တောင် ကြီးမားတယ်
လည်း နားလည်အောင် သင်ခန်းစာပေးတဲ့ ဆရာမကြီး တစ်ယောက်ပဲ"

ငြိမ်းသည် ပေဒါကို ဘာမျှပြန်၍ မချေနိုင်တော့အောင် ရှိတော့
သက်ပြင်းကို မှုတ်ထုတ်ရင်း စိတ်ပျက်သံဖြင့် ညည်းလိုက်မိတော့သည်

"ခက်တယ် ဗေဒါ၊ မင်းတို့အရွယ်တွေဟာ တော်တော်ကို အပြောခက်တယ်၊ ကိုယ်ဖြစ်ချင်တာလောက်ပဲ သိတာပဲ တခြား ဘာမှမတွေးတတ်ဘူး၊ တွေးတတ်လည်း မတွေးကြဘူး၊ ကိုယ်လိုတာလောက်ပဲ ကိုယ်တွေးကြတာပဲ"

"နေပါဦး၊ ကျွန်တော်မသိလို့ မေးပါရစေ၊ လူတွေဟာ ကိုယ်လိုချင်တာကို မတွေးဘဲ သူများလိုချင်တာတွေ လိုက်ပြီးတွေးနေရမလား"

ငြိမ်းသည် ဗေဒါ၏ အမေးကို ရုတ်တရက် မဖြေနိုင်သေးဘဲ ငေး၍နေသည်၊ ဗေဒါက လက်ကြားမှ ဆေးလိပ်ကို မီးညှိမည်ပြုရာမှ မညှိသေးဘဲ ငြိမ်းကို စိုက်ကြည့်နေသည်၊

"ကိုယ်လိုချင်တာ တစ်ခုတည်းကိုသာ တွေးတတ်တဲ့ လူဟာ တစ်ကိုယ်ကောင်းသမားပဲ၊ တို့တော့ တို့လိုချင်တာကို လွတ်လွတ်လပ်လပ် မတွေးခဲ့ရဘူး၊ သူများအတွက်ပါ လိုက်ပြီးငဲ့နေရတာပဲ"

ဗေဒါသည် တစ်ချက်မျှ ပြုံးလိုက်ရင်း ဆေးလိပ်ကိုမီးညှိ၍ ဖွာလိုက်သည်၊ ဗေဒါ၏ အပြုံးသည် ငြိမ်းစိတ်ကို ဆွပေးသလို ရှိတော့သည်၊

"လောကကြီးမှာ ကိုယ်လိုတာကို ကိုယ်မတွေးဘူးဆိုတဲ့ သူတွေဟာ အားလုလုနဲ့ ညာနေကြတာ၊ အမှန်ကအဲဒီလူတွေဟာ လောဘအကြီးဆုံးပဲ လိုချင်မက်မောအားကြီးတဲ့ သူတွေပဲ"

"မင်း ငါ့ကို ဒီလိုမတရား မစွပ်စွဲနဲ့၊ လောကမှာ ငါဟာ ရောင့်ရဲနိုင်တဲ့ မိန်းမတစ်ယောက်၊ ငါသာ လောဘကြီးရင် ခုလို မနေဘူးသိလား"

"ကျွန်တော်တော့ မယုံဘူး၊ မငြိမ်းမှာ လိုချင်တာတွေများနေတယ်၊ ဖြစ်ချင်တာတွေ များနေတယ်"

ဗေဒါသည် ပြောပြောဆိုဆိုပင် ကားရှေ့ပိုင်းဆီသို့ ထွက်သွားပြီးလျှင် ကြိုးပေါ်တွင် ထိုင်ချလိုက်သည်၊ ငြိမ်းက ဗေဒါနောက်မှ လိုက်လာပြီးလျှင် ဗေဒါ၏ ပခုံးကလေးကို ခပ်ကြမ်းကြမ်း ဆွဲလှည့်၍ မကျေမနပ် မေးလိုက်မိသည်၊

"ပြောစမ်း၊ ပြောစမ်း ငါက ဘာတွေများ လိုချင်နေလို့လဲ၊ ဘာတွေများ ဖြစ်ချင်လို့လဲ"

ဗေဒါသည် ငြိမ်းကို အတန်ကြာမျှ စိုက်ကြည့်နေပြီးလျှင် ငြိမ်း၏ မျက်နှာကို ဆုပ်ကိုင်လိုက်သည်၊

"လောကကြီးမှာ ခင်ဗျားဟာ ခင်ဗျား ချစ်တဲ့သူကိုလည်း လိုချင်တယ်။ မိန်းမကောင်းကြီးလည်း ဖြစ်ချင်တယ်။ တင့်တင့်တယ်တယ် ဂုဏ်ဖြိုးနဲ့လည်း နေချင်တယ်။ ရှင်းရှင်းကဗျာ ခင်ဗျား ကျွန်တော့်ကို ချစ်တယ်။ ဒါပေမဲ့ ယူ ဆိုတော့ ခက်နေတယ်။ အဲဒီတော့ ကျွန်တော်ဟာ ခင်ဗျား ယူလို့ရအောင် မက်ထရစ်ကနေ။ ဘီအေအထိ အောင်အောင် ကြိုးစားရမယ်။ ဒါမှ ခင်ဗျား ကျွန်တော့်လည်း ယူနိုင်မယ်။ ခင်ဗျားဂုဏ်ကိုလည်း ခင်ဗျားဆယ်နိုင်မယ်။ ဒါဟာ ဘာဖြစ်လို့လဲ ကျွန်တော့်ကို စေတနာထားတာ သက်သက်လား။ ခင်ဗျားအတွက်လား။ ရှင်းနေတာပဲ။ အဖြေကတော့ ခင်ဗျား မိန်းမကောင်းကြီး သိပ်လုပ်ချင်နေတယ်။ ကိုယ်ချစ်တဲ့သူလည်း ရအောင်ယူမယ်။ ကိုယ့်မိဘ ပတ်ဝန်းကျင်ကလည်း သဘောတူရမယ်။ ဒါမှ ခင်ဗျားကို လူအများက သိ တော်တယ်။ သိပ်လိမ္မာတယ်လို့ ချီးမွမ်းကြမှာကိုး။ ကျွန်တော်လို ကြမ်း တစ်ယောက်ကိုချစ်ပြီး ဒီလိုချီးကျူးကြမှုတွေလည်း ခင်ဗျားက လိုချင်သေး ပဲ"

"မင်း ဒီလိုပြောရက်တာ မမ ရင်နာလို့ မဆုံးဘူး။ ငါ့စေတနာက ထင်သလိုလည်း မဟုတ်ပါဘူး။ မိန်းမကောင်းလည်း ဖြစ်ချင်လှလို့ မဟု ပါဘူး။ ဒါပေမဲ့ ငါ့အတွက် ဘယ်သူ့မှ ဒုက္ခမရောက်စေချင်ဘူး။ ဒုက္ခခံ ခံရင် မမပဲ ခံချင်တယ်။ ဒါစေတနာ အမှန်ပဲ။ ဒီစေတနာသာမှန်ရင် မယုံသေးပေမဲ့ တစ်နေ့ ယုံလာရမှာပေါ့"

ငြိမ်းက ငိုသံကုလေးဖြင့် တုန်တုန်ယင်ယင် ပြောလိုက်ပြန်တော့ ဇေဒါ၏ ရင်တွင် ကရုဏာလှိုင်းများသည် တစ်လုံးပြီးတစ်လုံး မှိုက် လာတော့သည်။ သည်တော့လည်း ဇေဒါသည် မမငြိမ်း၏ မျက်နှာကို မ ရက်နိုင်အောင် ရှိတော့သည်။ ငြိမ်း၏ ရင်ခွင်တွင်းသို့ ခေါင်းမြှုပ်ရ ဝမ်းပန်းတနည်း တောင်းပန်လိုက်ရှာသည်။

"ကျွန်တော် ဘာတွေပြောမိမှန်း မသိပါဘူး မမငြိမ်းရယ်။ ကျွန် ကို ခွင့်လွှတ်ပါ။ ကျွန်တော့်ရင်ထဲမှာ မချင့်မရဲဖြစ်လွန်းလို့ ပြောမိတာ အမှန်တော့ မမငြိမ်းကို ကျွန်တော်စော်ကားတာ မဟုတ်ပါဘူး။ ကျွန် ဘဝမှာ ဖြစ်ချင်တာတွေ တစ်ခုမှ မဖြစ်ရတော့ အလိုလို ဒေါသကြီးနေတ ရန်သူလည်း ရှာမတွေ့ဘူး။ တစ်ခါတလေ တစ်ယောက်တည်း စိတ်တိုနေတ

ငြိမ်းသည် ဇေဒါ၏ နဖူးပြင်တွင် ကျနေသော ဆံပင်များကို သ

ရင်း ခေါင်းကိုဆွဲ၍ မော့လိုက်သည်။ အားငယ်စိတ်ကြောင့်လားမသိ၊ ဗေဒါ မျက်လုံးများသည် ခါတိုင်းလို တောက်ပခြင်းမရှိ၊ မှေးမှိန်လျက် ရှိလေသည်။

ငြိမ်း၏ မျက်လုံးများကား မြအရောင်ကဲ့သို့ ကရုဏာ၊ မေတ္တာ အငိုး အရည်များ ရွှန်းလဲ့၍ နေတော့သည်။

"မင်းကိုများ မမက ဘယ်တုန်းက စိတ်ဆိုးခဲ့ဖူးလို့လဲ ဗေဒါ။ မင်းရဲ့ ဒေါသတွေဟာ တကယ်တော့ မမကိုချစ်လို့ ပေါ်လာရတဲ့ ဒေါသပဲဆိုတာ မမ နားလည်ထားလို့ ခွင့်လွှတ်ပါတယ်။ မမကြောင့် မင်းခုလို ဖြစ်ရတယ်ဆိုတာ တွေးတိုင်း ရင်ထဲမှာ မကောင်းဘူး။ ငါ့မောင်ကို သနားတယ်။ ရင်တွေ နာလာ အောင် သနားတယ်"

ငြိမ်းသည် ဆက်ပြောမည့် စကားကိုပင် မပြောနိုင်တော့ဘဲ ရပ်ပစ် လိုက်တော့သည်။ ဗေဒါ၏ မေးရိုးများသည် ကြွမ်းတမ်းလာသည်။ အမှန် တော့လည်း ချစ်လျက်နှင့် အဆင်မပြေသော ဘဝတွင် အဖြေကို ရှာမတွေ့ ပြန်တော့လည်း ယခုလိုပင် နာကြည်းကြေကွဲချက်များဖြင့်သာ တဝဲလည်လည် ခံစားမှုနေရတော့သည်။

ဗေဒါသည် ငြိမ်း၏ လက်ဖဝါးနုနုကလေးကို သူ့ပါးဖြင့် ကပ်ထား လိုက်သည်။

"ကျွန်တော့်ဘဝဟာ ဘယ်ဘက်ကမှ မရေရာဘူး မမရယ်။ ရှေ့ရေးကို တွေးကြည့်ရင် ဘယ်ဘက်ကမှ မရေရာဘူး။ မျှော်လင့်ချက် မရှိဘူး။ နေရေး ထိုင်ရေးလည်း မရေရာဘူး၊ ပညာရေးလည်း မရေရာဘူး။ ကြီးပွား ချမ်းသာရေး ဆိုတာ တွေးတောင်မတွေးရဲဘူး။ ဒီအထဲ အချစ်ရေးကလာပြီး ဒုက္ခပေးသေး တယ်"

"ဒါလောက်လည်း အားမငယ်ပါနဲ့ ငါ့မောင်ရယ်။ လူဆိုတာ ရည်မှန်း ချက် မရောက်ခင် ဒုက္ခအမျိုးမျိုး တွေ့ရတာပဲ။ ဒီဒုက္ခတွေ ကျော်လွှန်နိုင်တဲ့ တစ်နေ့ ကြီးပွားရမှာပေါ့"

ငြိမ်းက ခုလိုအားပေးလိုက်ပြန်တော့လည်း ဗေဒါမျက်နှာကလေးသည် ကြာနှင့်လန်း၍ လာလေသည်။ စောစောက မှေးမှိန်နေသော မျက်လုံးကလေး များသည်လည်း အရောင်တောက်၍ လာလေသည်။

ဗေဒါသည် ငြိမ်း၏ တစ်ကိုယ်လုံးကို အားပါးတရ သိမ်းကျုံးဖက်ထား လိုက်မိတော့သည်။

ဇေဒါ၏ မှောင်မည်းသော ဘဝလမ်းခရီးတွင် ငြိမ်းသည် တောက်
သော ကြယ်တစ်ပွင့်ဝင် ဖြစ်သည်မဟုတ်လော။

❑

## ၃

[illegible] အိမ်နားသို့ရောက်လျှင် ဖေဒါသည် အိပ်ထဲမှမျက်မှန်နက်ကို ထုတ်၍ [illegible]တ်သည်။ ခေါင်းတွင် ဆောင်းထားသော အဝတ်ဦးထုပ်ကိုလည်း [illegible]သို့ ဆွဲချလိုက်သည်။ မီးဆင်ပေးရန် အလုပ်ရှိ၍သာ သည်လမ်းသို့ [illegible]သည်။ အမှန်တော့ ဖေဒါသည် မြသီတို့နေသည့် အိမ်နားကိုပင် မြင်၍ [illegible]ချေ။ မြသီ မျက်နှာကိုလည်း မကြည့်လို။ မြသီနှင့်လည်း မတွေ့လို။ [illegible]ကြောင်း စဉ်းစားမိလျှင် အလိုလို ရင်ထဲက နာလာသည်။ ရှုံလည်း [illegible] မုန်းလည်းမုန်းသည်။ ကနေ့မနက် စောစောကပင် ကြည့်မြင်တိုင် [illegible]တစ်တိုက်မှ မီးသွယ်ပေးရန်နှင့် မော်တာထိုင်ပေးရန် လာငှားသည်။ [illegible]ည်ကို မေးလိုက်ကတည်းကပင် လိုက်လိုစိတ် မရှိတော့ချေ။ မလိုက် [illegible] မဖြစ် လာငှားသူများက သူ့ကိုသိ၍ လာငှားခြင်း မဟုတ်။ [illegible]၏ ထောက်ခံတိုက်တွန်းချက်ကြောင့် လာငှားခြင်းဖြစ်သည်။ [illegible]သည်း နောက်ဆုံး မငြင်းသာဘဲ လိုက်ခဲ့ရတော့သည်။ အလာတုန်း [illegible]မှင်ကားနှင့် လိုက်ခဲ့ရသဖြင့် တော်သေးသည်။ အပြန်တော့ တစ် [illegible] ခြေကျင်ပြန်ရသည်။ တခြား လမ်းဘက်က ကွေ့သွားလျှင် [illegible] သည်လိုတော့လည်း မသွားလို သတ္တိနည်းရာ ကျလွန်းသည်ဟု [illegible]သည်။

"[illegible]အလုပ်ရှိလို့ လာတာပဲ။ သူ့ကို ဂရုစိုက်စရာ မလိုပါဘူး"

ဗေဒါသည် ပုံနှိပ်တိုက်မှ အလုပ်ပြီး၍ အထွက်တွင် ဘယ်
သွားရမည်ကို ဝေခွဲမရအောင် ရှိတော့သည်။ ဘယ်ဘက်အောက်
သွားလျှင် မြသီတို့ အိမ်ရှေ့သို့ဖြတ်ရမည်။ အစဉ် ချိတုံချတုံ ဖြစ်နေသေး
နောက်ဆုံး၌ သူ့ကိုယ်သူ အားတင်း၍ သွားရမည့်လမ်းမှန်အတိုင်း
သည်။

မြသီတို့အိမ်ရှေ့သို့ ရောက်သောအခါ ရှက်သလိုဖြစ်လာ
ထို့ကြောင့် မျက်မှန်နက်ကို တပ်လိုက်ပြီးလျှင် ဦးထုပ်ကို မျက်ခုံးအထိ
အောင် ဆွဲချလိုက်သည်။

မြသီတို့အိမ်ကို လွန်လာသောအခါ ဗေဒါရင်ထဲ၌ အလိုလို
သည်။

သို့ခပ်သွက်သွက် လျှောက်လာရာမှ နောက်က ခေါ်သံကြောင့်
၏ ခြေလှမ်းများသည်၊ အလိုလို တုံ့၍သွားသည်။ ဗေဒါ၏ တစ်ကိုယ်
အကြောများပင် ဆိုင်းသွားသည်ဟု ထင်လိုက်မိသည်။ ဗေဒါသည်
တစ်ခုကို ချက်ချင်း ဆုံးဖြတ်လိုက်ပြီးလျှင် ဆက်၍ လျှောက်မြဲလျှော
ပြန်သည်။

"ဗေဒါ"

ခုတစ်ကြိမ်တွင် ဗေဒါသည် ရှေ့ဆက်၍ မလျှောက်နိုင်တော့
ပထမအကြိမ် ခေါ်သံကြားလိုက်ကတည်းကပင် မြသီ၏ အသံမှန်း
သို့သော် မတွေ့လို၍ တမင်တကာ ဆက်လျှောက်ခဲ့ခြင်းဖြစ်သည်။

ခုတစ်ကြိမ်တွင် မြသီ၏ ခေါ်သံသည် ဗေဒါစိတ်ကို လွှမ်းမိုး
သတ္တိများပါသည်။ မြသီ ခေါ်သံတွင် အာဏာမပါ တိုးလျှိုးတောင်းပန်
သာ အပြည့်ပါသည်။ မရဲတရဲ အားငယ်သံလည်းပါသည်။

ဗေဒါသည် မလှုပ်မယှက်ရပ်နေရာမှ နောက်သို့ တဖြည်းဖြည်း
ကြည့်လိုက်သည်။

မြသီသည် သူ့လက်ကလေးနှစ်ဖက်ကို ယှက်ထားလိုက်ပြီးလျှင်
ကို မျက်စိသူငယ်ဖြင့် သနားစဖွယ် ကြည့်နေသည်။ ဗေဒါသည် မျက်
ချွတ်လိုက်ပြီးလျှင် မြသီကို အံ့ဩငေးမော၍ ကြည့်နေမိသည်။

တစ်ယောက်နှင့်တစ်ယောက် စကားမပြောကြသော်လည်း
များက စကားပြောချင်နေကြောင်း သက်သေပြလျက်ရှိသည်၊

မြသီ နှုတ်ခမ်းပါးနီနီကလေးသည် ဖြူရော်နေသည်။ မျက်လုံးများမှ ...ည်း ခါတိုင်းလို ဓာနုရောင်ဖြင့် တောက်ပြောင်ခြင်း မရှိတော့ချေ။ မြသီကို ...ကြည့်နေရင်း ပေဒါက

"ဘာပြောချင်လို့လဲ မြသီ" ဟု မေးလိုစိတ်များ ပေါ်လာသော်လည်း ...ပ်ကမထွက်။ ရင်ထဲတွင် ဂယက်ရိုက်၍ နေတော့သည်။

"တို့ အိမ်ကို မဝင်တော့ဘူးလား ပေဒါ"

ပေဒါသည် ဘာကိုပြန်ဖြေရမှန်း မသိ၍မဖြေဘဲ ငေးမြငေးနေမိသည်။ ...ကမှ နှုတ်ခမ်းကလေး တပြင်ပြင်ဖြင့် စကားပြောရန် အားယူနေပြန်သည်။

"အိမ်ရှေ့က ပုံနှိပ်တိုက်မှာ နင်မီးသွယ်နေတာ ငါမြင်တာ။ ဒါကြောင့် ...ခင်ထိုင်ပြီး စောင့်နေတာ။ နင်ထွက်လာရင် ခေါ်မလို့ နင်ငါ့ကို စိတ်ဆိုး ...ယ်ဆိုတာ ငါ သိပါတယ်။ ဒါပေမဲ့ တို့အိမ်ကိုတော့ ဝင်ပါဦးဟယ်။ ...ဖြစ်ဖြစ်ပေါ့။ အမေကလည်း နင့်ကို ခဏခဏ မေးပါတယ်။ ငါကသာ ...ကောင်းအောင် လှည့်ပြောထားရတယ်။ ကဲ. . . လာပါဟယ်"

ပေဒါသည် မငြင်းသာတော့ချေ။ မြသီ ခေါ်ရာသို့ နောက်မှ ပါသွားမိ ...ည်။ အိမ်သို့ဝင်လျှင်ဝင်ချင်း မြသီအမေ ဒေါ်ခင်သန်းက ဆီး၍ရန်တွေ့ ...သည်။

"ဟဲ့. . . ကောင်လေး တို့အိမ်မပေါ်လာတာ ကြာပါပြီ။ ဘာဖြစ်နေလို့ ...အဖေ မသာတုန်းကတောင် ငါလိုက်ပို့ဖို့ဟာ ရှင်မြသီပေါ့။ ကားနဲ့ပို့မယ် ...လေးနဲ့ သူ့ကားစောင့်ရတာနဲ့ မပို့ဖြစ်တော့ဘူး။ အေးတင်ကို ပြော ...ပါကွယ်။ ငါ့များ တစ်မျိုးတမည် ထင်နေပါဦးမယ်"

"မထင်ပါဘူးခင်ဗျ။ ကျွန်တော်တို့လည်း အမြန်စီစဉ်ရတော့ တချို့ ...ောင်မသိလိုက်ကြဘူး"

ဒေါ်ခင်သန်းသည် ဆေးလိပ်ခွက်ကို ပေဒါရှေ့သို့ ချပေးရင်း စိတ် ...င်းဟန်ဖြင့် ညည်းလိုက်သည်။

"အေးပေါ့ကွယ် သေခြင်းဆိုတာ ဘယ်သူမှလွန်ဆန်နိုင်ကြတာ မဟုတ် ...သေတဲ့သူက သေပြီးတဲ့နောက် ကျန်တဲ့လူတွေရဲ့တာဝန်က ရှိလာတယ်။ ...င်း လိမ်လိမ်မာမာသာနေပါ ငါ့တူရယ်။ စောစောက မြသီက မင်း ...မှာ အလုပ်လုပ်နေတယ်ပြောလို့ ငါတောင် သာဓုခေါ်မိသေးတယ်။ ...တော့ဟွေ့ အလျှင်အလုပ်လုပ်တုန်းကမှ လခလေးမှန်မှန်ရသေးတယ်။

အလျှင် အလုပ်ထွက်လိုက်တာ တစ်ခါတည်း ဝင်လမ်းကို မရှိဘူး။ တစ်ေ ရမယ်။ နှစ်ထောင် ရမယ်နဲ့ ပါးစပ်မှာပဲ ရနေတာပဲ။ အိမ်တော့ မို လေးထောင် ပြောင်ပြီ။ ဒါတောင်သားအမိနှစ်ယောက်တည်းမို့ နိုင်ရင် ခွတ် တောင်းရမယ့် ဘဝပဲ"

"ကဲပါ မေမေရယ် မဆိုင်တာတွေ လျှောက်ပြောမနေစမ်းပါနဲ့။ ဒ အလျှင်အလုပ်ကို ပြန်လျှောက်ထားပါပြီ၊ ရမယ်လို့လည်း ပြောပါတယ်"

"ရရင်လည်း ရမှာပဲ။ ညည်း အခုရုပ်ရှင်မင်းသမီးဆိုတာတော့ ဟ ပါဘူး။ ကြာရင်လည်း နတ်သမီးဖြစ်ဖို့ပဲ ရှိတယ်"

"ကဲ. . . အမေရယ် တော်ပါတော့လို့ဆို"

မြသီကပင် ဝင်၍ ဟန့်လိုက်မှ ဒေါ်သန်းတင်သည် မကျေမ မြသီကို မျက်စောင်းထိုး၍ ကြည့်လိုက်ရင်း ဆေးလိပ်ကိုဖွာနေတော့သ

"အင်း. . . ကာလသားသမီးများ အပြောရ အဆိုရကို ခက်တ

ဒေါ်သန်းတင်သည် ပြောပြောဆိုဆိုပင် နောက်ဖေးခန်းသို့ ဝ တော့သည်။ ဗေဒါသည် ဒေါ်သန်းတင် ပြောသော စကားများကို တွေးကြည့်မိသည်။ ဒေါ်သန်းတင် ပြောသော စကားများနှင့် မြသီ ပျက်နေပုံကို ဆက်စပ်ကြည့်လျှင် အဖြေတစ်ခု ထွက်လာလေသည်။ သ လည်း ဆက်၍မစဉ်းစားချင်တော့ သက်ပြင်းကိုသာ လေးလေးကြီး ချ သည်။

မြသီက ဗေဒါကို မသိမသာ စိုက်ကြည့်နေလိုက်ရင်း ခပ်တိုးတိုး စလိုက်သည်။

"နင့်ကို ငါ တောင်းပန်ချင်လို့ခေါ်တာ နင် ငါ့ကို စိတ်ဆိုးတုန်း

"မဆိုးပါဘူး။ ငါ့ကို နင် ဘာတောင်းပန်စရာလိုလဲ"

"အစက ငါ နင့်ကို အထင်လွဲခဲ့မိတယ် ဗေဒါ။ ခုတော့ နင့်ဓေ ငါယုံတယ်။ နင်ပြောတာတွေ အားလုံးမှန်တယ်။ ငါ မှားတာပဲ"

မြသီ၏ စကားများသည် ဗေဒါနားတွင် ဆန်း၍နေသည်။ လေ စကားလုံးများပါ ဆန်းနေသည်။ ခုပြောနေသော မြသီ၏ လေသံမှာ ယ ကလို မောက်မာသည့် အသံ မပါ။ မာကြောသည့်အသံ မပါ။ နူးညံ့ ပျေ လှသည်။ ဝမ်းနည်းကြေကွဲသံလည်း ပါသည်။

ပြီးတော့လည်း မြသီသည် သူထင်ရာကို တစ်ခွတ်ထိုး လုပ်တတ်သူ ...သည်။ သူလုပ်သော အလုပ်ကိုမှန်သည်ဟု အမြဲယုံတတ်သူဖြစ်သည်။ ...ကို သိသည့်တိုင်အောင် ဘယ်တော့မှ ဝန်မခံခဲ့ချေ။

ယခု မြသီသည် သူ့အမှားကို သူဝန်ခံ၍ နေလေပြီ။ ဖေဒါသည် ...ပြန်ပြောရမှန်း မသိအောင် အံ့ဩနေသည်။

"အမှန်က ငါ ရုပ်ရှင်ဘက်ကို ဘယ်လောက် ဝါသနာပါသလဲဆိုတာ ...သိပဲ။ မဖြစ်နိုင်စရာလည်း မရှိဘူးလို့ထင်တယ်။ သီချင်းလည်း ဆိုနိုင် ...ကလည်းကနိုင်တယ်။ အမူအရာဆိုတာလည်း ဒါရိုက်တာက သင်ပေး ...လုပ်နိုင်စရာ ဘာမှမရှိဘူး။ တချို့မင်းသမီးတွေဆိုရင် ကလက်ဖို့မပြောနဲ့ ...ကောင်း မဆိုနိုင်ဘူး။ ပါးစပ်ပေါက် လှုပ်ပေးရုံပေးပြီး နံဘေးကဆိုပြီး ...တယ် မဟုတ်လား။ သူတို့တောင် မင်းသမီး ဖြစ်သေးရင် ငါ ဘာလို့မဖြစ် ...လဲ။ မြေတောင်မြှောက်ပေးမယ့် လူရှိရင် ငါလည်း တစ်နေ့ နာမည်ကြီး ...တစ်ယောက် ဖြစ်ရမယ်လို့ ငါ့ကိုယ်ငါ ယုံထားတယ်။ ဒီတော့လည်း ...တောင်မြှောက်ပေးမယ့် လူကို ငါရှာတာပဲ။ မင်းသမီး ဖြစ်အောင်သာ ...တောင်မြှောက်ပေးမယ်ဆိုရင် အဲဒီလူကို ဘယ်နည်းနဲ့ ကျေးဇူးဆပ်ရဆပ်ရ ...လို့ ငါဗိုက်ဗိုက်ကန်းကန်း ဆုံးဖြတ်ခဲ့တယ်။ တစ်နေ့ဖြစ်မယ်လို့လည်း ...မိတယ်။ နင်သတိပေးတာတောင် ငါ နားမဝင်ခဲ့ဘူး။ ခုတော့ ငါ ...တွေ တစ်ခုမှ မဖြစ်ဘူး။ အကုန်မှားတာပဲ။ လူတွေဟာ မကောင်းဘူး။ ...တယ်။ ကိုအေးလွင်လောက် ယုတ်မာတဲ့လူ ငါ့တစ်သက်မှာ ...ဘူး။ သူရိုက်မယ့်ကားမှာ ငါ့ကိုမင်းသမီး တင်မယ်ဆိုပြီး လာခေါ်တယ်

...တွေ ငါ အစကတည်းက မြင်သားပဲ။ ဒါကြောင့် နင့်ကို ငါ ပြော ...ဘ်လား။ ရုပ်ရှင်နယ်ဟာ ကြောက်စရာကောင်းတယ်လို့ ဘယ်နေရာ ...ဖြစ် ကောင်းတဲ့လူရှိသလို ဆိုးတဲ့လူရှိတာပဲ။ သူတော်ကောင်းတွေ ...ယုတ်မာတွေလည်း ရှိတာပဲ။ အထူးသဖြင့် ရုပ်ရှင်နယ်ဆိုတော့ ...ပေါ့။ ငွေရပေါက်ကလည်း မြှောက်စားမယ့်လူရှိရင် လွယ်လွယ်နဲ့ ...ဝါသနာကလည်း ပါကြတယ်ဆိုတော့ တချို့ စားပေါက်ထွင်တဲ့ ...တ်လုံးကြိုက်လုံးပေးပြီး မိန်းမပျိုတွေကို ဖျက်ဆီးနေကြတာပဲ"

ဗေဒါက မြသီပြောမည့် စကားကို ဆက်၍နားမထောင်ရဲသဖြင့် စကား... ကိုဖြတ်၍ ဝိတ်ပြောလိုက်သည့်တိုင်အောင် မြသီကမူ ကျေနပ်အားရ... မရှိချေ။ သူပြောလိုသော စကားများကို ဆက်၍ပြောလိုက်သည်။

"ကားရိုက်မယ်ဆိုပြီး ငါ့ကိုခြံတွေထဲ ခေါ်သွားတယ်။ ပြီးတော့ စာချု... ငွေများများပေးမယ်ဆိုပြီး တစ်ရာနှစ်ရာ အပိုသုံးဖို့ဆိုပြီးပေးတယ်။ နော... တော့"

"တော်ပါတော့ မြသီရာ။ ငါဒါတွေ မကြားချင်ဘူး။ နင်ပြော... စကားတွေက ငါ့နားထဲမှာ ဟိုတုန်းကတည်းက ကြားနေပြီးသား။ ... နင်ငါ့ကို ဒီလိုစကားမျိုးပြောလိမ့်မယ်ဆိုတာ ငါ ကြိုတင်တွေးထားပြီး... ဘာပဲဖြစ်ဖြစ် ငါ့စေတနာကို နင်နားလည်တယ်ဆိုရင် ငါ ဝမ်းသာလှ... ပြီးပြီးသားတွေကို ပြီးပါစေတော့၊ နောက်ဆက်မမှားဖို့ အရေးကြီးတာပဲ"

မြသီသည် မျက်လုံးထောင့်များတွင် သီးနေသော မျက်ရည်... လက်ကိုင်ပဝါ ပါးပါးလေးဖြင့် တို့လိုက်ပြီးလျှင် ဗေဒါကို မော့၍ကြည့်... သည်။ သူ့မျက်နှာသည် တဖြည်းဖြည်း ကြည်လင်၍လာသည်။

"ဒါဖြင့် နင်ငါ့ကို စိတ်မဆိုးဘူးပေါ့နော် ဗေဒါ"

"မဆိုးပါဘူး မြသီရာ။ နင့်ကို ငါတကယ် စိတ်မဆိုးဘူး။ သနား... နင်ဒုက္ခရောက်မှာကို ငါမကြည့်ရက်နိုင်ဘူး။ ဒါငါ့စေတနာပဲ။ နင် မယုံ... မတတ်နိုင်ဘူး"

"ငါ နင့်ကို ယုံပါတယ် ဗေဒါရယ်"

ဗေဒါသည် မြသီကို ကြင်နာသော မျက်လုံးများဖြင့် အတ... စိုက်၍ ကြည့်နေမိသည်။ မြသီကလည်း ဗေဒါကို မျက်တောင်မခတ်... ကြည့်နေသည်။ ယခုတော့ မြသီ မျက်လုံးများသည် အရောင်လက်၍... ပြီ။ အားတက်ခြင်း၏ လက္ခဏာလား၊ ဝမ်းသာခြင်း၏ အရောင်လား... ကို ဗေဒါကိုယ်တိုင် သတိမထားလိုက်မိချေ။ သို့သော် မြသီ၏ ... သော မျက်လုံးကလေးများ၏ အရောင်သည် ဗေဒါ၏ ရင်တွင်းနှ... လင်း၍ လာလေသည်။

"ငါပြန်တော့မယ် မြသီ"

ဗေဒါက ပြောပြောဆိုဆို နေရာမှ ထလိုက်သည်။ ဗေဒါ ... လိုက်သည်ကိုပင် မြသီကပြန်၍ မဖြေနိုင်ချေ။ ခေါင်းကလေး အသာ...

ည်။ ပေဒါက ခေါင်းငိုက်ဆိုက်ဖြင့် မြသီတို့ အိမ်ပေါ်မှဆင်း၍ သွားလေ
ည်။ မြသီက အပေါက်ဝမှရပ်၍ ငေးကြည့်နေမိသည်။

မီးခဲပေါ်တွင် ဖုံးအုပ်ထားသော ပြာကလေးများသည် လွင့်စဉ်၍
းလေပြီ။

❑

# ၄

ကနေ့ ငြိမ်းတို့အိမ်တွင် ဝိုင်းကောင်းနေသောနေ့ ဖြစ်သည်။ စနေ၊ တနင်္ဂနွေ
တိုင်း ငြိမ်းတို့အိမ်တွင် ဖဲဝိုင်းဖြစ်တတ်သည်။ ဦးဘကြည်သည် အလုပ်
အလုပ်သာ အာရုံစိုက်၍ လုပ်တတ်သလောက် အလုပ်အားသည့် ရက်
တွင် အခြားအပျော်အပါးများ မသွားတတ်သော်လည်း အိမ်တွင်ဝိုင်း
ကစားတတ်သည်။

သည်လိုနေ့များဆိုလျှင် ငြိမ်းသည် အိမ်ရှေ့ခန်းသို့ မထွက်တော့
စာကြည့်ခန်း၌ အချိန်ဖြုန်းတတ်သည်။ အိပ်ခန်းတွင်ခွေ၍ မရေရာ
ရှေ့ရေးများကို စဉ်းစားတတ်သည်။

ယခုလည်း ငြိမ်းသည် ခုတင်ထက်တွင်လှဲ၍ သူ့အတွေး
နစ်မျောနေသည်။ သူတွေးသော အတွေးထဲတွင် ပေဒါအကြောင်းလည်း
သည်။ အိမ်ထောင်ရေး အကြောင်းလည်းပါသည်။ အလုပ်အကိုင် စီးပွား
လည်းပါသည်။ ရှေ့ဆက်ရမည့် ပညာရေးလည်းပါသည်။ အတွေးတို့
မည်သို့ပင် နယ်ကျွံစေကာမူ နောက်ဆုံး၌ ပေဒါအကြောင်းသာ
သွားတော့သည်။ သည်တော့လည်း ခေါင်းကပူ၍ လာသည်။ တဖြည်း
အားက ကုန်၍လာသလို ရင်ထဲတုန်၍လာသည်။ ဆက်၍မတွေးရဲတော့
တွေးနိုင်သည့် အင်အားလည်း မရှိတော့ချေ။

ငြိမ်းသည် အိပ်ရာထက်မှ အဝတ်အစားများ လဲလိုက်သည်။

...က်၍ အာရုံကိုဖျောက်ရန် ကြိုးစားသည်။ ငြိမ်းသည် အခန်းတွင်းမှ အပြင်သို့ ...က်ခဲ့သည်။

ညှော်ခန်းတွင်းမှ ဖြတ်၍အထွက်တွင် ဦးဘကြည်က ငြိမ်းကို လှမ်း၍ ...လိုက်သဖြင့် ခြေလှမ်းများမှာ တုံ့၍သွားလေသည်။

"ငြိမ်း ဘယ်သွားမလို့လဲ ကားယူသွားပါလား။ အားနေတာပဲဟာ"

"နေပါစေ ကိုကိုကြည် မောင်းမယ့်လူလည်း မရှိပါဘူး"

ငြိမ်းက ပြောပြောဆိုဆို ထွက်သွားမည်အပြုတွင် ဦးတင်အောင်က ...ထဲမှ ဖဲများကို အနားမှတစ်ယောက်လက်သို့ ထိုးပေးလိုက်ရင်း နေရာမှ ...က်သည်။

"ကျွန်တော်လိုက်ပို့မယ်လေ။ ကျွန်တော်လည်း ထိုင်ရတာ နည်းနည်း ...င်းလာပြီ။ ရှုံးတဲ့လူတွေကို အားနာလို့ ထိုင်နေရတာ"

"အမယ် သိပ်လည်းအပြောမကြီးနဲ့ဦးလေ။ ဝိုင်းသိမ်းတော့ ဘယ်သူရှေ့ ...က်ဆံပုံနေမလဲဆိုတာ ကြည့်ပါဦး"

"နေပါစေ ဦးတင်အောင်။ ငြိမ်းဝေးဝေးသွားမှာ မဟုတ်ပါဘူး။ ကျောင်း ...သွားမှာပါ"

ငြိမ်းက ပြောပြောဆိုဆို ခွတ်ထွက်ခဲ့သည်။ ငြိမ်း၏ စိတ်သည် လေကဲ့ ...၍ ဗိုးတိမ်ကဲ့သို့ လွှပ်ရှားနေလေသည်။ အကြောင့်သည်လို ဖြစ် ... ကိုယ်ကိုယ်တိုင်တွေး၍မရ။ ကိုယ့်ကိုယ်ကိုယ်ပင် ဒေါသဖြစ်မိသည်။ ...ဒေါ်တို့ အိမ်ရှေ့ဖြတ်မိလျှင် ထီးကိုကွယ်၍ မသိမသာငဲ့၍ ကြည့်မိ ...ဒေါ်၏ အရိပ်အယောင်ကား မတွေ့ရ။ ငြိမ်းသည် လမ်းမဘက်သို့ ...သုတ် ထွက်ခဲ့သည်။ လမ်းထိပ်သို့ရောက်ရင် ငြိမ်း၏ ဘေးနားသို့ ...စီးထိုး၍ ရပ်လိုက်သည်။ ရုတ်တရက် လန့်၍သွားသည်။ စိတ်ဆိုး ... လှည့်၍ ကြည့်လိုက်သောအခါ မျက်နှာချိုသွေး၍ ကြည့်နေသော ...အောင်ကို တွေ့ရသည်။

"...လာပါငြိမ်း။ ကျွန်တော်ခေါက်ဆွဲသွားဝယ်မလို့။ လမ်းကြုံပါတယ်"

ဦးတင်အောင်က အတင်းခေါ်နေပြန်တော့လည်း ငြိမ်းမှာ မငြင်းသာ ... ဦးတင်အောင် အသင့် ဖွင့်ပေးထားသော တံခါးမှဝင်၍ ထိုင်လိုက်ရ ...။ ကားသည် ပြည်လမ်းပေါ်တွင် တရိပ်ရိပ် ပြေး၍နေသည်။ လမ်းမ ...ညာပြန်သလောက် ကားများကား တစ်စီးနှင့်တစ်စီး ယှဉ်၍ ပြေးနေကြ

သည်။ ကျော်တက်သွားသော ကားများက ရှိပ်ခနဲ ဖြတ်ကျော်၍ တက်သွား
သည်။ ကျန်ရစ်ခဲ့သော ကားများလည်း တဖြည်းဖြည်း ဝေး၍ ကျန်ရစ်ခဲ့သ
ငြိမ်းသည် ဖြောင့်တန်းသော လမ်းမကြီးကို ငေးမျှော်၍ ကြည့်နေမိသ
ရုတ်တရက် ကားကကွေ့လိုက်သဖြင့် ငြိမ်းတစ်ကိုယ်လုံး တစ်ဖက်သို့ယိ
သွားသည်။ သည်တော့မှလည်း ဘယ်နေရာသို့ ရောက်နေ သည်ကို သတိ
လိုက်မိသည်။

ပိုင်စွမ်ဟော်တယ်ရှေ့တွင် ကားကိုထိုး၍ရပ်လိုက်သည်။ ဦးတင်အေ
က ကားပေါ်မှ အရင်ဆင်း၍ ငြိမ်းအတွက် အဆင်သင့်ဆင်းနိုင်ရန် 
တံခါးကို ဖွင့်ပေးလိုက်သည်။

"ငြိမ်း မဆင်းတော့ဘူး ဦးတင်အောင် ကားပေါ်ကပဲ စောင့်မယ်"

"တစ်ခုခုတော့ စားပါဦးလား ငြိမ်းရယ်။ ငြိမ်းကို တမင် ဖြ
ခေါ်လာတာပါ"

"ကျေးဇူးတင်ပါတယ်။ ငြိမ်း ရင်ပြည့်နေလို့ပါ"

ဦးတင်အောင်သည် မျက်နှာကို သိသိသာသာ ပျက်၍နေတော့
သူ၏ဖိတ်ခေါ်ချက်ကို ငြိမ်းက ခုလို ခါးခါးသီးသီး ငြင်းလိမ့်မည်
မမျှော်လင့်ခဲ့ချေ။

"ကျွန်တော့်ကို ခုထိစိတ်ဆိုးတုန်းပဲလား။ လူတစ်ယောက်အ
အပေါ်မှာ ကျွန်တော် တစ်ကြိမ်တစ်ခါ မှားခဲ့ဖူးပါတယ်။ အဲဒီလို မှာ
ကျွန်တော်ရဲ့ ကတိအတိုင်း နောက်ထပ်မမှားအောင် ဆင်ခြင်ခဲ့တာလ
အသိပါပဲ ကျွန်တော့်ဆန္ဒကို ငြိမ်း မလိုက်လျောနိုင်တောင် ကျွ
မိတ်ဆွေရင်း တစ်ယောက်လိုတော့ ဆက်ဆံသင့်ပါတယ်။ ကျွန်တော်
ချစ်သူတစ်ယောက် မဖြစ်နိုင်တောင် မိတ်ဆွေရင်း တစ်ယောက်
အသိအမှတ် ပြုစေချင်တယ်"

"ငြိမ်း ဒါတွေ အမှတ်မထားပါဘူး ဦးတင်အောင်၊ ငြိမ်း
မစားတာပါ"

"မဆာလည်း လိမ္မော်ရည်လောက်တော့ သောက်လို့ရပါတယ်
ကဲ. . . ဆင်းပါ။ ငြိမ်း မဆင်းရင်တော့ ကျွန်တော် စိတ်ကောင်း
တော့ဘူး"

ငြိမ်းသည် သက်ပြင်းကလေး မသိမသာချရင်း ကာလ်ပေါ်မှ ဆင်းလိုက်...တော့သည်။ အမှန်တော့ ကိုယ်ဝမ်းနာ ကိုယ်သာသိသည်။ ဖွင့်ပြော၍လည်း ...ခြင်း၊ ကိုယ်အဖြစ်ကို မသိသူက တစ်မျိုး ထင်နေပြန်တော့လည်း အားနာဖွယ်ဖြစ်...သည်။ အမှန်တော့. . . ဦးတင်အောင်လို လူရင်းတစ်ယောက်၏ ဖိတ်ခေါ်မှု...ငြိမ်းက ဘာမျှငြင်းစရာလည်းမလို။ တစ်ချိန်က ဦးတင်အောင်သည် သူ့စိတ်...သူမချုပ်တည်းနိုင်၍ ငြိမ်းအပေါ်တွင် မှားယွင်းခဲ့သော်လည်း နောက်ပိုင်း၌...ကတိအတိုင်း ဆင်ခြင်စောင့်ထိန်းခဲ့သည်ကိုလည်း ငြိမ်းကိုယ်တိုင်သိပြီး...သည်။

ဦးတင်အောင်က အိမ်သို့ယူရန် ခေါက်ဆွဲငါးထုပ်မှာ၍ ငြိမ်းနှင့်သူ့...အတွက် လိမ္မော်ရည်နှစ်ပုလင်း မှာလိုက်သည်။

"ငြိမ်း ကျွန်တော့်ကို ခုထိ စိတ်ဆိုးတုန်းပဲလား"

ဦးတင်အောင်က လေးလေးနက်နက် မေးလိုက်သော်လည်း ငြိမ်းက ...ပြန်၍မဖြေဘဲ ပြုံး၍နေလိုက်သည်။ ပြန်၍ဖြေရင်လည်း သည်တွင် ရပ်...မဟုတ် နောက်လည်း ကြောက်သည့်စိတ်က ငြိမ်းကို သတိပေးနေသလို...သည်။ ဦးတင်အောင် ပြောသော စကားများထဲတွင် 'အခြေအနေ'...င်' 'အကျင့်သိက္ခာ' စသည့် စကားများသည် ငြိမ်း၏ ပင်ကိုအားနည်း... စိတ်ကိုပို၍ ချောက်ချားစေတော့သည်။

ငြိမ်းကိုယ်တိုင် ဤစကားမျိုးများကို အကြိမ်ကြိမ် တွေးခဲ့ဖူးသည်။ ...ဆိုသည် ဤအရာတွေနှင့် ကင်းလွတ်၍ မရကြောင်းကိုလည်း ငြိမ်း...သားမိသည်။ သို့သော် ချစ်သည့်စိတ်က ဦးနှောက်ကို လွှမ်းမိုးသွားသော...ဤအရာတွေသည် ခဏအားဖြင့် ပျောက်ကွယ်သွားကြသည်။ ပြီးတော့...ပြန်၍ပေါ်လာကြပြန်သည်။

ဦးတင်အောင်ပြောသော စကားများသည် ငြိမ်း၏ ပိုင်ရှင်ရှိပြီးသော...ကို မလွှမ်းမိုးနိုင်သော်လည်း ငြိမ်း၏ တွေဝေယိမ်းယိုင်နေသော...ကိုမူ မသိမသာလွှမ်းမိုး၍ လာပေသည်။

"ကျွန်မ အများကြီး တောင်းပန်ပါတယ် ဦးတင်အောင်၊ ဦးတင်အောင်...တို့ဟာ ဒါလောက်တောင် ပြောပြနေစရာ လိုတဲ့သူတွေ မဟုတ်ပါဘူး။...တ်အကြောင်း တစ်ယောက် သိပြီးသားပဲ။ ဒါပေမဲ့ ဒီကိစ္စနဲ့...ဦး ကျွန်မ ခုလုံ့ဝကို မစဉ်းစားပါရစေနဲ့ဦး။ အမှန်ပြောရရင် ကျွန်မ

ဦးတင်အောင်ကို မိတ်ဆွေတစ်ယောက်လိုပဲ ခင်ခင်မိတယ်။ ဒါထက်ပိုဖို့ဆိုတာ
တွေးလည်း မတွေးခဲ့မိဘူး စဉ်းလည်းမစဉ်းစားမိခဲ့ဘူး။ ဒါပေမဲ့ တစ်နေ့က
မရှောင်မလွှဲသာ ဒီကိစ္စကို စဉ်းစားရမယ့် တစ်ချိန်မှာ ဦးတင်အောင်ကို ရှေ့တန်း
ကထားပြီး စဉ်းစားပါ့မယ်"

ဦးတင်အောင်သည် ပါးစပ်အဟောင်းသားနှင့် ငေး၍နေသည်။ မှာထား
သော ခေါက်ဆွဲထုပ်များသည် အသင့်ရောက်လာသည်။ ဦးတင်အောင်က
ကျသင့်ငွေကိုတွက်၍ ရှင်းပေးလိုက်ပြီးလျှင် နေရာမှထလိုက်သည်။ ငြိမ်း
စိတ်ပျက်သံဖြင့် လေးတွဲ့စွာညည်းလိုက်လေသည်။

"လူတွေဟာ သူမျှော်မှန်းချက်၊ လိုလားချက်ကို လွတ်လွတ်လပ်လပ်
တည်ဆောက်နိုင်တဲ့ သတ္တဝါတွေလား။ ဒါမှမဟုတ်ရင် ကံကြမ္မာမုန်တိုင်း
ပင့်ရာမှာ လွင့်ပါနေရတဲ့ ကြက်မွေးကလေးတွေလားဆိုတာ ကျွန်တော်တော့
မတွေးတတ်ဘူး။ တစ်ခါတစ်ရံ ကျွန်တော်တို့ လိုလားတဲ့အရာတွေ၊ မျှော်မှန်းတဲ့
အရာတွေဟာ ကျွန်တော်တို့ကိုယ်တိုင် မမြင်နိုင်တဲ့ စွမ်းအားတွေက ပိုင်ဆိုင်
ထားနှင့်ကြတယ်။ ဒီအခါမှ ကျွန်တော်တို့တစ်တွေဟာ ကျွန်တော်တို့ လိုလား
မျှော်မှန်းတဲ့ပန်းတိုင်နဲ့ ဝေးကွာပြီး ကံကြမ္မာမုန်တိုင်းလွင့်ရာကို လွင့်နေကြရ
ကြက်မွေးကလေးတွေနဲ့ ဘာများထူးသေးသလဲ။ အေးပေါ့ဗျာ ကံစီမံရာ
ကျွန်တော်တို့ နာခံပြီး စောင့်ကြသေးတာပေါ့"

ငြိမ်းသည် ဘာမျှမပြောနိုင်တော့ချေ။ ပြောရန်လည်း အားအင်များ
အလိုလို ကုန်ခန်းနေသလို ရှိတော့သည်။

တစ်ဖက်သို့ ကြည့်လိုက်ပြန်တော့လည်း အင်ယားကန်ရေပြင်ကြီးသည်
တိတ်ဆိတ်ငြိမ်သက်၍နေသည်။ လမ်းဘေးမှ သစ်ပင်များသည် တရိပ်ရိပ်
လည်၍ ကျန်ရစ်ခဲ့သည်။ လမ်းဘေးသစ်ပင်များနှင့် အဝေးမှ သစ်ပင်များသည်
ချာချာလည်၍ လှည့်ပတ်ကစားနေသလိုရှိတော့သည်။ ခေါင်းထဲတွင် မူးနော
၍လာသည်။

အိမ်သို့ရောက်ရင် ငြိမ်းသည် ကားတံခါးကိုဖွင့်၍ အလျင်ဆင်းလိုက်
သည်။ အိမ်ထဲသို့ ခပ်သုတ်သုတ် ဝင်မည်ပြုသော်လည်း ငြိမ်း၏ ခြေလှမ်း
သည် ရုတ်တရက် လှမ်း၍မရချေ။

ကားရှေ့တွင် ရပ်၍နေသော ဖေဖေကို မမျှော်လင့်ဘဲ တွေ့ရသည်
ဖေဖေသည် ငြိမ်းကို မျက်တောင်မခတ် စိုက်၍ကြည့်နေသည်။ ဖေ

အကြည့်သည် ခက်ထန်မာကြောလွန်းလှသည်။ ဗေဒါသည် ငြိမ်းကို ဤသို့ တင်းမာသော မျက်နှာထားဖြင့် တစ်ခါမှမကြည့်ဘူးချေ။

ဗေဒါ ဘာကြောင့် ဒေါသစိုးလျှံသော မျက်လုံးများဖြင့် ကြည့်နေသည် သော်လည်း ငြိမ်းက နားလည်လိုက်သည်။ ချက်ချင်း ရှင်းပြဖို့ စိတ်ကူးမိသည်။ သို့သော် အချိန်ကမရ ဗေဒါသည် ငြိမ်းအား ခဏမျှစိုက်ကြည့်ပြီးလျှင် ချာခနဲ လှည့်ထွက်သွားလေသည်။

ငြိမ်းသည် အိမ်ထဲသို့ အပြေးဝင်သွားမိသည်။ အိမ်ခန်းတံခါးကို ပိတ်ပြီးလျှင် မျက်နှာကိုလက်ဝါးဖြင့်အုပ်၍ တအား ရှိုက်ကာ ငိုလိုက်မိသည်။ သို့သော် ငြိမ်း၏ ရှိုက်သံနှင့်မျက်ရည်တို့သည် ခေါင်းအုံးထဲတွင်သာ နစ်မြုပ် ပျောက်ကွယ်သွားလေတော့သည်။

□

# ၅

ထမင်းဝိုင်းကို မြင်လိုက်ရုံဖြင့် အိမ်အခြေအနေကို ဇေဒါက ရိပ်မိလိုက်
အိမ်၌ ချောင်လည်သည် မချောင်လည်သည်ကိုပင် ထမင်းပွဲကြည့်၍
အကဲခတ်နိုင်သည်။ အိမ်၌ ငွေကြေးချောင်လည်ရင် ဒေါ်အေးတင်သည်
ထိုင်တတ်သူမဟုတ်။ သူ့အတွက်သာ ဖြစ်သလိုစား၍ သားသမီးတွေ
ဖွယ်ဖွယ်ရာရာ ချက်ကျွေးတတ်သည်။ အိမ်တွင် တစ်ရက်နှစ်ရက်
ငွေပြတ်နေလျှင် ဒေါ်အေးတင်သည် မရှိရှိတာနှင့် ကြံဖန်၍ ဟင်းဖြစ်
ချက်တတ်သည်။ မတတ်သာသည့်အဆုံး၌မှသာ ငါးပိရည်နှင့်ပဲဟင်း
တို့ကို ဟင်းကောင်းလုပ်၍ ချက်ကျွေးတတ်ရှာသည်။

ထို့ကြောင့်လည်း ထမင်းဝိုင်းကို ကြည့်၍ ဇေဒါက အိမ်အခြေ
အကဲခတ်လိုက်မိသည်။ ဟင်းမှာ ပြေးရေလိုက်မှ ပဲနောက်ဟင်း၊ ငါး
ဘဲဥပြုတ်သုံးခြမ်း ဒါပဲဖြစ်သည်။

ဇေဒါသည် ဘာမှမပြောတော့ဘဲ ပဲနောက်ဟင်းကို ခပ်၍ရွှဲရွှဲလူး၍
ရည် ဆမ်းပြီးလျှင် ကုလားများထိုင်စား စားနည်းမျိုးဖြင့် အားပါးတရ
လိုက်သည်။ မောင်တိုးနှင့် ကြောင်မက ဘဲဥတစ်ခြမ်းစီယူ၍ စားကြ

ဇေဒါသည် နောက်ထပ် ထမင်းကို ထည့်၍ စားစား
ပဲနောက်ဟင်းရည်နှင့် ငါးပိရည်ကို ရွှဲရွှဲလူး၍ စားလိုက်သည်။ ဒေါ်အေး
ပဲနောက်ဟင်းကို ထပ်၍ထည့်ပေးလိုက်သည်။ ဘဲဥပန်းကန်ထား
နေလေပြီ။ မောင်တိုးက ဒေါ်အေးတင်ကို မော့၍ကြည့်လိုက်သည်။

"ဟဲ့ကောင်လေး ဘာလိုချင်လို့လဲ"

မောင်တိုးက ဘဲဥပန်းကန်ကို လက်ညှိုးထိုး၍ ပြလိုက်သည်။

"အသာစားစမ်း။ အသာစားကြစမ်း၊ မရှိလို့ ထည့်မပေးတာ ရှိရင် ...ကို့များ မနက်စာ ညစာတောင် မချန်ဘူး။ အကုန်ချပေးတာပဲ"

မောင်တိုးသည် မျက်နှာကလေးငယ်ငယ်ဖြင့် ဒေါ်အေးတင်အား ငေး ...ကြည့်နေတော့သည်။

"အမေကလည်းဗျာ ဟင်းမှမရှိတဲ့ဥစ္စာ ဒီဘဲဥကလေးတော့ များများ ...ကျွေးရောပေါ့"

ကြောင်မသည် ထမင်းစေ့များ ထွက်ကျလာအောင် အသံထွက်၍ ...လိုက်သည်။ မောင်တိုးက ကြောင်မကို မျက်မှောင်ကုတ်၍ ကြည့်လိုက် ...သည်။

"နင်က ဘာရယ်တာလဲ"

ကြောင်မသည် ရုတ်တရက်ပြန်၍ မဖြေနိုင်သေးဘဲ ပါးစပ်ထဲမှ ထမင်း ...များ အံကျလာအောင်ရယ်လိုက်သည်။

"ဒီဘဲဥတောင် အဘွားဆီက ငါတောင်းလာတာ၊ အိမ်မှာဘာမှ မရှိ ...ဘူးလား"

ဒေါ်သည် ထမင်းကို ခပ်သုတ်သုတ်စား၍ ထသွားတော့သည်။

"ရှိရင်ငါမနေသာဘူး ငတိုးရယ်၊ ငါမစားရချင်နေပါစေ၊ နင်တို့ကိုတော့ ...ဖြက်ဖြက် စားရပါစေတော့ ဆိုပြီး ကျွေးပါတယ်၊ တစ်ခါတလေလည်း ...နေ့စားကြ သားတို့သမီးတို့ရယ်၊ မင်းအဖေရှိတုန်းကတောင် ငတ်တစ်လှည့် ...စ်လှည့် နေကြရသေးတာ၊ ခု မင်းအစ်ကိုက သူတတ်နိုင်သလောက် ...ပေးတာကို ဖြစ်သလို စားကြပါကွယ်၊ တို့မှာ ဘယ်ကမှ ဝင်တာ မဟုတ် ... အမေကလည်း ရှာတတ်ကြံတတ်တာ မဟုတ်ဘူး၊ မင်းတို့ မျိုးမကျဘူး ...မှာရင်ထဲက အလုံးကြီး ဆို့ဆို့တက်လာတယ်၊ မင်းတို့ အဖေရှိရာကို ...သွားပြီး အော်ငိုပစ်လိုက်ချင်တယ်"

ဒေါ်အေးတင်သည် ပြောရင်းရှိုက်၍ ငိုတော့သည်။ မောင်တိုးသည် ...ကလေး တဖြည်းဖြည်းညှိုး၍ လာတော့သည်။ ကြောင်မ၏ မျက်ရည် ...များက ထမင်းပန်းကန်ထဲသို့ တစ်ပေါက်ချင်း ကျဆင်း၍ လာလေသည်။

"ကျွန်တော်မသိလို့ ပြောတာပါ အမေရာ၊ ခါတိုင်းတော့"

"တော် မင်းသိပ်စကားများတဲ့ အကောင်၊ ဒီအရွယ်အထိ မသိတ
သေးဘူးလား၊ တို့တစ်တွေဟာ သူဋ္ဌေးသားတွေ မဟုတ်ဘူးကွ၊ အရာရှိသ
လည်း မဟုတ်ဘူး၊ ဆင်းရဲသား သားသမီးဆိုတာ ဆင်းဆင်းရဲရဲပဲ နေရမှာ
နေတော့တဲကုတ်၊ စားတော့တစ်လုတ်၊ ဝတ်တော့အစုတ်၊ ဒါတို့ဘဝပဲ၊ အ
ဘဝင်မြင့်နေစရာ မလိုဘူး"

ဒေါ်အေးတင်သည် နှိုက်ငင်တကြီးငိုရင်း နောက်ဖေးခန်းသို့ ထ
သွားတော့သည်၊ နောက်ဖေးခန်းမှ ဒေါ်အေးတင်၏ ငိုသံသည် အားလုံး
စိတ်ကို ပိုမို၍ထိခိုက်စေတော့သည်၊

"ကိုဘအေးရေ ရှင့်သားတွေ သမီးတွေရဲ့ ဒုက္ခကို လာပြီးကြည့်
ပါဦး၊ ဒီဒုက္ခက ငြိမ်းအောင် ကျုပ်တို့ပါ တစ်ခါတည်းလာပြီး ခေါ်လှည့်ပါ
ကြောင်မသည် ထမင်းဝိုင်းမှထ၍ နောက်ဖေးခန်းသို့ ဝင်ပြေးသွား
သည်၊ ခဏကြာလျှင် ကြောင်မ၏ ငိုသံပါ ဒေါ်အေးတင်၏ ငိုသံနှင့်
ရော၍ ကြားရလေသည်၊

ဗေဒါသည် သူ၏ အောက်နှုတ်ခမ်းကို ပြတ်လုမတတ် ကိုက်၍
လိုက်သည်၊ မောင်တိုးက ဗေဒါအနားသို့ငိုမဲ့မဲ့ မျက်နှာကလေးဖြင့် ကပ်
သည်၊

"ကျွန်တော် မသိလို့ပါ အစ်ကိုရာ နောက်ကို ကျွန်တော် ဟင်း
ချေးမများတော့ပါဘူး ရှိတာနဲ့စားပါ့မယ်"

ဗေဒါသည် မောင်တိုး၏ ခေါင်းကိုအသာသပ်၍ ချော့လိုက်သည်၊

"ဒါတွေဟာ ငါ့ တာဝန်ပါကွာ၊ အိမ်မှာ ပိုက်ဆံရှိတယ်မှတ်ပြီး
ပေါ့နေမိတာ ငါ့ အပြစ်ပဲ"

ဗေဒါသည် ပြောပြောဆိုဆို နောက်ဖေးခန်းသို့ ထလိုက်သွား
နောက်ဖေးအပေါက်ဝတွင် ဒေါ်အေးတင်နှင့် ကြောင်မသည် ငို၍နေကြ
ဗေဒါက ဒေါ်အေးတင် အနားတွင် ဒူးထောက်၍ ထိုင်လိုက်သည်၊

"ပိုက်ဆံမရှိလည်း ပြောရောပေါ့ အမေရာ၊ လဆန်းရက်ကမှ
ပေးထားတော့ ကျွန်တော်က ရှိသေးတယ် မှတ်တာကိုး"

"မင်းလည်း စိတ်ညစ်မှာစိုးလို့ နားမပူပါဘူး သားရယ်၊ မင်း
တစ်ရာက ဆန်ကြွေးဆီကြွေးက ငါးဆယ်ကျော် ဆပ်လိုက်ရတယ်
နောက်ထပ်ပြီး ယူလို့ကောင်းမှာကိုး၊ ပြီးတော့ ပေါင်ထားတဲ့ မင်း ဘန်

...ချည်ကလေးလည်း ဆုံးမှာ နမြောလို့ ဆယ့်ကိုးကျပ်လား ကျတယ်။ ကျန်တဲ့ ...ဆယ်ကျော်လေးလောက်ကို တို့တို့တိတိ သုံးရတာနဲ့ ဈေးဖိုးနဲ့ဆိုတော့ ...ယ်ရှိတော့မလဲသားရဲ့"

"ကိစ္စမရှိပါဘူး အမေရယ်၊ အဖေမရှိပေမဲ့ ကျွန်တော်တို့ သားအမိ ...င်တွေကို မငတ်အောင်တော့ ကျွန်တော် ရှာကျွေးနိုင်ပါတယ်"

ဒေါ်အေးတင်သည် မျက်ရည်ကို အင်္ကျီလက်စဖြင့် သုတ်ပြီးလျှင် ...ဖြစ်သူကို ကြင်နာအားကိုးသော မျက်လုံးများဖြင့် ကြည့်လိုက်သည်။

"သာဓုပါ သားရယ် သာဓု. . . သာဓု. . . ငါ့သားလေး ကြီးပွား ...သာပါစေ"

မိခင်၏မေတ္တာ သီတာရေအယဉ်သည် ဗေဒါ၏ ရင်တွင်းသို့ အေးမြ ... စမ်းရေပမာ တဖြိုမ့်ဖြိုမ့် စီးဆင်းသွားတော့သည်။ ဗေဒါသည် ဒေါ်အေး ...၏ အနားမှ အသာထ၍လာခဲ့သည်။

ခုရက်အတွင်း အိမ်တာဝန်များ ပေါ့ပျက်မိသဖြင့်လည်း သူ့ကိုယ်သူ ...စိတ်တင်၍ မဆုံးအောင် ရှိတော့သည်။ ဗေဒါသည် အိမ်ရှေ့အပေါက်ဝမှနေ ...င်းတို့ အိမ်ဘက်ဆီသို့ လှမ်းမျှော်၍ ကြည့်လိုက်မိသည်။ ပြည်ထဲအရေး ...ဒုတို့ထက် လွှမ်းရေးခက်ဆိုသည့် စကားပမာ ဗေဒါအတွက် ဝမ်းရေး နှင့် ...ရေးထက် အချစ်ရေးက ခက်နေပြီမဟုတ်လော. . .။

❑

# ၆

အထွန်းသည် သီချင်းကလေး တအေးအေးနှင့် အလှပြင်၍နေသည်။

ငြိမ်းက စာကြည့်ခန်းတွင် စာကြည့်၍နေသည်။ စာဖတ်သည် လည်း စာကိုစိတ်ဝင်စား၍မရ။ တစ်ကြောင်းနှစ်ကြောင်းမှ ဖတ် စာလုံးများက ပျောက်ကွယ်သွားသည်။ စိတ်က တခြားသို့ ရောက်သွား သည်။ တစ်ဖန် ရွတ်ပြန်၍ စာထဲ၌ စိတ်ဝင်စားအောင် ကြိုးစားယူရပြန် ခဏသာရသည်။ လေးငါးကြောင်းဖတ်ပြီးလျှင် စိတ်ကလွင့်၍သွားပြန်

အပြင်ဘက်တွင် အထွန်း၏သီချင်းကို ကြားရသည်။ တစ်ချက် ဒေါ်မြစိန်၏ ဆူသံကြားရသည်။ အထွန်း၏ ပြန်၍ ရန်တွေ့သံ ကြားရသည်။ အထွန်းသည် ကိုဘကြည်က ခေါ်လိုက်မှ ငြိမ်၍သွား သည်။ ငြိမ်းသည် စာဖတ်နေရင်းက အပြင်ဘက်က ပြောသံဆိုသံ စိတ်က ရောက်သွားတတ်သည်။ စာကိုဖတ်နေရင်း ဦးတင်အောင် စကားများ ပြန်၍ ကြားလာတတ်သည်။ စာလုံးတွေကို ကြည့်နေရင်းက မျက်နှာကို မြင်၍လာတတ်သည်။

ငြိမ်းသည် စာအုပ်ကိုပိတ်၍ ပစ်လိုက်သည်။ အပြင်ထွက်ရန် လိုက်ပြီးလျှင် အင်္ကျီလုံချည်များကို လဲလိုက်သည်။ အခန်းတွင်းမှ သောအခါ ဒေါ်မြစိန်နှင့် ကိုဘကြည်တို့သည် ငြိမ်းကို ငိုင်း၍ ကြ သည်။

"သမီး ဘယ်သွားမလို့လဲ"

"အပြင်သွားမလို့ မေမေ"

"ခဏလောက် ထိုင်ပါဦးလား သမီးရဲ့။ ညည်းအစ်ကိုတောင် အလုပ် ...သွားဘူး။ သမီးကို ပြောစရာရှိလို့"

ငြိမ်း ရင်ထဲတွင် ထိတ်ခနဲ လန့်၍သွားသည်။ အစ်ကိုဖြစ်သူကိုယ်တိုင် ...ကို စကားပြောချင်၍ အလုပ်မဆင်းဘဲ စောင့်နေရလောက်အောင် မည်မျှ ...ရေးကြီးသော ကိစ္စလဲ၊ ဘာအကြောင်းများ ပြောမှာလဲ၊ ငြိမ်းသည် တဒိတ် ... ရင်ခုန်လာသည်။

ကြော့နေအောင် ပြင်ထားသော အထွန်းသည် အခန်းအတွင်းမှ ...ပေါက်၍ ထွက်လာသည်။

"အထွန်း နင်ကားယူချင်ယူသွား တစ်နာရီမထိုးခင်ပြန်လာ ငါ အလုပ် ...မယ်"

"ဒိုကေ၊ ဇိမ်ပဲကွ၊ ကိုယ်တို့တော့ လျှောက်လည်မယ်"

အထွန်းသည် ကလေးငယ်ကလေးလို ခုန်ပေါက်မြူးတူး၍ ထွက်သွား ...သည်။ ငြိမ်းသည် မေမေနှင့်အစ်ကိုဖြစ်သူတို့၏ အပြုအမူကို နားမလည် ...ရပ်၍ ငိုင်နေမိသည်။ ပြီးမှ သူတို့အနားသို့ဝင်၍ ထိုင်လိုက်သည်။ ...မြင်နိက ကိုဘကြည်မျက်နှာကို လှမ်း၍ကြည့်လိုက်သည်။ တစ်ဖန် ...ကြည်ကလည်း ဒေါ်မြစိန်ကို ပြန်၍ကြည့်လိုက်သည်။

"ကဲ. . . မောင်ဘကြည်က ပြောလေ"

ကိုဘကြည်သည် စီးကရက်ကို ထုတ်၍ ဘူးပေါ်တွင် ခေါက်နေရင်း ...သည့်စကားကို စဉ်းစားနေဟန်ရှိသည်။

"မေမေပြောပါ မေမေရာ ဒီစကားက ကျွန်တော်ပြောဖို့ မသင့်ပါဘူး"

ငြိမ်း၏ ခြေဖျားလက်ဖျား ကလေးများသည် တစိမ့်စိမ့် အေး၍လာ ...မျက်နှာတစ်ခုလုံး ရှက်စိတ်ကြောက်စိတ်ဖြင့် နီရဲ၍လာတော့သည်။

"သမီးကို မေမေတို့ စကားပြောစရာ ရှိနေတယ်။ မေမေနဲ့ မောင်ဘ ...တော့ တိုင်ပင်ပြီးကြပြီ။ သမီးသဘောကိုပဲ မေးဖို့ ကျန်တော့တယ်။ ...စ်ကိုအကြောင်းလည်း သမီးတို့ အသိသားပဲ။ အစ်ကိုအကြီးအဖရာ ...ငဲ့ သမီးတို့အပေါ်မှာ အုပ်ထိန်းစောင့်ရှောက်လာခဲ့တာ ခုထိတောင် ...င် မပြုရှာဘူး။ နုမ နှစ်ယောက်အပေါ်လည်း ဘယ်လောက်တောင်

အလိုလိုက်ခဲ့သလဲ။ အချုပ်အချယ် လုံးလုံး မရှိဘူး။ သမီးတို့ ပျော်သလိုနေ အလိုလိုက်ခဲ့တယ်။ မေမေဆိုလည်း သမီးတို့ကို ဘာတစ်ခုမှ ဝင်ပြီး စွက်ဖက် ခဲ့တာ ချုပ်ချယ်ခဲ့တာ မရှိဘူး။ အထူးသဖြင့် ငါ့သမီးကြီးကို မေမေယုံတယ် အငယ်မကမှ ကလေးစိတ် မကုန်သေးလို့ သူ့အတွက် ပူရသေးတယ်။ ပြော ဆိုရသေးတယ်။ ငါ့ သမီးကြီးကတော့ အနေအထိုင် အပြောအဆို အရာ မေမေ စိတ်ချပြီးသားပါ"

"သမီးကို ဒါလောက်တောင် စကားခင်းနေစရာမလိုပါဘူး။ မေမေ မေမေတို့ ပြောချင်တာကိုသာ ပြောပါ"

ငြိမ်းသည် မစောင့်နိုင်တော့ချေ။ အမှန်က ဒေါ်မြစိန် စကား စနေကတည်းကပင် ငြိမ်းက ပြောမည့်စကားကို ရိပ်မိလိုက်သည်။ ထို့ကြော လည်း မအောင့်နိုင်တော့ချေ။ ပြောမည့်စကားကိုသာ တစ်ခါတည်း နား လိုက်ချင်သည်။ စောင့်နေရသည်က ပို၍ စိတ်ဆင်းရဲမိသည်။

"မောင်ဘကြည်နဲ့ တိုင်ပင်ပြီး သမီးအတွက် မေမေတို့ စီစဉ်စရာ ရှိနေတယ်။ ဒီလို စီစဉ်ရတာလည်း သမီးကို မယုံလို့ သမီးတို့ အခွင့်အ စွက်ဖက်ချင်လို့ မဟုတ်ဘူး။ ကောင်းစေချင်တဲ့ စေတနာနဲ့ စီစဉ်တာပဲ။ ဒီ အစဉ်ကို သမီး လက်ခံလိမ့်မယ်လို့ မေမေတို့ မျှော်လင့်တယ်"

"သမီးကို နေရာချထားဖို့ စီစဉ်ထားတယ် မဟုတ်လား။ မေမေ အ နဲ့လဲ"

ငြိမ်းသည် မမျှော်လင့်သော စကားများ သူ့နှုတ်ဖျားမှ ထွက်သွား သူ့ကိုယ်သူပင် အံ့ဩနေမိသည်။ ငြိမ်းသာမက ဒေါ်မြစိန်ရော ကိုဘကြ အံ့ဩနေကြသည်။ ငြိမ်းသည် ခုလို ပြတ်ပြတ်တောင်းတောင်း ဘယ် မပြောခဲ့ဖူးချေ။

ကိုဘကြည်သည် စီးကရက်ခဲရင်း မှိန်းနေရာမှ ငြိမ်းကို တစ် လှမ်း၍ကြည့်လိုက်သည်။

"အမှန်တော့ ဒီကိစ္စမျိုးကို ဝင်ပြောစရာ မလိုဘူးလို့ထင်တယ်။ မဲ့ တို့မှာ သားအမိလေးယောက်ပဲရှိတာပဲ။ မပြောလို့မဖြစ်ဘူး အထွန်း တော့ ကလေးမှ်ထားတော့။ ငြိမ်း အနေနဲ့ကတော့ ပညာလည်းစုံပြီ ဉာဏ်လည်း ရင့်သန်သင့်သလောက် ရင့်သန်ပြီ ကိုယ်ပိုင်တွေးခေါ် ဆုံး တဲ့ အရည်အချင်းလည်း ရှိနေပြီ။ ဒီတော့ ခုတို့ပြောမယ့်ကိစ္စကို

...သောက်လို စဉ်းစား ဆုံးဖြတ်စေချင်တယ်။ တိုတိုပြောရရင်တော့ ငြိမ်းကို ...တင်အောင် လက်ထပ်ချင်တဲ့အကြောင်း ငါ့ကို ပြောနေတာကြာလှပြီ။ အစ ...တော့ သူကလည်း မရဲတရဲနဲ့ နောက်သလို ပြောင်သလိုပြောခဲ့တယ်။ ငါ ...လည်း မျက်နှာပူတာနဲ့ စကားလွှဲပစ်ခဲ့တယ်။ တစ်နေ့ကတော့ ကိုတင်အောင် ...ရွက်ကိုလာပြောတယ်။ ငါက မေမေ့ကို တိုင်ပင်ဦးမယ် ပြီးတော့ ငြိမ်း အဆုံး ...ချက်က အဓိက အရေးကြီးတယ်လို့ အဖြေပေးလိုက်တယ်။ ကိုတင်အောင် ...တဲ့ စကားထဲမှာလည်းပါပါတယ်။ ငြိမ်းက သဘောတူမယ်ဆိုရင် သူ့ကို ...တ်ဘပ်ခွင့်ပြုဖို့ အကြောင်းပါတယ်"

ငြိမ်းသည် ဘာမျှ မပြောသေးဘဲ သူ့လက်ကလေးများကိုသာ တစ်ဖက် ...တစ်ဖက် ပွတ်သပ်ဆုပ်နယ်နေမိသည်။ ဦးတင်အောင်ကိုပင် မကျေမနပ် ...ဖြစ်မိသည်။ ဒါလောက်တောင် မြန်မြန်ဆန်ဆန် ပြောရန်မသင့်ဟုလည်း ...မိသည်။ သူကိုယ်တိုင်က အဖြူအမည်း မဆုံးဖြတ်ရသေးဘဲ မိဘမောင် ... အရေးဆိုနှင့်ခြင်းမှာ မရရသည့်နည်းနှင့် ယူရန်ကြိုးစားနေသည့် သဘော ...ရောက်နေသည်။ ဒါကိုပင် ငြိမ်းက မကျေမနပ်နိုင်အောင် ရှိတော့သည်။

"ငြိမ်း သူ့ကို ဒီကိစ္စနဲ့ ပတ်သက်ပြီး မစဉ်းစားသေးပါဘူးလို့ ပြောထား... ဒီလို ပြောထားလျက်နဲ့ ကိုကိုတို့ကိုလာပြီး စကားကြောင်းလှမ်းတယ် ... ငြိမ်းကို စော်ကားတာနဲ့ ဘာထူးသေးလဲ၊ မိန်းကလေးတစ်ယောက်ကို ...ယူဖို့ ကြိုးစားတဲ့ နေရာမှ ကာယကံရှင်ရဲ့ ဆန္ဒကိုတော့ အရေးမထား ...ကာယကံရှင်က သဘောမတူဘဲ ရတဲ့နည်းနဲ့ကြိုးစားတဲ့ သဘောမျိုးပဲ၊ ...ထားမျိုးရှိတဲ့ လူမျိုးနဲ့ ငြိမ်း တစ်သက်လုံး တွဲသွားဖို့ဆိုတာ မလွယ် ...ဘူကို"

"ဒီလို သဘောမဟုတ်ဘူး ငြိမ်း၊ ငါသိတယ် ကိုတင်အောင်ကလည်း ...တယ်၊ သူ့သဘောထားတွေကို ငြိမ်းကို ဖွင့်ပြောထားပါတယ်တဲ့။ ... ဒီအတွင်းမှာ ငါတို့ကို အသိမပေးရင် သူ့အနေနဲ့ တာဝန်ပျက်မှာစိုးလို့ ...တဲ့ သဘောအနေနဲ့ ပြောတာပါ။ အမှန်တော့ ငြိမ်းက သဘောမတူ ...နေနဲ့ ကျော်လွန်ပြီး ဘာမှ မလုပ်လိုပါဘူးတဲ့။ ငြိမ်းသဘောတူတဲ့ ... အားလုံး အဆင်သင့်ရှိတဲ့အကြောင်း ဝတ္တရားတစ်ခုအနေနဲ့ ကြိုတင် ...တာပါဆိုတာ၊ ငါ့ကို ဖွင့်ပြောသွားတယ်။ ကိုတင်အောင်ဟာ ဒီလို

လူစားတော့ မဟုတ်ဘူး။ သူက တာဝန်ကို အလွန်လေးစားတဲ့ လူတစ်ယော
ပဲ။ သူ့ဘက်က တာဝန်ပျက်မှာ အလွန်ကြောက်တဲ့လူ"

ကိုဘကြည်ပြောသော စကားများကို နားထောင်ရင်း ငြိမ်းက အားငေ
၍ လာသည်။ ကိုဘကြည်သည် ခုကိစ္စနှင့် မည်သို့မျှဝင်၍ မစွက်ဖက်လို
ဆိုသော်လည်း တစ်ဖက်မှ ကိုတင်အောင်၏ ချီးကျူးခန်းကို ဖွင့်ဆိုလိုက်ခြ
အားဖြင့် သိသာထင်ရှားလှသည်။

ဒေါ်မြစိန်ကမူ ကိုဘကြည်ပြောသော စကားများကို နှစ်သိမ့်ကျေနပ်
ပြုံး၍ နားထောင်နေရင်း ခေါင်းကိုညိတ်လျက်ရှိသည်။

"သမီးသဘောတော့ မသိဘူး။ မေမေတို့ အမြင်တော့ ဒီသူငယ်
ပညာရော အကျင့်သိက္ခာရော စိတ်သဘောထားရော ပြောစရာ မလိုဘူး
ထင်တယ်။ ပြီးတော့ သမီးကို စိတ်ဒုက္ခပေးမယ့်လူ မဟုတ်ဘူးဆိုလည်း မေ
တော့ ယုံကြည်တယ်"

ငြိမ်းသည် နေရာမှထ၍ ပြေးချင်လာတော့သည်။ ငြိမ်း၏ ဆန္ဒ
မေးသည်ဆိုသော်လည်း သူတို့သဘောက အထင်းသားပေါ်၍ နေလေ
အကြောင်းပြ၍သာ ငြင်းရမည်ဆိုရင် ငြိမ်းဘက်က ဘာမျှ အကြောင်းမပြ
ချေ။ ရည်မှန်းပြီးသား လူရှိနေကြောင်း ဖွင့်၍ပြောရန်လည်း ဘယ်သူလဲ
လျှင် ငြိမ်းအနေနှင့် မည်သို့ဖြေရပါမည်နည်း။

ငြိမ်းသည် သူ၏ခြောက်နေသော နှုတ်ခမ်းလွှာကလေးများကို လျှာ
ပွတ်လိုက်သည်။

"ငြိမ်းကို ရှင်းရှင်းပဲ ပြောကြပါ။ မေမေရော ကိုကိုပါ ငြိမ်းကို ကိုတ
အောင်နဲ့ သဘောတူတယ် ဆိုပါတော့"

ခုလို တဲ့တိုး မေးလိုက်ပြန်တော့လည်း ဒေါ်မြစိန်နှင့် ကိုဘကြ
အဖြေရခက်နေတော့သည်။ တစ်ယောက်မျက်နှာကို တစ်ယောက် ကြည့်
သူဖြေနိုး ကိုယ်ဖြေနိုး စောင့်၍ နေကြသည်။ သူတို့အဖြေကို မစောင့်နိ
ငြိမ်းက ထပ်၍မေးလိုက်ပြန်သည်။

"ပြောပါ ကိုကို၊ ငြိမ်းကို စကားချန်ပြီး ပြောနေစရာ မလိုပါဘူး။
ကိုယ်တိုင်က ငြိမ်းကို ကိုတင်အောင်နဲ့ သဘောတူတယ် မဟုတ်လား"

"သဘောတူတယ်။ မတူတယ်ဆိုတာက တို့က အလျင်စပြီး ဆုံးဖြ
မဟုတ်ပါဘူး။ ငြိမ်းအနေနဲ့ စဉ်းစားဖို့ ပြောတာပါ။ တစ်ခုတော့ရှိ

ဘယ်လို့များ ငြိမ်းကိုယ်တိုင်က ကိုတင်အောင်ကို ရွေးချယ်တယ်ဆိုရင်တော့ ...အနေနဲ့ ကျေနပ်တယ်။ ကျေနပ်တဲ့အကြောင်းက သူ့မှာ ကန့်ကွက်လောက် ... အပြစ် ဘာမှမရှိဘူး။ ဒါမှမဟုတ် ငြိမ်းက ဒီကိစ္စနဲ့ ပတ်သက်ပြီး ဘာမှ ...စားချင်ဘူး။ မဆုံးဖြတ်ချင်ဘူး။ မေမေ ကိုကိုတို့ သဘောအတိုင်း စီစဉ်ပါ ...လည်း တို့ကတော့ ကိုတင်အောင်နဲ့ပဲ စီစဉ်ချင်တာပဲ"

"တော်ပါတော့ ကိုကိုရယ် ငြိမ်းကို ဒီလိုပရိယာယ်တွေသုံးပြီး ပြောနေ ... ငြိမ်းပိုပြီး အခံရခက်တယ်။ ဟော့ တို့တော့ ဘယ်သူနဲ့ သဘောတူတယ် ...ဘော ဘယ်လိုလဲလို့ ရှင်းရှင်းမေးလိုက်တာက ဖြေရလို့ လွယ်သေးတယ်။ ...ယ်ဝိုက်ပြီး ပြောနေတာ ငြိမ်းဘာမှ မဖြေတတ်ဘူး။ စိတ်ရှုပ်တယ်"

ငြိမ်းသည် သူ့မိခင်နှင့် အစ်ကိုအပေါ်တွင် တစ်ခါမှ မပြောဘူးသော ...မျိုးဖြင့် မာမာပြတ်ပြတ်ကြီး ပြောချလိုက်သည်။ သည်တော့လည်း ...လုံးက ငြိမ်းကို ဘာမျှ ပြန်မပြောဘဲ ငြိမ်နေကြသည်။

"ကဲဟာ တို့က သဘောတူတယ် ဆိုတော့ရော နင် လက်ခံမလား။ ... . . . ဒါ ငါ ရှင်းရှင်းပြောတာပဲ၊ အမှန်က ဒီစကားတွေ ငါ ဝင်မပြောချင်ဘူး။ ...သိစေ မမြင်စေနဲ့ ဆိုတာလို ဘေးရှောင်နေချင်တယ်။ မေမေက ဖွင့် ...ပြောနိုင်းလို့သာ ဝင်ပြောနေရတာ။ ကဲ. . . ပြောမိမှတော့ မထူးတော့ဘူး။ ...အောင်ဆိုရင် ငါတော့ သဘောတူတယ်။ ဒါပေမဲ့ နင့်ကို တူရမယ်လို့ ...င်း မတိုက်တွန်းဘူး။ နင့်စိတ်နဲ့နင် လွတ်လွတ်လပ်လပ် ဆုံးဖြတ်နိုင်တယ်"

ကိုအကြည်သည် စိတ်မရှည်တော့သဖြင့် သူ့သဘောထားကို ခပ်ရှင်း ... ဖွင့်ပြောလိုက်သည်။ ဒေါ်မြစိန်က မောင်နှမနှစ်ယောက်ကြားတွင် ...များမည်ကို စိုးရိမ်လာသည်။

"ငါ့သမီးတို့လည်း တို့ကို တစ်မျိုးမထင်စေချင်ဘူး။ သမီးတို့အရွယ်နဲ့ ...ပညာအရည်အချင်းလည်း ရှိပြီးသား မေမေတို့က အထူးပြောနေစရာ ...ဘူး။ မောင်တင်အောင် ဆိုတာလည်း တခြားသူမှ မဟုတ်ဘဲ၊ ငယ်ငယ် ...ကြည်းက ခင်မင်ရင်းနှီးလာတဲ့ လူတွေဆိုတော့ တစ်ယောက်အကြောင်း ...ယောက် သိပြီးသားပဲ၊ သမီးနဲ့လည်း ငယ်သူငယ်ချင်း မိတ်ဆွေတွေပဲ ...လို့ သူ့သဘောအတိုင်း သမီးကလည်း ကျေနပ်မယ် လက်ခံမယ်ဆိုရင် ...တို့အနေနဲ့ စီစဉ်ချင်တာပဲ။ ဒီလိုကိစ္စမျိုးဆိုတာ ပြောကြဆိုကြပြီးတဲ့ ... မြန်မြန်စီစဉ်တာဟာ မိန်းကလေးဘက်က စိတ်အချရဆုံးပဲ"

"ငြိမ်းအတွက် ဒါလောက် စိုးရိမ်စရာ မရှိဘူးလို့ ထင်ပါတယ်မမေ။ ပြီးတော့လည်း ငြိမ်းမှာ တခြား အစီအစဉ်လည်း ရှိပါသေးတယ်။ မမေတို့ ဆန္ဒကို ငြိမ်းခေါင်းထဲမှာ အမြဲထားပါမယ်။ ငြိမ်း အိမ်ထောင်ပြုဖို့ ဆုံးဖြတ်မယ်ဆိုရင် မမေတို့ သဘောတူတဲ့သူကို ငြိမ်း ပထမဆုံး စဉ်းစားပါ့မယ်"

ငြိမ်းက ပါးနပ်လိမ္မာစွာပင် အချိန်ကိုဆွဲယူလိုက်သည်။ ကိုတင်အောင်နှင့်ပတ်သက်၍ တိတိလင်းလင်း ငြင်းဆိုမရမှန်းလည်း ငြိမ်းက သိပြီးဖြစ်သည်။ ငြင်းစရာအကြောင်းကလည်း ခိုင်ခိုင်လုံလုံ မရှိ။ ထို့ကြောင့် ငြိမ်းသည် အငြင်းမရေရာသော အကြောင်းပြချက်ဖြင့် စကားလွှဲပစ်လိုက်သည်။ ဒါကိုလည်း ဒေါ်မြစိန်ရော ကိုဘကြည်ကပါ ရိပ်မိလိုက်သည်။

"စီစဉ်တာတွေ ဘာတွေကတော့ ထားပါလေ။ အရေးကြီးတာက ငြိမ်းရဲ့ အဆုံးအဖြတ်က ဘယ်လိုလဲဆိုတာ အရေးကြီးတယ်။ ပြီးတော့လည်း ဒီကိစ္စနဲ့ ပတ်သက်ပြီး ကိုတင်အောင်အနေနဲ့က တော်တော်လေး မြန်မြန် ဆန်ဆန် ဖြစ်ချင်တဲ့ ဆန္ဒရှိတယ်နဲ့ တူတယ်"

ဒါကတော့ မမေ မမေတို့ ဝိုသိပါတယ်။ ဒီလိုကိစ္စမျိုးက အောင် ဆုံးဖြတ်လို့ ရကောင်းသလား။

"ငြိမ်း ပြောတာနဲ့ မမေတို့ပြောတာ တလွဲစီဖြစ်နေပြီ။ တို့ဆိုလိုတာ ခုလက်ခံရမယ် ဆုံးဖြတ်ရမယ်လို့ ဆိုလို့ ဒါမဟုတ်ဘူး။ ဒါပေမဲ့ မောင်တင်အောင်လို လူတစ်ယောက်ကိုတော့ သိပ်ပြီးစဉ်းစားစရာ မလိုဘူးထင်တယ်။ ဘာကြောင့်တုံးဆိုတော့ ခုမှ သိကြတဲ့လူတွေမှ မဟုတ်ဘဲ ပြီးတော့လည်း အဘက်ဘက်က သင့်တော်တယ်ဆိုတာလည်း ငြင်းနေစရာမလိုဘူး တာ ပြောတာ"

မမေပြောသော စကားများသည် လေသံကချိုသော်လည်း တဖြည်းဖြည်း ငြိမ်းကို တိုက်တွန်းသည့် သဘောများ ပါလာသည်။ ငြိမ်းသည် ဘာကြောင့်မှန်းမသိ ကိုယ့်ကိုယ်ကိုယ် အလိုလို နာကြည်းလာမိသည်။ ချစ်သူ ရှေ့မျက်နှင့် ထုတ်ဖော် မပြောဝံ့သော ဘဝ။ ချစ်သူကို လူကြီးစုံရာ ရှေ့တွင် ထုတ်မပြောရဲသောဘဝ။ မိဘမောင်ဖွား သဘောတူသူနှင့် အယှဉ်မခံဝံ့သော ဘဝ။

ကျွန်မ ဦးတင်အောင်ကို လက်မခံနိုင်တာက အကြောင်းတစ်ခု ရှိတယ်။ ငြိမ်းမှာ ရည်မှန်းထားပြီးသားသူ ရှိတယ်။ အဲဒီလူကတော့-

ငြိမ်းသည် ရင်ထဲတွင် တစ္ဆူ့ လှုပ်ရှားနေသော စကားကို မျက်စိမှိတ်၍ ပြောလိုက်ချင်သည်။ သို့သော် ပြောလိုက်လျှင် ကိုယ့်ဘက်က အရှုံးချည်းမို ရန်သတ္တိက အလိုလို နည်းလာသည်။ ကြောက်စိတ် ရှက်စိတ်က ငြိမ်းကို ၍ ညှဉ်းဆဲနေကြသည်။

"မေမေလည်း ငယ်ရာကကြီးလာတာပါ မေမေ။ လူတစ်ယောက်ဟာ သိက္ခာ၊ မျိုးရိုး အကျင့်စာရိတ္တ၊ စိတ်သဘောထား အားလုံးကောင်း ယ် ဆိုပါစို့။ အဲဒီလို ပြည့်စုံတဲ့ လူတိုင်းကို မိန်းကလေး တစ်ယောက်အနေနဲ့ ယ်လက်ခံရမယ်ဆိုတာ ဖြစ်နိုင်မလား။ ခင်မင်နှစ်သက်တဲ့ စိတ်လည်းပါ လိမ့်ဦးမယ်။ သမီး ကိုတင်အောင်ကို အစ်ကိုတစ်ယောက်လို မိတ်ဆွေ ယောက်လို ခင်မင်တယ်။ ဒါပေမဲ့ သူ့ကို ချစ်သူအဖြစ် ဒါမှမဟုတ် လင်သား သက်ခံဖို့ဆိုတာ သမီးအနေနဲ့ ခုထိစဉ်းစားလို့ မရသေးဘူး။ သူ့ကိုလည်း င်းပဲ ဖွင့်ပြောခဲ့ပါတယ်။ တစ်ချိန်မှာ မတတ်သာလို့ စဉ်းစား ရမယ်ဆိုရင် ည်း သမီးစဉ်းစားတဲ့ အထဲမှာ တစ်ယောက်အနေနဲ့ ထည့်သွင်းပြီး းပါမယ်။ ဒါပဲ သမီးပြောတတ်တယ်။ ဒါထက်တော့ သမီးအနေနဲ့ ပြောတတ်ဘူး"

ငြိမ်းသည် ပြောပြောဆိုဆို နေရာမှထလိုက်သည်။ ဒေါ်မြစိန်က ငြိမ်း ၍ကြည့်လိုက်သည်။ ငြိမ်း၏ အပြုအမူ အပြောအဆိုများကို မယုံနိုင် အောင် အံ့ဩနေမိသည်။ ငြိမ်းသည် ခုလိုပြတ်ပြတ် တောင်းတောင်နဲ့ သောအခါကမျှ မိဘမောင်ဖွား အပေါ်တွင် ပြောဆိုခဲ့ခြင်း မရှိချေ။ ခုငေ ည် အလွန်ပြတ်သားသော မိန်းကလေးတစ်ယောက် ဖြစ်နေပါ ကလား

"နေစမ်းပါဦး သမီးကို မေမေ တစ်ခုမေးပါရစေ။ မေမေမေးတာ လည်း အမှန်အတိုင်း ဖြေလိမ့်မယ်လို့ ယုံတယ်"

သမီး မေမေတို့ကို မလိမ်ပါဘူး။ မေမေ မေးချင်တာကို မေးနိုင်ပါတယ်။ ဖြဲလို့ မဖြစ်တဲ့ကိစ္စဆိုရင် မဖြေဘဲ နေချင်နေမယ်။ လိမ်ပြီးတော့ မဖြေပါ

ဘကြည်သည် ဒေါ်မြစိန်မေးမည့် စကားကို သိထား၍လားမသိ။ ကာ နောက်ဖေးခန်းသို့ သွားလေသည်။ ဒေါ်မြစိန်သည် မေးချင် းတော်တော်နှင့် မထွက်ရက်နိုင်အောင် ရှိနေတော့သည်။ ငြိမ်း

ကလည်း ဒေါ်မြစိန် မေးမည့်စကားကို ရိပ်မိလိုက်သော်လည်း သူ့စိတ်ကို တင်း၍ ထားလိုက်သည်။

"သမီးမှာ ရည်မှန်းပြီးထားသူ ရှိမရှိ မေမေတို့ မသိရဘူးလား"

ငြိမ်းသည် သူ့စိတ်ကိုသူ အတတ်နိုင်ဆုံး တင်းထားသော်လည်း ဒေါ် မေးသော အမေးကို မည်သို့ ပြန်ဖြေရမှန်း စဉ်းစား၍ မရနိုင်အော ရှိတော့သည်။ လိမ်၍လည်း မဖြေချင် အမှန်အတိုင်း ဖြေလျှင်လည်း အတွက်နှင့် မိခင်ကြီး စိတ်ဆင်းရဲမည်ကိုလည်း စိုးရိမ်မိသည်။ ငြိမ်း မျက်လုံးကို စုံမှိတ်ထားလိုက်သည်။ ဤမေးခွန်းသည် ငြိမ်းအတွက် တ တွင် မဖြေနိုင်သော မေးခွန်းထက် အဖြေရခက်သည်။

ငြိမ်းသည် သူ့စိတ်ကိုသူ ငြိမ်အောင် ကြိုးစား၍ တင်းထားလိုက် နောက်ဆုံး၌ နှစ်ဖက်လက်ခံနိုင်သော အဖြေကို ပေးရန် ဆုံးဖြတ်လိုက်

"သမီး မညာပါဘူးမေမေ၊ ငြိမ်းမှာ ချစ်ရမယ့်သူ သနားရ တစ်ယောက်တော့ရှိတာ အမှန်ပဲ။ ဒါပေမဲ့ ဘယ်သူလဲလို့ ဆိုတာတော့ နှင့်။ မေးရင် သမီးရော မေမေပါ အားလုံး စိတ်ဆင်းရဲရမှာပဲ။ ပြီးတော့ ဖြေလည်း မဖြေချင်ဘူး"

ဒေါ်မြစိန်သည် သက်ပြင်းကို လေးလေးပင်ပင် ချလိုက်သည်။ ငြိ စကားပိတ်၍ ပြောလိုက်ပြန်တော့လည်း ဆက်၍မမေးသာတော့ချေ။ မေး မမေးရက်နိုင်အောင် ရှိတော့သည်။

ကိုဘကြည်သည် နောက်ဖေးခန်းမှ ပြန်၍ထွက်လာပြီးရင် ပ ကုလားထိုင်တွင် ဝင်၍လှဲလိုက်သည်။ သူ့အမှုအရာမှာ ငြိမ်းတို့ကိစ္စတွင် ဝင်၍မပြောတော့ဟု ဆုံးဖြတ်ထားသော အမူအရာမျိုးဖြစ်သည်။

"သမီး ခုတလော သိပ်စိတ်ညစ်နေတယ် မေမေ၊ ရခိုင်တို့ တ နယ်တို့မှာ အလုပ်ရရင် လျှောက်မယ်လို့တောင် စိတ်ကူးမိတယ်။ သ သက်နဲ့တစ်ကိုယ် တစ်ခါမှ ဒီလို စိတ်မလှုပ်ရှားခဲ့ဖူးဘူး။ သမီးစိတ် ငြိမ်အောင် မနည်းပြန်ထိန်းရမယ်။ ဒီတော့ ဒီကြားထဲမှာ သမီးကို ဒီ မျိုးနဲ့ ပတ်သက်ပြီး ဘာမှမပြောစေချင်ဘူး။ မေမေတို့ ကိုကိုတို့ စေ သမီး ယုံပါတယ်။ ဒါပေမဲ့ သမီး ဒီကိစ္စနဲ့ ပတ်သက်လာရင် လုံးလုံး ချင်ဘူး။ သမီးမှာ တစ်ဖက်က အပူရှိနေတော့ စဉ်းစားလိုက်ရင် ဗိုင်း ရမယ်။ ဒါကြောင့် မေမေတို့ကို တောင်းပန်တာပါ"

ငြိမ်းသည် သူ့ရင်တွင် ခံစားနေရသမျှ မကွယ်မဝှက် ဖွင့်ဟပြောလိုက်သည်။ ဒေါ်မြစိန်သည် သနားကြင်နာသော မျက်လုံးအစုံဖြင့် တွေတွေကြီး စိုက်ကြည့်နေသည်။ ဒေါ်မြစိန် ကိုယ်တိုင်လည်း ငယ်ရာမှကြီးလာ ဖြစ်၍ ငြိမ်း ပြောလိုက်သော စကားများကို နားထောင်ပြီးသည်နှင့် ပြီးနောက် ငြိမ်း မည်သို့ခံစား နေရရှာမည်ကို ကိုယ်ချင်းစာမိသည်။ ထို့ကြောင့်လည်း ငြိမ်း စိတ်မချမ်းသာစေမည့် စကားများကို ထပ်၍ မပြောတော့ ငြိမ်းကိုသာ နှစ်သိမ့်ဖျောင်းဖျလိုက်သည်။

"သမီးမှာ စဉ်းစားဉာဏ် ရှိတယ်ဆိုတာ မေမေယုံပါတယ်။ သမီးလည်း ချမ်းသာစေချင်ပါတယ်။ စိတ်ချမ်းသာအောင်လည်း နေပါ။ တစ်ခုခုကို ...ဘ်မယ်ဆိုရင်တော့ မေမေတို့ သိပါရစေ။ သမီးအနေနဲ့ မှန်တယ်ထင်လို့ ...ဘ်လိုက်သည့်တိုင်အောင် မေမေတို့ကိုပါ တိုင်ပင်တော့ တော်တော်တန် ...ခွဲပြဿနာ မတီမ်းပါနိုင်ဘူးပေါ့။ မေမေတို့လည်း ဒါလောက် ရှေးမဆန်ပါ ...သူငယ်တွေရဲ့ အခွင့်အရေးကို မတရား မပိတ်ပင်ပါဘူး"

"သမီး ယုံကြည်ပါတယ် မေမေ။ သမီး ဘာပဲလုပ်လုပ် မေမေတို့ကို ...ဘဲ၊ အသိမပေးဘဲတော့ တစ်ခွက်ထိုး မဆုံးဖြတ်ပါဘူး"

"ကဲ သမီးသွားစရာရှိ သွားတော့လေ အချိန် နောက်ကျနေဦးမယ်"

ဒေါ်မြစိန်က ခွင့်ပြုသဖြင့် ငြိမ်းသည် အိမ်မှ ထွက်ခဲ့လေသည်။

လမ်းမပေါ် ရောက်တော့လည်း စက်ရုပ်လို ခြေလှမ်းများက တစ်လှမ်းပြီးတစ်လှမ်း လှမ်း၍ နေမိသော်လည်း ဘယ်ကိုသွားရမှန်း မသိ။ ဘယ်သွားရမည်နည်း ဆုံးဖြတ်ချက် မရှိ။

အမှန်တော့ ငြိမ်း၏ ဘဝခရီးလမ်းသည်လည်း ဤသို့ပင် ဖြစ်လေ ...။ ငြိမ်းသည် မိမိသွားလိုသောလမ်းကို သွားရန် ဆုံးဖြတ်နိုင်စွမ်း ရှိပါ ...

❑

## ၇

ထီးတန်းဆိပ်ကမ်းသည် သာယာလှသည်။ နေဝင်ခါနီးဖြစ်၍မို့ ငွေလိုင်း
ကလေးများသည် ရွှေကွပ်ထားသလို ရှိတော့သည်။ ပင်လယ်ကူးသင်္ဘော
များသည် အပန်းဖြေသလို ငြိမ်သက်၍ နေသည်။ အလုပ်သမားများသည် လ
အလုပ်ခွင်မှ ဆင်းသွားကြကုန်သဖြင့် ဆိပ်ကမ်းမှာ ပိုတိတ်ဆိတ်
တော့သည်။ တစ်ချက်တစ်ချက် လှိုင်းပုတ်သံကလေးများသာ ကြားရသ
တစ်ခါတစ်ရံ ရေလယ်မှ ဖြတ်သွားသော သင်္ဘော၊ မော်တော်တို့မှ ဥ
ကလေးများကို ကြားရတတ်သည်။

ပေဒါသည် ရေပြင်ကို ကျော်ဖြတ်လာသော လေချိုလေအေးလေ
အားပါးတရ ရှူလိုက်ရင်း တံတားလက်ရန်းပေါ်သို့ အသာထိုင်လိုက်သည်။
အိတ်ထဲမှ ခြူး ဆေးလိပ်သေးကလေးကို မီးညှိ၍ ဖွာလိုက်သည်။

ကျော်မြင့်နှင့် မောင်နီက နိုင်ငံရေးကြောင်း ပြောရင်း ပေဒါနှ
လျှောက်လာကြသည်။ ပေဒါက သူတို့စကားများကို စိတ်မဝင်စားနိုင်
အတွေးနှင့်သူသာ နစ်၍ နေတော့သည်။ အမှန်တော့ သူ့အတွေး
မြင်နေရသော ရေပြင်မက ကျယ်ပြောလှသည်။

သူ့အတွေးကို အဆုံးသတ်ရန်ကား ဤရေပြင်ကြီးကို ကျော်ဖြတ်
ရသည်ထက် ခက်ခဲပေလိမ့်မည်။ ပေဒါသည် ကျယ်ပြန့်သော ရေပြင်
ကြည့်ရင် သူ့အတွေးကို ဖြန့်လိုက်သည်။

"တို့လိုချင်တာက အသက်မွေးမှုအတွက် အတတ်ပညာပါတဲ့ ပညာရေး စနစ်တွေ ထွန်းကားရမယ်ကွာ။ ဥပမာမှာ အင်ဂျင်နီယာဆိုပါတော့ ဘီအက်စီ အင်ဂျင်နီယာတွေအထိ မလိုက်နိုင်တဲ့ လူတွေရှိတယ်ကွာ။ တချို့ ကုပ်ကတ်ပြီး ကြိုးစားလည်း လမ်းခုလပ်ကနေ ပြုတ်ကျတယ်။ ဘီအေပြန်မြေ၊ ဘီအက်စီ ရှုံးရှုံးပြန်မြေ၊ အဲဒါမျိုးတွေလည်း ရှိတယ်။ ဒီတော့ ဘီအက်စီ အင်ဂျင်နီယာကို ငါးနှစ် ခြောက်နှစ် မလိုက်နိုင်တဲ့ လူတွေအတွက် ဒီပလိုမာ သိုဟာမျိုးပေါ့ကွ။ အသက်မွေးမှုအတွက် ဖြတ်လမ်းအတတ်ပညာ သင်ကြားရေးစနစ်မျိုး အလိုရှိတယ်။ ဥပမာ မော်တော်ကားပြင်တဲ့ လူတွေကွာ၊ သူတို့ ဘာဒီဂရီရလဲ။ ဒီအတိုင်း မော်တော်ကားအလုပ်ရုံမှာ သုံးလေးနှစ် အနိုင်းအစေ ခံနေပြီး သင်ကြရတာပဲ။ စနစ်တကျလည်း မဟုတ်ဘူး။ လက်တွေ့သင်တန်းနဲ့ တက်အောင်သင်ပြီး ကားပြင်စားတယ်။ မီးပြင်ဆရာလည်း ဒီလိုပဲ ဘာဒီဂရီလဲ၊ ဘယ်ကျောင်းမှာ သင်လဲ၊ ဒီတော့ လူငယ်တွေကို စိတ်မလေအောင် ယ် တန်းတင်တန်းကျ စနစ် နဲ့ လူငယ်တွေရဲ့ တက်လမ်းကို ပိတ်ပင်တဲ့အဖြစ် ရောက်အောင်ရယ် ဖြတ်လမ်း လက်တွေ့ အတတ်သင်ကျောင်းတွေ အများ း ဖွင့်ပေးဖို့လိုတယ်။ ခုတော့ အတန်းမအောင်ရင် တခြားလမ်း သွားစရာ ရှိတော့ဘူး။ အဲဒီတော့ ဘာဖြစ်လဲ၊ လူငယ်တွေတက်လမ်းကို ချိုးပစ်လိုက် ာနဲ့ မတူဘူးလား"

"ကိုယ့်ထူးကိုယ်ချွန် ကြိုးစားပေါ့ကွ"

မောင်နီက အတည်ပြောနေသည်ကို ကိုကျော်ဖြင့်ကြီးက ဖောက်လိုက်သည်။ ဗေဒါက သူတို့စကားများကို လုံးလုံး မကြားဟန် ပြုနေလိုက်သည်။

"အေးပေါ့ကွာ မင်းတို့အဖေက သုံးဘီးလိုင်စင်လေးရတော့ ကိုယ့်ကို ကိုယ်မောင်းနိုင်တာပေါ့။ တချို့ အိမ်ကြာကွေး လည်ရောင်းတဲ့ လူတွေ း တစ်ပုံကြီးဘဲ။ အိမ်ကြာကွေးရောင်းရင်း မက်ထရစ်မြေတဲ့ ကျောင်းသား ရှိတယ်ဆိုရင်များ ယုံမှာ မဟုတ်ဘူး"

"ဒါကတော့ တုံးလွန်းပါတယ်ကွာ။ အောက်တန်းစာရေး ဝင်လုပ်မှာ ..."

"အောက်တန်းစာရေး ရဖို့ဆိုတာ လွယ်တယ်မှတ်လား။ ခန့်ပြီးသား ရေးတွေတောင် အက်စ်အယ်စီတို့ မက်ထရစ်တို့ မအောင်လို့ ပြုတ်တဲ့လူ ား၊ စွဲမေးပွဲ ဖြေတဲ့သူဖြေရနဲ့ တချို့ အမြဲတမ်းတောင် မရကြသေးဘူး။

ပြီးတော့ ဘိကြာကွေး ရောင်းတဲ့အလုပ်ကို မင်းက ဘာများမှတ်နေလဲ။ မ
အောက်တန်း စာရေးထက် ဝင်ငွေကောင်းတယ်ဗျ မှတ်ထား။ တစ်
ခြောက်ကျပ်ဈေးနဲ့ ယူပြီးရောင်းတော့ တစ်ဆယ်ဈေးရောင်းတာ၊ စက်
အပင်ပန်းခံပြီး ရောင်းရင် တစ်နေ့ ခြောက်ကျပ်၊ ခုနစ်ကျပ် ပျော့ပျော့
မြတ်တယ် မောင်ရေ။ ဒါကြောင့်ပေါ့ တချို့ ကလေးများတဲ့ စာရေး
ဘာတွေတောင် ညဘက်မှာ ရုပ်ဖျက်ပြီး ဘိကြာကွေးတို့ အော်ဝေ့ကြည်
ရောင်းတာပေါ့"

ကျော်မြင့်ကြီးသည် မောင်နီစကားကို နားထောင်ရင်း မယုံနိုင်အော
ရှိတော့သည်။

"ဟော့ ဒါဖြင့် ဘိကြာကွေးရောင်းတဲ့ ငနဲတွေက အထက်တန်းစာ
လောက်ကို ဝင်ငွေရှိတာပေါ့"

တကယ် အပင်ပန်းခံရင် အထက်တန်း စာရေးတောင်မကဘူး။ မ
နဲ့ည ဘိကြာကွေးတို့ အော်ဝေ့ကြည်တို့ ရောင်းပြီး နေ့ခင်း ဘိန်းမုန့်တို့
ရောင်းတဲ့လူတွေကျတော့ တစ်ဆယ်ကျော်လောက် ဝင်တယ်။ ပင်တော့ပ
တာပေါ့ကွ။ လက်ရှိပညာရေးစနစ်က စနစ်မကျတော့ လူငယ်တွေဟာ
ဖြစ်သလို လုပ်နေရတာပဲ။ ဒါဟာ မငြင်းနိုင်တဲ့ သက်သေပဲ။ တို့တိုက်တ
တာ ဒီစနစ်ကို ပြောင်းလဲအောင်လို့ တိုက်တာပဲ။ ဆင်းရဲ ချမ်းသာ
မှန်ကန်တဲ့ ပညာရေး စနစ်အောက်မှာ တော်တဲ့သူတွေဟာ တော်တဲ့အ
အချင်း အရောက် တက်သွားနိုင်ရမယ်။ အထက်တန်းပညာ ဒီဂရီတွေ
မလိုက်နိုင်တဲ့သူတွေ အဖို့လည်း ဖြတ်လမ်း၊ အသက်မွေးမှု ပညာရေး
ဖန်တီးနိုင်ရမယ်။ ဒါမှ လူငယ်တွေရဲ့ အညွန့်ကို သန်အောင် ရေလော
တာနဲ့ အတူတူပဲ။ အလုပ်လက်မဲ့ ပြဿနာ၊ လူလေလူလွင့်ပြဿနာ၊ လ
ပြဿနာတွေလည်း အမှန်ကန်ဆုံးနည်းနဲ့ ဖြေရှင်းရာရောက်မယ်"

လန်ဘား ကျော်မြင့်ကြီးသည် မောင်နီပြောသော စကားမျာ
လေးလေးစားစား နားထောင်၍ နေမိသည်။ အမှန်တော့ လန်ဘားကျော်
ကြီးသည် ပျော်ပျော်နေတတ်သူဖြစ်သည်။ မိုးလင်းလာလျှင် သွားသုံး
ကလေးဖြင့် ငွေရအောင် ရှာသည်။ ကော်ဖီဆိုင် အမြဲထိုင်သည်။ စီး
မပြတ် ခဲတတ်သည်။ သတင်းစာဖတ်လျှင်လည်း လော-ကျွဘား။ အ
သည်ဆိုသော သတင်းကို စိတ်ဝင်စားသူ မဟုတ်။ အလိုမတူဘဲ

ခေါင်းသင်းခြင်း သူဌေးသမီး ကားဒရိုင်ဘာနှင့်လိုက်ပြေးခြင်း စသည့် သတင်းများနှင့် ရှုပ်ရှင်ကြော်ငြာလောက်သာ ဖတ်သူ ဖြစ်လေသည်။

သို့သော် လန်ဘားကျော်မြင့်ကြီးသည် မောင်နီကို ချစ်သည်။ ခင်သည်။ မောင်နီလုပ်သော နိုင်ငံရေးကို နားမလည်သော်လည်း မောင်နီကို တကယ့် နိုင်ငံရေး ခေါင်းဆောင်ကြီးသဖွယ် ကြည်ညိုလေးစားသည်။ မောင်နီ ပြောသမျှ အမှန်ဟု ထင်သည်။ ထို့ကြောင့်လည်း မောင်နီတို့ အကြောင်းတိုစွရှိ လျှင် ကျော်မြင့်ကြီးက သူ့ကားနှင့် စေတနာ့ဝန်ထမ်း လိုက်၍ ပို့တတ်သည်။ တစ်ခါ လေ ဓာတ်ဆီစိုက်ရန်ပ်သာမက လက်ဖက်ရည်ပါ တိုက်ရသေးသည်။ ယခု ည်း ကျော်မြင့်ကြီးသည် မောင်နီ ရှင်းပြသမျှကို ခေါင်းတညိတ်ညိတ်ဖြင့် းထောင်နေတော့သည်။

"စီးပွားရေးစနစ် မှုမမှန်ရင် ပညာရေးစနစ်လည်း ဘယ်နည်းနဲ့မှ မှုမမှန် ဘူး။ အဲဒီ မှုမမှန်တဲ့ လောကကြီးထဲမှာ အချစ်ရေးတို့ လူမှုရေးတို့ ဆိုတာလဲ ယ်တော့မှ အဆင်ပြေမှု ရှိမှာမဟုတ်ဘူး"

"ဒါဖြင့် ဒါကို ဘယ်လို ဖြေရှင်းမလဲဗျာ"

ပေဒါက ရုတ်တရက် ဖြတ်၍ မေးလိုက်သည်။ ကျော်မြင့်ကြီးက ဒါကို ပြောင်စပ်စပ်ဖြင့် ကြည့်လိုက်ရင်း နောက်လိုက်သည်။

"အောင်မာ ခွေးသူတောင်းစားက ဒါမျိုးကျတော့ သိပ်ပြီး ဝါသနာမပါ း ထင်တယ်။ အလွယ်လေးရယ်။ ရေရေလည်လည် ဖြေရှင်းပြမယ်။ ဟောဒီ ဘော်ခေါင်းတိုင်ပေါ် တက်ပြီး ဇနက္ကမင်းသားလို ခုန်သာချလိုက်။ အဲဒါ ာ့ပပကြီး ပြေလည်သွားမှာပဲ"

ကျော်မြင့်ကြီးက သူ့စကားနှင့်သူ ပွဲကျ၍ ရယ်လိုက်သည်။ မောင်နီကမူ ယ့် အဘိဓမ္မာ ဆရာကြီးကဲ့သို့ မျက်မှောင်ကုပ်၍ စဉ်းစားနေတော့သည်။

"ဒါကတော့ ခက်သားပဲကွ။ လက်ရှိ လူနေမှုစနစ်ကြီး ပြောင်းလဲသွားမှ သနာတွေလည်း ပြောင်းလဲသွားမှာပဲ။ ငွေနဲ့ ရင်းနှီးပြီး ခြယ်လှယ်နိုင်တဲ့ ရှိနေသမျှ ကာလပတ်လုံး ချစ်မေတ္တာစစ်ဆိုတာ ဒီပကာသန ဂုဏ်ဓန အောက်မှာပဲ နစ်မြုပ်ကြေပျက်နေရမှာပဲ။ သီးခြား ပြဿနာအနေနဲ့ ှင်းဖို့ ဆိုတာကတော့ မလွယ်ဘူး"

ပေဒါသည် ဉာဏ်မမီသော အတွေးကို ဆန့်၍ ကြည့်လိုက်မိသည်။ င်းသာ ရှုပ်လာသည်။ အဖြေကား မပေါ်လာ။ လိုချင်သော အဖြေကိုလည်း သည့်တွတ်နည်းဖြင့် ရှာရမှန်းမသိ။

သည်တော့လည်း သူ့ခေါင်းကိုသာ သူဖွလိုက်သည် တစ်ချက်တစ်ချက်လေအဝှေ့လိုက်တွင် သူ့ခေါင်းမှ ဆံပင်များသည် နဖူးပေါ် ဝဲပုံ၍ ကျလာသည်။ တစ်ခါတစ်ရံ ကောက်ပင်များကဲ့သို့ ဘယ်ညာယိမ်း၍ လှုပ်ရှားနေကြသည်။

"ဥပမာဗျာ အဆင့်အတန်း မတူတဲ့သူချင်း ချစ်တဲ့အချစ်နဲ့ အဆင့်အတန်းတူတဲ့သူချင်း ချစ်တဲ့အချစ် ဘယ်အချစ်က ပိုပြီး ခိုင်မြဲသန့်ရှင်းမလဲ"

ဗေဒါက သူဦးနှောက်နှင့် မနိုင်သော ပြဿနာကို မောင်နီအား တင်လိုက်သည်။ မောင်နီက စိတ်ပါလက်ပါ ပြောမည်အပြုတွင် ကျော်မြင့်ကြီး ဝင်၍ ဖောက်လိုက်ပြန်သည်။

"ဟေ့ကောင် ဘာမှ ဗေဒင်မမေးနဲ့ ဦးတင်အောင်နဲ့ အခုတွဲနေတာ တစ်နေ့ကလည်း ကားနဲ့ နှစ်ယောက်တည်းရယ်။ လူကြီးချင်းတောင် စေ့စပ်ပြီးပြီ လို့ ဂျော်နီတင်ထွန်းက ပြောတယ်။ ဂျော်နီတင်ထွန်းက ငြိမ်းညီမ အတွက် အဆက်လေကွာ"

"အသာနေစမ်းပါဗျာ။ ခင်ဗျားကြီးကလည်း နေရာတကာ ဝင်နှောက်နေတာပဲ"

ဗေဒါက စိတ်ဆိုးဆိုးဖြင့် အော်လိုက်မှ လန်ဘား ကျော်မြင့်ကြီး ငြိမ်၍ သွားတော့သည်။ အမှန်တော့ ဦးတင်အောင်နှင့် တွဲသည်ကို ကိုယ်တိုင် တွေ့မြင်ခဲ့ပြီး ဖြစ်သည်။ သို့သော် သူများက နောက်ပြောင်ပြန်တော့လည်း အသည်းဆတ်ဆတ်ခါအောင် နာမိသည်။

"ဘယ့်နှယ်လဲဗျ ကိုနီ။ ကျွန်တော်မေးတာ ခင်ဗျား ဘယ်လိုသဘောရလဲ။ အဆင့်အတန်းချင်း တူတဲ့ အချစ်နဲ့၊ မတူတဲ့ အချစ် ဘယ်ဟာက သန့်ရှင်းလဲ။ ဘယ်ဟာကပိုပြီး ခိုင်မြဲလဲ"

"ဒါတော့ အပြောရ တော်တော်ခက်တယ်။ အပျက်လွယ်ဆုံးကတော့ အဆင့်အတန်းချင်း မတူတဲ့ အချစ်ဟာ အပျက်လွယ်ဆုံးပဲ။ ဒါဖြင့် ကောင်းပြီ တစ်ခုမေးစရာ ရှိတယ်၊ အဆင့်အတန်းချင်း တူတဲ့လူတွေရဲ့ အချစ်ဟာ သန့်ရှင်းသလားလို့ မေးရင် သန့်ရှင်းတယ်လို့ မဆိုနိုင်ဘူး။ ခိုင်မာတယ်လို့လည်း မဆိုနိုင်ဘူး။ အဓိပ္ပာယ်က ရှင်းအောင် ပြောရရင် ဥပမာ လယ်ကွင်းလိုနဲ့ စိုက်သမတို့ ချစ်တဲ့ အချစ်ဟာ သန့်လည်း သန့်ရှင်းတယ်၊ ခိုင်လည်း ခိုင်မြဲတယ်။ သန့်ရှင်းတယ်ဆိုတာက တစ်ယောက်ရဲ့ နှလုံးသားကို တစ်ယောက်က နှလုံးသား ချစ်ကြတာ။ တစ်ယောက်နဲ့တစ်ယောက် စိတ်သဘောထား

...သွင်ချင်း၊ ရုပ်ရည်ချင်း ချစ်တာကလွဲလို့ တခြား ဝကာသန အဆောင် ...ယောင် တစ်ခုမှ မပါဘူး။ ဒါကြောင့် ဒီအချစ်မျိုးဟာ သန့်ရှင်းတယ်။ နိုင်မာ ...ယ်။ ဥပမာ ဆန်စက်ပိုင်ရှင်သား ကောက်စိုက်သမကို ချစ်တယ်ဆိုတဲ့ ...ချစ်က သန့်ရှင်းတယ်လို့ မဆိုနိုင်ဘူး။ တဏှာသက်သက် ဖြေဖျော်ဖို့ သတ် ...က် ဖြစ်ချင်ဖြစ်မယ်။ ဒါကြောင့် အဲဒါကို အချစ်လို့ မခေါ်နိုင်ဘူး။ သန့်လည်း ...သန့်ရှင်းဘူး။ နိုင်လည်း မနိုင်မာဘူး။ တစ်ခါ စက်ပိုင်သားနဲ့ သူဌေးသမီး ...ချစ်ကြတော့ရော အဆင့်အတန်းချင်း တူတဲ့အတွက် သန့်ရှင်းသလားလို့ ...မေးစရာရှိတယ်။ ယေဘုယျ အဖြေကတော့ သန့်ရှင်းတယ်လို့ မဆိုနိုင်ဘူး။ ...ချစ်ကို အဓိကထားတာမှ မဟုတ်ဘဲ၊ အခြေခံစီးပွားရေး ပေါင်းစပ်မှုကို ...ကထားတဲ့အတွက် မသန့်ရှင်းဘူး။ နိုင်မာတယ်လည်း မခေါ်နိုင်ဘူး။ ...သက်လုံး ပေါင်းချင် ပေါင်းသွားမယ်။ ဒါပေမဲ့ အခြေခံအရတော့ မနိုင်မာ ...။ ချစ်မေတ္တာဆိုတာ အဆင့်အတန်းချင်း မတူတဲ့ လူချင်းမှ ကင်းကင်းလွတ် ...် ပေါက်ဖွားနိုင်တယ်။ ပြီးတော့ လူ့အထပ်ရဲ့ အောက်ဆုံးလွှာရောက်မှ ...ယ့် မေတ္တာစစ်ကို တွေ့နိုင်တယ်"

ဗေဒါသည် မောင်နီပြောသော စကားများကို နားထောင်ရင်း အလိုလို ...သို့ လေးစားလာမိသည်။ မောင်နီလို လူ့အကြောင်းကို တကယ် သိသော ...ဗေဒါဆရာကြီး တစ်ယောက်လို ယုံကြည်အားကိုးလာမိသည်။ ထို့ကြောင့် ...း သူ့စိတ်တွင် မတင်မကျ ရှိနေသော ပြဿနာတစ်ခုကို ဖွင့်၍ မေးရန် ...က်လိုက်သည်။ သို့သော် ဗေဒါ မမေးခင် ကျော်မြင့်ကြီးက ဖြတ်၍ မေး ...သည်။

"ဒါဖြင့် ချစ်မေတ္တာစစ်ကို ရအောင် ဖာတစ်လုံး ခေါင်းကြားလို ...ောင်းစားယောင်ဆောင်ပြီး အချစ်စစ်၊ မိတ်ဆွေစစ်ကို ရှာရမလို ဖြစ်နေ ...ပေါ့"

"ဒါကတော့ စိတ်ကူးယဉ်သဘောနဲ့ သရော်ထားတာပဲ။ လောကကြီး ...က်တို့ အာဏာတို့ကို မက်မောတဲ့ သဘာဝကို သရော်ထားတာပဲ"

"ဒါဖြင့် ငါလည်း သုံးဘီးကား မမောင်းတော့ဘဲ ဆိုက်ကားနင်းပြီး ...တ္တာစစ်ကို ရှာဦးမယ်"

ကျော်မြင့်ကြီးက သူ့စကားနှင့်သူ ပြောရင်း ရယ်မောနေသော်လည်း ...မှ ကျော်မြင့်စကားများကို လုံးဝ စိတ်မဝင်စားနိုင်တော့ချေ။ သူ့စိတ်ထဲ

တွင် မတင်မကျဖြစ်နေသော ပြဿနာကိုသာ ထပ်တလဲလဲ စဉ်းစားနေမိ
သည်။

"တကယ်လို့ အဆင့်အတန်းမတူတဲ့ သူချင်းချစ်ကြတယ်ဆိုပါတော့
ချစ်ကြပြီးမှ မိန်းကလေးက သူ့ပတ်ဝန်းကျင်ကို ရင်ဆိုင်ရမှာ သတ္တိ
လာတယ်၊ ဒါပေမဲ့ ချစ်တာကတော့ တကယ့် အချစ်စစ်နဲ့ ချစ်တာပဲ
တစ်ဖက်ကလည်း သူ့ပတ်ဝန်းကျင်ကို သူ ငဲ့ညှာပြီး မပြတ်သားဘူး ဆိုပါ
ဗျာ။ အဲဒီ လို ပြဿနာမျိုး ဘယ်လိုလုပ်ပြီး ဖြေရှင်းမလဲ"

"ရှင်းရှင်းပြောလိုက်ပါကွာ ဗေဒါရာ။ ဒီမှာ မောင်နီ၊ သူ မ
အကြောင်း ပြောနေတာကွ။ မငြိမ်းက သူ့ကို ချစ်တယ်၊ အမှန်ချစ်
ဒါပေမဲ့ကွာ ဟိုက မိုးပြာအောက်ကမေ သူက ရေမြောင်းထဲက ခွေးဝဲ
တော့ အဆင့်အတန်းချင်း ကွာနေတယ်ကွာ။ ဟိုကလည်း သူ့ကို ယူဖို့
တယ်။ ခွေးဝဲစား ကို အမဲနိုးကျေးပြီး အကိုက်ခိုင်းရသလို ဖြစ်နေတယ်

"မနောက်နဲ့ဗျာ၊ ကိုကျော်မြင့်ကြီး။ သူများ အရေးတကြီးထားတဲ့
တစ်ခုကိုတော့ မနောက်သင့်ပါဘူး"

"ကဲပါကွာ မနောက်ပါဘူး မောင်နီရာ။ ဒီ ဒုက္ခတ ပြဿနာကို
လည်အောင် ဖြေရှင်းလိုက်စမ်းပါ"

ကျော်မြင့်ကြီးသည် သူ့ သုံးဘီးကားရှိရာသို့ ပြန်၍ သွားတော့
မောင်နီက ဗေဒါဘေးတွင် ဝင်၍ ထိုင်လိုက်ပြီးလျှင် သူ့လက်ကြားမှ
လိပ်ကို မီးညှိလိုက်သည်။ တစ်ဖွာနှစ်ဖွာခန့် အားရပါးရ ရှိုက်ဖွာလိုက်
စကားကိုပြန်၍ ဆက်လိုက်သည်။

"ဒါကတော့ တစ်ယောက်ချင်းနဲ့ဆိုင်တဲ့ ပြဿနာဖြစ်နေတယ်။
မငြိမ်းက မင်းကိုချစ်တယ်။ ဒါဟာ ဘာမှ သံသယ ဖြစ်စရာမလိုဘူး။
ချစ်သူအနေနဲ့ ပြောတာနော်။ ဒါပေမဲ့ တကယ်တမ်း ယူကြမယ်လို့
လိုက်တော့ သေးပတ်ဝန်းကျင်ကို ငဲ့လာရပြီ။ လက်ရှိလူနေမှုစနစ်က
သတ်ထားချက်ကို စဉ်းစားလာရပြီ။ အဲဒီမှာ သတ္တိနည်းလာတာပဲ။
အတွက်ကနေ အရည်အချင်းပြောင်းလဲမှု သဘောလိုပေါ့။ ရေဟာ
ကိုးဆယ့်ကိုးအထိ ရေပဲ။ ဒါပေမဲ့ တရာပြည့်တဲ့အခါမှာ ဆူပွက်လာတယ်
အကူးအပြောင်း သဘောမျိုးပဲ။ မင်းတို့ရဲ့ အချစ်ဟာ အမြင့်ဆုံး
လာတယ်။ အဲဒီအခါမှာ လက်ထပ်ဖို့ အတူနေဖို့ အဆင့် ရောက်လာ

ဒီအချိန်မှာ စောစောက အမှတ်မထင်ထားတဲ့ ပတ်ဝန်းကျင်ရဲ့ ဆန္ဒတို့
ဆက်ဆံရေးရဲ့ သတ်မှတ်ချက်တို့က သူ့ကိုချောက်ချားလာစေမှာပဲ။ ဒီအခါမှာ
တွန့်နည်းလာမယ်။ ပတ်ဝန်းကျင်ရဲ့ လွှမ်းမိုးမှုက အားကြီးလာရင်
ဆက်ဆုတ်ချင် ဆုတ်သွားမယ်။ လူ့ဆက်ဆံရေးနယ်ပယ်က တန့်သတ်ချက်
ကြောက်လန့်ပြီး အရှုံးပေးချင်ပေးမယ်။ အဲဒီတော့ ဒီပြဿနာကို တွက်တဲ့
ရာမှာ ပုံသေတွက်လို့မရဘူး။ ကာယကံရှင်တွေရဲ့ သီးခြား ပြဿနာနဲ့လည်း
ဆိုင်တယ်။ သူ့ပတ်ဝန်းကျင် အခြေအနေနဲ့လည်း ဆိုင်တယ်။ ဒါကို ပုံသေ
ဘာ ဗေဒင်ဟောသလို လုပ်ပါလို့ ပြောလို့တော့ မရဘူးထင်တယ်"

ဗေဒါသည် သက်ပြင်းကို မှုတ်ထုတ်လိုက်သည်။ ပြီးမှ ဆေးပေါ့လိပ်
မီးခိုးတထောင်းထောင်းထွက်အောင် ဖွာလိုက်သည်။ အမှန်၌ မောင်နီ
သလိုပင် သူ့ပြဿနာမှာ ပုံသေနည်းနှင့်ဖြေရှင်းမရ။ ငြိမ်းကိုယ်တိုင် မည်မျှ
သားသည် မပြတ်သားသည်ဆိုသော အချက်ပေါ်တွင်လည်း တည်သည်။
တော့လည်း ငြိမ်း၏ ပတ်ဝန်းကျင်က ငြိမ်းကို မည်မျှလွှမ်းမိုး ချုပ်ချယ် သည်။
ချုပ်ချယ်သည်ဆိုသော အချက်အပေါ်တွင်လည်း တည်သေးသည်။

"တစ်နည်းတော့ရှိတယ်။ ဒါက တို့အဘိဓမ္မာနဲ့ ဘာမှ မဆိုင်ဘူး။
လသားပြော ပြောရတာပဲ။ သူတို့ကို ပြတ်သားစေချင်ရင် ပြတ်သားအောင်
ပစ်လိုက်"

ဗေဒါသည် မျက်လုံးကလေးများ ဝိုင်း၍လာသည်။ မောင်နီပြောသော
၏ အဓိပ္ပာယ်ကိုလည်း သဘောမပေါက်လိုက်ချေ။ သို့သော် နည်းရှိမည်
ပြောလိုက်သောကြောင့် စိတ်ဝင်စားမိသည်။

"ဘာနည်းလဲဗျ။ လုပ်စမ်းပါဦး ကျွန်တော်တော့ မကြံတတ်တော့ဘူး။
လိုလုပ်ရမှန်းလည်း မသိဘူး။ ခုအချိန် ကျွန်တော်မှာ ဒီဒုက္ခဟာ
ကြီးဆုံးပဲ။ ဘယ်လောက် ကြီးသလဲဆိုရင် တခြား ဘာမှကို စိတ်ဝင်စားလို့
တော့ဘူး။ အလုပ်ထဲရော စာထဲရော စိတ်ဝင်စားလို့ မရတော့ဘူး။ ဒုက္ခထဲ
ဆင့်သလို ဖြစ်နေပြီဗျာ။ ကျွန်တော့်ကို အကြံဉာဏ်လေး ဘာလေး
မ်းပါ"

ထိုအတွင်း လန်ဘားကျော်မြင့်ကြီးသည် ဘယ်အချိန်က ရောက်လာ
မသိ။ ဗေဒါတို့ စကားဝိုင်းကို ဝင်၍ဖောက်လိုက်ပြန်သည်။

"ဟော့ အလွှယ်လေးကွ။ မောင်ပိုင်စီးလိုက် အဲဒါ မီးအသေဆုံးနည်းပဲ"

ဗေဒါသည် ကျော်မြင့်ကြီး၏ စကားကြောင့် စိတ်ပျက်သွားဟန် ရှိသည်။
စောစောက အားတက်သရော ရွှင်လန်းနေသည့် မျက်နှာသည် သိ
သာသာကြီး ညှက်၍သွားတော့သည်။

"ခင်ဗျားပြောမယ်ဆိုတဲ့နည်းကို ပြောစမ်းပါဦးဗျ။ ဘယ်လိုလဲ"

"ဒီသဘောပဲကွ။ ဒါဟာ သူတို့အဖို့ ဖြတ်သားတဲ့နည်းပဲ"

"ဟာဗျာ။ ဒီနည်းကတော့ မနိပ်ပါဘူး။ သန့်လည်းမသန့်ရှင်းပါဘူး
အချစ်ကို ဒီနည်းနဲ့ရအောင် ယူရမယ်ဆိုတာက မှုမမှန်ပါဘူး"

"ဟ. . . မောင်နီပြောသလိုပဲပေါ့ လက်ရှိစနစ်ကြီးကိုက မှုမမှန်
မှုမှန်တာတွေ လိုက်နေရင် ငတ်မှာပေါ့။ ကဲ. . . ဦးတင်အောင်က လူကြီး
နားလည်မှုယူပြီး အပိုင်စီးတော့ မင်းဘာတတ်နိုင်မလဲ။ မှုတော့မမှန်ဘူး။ ဒါပေမဲ့
ပိုင်တဲ့သူက ပိုင်သွားတာပဲ မဟုတ်ဘူးလား။ ဒုက္ခရောက်တော့ မင်း
ဒုက္ခရောက်ရမယ်။ လက်လွတ်တော့ မင်းပဲ လက်လွတ်ရမယ်။ ဒီဖောက်
နေတဲ့ ဘဒ္ဒကမ္ဘာကြီးမှာ နေရတာကာ မှုမှန်တရားတွေ သစ္စာတရား
ကျင့်သုံးနေလို့ မဖြစ်ဘူးကွ။ တံငါလောကမှာ တံငါလို ကျင့်ကြံရမယ်။
လောကမှာ ရောက်ရင် မုဆိုးလိုကျင့်ကြံရမယ်။ ဒါဟာ အတိမှော အ
သဘောတရားတွေပေါ့"

လန်ဘားကျော်မြင့်ကြီးက မပြောဘူး စကားကြီး စကားကျယ်
ဟန်ဟန်ပန်ပန် ပြောချလိုက်သည်။ ဗေဒါသည် မလှုပ်သာတော့ချေ။
နှင့် ကျော်မြင့်ကြီးတို့ စကားကို စိတ်ထဲမှ လက်မခံနိုင်သော်လည်း မည်
ပြန်၍ မငြင်းတတ်တော့ချေ။

"ကဲ. . . သဘောတရား အကြောင်းတရားတွေ ဒါလောက်ဆွေးနွေး
တော်ကြတော့၊ ငါလည်း သုံးလေးဆယ်လောက်တော့ ရအောင်ရှာရဦး
အဘိုးကြီးက ပွက်လှပြီ"

ဗေဒါသည် လက်ထဲမှ ဆေးလိပ်တိုကို နောက်ဆုံးတစ်ရှိုက်ရှိုက်
ပြီးလျှင် ရေထဲသို့ တစ်အားလွှဲ၍ပစ်လိုက်သည်။ ဆေးလိပ်တိုကလေး
လှိုင်းပေါ်တွင် တငြိမ့်ငြိမ့်မျောပါသွားလေသည်။

ဗေဒါသည် သုံးဘီးကားဆီသို့ ခေါင်းငိုက်ဆိုက်ဖြင့် ထွက်ခဲ့လေ
အချစ်ကို ပိုင်ဆိုင်ရန် အဘယ်နည်းသည် သူ့အတွက် အသင့်လျော်ဆုံး
သည်ကိုကား ခုတိုင် ဝေခွဲ၍ မရနိုင်သေးချေ။

❑

ဂ

သည် တိတ်ဆိတ်လျက်ရှိသည်။ ကောင်းကင်၌ ကြယ်ကလေးများသည် စောက မပွင့်တစ်ပွင့် လက်နေကြသော်လည်း လဆန်းတံခွင်ကွေးကလေး ယ်ပျောက်သွားမှ ပို၍အရောင်လက်၍လာသည်။

ဗေဒါသည် စာကြည့်နေရာမှ အိမ်ရှေ့သို့ ထွက်ခဲ့သည်။ တစ်လမ်းလုံး ဆိတ်လျက်ရှိသည်။ လမ်းဘေးမီးတိုင်များသည် စီရရီ တန်းလျက်ရှိ သည်။

ဗေဒါသည် အိမ်ရှေ့မှ သစ်ငုတ်တိုပေါ်တွင် ထိုင်ရင်း ကြည်လင်သော ာင်းကင်ပြာကြီးကို မော့၍ကြည့်နေမိသည်။

လေညင်းကလေး တစ်ချက်တစ်ချက် မွှေးရလိုက်သည့်အခါတွင် ွေးပန်းနံ့ကလေး လွင့်ပျံ၍ပါလာတတ်သည်။

ဗေဒါသည် ညမွှေးပန်းကလေးကို တအား ရှိုက်လိုက်မိသည်။ သည် နံ့ကလေးသည် ငြိမ်းတို့အိမ်ဆီမှ လွင့်ပျံ့လာသည်ကိုလည်း သိထားပြီး သည်။

ငြိမ်းတို့ အိမ်ဘက်ဆီသို့ ကြည့်လိုက်ပြန်တော့လည်း မီးရောင်ပင် မမြင် ချေ။ ကနေ့ စနေနေ့ဖြစ်၍ ငြိမ်းတို့အိမ်တွင် ဖဲဝိုင်းရှိတတ်သည်။ တစ်ခါ ာ မိုးလင်းအထိ ဝိုင်းကောင်းတတ်သည်။ ငြိမ်းတို့အိမ်တွင် ဖဲဝိုင်း မဖြစ်ရင် ကြည်သည် တခြားအိမ်သို့ သွားကစားတတ်သည်။ သို့ ကစားသည့် လည်း မိုးလင်းမှ ပြန်လာတတ်သည်။ တစ်ခါတလေ နောက်နေ့အထိ ၍ ကစားတတ်ကြသည်။

ပေဒါသည် နေရာမှအသာထ၍ ငြိမ်းတို့ အိမ်ဘက်ဆီသို့ လျှောက်
သည်။ အိမ်ရှေ့ရောက်တော့ ကားရုံကို ပထမ အကဲခတ်၍ကြည့်လိုက်သည်
ကားရုံထဲ၌ ကားမတွေ့ရသောအခါ သူတွေးသည့်အတိုင်းပင် ကိုဘကြည်
မရှိမှန်း သေချာလှသည်။

ပေဒါသည် တစ်ခုခု ဆုံးဖြတ်ရန် ချီတုံချတုံ ဖြစ်၍နေသည်။ ငြိမ်း
အိမ်တွင် သည်ည ငြိမ်းတို့သားအမိနှစ်ယောက်သာ ရှိပေလိမ့်မည်။ အထွန်း
ကျောင်းမှာအိပ်သည်။ ကိုဘကြည်က ဖဲဝိုင်းထိုင်နေမည်။

အောက်တွင် အတန်ကြာမျှ ငိုင်၍ရပ်နေသည်။ သူသည် ဒါန်းစီး
သော ကလေးငယ်ကဲ့သို့ အသည်းတအေးအေး ရှိနေတော့သည်။

နာရီသံချောင်း ခေါက်သံများသည် အဝေးမှခပ်သဲ့သဲ့ ကြားရသည်
နောက်အနီးမှဆက်၍ ကြားရသည်။ အချိန်က နှစ်နာရီခွဲလေပြီ။ ထို့
လည်း တစ်လမ်းလုံး တိတ်ဆိတ်လျက် ရှိသည်။ ခွေးဟောင်သံများသည်
တစ်ချက်တစ်ချက် စူးစူးဝါးဝါး ကြားရသည်။ ပထမ တစ်ကောင်က
လိုက်လျှင် အားလုံးလိုက်၍ ဟောင်ကြသည်။ တစ်လမ်းလုံး ခွေးဟောင်သံ
ဆူ၍ သွားတော့သည်။ အတန်ကြာလျှင် ငြိမ်သွားပြန်သည်။ သည်တော့
တစ်လမ်းလုံး ဘာသံမှ မကြားရအောင် တိတ်ဆိတ်သွားပြန်သည်။

ပေဒါသည် သရက်ပင်ခြေရင်းတွင် ထိုင်ရင်း အလိုလို ရင်ခုန်နေသည်
ငြိမ်း၏ မျက်နှာကလေးသည် ကြယ်ပွင့်ကလေးများကြားမှ ပေါ်၍လာသည်
သည်တော့လည်း ကြယ်ပွင့်ကလေးများက အလိုလို ပျောက်ကွယ်၍ သွား
သည်။ ကြယ်ပွင့်ကလေးများသာမက အားလုံးပျောက်ကွယ်၍ သွားလေသည်
ပေဒါ၏ မျက်စိထဲတွင် ငြိမ်း၏ ပဝင်းချိုပြုံးသော မျက်နှာကလေးသည်
နေသည်။

ပေဒါသည် ငြိမ်းတို့အိမ် အပေါက်ဝနားသို့ အသာ ရွေ့သွားပြီး
ဝင်းတံခါးကို လက်ဖြင့် အသာတွန်းလိုက်သည်။ ဝင်းတံခါး တစ်ချပ်
အသာပွင့်၍ သွားသည်။ ကျီစယ်ခနဲ့မြည်သံသည် ပေဒါစိတ်ကို တုန်လှုပ်
ချား စေတော့သည်။ သို့သော် ကြောက်သည့်စိတ်နှင့် တွေ့လိုသော စိတ်
အားပြိုင်နေကြသည်။ သည်တော့လည်း ကြောက်သည့်စိတ်က
လွင့်စဉ်၍ သွားတော့သည်။

ဗေဒါသည် အသင့်ပွင့်နေသော တံခါးပေါက်မှ အိမ်ဝင်းထဲသို့ ...င်လှမ်းချင်း ဝင်ခဲ့သည်။ တစ်ခါတစ်ရံ သစ်ရွက်ခြောက်ကလေးများကို နင်းမိ... မြည်သောအသံကိုပင် လန့်၍သွားမိသည်။ ခြေကို ခပ်ဖွဖွနင်း၍ ငြိမ်းအိပ် ...သော အခန်းရှိရာသို့ လျှောက်ခဲ့မိသည်။

ငြိမ်း အခန်းအနားသို့ ရောက်သောအခါ ဗေဒါသည် ခဏမျှ ရပ်နေမိ...သည်။ စောစောက ကြောက်စိတ်များသည် ဘယ်သို့ရောက်ကုန်သည်မသိ။ ...သည် ပေါ့ပါးစွာပင် ခါးပန်းပေါ် သို့ တွယ်၍တက်လိုက်သည်။ ပြီးမှခေါင်းရင်း ...င်းပေါက်ကို လက်ဖြင့်စမ်းလိုက်သည်။ မင်းတုပ်ရှိမည့် နေရာကို စမ်းမိ ...သောအခါ အိပ်ထဲမှ မောင်းချသားကို ဖွင့်၍ မင်းတုပ်ကို အပေါ် သို့မတင် ...လိုက်သည်။ သို့သော် တော်တော်နှင့်မရ တစ်ချက်တစ်ချက် အသံမြည်သွား ...ခြင့် ခဏမျှ ရပ်ထားရသေးသည်။ အထဲမှ အရိပ်အခြည်ကို နားထောင်ပြီးမှ ...င်ခါ မင်းတုပ်ကို ဓားဖြင့်မတင်ကြည့်လိုက်သည်။ ချက်ခနဲမြည်သံနှင့်အတူ ...တုပ်သည် ကြွ၍ပါလာသည်။ ချက်ချင်းပင် ဗေဒါသည် တံခါးကိုဆွဲလိုက် ...သည်၊ ပြတင်းတံခါးပွင့်သွားသည်နှင့် တစ်ပြိုင်နက် ဗေဒါသည် အတွင်းသို့ခုန် ...ဝင်လိုက်သည်။

ငြိမ်းအခန်းတွင်းဝယ် မီးရောင်ကလေးသည် ပြာလဲ့လဲ့လင်း၍ နေလေ ...သည်၊ တံခါးကို အသာပြန်၍ စေ့လိုက်သည်။ နောက်အိပ်ခန်း တံခါးမရှိရာသို့ ...သာသွား၍ တွန်းကြည့်လိုက်သည်။ အိပ်ခန်းတံခါးမှာကား ပိတ်ထားပြီး ...သည်။

သည်တော့မှ ဗေဒါသည် အသက်ရှူနိုင်တော့သည်။ အတန်ကြာမျှ ...ဖြေနေမိသည်။ ပြီးမှ ငြိမ်းအိပ်နေသော ခုတင်နားသို့ အသာသွား၍ ...ခြင်ထောင်ကို မတင်လိုက်သည်။ ပြာလဲ့လဲ့မီးရောင်အောက်တွင် ငြိမ်း၏ ...မွေ့သော အလှကို မြင်နေရသည်။

ငြိမ်း၏ ကပိုကရိုအလှသည် မီးပြာအောက်တွင် ပန်းချီဆန်လှသည်။ ...တင်းစောင်းကလေး အိပ်နေသဖြင့် ကြွတက်နေသောတင်၊ သေးသိမ် သော ...သွယ်တန်းသော ပေါင်တံ စသည်တို့မှာ ဝိန်းရုပ် ပန်းချီကားကို ခဲချောင်း ...ထားသည်နှင့် တူလှသည်။

ငြိမ်း၏ ရွှေရင်ဖြိုးဖြိုးပေါ် တွင် ဆံပင်များက ကြဲဖြန့်၍ကျနေသည်။ ...ဒါသည် ငြိမ်းကို မျက်တောင်မခတ် စိုက်၍ကြည့်နေမိသည်။ အတန်ကြာမှ

ခုတင်ဘေးတွင် ဒူးထောက်၍ထိုင်လိုက်ပြီးလျှင် ငြိမ်း၏မျက်နှာကို လေး
မှုတ်နှိုးလိုက်သည်။ လှုပ်ကမနိုးသော်လည်း နဖူးပြင်တွင် ဝဲနေသော ဆံပင်
ကလေးများ လူးလွန့်၍လာလေသည်။

"မမငြိမ်း. . . မမငြိမ်း"

ဖေဒါက လေသံဖြင့် ခပ်တိုးတိုး နှိုးလိုက်သည်။ ပြီးမှ ငြိမ်း၏ ည
ညောင်းသော လက်မောင်းဖိုးကလေးကို အသာဆုပ်၍ နှိုးလိုက်သည်။

ငြိမ်း၏ မျက်လုံးကလေးများသည် ရုတ်တရက် ပွင့်လာသည်။ ဖေဒါ
မြင်ရင် ငြိမ်းသည် ထိတ်လန့်တကြား အိပ်ရာမှထ၍ ထိုင်လိုက်သည်။ ပြီး
လည်း မယုံနိုင်သလို သူ့မျက်လုံးကိုသူပွတ်၍ ကြည့်လိုက်သည်။

"ဟင်. . . ဖေဒါ နင်ဘယ်လိုလုပ်ပြီး ဝင်လာလဲဟင်"

ဖေဒါက အသာလက်ကာပြလိုက်သည်။ ငြိမ်းက ဖေဒါပခုံးကို လှုပ်
မေးလိုက်ပြန်သည်။

"ဟဲ့. . . ကောင်လေး၊ နင်ဘာလို့ လာတာလဲ၊ သူနိုးကျင် သူ
ဒါမျိုး ငါ မကြိုက်ဘူးသွား ခုပြန်"

ထိတ်လန့် စိုးရိမ်သောစိတ်ကြောင့် မောသံကလေးများပါ၍ နေ
သည်။ ဖေဒါကမူ မလှုပ်မယှက် ငြိမ်းကိုသာ ကြည့်နေသည်။

သည်တော့လည်း ငြိမ်းက ဖေဒါကို အလျှော့ပေးရမလို ဖြစ်နေ
သည်။

"ပြန်ပါတော့ ငါ့မောင်ရယ်၊ မနက်မှလာပါ၊ မေမေတို့ ကို
သိသွားရင် ငါ လုံးလုံးခွေးဖြစ်လိမ့်မယ်၊ မင်းလည်းအိမ်ကို လာရ
မဟုတ်တော့ဘူး၊ ပြန်ပါ ငါ့မောင်ရယ်၊ လိမ္မာပါတယ်၊ မမ ရင်တွေတုန်
ပါကွယ်"

ဖေဒါသည် ခုတင်ခေါင်းရင်းတွင် ဖင်ချထိုင်လိုက်သည်။ ငြိမ်းက
၏ ဆံပင်များကို လက်ဖြင့်ဆုပ်၍ဖွနေလိုက်သည်။

"မမ ပြောရင် နားထောင်ပါကွယ်၊ မမ ရင်တွေ တုန်လှပြီ၊ ေ
ကျော်ရင် မေမေ အိပ်ရာက နိုးလိမ့်မယ်"

"ခုမှ သုံးနာရီတောင် မထိုးသေးဘူး၊ ပြီးတော့ ကိုကိုကြည်
ဖဲဝိုင်းက မပြန်လာသေးဘူး၊ လာရင်လည်း ကားသံကြားရမှာပါ"

ငြိမ်းသည် သူ့ခေါင်းကို ကုတ်ကုတ်နေရင်း ဘာလုပ်ရမှန်းမသိ

...ော့သည်။ တစ်ဖွတ်ထိုး လုပ်တတ်သော ဗေဒါ၏အကျင့်ကိုလည်း သိထား ...ခြင်၍ ပို၍အခက်တွေ့နေတော့သည်။

"ကဲ. . . ဒါဖြင့်လည်း မင်းဘာလို့ လာတာလဲပြောစမ်း"

"ကနေ့ည ကျွန်တော် အိပ်လည်းမပျော်ဘူး။ မမကိုတွေ့ချင်လို့ ဝင်လာ ..."

"ကဲ. . . တွေ့ချင်ရင် ခုတွေ့ရပြီ မဟုတ်လား။ ပြန်ပါကွယ်နော်။ မမကို ...ေးရင် ပြန်သွားပါကွယ်။ မိန်းကလေးဖခင်သားသမီးတွေဆိုတာ ဒီလိုမတွေ့ ...ာင်းပါဘူး"

"ဦးတင်အောင်နဲ့ ဟိုတယ်မှ နှစ်ယောက်တည်း တွေ့တာကျတော့ ...ယ်လိုပြောမလဲ"

"မင်း ငါ့ကို ဒီလိုအရမ်းမစွပ်စွဲနဲ့ ကိုတင်အောင်နဲ့ တွေ့တာက မိုးမိုး ...န်းတန်းပဲ တွေ့တာ။ မင်းလို သူခိုးကျင့် သူခိုးကြံ မဟုတ်ဘူး"

ဗေဒါက အသံထွက်အောင် ရယ်လိုက်သဖြင့် ငြိမ်းက ဗေဒါ၏ ပါးစပ် ... လက်ဖြင့်ပိတ်လိုက်သည်။

"ဟဲ့. . . မေမေ ကြားသွားဦးမယ်။ စိတ်ညစ်လိုက်တာနော်။ ကဲ. . . ...ြန်သေးဘူးလား"

"ကျွန်တော် မငြိမ်းနဲ့စကားပြောချင်လို့ အရဲစွန့်ပြီး လာတာပါ ...ငြိမ်းရာ။ ဒါလောက်လည်း မနှင်ပါနဲ့။ မငြိမ်းနဲ့ ကျွန်တော်နဲ့ မတွေ့ရတာ ...ယ်လောက်ကြာပြီလဲ။ ခုတလော မငြိမ်း ကျွန်တော့်ကို ရှောင်နေတယ်။ ...ွန်တော် သိတယ်။ ဒါကြောင့်လည်း ဖွတ်လာပြီး မတွေ့တာ။ ဒါပေမဲ့ ခုညကျ ...ော့ စာကြည့်နေရင်း စိတ်က မငြိမ်းဆီပဲ ရောက်နေတယ်။ အိပ်လို့လည်း ...ပျော်ဘူး။ ဒါနဲ့မထူးတော့ဘူးဆိုပြီး လာခဲ့တာ။ ဒါတောင် အိမ်ပေါက်ဝက ...ရက်ပင်အောက် အကြာကြီးထိုင်ပြီး စဉ်းစားနေသေးတယ်။ နောက်တော့ ...ူးတော့ဘူးဆိုပြီး ပြတင်းပေါက်ကို ဓားနဲ့ အသာဖွင့်ပြီး ဝင်လာခဲ့တာပဲ။ ...ွန့်စားစား လာတဲ့သူကို ချက်ချင်း နှင်မပစ်ပါနဲ့ မငြိမ်းရာ"

"သနားတယ်။ နင့်ကို ဘယ်သူက စွန့်စားခိုင်းလို့လဲ။ ကဲ. . . ပြောစရာ ...ှိရင် မြန်မြန်ပြော ဘာပြောမှာလဲ"

ဗေဒါသည် ငြိမ်းဘေးတွင် ကပ်၍ထိုင်လိုက်သည်။ ငြိမ်းတော့လည်း ...ငြိမ်း၏ လက်ဖဝါးနုနုကလေးကို ဆုပ်နယ်၍နေပြန်သည်။ သို့ဆုပ်နယ်၍ နေစရာ

မှ ငြိမ်း၏ ပျော့ပျောင်းသော လက်ချောင်းကလေးများကို သွားဖြင့် မနာအောင် ငုံခဲထားလိုက်သည်။ ပြီးမှ ငြိမ်း၏ ပေါင်ပေါ်သို့ လှဲ၍အိပ်လိုက်သည်။ သည်တော့လည်း ငြိမ်းက ဘာမျှပြန်၍မပြောတော့ချေ။ ဖေဒါ၏ နဖူးပြင်ကို အသာ ပွတ်နေမိတော့သည်။

"ကျွန်တော် မမငြိမ်းကို အရူးလိုချစ်တယ်။ ဒါယုံရဲ့လားဟင်"

"ယုံတယ်ဖေဒါ ယုံလို့ ခက်နေတာပေါ့။ မမမှာ မင်းလို မရူးနိုင်ဘူး မမလည်း မင်းကို အရူးလို ချစ်ချင်တယ်။ တခြား ဘာမှ မစဉ်းစားချင်ဘူး ဒါပေမဲ့ ခက်သားပဲ ဖေဒါရယ်။ လောကကြီးမှာ တို့နှစ်ယောက်တည်းရှိတာ မဟုတ်ဘဲ။ တကယ်ရူးသွားရင်လည်း ကောင်းသားပဲနော်. . . အားလုံး မေ့ပြီးသားဖြစ်သွားမှာပဲ"

"ဒါဖြင့် ကျွန်တော့်ကိုလည်း မေ့ချင်နေတယ်ပေါ့"

"အေး. . . မေ့ချင်တယ်။ မင်းကို အရင်ဆုံးမေ့ချင်တယ်။ မေ့မရလို့ ခက်နေတာ သိလား။ ဖေဒါ မင်း ငါ့ကို သိပ်ဒုက္ခပေးတဲ့ ကောင်လေး"

ငြိမ်းသည် ဖေဒါ၏ ပါးကလေးကို မနာအောင် လိမ်ဆွဲလိုက်ရင်း မချိမရဲ ပြောလိုက်ရှာသည်။ ဖေဒါက ငြိမ်း၏ သေးသွယ်ကျစ်လျစ်သော ခါးကလေး ကို သိုင်းဖက်ထားလိုက်သည်။

"ဒီလိုဆိုလည်း မမငြိမ်းရာ ကျွန်တော်ဘာလုပ်ရမလဲ ပြောပါ မမငြိမ်း ပြောတဲ့အတိုင်း ကျွန်တော်လုပ်ပါ့မယ်။ တစ်ခါတလေ ကျွန်တော်အိမ်က ထွက် ပြေးချင်တယ်။ ဒါပေမဲ့ အိမ်သံယောဇဉ်က ကြီးလွန်းလို့ မပြေးနိုင်ဘူး။ အိမ်မှာ ကျွန်တော် မရှိရင် မဖြစ်ဘူး။ အားလုံး ဒုက္ခရောက်မယ်။ ဖေဖေသာရှိ ကျွန်တော် မမငြိမ်းနဲ့ မတွေ့နိုင်တဲ့ နေရာကို ထွက်ပြေးမှာပဲ။ ဒါမှ မငြိမ်း စိတ်ချမ်းသာမယ် မဟုတ်လား"

"ဒီလိုလည်း မပြောပါနဲ့ ငါ့မောင်ရယ်။ အနစ်နာခံစရာရှိရင် မမ ရှေ့ကခံမှာပေါ့။ မမအတွက်ကြောင့်ဖြင့် မင်း ဒုက္ခမရောက်စေရပါဘူး"

"ကျွန်တော် မမငြိမ်းကို ဒုက္ခပေးသလို ဖြစ်နေပြီနော်။ ကျွန်တော် သိ တယ်။ ဒါပေမဲ့ မတတ်နိုင်ဘူး။ ကျွန်တော် မမငြိမ်းကို မချစ်ဘဲ မနေနိုင်ဘူး မေ့လိုလည်း မရဘူး။ မမငြိမ်းကို ကျွန်တော်အမျိုးမျိုးနည်းနဲ့ ချစ်မိတာအမှန်ပဲ ဆရာလိုလည်းချစ်တယ်၊ မမငြိမ်းနဲ့သာကွဲရရင် ကျွန်တော့်ဘဝဟာ မတွေးဝံ့ လောက်အောင်ပဲ၊ ကျွန်တော် ဘယ်လိုဖြစ်မယ်ဆိုတာ တွေးကိုမတွေးဝံ့ဘူး"

ဇေဒါသည် သွေးမျက်နှာကလေးကို ငြိမ်း၏ရင်တွင်းသို့မြှုပ်၍ထားလိုက်သည်။ သည်တော့လည်း ငြိမ်းက လည်ပင်းမှယှက်သိုင်း၍ ဇေဒါကို တင်းတင်း ကျပ်ကျပ်ကြီး ပွေ့ဖက်ထားလိုက်ရင်း ကြိတ်မနိုင်ခဲမရသော အသံကလေးဖြင့် ပြောလိုက်ရှာသည်။

"မင်း အဲဒီလို ကျပ်ကျပ်ပြော. . . မင်း အဲဒီလို ပြောတာတွေကြောင့် ငါရှူးမှာ သိလား။ မင်း မရှူးဘူး ငါရှူးမှာ ငါ့စိတ်ကို ငါဘယ်လောက်ထိန်းထား ရတယ် မှတ်လဲ ငါ့ဒုက္ခ မင်းမသိဘူးနော် ဇေဒါ ငါ့မှာ ဘယ်လိုအကြပ်အတည်း တွေနဲ့ ရင်ဆိုင်နေရတယ်ဆိုတာ မင်းကို ငါဖွင့်မပြောရက်ဘူး"

တစ်ယောက်နှင့်တစ်ယောက် အပြန်အလှန် ဖက်ထားလိုက်ကြသည်။ တစ်ယောက်၏ ရင်ခုန်သံသည် တစ်ယောက်၏ ရင်တွင်းသို့ လာ၍ဆောင့်နေ တော့သည်။ ပြိုင်တူအသက်ရှူလိုက်ကြသည့်အခါတွင်မူ နှစ်ယောက်စလုံးပင် လေထဲတွင် လွင့်ပါ၍သွားသလို ထင်မိသည်။ တဖြည်းဖြည်း အသက်ရှူသံက နှန်လာသည်။ တစ်ယောက်နှင့်တစ်ယောက် စည်းဝါး အချိုးအချ ကိုက်ထားသ ဲ့ အသက်ရှူရှိုက်၍ မှုတ်ထုတ်လိုက်သည်မှာ အံကျညီ၍ နေတော့သည်။ တစ်ချက်တစ်ချက် ငြိမ်းကသက်ပြင်းကို အရှည်ကြီး မှုတ်ထုတ်လိုက်သည့်အခါ ဇေဒါကလည်း ငြိမ်းနည်းတူပင် သက်ပြင်းရှည်ကြီးကို မှုတ်ထုတ်လိုက်သည်။

တစ်ယောက်ကို တစ်ယောက် ဖက်ထားသော လက်များမှာ ပို၍ င်းကျပ်လာသည်။ ငြိမ်းကိုယ်မှ မွှေးပျံ့သော ရနံ့တို့သည် ဇေဒါ၏ နှာခေါင်းဝ တွင် လာ၍တိုးဝှေ့နေကြတော့သည်။ ဇေဒါက အသာမော့၍ ငြိမ်း၏ပါးမို့မို့ ကလေးကို ခပ်ဖွဖွ နမ်းလိုက်သည်။ ငြိမ်း မျက်လွှာကလေးချ၍ ငြိမ်နေရှာ သည်။ သည်တော့လည်း ဇေဒါက ငြိမ်း၏ လည်တိုင်ကြော့ကြော့ကလေးကို ရစ်သိုင်း၍ က်လိုက်ပြီးလျှင် နီရဲသော နှုတ်ခမ်းပွင့်ပွင့်လန်းလန်းကလေးကို တအားငုံ၍ မ်းလိုက်သည်။ ငြိမ်းသည် ဇေဒါကို ယောင်ရမ်း၍ တအား က်ထားလိုက်မိသည်။

ညည်းသံကလေးများ ထွက်လာသော်လည်း ရှုန်းကန်ဖယ်ခြင်းတော့ မပြု။ တစ်ယောက်နှင့်တစ်ယောက် အသက်မရှူနိုင်အောင် ဖက်ထားရင်း တ်ခမ်းများက ခွာမရအောင် ရှိတော့သည်။ ဘယ်မျှလောက်အထိ နစ်မျောနေ ကြသည်မသိ အတန်ကြာမှ ငြိမ်းက ဇေဒါ၏ ပခုံးကလေးကို ကိုင်၍ နောက်သို့ သာတွန်းလိုက်သည်။ ပြီးမှနှုတ်ခမ်းချင်း ခွာလိုက်သည်။

"ပြန်တော့နော် ဗေဒါ။ မမ ပြောရင်နားထောင်နော်"

ငြိမ်း အသံမှာ တုန်၍နေသည်။ လှိုက်သံမောသံလည်း ပါသည်။ အသည်းသားမှက ငြိမ်း တစ်ကိုယ်လုံးပင် တုန်၍နေသည်။ ဗေဒါကမူ ငြိမ်းကို မဝနိုင်သော အကြည့်ဖြင့်သာ စိုက်၍ကြည့်နေသည်။ တစ်ယောက်နှင့်တစ်ယောက် စကားမပြောနိုင်ကြသော်လည်း လှုပ်ရှားနေသောစိတ်က သူတို့မျက်နှာတွင် ပေါ်၍နေသည်။ ငြိမ်းကို စိုက်ကြည့်နေရာမှ ဗေဒါက ငြိမ်း တစ်ကိုယ်လုံး သိမ်း၍ ဖက်လိုက်ပြန်သည်။ နှစ်ယောက်သား အိပ်ရာပေါ်တွင် လဲကျ၍ သွားလေသည်။ ဗေဒါ့ မျက်နှာက ငြိမ်း၏ မျက်နှာပေါ်သို့ မိုးထားပြီး ရှိနေတော့သည်။

ငြိမ်းသည် ကြောက်လန့်တကြားထရန် အားယူလိုက်သော်လည်း ဗေဒါ၏ ကိုယ်က ငြိမ်းကိုဖိထားသလို ရှိနေတော့သည်။ ငြိမ်းသည် မျက်လုံးကလေး ကလယ်ကလယ်ဖြင့် ဗေဒါကိုကြည့်ရင်း တောင်းပန်လိုက်သည်။

"ဗေဒါ. . . မမကို မညှဉ်းဆဲနဲ့နော်။ မမ ကြောက်တယ်ကွယ်။ ဗေဒါ ဖယ်ပါတော့ မမ. . ."

ငြိမ်းသည် ဆက်၍မပြောနိုင်တော့ချေ။ ငြိမ်း၏ တရွရွလှုပ်ရှားနေသော နှုတ်ခမ်းကလေးများကို ဗေဒါက သူ့နှုတ်ဖြင့် ဖုံးပိတ်လိုက်သည်။

အစကတော့ ကြောက်အားဖြင့် ရုန်းသေးသည်။ နောက်တော့ ဗေဒါ၏ ရင်ပြင်ကို တွန်းကန်ထားသော ငြိမ်း၏လက်များသည် အလိုလို လျှော့ကျ၍ သွားသည်။ မျက်လုံးကလေးများက အလိုလိုမှေး၍ မျက်တောင်ကလေး များသည် စင်း၍လာတော့သည်။

ဗေဒါသည် ငြိမ်း၏ နှုတ်ခမ်းကလေးကို ခွာလိုက်ပြီးလျှင် တစ်ဖန် လည်တိုင်ကြော့ကြော့မှ မြကြောစိမ်းစိမ်းကလေးကို ဆင့်၍ဆင့်၍ နမ်းလိုက် သည်။ ငြိမ်းသည် မှေ့မြောနေသူပမာ ဗေဒါပြုသမျှ မလှုပ်မယှက် ငြိမ်၍ နေတော့သည်။ ဗေဒါကမူ ငြိမ်း၏လည်တိုင်ကလေးကို လှည့်ပတ်၍ နမ်းလိုက် ပြီးလျှင် မကျေနပ်သေးဘဲ နဖူးပြင်ပြန့်ပြန့်ကလေးကို ဆက်၍နမ်းလိုက်သည်။ ထိုမှတစ်ဖန် ပါးမို့မို့အစုံ နောက်တစ်ခါ နှုတ်ခမ်းလွှာကလေးများ. . .

"တော်ပါတော့ မောင်ရယ်. . . ငြိမ်းသေလိမ့်မယ် ။ မောလှပြီ ရင်တွေ လည်း သိပ်တုန်နေတယ်။ အသက်ရှူလို့တောင် ရတယ်မထင်ဘူး။ ဒါလောက် ချစ်ရရင် မကျေနပ်သေးဘူးလားဟင်"

ငြိမ်းက လေသံယဲ့ယဲ့ဖြင့် တောင်းပန်နေရှာသည်ကိုပင် ပေဒါက ကြားဟန်မတူ။ ငြိမ်းက စကားပြောရန် နှုတ်ခမ်းကို ဖွင့်လိုက်သည်နှင့် တစ်ပြိုင် က် ဆက်၍မပြောနိုင်အောင် ငြိမ်း နှုတ်ခမ်းလွှာကလေးများကို သူ့နှုတ်ခမ်းဖြင့် ်တ်လိုက်သည်။

"မငြိမ်းကို ကျွန်တော် ဆယ်သက်ချစ်လို့ ကျွန်တော် မရှောင့်ရဲနိုင်ဘူး။ ကျွန်တော့်ကို စိတ်ဆိုးချင်ဆိုးတော့"

ပေဒါသည် ငြိမ်း၏ တစ်ကိုယ်လုံးကို ဘယ်လက်ဖြင့်သိမ်း၍ ဖက်လိုက် ်းလျှင် ရင်ချင်းကပ်လိုက်သည်။ သူ့စိတ်သည် မုန်ယစ်သော ဆင်ရိုင်းကဲ့သို့ ္ဒန်းဘုပ်၍ မရတော့ချေ။

မသတ်မှတ်နိုင်သော အချိန်အပိုင်းအခြားအတွင်း၀ယ် စိတ်၏လွှမ်းမိုး ုဆောင်ရာသို့ နစ်မျော၍သွားကြရာမှ ငြိမ်းသည် နေရာအတွင်းမှ ဖွတ်ခုန်း၍ ူက်လိုက်သည်။ ပြီးမှ ပေဒါကို ဒေါသဖြင့် ကြည့်လိုက်သည်။

"မင်း. . . မင်း မကောင်းဘူး။ ငါ့ကို ခုလောက်ထိ ဒုက္ခပေးတာ အားမရ ့ ဒါထက်ဒုက္ခပေးဦးမလို့လားဟင်။ မင်း သိပ်ရက်စက်တယ်။ မမအပေါ်မှာ ာနာတဲ့စိတ်တောင် မထားဘူး။ ဒီလိုတော့ နှိပ်စက်မနေနဲ့။ ညှဉ်းဆဲမနေနဲ့ ုကို သေအောင်သတ်သွားပါလားဟင်။ မမကို သေအောင်သတ်သွားပါ လား"

ငြိမ်းသည် ပြောရင်း ရှိုက်၍ရှိုက်၍ ငိုလေတော့သည်။ ပေဒါသည် ူပင် သတိပြန်၍ရလာသူကဲ့သို့ ကြောင်အမ်းအမ်းဖြစ်နေသည်။ ဘာလုပ်၍ ုပ်မိမှန်းမသိပြန်၍ စဉ်းစားတော့လည်း ကိုယ့်ကိုယ်ကိုယ် မှားသည်ဆိုသော အသိကလွဲ၍ တခြား ဘာမှမပေါ်လာတော့ချေ။

"ကျွန်တော်ဒီလို သဘောမျိုးမဟုတ်ပါဘူး မငြိမ်းရာ။ ကျွန်တော့်စိတ် ဘ ဘယ်လိုဖြစ်သွားမှန်း မသိဘူး. . . ရုတ်တရက် သတိလစ်သွားသလိုပဲ ရယ် ကျွန်တော့်ကို ခွင့်လွှတ်ပါ ကျွန်တော့်ကို စိတ်မဆိုးပါနဲ့နော်"

ငြိမ်း၏ ပခုံးကလေးကို လှုပ်ခါ၍ တောင်းပန်နေသည့်တိုင်အောင် ငြိမ်းက ာစ်ကိုယ်လုံး သိမ့်သိမ့်ခါနေအောင် ရှိုက်၍ငိုနေသည်။ အသံထွက် အောင်ကား ုငိုရဲချေ။

"ကျွန်တော်မှားပါတယ် မငြိမ်းရယ်။ ဒီစိတ်မျိုး ဒီအကြံမျိုး ပေါ်လာ ာက ကျွန်တော် ယုတ်မာတာပဲ။ ဒါပေမဲ့ တော်ပါသေးတယ် မမ သတိပေးလို့ ကျွန်တော်တို့မှာ ခရီးမလွန်ကြသေးတာ၊ နောက်ကျွန်တော်ဒီလို မဖြစ်စေရ

ပါဘူး။ ကျွန်တော် မြူမှုတာဟာ သိပ်ကလေးဆန်ပြီး မှိုင်းစိုင်းနေတယ် ဆိုတာ ကျွန်တော် နားလည်ပါပြီ ကျွန်တော်ဟာ ရှုနေတဲ့ ကလေးငယ် တစ်ယောက်ပါ မမရယ်"

"ဟုတ်တယ်။ ဟုတ်တယ် မင်းဟာ ကလေးပဲ ရှုနေတဲ့ကလေးပဲ။ ဒါပေမဲ့ မင်းရှုသလို ငါ့မှာ မရှုနိုင်လို့ ခက်နေတယ်။ မင်း ခလေးဆန်သလို မဆန်နိုင်လို့ ဒုက္ခတွေ့ နေရတယ်။ မင်းဟာ လိုချင်တာကလွဲလို့ ဘာမှကို မမြင်တတ်တဲ့ ကလေးပဲ။ ကလေးများဟာ သူလိုချင်တာပဲ သူ သိတယ် မှန်လိုချင်ရင်လည်း တည့်မှန်း မတည့်မှန်း၊ ဆာမှန်း မဆာမှန်း မသိဘူး၊ ရနိုင်မှန်း မရနိုင်မှန်း မသိဘူး၊ လိုချင်တာကို ဖွတ်ပူဆာတတ်တယ်၊ မရရင်ငိုတယ်။ ရရင်ရယ်တယ် မင်းက ကလေးမို့ ကလေးဆန်တာ အရေးမကြီးဘူး။ မင်း ကလေးဆန်တာကို အလိုလိုက်မိရင် မမ ခွေးဖြစ်မယ်သိလား။ ကလေးကို မုန့်ပေးကျွေးတဲ့ အပြင်မျိုးတော့ တစ်သက်လုံး အရောက်မခံနိုင်ဘူး"

ငြိမ်းက ကရုဏာဒေါသော ရန်တွေ့နေသော်လည်း ဗေဒါအနေနှင့်ကား ပန်းနှင့်ပေါက်သလို ရှိတော့သည်။ ငြိမ်းကို စိတ်ဆိုးရန်ဝေးစွ။ ကိုယ့်အပြစ်နှင့် ကိုယ်မို့ ငြိမ်းကိုပို၍သနားမိသည်။ ကြင်နာမိသည်။ ယုယမြတ်နိုးမိသည်။ ငြိမ်းက သူ့ရင်ခွင်ထဲတွင် ရှိသမျှ အန်ထုတ်လိုက်ရသဖြင့် ပါသွားသည်။ သက်သာရာလည်း ရသွားသည်။ ခေါင်းရင်းတွင်ရှိသည့် မျက်နှာသုတ်ပဝါဖြင့် သူ့မျက်နှာကို သုတ်နေတော့သည်။

"ကျွန်တော့်ကို စိတ်ဆိုးတုန်းပဲလား မမ"

"မေးမနေနဲ့ ဗေဒါ. . . မမ ပြောတာကို နားထောင်။ ခုမှ မင်းကို စိတ်ဆိုးနေလည်း အပိုပဲ။ မမကိုက မှားတာ။ မင်းကိုသနားပြီး အလိုလိုက်မိတာ မမ အပြစ်ပဲ ဒါတွေထားတော့ နောက်မင်းကို မမ အတွေ့မခံတော့ဘူး အကြောင်းရှိလို့ တွေ့ချင်ရင် မမကိုယ်တိုင်လာပြီးပြောမယ်။ မင်းကတော့ မမနဲ့ တွေ့ဖို့ဘယ်တော့မှ မလာနဲ့"

"ကျွန်တော်ပြောပါရစေဦး"

"မလိုဘူး မင်းသွားတော့ မမကို စိတ်ဆင်းရဲအောင် မလုပ်ဘူးဆို မင်းကိုယ်မင်းထင်နေသေးရင် တစ်ခွန်းမှမပြောဘဲ ခုအခန်းထဲက ထွက်သွားပါ"

ငြိမ်း အမူအရာသည် စောစောကလို မဟုတ်တော့ချေ။ ဆရာမ တစ်ယောက်က တပည့်တစ်ယောက်ကို စေခိုင်းနေသလို အာဏာသံပါသည်။

ဗေဒါသည် ငြိမ်းကို အသနားခံသော မျက်နှာဖြင့် ကြည့်လိုက်မိသည်။ ငြိမ်းက ဗေဒါကို စိုက်ကြည့်နေသည်။ ကြည့်ပုံက တည်ငြိမ်လှသည်။ သည်တော့ လည်း ဗေဒါမှာ နေရာမှအသာထလိုက်ရသည်။

"မငြိမ်း ခိုင်းတဲ့အတိုင်း ကျွန်တော် နားထောင်ပါတယ်"

ပြောပြောဆိုဆိုပင် ပြတင်းပေါက်မှ ခုန်ဆင်း၍ သွားတော့သည်။

ငြိမ်းသည် ဗေဒါ ထွက်သွားရာသို့ ငေး၍ကြည့်နေသည်။ သို့ကြည့်နေရင်းမှ မျက်ရည်များက တလိမ့်လိမ့် စီးကျလာသည်။ နောက်ဆုံး၌ သူ့စိတ်ကို သူမချုပ်တည်းနိုင်တော့ဘဲ စိတ်ရှိလက်ရှိ ရှိုက်၍ငိုလိုက်မိသည်။ ရှိုက်သံများက အပြင်သို့ မထွက်လာ၊ ရင်ထဲ၌သာ ရှိုက်ခတ်လျက် ရှိလေတော့သည်။ တစ်ချက်တစ်ချက်မှသာ ခပ်သဲ့သဲ့ကလေး ပေါ်ထွက်လာလေသည်။

အရှေ့ဆီမှ လင်းရောင်ခြည် ဖျိုးစပြုလေပြီ။ ကြယ်ကလေးများသည် တဖြည်းဖြည်း မှေးမှိန်ပျောက်ကွယ်၍ သွားကြလေပြီ။ သာယာစ ပြုနေပြီဖြစ်သော အရုဏ်ဦးဝယ် ငြိမ်း၏ကြေကွဲဖွယ်ရာ ရှိုက်သံကလေးသည် အခန်းတွင်းဝယ် ပျံ့လွင့်လျက် ရှိလေသည်။

❑

# ၄

ငြိမ်းသည် နေမြင့်မှ အိပ်ရာကထ၍ ရတော့သည်။ မှန်ရှေ့တွင် ကိုယ့်မျက်နှာ ကို ပြန်၍ကြည့်လိုက်ပြန်တော့လည်း မျက်ခွံကလေးများက ဖို့၍နီရဲနေသည်။ ငြိမ်းသည် နီရဲနေသော မျက်ခွံကလေးများပေါ်တွင် ပေါင်ဒါများ ဖို့လိုက်သည်။ မျက်လုံးများက ကြည့်ရသည်မှာ ဝေနေသည်။ ခေါင်းထဲကလည်း နောက်နေ သည်။

ညက ပေဒါရောက်လာတော့ ငြိမ်းသည် အိပ်ပျော်စရှိသေးသည်။ ပေ ပြန်သွားတော့လည်း တော်တော်နှင့် အိပ်၍မရ။ မိုးစင်စင်လင်း အိပ်ပျော်သွားသည်။ ပျော်သည်ဆိုသော်လည်း ခဏမျှသာဖြစ်သည်။ ချက်ချင်း ပြန်လန့်နိုးသည်။ အိပ်ရာထဲတွင် အတော်ကြာအောင် ခွေ၍နေမိသည်။

တစ်ခုတော့ ဆုံးဖြတ်မှဖြစ်မည်ဟု သူ့စိတ်ကိုသူ လှုံ့ဆော်နေမိသည် ခုအတိုင်း ဆက်သွား၍ကား မဖြစ်တော့သည်ကို ငြိမ်းကိုယ်တိုင် နားလည် ဖြစ်သည်။ ထို့ကြောင့်လည်း ငြိမ်းသည် အိပ်ရာထဲတွင် ခွေနေရင်း ဘာလုပ် မည်ကို ခေါင်းပူအောင် စဉ်းစားမိသည်။ တော်တော်နှင့် အဖြေက ထွက်မလာ မျက်ရည်များသာ တလိမ့်လိမ့် စီးကျလာသည်။ နောက်ဆုံးတော့ မပေါ်နိုင် တော့ချေ။ သူ့စိတ်ကို သူတင်း၍ တစ်ခုခုလုပ်ရန် ဆုံးဖြတ်လိုက်သည်။

ထိုသို့ ဆုံးဖြတ်ပြီးသည်နှင့် တစ်ပြိုင်နက် ငြိမ်းသည် အိပ်ရာမှထ၍ အပြင်ထွက်ရန် အဝတ်အစားများ လဲလိုက်သည်။

အပြင်ဘက်တွင် ဒရိုင်ဘာမောင်သန်းက အဆင်သင့် ရောက်နေ သည်။ ငြိမ်းသည် ညှော်ခန်းသို့ ထွက်ခဲ့သည်။

"မောင်သန်း သည်နေ့ အလုပ်ဆင်းသလား"

မောင်သန်းသည် ကော်ဖီသောက်နေရာမှ ထလိုက်ရင်း ငြိမ်းကို တရို ဘသေ ပြန်၍ပြောလိုက်သည်။

"မဟုတ်ဘူး မမလေး၊ ဆရာ မှာထားလို့"

"ကဲရှင် ဒါဖြင့် အတော်ပဲ၊ ကျွန်မကို ခဏလောက် လိုက်ပို့စမ်းပါ၊ အားတယ်မဟုတ်လား"

"အားပါတယ် ခင်ဗျ"

"ငြိမ်းသည် နောက်ဖေးခန်းဝင်၍ သူ့မေမေထံ ခွင့်တောင်းလိုက်သည်"

"မေမေ. . . ကိုကို့ကို နှုတ်ပြောလိုက်ပါ။ သမီး ကားခဏ ယူသွားတယ်၊ ချက်ချင်း ပြန်လာမှာပါ"

"အေး အေး၊ သမီးက ဘယ်သွားမလို့လဲ"

ငြိမ်းမေမေက စပ်စုသလို မေးလိုက်ရာမှ ငြိမ်း၏ အဖြေစကားကို ကြားလိုက်ရသောအခါ မျက်လုံးများပြူး၍ သွားလေသည်။

"သမီး ဦးတင်အောင်နဲ့ တွေ့စရာကိစ္စရှိလို့"

ငြိမ်းက ပြောပြောဆိုဆို ထွက်သွားတော့သည်။ ဒေါ်မြစိန်သည် ငြိမ်းကို ဘုံ့ကြည့်နေသည်။ ခုတလော ငြိမ်းအပြုအမူ အပြောအဆိုများကို နားမလည်နိုင် အောင် ရှိတော့သည်။ သို့ပေမဲ့ ငြိမ်းကို ထပ်၍ မမေးမိလိုက်ချေ။ ဦးတင်အောင် သံ စောစောစီးစီး ဘာစိတ်ကူးရ၍သွားသည်ကို စဉ်းစား၍မရ။ ရန်ဖြစ်စရာ အကြောင်းတော့ မရှိဟုလည်း ငြိမ်းမေမေက တွေးမိသည်။ ငြိမ်း၏မျက်နှာက အေးအေးဆေးဆေး ရွှင်ရွှင်ပျပျပင် ဖြစ်သည် မဟုတ်လော။ သူတို့ကိစ္စသူတို့ ချင်း ဆွေးနွေးရန်သာသွားခြင်း ဖြစ်ပေမည်။

ငြိမ်းမေမေသည် ကားထွက်သွားသည်အထိ အပေါက်ဝမှ ငေး၍ကြည့် နေမိသည်။ ကားထွက်သွားမှ ခေါင်းကို တစ်ချက်မျှ ညိတ်ရင်း မသိမသာ ပြုံးလုက်မိသည်။

"ဪ ငါ့သမီးလည်း ဘာများဖြစ်နေပါလိမ့်"

ငြိမ်း မေမေက တစ်ယောက်တည်း ညည်းလိုက်မိသည်။ အမှန်တော့ ငြိမ်း ဘာဖြစ်နေသည်ကို ငြိမ်းကိုယ်တိုင်က လွဲ၍ဘယ်သူမှ သိမည်မဟုတ်။

ငြိမ်း အနေနှင့်ကား မှားသည်ဖြစ်စေ၊ မှန်သည်ဖြစ်စေ၊ ဆုံးဖြတ်ချက်တစ်ခုကို ချလိုက်နိုင်သည့်အတွက် ပေါ့သွားသည်။ လူဆိုတာ လမ်းဆုံရောက်ရင် ခဏ တော့ ရပ်ရစမြဲပင် မဟုတ်လား။ ပြီးတော့လည်း ပုံသေခရီးလမ်းစဉ် မရှိမှ ဘယ်လမ်းလိုက်ရမည်ကို လမ်းဆုံကိုရောက်တိုင်း စဉ်းစားရမည် မဟုတ်လား ခုလည်း ငြိမ်း ဘဝခရီးအတွက် လမ်းဆုံတစ်ခုသို့ ရောက်၍လာလေပြီ ထို့ကြောင့်လည်း ရပ်၍ စဉ်းစားနေခဲ့ရသည်။ ကြာကြာလည်း စဉ်းစားနေ၍ မရ။ ဘဝရဲ့ အချိန်ကာလဆိုတာ တကယ်တော့ သိပ်ကြာလှသည် မဟုတ် ချေ။ တစ်ခါတစ်ရံ လွန်ခဲ့သော လေးငါးနှစ်က အဖြစ်အပျက်များပင် မနေ့တ နေ့က ဖြစ်ပျက်သလို ထင်ရသည်။ ဤမျှ လောက်လည်း မြန်ဆန်သည်။ ဘဝ ဖြစ်ပျက် လှုပ်ရှားပုံများက မြန်ဆန်လွန်းအား ကြီးတော့လည်း အချိန် ကာလဆိုသည်မှာ တိုတောင်းသည်ဟု ထင်လာရသည်။ ဤသို့ တိုတောင်း သောဘဝ၊ အချိန်ကာလကို အကြာကြီးရပ်၍ ဖြုန်းတီးပစ်ရန် မသင့်။

ငြိမ်းသည် သူ့ဘဝ၏ခရီးလမ်းဆုံလမ်းခွတွင် ဘယ်လမ်းသို့ လိုက်ရမှန်း မသိဘဲ တွေဝေနေခဲ့သည်။ မဆုံးဖြတ်နိုင်တော့လည်း၊ အကြာကြီးရပ်၍ စဉ်းစားနေရသည်။ ရက်မှလ၊ လမှနှစ်ပင် ကူးလာပြီ မဟုတ်လော။ ခုတော့ လည်း တစ်ခုခု ဆုံးဖြတ်လိုက်ရတော့သည်။ အမှန်တော့ လူ့ဘဝခရီးလမ်း လျှောက်ရသည်မှာ မလွယ်လှချေ။ လမ်းမှားလျှင် ပြန်လျှောက်တိုင်း သင့်သည် မဟုတ်။ သို့သော် မှားမည်ကို ကြောက်၍ မလျှောက်ဘဲ ရပ်နေရန်လည်း မသင့် သည်တော့လည်း ရပ်နေသည့်အဖြစ် မရောက်အောင် လမ်းမှားကို လည်း မရောက်မိအောင် ချင့်ချိန်စဉ်းစား၍ သွားရပေလိမ့်မည်၊ သည်အထဲ အ အမှားနှင့်ကြုံလာလျှင်တော့ ကံသာလျှင် အပြစ်ချရတော့မည်။

မြို့မ်းလို မိန်းကလေးတစ်ယောက်အတွက်ကား မိုးရာကိုးကွယ်ခဲ့သော ဘာသာတရား၏ ဦးမိုးမှုအောက်မှ မွေးဖွားလာရသူ ဖြစ်သည့်အတိုင်း ကိုယ်တိုင် မဖြစ်လိုသောဘဝနှင့် ကြုံလာလျှင် ကံကိုသာ အပြစ်ပို့ချစရာ ရှိ တော့သည် ကံဆိုသည်မှာ ကိုယ်က အစိုးရနိုင်သည်မဟုတ်။ သူပြုသမျှနု၍ သူ့စီမံရာ ခံရသည် မဟုတ်လော"

ငြိမ်းသည် ကားနောက်ခုံတွင် မှီ၍ထိုင်နေရင်း အတွေးပင်လယ်ကြော တွင်မျော၍နေတော့သည်။

ကားသည် အင်းယားလမ်းအတိုင်း ဆက်မောင်းလာသည်ကို သတိမ အရပ်နိုင်းလိုက်သည်။

"အဆောင်ကို မသွားဘူး ကိုသန်းရေ၊ ရန်ကင်းသွားမလို့ ရန်ကင်းက ဦးတင်အောင်တို့အိမ် သိတယ်မဟုတ်လား"

"ဟုတ်ကဲ့သိတယ် မမ"

"ဦးတင်အောင် အိမ်ကို မောင်းပါ"

မောင်သန်းသည် ပြန်၍မမေးရဲသော်လည်း စိတ်ထဲမှ ဖုံ့ဖြနေသည်။ ငြိမ်းကို ကားဖြင့် အကြိမ်ကြိမ် လိုက်ပို့ဖူးသည်။ အမျိုးသမီးအဆောင်၊ စတော့ ဈေး၊ ရုပ်ရှင်ရုံနှင့် မိန်းကလေး သူငယ်ချင်းများအိမ် စသည့် နေရာများသာ ပို့ရဖူးသည်။ ယောကျ်ားကလေး တစ်ယောက်ယောက်၏ အိမ်သို့ တစ်ကြိမ်မျှ မပို့ခဲ့ရဘူးချေ။ ဦးတင်အောင်အိမ်သို့လည်း တစ်ခါမျှ မပို့ခဲ့ရဘူးချေ။ ခုလို ငြိမ်းက ဦးတင်အောင်အိမ်ကို အပို့ခိုင်းသောအခါ မောင်သန်း စိတ်ထဲတွင် နည်းနည်းတော့ ဆန်း၍နေသည်။ သို့သော် ငြိမ်းသွားလိုရာ ပို့ပေးရမည်မှာ မောင်သန်း၏ တာဝန်ဖြစ်သည် မဟုတ်လား။

ကားကလေးသည် ဦးတင်အောင် အိမ်ဆီသို့ တရိပ်ရိပ် ပြေးနေတော့သည်။ အမှန်တော့ ငြိမ်းကိုယ်တိုင် ဦးတင်အောင်နေသော နေရာကို သိသည် မဟုတ်၊ ရန်ကင်းမှာ နေသည်ဟုသာ ပြောသံကြားဖူးသည်။ တိုက်နံပါတ်၊ အခန်းနံပါတ်ကို သေသေချာချာ မမှတ်မိ၊ တိုက်ပုကလေးရှေ့တွင် ကားကိုထိုး ၍ ရပ်လိုက်မှ ဦးတင်အောင် အိမ်ရောက်မှန်း သိရတော့သည်။

"ကိုသန်းရေ . . ဦးတင်အောင် ရှိလား မေးကြည့်ပါ။ ရှိရင် ငြိမ်းက တွေ့ချင်လို့ဆိုတာ ပြောပြပါနော်"

"ဟုတ်ကဲ့ မမ"

မောင်သန်း ထွက်သွားမှပင် ငြိမ်းသည် ကားနောက်ခုံကို မှီနေရာမှ ခေါင်းထောင်၍ ကြည့်လိုက်သည်။ အိမ်တုန်းကတော့ ကိုယ့်ကိုယ်ကိုယ် ပြတ်သားလှပြီဟု ထင်မိသော်လည်း တကယ်ရင်ဆိုင်ရခါနီးမှ သွေးလန့်နေသည်။ ရင်ခုန်လာသည်။

ခဏကြာရင် တိုက်ခန်းတွင်းမှ မောင်သန်းပြန်၍ ထွက်လာသည်။ မောင်သန်းနောက်မှ ဦးတင်အောင်သည် ငြိမ်းအနားသို့ လာ၍ရပ်လိုက်ပြီး ဖုံ့ဖြဝမ်းသာသည့် အမူအရာဖြင့် ငြိမ်းကို ပြုံး၍နှုတ်ဆက်လိုက်သည်။

"ငြိမ်းရယ် ဘာလို့များ ကိုယ်တိုင်လိုက်လာလဲ။ ကိစ္စရှိရင် မောင်သန်း ကို လွှတ်ပြီး အခေါ်ခိုင်းလိုက်ရောပေါ့။ အလကား ဒုက္ခခံပြီး လိုက်လာတယ်"

ငြိမ်းသည် မပွင့်တစ်ပွင့် ပြုံးလိုက်သည်။ ပြုံးရမည့် ဝတ္တရားမို့သာ ပြုံးလိုက်ရသော်လည်း အားကမရှိ။ စိတ်ကလည်း မရွှင်လန်းတော့။ ငြိမ်း၏ အပြုံးပန်းမှာ နွမ်းလှသည်။

"ကိစ္စမရှိပါဘူး ဦးတင်အောင်။ ကျွန်မ ဒီမှာပဲ ဦးတင်အောင်နဲ့ လွတ်လွတ်လပ်လပ် စကားပြောစရာရှိလို့ တမင်လာတာ"

ဦးတင်အောင်သည် ငြိမ်းကို တအံ့တဩ ကြည့်နေမိသည်။ စိတ်ထဲမှ ဝမ်းသာသော်လည်း ဝမ်းသာသည့် အမူအရာကို မပြနိုင်။ အံ့ဩသည့်စိတ်က ပို၍လွှမ်းမိုးနေသည်။ အတန်ကြာမှ ဦးတင်အောင်၏ မျက်နှာသည် တဖြည်းဖြည်း ပြုံး၍လာသည်။

"ကဲ. . . ငြိမ်း ဆင်းလေ"

ဦးတင်အောင်က ပြောပြောဆိုဆို တံခါးကိုဖွင့်ပေးလိုက်သည်။ ငြိမ်းက ကားပေါ်မှ အသာဆင်း၍ ဦးတင်အောင်နောက်သို့ လိုက်ခဲ့သည်။ ရောက်လျှင် စကားကို ဘယ်ကစ၍ ပြောရမည်ကို စဉ်းစားရင်း ဧည့်ခန်းသို့ရောက်လာ သည်။

ဦးတင်အောင်က ငြိမ်းထိုင်ရန် ကုလားထိုင်ဆွဲ၍ ပေးသည်။ ငြိမ်းက ဦးတင်အောင်ယူပေးသည့် ကုလားထိုင်တွင် ဝင်၍ထိုင်လိုက်သည်။

"ကဲ. . . ဘာစားမလဲ။ မုန့်ဟင်းခါးစားရင် အဝယ်ခိုင်းမယ်လေ"

"တော်ပြီ ဦးတင်အောင် တခြားဘာမှမလုပ်ပါနဲ့။ ငြိမ်း မဆာပါဘူး အပြန်မှ ထမင်းစားမယ်"

"ဦးကြီးမြရေ ကော်ဖီကျကျ နှစ်ခွက်လောက် ဖျော်ခဲ့ပါဗျို့။ မုန့်လည်း ယူခဲ့ပါ"

ဦးတင်အောင်သည် ဧည့်ခန်းမှ လှမ်းပြောသည်နှင့် အားမရနိုင်ဘဲ နောက်ဖေးခန်းသို့ ဝင်သွားပြန်သည်။ နောက်ဖေးခန်းတွင် ကိုယ်တိုင်ဝင်၍ ငြိမ်းအတွက် စားစရာ သောက်စရာများကို စီမံနေတော့သည်။

ငြိမ်းက ဦးတင်အောင်၏ ဧည့်ခန်းတွင် အကဲခတ်သလို ကြည့်နေမိသည်။ ဧည့်ခန်းတွင် ခင်ယုမေ၊ မေသဇင်၊ ကြည်ကြည်ဌေး စသည့် စီးကရက်ရုပ်ပုံ ပြက္ခဒိန်များစီ၍ ချိတ်ထားသည်။ ပြီးတော့လည်း ခေါင်းရင်း ပြတင်းပေါက် အထက်တွင် ဦးတင်အောင်၏ ဆယ့်နှစ်လက်မ ရောင်စုံ ဓာတ်ပုံကြီး တစ်ခုကိုလည်း တွေ့ရသည်။ ဦးတင်အောင်၏ ဧည့်ခန်းမှာ ခမ်းခမ်းနားနားကြီး မဟုတ်သော်လည်း ကြည့်ပျော်ရှုပျော်တော့ ရှိသည်။ မိန်းကလေး မရှိ

အိမ်တစ်အိမ်တွင် ဤမျှလောက် သပ်သပ်ရပ်ရပ် နှိုသည်ပင်လျှင် တော်သေး သည်ဟု ချီးကျူးရပေမည်။

ခဏကြာရင် ဦးတင်အောင်ပြန်၍ ထွက်လာသည်။ ဦးတင်အောင် သည် ငြိမ်းပြောမည့် စကားကို ကြားလိုလှသော်လည်း စမြဲမမေးရဲ၊ စီးကရက် ကို သူ၍ မီးညှိရင်း ငြိမ်းအရိပ်အခြည်ကိုသာ ကြည့်နေမိသည်။ ဒါကိုလည်း ငြိမ်းက နိုပ်မိသည်။ သို့သော် စကားစက ရုတ်တရက်ရှာ၍ မရသေးသဖြင့် စဉ်းစားနေရသေးသည်။

"ကျွန်မတို့ ကိစ္စနဲ့ ပတ်သက်ပြီး ဦးတင်အောင် မေမေတို့ ကိုကိုတို့ကို ဖွင့်ပြောထားတယ်ဆိုတာ ကျွန်မ တလောကမှ သိတယ်"

"ဒါနဲ့ပတ်သက်လို့ ကျွန်တော် နည်းနည်း ရှင်းပါရစေ ကြီးကြီးနဲ့ ကိုဘကြည်ကို ကျွန်တော်ဝင်ပြောတဲ့ သဘောက ကျွန်တော်ဟာ ငြိမ်းတို့အိမ်မှာ ဆွေမျိုးသားချင်းလို လူရင်းတစ်ယောက်လို ဝင်ထွက်နေတယ်။ ကြီးကြီးတို့ ကိုဘကြည်တို့ကလည်း ကျွန်တော့်ကို ချစ်ခင်တယ်။ ယုံကြည်တယ်။ ဒီကြား ထဲက ကျွန်တော်က ငြိမ်းကို ခုလိုသဘောထားမိတယ်။ ကျွန်တော့်သဘောထား ကိုလည်း ဖွင့်ပြောမိတယ်။ ဒီတော့ ဒီကိစ္စကို ကျွန်တော်ဟာ ကြီးကြီးတို့ ကိုဘကြည်တို့ အသိမပေးရင် ဝတ္တရားမျှား ပျက်မလားလို့ စိုးရိမ်မိတယ်။ မိတ်ဆွေယောင်ဆောင်ပြီး ငြိမ်းအပေါ်မှာ ဖောက်ပြန်နေတဲ့ သဘောမျိုးလည်း မရောက်စေချင်ဘူး။ ဒါကြောင့် ကျွန်တော့်စိတ်သဘောကတော့ ဒီလိုရှိပါတယ် ဆိုတာ တင်ကြို ဖွင့်ပြောထားလိုက်တယ်။ ငြိမ်းကို ကျော်လွန်ပြီး လူကြီးတွေရဲ့ ဆန္ဒနဲ့ စီစဉ်လိုတဲ့သဘောလုံးလုံး ကျွန်တော်မှာ မရှိပါဘူး။ ဒါကိုတော့ အထင် မလွဲစေချင်ဘူး"

ဦးတင်အောင်က ငြိမ်း အထင်လွဲမည်ကို ကြောက်သောစိတ်ဖြင့် ကြို၍ ရှင်းပြလိုက်သည်။ ငြိမ်းက ဦးတင်အောင်၏ အဖြစ်ကို ကျိတ်၍ပြုံးမိသည်။

"ကိုကိုက အားလုံးရှင်းပြပြီးပါပြီ။ ငြိမ်း အခုလာတာ ဦးတင်အောင်ဆီ က အကူအညီတစ်ခု တောင်းချင်လို့လာခဲ့တာပဲ။ အမှန်တော့ ငြိမ်းက တစ်ည လုံး စဉ်းစားပါသေးတယ်။ ဦးတင်အောင်ဆီက ဒီလို အကူအညီမျိုး တောင်းသင့် မတောင်းသင့်ဆိုတာ ငြိမ်းအများကြီး စဉ်းစားပါတယ်။ ဒါပေမဲ့ နောက်ဆုံးတော့ ဒီအကူအညီကို ဦးတင်အောင်ဆီကမှ မတောင်းရင် ငြိမ်းမှာ တောင်းစရာ တခြား မရှိတော့ဘူး။ ဒါကြောင့် နောက်ဆုံး ဦးတင်အောင်ကိုပဲ ဖွင့်ပြောပြီး အကူအညီတောင်းမယ်လို့ ဆုံးဖြတ်လိုက်တယ်"

"အမယ်လေး ငြိမ်းရယ် ကျွန်တော်တတ်နိုင်တဲ့ အကူအညီဆိုရင် အား ဖြစ်ဖြစ် ပေးမှာပေါ့။ ကျွန်တော့်အတွက်တော့ အားနာစရာလည်း မလိုဘူး ငြိမ်းအတွက် ခုလိုကူညီခွင့်ရတာကိုပဲ ကျွန်တော့်အနေနဲ့ ဝမ်းသာရပါသေး တယ် ကဲ. . . ပြောလေ ဘာကူညီရမလဲလို့"

ဦးတင်အောင် စေတနာကို အမှီခံအတိုင်း ဖွင့်ပြောလိုက်သော်လည်း ငြိမ်းက ရုတ်တရက် ပြော၍ မထွက်နိုင်တော့ချေ။ ငြိမ်း လိုချင်သော အကူအညီ မျိုးမှာ တန်းပြော၍ ရသော ကိစ္စမျိုးမဟုတ်ချေ။ အားလုံးလိပ်ပတ်လည်အောင် ရှင်းပြရန် လိုဦးမည်။

"ငြိမ်း အားလုံးကို ရှင်းပြပါရစေ အမှန်ကတော့ တစ်နေ့ ငြိမ်းဟာ ဦးတင်အောင်ရဲ့ ဆန္ဒကို လက်ခံသည်ဖြစ်စေ၊ လက်မခံနိုင်သည်ဖြစ်စေ၊ ငြိမ်း နှင့်ပတ်သက်လို့ ဦးတင်အောင် သိသင့်တာတွေတော့ ဖွင့်ပြောထားရလိမ့်မယ်။ ဒါမှ ငြိမ်းဟာ ဦးတင်အောင်ကို အမှန်အတိုင်း မလိမ်ဘဲ မညာဘဲ မကွယ် မဝှက်ဘဲ ဆက်ဆံရာကျမယ်"

"ငြိမ်းကို ကျွန်တော် ယုံပါတယ်။ ငြိမ်းရဲ့ နိုးသားမှု၊ ဖြူစင်မှုကို ကျွန်တော် နည်းနည်းမှ သံသယ မရှိပါဘူး"

"မဟုတ်သေးဘူး ဦးတင်အောင် ဒီကိစ္စမျိုးကို အလွယ်တကူပြောလို့ မရဘူး။ ငြိမ်းကို ရိုးတယ်လို့ ဦးတင်အောင် ထင်နေတာက ငြိမ်း ဆန်းပြားတာ မတွေ့ရသေးလို့ ထင်နေတာ။ တကယ်လို့ ငြိမ်းဆန်းပြားနေတာကို မမျှော်လင့် ဘဲ ကြားရသိရရင် ဦးတင်အောင် စိတ်ထဲမှာ ဘယ်လိုနေမလဲ။ ပိုပြီး အထင် သေးသွားမယ်။ ဒီတော့ ကျွန်မနဲ့ပတ်သက်ပြီး ဦးတင်အောင် သိသင့်သိထိုက် တာကို ဖွင့်ပြောထားဖို့လိုမယ်။ အဲဒီလို ဖွင့်ပြောထားပြီးတဲ့နောက် ဦးတင် အောင် စိတ်မပျက်သေးဘူးဆိုရင်လည်း စောင့်ချင်လည်း စောင့်ဦးပေါ့ စိတ်ပျက်လို့ နောက်ဆုတ်ချင်လည်း ဆုတ်ပေါ့"

"ဒီလိုမပြောပါနဲ့ ငြိမ်းရာ၊ ကျွန်တော့်ဘက်က ငြိမ်းကို နောက်ဆုတ်ဖို့ ဆိုတာမျိုး ဘယ်တုန်းကမှ မတွေးခဲ့ဘူး။ ငြိမ်းက ကျွန်တော်ကို ပယ်မချမချင်း ကျွန်တော်နောက်မဆုတ်ဘူး။ ကုန်ကုန်ပြောမယ် ကျွန်တော့်ကို ပယ်ချပြီးတဲ့ နောက်တောင် ကျွန်တော် အားမလျှော့သေးဘူး။ စောင့်နေဦးမှာပဲ။ ငြိမ်းဟာ တစ်ယောက်ယောက် လက်ထဲ မရောက်သေးသမျှ ကျွန်တော် ငြိမ်းကို နောက် မဆုတ်ဘူး။ ကျွန်တော် ဒီအတိုင်း ဆုံးဖြတ်ထားပါတယ်"

ဦးတင်အောင်သည် သူ့စိတ်ရင်းကို ပွင့်ပွင့်လင်းလင်း ပြောနေကြောင်း ကိုလည်း ငြိမ်းက ယုံကြည်ပြီး ဖြစ်သည်။ အမှန်တော့ ဦးတင်အောင် နေရာက ကြည့်လျှင် ဤဇာတ်တွင် ဦးတင်အောင်သည် အလွန်သနားစရာကောင်းသော အခန်းမှ ပါဝင်ကပြနေရသည် မဟုတ်ပါလော။ ဤသည်ကို တွေးမိရင်း ဦးတင်အောင်ကို သနားမိသည်။

"ထားပါတော့လေ ဒါကတော့ ဦးတင်အောင်ဘက်က သဘောထား ပေါ့။ ငြိမ်း ဦးတင်အောင်ကို မညာချင်ဘူး။ အရှုံးလုပ်တဲ့ အဖြစ်ရောက်မှာလည်း မုန်းတယ်၊ ငြိမ်းပြောခဲ့ဖူးတယ် မဟုတ်လား၊ ဦးတင်အောင်ကို ချစ်သူတစ်ယောက် အနေနဲ့ လက်မခံနိုင်ပေမဲ့ မိတ်ရင်းဆွေရင်း အစ်ကိုရင်း တစ်ယောက်လို လေးစားမင်တယ်၊ ယုံကြည်တယ်။ ဒါကြောင့်လည်း ငြိမ်းလာခဲ့တာပဲ။ ပထမဆုံး ဦးတင်အောင် သိထားဖို့က ငြိမ်းမှာ ချစ်သူရှိတယ်"

"ဗျာ. . ."

ဦးတင်အောင် ပါးစပ်မှ ယောင်ရမ်း၍ ထွက်သွားသည်။ မမျှော်လင့် သော စကားကို ကြားရသဖြင့်လည်း နားနှင့်ဆတ်ဆတ် ကြားနေရပါလျက်နှင့် မယုံနိုင်အောင် ရှိတော့သည်။

ငြိမ်းကမူ သူ၏ နှုတ်ခမ်းကလေးကို မသိမသာကိုက်၍ထားလိုက် သည်။ ငိုချင်သောစိတ်ကိုလည်း အတတ်နိုင်ဆုံး ထိန်း၍ထားရသည်။ ချစ်သူ ရှိသည့်အကြောင်း ဖွင့်ပြောရသော်လည်း ကိုယ်ချစ်ရတဲ့သူက ကံမွဲသူမို့ နာမည် ကောင်း ထုတ်ပြောရန် ခက်ခဲနေရသည့်အပြင်၊ မျက်နှာငယ်လှသည့် ချစ်သူ အတွက် တွေးရင်း ရင်နာရသည်။ အသည်းဆတ်ဆတ် ခါရသည်။

အချစ်ဆိုတာ ဆန်းကြယ်သားကလား ဦးတင်အောင်၊ တစ်ခါတလေ အမှတ်မထင်တဲ့ အရာကလေးက နှလုံးသားကို လွှမ်းမိုးနိုင်စွမ်းရှိတယ်။ ကျွန်မ တို့ရဲ့ ကံကြမ္မာကို ဦးနှောက်နဲ့ မဖန်တီးနိုင်တဲ့အခါ ရှိသလို ကျွန်မတို့မှာ အစဉ်းစားဉာဏ်မရှိပေမဲ့ ကျွန်မတို့ရဲ့ အချစ်ကို ကျွန်မတို့ရဲ့ ဦးနှောက်နဲ့ ဆုံးဖြတ်နိုင်ဘူး။ နှလုံးသားက လိုလားရာကို လိုက်ရတဲ့အခါတွေလည်း ရှိတယ်။ ငြိမ်း ချစ်ရတဲ့သူဟာ ဘယ်သူလဲလို့ မေးရင် အမှန်က ဖွင့်ပြောဝံ့စရာ မရှိပါဘူး။ လူတိုင်း အံ့ဩမယ်။ မေမေတို့ ကိုကိုတို့ သိရင် ရင်ကျိုးမတတ် ခံစားကြရလိမ့်မယ်။ ဒါပေမဲ့ မတတ်နိုင်ဘူး ဦးတင်အောင် လူတစ်ယောက်ဟာ ပညာဥစ္စာ အကျင့်သိက္ခာ စိတ်သဘောထား အဘက်ဘက်က ပြည့်စုံတယ်။

အဲဒီလူကို ချစ်သင့်တယ်။ ရွေးချယ်သင့်တယ်။ ဒါက ကျွန်မတို့ရဲ့ အစဉ်းစား ဉာဏ်က ပေါ်လာတဲ့ အသိကိုး။ ဒါပေမဲ့ အဲဒီလို အဘက်ဘက်က ပြည့်စုံတဲ့ လူမှ ချစ်ကြသလားလို့မေးရင် ကျွန်မတို့ ဘယ်လို ဖြေမလဲ။ ရှင်းနေတယ် လောကမှာ ပြည့်စုံတဲ့ယောက်ျား။ ပြည့်စုံတဲ့သူဆိုတာ အနည်းသားပဲ။ ကျွန်မတို့ ထင်တာလောက်ပဲရှိတာ ထားပါတော့လေ။ အဲဒီလို ပြည့်စုံတဲ့ ယောက်ျား တစ်ယောက်ကိုမှ မိန်းမတစ်ယောက်က ချစ်သင့်တယ်ဆိုရင် လောကကြီးဟာ အရှုပ်ပါဦးမလား။ ဒီလိုပြည့်စုံတဲ့ ယောက်ျားတစ်ယောက်အတွက် ချစ်ကြမယ့် မိန်းမလေးတွေ ဝိုင်းဝိုင်းလည်နေသလို မပြည့်စုံတဲ့ ယောက်ျားတစ်ယောက်မှာ ချစ်မယ့်သူမရှိဘဲ နေရတော့မှာပေါ့"

ငြိမ်းသည် စကားကို ခဏမျှဖြတ်ထားလိုက်ပြီးလျှင် အရည်လဲ့နေသော သူ့မျက်လုံးကို အပေါ်လှန်၍ တဖျပ်ဖျပ် မျက်တောင်ခတ်လိုက်သည်။ ပြောရင်း နာကြည်းလာသောစိတ်ကို ခဏမျှ အနားယူ၍ ဖြေဖျောက်လိုက် သည်။ ပြီးမှအနားယူ၍ သူ့စကားကိုသူ ဆက်လိုက်ပြန်သည်။

"ကဲ. . . တစ်ဖက်က ပြန်တွေးကြည့်ရအောင် လောကမှာ အဘက် ဘက် က ချို့တဲ့တဲ့ သူတစ်ယောက်ရှိတယ်။ ဘဝက်ကလည်းမွဲ၊ သူ့အဝေး ကြီးမြင့်မှုဆိုတာ ကြိုးစားဖို့ အခွင့်အရေးတောင် မရှိဘူး။ အဲဒီလို လူမျိုး တစ်ယောက်ကို တည်ငြိမ်တဲ့ ဦးနှောက်နဲ့သာ စဉ်းစားကြမယ်ဆိုရင် ဘယ် မိန်းကလေးမှ ချစ်ကြမယ် မဟုတ်ဘူး။ ဒါပေမဲ့ ငြိမ်းချစ်ရတဲ့သူဟာ အဲဒီလို အဘက်ဘက်က နုံချာပြီး ကံမွဲတဲ့လူဆင်းရဲ တစ်ယောက်ကို ငြိမ်းချစ်မိတယ် အများတွေးသလို တွေးရင်တော့ သဒ္ဓါလွန်လို့ တဏှာကျွံတယ်လည်း ပြောနိုင် တယ်။ နိုးစပ်လွန်းလို့ ဖြစ်တယ်လို့လည်း ပြောနိုင်တယ်။ ဒါပေမဲ့ ငြိမ်းတော့ ဒီလို မတွေးဘူး။ ကိုယ့်ဘက်က စွန့်လွှတ်ပြီး ချစ်သူတစ်ယောက်ကို မှန်မြတ်တဲ့ မေတ္တာနဲ့ ချစ်တာပဲလို့ ယူဆတယ်။ ဦးတင်အောင် စဉ်းစားကြည့်လေ ပြည့်စုံတဲ့ လူတစ်ယောက်ကို ရွေးချယ်တယ်ဆိုတာကိုက ကိုယ့်ဘက်က အနစ်နာ မခံချင် တဲ့ သဘောတွေပါတယ်။ အရှုံးအမြတ် တွက်တာတွေပါတယ်။ ဒီလိုတာမျိုးနဲ့ ချစ်ရတဲ့အတွက် မိဘမောင်ဖွား အလယ်မှာလည်း တင့်တယ်တယ်။ ကိုယ့်မှာ လည်း စိတ်ချမ်းသာတယ်။ ဂုဏ်တက်တယ်။ ဒါတွေ မျှော်ကိုးပြီး ယောက်ျား တစ်ယောက်ကို ရွေးရင် ချစ်ရင် ဒီလိုရွေးနည်း၊ ချစ်နည်းမျိုးဟာ သန့်ရှင်းတယ် လို့ ဆိုနိုင်ပါ့မလား၊ မှန်မြတ်တယ်လို့ ပြောနိုင်ပါ့မလား"

"ငြိမ်းရဲ့ အယူအဆတွေဟာ သိပ်ပြင်းထန်လွန်းတယ်၊ လောကကြီးမှာ လူတွေဟာ ချမ်းသာသုခကလေးရဖို့အတွက် ကြိုးစားလုပ်ကိုင်နေရတယ် မဟုတ်လား၊ ချမ်းသာသုခဆိုတာ လူတိုင်းလိုချင်ကြတဲ့ အရာပဲ၊ ဒီတော့ ကိုယ်ချမ်းသာမှုအတွက် လုပ်တဲ့အလုပ်မှန်သမျှဟာလည်း သူများအကျိုးကို ဆုံးရှုံးစေရင် တရားတယ်လို့ ဆိုရမှာပဲ"

ဦးတင်အောင်က စိုးရိမ်ဟန်ဖြင့် ငြိမ်းစကားကို ဝင်၍ ထောက်လိုက်သည်၊ ငြိမ်းက မချိုပြုံးကလေးပြုံးလိုက်ရင်း နဖူးပြင်တွင် စို့နေသော ချွေးပေါက်ကလေးများကို လက်ကိုင်ပဝါဖြင့် သုတ်လိုက်သည်၊

"ဒါဖြင့် လောကကြီးမှာ ကိုယ်ကျိုးရှာတဲ့အလုပ်ဟာ တရားတယ် မှန်ကန်တယ်လို့ ဆိုမလား၊ ကိုယ်ကျိုးစွန့်လွှတ်တဲ့ အလုပ်ဟာ မိုက်မဲတယ်လို့ ဆိုမလား"

ဦးတင်အောင်သည် အဖြေမပေးနိုင်ဘဲ ငေး၍နေတော့သည်၊ ငြိမ်းက သူ့ကို အထင်သေးသွားမည်လည်း စိုးရိမ်သည်၊ ငြိမ်း အထင်မသေးအောင် ပြန်ဖြေရင်လည်း ငြိမ်း အယူအဆကို ထောက်ခံရာ ရောက်နေဦးမည်၊ ငြိမ်း အယူအဆကိုလည်း ဦးတင်အောင်က ဘယ်နည်းနှင့်မျှ မထောက်ခံနိုင်ချေ၊

အယူအဆ တစ်ခုကို နေရာတိုင်းမှာ ကျင့်သုံးပြီး မှန်တယ်လို့ မဖြေနိုင်ဘူးထင်တယ်၊ ကာလ ဒေသ ပယောဂ အားလုံးကြည့်ပြီးမှ ဆုံးဖြတ်သင့်တယ်လို့ ကျွန်တော် ထင်တယ်"

"ထားပါတော့ ဒီနေရာမှာ မှားတယ်မှန်တယ် ဆုံးဖြတ်ဖို့မဟုတ်ပါဘူး၊ မှားချင်လည်းမှားမယ်၊ မှန်ချင်လည်း မှန်မယ်၊ ဒါပေမဲ့ ငြိမ်းယူဆတဲ့ အတိုင်းပဲ ပြောပါရစေ၊ အဘက်ဘက်က မပြည့်စုံတဲ့ လူတစ်ယောက် ချို့တဲ့တဲ့ လူတစ်ယောက်ကို ငြိမ်းအမိုက်ခံပြီး ချစ်ခဲ့တယ်၊ ချစ်ခဲ့တုန်းကတော့ စေတနာ သက်သက်ပဲ ကိုယ့်အတွက် မပါဘူး၊ သူ့အတွက် စေတနာ ကရုဏာနဲ့ ချစ်ခဲ့တယ်၊ ငြိမ်းအတွက် သူ့ဘဝ မနစ်မွန်းစေချင်ဘူး၊ ငြိမ်းအတွက် သူ့မှာ ဒုက္ခမရောက်စေချင်ဘူး၊ ဒီလို စေတနာသန့်သန့်နဲ့ ချစ်ခဲ့တာပဲ၊ ဒါပေမဲ့ ငြိမ်း စေတနာဟာ ဝေဒနာဖြစ်မှန်းမသိ ဖြစ်လာခဲ့ရတယ်၊ တကယ်တမ်းကြတော့ ငြိမ်း သတ္တိမရှိဘူး၊ ငြိမ်းအတွက် ငြိမ်း စွန့်စားရဲပေမယ့် ဘေးပတ်ဝန်းကျင် အတွက် ငဲ့ရသေးတယ်၊ မေမေ စိတ်မချမ်းသာတဲ့ အလုပ်တစ်ခုကို လုပ်ဖို့

ဆိုတာ ငြိမ်း စိတ်ကူးလို့တောင် မရဘူး။ ဒီတော့ တစ်ယောက်နဲ့ အများအတွက် အများဘက်ကို လိုက်ဖို့ ငြိမ်း ဆုံးဖြတ်လိုက်တယ်"

ငြိမ်း၏ အသံက တုန်ယင်လှိုက်လှဲ၍ နေသော်လည်း မျက်နှာက တည်ငြိမ်လှသည်။ ဆုံးဖြတ်ချက်တစ်ခုကို ခိုင်ခိုင်မာမာ ချထားပြီးကြောင်း ထင်ရှားလှ သည်။ ငြိမ်း၏ စကားကြောင့် ဦးတင်အောင်မှာ အားတက်သလို ရှိသော်လည်း ခိုင်လုံအောင် ထပ်၍မေးချင်သည်။ စိတ်ထဲမှာရှိသည့်အတိုင်း မေးလိုက်၍ ငြိမ်း တစ်မျိုးတစ်မည် ထင်သွားမည်ကို စိုးရသေးသည်။ အထူး သဖြင့် ငြိမ်း ပြောနေသောသူကို ဦးတင်အောင် သိလိုလှသည်။ မေးလည်းမမေး ရဲ။

"ငြိမ်း စကားကို ကျွန်တော်မရှင်းလို့ မေးပါရစေ။ ခုကိစ္စမှာ ကျွန်တော် က ဘယ်လိုကူညီရမလဲဆိုတာ သိပါရစေ"

ဦးတင်အောင် မေးလိုသည်ကို မမေးရဲသဖြင့် စကားလွှဲ၍ မေးလိုက် သည်။ ငြိမ်းသည် အပြင်သို့ ငေးမျှော်ကြည့်နေရင်းမှ ဦးတင်အောင်ထံမှ ကတိ တစ်ခုထပ်၍ တောင်းလိုက်သည်။

"ခု ကျွန်မပြောမယ့် စကားကိုတော့ လူတစ်ယောက်ကလွဲရင် တခြား ဘယ်သူ့ကိုမှ မပေါက်ကြားစေချင်ဘူး။ ဒါတစ်ခုတော့ ကတိပေးစေချင်တယ်"

"စိတ်ချပါ ငြိမ်းရာ။ ကျွန်တော် ဘယ်သူ့ကိုမှ မပြောပါဘူး။ ကတိ တည်ပါတယ်"

"ဒါပေမဲ့ ဖေဒါ တစ်ယောက်များ မေးခဲ့ရင် ကျွန်မနဲ့ ဦးတင်အောင်တာ လက်ထပ်ဖို့ သဘောတူပြီးပြီဆိုတာ ပြောစေချင်တယ်"

"ဖေဒါ"

ငြိမ်းပြောသမျှ စကားများသည် ဦးတင်အောင်အတွက် အထူးအဆန်း ချည်းဖြစ်နေတော့သည်။ အထင်နှင့်အမြင်မှာလည်း လွဲ၍လွဲ၍ နေတတ်သည်။ ငြိမ်း စကားအစပိုင်း၌ သူ့ဆန္ဒကို ငြိမ်းလိုက်လျောတော့မည်ဟု တွေးထင်က ဝမ်းသာခဲ့ပြန်သည်။ နောက်တစ်ဖန် ငြိမ်းကို ကူညီရမည်ဆိုတော့လည်း တခြား အကူအညီမျိုးသာဟု တွေးထင်မိခဲ့သည်။ နောက် ငြိမ်း၌ ချစ်သူရှိသည် ဆိုပြန်တော့လည်း အံ့ဩရပြန်သည်။ ငြိမ်း၏ ချစ်သူသည် အဆင့်အတန်း တူညီသည့်အထဲမှ မဟုတ်ဟု ပြောပြန်တော့လည်း ပို၍အံ့ဩရပြန်သည်။ ယခု တစ်ဖန် ငြိမ်းက သူ့ချစ်သူသည် ဖေဒါဟု ဖွင့်၍ပြောလိုက်သောအခါ မစဉ်းစား ဆတ်အောင်ပင် ရှိတော့သည်။

ငြိမ်းကမူ ဂွန်ခြေမပျက်ပင် သူ့စကားကိုသူ ဆက်လိုက်သည်။

"ဟုတ်တယ် ဦးတင်အောင်။ မအုံ့ညြနဲ့တော့ ပေဒါပဲ။ ဒီကလေးကို ကျွန်မ သံယောဇဉ် တွယ်မိတယ်။ ဒါပေမဲ့ ခုတော့ ကျွန်မသံယောဇဉ်ဟာ သူ့ကို ဒုက္ခပေးသလိုဖြစ်နေပြီ။ ဒီအဖြစ်တော့ ကျွန်မ အရောက်မခံနိုင်ဘူး။ ဒီတော့ ကျွန်မ သူ့ကိုခွဲတဲ့နည်း ရှာကြည့်တယ်။ တခြားနည်း မရှိဘူး။ သူ ကျွန်မအပေါ် စိတ်နာသွားမှ သံယောဇဉ် ပြတ်ကြတော့မှာပဲ။ အဲဒီတော့ ဦးတင်အောင်က ဒီကိစ္စကို ကူညီစေချင်တယ်"

ဦးတင်အောင်သည် ခုထက်တိုင်ပင်သူက ကူညီရမည့်ကိစ္စကို သဘော မပေါက်သေးချေ။ ငြိမ်းစကားများကို နားထောင်ရင်း ဦးနှောက်ပင် ချာချာလည် နေသည်ဟု ထင်မိတော့သည်။

"ကျွန်တော် ဘယ်လိုကူညီရမယ်ဆိုတာကိုသာ ပြောပါ။ ငြိမ်းစိတ်ချမ်း သာမယ့် အလုပ်ဆိုရင် ကျွန်တော် ဘာပဲ လုပ်ပေးရ ပေးရ အသင့်ရှိပါတယ်"

"ငြိမ်းပြောတာကို ဦးတင်အောင် သဘောမပေါက်ဘူးထင်တယ်။ ဘကယ်လို့ ပေဒါက ဦးတင်အောင်ကို လာမေးရင် ငြိမ်းနဲ့ ဦးတင်အောင် ငစ့်စပ်ပြီးပြီလို့ ပြောပေးပါ။ ဒါဟာ ငြိမ်းရဲ့ ဒုက္ခတစ်ခုကို ကူညီတာနဲ့ အတူတူ ပဲ"

"ဒီစကားကို ကျွန်တော်က လိမ်ပြီးပြောရမှာလား"

ဦးတင်အောင်သည် သူလိုချင်သော အဖြေကို သွယ်ဝိုက်၍မေးလိုက် သည်။ ဒါကိုလည်း ငြိမ်းက ရိပ်မိလိုက်သဖြင့် မသိမသာပြုံးလိုက်မိသည်။

"ဦးတင်အောင် လိုချင်တဲ့အဖြေကို ခု မပေးပါရစေနဲ့ဦး။ ဦးတင်အောင် ကိုယ်တိုင်လည်း စဉ်းစားဖို့လိုပါလိမ့်ဦးမယ်။ ကျွန်မဟာ ဦးတင်အောင် ထင်သလို ဟုတ်တော့ဘူးလေ။ ချစ်သူရှိတဲ့ မိန်းမတစ်ယောက် ဖြစ်နေပြီ မဟုတ်လား"

"ကျွန်တော့်ဘက်ကတော့ အထူးမေးစရာ မလိုပါဘူး ငြိမ်းရာ။ ငြိမ်း သာ ကျေနပ်မယ်ဆိုရင် အမြဲတမ်း ဝမ်းသာရမယ့်သူပါ။ ငြိမ်းအပေါ်မှာသာ များကြီးတည်ပါတယ်"

"ဒီလိုလည်း လွယ်လွယ်မပြောနဲ့။ ဦးတင်အောင် နောင်ကျမှ ဒါနဲ့ ပတ်သက်ပြီး ခွင့်မလွှတ်နိုင်ဘူးဆိုရင် နှစ်ယောက်စလုံး စိတ်ဆင်းရဲရမယ်။ ကျွန်မက ချို့ယွင်းချက်လည်း ရှိတယ်။ မိန်းမသားလည်း ဖြစ်တယ်ဆိုတော့ ပိုးစိတ်ဆင်းရဲရမယ်။ သေသေချာချာ စဉ်းစားဖို့လိုလိမ့်မယ်"

ဦးတင်အောင်သည် စီးကရက်ကို ရှိုက်၍ရှိုက်၍ ဖွာရင်း မည်သို့ အဖြေ ပေးရမည်ကို စဉ်းစားနေမိသည်။ ကိုယ်မြတ်နိုးချစ်ခင်မိသူ၌ ကိုယ့်အရင် ချစ်ခဲ့တဲ့သူ ရှိနေသည်ကို သိရသဖြင့် ရင်ထဲတွင် နာမိသော်လည်း အပြစ်ယူ၍ကား မရ။ ချစ်သည့်စိတ်ကလည်း လျော့ပါး၍မသွား။ သနားသည့်စိတ်ကပင် ပို၍ လာသည်။ ထို့ကြောင့်လည်း ငြိမ်းက စဉ်းစားရန် ပြောသော်လည်း ဦးတင် အောင် အတွက်ကား စဉ်းစားရန် လုံးလုံးမလိုတော့ချေ။ ငြိမ်းပြောသော စကား များကြောင့် ဦးတင်အောင်၏ မူလဆုံးဖြတ်ချက်ကို တစ်နှမ်းစေ့မျှပင် ပြောင်းလဲ ခြင်းမရှိချေ။

"ကျွန်တော် စဉ်းစားပါတယ် ငြိမ်းရယ်။ ငြိမ်းမှာ ကျွန်တော့်အလျင် ချစ်ရမည့်သူ တွေ့တဲ့အတွက်တော့ ဝမ်းနည်းမိတာ အမှန်ပါပဲ။ အဆင်မပြေ နိုင်တဲ့ အချစ်ကိုမှ ချစ်မိတဲ့ ငြိမ်းအတွက်လည်း သနားမိတာ အမှန်ပါပဲ။ ဒါပေ မဲ့ ဒီအတွက်ကြောင့်ဖြင့် ကျွန်တော့်စိတ်ဟာ နည်းနည်းမှ မပြောင်းလဲ အမှန်ပါပဲ။ အဆင်မပြေနိုင်တဲ့ အချစ်ကိုမှ ချစ်မိတဲ့ ငြိမ်းအတွက်လည်း သနား မိတာအမှန်ပါပဲ။ စဉ်းစားဖို့လိုမယ်ဆိုရင် ငြိမ်း ဘက်ကသာ လိုပါလိမ့်မယ် ကျွန်တော့်ဘက်ကတော့ ဘာမှမလိုတော့ပါဘူး"

ငြိမ်းသည် အေးနေသော ကော်ဖီကို တစ်ကျိုက်တည်းနှင့်မော့၍ သောက်လိုက်သည်။ ပြီးမှ လက်ကိုင်ပဝါစကလေးဖြင့် သွေးနှုတ်ခမ်းကလေး ကို သုတ်လိုက်သည်။ ဦးတင်အောင်က ငြိမ်းထံမှအဖြေကို စောင့်မျှော်နေသော် လည်း ထပ်၍မပြောရဲ။ ငြိမ်းကိုယ်တိုင်ကလည်း မဝေခွဲနိုင်သေးချေ။ စိတ်ထဲ တွင် ရှိသည့်အတိုင်း ပြောရန်သင့်မသင့်ကို မစဉ်းစားတတ်အောင် ရှိနေ သည်။

ဦးတင်အောင်သည် မအောင့်နိုင်တော့ချေ။

"အခွင့်ကြုံတုန်း ကျွန်တော်ပြောပါရစေ။ လောတယ်လို့တော့ မအောင့် မေ့ပါနဲ့ နောက်တစ်ကြိမ် ငြိမ်းကို ဒီစကားမျိုးပြောဖို့ ကျွန်တော့်မှာ အတော် ဝန်လေးပါတယ်။ ကိုယ့်စိတ်ကို အများကြီး အရဲစွန့်ပြီးမှ ပြောရမှာ ပါ။ ဒီတော့ ငြိမ်း ဆုံးဖြတ်နိုင်မယ်ဆိုရင် ခုပဲဆုံးဖြတ်သွားပါလား ငြိမ်းရယ်"

"ကျွန်မ ဦးတင်အောင်ကို သိပ်အားနာပါတယ်။ ဒါပေမဲ့ ခုအချိန်မှာ ဒီကိစ္စမျိုးနောက်ထပ် မစဉ်းစားချင်လောက်အောင် ကျွန်မစိတ်ထိခိုက်နေတာ အမှန်ပါပဲ။ ဒါပေမဲ့ ဦးတင်အောင် ကျေနပ်အောင် ကျွန်မစကားကုန်ပြော

...။ ကျွန်မဘိမ်ထောင်ပြုဖို့ ဆုံးဖြတ်တဲ့အချိန်ဟာ ဦးတင်အောင် လိုချင်တဲ့ ...ဖြေကို ပေးပြီးသားဖြစ်မယ့် အချိန်ပါပဲ။ ဦးတင်အောင်အပြင် တခြား ...ရောပေါ်လာဖို့ အကြောင်းလည်းမရှိပါဘူး။ ကံတရားကများ အဆန်း ...ကျယ်စီမံလာရင်တော့လည်း မပြောတတ်ဘူးပေါ့လေ"

ဦးတင်အောင်သည် မတွေးနိုင် မမျှိုနိုင်သည့် မျက်နှာကြီးဖြင့် ငြိမ်းကို ...ကြည့်နေမိသည်။ ငြိမ်း၏ အဖြေသည် သူ့အတွက် ဘဝင်ကျနိုင်စရာ အကြောင်း ...ချေ။ သို့သော် ငြိမ်းက စကားကုန်ပြောထားပြန်တော့ ဆက်၍ပြောရန် ...င့်တော့ချေ။ ငြိမ်းကို အနှောင့်အယှက် ထပ်၍ပေးရသည့် အဖြစ်မျိုးကို ...သည်း အရောက်မခံနိုင်။ အမှန်တော့ ငြိမ်း စိတ်ချမ်းသာမှုကို ပေးနိုင်သူ ...ယောက်အနေဖြင့်သာ ရပ်တည်လိုသည်။

"ကျွန်တော်ငြိမ်းကို အနှောင့်အယှက် မပေးလိုပါဘူး။ ငြိမ်းစိတ်ချမ်းသာ ... နည်းနဲ့သာ ဆုံးဖြတ်ပါ။ ကျွန်တော့် စေတနာအမှန်ကို ပြောရမယ်ဆိုရင် ...း ရဲ့စိတ်ချမ်းသာမှုကို ကျွန်တော်ဖြည့်စွမ်းချင်တယ်။ ငြိမ်း ခံစားနေရတဲ့ ...တွေကို ဖြေဖျောက် နှစ်သိမ့်ချင်တယ်။ ဒီစေတနာနဲ့ အခွင့်များရရင် ငြိမ်းကို ...်တော် အမြန်ဆုံး လက်ထပ်ချင်တယ်။ ဒါပေမဲ့ ခုလိုစိတ်ထိခိုက်နေတဲ့ ...န်မျိုးမှာ ကျွန်တော်က ထပ်ပြီးဒုက္ခပေးသလို ဖြစ်မှာလည်း သိပ်စိုးတယ်။ ...်တော် စေတနာကို အမှန်အတိုင်းသိအောင် ပြောပေမယ့် ငြိမ်းကို ကျွန်တော် ...င်းလောတာ မဟုတ်ပါဘူး။ ဒုက္ခထပ်ပေးတာလည်း မဟုတ်ပါဘူး။ ငြိမ်း ...ဖြတ်နိုင်တဲ့ အချိန်အထိ စောင့်ဖို့ ကျွန်တော်အသင့်ပါပဲ"

ဦးတင်အောင်သည် ရင်တွင်းမှ လှိုက်လှိုက်လှဲလှဲ ထွက်ပေါ်လာသော ...ကြီးဖြင့် တစ်လုံးချင်း ပြောလိုက်လေသည်။ ငြိမ်းက ဦးတင်အောင်ကိုပင် ...ကြင်နာသည့် မျက်လုံးများဖြင့် တွေတွေကြီး စိုက်ကြည့်နေသည်။ သူ့ ...်သူပင် စိတ်ဆိုးရမလို ခံစားလာမိသည်။ သူ ဆုံးဖြတ်လုပ်ကိုင်ပုံသည် ...င်အောင်ဘက်မှ တရားရာ ကျမကျလည်း သံသယစိတ်များ ဝင်၍ ...လေသည်။

"ကျွန်မ မတရားဘူး ဦးတင်အောင် ကျွန်မ ဒုက္ခကို ဦးတင်အောင် ...ပေးသလို ဖြစ်နေပြီ။ ပြီးတော့လည်း ဦးတင်အောင် လိုချင်တဲ့အဖြေကို ...မက မပေးနိုင်တဲ့ဘဝ။ ကျွန်မ မတရားတော့ဘူး။ ကျွန်မသိတယ်။ ကျွန်မ ...်ကျွန်မ သိနေတယ်။ ဦးတင်အောင်အပေါ်မှာ ကျွန်မ တစ်ဖက်သတ်

အနိုင်ယူသလိုဖြစ်ကုန်ပြီ နေပါစေတော့၊ ကျွန်မပြောတာတွေလည်း တစ်ခု မလုပ်နဲ့တော့ ကျွန်မပြဿနာကို ကျွန်မ ဖြေရှင်းမယ်"

ငြိမ်းသည် နေရာမှထ၍ ပြန်ရန်ဟန်ပြင်လိုက်သည်။ ဦးတင်အောင်က ငြိမ်းရှေ့မှ ဆီးကာ၍ ရပ်လိုက်သည်။

"ကျွန်တော် ဒီလိုလုံးလုံး မတွက်ပါဘူး။ ငြိမ်းစိတ်ချမ်းသာမှုကို အတတ်နိုင်ဆုံး ဖြည့်စွမ်းနိုင်ရင် ကျွန်တော် ဝမ်းသာလှပါပြီ"

"တော်ပါတော့ ဦးတင်အောင် ငြိမ်းဆက်ပြီး နားထောင်နိုင်တဲ့ မရှိတော့ဘူး။ ငြိမ်း အမြန်ဆုံး စဉ်းစားပြီး အဖြေပေးပါမယ်၊ အတတ်နိုင် မြန်နိုင်သလောက်မြန်အောင် ငြိမ်း အဆုံးအဖြတ် ပေးပါ့မယ်၊ ဒါလောက်ဆို ငြိမ်းကို ကျေနပ်ပါတော့ ဦးတင်အောင်ရယ်။ ကဲ. . . ငြိမ်း ပြန်ပါရစေတော့"

ငြိမ်းသည် ပြောပြောဆိုဆို တိုက်ခန်းအတွင်းမှ ထွက်သည်။ ဦးတင် အောင်က နောက်မှလိုက်လာရင်း ကားတံခါးကို ဖွင့်ပေးလိုက်သည်။

"ကျွန်တော် ကျေနပ်ပါတယ်၊ အများကြီး ကျေနပ်ပါတယ်၊ ငြိမ်း စိတ် ချမ်းသာအောင် နေပါ။ ကံကြမ္မာဆိုတာ အမြဲတမ်း တစ်ဖက်တည်း စောင်း မနေပါဘူး။ ဆိုးတဲ့အလှည့်ရှိရင် ကောင်းတဲ့အလှည့်လည်း ကြုံရဦးမှာပေါ့"

ကားက ထွက်စပြုလေပြီ။ ငြိမ်းသည် ဦးတင်အောင်ကိုပြုံး၍ နှုတ်ဆက် လိုက်သည်။

"ကျေးဇူးတင်ပါတယ်၊ ဦးတင်အောင် ငြိမ်းသွားမယ်နော်"

ငြိမ်း၏ ကားကလေးသည် တဖြည်းဖြည်း ထွက်၍သွားလေသည်။ ဦးတင်အောင်သည် ငြိမ်း စီးသွားသော ကားကလေးကို မျက်စိတစ်ဆုံး ပျောက်ကွယ်သွားသည်အထိ ကြည့်ရင်း ကျန်ရစ်ခဲ့လေသည်။ သို့ကြည့်နေစဉ် မှ ငြိမ်းပြောသွားသော စကားကလေးများသည် သူ့နားတွင် ဝဲပျံ၍လာလေ သည်။

"ကျွန်မ စကားကုန်ပြောပါမယ်၊ ကျွန်မ အိမ်ထောင်ပြုဖို့ ဆုံးဖြတ်တဲ့ အချိန်ဟာ ဦးတင်အောင် လိုချင်တဲ့အဖြေကို ပေးပြီးသားဖြစ်မယ့် အချိန်ပါ၊ ဦးတင်အောင်အပြင် တခြား တွေးစရာပေါ်လာဖို့ အကြောင်းလည်းမရှိပါဘူး၊ ကံတရားကများ အဆန်းတကြယ် စီမံလာရင်တော့လည်း မပြောနိုင်ဘူးပေါ့လေ"

❑

# ၁၀

…ုံးကို တွေ့လိုက်ရတော့ ဗေဒါက အစဝမ်းသာသွားသည်။ ပြုံးနှင့် မတွေ့ရ…ည်မှာ တစ်ပတ်မျှရှိလေပြီ။ အိမ်ကို သွားတော့လည်း ပြုံးက အတွေ့မခံ။ …ာ်ပျက်၍သာ ပြန်ခဲ့ရသည်။ တွေ့ချင်သော်လည်း မတွေ့ရချေ။ ခုတော့ …ုံးကိုယ်တိုင် ဗေဒါအိမ်သို့ မမျှော်လင့်ဘဲ ရောက်လာသည်။ ဗေဒါ့မျက်နှာ…ည် ပန်းလိုလန်း၍ လာသည်။

"မပြုံး လာထိုင်လေ"

ဗေဒါက သင်ဖြူးအစုတ်ကို ဆွဲ၍ ပြုံးထိုင်ရန် ခင်းပေးလိုက်သည်။ …ုံးက လှေကားရင်းတွင် မလှုပ်မယှက် ရပ်၍နေသည်။ ပြုံးမျက်နှာကို …ကြည့်လိုက်ပြန်တော့လည်း ရင်တုန်စရာကောင်းလှသည်။ ပြုံးမျက်နှာသည် …ဘိုင်းလိုမဟုတ်။ တင်းမာခက်ထန်လှသည်။ မျက်ခွံကလေးများက မို့၍ …နေသည်။ မျက်လုံးများက နီနေသည့် မျက်လုံးများသာမက မျက်နှာတစ်ခု…ုံးနီနေသည်။ မျက်လုံးများသာမက မျက်နှာတစ်ခုလုံး နီရဲနေသည်။ ပြုံး…ျက်လုံးများကို ကြည့်ခြင်းအားဖြင့်ပင် မည်မျှငိုထားကြောင်း သိသာလှသည်။

"မင်း တစ်နေ့က အိမ်ကိုလာတယ် မဟုတ်လား"

"ဟုတ်တယ်။ ကျွန်တော် မပြုံးကို တွေ့ချင်လွန်းလို့ အရဲစွန့်ပြီး …ာခဲ့တာပဲ။ ဒါပေမဲ့ မပြုံးက ကျွန်တော့်ကို အတွေ့မခံဘူး။ ကျွန်တော် …တယ်။ မပြုံး ကျွန်တော့်ကို မတွေ့ချင်လို့ အခန်းထဲမှာ တမင်ပုန်းနေတယ်

ဆိုတာ ကျွန်တော် သိပါတယ်။ ဒါကြောင့်လည်း ချက်ချင်း လှည့်ပြန်ခဲ့တယ်။ ကျွန်တော့်ကို ခုထိစိတ်ဆိုးတုန်းပဲလား မမငြိမ်းရယ်။ နောက် မမငြိမ်း မကြိုက်တာဆိုရင် ကျွန်တော် ဘာတစ်ခုမှ မလုပ်ပါဘူး။ လုပ်ရင် မမငြိမ်း ပေးချင်တဲ့ အပြစ်ပေးပါ။ ကျွန်တော်ခံပါ့မယ်။ ကျွန်တော်ကိုတော့ ဒီလို မည်း ဆဲပါနဲ့မမရယ်။ ကျွန်တော် မမငြိမ်းကို မတွေ့ရရင် နေလို့ကို မရဘူး။ ခုရက် အတွင်း ကျွန်တော်ဘယ်လောက် စိတ်ဆင်းရဲရလည်း စာကျက်လို့လည်း မရဘူး အလုပ်လုပ်လို့လည်း မရဘူး။ ကျောင်းတက်ချင်စိတ်လည်း. . ."

"ငါ အားလုံးသိတယ်။ ဒါတွေ မင်းပြောစရာ မလိုဘူး။ မင်းကို ငါ ပြောစရာရှိတယ်။ မင်း စိတ်ခိုင်ခိုင်ထားပြီး နားထောင်ပေတော့။ ပြီးတော့ ငါ့ကို ဘာမှပြန်မပြောနဲ့။ မမေးနဲ့ မင်းမေးလည်း ငါဖြေမှာ မဟုတ်ဘူး"

ငြိမ်းသည် ပြောရင်း အသံများ အက်ကွဲလာသဖြင့် ခဏရပ်လိုက် သည်။ သို့ရင်ထဲတွင် ခံစားနေရသမျှကို ပေဒါ မသိအောင် အများဆုံးကြိုးစား ၍ ကြွေဆည်လိုက်သည်။ သူ့စိတ်ကိုသူ တင်းသလောက်ပင် သူ့မျက်နှာကို လည်း အတတ်နိုင်ဆုံး တင်းမာ၍ထားလိုက်သည်။

အဆင်မပြေနိုင်တဲ့ အချစ်ကို ကြိုးမားစေခြင်းဟာ တို့နှစ်ယောက်ရဲ့ ဒုက္ခကို ကြီးမားအောင် လုပ်နေတာနဲ့ အတူတူပဲ။ ဒီတော့ အဆင်မပြေ အချစ်ကို ကြီးမားသည်ထက် ကြီးမားအောင် လုပ်ပြီး တစ်သက်လုံး ဒုက္ခ မယ့်အစား အဆင်ပြေမယ့်အချစ်ကို အစားထိုးပြီး ခဏဒုက္ခခံ နောက် တစ်သက်လုံး ချမ်းသာမှုကို အရယူတာက မှန်တယ်လို့ ငါ လုံးလုံးဆုံးဖြတ် လိုက်တယ်"

"မမငြိမ်း ဘယ်လို ပြောလိုက်တာလဲဟင်။ ကျွန်တော်တို့ အချစ်ကို ဖျက်တော့မလား"

ပေဒါက စိုးရိမ်တကြီး ဖြတ်၍မေးလိုက်သော်လည်း ငြိမ်းက အမေးမခံ တော့ချေ။

"ငါ ပြောထားတယ်မဟုတ်လား။ ငါ့ကို ဘာမှပြန်မမေးနဲ့။ မင်းမေးလည်း ငါဖြေမှာ မဟုတ်ဘူး။ ဦးတင်အောင်နဲ့ လက်ထပ်ဖို့ ငါ သဘောတူလိုက်ပြီ။ တို့နှစ်ယောက်စလုံးအတွက် စောစောက ငါပြောသလိုပဲ အကောင်းဆုံးလမ်း ဖြစ်လို့ ငါ လက်ခံလိုက်တာပဲ။ ခဏတော့ ဒုက္ခတွေ့ရမယ်ပေါ့။ ကြီးမားတဲ့ ဒုက္ခကို ခံစားရမှာပဲ။ ဒါပေမဲ့ ဒီဥစ္စာက ခဏပဲ နောက်ပျောက် သွားမှာပါ။

ဒီလိုသာ ပြတ်ပြတ်သားသား မလုပ်ရင် တို့နှစ်ယောက်စလုံး ပိုပြီး ဒုက္ခရောက်မယ်။ ဒီဒုက္ခကို ခံဖို့က မင်းအတွက် အချိန်မရှိဘူး။ ဒီဒုက္ခကြောင့် မင်းရဲ့ဘဝပါ နစ်မွန်းသွားမှာ စိုးရိမ်တယ်။ ဒီတော့ တို့နှစ်ယောက်စလုံးအတွက် အကောင်းဆုံးအဖြေက နောက်ဆုံးဒါပဲ တွေ့တယ်။ ငါဦးတင်အောင်ကို ကတိ ပေးလိုက်ပြီးပြီ။ အိမ်ကိုလည်း ပြောပြီးပြီ။ ဦးတင်အောင်နဲ့ ငါနဲ့ မကြာခင် လက်ထပ်ဖို့ စီစဉ်မယ်။ ဒီကိစ္စဟာ ပြန်ပြီးပြင်နိုင်တဲ့ ကိစ္စမဟုတ်ဘူးဆိုတာ မင်းနားလည်။ ဒီလိုနားလည်ရင် ငါ့ကိုဘာမှထပ်ပြီး ပြောမနေနဲ့တော့။ မင်း ငါ့ကို စိတ်နာချင်နာနိုင်တယ်။ သစ္စာဖောက်တဲ့ မိန်းမတစ်ယောက်လို့ စွပ်စွဲချင် စွပ်စွဲနိုင်တယ်။ ဒါပေမဲ့ မင်းကိုတော့ ငါဘာမှပြန်ပြီး ဖြေရှင်းမနေဘူး။ မင်းထင်ချင်သလို ထင်နိုင်တယ်။ ကဲ. . . ငါသွားမယ်"

ငြိမ်းသည် ပြောပြောဆိုဆိုပင် ဇေဒါကို ကျောပေး၍ ထွက်ခဲ့သည်။ ဇေဒါသည် သူ့နားကိုသူ မယုံနိုင်သလို ရှိတော့သည်။ ငြိမ်း ထွက်သွားသည်ကို မြင်တွေ့နေရသော်လည်း လိုက်၍မတားမိ။ ငြိမ်းကိုပြောရန် စကားတွေ ပြည့်ကျပ်နေသော်လည်း တစ်လုံးမျှ မထွက်လာ။ သူ့မျက်လုံးများသည် ရှေ့သို့ ကြည့်နေသော်လည်း ငြိမ်း မရှိသည့်နောက် ဘာကိုမျှ မမြင်ရတော့ချေ။ ငြိမ်း ပြောသွားသော စကားများကလွဲ၍ သူ့နားတွင် ဘာသံမျှမကြားရ။ သူသည် သံပတ်ကုန်သော အရုပ်ကဲ့သို့ မလှုပ်မယှက် လှေကားရင်းတွင် ရပ်နေမိသည်။

မည်မျှကြာသည်မသိ မျက်ရည်များက သူ့ပါးပြင်ဝယ် တလိမ့်လိမ့် ဝိုင်းဆင်း၍လာသည်။ သည်တော့မှ သူ့ရင်တွင်းမှ ခံစားချက်သည် သူ့ကိုသတိ ပြန်၍ လည်လာစေသည်။

ဇေဒါသည် သူ့နှုတ်ခမ်းကို ပြတ်လုမတတ် ကိုက်၍ထားလိုက်သည်။ သူ့လက်များကိုလည်း ခပ်တင်းတင်း ဆုပ်ထားလိုက်မိသည်။ ဝမ်းနည်းသည့် ဘ်ထက် နားကြည်းသည့်စိတ်က ပို၍ကြီးမားနေသည်။

သူသည် လမ်းထိပ်သို့ ထွက်ခဲ့သည်။ ကျော်မြင့်ကြီးတို့ ကားဂိတ်သို့ ရောက်လျှင် ကားပေါ်တွင် စီးကရက်နှင့်မှိန်းနေသော ကျော်မြင့်ကြီးကို တွေ့ရသည်။ ဇေဒါသည် ကျော်မြင့်ကြီး ကားပေါ်သို့တက်၍ ထိုင်လိုက်သည်။

"ကိုကျော်မြင့်ကြီး အားနေရင် မောင်းဗျာ။ တစ်နေရာ သွားရအောင်"

ကျော်မြင့်ကြီးက ဇေဒါကို အကဲခတ်သလို ကြည့်လိုက်သည်။ ဇေဒါ မျက်နှာကိုမြင်လိုက်ရုံဖြင့် တစ်ခုခုဖြစ်လာသည်ကိုလည်း အကဲခတ်နိုင်သည်။

"ဘယ်သွားမှာလဲကွ"

"ဘယ်ဖြစ်ဖြစ်ဗျာ။ မောင်းစမ်းပါဆိုနေ မြို့ထဲကိုသွားမလို့"

ကျော်မြင့်ကြီးသည် စိတ်ပျက်လက်ပျက်ဖြင့် ကားကို စက်နှိုးလိုက်သည်။ ပြီးတော့လည်း ဖေဒါ ပြောသည့်အတိုင်း မြို့ထဲဆီသို့ အမြန်မောင်းထွက်ခဲ့သည်။ ကျော်မြင့်ကြီးက ကားကိုပိုင်သုံးဆယ်ကျော် လေးဆယ်နီးပါး မောင်းနေသည်ကိုပင် ဖေဒါစိတ်ထဲတွင် နှေးသည်ဟု ထင်မိသည်။

အမှန်တော့ မြို့ထဲသွားမည်ဟုသာ ပြောမိသည်။ မြို့ထဲသို့သွား၍ ဘာလုပ်မည်ဆိုသော ရည်ရွယ်ချက်မရှိ။ လှုပ်ရှားနေသော စိတ်အလိုကို လိုက်၍သာ ထွက်မိထွက်ရာ ထွက်လာခဲ့ခြင်းဖြစ်သည်။

"ဟေ့ကောင် ဘယ်သွားမှာလဲကွ"

"မသိဘူးဗျာ။ လျှောက်သာမောင်း"

ကျော်မြင့်ကြီးသည် ကားကို လမ်းဘေးသို့ ထိုးရပ်လိုက်ပြီးလျှင် ဖေဒါကို လှည့်၍ကြည့်လိုက်သည်။

"နေစမ်းပါဦးဟ မင်းဘာဖြစ်တာလဲ ငါ့ကိုလည်းပြောပြစမ်းပါဦး"

"ကျွန်တော် သိပ်စိတ်ညစ်လာတယ်ဗျာ။ တစ်သက်နဲ့တစ်ကိုယ် ဒီတစ်ခါလောက် စိတ်ညစ်ရတာမျိုး မကြုံဖူးဘူး"

"ဘာလဲ ချစ်မမကြောင့် အသည်းကွဲလာပြီလား"

ကျော်မြင့်ကြီးက နောက်သလို ပြောင်သလိုဖြင့် မေးလိုက်သော်လည်း ဖေဒါက နာကြည်းသော မျက်နှာဖြင့် ရှေ့သို့ငေးကြည့်နေသည်။ ပြီးမှ အတင့်ရဲသော အသံကြီးဖြင့် ဖွင့်၍ပြောလိုက်သည်။

"မမငြိမ်းတစ်ယောက် ဦးတင်အောင်နဲ့ လက်ထပ်မလို့တဲ့"

"ဟေ ဟုတ်ရဲ့လား။ မင်း ဘယ်သူကပြောလဲ"

"မမငြိမ်းကိုယ်တိုင် လာပြောတာ။ ခုပဲ ကျွန်တော်တို့ အိမ်က သူပြန်သွားတယ်။ ဒါကြောင့် ကျွန်တော်လည်း စိတ်ညစ်ညစ်နဲ့ ထွက်လာတာ"

ကျော်မြင့်ကြီးသည် တစ်ချက်မျှ စဉ်းစားသလို ငိုင်နေပြီးမှ အကြံရဟန်ဖြင့် ကားကို စက်နှိုးလိုက်သည်။

"ကဲ. . . လာ ဘာမှပြောမနေနဲ့ ဆိုက်ကုန်ခံပြီး ဘယ်မှလည်း လျှောက်မမောင်းတော့ဘူး။ ဘားသွားမယ်ကွာ။ ငါလည်း ပိုက်ဆံ ရှိပါတယ်"

ကျော်မြင့်ကြီးသည် ကားကိုဆူးလေ ဘုရားလမ်းဘက်သို့ ပြန်၍ကွေ့လိုက်သည်။ ပေဒါက ဘာမျှမပြောတော့ချေ။ ကျော်မြင့်ကြီး ခေါ်ရာသို့ လိုက်လာခဲ့သည်။ တာဝှါဘားရှေ့သို့ ရောက်သောအခါ ကားကို လမ်းကြားတွင်ထိုး၍ရပ်လိုက်ရင်း ကားပေါ်မှ ဆင်းလိုက်သည်။

ကျော်မြင့်ကြီး ခေါ်ရာသို့ ပေဒါသည် ခေါင်းငိုက်ဆိုက်ဖြင့် လိုက်၍လာခဲ့သည်။ သူဦးနှောက်ထဲတွင်ကား အားလုံး ဟာလာဟင်းလင်း ပွင့်၍နေတော့သည်။ ဘာလုပ်ရမှန်းလည်း မသိ။ ဘာမှလည်း လုပ်ချင်စိတ်မရှိ။ သူ့စိတ်သည် လေရူးလို ဖမ်း၍မရနိုင်အောင် ရှိတော့သည်။

ဘားတွင်းသို့ရောက်လျှင် စားပွဲတွင်ထိုင်၍ ကျော်မြင့်ကြီးက ရမ်အသေးတစ်ပုလင်း၊ ဆော်ဒါ အာလူးကြော် စသည်တို့ကို မှာလိုက်သည်။ ပေဒါသည် စားပွဲပေါ်တွင် နဖူးတင်၍ မျက်စိကို မှိတ်ထားလိုက်သည်။

ကျော်မြင့်ကြီးက အသင့်ရောက်လာသော အရက်ကို ဖန်ခွက်ထဲသို့ ငှဲ့၍ ဆော်ဒါဖြင့် ရောလိုက်သည်။ ပြီးမှ တစ်ခွက်ကို ပေဒါ့လက်နားသို့ ထိုးပေးလိုက်သည်။

"ဟော့ကောင် တွေးမနေနဲ့၊ ဆွေးမနေနဲ့ တစ်ခွက်လောက် ဆော်လိုက်စမ်း"

ပေဒါသည် ရှေ့တွင်ချထားသော အရက်ခွက်ကို စိုက်၍ကြည့်နေ သည်။ ပယင်းရွှေရောင် အရည်ထဲတွင် အမြုပ်ကလေးများ တက်၍နေသည် မှာ ရွှေပြားပေါ်တွင် စိန်ပွင့်ကကလေးများ ဖြန့်ကြလိုက်သလို ရှိတော့သည်။ ပေဒါသည် အရက်ဖန်ခွက်ကို ငေးကြောင်၍ ကြည့်နေသည်။

"ချပါကွ. . . စိတ်ညစ်ရင် ဝမ်းထဲကျိတ်ပြီး ဆွေးနေတာက ပိုပြီးဆိုးတယ်။ ဒီကောင်သောက်လိုက်တော့ ပွင့်ထွက်သွားတာပေါ့။ ဒီဝေဒနာမျိုးက အပူငုပ်တာနဲ့ အတူတူပဲ။ အပူငုပ်တာကို တစ်ခါတလေ ဓာတ်ကြမ်းတိုက်ကုသသလိုပေါ့ ပွင့်ထွက်သွားအောင် လုပ်ပစ်ရတယ်။ ချကွ. . . တစ်ခွက်လောက် ချကြည့်ပါ. . ."

ပေဒါသည် ဘာမျှမစဉ်းစားတော့ချေ။ ခပ်ပေါ့ပေါ့ပင် ကျော်မြင့်ကြီး ချထားသော ဖန်ခွက်ကိုယူ၍ တစ်ကျိုက်တည်းနှင့် မော့လိုက်သည်။ ရင်ထဲတွင် ခကာချင်းပင် ပူ၍သွားတော့သည်။ ကျော်မြင့်ကြီးက ပေဒါကို ကျေနပ်စွာ ကြည့်၍ပြုံးလိုက်ရင်း နောက်ထပ်ငှဲ့၍ ဆော်ဒါနှင့်ရောလိုက်ပြန်သည်။ ပြီးတော့

သူကိုယ်တိုင်လည်း မော့၍သောက်လိုက်သည်။ ပြီးမှ အိတ်ထဲမှ စီးကရက်ဘူးကိုထုတ်၍ တစ်လိပ်မီးညှိလိုက်သည်။ ဘူးကိုပေဒါဘက်သို့ ပစ်ပေးလိုက် သည်။

"ကဲ. . . မင်းသောက်နှင့်ဦး။ စားချင်တာရှိရင် မှာစားကွာ။ ငါ မောင်နီကို သွားခေါ်လိုက်ဦးမယ်။ ဒီဘုရားလမ်းမှာပဲ ရှိတယ်"

ကျော်မြင့်ကြီး ထွက်သွားလျှင် ပေဒါသည် စီးကရက်ကို အားရပါးရဖွာရင်း သူ့စိတ်ကိုသူ အတတ်နိုင်ဆုံး ဖြေဖျောက်ကြည့်သည်။ ဖြေမှပို၍ဆိုးလာသည်။ ခံစားချက်က ပို၍ပြင်းထန်လာသည်။ နာကြည်းသည့်စိတ်ကရင်ထဲတွင် ဗလောင်ဆူ၍လာသည်။ ပေဒါသည် အရက်အပြည့်ငှဲ့ထားသောဖန်ခွက်ကိုလက်ဖြင့် ကိုင်၍ လှည့်ကစားနေသည်။ ပြီးမှ တစ်ဝက်ခန့် မော့သောက်လိုက်သည်။

ခေါင်းထဲတွင် ရီဝေဝေ ဖြစ်လာသည်။ ရင်ထဲ၌ကား ပို၍ပူလာသည်။ သည်တော့လည်း စိတ်ကပေါ့ပါးလာသည်။ ဆွေးသည့်စိတ် ဝမ်းနည်းကြေကွဲသည့်စိတ်ထက် နာကြည်းစိတ်ဖြင့် ဒေါသက တဟုန်းဟုန်း ထ၍လာသည်။ ခုနေအခါ ငြိမ်းနှင့် မျက်နှာချင်းဆိုင်ရလျှင် ရင်ထဲ၌ ရှိနေသမျှကို မညာတမ်း ဖွင့်ပြောချလိုက်ချင်သည်။

ပေဒါသည် ကျန်တစ်ဝက်ကို အကုန်မော့လိုက်ပြီးလျှင် တိုက်တွန်းသူမရှိဘဲနှင့် အရက်ကို ကိုယ်တိုင် ထပ်ငှဲ့လိုက်သည်။ နောက်တစ်ခွက် ထပ်ငှဲ့နေစဉ်ပင် ကျော်မြင့်နှင့် မောင်နီတို့ ရောက်၍လာသည်။ ကျော်မြင့်ကြီးကအရက် ပုလင်းကို မြှောက်ကြည့်လိုက်ပြီးလျှင် ကျေနပ်နေဟန်ရှိသည်။

"ဒီကောင် ဆေးနဲ့တွေ့သွားပြီထင်တယ်။ ငါ့ဆေးနဲ့တင် မဟုတ်ပါဘူးကွာ။ ဒီမှာ သဘာဝဓမ္မဆရာလည်း ခေါ်လာပါတယ်။ ကဲ. . . မောင်နီ မင်းလည်း ကြည့်လုပ်ပါဦး အသည်းကွဲနေလို့"

ပေဒါက မောင်နီကို မော့၍ကြည့်လိုက်ရင်း မချိပြုံးကလေး ပြုံးလိုက်သည်။ အရက်ရှိန်နှင့် ခံစားချက်နှစ်ခု ပေါင်းလိုက်သောအခါ မီးလောင်ရာတွင် လေပင့်သလို သူ့ရင်တွင်း၌ ခံစားနေရသော အပူမီးကို တဟုန်းဟုန်း တောက်လောင်၍ လာတော့သည်။

"အသည်းမှ အစိမ်းလိုက် ကွဲတာဗျို့။ အရှင်လတ်လတ်ကိုကွဲတာပဲ။ ခင်ဗျား ပြောတာတွေ သိပ်မှန်တယ်။ အဆင့်အတန်းချင်း မတူတဲ့ အချစ်ဟာ ဘယ်တော့မှ မခိုင်မြဲဘူး။ သွားပြီလေ ခုပျက်သွားပြီ။ အဆင့်အတန်းချင်းမတူတဲ့

ကျွန်တော်တို့ အချစ်ဟာ ပျက်ဆီးသွားပြီ။ အခု အဆင့်အတန်းချင်း တူတဲ့ ...တင်အောင်နဲ့ လက်ထပ်တော့မယ်။ ကျွန်တော် ဘာလုပ်ရမလဲ ဟင် ...
...နီ ကျွန်တော် ဘာလုပ်ရမလဲဗျ"

"သောက်ကွာ အရက်ပဲသောက်"

ကျော်မြင့်ကြီးက ဗေဒါအတွက် အရက်ထပ်၍ ငှဲ့ပေးလိုက်ပြန်သည်။ ...ဟောင်နီက အာလူးကြော်ကိုစားရင်း ဗေဒါအဖြစ်ကို ကြည့်နေမိသည်။ အလိုလို ...နား၍လာသည်။

"မသောက်တတ်ရင် မသောက်ပါစေနဲ့ သိပ်မူးနေပါဦးမယ်"

"ကိစ္စမရှိပါဘူးကွာ။ ဒါမှ ရင်ပွင့်သွားမယ်။ တဖုံနွေးနွေး ဆွေးနေရတာ ...ပိုပြီးခုက္ခကြီးတယ်။ တစ်ခါတည်း ပွင့်ထွက်သွားအောင် ဆွေးပစ်လိုက်၊ ငိုချင် ... သူတို့အိမ်ရှေ့သွားပြီး ဆဲချင်ဆဲ။ စိတ်ထဲရှိတဲ့အတိုင်း လုပ်လိုက်ရတော့ ...ပေါ့ပါးသွားတာပေါ့ကွာ"

"ခင်ဗျားကလည်း အရေးထဲ ပင့်ပေးမနေစမ်းပါနဲ့။ မသောက်တတ်ရင် ...သိပ်မသောက်နဲ့ ဗေဒါ၊ ယောကျ်ားပဲကွာ၊ ကိုယ့်စိတ်ကို ထိန်းမှပေါ့။ လူတွေဟာ ...တစ်သက်မှာ ဒီတစ်ယောက်တည်းပဲ တကြိမ်သာ ချစ်ကြတာ မဟုတ်ပါဘူး။ ...ကြာတော့ ပျောက်သွားမှာပါ။ နောက်တစ်ယောက် တွေ့တော့လည်း မင်း ဒီလိုပဲ ...ချစ်ဦးမှာပဲ"

"ကျွန်တော် မယုံဘူး။ မငြိမ်းကလွဲလို့ ကျွန်တော် ဘယ်သူ့မှ မချစ် ...နိုင်ဘူး"

"နေပေါ့။ ခုနေတော့ မင်း ဘယ်ယုံဦးမလဲ။ နောက်ထပ်ချစ်ရမယ့်သူမှ ...မတွေ့သေးဘဲကိုး။ ပြီးတော့လည်း မင်းမှာ မငြိမ်းနဲ့ ပတ်သက်ပြီး မူးရှုးတဲ့ ...စိတ်ကလည်း ကြီးမားတုန်းကိုး။ ဒီစိတ်ပြေသွားပြီး နောက်ထပ်ချစ်ရမယ့်သူ ...တွေ့တဲ့အခါမှာ မင်း ခုခံစားချက်တွေဟာ ရယ်စရာတွေ ဖြစ်နေမှာပဲ"

"ဒါတွေ ကျွန်တော် နားမလည်ဘူးဗျာ။ မငြိမ်းကို ချစ်တာပဲ ကျွန်တော် ...နားလည်တယ်"

ဗေဒါက ပြောပြောဆိုဆို အရက်ကို တအားမော့လိုက်သည်။ ဖန်ခွက် ...ထဲတွင် အရက်ကုန်သွားလျှင် နောက်ထပ်ကိုယ်တိုင် ငှဲ့လိုက်ပြန်သည်။ ချတော့ ...သည်။ ဗေဒါက တိုက်တွန်းစရာ မလိုတော့ချေ။ သူ့စိတ်ထဲတွင် တဖွတ် ...လယ်ချင်သည့်စိတ်က များ၍နေသည်။ မူးမြှုးရသွားလျှင် သူ့အတွက် နိုးထွန်

ဖြစ်သည်။ ထို့ကြောင့်လည်း ဗေဒါသည် အရက်ကို ဖွင့်မှိတ်၍ သောက်လိုက်သည်။ တစ်ခွက်ပြီးတစ်ခွက် ဆက်တိုက် မော့လိုက်သည်။ တစ်ပုလင်း ကုန်တော့လည်း နောက်တစ်ပုလင်း ထပ်၍အမှာနိုင်းလိုက်သည်။ ကျော်မြင့်ကြီးက ချက်ချင်းပင် မှာ၍ပေးလိုက်သည်။

ဗေဒါသည် အသင့်ရောက်လာသော ပုလင်းသစ်ကို ယူ၍ငှဲ့လိုက် သည်။

"နေစမ်းပါဦးကွ။ မင်းဟာ သေရောသေချာရဲ့လား"

"မပြီမ်းကိုယ်တိုင် လာပြောတာပဲဗျာ။ မဟုတ်ဘဲနဲ့တော့ မပြောပါဘူး"

"မင်းကို အကြောင်းတစ်ခုခုကြောင့် ရွဲ့ပြောချင်ပြောတာ ဖြစ်မှာပေါ့"

ကျော်မြင့်ကြီး ပြောသော စကားများသည် ဗေဒါအတွက် စိတ်ကူးအသစ်တစ်ခုကို ရစေသည်။ ထို့ကြောင့်လည်း ဗေဒါသည် အရက်ကိုမော့ပြီးလျှင် နေရာမှထလိုက်သည်။

"သွားမယ်ဗျာ"

"ဘယ်လဲ။ ဘယ်သွားမှာလဲ"

ကျော်မြင့်ကြီးက ခပ်ကြောင်ကြောင်ပြန်၍ မေးလိုက်သည်။ ဗေဒါက အရက်ပုလင်းကို မော့မြင့် ပိတ်လိုက်သည်။ ပြီးမှ အိတ်ထဲမှ ဆယ်တန်တစ်ရွက်ကိုကျော်မြင့်ကြီးရှေ့သို့ ပစ်ပေးလိုက်သည်။

"ရော့. . . လိုတာ ခင်ဗျားစိုက်"

ကျော်မြင့်ကြီးက ဗေဒါပေးသော ဆယ်တန်စက္ကူကို ဗေဒါရှေ့သို့ ပြန်ပစ်ပေးလိုက်သည်။

"နေပါစေကွာ. . . ငါ ပေးပါ့မယ်. . . ဘယ်သွားမလို့လဲ ပြောစမ်းပါဦး"

"ရန်ကင်းကိုသွားမယ်။ ဦးတင်အောင်ကို မေးလိုက်ရင် ရှင်းနေတာပဲ"

"ဟေ့ တော်တော်ကြာ ဝိန်းမောင်းနောင်ဂျိန်တွေ ဖြစ်နေဦးမယ်"

"မဖြစ်ပါဘူးဗျာ။ ကျွန်တော် ဒါလောက် မရမ်းကားပါဘူး"

ကျော်မြင့်ကြီးက ကျသင့်ငွေကို ရှင်းပြီးလျှင် စားပွဲပေါ်မှ ဆယ်တန်စက္ကူကို ဗေဒါအိတ်ထဲ ပြန်၍ထည့်ပေးလိုက်သည်။

ဗေဒါက ခပ်ယိုင်ယိုင်ဖြင့် ဆိုင်ထဲမှ ထွက်ခဲ့သည်။ ကျော်မြင့်နှင့် မောင်နီက ဗေဒါကို တွဲ၍ခေါ်ကြသည်။ ဗေဒါက ကျော်မြင့်ကြီးနှင့် မောင်နီတို့ တွဲထားသော လက်ကို ပုတ်ချလိုက်သည်။

"ကျွန်တော် သွားနိုင်ပါတယ်ဗျာ။ မူးပေမယ့် ကိုယ့်စိတ်ကိုယ် ထိန်းနိုင်ပါတယ်"

ပေဒါက ရှေ့မှ သူ့စိတ်ကို သူထိန်း၍ လျှောက်လိုက်သည်။ ကားပေါ်သို့ ရောက်လျှင် ပေဒါက မောင်နီကို လှမ်း၍ခေါ်လိုက်သည်။

“လာဗျာ။ ကိုနီ မလိုက်တော့ဘူးလား”

“ငါ အစည်းအဝေး ရှိသေးတယ်။ မနက်မှလာမယ်ကွာ။ မင်းလည်း သိပ်လွတ်မနေနဲ့ကွာ။ တော်တော်ကြာ မင်းအမေ စိတ်ညစ်နေပါဦးမယ်”

“စိတ်ချပါဗျာ။ ကျွန်တော့်အတွက် ဘာမှမပူပါနဲ့”

ကျော်မြင့်ကြီးသည် ကားကို တစ်ရှိန်ထိုးမောင်း၍ ထွက်ခဲ့သည်။ ပေဒါ သက်ထဲမှ အရက်ပုလင်းကို သူ့ပါးဖြင့်ကပ်၍ ပွတ်ရင်း လိုက်လာသည်။ ခုတော့ သူ့စိတ်များသည် လေးလံထိုင်းမှိုင်း၍ မနေတော့ချေ။ သွက်လက် ပေါ့ပါး၍ လာသည်။

ဦးတင်အောင်နှင့် တွေ့လျှင် ငြိမ်းပြောသောစကားများ ဟုတ်မဟုတ် မေးမည်။ ဟုတ်သည်ဆိုလျှင် ပေဒါသည် ဆက်၍မတွေးဘဲ တစ်ယောက်တည်း ဘာရှုးလို ရယ်လိုက်သည်။

“နေစမ်းပါဦး။ ကျွန်တော် ခုဦးတင်အောင်ကို သွားမေးလို့ ဦးတင်အောင်က ဟုတ်ပါတယ်ဆိုရင် ဘာလုပ်ကြမလဲ”

“ဟုတ်တယ်ဆိုရင် ဘာလုပ်ရမလဲ၊ အရက်ထပ်သောက်ရုံပဲ ရှိတာပေါ့”

“ကြိုက်ပြီ. . . ကဲ. . . တစ်နာရီ မိုင်တစ်ရာလောက် မောင်းစမ်းဗျာ”

ကားသည် တရိပ်ရိပ် ပြေးလျက်ရှိသည်။ မြင်းပြိုင်ကွင်းဘေးမှနေ၍ ကျောက်ကုန်းဘက်သို့ ရောက်လာသည်။ နောက် ရန်ကင်းလမ်းဘက်သို့ ကွေ့ဝင်လာသည်။ ဦးတင်အောင်တို့ တိုက်ရှေ့သို့ ရောက်သောအခါ ကျော်မြင့်ကြီးက ကားကိုစက်သပ်လိုက်သည်။ ပြီးမှ ပေဒါကို စိတ်ပူသလို သတိပေးလိုက်သည်။

“ရန်တွေဘာတွေတော့ ဖြစ်မနေနဲ့ဟေ့။ အေးအေးဆေးဆေး မေးပြီး ပြန်ကြတာပေါ့”

“စိတ်ချပါဗျာ”

ပေဒါသည် ဦးတင်အောင်တိုက်ထဲသို့ တစ်လှမ်းချင်း ဝင်ခဲ့သည်။ ဧည့်ခန်းတွင်းသို့ ရောက်လျှင် မထိုင်သေးဘဲ အတွင်းဘက်မှ အရိပ်အခြည်ကို အကဲခတ်၍ ကြည့်လိုက်သည်။

ခဏကြာရင် အခန်းတွင်းမှ ဦးတင်အောင် ထွက်လာသည်။ ပေဒါ
မြင်လိုက်ရုံဖြင့် ဦးတင်အောင်က လာသည့်ကိစ္စကို သိထားပြီးဖြစ်သည်။ သို့သော်
သူ့ကိုယ်သူ ဣန္ဒြေဆောင်၍ မေးလိုက်သည်။

"ဟ ပေဒါ ဘယ်ကလှည့်လာလဲ ထိုင်ကွာ"

ပေဒါသည် ဦးတင်အောင်ကို ကြည့်လိုက်ရင်း သူ့စိတ်ကိုသူ ထိန်း
လိုက်ပြီးလျှင် ခပ်အေးအေးပင် ပြန်၍ဖြေလိုက်သည်။

"ကျွန်တော် ဦးတင်အောင်နဲ့ တွေ့ချင်လို့လာတာပဲ။ ဦးတင်အောင်
ကျွန်တော် တစ်ခုမေးချင်တယ်။ အမှန်အတိုင်း ဖြေစေချင်တယ်"

ဦးတင်အောင်က ပေဒါမေးမည့် မေးခွန်းကို သိထားသော်လည်း
မသိဟန်ဖြင့် ပြုံးလိုက်သည်။

"ဘာများမေးချင်လို့လဲ ဆိုစမ်းပါဦး"

ပေဒါက ဦးတင်အောင်ကိုကြည့်ရင်း ခပ်အေးအေးပင် မေးလိုက်သည်။

"ဦးတင်အောင်နဲ့ မငြိမ်းတို့ လက်ထပ်တော့မယ်ဆိုတာ အမှန်ပဲလား"

ဦးတင်အောင်သည် မည်သို့ဖြေရမည်ကို စဉ်းစားနေမိသည်။ ငြိမ်း
မှာထားပြီးဖြစ်၍ ဖြေရမည့် စကားကိုလည်း သိထားသော်လည်း ကိုယ့်
ကိုယ် မလုံမလဲ ဖြစ်မိသည်။ ကိုယ့်အဖြစ်ကို ကိုယ်သာ သိနေသဖြင့် ပါးစပ်
လွယ်လွယ်ကူကူ ပြော၍ မထွက်နိုင်တော့ချေ။

"ငြိမ်းကို ငါ လက်ထပ် ခွင့်တောင်းတာတော့ ကြာပါပြီကွာ။ ဒါပေမဲ့
သူ့အနေနဲ့ လက်မခံဘူး။ အရင်အပတ်ကတော့ ငြိမ်းကိုယ်တိုင်လာပြီး
အတွင်းရေးတွေ ဖွင့်ပြောတယ်။ ပြီးတော့လည်း လက်ထပ်ဖို့ကိစ္စလည်း အမြန်
ဆုံးစီစဉ်ဖို့ သူဆုံးဖြတ်တဲ့အကြောင်းလည်း ပြောတယ်။ ဒီကိစ္စကြီးကြီး
ကိုဘကြည်တို့က သဘောတူပြီးသားဆိုတော့ အားလုံးကိစ္စပြီးသလောက်ပဲပေါ့"

ပေဒါသည် အသက်ကို မနည်းပင် ကြိုးစား၍ မှန်မှန်ရှူနေရသည်။
သည်။ အံကိုတင်းအောင် ကြိတ်ထားသော်လည်း သူ့ရင်ထဲတွင်ကား မုန်တိုင်း
နှင့် ဂယက်လှိုင်းများ နိုက်ခတ်လျက်ရှိလေသည်။ ပြီးမှ ဒွေးမြေနာကြည့်
သောမျက်နှာဖြင့် ဦးတင်အောင်ကို ကြည့်လိုက်ရင်း အက်ကွဲသောအသံဖြင့်
မေးလိုက်ပြန်သည်။

"ငြိမ်းကို ဦးတင်အောင် တကယ်အစစ်အမှန် ချစ်တာအမှန်ပဲနော်"

"မေးစရာတောင် မလိုပါဘူးကွာ။ ငါ သူ့ကို အတတ်နိုင်ဆုံး စိတ်ချမ်း
သာအောင် ပြုစုဖို့ ဆုံးဖြတ်ထားပြီးသားပါ"

ပေဒါသည် သူ့လက်ချောင်းကလေးများကို တစ်ချောင်းချင်း ချိုးလိုက်သည်။ ခုတော့ မျှော်လင့်ခြင်းသည် အဆုံးသို့ရောက်ပြီ။ ဆုံးရှုံးခြင်းသည်လည်း အနက်ဆုံးသို့ ရောက်လေပြီ။ သူသည် နေရာမှ အားယူ၍ထလိုက်သည်။

"ဝမ်းသာပါတယ် ဦးတင်အောင်။ အမှန်တော့ ငြိမ်းဟာ ခင်ဗျားလိုလူနဲ့မှပဲ ထိုက်တန်တဲ့ မိန်းမမြတ်ကြီး တစ်ယောက်ပါဗျာ"

ဦးတင်အောင်သည် ပေဒါကိုကြည့်ရင်း ကရုဏာသက်မိသည်။ အမှန်တော့ ပေဒါလိုအရွယ်မျိုးသည် အချစ်ကို ကိုးကွယ်ရာအဖြစ် ထားရှိတတ်သော အရွယ်မျိုးဖြစ်သည်။ အချစ်အတွက် အရာရာကို စွန့်လွှတ်ချင်သော စိတ်မျှ စိတ်မိုက်များလည်း ရှိတတ်သော အရွယ်ဖြစ်သည်။

ဦးတင်အောင်ရှေ့၌ မည်မျှပင် ဟန်ဆောင်နေသော်လည်း ပေဒါ၏ ဆို့နစ် အက်ကွဲနေသော မျက်နှာကို ကြည့်ရခြင်းအားဖြင့် မည်မျှခံစားနေရသည်ကို ဦးတင်အောင်ကိုယ်တိုင် ကိုယ်ချင်းစာမိသည်။

"တစ်ခုတော့ရှိတယ် ပေဒါ။ ငြိမ်းဟာ မင်းအပေါ်မှာ တော်တော်သံယောဇဉ် ကြီးရှာတယ်။ ဒါကိုတော့ ငါကိုယ်တိုင် ယုံကြည်တယ်"

ဦးတင်အောင်က ပေဒါကို နှစ်သိမ့်စကားလက်ဆောင် ပါးလိုက်သည်။ ဦးတင်အောင်၏ စကားကိုနားထောင်ရင်း ပေဒါက အက်ကွဲစွာ ပြုံးလိုက်သည်။ ခုမှ နောက်မိုးကောင်းခြင်းသာ ဖြစ်သည်ဟု တွေးမိရင်း မချိမဆံ့ ခံစားလာရသည်။

"အေးပေါ့ဗျာ သံယောဇဉ်ကြီးပေလို့သာပေါ့။ တော်ပါပြီဗျာ။ ဒါတွေ ကျွန်တော် ခင်ဗျားကို မပြောသင့်ပါဘူး"

"မလိုပါဘူး ပေဒါ။ မင်းနဲ့ငြိမ်းနဲ့ ဆက်ဆံရေးကို ငါအားလုံး သိပြီးသားပါ"

ပေဒါသည် ဦးတင်အောင်ထံမှ မမျှော်လင့်သော စကားကိုကြားရသဖြင့် အံ့ဩနေသည်။ အမှန်တော့ သည်ကိစ္စသည် ငြိမ်းနှင့်သူကလွဲ၍ မည်သူမျှ မသိသော ကိစ္စဖြစ်သည်။ သည်လိုကိစ္စမျိုးကို ငြိမ်းကိုယ်တိုင်က ဖွင့်ပြောရဲလိမ့်မည်ဟုလည်း လုံးလုံး မမျှော်လင့်ခဲ့ချေ။ ငြိမ်းကိုယ်တိုင်က မမျှော်လင့် . . .။ မည်သို့နည်းနှင့် ဦးတင်အောင် သိနိုင်ပါမည်နည်း။

"ဗျာ . . . ကျွန်တော်နဲ့ ငြိမ်းရဲ့ ဆက်ဆံရေးကို ဦးတင်အောင် ဘယ်လိုသိတာလဲ။ ဘယ်သူပြောလို့ သိတာလဲ"

"ငါ မင်းကို လိမ်မနေပါဘူးကွာ။ ငြိမ်းကိုယ်တိုင် ဒီကိစ္စကို ဖွင့်ပြောသွားတယ်။ တခြား တစ်ယောက်ယောက်ဆီကသာ ဒီသတင်းကိုကြားရင် ငါ ယုံမှာ မဟုတ်ဘူး။ ငြိမ်းကိုယ်တိုင်က ဖွင့်ပြောလို့ ငါယုံရတယ်။ ဒီတော့မှ ငြိမ်းဟာ မင်းအပေါ်မှာ ဘယ်လောက်တောင် သံယောဇဉ် ကြီးမားတယ်ဆိုတာ ငါ နားလည်မိတယ်။ အမှန်တော့ မင်းသံယောဇဉ်ကို အနာခံပြီး ဖြတ်တောက်ပစ်ချင်လို့ ဒီကိစ္စကို အမြန်ဆုံးစီစဉ်တာပဲ။ ငြိမ်းရဲ့ စေတနာကိုတော့ မင်း အထင် မလွဲပါနဲ့ကွာ"

ဦးတင်အောင်က ငြိမ်းအတွက် ကာကွယ်၍ အမှန်ကို ဖွင့်တလိုက်သည်။

ဗေဒါသည် တစ်ချက်မျှ မဲ့ပြုံးပြုံးလိုက်သည်။ ဦးတင်အောင်က ဗေဒါ့အတွက် နှစ်သိမ့်စကားပြောလိုက်ခြင်း ဖြစ်သော်လည်း အမှန်၌ ဤစကားများသည် ဗေဒါ၏ နှလုံးသားကို အပ်နှင့်ဆွသလို ရှိတော့သည်။ ကိုယ့်အတွက် သံယောဇဉ် ကြီးပါသည်ဟု ဆိုသူက ကိုယ့်နှလုံးသားကို ကြေမွအက်ကွဲအောင် ပြုလိုက်ခြင်းကား မည်သို့မျှ နားမလည်နိုင်အောင် ရှိတော့သည်။

"မလျှောင်ပါနဲ့ ဦးတင်အောင်ရာ။ နှစ်ယောက်ရှိတဲ့ အထဲက တစ်ယောက်ကို ရက်စက်ပြီး တစ်ယောက်ကို ရွေးတယ်ဆိုတာက ရှင်းပါတယ်။ ဦးတင်အောင် အမှန်က ကျွန်တော့်လို လူတစ်ယောက်ဟာ မငြိမ်းလို မိန်းမ တစ်ယောက်ရဲ့ အချစ်ကို ခံယူထိုက်တဲ့ အဆင့်အတန်း မရှိပါဘူး။ ကျွန်တော် ဟာ မငြိမ်းအတွက် အပျင်းပြေ ကစားစရာ အရုပ်ကလေးတစ်ရုပ်အပြင် ဘာမှမဖြစ်နိုင်ဘူး"

"မဟုတ်ဘူးဗေဒါ။ မင်း ငြိမ်းကို ဒီလိုထင်ရင် မှားလိမ့်မယ်။ ငြိမ်းဟာ မင်းနဲ့ပတ်သက်ပြီး တခြားဘာမှမတွက်ဘူး။ မင်းအတွက် အရာရာ အနစ်နာခံဖို့ အသင့်တဲ့။ ခုစီစဉ်တာဟာလည်း မင်းရော သူရောအတွက် အကောင်းဆုံး ဖြစ်အောင် စီစဉ်တာပဲဆိုတာ ငါ့ကို အတိအလင်း ဖွင့်ပြောပါတယ်။ ငြိမ်း စေတနာကိုတော့ အထင်မလွဲသင့်ဘူး"

"ဒါတွေကတော့ လူပြက်ပြက်လုံးထက်တောင် ရယ်စရာကောင်းပါသေးတယ်။ နှစ်ခုလုံး အကျိုးအတွက် ခုလိုစီစဉ်တယ်ဆိုတာ ကျွန်တော်က ဘယ်လို လုပ်ပြီး လက်ခံရမှာလဲ ရှင်းရှင်းပြောရရင် သူ့အကျိုး သူ့စိတ်ချမ်းသာမှုအတွက် လုပ်တယ်ဆိုရင် ကျွန်တော်ဖြေလို့ရတယ်။ ခုတော့ ကျွန်တော်က အပစ်ပယ်ခံ

ရတဲ့ ဘဝကနေ ပစ်ပယ်တဲ့ သူကိုပဲ ကျေးဇူးတင်နေရမယ့်အဖြစ် ရယ်စရာ ကောင်းကောင်းသေးတယ်"

ပေါ်ကပြောနေရင်း ကြိုးစား၍ တမင်တကာ ရယ်ပစ်လိုက်သည်။ သို့သော် သူ့ရယ်သံမှာ အက်ကွဲနေသည်။ သူ့အပြုံးမှာ မဲ့နေသည်။ မခံချင်စိတ် ဖြင့် အရွဲ့တိုက်ကာ ရယ်လိုက်သော်လည်း သူ့အတွင်းစိတ်ကို ဖုံးကွယ်ခြင်း မရနိုင်ချေ။ ဒါကိုလည်း ကိုတင်အောင်က ရိပ်မိသည်။

"မင်းယုံချင်ယုံ မယုံချင်နေ အမှန်အတိုင်း ငါပြောမယ်။ ငြိမ်းဟာ မင်း စိတ်ဒုက္ခရောက်မှာစိုးလို့ မင်းရဲ့ဆန္ဒကို လိုက်လျောခဲ့တယ်။ ဒါပေမဲ့ တကယ် ဘမ်း တွေးကြည့်တော့ ဒီလိုလိုက်လျောတာကိုက မင်းအတွက် ပိုပြီးဒုက္ခရောက် စေတယ်လို့ သူနားလည်လာတယ်။ ပြီးတော့လည်း သူ့အနေနဲ့ကလည်း သူ့ရဲ့ တ်ဝန်းကျင်ကို မလွန်ဆန်နိုင်ပါဘူး။ နောက်ဆုံးအများနဲ့ တစ်ယောက် သူပဲ နစ်နာခံမယ်ဆိုပြီး ဆုံးဖြတ်လိုက်တာ ငါသိတယ်။ အမှန်က ငြိမ်းက ငါ့ကို ချစ်ဘူးဆိုတာ နားလည်တယ်။ ဒါပေမဲ့ ငါ ဘယ်လိုမှ မအောက်မေ့ဘူး။ ငါ မတ္တာ၊ ငါ့စေတနာဟာ မှန်ခဲ့ရင်တော့ တစ်နေ့ သူ ငါ့အပေါ်မှာ တုံ့ပြန်လာရ ယ်ဆိုတာ ငါယုံကြည်တယ်။ နောက်ဆုံးစကားတစ်ခွန်း ပြောရရင် သူ ငါ့ကို ကတ်ထပ်တာတောင် ချစ်လို့ မဟုတ်ဘူး။ မင်းသံယောဇဉ် ပြတ်သွားအောင် မင်ဖွတ်လုပ်ပစ်လိုက်တာပဲ။ ဒါလည်း ငါသိတယ်။ မင်းနဲ့ ငါနဲ့ တစ်ယောက် တစ်မျိုးစီပါပဲကွာ။ မင်းက ငြိမ်းရဲ့ အချစ်ကို ပိုင်ဆိုင်တယ်။ လူကိုအရ မယူ င်ဘူး။ ငါက လူကိုပိုင်ဆိုင်တယ်၊ ငြိမ်းရဲ့ အချစ်ကို ပိုင်ဆိုင်ခွင့် မရှိဘူး။ ငြိမ်းရဲ့ အချစ်ကို ပိုင်ဆိုင်နိုင်အောင် တော်တော်ကို ကြိုးစားယူရဦးမယ်"

ဦးတင်အောင်သည် သူ့ရင်ထဲတွင် တနုံ့နုံ့ ခံစားနေရသမျှကို ဖွင့်အန်၍ တ်လိုက်သည်။ ပေါ်ကမူ ဦးတင်အောင် ပြောသောစကားများကို ထပ်၍ င်းချက် မထုတ်နိုင်သော်လည်း ဘာမှထပ်၍မပြောသာတော့ချေ။ ပြောစရာ ည်း မလိုတော့ဟု သူ့ကိုယ်သူ ဆုံးဖြတ်လိုက်သည်။

"ကျွန်တော် ပြန်တော့မယ် ဦးတင်အောင်။ ကျွန်တော် တစ်ခုတော့ ပြောပါရစေ။ ကျွန်တော့်အတွက်ကြောင့်ဖြင့် ဦးတင်အောင်တို့ ဆက်ဆံရေးမှာ နှောင့်အယှက် မဖြစ်ပါစေနဲ့။ ကျွန်တော်လည်း အတတ်နိုင်ဆုံး ဆင်ခြင်ပါ ယ်။ ကျွန်တော်နဲ့ မထိုက်တန်တဲ့ အရာကို ကျွန်တော်နောက်ထပ် လှမ်းယူဖို့ ယ်တော့မှ မကြိုးစားတော့ပါဘူးဆိုတာ ကျွန်တော်ရဲ့ရဲကြီး ကတိပေးပါ တယ်"

ဒေါ်အေးတင်က မျက်ရည်စမ်းစမ်းဖြင့် ပြောလိုက်သည်။ ဖေဒါက ငိုင်၍ နားထောင်နေရင်း ခေါင်းကိုငိုက်ဆိုက်ချလိုက်သည်။

"ကျွန်တော် စိတ်ညစ်တယ်အမေ။ ကျွန်တော် သိပ်စိတ်ညစ်တယ်။ ဒါကြောင့် ကျွန်တော်အရက် သောက်လာတယ်။ ကျွန်တော့်ကို ခွင့်လွှတ်ပါ အမေ"

ဖေဒါသည် ဒေါ်အေးတင် ရင်ခွင်တွင်းသို့ ပစ်၍ လှဲလိုက်သည်။ ဒေါ်အေးတင်က ဖေဒါ၏ ခေါင်းကလေးကို အသာဖွေ့ထားလိုက်ပြီးလျှင် လက်ထဲမှ အရက်ပုလင်းကို ယူ၍ကြည့်လိုက်သည်။

"အမေ့ကို သနားပါသားရယ်။ မင်းအဖေဟာ ဒီအရက်နဲ့ ဒုက္ခတွေ့ခဲ့ရတယ်မဟုတ်လား။ တခြား လုပ်ချင်တာလုပ်ပါကွယ်။ အရက်တော့ မသောက်ပါနဲ့ သားရယ်။ အမေပြောတာတော့ နားထောင်ပါသားရယ်"

ဒေါ်အေးတင်က ဖေဒါ၏ ဆံပင်ကလေးများကို သပ်ရင်း ချော့လိုက်သည်။ ဖေဒါသည် ဒေါ်အေးတင် လက်ထဲမှ အရက်ပုလင်းကို ယူ၍ မြှောက်ကြည့်လိုက်သည်။

"ခုရက်အတွင်းတော့ ကျွန်တော့်ကို ခွင့်လွှတ်ပါ အမေ။ ကျွန်တော် စိတ်ညစ်လွန်းလို့ပါ။ ကျွန်တော် နေလို့ကို မရဘူး။ တင်ရာလျှောက်သွားနေချင်တယ် အမေ"

ဖေဒါသည် ပြောပြောဆိုဆို အရက်ကို မော့လိုက်ပြန်သည်။ ပြီးမှ ရေခပ်၍ ထပ်သောက်လိုက်သည်။ ဒေါ်အေးတင်က သက်ပြင်းကို ချလိုက်သည်။ ဖေဒါသည် နောက်ဖေးအဆင့်ပေါ်မှ ဖန်ခွက်ကိုယူ၍ ဆေးလိုက်သည်။ သည်ဖန်ခွက်ကို မြင်လိုက်ရတော့ အဖေ့ကို အမှတ်ရသည်။ အဖေသာ ခုနေရှိရင် အဖေနှင့်တွဲ၍ သောက်လိုက်ရလျှင် မည်မျှအားရှိမည်နည်း။ ဖေဒါသည် တွေးရင်း ရင်နာ၍လာသည်။

အိမ်ရှေ့တွင် ဖန်ခွက်၊ ရေ၊ အရက်ပုလင်းနှင့်အတူ ထောင်၍သောက်ရန် ပြင်လိုက်သည်။ ကြောင်မက ဖေဒါ၏ အပြုအမူကို မျက်နှာငယ်ကလေးဖြင့် ကြည့်နေရှာသည်။ ဒေါ်အေးတင်ကမူ ရင်ထဲတွင် ခံစားနေရသမျှ မျိုသိပ်၍ သားလိုက်တော့သည်။ ခုအချိန်ပြော၍လည်း ရမည်မဟုတ်မှန်းသိသည်။ အမူးပြေမှပင် ပြောတော့မည်ဟု ဆုံးဖြတ်ထားကာ သား လုပ်သမျှ အသာကြည့်၍

နေလိုက်သည်။ ဗေဒါက တကယ့် အရက်သမားကြီးကဲ့သို့ ဖန်ခွက်ထဲတွင် အရက်ထည့်၍ ရေနှင့်ရောလိုက်သည်။ ပြီးမှ မျက်စိမှိတ်မော့လိုက်ပြန်သည်။

"ဟဲ့. . . ကြောင်မ ဘာဝေနေတာလဲ။ ညည်းအစ်ကိုအတွက် ငါးလေး လုံးထားတာ ရှိတယ်။ သွားယူပေးလိုက် အင်း. . . ဘုရား. . . ဘုရား"

ဒေါ်အေးတင်သည် ဘုရားတရင်း နောက်ဖေးခန်းသို့ ဝင်၍သွားတော့ သည်။ ကြောင်မက အမေခိုင်းသည့်အတိုင်း ဗေဒါအတွက် အမြည်းချ၍ပေး လိုက်သည်။ ဗေဒါသည် ကြောင်မကိုကြည့်ရင်း ပို၍စိတ်ထိခိုက်လာသည်။

"ငါ ကနေ့ စိတ်ညစ်လွန်းလို့ အရက်သောက်တယ်။ ငါ့ကို နင်တို့ ဘယ်လိုမှ တလွဲ မထင်ကြနဲ့ ကြားလား"

"ဟုတ်ကဲ့ အစ်ကို"

ကြောင်မသည် သူ့အစ်ကို ရှိသေလေးစားသော အမူအရာဖြင့် ခေါင်းကို ညိတ်၍ နောက်ဖေးသို့ ပြန်ထွက်သွားတော့သည်။

ပုလင်းတစ်ဝက်ကျော်သွားသောအခါ ဗေဒါသည် အတော်ပင် စိတ်ရွှင်၍ လာလေပြီ။

ဗေဒါသည် နေရာမှထ၍ အိမ်ရှေ့သို့ ထွက်လာခဲ့သည်။ ဒေါ်အေးတင် က နောက်မှစိုးရိမ်တကြီး လိုက်လာသည်။

"ဟဲ့. . . ဗေဒါ ဘယ်သွားဦးမလို့လဲ။ ထမင်းစားပြီး အသာအိပ်နေပါ တော့ သားရယ်။ အမေပြောတာ နားထောင်ပါ"

"ကိစ္စမရှိပါဘူး အမေ။ ကျွန်တော့်ကို မစိုးရိမ်ပါနဲ့ အဘွားအိမ်ကို သွားမှာပါ"

အချိန်ကား မှောင်စပြုလေပြီ။ လမ်းမီးတိုင်များပင် လင်း၍နေလေပြီ။ ဗေဒါသည် အဘွားအိမ်ရှေ့ ခပ်ယိုင်ယိုင် လျှောက်လာခဲ့သည်။ သို့လျှောက်လာ ရင်းမှ သူ့အဖေဆိုသော သီချင်းကို အသံကုန်တစ်၍ အော်လိုက်သည်။

"တစ်နေ့ ငတ်ပေမယ်လို့လည်း ပျော်သလိုနေမည်"

ဖြစ်ချင်ရာ ဖြစ်တော့ နေပါတော့မည်။

ဗေဒါသည် အသံသေး အသံကြောင်ဖြင့် အော်လိုက်သည်။ အမေထွေး က ထိတ်ထိတ်ပျာပျာဖြင့် ဗေဒါ့ကို လှမ်း၍ကြည့်လိုက်သည်။ ယိမ်းယိုင် လျှောက်လာရင်း သီချင်းကို အသံကုန်အော်ဆိုနေသော ဗေဒါကိုမြင်သောအခါ အမေထွေးက အထိတ်တလန့် အော်လိုက်မိသည်။

"ဟဲ့. . . ဒီကောင်လေး ဘာဖြစ်လာတာလဲ။ အေးရေ နှင့်မောင်ကို ကြည့်စမ်း။ ဘာဖြစ်လာလဲ အရက်တွေများ သောက်လာသလား"

အေးအေးက ဗေဒါကိုကြည့်ရင်း မျက်နှာကလေး ညှိုးရှုံသွားတော့သည်။ ဗေဒါက အိမ်ထဲသို့ မဝင်သေးဘဲ သီချင်းကို အသံကုန်ဟော်၍ ဆိုနေပြန်သည်။ ခုတစ်ခါတော့ ဗေဒါက သူ့အဖေဆိုသည့်အတိုင်း မဆိုဘဲ စာသား ပြောင်း၍ဆိုလိုက်သည်။

"အချစ်က ပစ်ပယ်လို့လည်း ပျော်သလိုနေမည်. . . ဖြစ်ချင်ရာဖြစ် တော့ နေပါတော့မည်. . ."

ပျော်ပျော်နေ အသက်ရှည်

အဲဗားရော့်လီ"

ဗေဒါသည် သီချင်းဆိုရင်း တစ်ချက်တစ်ချက် ယိုင်၍သွားလေသည်။ အေးအေးက ကြည့်၍မနေနိုင်တော့ပေ။ ဗေဒါကို ပြေး၍ဆွဲလိုက်ရတော့သည်။

"ဟဲ့. . . ဗေဒါ။ နင်ဘာယ်လိုဖြစ်လာတာလဲဟင်. . . မသောက်စဖူး အရက်တွေ သောက်လာတယ်။ ငါ့မောင်ရယ် မိုက်လှချေလား။ လာ. . . လာ အထဲလာ. . . လမ်းလယ်ကောင်မှာ ရှက်စရာကြီး"

အေးအေးက ဗေဒါကိုတွဲ၍ အိမ်ထဲသို့ အတင်းဆွဲခေါ်ရတော့သည်။ လမ်းထဲမှ လူများက ဗေဒါကို ဝိုင်း၍ ကြည့်ကြသည်။ တချို့ အိမ်ပေါက်ဝမှ ပြူ၍ ကြည့်ကြသည်။ ကိုဘကြည်သည် ဗေဒါကိုကြည့်ရင်း ပြုံးနေမိသည်။ ဗေဒါ သီချင်းသံကား တစ်လမ်းလုံး ပွဲလွှင့်၍ နေတော့သည်။

အမေထွေးက ဗေဒါကိုကြည့်ရင်း ဒေါသဖြစ်နေတော့သည်။

"လာပြန်ပြီ တစ်ယောက်က အဖေပြီးလို့ သား ဒီအရည်ကို ဘာလို့ သောက်ချင်ရတယ် မသိပါဘူးတော်။ လောကလည်း အကျိုးမပေး၊ သံသရာ လည်း အကျိုးမပေးတဲ့ ဒီအရက်ကို သောက်ကြတာ မကြည့်ချင်ဘူး။ မကြည့် ချင်ဘူး အေးအေး သူ့အိမ်သူ ပြန်ခေါ်သွားစမ်း"

အမေထွေးက စိတ်ဆိုးဆိုးဖြင့် ပြောလိုက်သည့်တိုင်အောင် ဗေဒါက ဟားဟား ရယ်နေတော့သည်။ အေးအေးက အသာချော့လိုက်သည်။ သို့သော်ပြော၍ကားမရ။

"ဗေဒါ လာ အိမ်ပြန်ရအောင်။ အိမ်ပြန် ထမင်းစားပြီး အိပ်တော့ကွယ်။ ငါ့မောင်က လိမ္မာပါတယ် လာလေ"

အေးအေးက ဗေဒါကို အတင်းဆွဲခေါ် သော်လည်း ဗေဒါက အေးအေး လက်က အတင်းရုန်းလိုက်သည်။

"နေစမ်းပါ မမအေးရာ။ ကျွန်တော့်အတွက် စိတ်မပူပါနဲ့ ကျွန်တော့်ဟာ ကျွန်တော် သွားနိုင်ပါတယ်။ အဘွားကို သီချင်းတစ်ပုဒ် ဆိုပြချင်လို့ပါ"

ဗေဒါက ပြောပြောဆိုဆိုပင် အသံသေး အသံကြောင်ဖြင့် သီချင်းတို့ အော်၍ ဆိုလိုက်သည်။ အမေထွေးက ပါးပြင်ပေါ်တွင် စီးကျလာသော မျက်ရည်စများကို အသာသုတ်လိုက်သည်။ ဗေဒါသည် ဓာတ်ပြားအပ်ကြောင်း ထပ်နေသလို သည်သီချင်းကိုပင် ထပ်တလဲလဲ ထပ်၍ဆိုလိုက်သည်။ အားရ အောင် ဆိုပြီးမှ အမေထွေးအိမ်ထဲမှ ထွက်ခဲ့သည်။ အိမ်ရှေ့ရောက်တော့လည်း ငြိမ်းတို့ အိမ်ဘက်ဆီသို့ တစ်ချက်မျှ လှမ်းကြည့်ရင်း သီချင်းကို အသံကုန် အော်၍ ဆိုလိုက်သည်။ ငြိမ်းတို့အိမ် ပြတင်းပေါက်တွင် သူ့အားစူးစူး ဝါးဝါး စိုက်ကြည့်နေသော ငြိမ်းကို လှမ်း၍မြင်လိုက်ရသည်။ ငြိမ်းကို မြင်လိုက်ရမှ ဗေဒါက စောစောကသီချင်းကို တအားအော်၍ ဆိုလိုက်သည်။ ငြိမ်းသည် ပြတင်းပေါက်မှ အထဲသို့ပြန်ဝင်သွားတော့သည်။

အိမ်ရောက်တော့လည်း ကျန်နေသေးသော အရက်ကို ငှဲ့၍သောက်နေ ပြန်သည်။ ပြီးတော့လည်း သီချင်းကို ထပ်တလဲလဲ အော်၍ဆိုလိုက်သည်။ ဒေါ်အေးတင်နှင့် ကြောင်မက ဗေဒါအတွက် ထမင်းပြင်၍ပေးလိုက်သည်။ ဗေဒါက ထမင်းကို မစားသေးဘဲ အရက်ကိုဆက်၍သောက်နေတော့သည်။

"သားရယ် အမေ့ကိုသနားရင် ထမင်းစားပါတော့ကွယ်။ စားပြီး အသာ အိပ်ပါတော့. . . အမေပြောတဲ့ စကားကို သားနားထောင်ပါကွယ်"

"ကျွန်တော် ဒီညတစ်ညလုံး အိပ်လို့မရဘူးအမေ။ ကျွန်တော် အိပ်လို့ ပျော်မှာကို မဟုတ်ဘူး။ ကျွန်တော့်ကို ကနေ့ တစ်ညတော့ ခွင့်လွှတ်ပါ။ ကျွန်တော်ဟာ ကျွန်တော် လွတ်လွတ်လပ်လပ် ပျော်ပါရစေ"

ဗေဒါသည် ပြောပြောဆိုဆို အရက်ကို မော့လိုက်ပြီးလျှင် ပါးစပ်ထဲ တွေ့ရာသီချင်းများကို လျှောက်၍ဆိုလိုက်သည်။ သို့ဆိုနေရင်းက အိမ်ပေါ်ထ သို့ ဆင်းခဲ့ပြန်သည်။ အိမ်ပေါက်တွင်ရပ်၍ မောင်နီ တရားဟောသလို ဟန်မျိုး ဖြင့် စိတ်ထဲရှိရာကို လျှောက်၍ပြောလိုက်ပြန်သည်။

"မြို့မိမြို့ဖအပေါင်းတို့ခင်ဗျား။ မြို့မိမြို့ဖ အပေါင်းတို့ ခင်ဗျား။ နှလုံး သားကို သစ္စာဖောက်တာ ဝူဏ်ကြီးရှင်တွေလား၊ လူမွဲတွေလား။ ပညာရှိတွေ

သား၊ ပညာမဲ့တဲ့ သူတွေလား၊ ယောက်ျားတွေလား၊ မိန်းမတွေလား၊ ဒီပြဿနာကို ကျွန်တော် ကနေ့ ရှင်းလင်း အစီရင်ခံပါ့မယ်။ နှလုံးသားကို သစ္စာဖောက်တဲ့သူဟာ ကျွန်တော်တို့လို နင်းပြား လူဆင်းရဲ လူမွဲတွေ မဟုတ်ပါဘူး၊ မျက်နှာကြီး ဂုဏ်ကြီးရှင်တွေပါ။ နှလုံးသားကို သစ္စာဖောက်သူတွေဟာ ကျွန်တော်တို့လို ကျောက်ထရစ်မှ မအောင်တဲ့ ပညာမဲ့တဲ့သူ၊ လူနုလပိန်းတုံးတွေ မဟုတ်ပါဘူး ဒီဂရီရတဲ့ တကယ့် ပညာရှိကြီးတွေပါ။ အချစ်ကို သစ္စာဖောက်သူတွေဟာ ကျွန်တော်တို့ ယောက်ျားတွေ မဟုတ်ပါဘူး၊ ကြွက်မကြီးက ကြွက်ကလေးတွေကို လှည့်စားသလို လှည့်စားတတ်တဲ့ မိန်းမတွေပါ။ မြို့မိမြို့ဖအပေါင်းတို့ခင်ဗျား အချစ်ကို သစ္စာဖောက်သူတွေဟာ အသည်းနှလုံးကို သစ္စာဖောက်သူတွေဟာ လူမွဲတွေ မဟုတ်ပါဘူး၊ ပညာမဲ့တဲ့ သူတွေ မဟုတ်ပါဘူး၊ အထက်တန်းစား ဂုဏ်ကြီးရှင်တွေ ဖြစ်ပါတယ်၊ ပညာရှိတွေ ဖြစ်ပါတယ်၊ မိန်းမတွေ ဖြစ်ပါတယ်၊ မြို့မိမြို့ဖအပေါင်းတို့ခင်ဗျား၊ မြို့မိမြို့ဖအပေါင်း. . ."

ဗေဒါသည် ဆက်မည့်စကားကို မဆက်နိုင်ဘဲ ကြောင်၍သွားသည်။ သူ့ရှေ့တွင် လာ၍ရပ်နေသူကိုကြည့်ရင်း ကြောင်၍သွားတော့သည်။ သူ့စိတ်ထဲတွင် မသေချာသဖြင့် ထပ်၍ကြည့်လိုက်ပြန်သည်။ သည်တော့မှလည်း သူ့ရှေ့တွင် မလှုပ်မယှက် လာ၍ရပ်နေသော ငြိမ်းကို တွေ့ရတော့သည်။ ငြိမ်းသည် ဗေဒါကို မလှုပ်မယှက် စိုက်၍ကြည့်နေသည်။ အတန်ကြာမှ ရှေ့သို့တစ်လှမ်းမှ တိုး၍ရပ်လိုက်သည်။

"မင်း ဘာဖြစ်နေတာလဲ"

ဗေဒါက ငြိမ်းမေးသည်ကို မဖြေဘဲ တမင်လုပ်၍ ရယ်လိုက်သည်။ ငြိမ်းကလည်း မခံနိုင်သဖြင့် ထပ်၍မေးလိုက်ပြန်သည်။

"ငါ မေးနေတာ မကြားဘူးလား၊ မင်း ဘာဖြစ်နေတာလဲ"

"ကျွန်တော်လား ကျွန်တော် ဘာမှမဖြစ်ပါဘူး။ တရားဟောနေတာလေ။ အမှန်တရားတွေကို ဟောနေတာ"

"မင်း ငါ့ကို ဒါ့ထက် ဒုက္ခမပေးသင့်တော့ဘူး ထင်တယ်ဗေဒါ"

ဗေဒါသည် ရုတ်တရက် ထွက်လာသော ဒေါသကို ချုပ်တီး၍ ထားလိုက်ပြီးလျှင် ခပ်အေးအေးပင် ပြန်၍ဖြေလိုက်သည်။

"ကျွန်တော် ဘယ်သူ့ကိုမှ ဒုက္ခပေးပါဘူးခင်ဗျား၊ သူများ ဒုက္ခပေးတာကို ခံနေရတဲ့ အညှဉ်းဆဲခံ လူမွဲတစ်ယောက်ပါ"

"မင်း ငါ့ကို ရှဲ့ပြောနေစရာ မလိုဘူးပေဒါ၊ ငါ့စေတနာကို မင်းအခုထင်ချင်သလိုထင်နိုင်တယ်။ ဒါပေမဲ့ တစ်နေ့ မင်း နားလည်လာလိမ့်မယ်။ ခုတော့ ငါ ဘာမှမရှင်းချင်ဘူး။ ဒါပေမဲ့ မင်းကို ငါ တစ်ခုတော့ တောင်းပန်ပါရစေ။ ငါ့ကိုများ နည်းနည်းငဲ့ညှာမယ်ဆိုရင် ဒီညမဆွဲဘဲ အေးအေးလေး အိပ်စမ်းပါ။ မင်းကို ငါ တောင်းပန်တာပါ"

ပေဒါသည် ငြိမ်းကို စူးစူးဝါးဝါး စိုက်ကြည့်နေသည်။ လမ်းမီးတိုင်မှ အလင်းရောင်ကြောင့် တစ်ယောက်မျက်နှာကိုတစ်ယောက် အထင်းသားမြင်နေရသည်။ တစ်ယောက်မျက်လုံးမှ အရောင်သည် တစ်ယောက်မျက်လုံးထဲသို့ လာ၍ အရောင်ဟပ်နေတော့သည်။

ပေဒါ၏ မျက်လုံးများက စူးရှသလို ငြိမ်း၏ မျက်လုံးများကလည်း တောက်ပြောင်လှသည်။ အစတော့ မျက်လုံးတန်ခိုးဖြင့် ပြိုင်နေသလို တစ်ယောက်နှင့်တစ်ယောက် မျက်တောင်မခတ် စိုက်ကြည့်လိုက်သည်။ အမှန် တော့ စိတ်ထဲမှ ခံစားချက်များသည် မျက်လုံးထဲတွင် အဓိပ္ပာယ်ပို၍ နက်နဲစေ သည်။

"ကျွန်တော် ခုလိုလုပ်နေတာဟာ မငြိမ်းရဲ့ ဂုဏ်သိက္ခာကို ထိနိုက်တယ်ဆိုပါတော့။ မငြိမ်း ဂုဏ်သရေ ညှိုးနွမ်းမယ်ဆိုရင် ကျွန်တော် မလုပ်ပါဘူး။ ကျွန်တော့်ဘဝကတော့ ဘာမှမထူးဘူး။ မွေးကတည်းက သူများတံတွေးခွက်ထဲ မွေးလာရတဲ့ မျက်နှာမဲ့တွေပဲ"

"တော်ပါတော့ပေဒါ၊ ငါ မင်းကို တောင်းပန်နေတာပါ။ ငါ့ ဂုဏ်သိက္ခာ ထိနိုက်တာလည်း ငါသိပ်ဂရုမစိုက်ဘူးသိလား။ ငါ ခုလာပြောတာ မင်းအပေါ်မှာ ကရုဏာနဲ့ လာပြောတာ။ မင်း ဒီလိုဖြစ်တာကို မကြည့်ရက်လို့ လာပြောတာသိလား။ ငါ့အတွက် လာပြောတာ မဟုတ်ဘူး။ မင်းအတွက်. . . မင်းအတွက်"

ပေဒါသည် ဟားတိုက်၍ ရယ်လိုက်ပြန်သည်။ သို့ရယ်နေရင်းမှ သူ့ မျက်လုံးအိမ်ထဲတွင် မျက်ရည်များက ပြည့်လျှံ၍ လာလေသည်။ သူသည် အံကြိတ်၍ စိတ်ကိုတင်းလိုက်ပြန်သည်။

"ပြော်. . . ကျွန်တော့်အတွက် လာတာကိုး။ ဒါဖြင့် ကျွန်တော် ခုလို ဘာလို့ ဖြစ်ရတာလဲ။ ဒါကော ခင်ဗျား စဉ်းစားမိရဲ့လား။ ကျွန်တော်ဘာ ဒီလိုဖြစ်ရတယ်ဆိုတာ ခင်ဗျားအသိဆုံး ခင်ဗျားအသိဆုံး"

"မသိဘူး. . . မသိဘူး ငါ ဘာမှမသိဘူး မင်းဟာမင်း ဖြစ်နေတာကို ဘယ်လိုလုပ်ပြီး သိရမှာလဲ"

"အေးဗျာ ခင်ဗျားတို့ ပညာရှင် ဂုဏ်ကြီးရှင်တွေဟာ လောကကြီးကို ပြောင်းပြန်ဖြစ်အောင်တော့ လှည့်စားနိုင်တယ်နော်။ ကျွန်တော်ချီးကျူးတယ် ဗျာ။ ခင်ဗျားရဲ့ ပရိယာယ်တွေလည်း ချီးကျူးတယ်။ ခင်ဗျားမေတ္တာ၊ စေတနာ၊ ကရုဏာတွေဟာလည်း တကယ်ချီးကျူးစရာ ကောင်းပါတယ်။ လူတစ်ယောက် ကို အရုပ်လို ကစားနိုင်တယ်။ ဆယ့်နှစ်ကြိုးနိုင်တယ်လို့ ဆိုရမှာပေါ့။ ကျွန်တော် တို့ဘဝက ခင်ဗျားတို့ ကြိုးဆွဲရာ ကနေရတဲ့ ဘဝပါဗျာ"

"ဒီမှာ ဝေဒါ မင်းမကျေနပ်ရင် မနက်မှပြော အရက်မမူးတဲ့ အချိန်မှာ ပြော။ ခုငါ့ကို ဘာမှမပြောနဲ့ လောကကြီးမှာ ငါဟာအမြဲတမ်း အနစ်နာခံတဲ့ ဘက်က ရပ်တည်ခဲ့ရတာ သူများကို ကြိုးဆွဲပြီး ကစားဖို့ဆိုတာဝေးရော။ ငါ့ ဘဝကို ငါတောင် ကြိုးမဆွဲနိုင်ဘူး။ ငါ့ဘဝကိုတောင် သူများကြိုးဆွဲရာ ကနေ တာသိလား"

"သိပါတယ်ဗျာ ခင်ဗျားဘဝမှာ ဘယ်ကြိုးတွေနဲ့ ကတယ်ဆိုတာ ကျွန်တော် အခုသိပြီ၊ ခင်ဗျားဘဝကို ကြိုးဆွဲနေတာက မေတ္တာကြိုး၊ သစ္စာကြိုး၊ ကရုဏာကြိုး၊ စေတနာကြိုးတွေလို့ ကျွန်တော်ထင်ခဲ့တာ လုံးလုံး မှားတာပဲ၊ အမှန်က ခင်ဗျားဘဝကို ဆွဲထားတဲ့ ကြိုးတွေက ဒီထက် ဖြူစင်သန့်ရှင်းပြီး နှစ်လုံးသားကလာတဲ့ ကြိုးတွေမဟုတ်ဘူး၊ အပေါ်ယံ ပကာသနကလာတဲ့ ကြိုးတွေ။ ခင်ဗျားက ပညာ၊ ဂုဏ်တို့၊ ငွေတို့ ဒီဂရီတို့ဆိုတဲ့ အလွန်တန်ဖိုးကြီး မားပြီး ညစ်ညမ်းတဲ့ ကြိုးတွေဆွဲရာ ကနေရတယ်ဆိုတာ ကျွန်တော်နားလည် ပြီ"

"အေး. . . မင်းထင်ချင်သလို ထင်နိုင်တယ်။ ငါ ဘာမှမပြောဘူး။ ဒါပေ မဲ့ တစ်နေ့ ငါဟာ မင်းထင်နေတဲ့ မိန်းမစားမျိုး မဟုတ်ဘူးဆိုတာ မင်း သိလိမ့် မယ်"

ငြိမ်းက ဒေါသဖြင့် ခပ်မာမာ ပြောလိုက်သည်၊ သည်တော့လည်း ဝေဒါ သည် သူ့စိတ်ကို သူချုပ်တည်း၍ မရချေ။ ချုပ်တည်းထားရသော သူ၏ ခံပြင်းစိတ်၊ ဒေါသစိတ်တို့သည် တစ်ပြိုင်နက်တည်း ပေါက်ကွဲ၍ သွားတော့ သည်။

"ဟုတ်တယ် ဟုတ်တယ် မမငြိမ်းဟာ ကျွန်တော် ထင်တဲ့ မိန်းမမျိုး မဟုတ်ဘူးဆိုတာ ကျွန်တော် ခုသိပြီ။ မသိချင်ဘဲနဲ့ သိရပြီ။ ကျွန်တော်ထင် နေတာက မမငြိမ်းကို တကယ့်ကရုဏာရှင်၊ မေတ္တာရှင်၊ သစ္စာရှင် မိန်းမမြတ် ကြီးတစ်ယောက်လို့ ထင်ခဲ့ရတယ်။ ခုတော့ အထင်နဲ့အမြင်က မိုးနဲ့မြေလောက် ကွာနေတယ်"

"မမငြိမ်းဟာ ကျွန်တော်ထင်သလို သစ္စာတို့ မေတ္တာတို့ဆိုတာ မမငြိမ်း ရဲ့ နှုတ်ခမ်းဖျားပေါ်မှာပဲ ရှိတယ်။ မမငြိမ်းရဲ့ ရင်ထဲ အသဲထဲမှာ နည်းနည်း မရှိဘူး။ မမငြိမ်းရင်ထဲမှာ သူတို့ဂုဏ်တို့ ဒီဂရီတို့ ဒါပဲရှိတယ်။ တကယ်တော့ မမငြိမ်းဟာ ကျွန်တော်ထင်သလို မိန်းမမြတ်ကြီး မဟုတ်ပါဘူး။ အလွန် ကောက်ကျစ်ဆန်းပြားတဲ့ မိန်းမယုတ်ကြီး"

ငြိမ်းသည် နားထောင်နေရင်း မျက်ရည်များ တလိမ့်လိမ့် စီးကျလာ သည်။ ဗေဒါ၏ စကားများက ရင့်သီးလွန်းလှသည်။ အရက်ရှိန်နှင့် ဗေဒါ ပေါင်းလိုက်သောအခါ သူ့စကားများသည် ပို၍ကြမ်းတမ်းခက်ထန်၍ လာ သည်။

ငြိမ်းသည် မျက်ရည်ကြားမှ ပြုံးလိုက်သည်။

"အေး. . . မင်း ငါ့ကို ခုလိုထင်တာပဲ ငါ ဝမ်းသာပါတယ်။ ပြောချင် မင်းကြိုက်သလို ပြောနိုင်ပါတယ်။ ကဲ. . . အားရပြီလား"

ဗေဒါသည် နောက်ထပ်၍ မပြောတော့ချေ။ ငြိမ်းက ဗေဒါ နောက်ထပ် ပြောမည်ကို အတန်ကြာအောင် စောင့်နေသေးသည်။

"ကဲ. . . မင်းပြောလို့ အားရရင် ငါ ပြန်တော့မယ်"

ငြိမ်းထွက်သွားသည်အထိ ဗေဒါသည် ကျောက်ရုပ်လို ရပ်၍နေမိသည်။ သည်တော့မှလည်း ကိုယ်ပြောလိုက်သည့် စကားအတွက် ပြန်၍ နောင်တရ လာမိသည်။ ဘာတွေပြောလိုက်မိသည်ကိုလည်း ပြန်စဉ်းစား၍မရ။ ဗေဒါ သည် အိမ်ထဲသို့ အပြေးဝင်၍ သွားတော့သည်။ ပြီးမှ အိပ်ရာထဲတွင် ပစ်လှဲ၍ ကလေးငယ်တစ်ယောက်လို ရှိုက်ငင်တကြီး ငိုလိုက်မိသည်။ ဒေါ်အေးတင် က ဗေဒါ၏ ကျောကလေးသပ်၍ မချိတင်ကဲ ပြောလိုက်မိသည်။

"သားရယ် မတူတာ မတန်တာကိုမှ ဘာလို့မှန်းချင်ရတာလဲ။ မ တူ တာကိုမှန်းရင် ငါ့သား ပင်ပန်းမှာပေါ့ကွယ်"

အမေမစကားကို နားထောင်လိုက်မှ ပို၍ဝမ်းနည်းလာမိသည်။ ဘဝ အကျိုးပေး နုံချာပုံကိုတွေးရင်း ပို၍နာကြည်းလာမိသည်။

"ဟုတ်တယ်အမေ။ ကျွန်တော်တို့ ဘဝအကျိုးပေးက နုံချာလှပါကလား"

ပေဒါသည် အမေ့ရင်ခွင်တွင် မျက်နှာအပ်ကာငိုရင်း ဝမ်းပန်းတနည်း ပြောလိုက်သည်။ ဒေါ်အေးတင်၏ မျက်လုံးများသည် မျက်ရည်ဖြင့် ပြည့်လျှံ၍ နေတော့သည်။ ပေဒါ ရှိုက်သံကား လမ်းမဘက်ဆီသို့ ဖွင့်လှစ်၍ထွက်လာသည်။

သို့သော် အခန်းတွင်းမှ ကျိတ်၍ငိုနေရှာသော ငြိမ်းတစ်ယောက်ကား ပေဒါ၏ အဖြစ်ကို သိရှာလိမ့်မည် မဟုတ်ချေ။

❑

# ၁၁

မြသိ၏ မျက်နှာသည် လန်းဆန်းကြည်လင်၍နေသည်။ သူထံသို့ ပေဒါး အမှတ်တရ လာသည်ကို ဝမ်းသာ၍ မဆုံးနိုင်အောင် ရှိတော့သည်။ ပေဒါ သေသေချာချာ ကြည့်လိုက်ပြန်တော့လည်း လန်းဆန်းနေသော သူမျက်နှ ကလေးသည် တဖြည်းဖြည်း တိုး၍လာသည်။

ပေဒါသည် အိမ်ရှေ့ခန်းတွင် ခေါင်းငိုက်စိုက်ချ၍ ထိုင်နေတော့သည်။ ပေဒါသည် ဘာဖြစ်လာသည်ကို အကဲမခတ်တတ်အောင် ရှိတော့သည်။

"ပေဒါ နင်ဘာဖြစ်လို့လဲ .နေမကောင်းဘူးလား"

ပေဒါက မြသိမေးသည်ကို မဖြေဘဲ စကားလွှဲ၍ ပြန်မေးလိုက်သည်။

"ဒေါ်ဒေါ်ကော ဘယ်သွားလဲ"

"မေမေ ဥက္ကလာပ သွားတယ်"

သည်တော့မှ ပေဒါက ခါးကြားမှ အရက်ပုလင်းကို ဆွဲထုတ်ပစ်လိုက် သည်။

"ဖန်ခွက်နဲ့ ရေပေးစမ်းပါ"

မြသိက ပေဒါ၏ အပြုအမူကို အံ့ဩနေမိသည်။ ပေဒါ အရက်သောက် သည်ကို တစ်ခါမျှ မတွေ့ခဲ့ရဘူးချေ။ ယခုတော့ ပေဒါသည် အရက်ပုလင်း ခါးကြားထိုး၍ တကယ့် အရက်သမားကြီးဟန် ပေါက်နေတော့သည်။

"ဖန်ခွက်နဲ့ ရေပေးပါဆို ဘာလို့ငိုင်နေတာလဲ"

သည်တော့မှ မြသီက နောက်ဖေးခန်းသို့ထ၍ပြေးတော့သည်။ ဖန်ခွက်
စ်လုံးနှင့် ရေတစ်ခွက်ခပ်၍ ယူပေးလိုက်သည်။ ဗေဒါသည် အရက်ပုလင်း
မှ အရက်ကိုငှဲ့လိုက်ပြီးလျှင် ရေဖြင့်ရောစပ်လိုက်သည်။ ပြီးမှ တစ်ကျိုက်
ပ်ကျိုက်မျှ မော့လိုက်သည်။

"နင် အရက်တွေဘာလို့သောက်တာလဲ ဗေဒါ"

မြသီက ကရုဏာသံလေးဖြင့် မရဲတရဲ မေးလိုက်သည်။ ဗေဒါက ရှေ့သို့
၍ ကြည့်နေရင်း စိတ်မပါသလို ပြန်ဖြေလိုက်သည်။

"စိတ်ညစ်လို့"

ဗေဒါက ခပ်ပြတ်ပြတ်ပင် ဖြေလိုက်ပြီးလျှင် အရက်ကိုမော့၍ သောက်
က်ပြန်သည်။ မြသီက ဆက်၍မမေးတော့ချေ။ သို့သော သူ့စိတ်ထဲတွင်ကား
ဒါ ဘာအတွက် စိတ်ညစ်သည်ကို သိလိုလှသည်။

"စိတ်ညစ်တယ်ဆိုတာဘာလဲ။ နင်သိလား"

ဗေဒါ မေးလိုက်သည်ကို မြသီက ခေါင်းခါ၍ အဖြေပေးလိုက်သည်။

"အသည်းကွဲလို့ စိတ်ညစ်တာ"

သူ့စကားနှင့်သူ သဘောကျတာ ခြောက်ကပ်ကပ်ဖြင့် ရယ်လိုက်ပြန်
သည်။ မြသီက မျက်လုံးကြောင်ကလေးဖြင့် ငေးနေမိသည်။

"အသည်း ဘယ်လိုကွဲသလဲဆိုတာရော နင် သိချင်သေးလား"

မြသီက ကလေးလို ခေါင်းညိတ်လိုက်သည်။

"အသည်းအစိမ်းလိုက်ကွဲတာ"

ဗေဒါသည် သူ့အမေးနှင့်သူဖြေပြီး စောစောကနည်းတူ ခြောက်ကပ်ကပ်
ယ်လိုက်ပြန်သည်။ ဗေဒါကို ကြည့်ရသည်မှာ အရူးတစ်ယောက် ကြည့်နေရ
လို မြသီစိတ်ထဲတွင် ထင်လာခဲ့သည်။ အကျီလုံချည်များက ညစ်ပတ်စုတ်
တ်နေသည်။ ခေါင်းမွေးများက နီကြောင်ကြောင်ဖြင့် ဖွာလန် ကြဲနေသည်။

ဗေဒါကိုကြည့်ရင်း မြသီက အလိုလို သနားလာမိသည်။ ဗေဒါ ခံစား
နေရသော ဒုက္ခအတွက်လည်း အလိုလို ကရုဏာသက်မိသည်။

"နင် ဘယ်လိုဖြစ်တာလဲ ဗေဒါရယ်။ ငါ မသိရဘူးလားဟင်။ နင့်အဖြစ်
ကို ငါသိချင်လိုက်တာ"

"ဘာမှမဆန်းပါဘူး နင့်လိုပဲ ဖြစ်တာပဲ"

ဗေဒါသည် သူ၏နှုတ်ခမ်းကို ခပ်တင်းတင်း စေ့ထားလိုက်သည်။ ခုတော့လည်း သူ့မျက်နှာကား ကြေကွဲဝမ်းနည်းသည့် အရိပ်အယောင်များ ပျောက်၍ ဒေါသစိတ်ဖြင့် တင်းမာ၍လာသည်။

"တို့ လမ်းထဲက မငြိမ်းကို နင်သိမှာပေါ့"

"သိသားပဲ"

"အေး. . . ငါ့အသည်းကို အစိမ်းလိုက် ခွဲတဲ့သူဟာ သူပဲ"

မြသီသည် ပါးစပ်အဟောင်းသားဖြင့် ငေးမိသည်။ ဗေဒါက အရက်ကို ဆက်၍ မော့လိုက်သည်။

"နင့်ဘဝနဲ့ ငါ့ဘဝဟာ အတူတူပါပဲ ဗေဒါ"

"ငါ့ဘဝဟာ ငါ့နာမည်လိုပဲ မြသီ၊ ဗေဒါလို အမြဲတမ်း ရေမှာမျော ဦးမှာပဲ"

"နင်က ဗေဒါဆိုတော့ ရေမှာမျောနိုင်သေးတယ်၊ နင့်အလှကို ပြခွင့် ရသေးတယ်၊ အလှညှိသင့်ရင် ကမ်းကပ်နိုင်သေးတယ်၊ ငါ့ဘဝက ရေမျော ကြာလိုပါပဲ၊ ရေမျောကြာဆိုတာ ရေပေါ်မှာတောင် မမျောနိုင်ဘူး၊ ရေအောက် မှာ အမြဲနစ်မွန်းနေရတာပါ ဗေဒါရယ်"

မြသီက သူ့ဘဝနှင့်ယှဉ်၍ ဗေဒါကို နှစ်သိမ့်လိုက်သည်။ ဗေဒါက တစ်လောကလုံးကို ရွံရှာသောအကြည့်ဖြင့် ရှေ့သို့စိုက်ကြည့်နေရင်း ခေါင်းခါ လိုက်သည်။

"မထူးပါဘူး မြသီရာ၊ နင်နဲ့ငါနဲ့ဟာ သိပ်မကွာလှပါဘူး၊ ငါသာ မိန်းကလေးဖြစ်ရင် တော်တော်ပျက်စီးနေပြီလို့ ဆိုရမှာပဲ၊ ခု ငါ ကျောင်းလည်း မှန်မှန် မတက်ဖြစ်ဘူး၊ အလုပ်လည်း မလုပ်ဘူး၊ စိတ်လေတိုင်း လျှောက်သွား နေတာ၊ အရက်လည်း ငါနေ့တိုင်းသောက်တတ်နေပြီ၊ ကြိုက်လို့တော့ မဟုတ် ဘူး ဒါပေမဲ့ လူမှန်းမသိအောင် မူးပြီး မေ့ပစ်လိုက်ချင်တယ်၊ လောကကြီးကို ခဏလေး မေ့ပစ်လိုက်ရတာ ငါ့အတွက် နိဗ္ဗာန်ပဲ"

ဗေဒါသည် ပြောပြောဆိုဆို ဖန်ခွက်ထဲတွင် ကျနေသော အရက်ကို အကုန်မော့လိုက်ပြီးလျှင် နောက်ထပ်ငှဲ့၍ ရေနှင့်ရောလိုက်ပြန်သည်။ မြသီက ဗေဒါကိုကြည့်ရင်း သနားလာသည်။

"နင်ရာ ငါရော အတူတူပဲ တို့ဟာ တို့ဘဝနဲ့ မတန်တာတွေ သွားပြီ မှန်းကြလို့ ဒုက္ခတွေ့ရတာပဲ ငါဆိုလည်း ဒါကြောင့်ဒုက္ခတွေ့တာပဲ၊ ငါ့ဘဝနဲ့

တန်တဲ့အလုပ်ကို မှန်းမိတယ်။ မတန်တဲ့လူကို မှန်းမိတယ်။ နောက်ဆုံး ကြတော့ ဘာဖြစ်လဲ တို့ပဲနစ်နာတာပဲ"

မြသီပြောသော စကားများသည် အဓိပ္ပာယ်လေးနက်လွန်းလှသည်။ မြသီကိုပင် ဗေဒါက အလိုလိုအထင်ကြီးလာမိသည်။ ခုလို အတွေးအခေါ်မျိုး မြသီ၌ ဘယ်ကရလာသည်မသိ။ မြသီသည် ခပ်ပေါ့ပေါ့ နေတတ်သူဟု ဗေဒါ ကိုယ်တိုင် အလျှင်ကထင်ခဲ့မိသည်။ ခုတော့ မြသီအသိဉာဏ်သည် မမျှော်လင့် နိုင်လောက်အောင် ပြောင်းလဲ၍လာလေပြီ။

"လောကကြီးဟာ မတရားပါဘူး ဗေဒါ။ ဘယ်အရာပဲ ဖြစ်ဖြစ် စိတ်ရင်းစေတနာနဲ့ အရင်းပြုလို့မရဘူး။ ကိုယ်စွမ်းကိုယ်စနဲ့ ရင်းနှီးလို့ မရဘူး။ လူတွေ အထင်ကြီးနေတဲ့ အဆောင်အယောင် ဂုဏ်ထူးလေးပါမှ အဟုတ်ထင် ကြတယ်။ အရေးပေးကြတယ်။ ငါ့မှာ မင်းသမီးဖြစ်ထိုက်တဲ့ အရည်အချင်း အသင့်အတင့် ရှိပါတယ်။ ဒါပေမဲ့ ငါ့လို ဘာဂုဏ်ထူးမှမရှိတဲ့ မိန်းမတစ်ယောက် ကို ခေါင်းဆောင် မင်းသမီးတင်ဖို့ဆိုတာ ဘယ်သူကမှ မစဉ်းစားကြဘူး။ ငါ သာ ကောလိပ်ကျောင်းသူဖြစ်ရင် ဒါမဟုတ် မယ်ဘွဲ့ရရင် ဘာအရည်အချင်းမှ မရှိလည်း မင်းသမီးဖြစ်နိုင်တာပဲ။ ဒီတော့ လောကကြီးက ကိုယ်စွမ်းကိုယ်စနဲ့ အရည်အချင်းနဲ့ ကြိုးစားလို့ ရတာမဟုတ်ဘဲ ဘယ်မှာ တရားတော့မလဲ။ ဘကယ်လို့ ငါသာ အဲဒီလို မယ်တစ်ယောက်ဖြစ်ခဲ့ရင် ကောလိပ်ကျောင်းသူ ဖြစ်ခဲ့ရင် ဒါမှမဟုတ် နာမည်ကြီး အဆိုတော်ဖြစ်ခဲ့ရင် ငါဖြစ်ချင်တဲ့ မင်းသမီး လည်း ဖြစ်ရမှာပဲ။ ငါ့နောက်မှာလည်း အထက်တန်းစား ယောကျ်ားတွေ ာသိကြီး ခေါင်းခေါက်ပြီးတော့တောင် ရွေးနိုင်ဦးမယ်။ ဒီတော့ ဒီလောကကြီး ဟာ တရားသေးလား၊ ငါးပွက်ရာ ငါးစာချတဲ့ လောကကြီးပဲ"

"အေး. . . နင်ပြောတာတွေ အကုန်လုံးမှန်တယ်။ လောကကြီးကိုက တရားဘူး။ ကလေးကလားပြောရင် မျက်နှာရှိရာ ဟင်းဖတ်ပါတာပဲ။ နင့် ကားက ပိုပြီးမှန်တယ်။ ငါးပွက်ရာ ငါးစာချတာပဲ။ အမှန်တော့ ဒီလောက ကြီးထဲမှာ တို့က မတူမတန်တာ မှန်းတာကိုက တို့မိုက်တာပဲ တို့ဒုက္ခတို့ရှာတာ "

"အေးပေါ့ တို့တစ်တွေဟာ ကိုယ့်အိုးနဲ့ကိုယ့်ဆန် တန်ရုံလောက်သာ ည်မှန်းပြီး ကြိုးစားလုပ်ကိုင်ကြရမယ်ဆိုရင် တို့ဘဝဟာ ခုလို ဒုက္ခတွေ့မှာ ဟုတ်ဘူး။ ခုထက်တော့ အဆင်ပြေဦးမှာပဲနော်"

ဗေဒါသည် မြသီကိုမော့၍ကြည့်လိုက်သည်။ မြသီကလည်း ဗေဒါကို စိုက်၍ ကြည့်နေသည်။ မြသီ၏ အကြည့်သည် ဗေဒါ၏ ရင်ထဲတွင် ထူးထူး ခြားခြား လှုပ်ရှားမိသည်။ မြသီ၏ မျက်လုံးများသည် အရောင်တဖိတ်ဖိတ် လက်၍နေလေသည်။ ဗေဒါသည် မြသီကို မျက်တောင်မခတ် ကြည့်နေရင်းက မြသီ ပြောသော စကားများကို ပြန်၍စဉ်းစားနေမိသည်။ သည်တော့လည်း အမိပွားယ်က ပို၍ကျယ်ဝန်းလာသည်။ လေးနက်လာသည်။

"နင်သာ ငါ့စကားကို နားထောင်ပြီး ငါ့ကို စိမ်းကားမသွားဘူးဆိုရင် ငါ မမငြိမ်းနဲ့လည်း တွေ့စရာမလိုဘူး။ ခုလို ဒုက္ခလည်း ရောက်မှာမဟုတ်ဘူး"

ဗေဒါသည် ရုတ်တရက် နှုတ်မှ ထွက်သွားသော စကားများကို ပြောသင့် မပြောသင့် နောက်မှပြန်၍ စိုးရိပ်နေမိသည်။ မြသီ၏ မျက်နှာပေါ်တွင် သူ့ အမှားကို သူဝန်ခံနေသည်။ အရိပ်အယောင်များ လွှမ်း၍နေသည်။ တစ်ချိန် က ပြာဖုံး၍ နေခဲ့သော မေတ္တာမီးခဲကလေးသည် လှုပ်စဉ်၍သွားလေသည်။

"ဒီအပြစ်အတွက် ငါ့ကိုသာ နင် ခွင့်လွှတ်မယ်ဆိုရင် ငါလေ နင် စိတ်ချမ်းသာမယ့် အလုပ်ဆိုရင် ဘာပဲလုပ်ရလုပ်ရ လုပ်ဖို့အသင့်ပဲ။ ငါမရှက် ဘူး ဗေဒါ၊ မိန်းကလေးဖြစ်ပေမဲ့ ငါ နင့်ကို ရှက်နေစရာ မလိုပါဘူး။ ဒီကိစ္စက ငါက စပြီးမှားတဲ့ကိစ္စ နင်သတိပေးတာတောင် ငါ နားမထောင်ခဲ့ဘူး။ ခုတော့ ငါ့အမှားကို ငါသိကတည်းက နင့်ကို ငါပိုပြီး အားကိုးတယ်၊ နင့်ဆီကို ငါလာပြီး တောင်းပန်မလို့၊ ဒါပေမဲ့ ငါ့မှာ ဒါလောက်အထိ သတ္တိ မရှိဘူး ငါ နင့်ကို ကြောက်နေတယ်၊ ကြောက်တယ်ဆိုတာလည်း ကိုယ့်ဟာနဲ့ ကိုယ်မှမမှန်လို့ ကြောက်တာ ပြီးတော့ ဒီအဖြစ်မျိုးရောက်မှ ငါ့ကို ခွင့်လွှတ်နိုင်ဖို့ ဆိုတာလည်း မလွယ်မှန်း ငါသိတယ်။ ငါ့ဘဝက သန့်မှ မသန့်ရှင်းတော့ဘဲ"

မြသီ၏ ပါးပြင်ပေါ်တွင် မျက်ရည်များ တလိမ့်လိမ့် စီးကျ၍ လာလေ သည်။ ပြောနေရင်းက တစ်ကိုယ်လုံး သိမ့်သိမ့်ခါ၍လာသည်။ စကားကိုပင် ဆုံးအောင်မပြောနိုင်တော့ဘဲ ရှိုက်၍ငိုချလိုက်သည်။ ဗေဒါက မြသီ၏ မျက်နှာ ကလေးကို ယုယုယယ ဆွဲ၍မော့လိုက်ပြီးလျှင် မျက်ရည်စများကို လက်မဖြင့် သုတ်၍ပေးလိုက်သည်။

"ပြီးခဲ့တာတွေ မေ့လိုက်ပါတော့ မြသီရာ။ ငါ့ကို ပိုပြီးစိတ်ညစ်အောင် မလုပ်စမ်းပါနဲ့။ ဒီလိုဆို ငါပြန်တော့မယ်"

"ငါ နင့်ကို စိတ်ညစ်အောင်လုပ်တာ မဟုတ်ပါဘူး။ ငါ့အဖြစ်ကို ငါ တွေးရင်း ဝမ်းနည်းလွန်းလို့ပါ"

ဖေဒါသည် မြသီ၏ နားထင်ဆံစပ်ကလေးများကို သပ်၍ပေးနေမိသည်။ မြသီက ဖေဒါကို အားကိုးအားထားနှင့် ပြန်၍ကြည့်နေသည်။ ပြီးမှ မရဲတရဲ မေးလိုက်သည်။

"နင် ငါ့ကို ခွင့်မလွှတ်နိုင်ဘူးလား ဟင်"

"ငါ နင့်ကို အပြစ်မယူပါဘူးလို့ ပြောပြီးသားပဲ။ ဒါပေမဲ့ ခုအချိန်မှာ ငါဟာ အရူးလို ဖြစ်နေတယ်။ အိပ်ရမှန်း စားရမှန်းတောင် သတိမရဘူး။ ငါ စိတ်တွေ ငါမနည်းပြန်ပြီး ထိန်းရဦးမယ်။ ဒီကြားထဲလည်း ငါ နင့်ဆီ ခဏခဏ လာပါမယ်"

ဖေဒါသည် မြသီ၏ ပါးနှစ်ဖက်ကို သူ့လက်ဝါးဖြင့် အသာပွတ်နေရင်း စိတ်ကိုပြန်၍ ထိန်းလိုက်ရသည်။ ပုလင်းထဲတွင် ကျန်နေသော အရက်ကို အကုန်ငှဲ့ချလိုက်သည်။ မြသီက ဖေဒါအတွက် ရေခပ်၍ ပေးလိုက်သည်။

ဖေဒါသည် သူ့ရင်ထဲတွင် တောက်လောင်နေသော မီးကိုအရက်ဖြင့် ငြှိမ်းလိုက်လေသည်။ ဖန်ခွက်နှင့် ရေအပြည့် ရောထားသော အရက်ကို တစ်ရှိန်ထိုး မော့လိုက်မှ ရင်ထဲတွင် ပူ၍သွားသည်။ ခေါင်းထဲတွင် ရီ၍လာသည်။ သည်တော့မှလည်း သူ့စိတ်ကိုသူ ပြန်၍ထိန်းလိုက်ရင်း နေရာမှ ထလိုက်သည်။

"ငါပြန်တော့မယ် မြသီ။ နင်ဘာမှ အားမငယ်နဲ့။ လောကကြီးမှာ အချစ်ကို သစ္စာဖောက်တဲ့သူနဲ့ အဖောက်ခံရတဲ့သူ ဘယ်သူက ကြောက်စရာလိုလဲ၊ ဘယ်သူက ရှက်စရာလိုလဲ၊ တို့တစ်တွေဟာ ဘဝအကျိုးပေးက မကောင်းလို့ ညစ်နွမ်းနေရပေမဲ့ တို့ရဲ့ နှလုံးသားက သန့်ရှင်းတယ်။ တို့ဟာ သစ္စာမဲ့တဲ့သူတွေ မဟုတ်ဘူး။ ဒါကြောင့် လောကကြီးမှာ တို့တစ်တွေဟာ ဘာမှအားငယ်စရာလည်း မလိုဘူး။ ရှက်စရာ ကြောက်စရာလည်း မလိုဘူး။ လောကကြီးမှာ တို့တစ်တွေဟာ ဘယ်လောက်ပဲ ဒုက္ခခံရခံရ အညှဉ်းဆဲ အနှိပ်စက်ပဲ ခံရခံရ မေတ္တာတရားကို လက်ကိုင်ထားတဲ့ သူတွေဆိုတာ ရင်ကော့ပြီး ရပ်ရဲတယ်။ လက်သီးလက်မောင်းတန်းပြီး ပြောရဲတယ်။ နင်ဘာမှ အားမငယ်နဲ့၊ တို့လည်း သူတို့လို အထက်တန်းစား သားသမီးတွေဆိုရင် ခုလို သူများနှိပ်စက်တာ ခံနေစရာ လိုသေးလား။ သူများ လှည့်ဖြားတာ သစ္စာဖောက်တာ ခံနေစရာ လိုသေးလား။ တို့က သူများကို နှိပ်စက် တဲ့ဘက်က သစ္စာမဲ့တဲ့ဘက်က အရှက်မရှိ ပုံးပြုံးကြီး ရပ်နေကြမှာပေါ့။ ခုတော့ တို့မှာ မျက်ရည်အိုင်ထွန်းအောင် ငိုရတယ်။ အိုမဆုံး ဒုက္ခခံရတယ်။ ဘာဖြစ်လဲ ရင်ကော့ပြီးခံမယ်။ လောကမှာ တို့ဟာ

သစ္စာမဲ့တဲ့လူတွေ မဟုတ်ဘူးဆိုတာ တို့ဂုဏ်ယူမယ်၊ လောကမှာ တို့ဘဝကို မနိုင်ခဲ့ပေမဲ့ တို့ရဲ့ မေတ္တာတရား၊ သစ္စာတရားဟာဖြင့် သံတိုင်လို ခိုင်ခဲ့တယ် ဆိုတာ ဂုဏ်ယူမယ်"

ဗေဒါသည် ပြောရင်း မျက်ရည်များလည်၍လာသည်။ အရက်ရှိန်က လေး ကြွလာတော့လည်း ရင်ထဲတွင် ခံစားနေရသမျှ ပွင့်အံ၍ ထွက်လာသည်။ မြသီက ဗေဒါပြောသောစကားကို နားထောင်ရင်း မငိုမိရန် မနည်းကြိုးစား၍ စိတ်ကိုတင်းထားရသည်။

"ငါ ပြန်မယ် မြသီ"

ဗေဒါသည် ပြောပြောဆိုဆိုပင် နေရာမှထ၍ အိမ်ပေါ်မှ ဆင်းခဲ့လေ သည်။ မြသီက အပေါက်ဝသို့ လိုက်၍ ဗေဒါကို စိုးရိမ်တကြီး မှာလိုက်မိသည်။

"နင်ဘယ်မှ ဝင်မနေနဲ့နော်။ အိမ်တန်းပြန်"

ဗေဒါသည် ခေါင်းငိုက်စိုက်ဖြင့် မြသီတို့အိမ်ထဲမှ ထွက်ခဲ့သည်။ အမှန်တော့လည်း သူ့အဖို့ အိမ်ကလွဲ၍လည်း သွားစရာမရှိချေ။ မနက်စော စော ကတည်းက အိမ်မှထွက်ခဲ့သည်မှာ မိုးချုပ်သည်အထိ အိမ်သို့ပြန်မရောက် သေးချေ။ ဘေးပေါက် အလုပ်ကလေးများ ရှိသည်ကိုပင် သွား၍မလုပ်ဖြစ်။ စိတ်ထွေထွေဖြင့် ကမ်းနားတွင် အတော်ကြီးသွား၍ထိုင်နေမိသည်။ နေ့ခင်းကျ တော့လည်း တရုတ်ဆိုင်တွင်ဝင်၍ ထမင်းစားမည်ဟု စိတ်ကူးရာမှ ချက်အရက် ဝင်၍ သောက်မိသည်။ နောက်အရက်ပုလင်းကိုဆွဲ၍ မြသီတို့အိမ်သို့ လာခဲ့ သည်။

မိုးလင်းမှ ထွက်လာခဲ့သည်မှာ မိုးချုပ်မှအိမ်သို့ ပြန်ရောက်တော့သည်။ အိမ်ပြန်ရောက်သည့်တိုင်အောင် အရက်ရှိန်က မပြေသေးပေ။ ဒေါ်အေးတင် သည် မောင်တိုး ကြောင်မတို့နှင့်အတူ ထမင်းစားနေကြသည်။ ဗေဒါက ထမင်း ဝိုင်းကို အကဲခတ်သလို လှမ်း၍ကြည့်လိုက်သည်။ ဘူးသီးရေလုံပြုတ်နှင့် ငါးပိရည်သာ မြင်ရသည်။

"တစ်ခါတည်း ဝင်လိုက်ပါလား ဗေဒါ"

"ကျွန်တော် မစားဘူးအမေ။ ကျွန်တော့်ဖို့ မချန်ပါနဲ့"

မောင်တိုးက ဗေဒါကို မကျေမနပ်ဖြင့် လှမ်း၍ကြည့်လိုက်သည်။ ဗေဒါ သည် ခါးကြားမှ အရက်ပုလင်းကို ဆွဲထုတ်လိုက်သည်။ ပုလင်းထဲတွင်

ာက်လေးလုံးခန့် အရက်က ကျန်သေးသည်။ ပေဒါသည် ဖန်ခွက်လွတ်ကိုသူ၍ အရက်ကို ငှဲ့လိုက်သည်။

"မောင်တိုးသည် ထမင်းကို ပလုတ်ပလောင်းစား၍ သူ့ပန်းကန်သူကိုင်ကာ နောက်ဖေးခန်းသို့ ဆောင့်၍ဝင်သွားသည်။

"ဟဲ့ ကောင်လေး နည်းလှချေလား"

ဒေါ်အေးတင်က မျက်နှာမသာမယာဖြင့် လှမ်း၍မေးလိုက်သည်ကိုဝင်ပြန်၍မဖြေတော့ချေ။ ပေဒါသည် အရက်ကိုမော့လိုက်ရင်း မောင်တိုးကိုလှမ်း၍ကြည့်လိုက်သည်။

"ဘာလဲကွ မင်းက ဟင်းမကောင်းလို့ ထမင်းမစားနိုင်ပြန်ဘူးပေါ့"

မောင်တိုးက လက်သုတ်နေရင်းမှ ပြန်၍ဖြေလိုက်သည်။ မည်မျှပင်ာန်ဆောင်၍ နေသော်လည်း သူ့အသံမှာ မကျေနပ်ချက်များပါ၍နေသည်။

"ကျွန်တော် မဆာလို့ပါအစ်ကို၊ ဟင်းမကောင်းလို့ မဟုတ်ပါဘူး"

"ဆင်းရဲသား သားသမီးဟာ ဆင်းရဲသားလိုပဲ စားရမယ်၊ သူဌေးအိမ်လိုမင်းကောင်း ဟင်းကောင်းတော့ မစားနိုင်ဘူးပေါ့။ လူဆိုတာ ကိုယ့်ဘဝကိုယ်မေ့ရဘူးကွ"

"ကိုယ့်ဘဝကိုယ်မေ့တာ ကျွန်တော်မဟုတ်ပါဘူး အစ်ကို"

မောင်တိုး၏ စကားသည် ပေဒါကို တိုက်ရိုက်ထိခိုက်နေတော့သည်။ ာ်ရာရသူကဲ့သို့ မခံမရပ်နိုင်အောင် ရှိတော့သည်။ ပေဒါသည် ဒေါသဖြင့်ရာမှ ထလိုက်သည်။ သူ့မျက်နှာတစ်ခုလုံးလည်း နီရဲ၍နေတော့သည်။

"ဘာကွ. . . ဘာပြောတယ်"

ပေဒါက မောင်တိုးအနားသို့ တစ်လှမ်းချင်း ကပ်သွားသည်။ မောင်တိုးာ တုန်လှုပ်ဟန်မရှိ ပေဒါကို ခပ်တည်တည်ပင် စိုက်၍ကြည့်နေသည်။

"ဘာပြောတယ် ပြန်ပြောစမ်းပါဦး"

"ဘဝကို ကျွန်တော် မမေ့ဘူးလို့ပြောတာ"

"မဟုတ်သေးပါဘူးကွ၊ မင်းခုနပြောတော ဒီလိုမဟုတ်ပါဘူး၊ ခုနပြာတဲ့အတိုင်း ပြန်ပြောစမ်းပါ"

"ဘဝကို မေ့တာ ကျွန်တော် မဟုတ်ဘူးလို့ ပြောတ"

"မင်းမဟုတ်တော့ ဘယ်သူလို့ ပြောချင်တာလဲဟင်။ ဟေ့ကောင် ရဲရဲပြောပါကွ ယောက်ျားပီပီ ရဲရဲပြောစမ်းပါ"

"ခင်ဗျားကိုပြောတာ ဘဝကိုမေ့တာ ကျုပ် မဟုတ်ဘူး ခင်ဗျား... ခင်ဗျား"

မောင်တိုး၏ စကားမဆုံးခင် ပေဒါ၏ လက်သည် မောင်တိုး၏ ပါးပြင်ပေါ်သို့ ဘယ်ပြန်ညာပြန် ကျ၍လာတော့သည်။ နောက်ဆုံး တစ်ချက်တွင် မောင်တိုးသည် နေရာတွင် ခွေ၍လဲသွားသည်။ ဒေါ်အေးတင်က ငယ်သံပါအောင် အော်လိုက်သည်။ ဒေါ်အေးတင် အော်တော့ ကြောင်မကပါ အသံနှင့်တကြား အော်လိုက်သည်။

မောင်တိုးသည် လဲနေရာမှ ပေဒါကို မော့၍ကြည့်လိုက်သည်။ နှုတ်ခမ်းမှသွေးများ စီးကျလာသော်လည်း တမင်ရွှဲ၍ ပြုံးလိုက်သည်။

"လုပ်ပါ ဒီအိမ်မှာ ခင်ဗျားလူကြီးပဲ ခင်ဗျားဆုံးမနိုင်ပါတယ်။ ဒါပေမဲ့ ကျွန်တော်ပြောတာဟာ အမှန်ကိုပြောတာ။ အိမ်မှာ ဟင်းချက်စရာ မရှိဘူး ဆန်က အဘွားတို့ဆီက ချေးရတယ်။ သမဝါယမမှာ သူများလက်မှတ်နဲ့ ပိတ်ပါးစလေး ဖောင်တိန်လေးတို့ တိုးပြီးရတဲ့ အမြတ်ကလေးနဲ့ ဟင်းချက်ရတယ်။ ဒီလိုအချိန်မျိုးမှာ ကိုယ့်ဘဝကိုယ်မေ့တာ ကျွန်တော်မဟုတ်ဘူး။ ခင်ဗျား ... ခင်ဗျား လာတဲ့အလုပ်တွေလည်း တစ်ခုမှ မလုပ်ဘူး။ အိမ်လည်း ပြန်မကြည့်ဘူး။ ခုအချိန်မှာ ခင်ဗျားခေါင်းထဲမှာ မပြေမ်းကလွဲလို့ ဘာရှိသေးလဲ မပြေမ်းကြောင့် ခင်ဗျား မူးရူးနေတဲ့အချိန်မှာ အမေတွေ နှမတွေ ညီတွေ ငတ်နေပါလား၊ ဒုက္ခရောက်နေပါလားဆိုတာ ခင်ဗျား အမှတ်ရရဲ့လား။ ကိုယ့်ဘဝကိုယ်မေ့တယ် ဆိုတာ ဘယ်သူလဲ ကျွန်တော်လား ခင်ဗျားလား"

မောင်တိုးသည် မျက်ရည်များ တလိမ့်လိမ့် စီးကျနေရင်းက တစ်သက်နှင့်တစ်ကိုယ် ပြန်၍မပြောဘူးသော ပေဒါကို ပြောလိုက်မိသည်။

တစ်ချိန်က သူ့ကိုယ်သူ ခုလိုမခံရပ်နိုင်လွန်း၍ ပြန်ပြောခဲ့ဖူးသည်ကိုလည်း မျက်စိထဲတွင် ပေါ်၍လာသည်။ သူပြောသော စကားများကို သူ့ နားထဲတွင် ပြန်၍ကြားလာမိသည်။ တချိန်က သူသည် မောင်တိုးလိုပင် တစ်သက်လုံးက ပြန်၍မပြောခဲ့ဘူးသော သူ့အဖေကို ခုလိုပင်ပြောခဲ့ဘူးသည်။ သူ့စကားကြောင့်ပင် အဖေသည် စိတ်ထိခိုက်ခဲ့ရသည်။ သူ့စကားကြောင့်ပင် အရက်ဖြတ်လိုက်သည်။ ရုတ်တရက် အရက်ဖြတ်လိုက်သဖြင့် ရောဂါရခဲ့သည်။ နောက်. . . သေရသည်။

ဗေဒါသည် မောင်တိုးစကားများကို နားထောင်ရင်း အဖေကို သတိရလာသည်။ သူ့အဖြစ်ကိုသူ သတိရလာသည်။ သူ့အမှားကို သူပြန်၍ မြင်လာသည်။ သည်တော့လည်း ဗေဒါသည် မောင်တိုးကို စိတ်မဆိုးနိုင်တော့ချေ။ သူ့အဖြစ်ကိုသူ တွေးရင်း ဝမ်းနည်းကြေကွဲလာရသည်။

"အေး. . . ဟုတ်တယ်။ ငါ့ညီပြောတာမှန်တယ်။ ကိုယ့်ဘဝကို ကိုယ်မေ့နေတာ ငါပဲ။ ဒီအိမ်မှာ ငါ တာဝန်အရှိဆုံး။ ခုတော့ အိမ်တာဝန်ကို ငါ သုံးလုံးမေ့ခဲ့တယ်။ အမေ၊ နှမ၊ ညီတွေအပေါ်မှာ ငါ လုံးလုံးတာဝန်ပျက်ခဲ့တယ်။ မတူတန်တာကို မှန်းပြီး ငါ ရူးခဲ့တယ်။ အဖေသောက်တာက တို့တစ်တွေရဲ့ ဘာဝန်ကို ခေါင်းကြီးရှာလွန်းလို့ သူ့စိတ်ကို သူ ဖွတ်ဖြေတဲ့နည်းနဲ့ သောက်တာမို့ ခွင့်လွှတ်နိုင်သေးတယ်။ ငါက ငါနဲ့မဆိုင်တဲ့ မအပ်စပ်တဲ့ မိန်းမတစ်ယောက်ကို ဖွဲ့လမ်းမူးရူးပြီး မသောက်ဘူးတဲ့အရက်ကို သောက်မိတယ်။ အိမ်တာဝန်တွေကို တစ်ခုမှ သတိမရဘဲ ပျက်စီးခဲ့တယ်။ ငါဟာ လူညံ့တစ်ယောက်ပဲ မင်းတို့ပြောသလို ငါခံရမှာပဲ။ သဖုစ်သီးကို ကြွေနီး ကြွေနီးနဲ့ စောင့်မျှော်နေပြီး ကိုယ့်ဘဝရဲ့ အချိန်ကို ဖြုန်းတီးနေတဲ့အကောင်ပဲ"

ဗေဒါသည် အရက်အပြည့်ငှဲ့ထားသော ဖန်ခွက်ကို ယူ၍အိမ်ရှေ့တန်းလျားတွင် ထိုင်နေမိသည်။ သူ့ကိုယ်သူ ခွင့်လွှတ်၍ မရနိုင်အောင် စိတ်ဆိုးနေမိသည်။

ဘဝကို မေ့လျော့ထွက်ပြေးတာချင်းတူသည်ဆိုတာတောင် အဖေနှင့်သူ မေ့လျော့ပုံချင်းမတူ။ ထွက်ပြေးပုံချင်းမတူ။ အဖေဘဝကို အရက်ဖြင့် မေ့လျော့ထွက်ပြေးသည်မှာ သားသမီး မယား သံယောဇဉ်ကြောင့်ဖြစ်သည်။ ကျပ်တည်းလွန်းလှသော စီးပွားရေးဒဏ် မကျော်လွှန်နိုင်၍ဖြစ်သည်။ ဗေဒါအနေနှင့် ဘဝကို မေ့လျော့ထွက်ပြေးခြင်းမှာ အချစ်အတွက် သက်သက်ဖြစ်သည်။

အဖေက သံယောဇဉ်ကြောင့် အရက်ဖြင့် ဖြေဖျော်သည်။ အဖေက အရက်မူးရှုံသာမူးသည်။ သူ့အနေနှင့် အချစ်ရူးလည်း ရူးရသည်။ အရက်လည်း မူးရသည်။ ဗေဒါသည် သူ့ဘဝကိုတွေးရင်း ခွင့်လွှတ်၍ မရအောင် နာကြည်းလာသည်။ အရက်အပြည့်ငှဲ့ထားသော ဖန်ခွက်ကို လက်ထဲတွင်လှည့်ကစားရင်း အတန်ကြာမျှမြော်၍ ကြည့်နေမိသည်။ သို့ကြည့်နေရင်း သူ့ဒေါသများသည် ပို၍ကြီးမားလာသည်။ သူ့ကိုယ်သူ ခွင့်လွှတ်၍မရနိုင်အောင် မုန်းလာသည်။ နောက်ဆုံး သူ့ဒေါသစိတ်သည် အမြင့်ဆုံးအချိန်သို့ ရောက်လာသော အခါဝယ်

သူ့ကိုယ်သူ ဘာလုပ်၍ လုပ်မိသည်မသိတော့ချေ။ သူ့နဖူးပြင်ဝယ် ဖန်တွဲများသည် ဖြာကြ၍ ကျလာသည်။ သွေးများသည် သူ့မျက်နှာပေါ်တွင် ချင်းချင်းနီရဲ၍သွားလေသည်။

ဒေါ်အေးတင်သည် အထိတ်တလန့်အော်ရင်း ဖေဒါကိုပြေး၍ ဖွေ့လိုက်သည်။ မောင်တိုးရော ကြောင်မပါ ဖေဒါအနားသို့ ပိုင်း၍လာကြသည်။ ဖေဒါ၏ မျက်နှာတစ်ခုလုံးကား နီရဲ၍နေတော့သည်။

ဒေါ်အေးတင်က အဝတ်စုတ်ဖြင့် သွေးများကို သုတ်လိုက်သည်။

"သားရယ် ဘာဖြစ်လို့လုပ်လိုက်တာလဲ။ မင်းညီက ကလေးမို့ ထင်မိထင်ရာ ပြောလိုက်တာပါကွယ်။ ငါ့သားကို အမေ အပြစ်မဆိုပါဘူး"

ဒေါ်အေးတင်သည် သားအတွက် ရင်ထုမနာဖြစ်မိကာ ပြောရင်းဆိုရင်း ငိုလိုက်မိတော့သည်။ မောင်တိုးကား သူပြောမိသော စကားအတွက် စိတ်မကောင်း ဖြစ်နေမိတော့သည်။

ဒေါ်အေးတင်က ဖေဒါနဖူးကို ရေနွေးနှင့်သုတ်၍ သွေးဆေးထည့်၍ ပေးလိုက်သည်။ ပြီးမှ အဝတ်ဖြင့် စည်းလိုက်သည်။

မောင်တိုးက မျက်နှာငယ်ကလေးဖြင့် ဖေဒါကိုကြည့်ရင်း မရဲတရဲ တောင်းပန်လိုက်သည်။

"အစ်ကို့ကို ကျွန်တော် ပြစ်မှားမိတဲ့အတွက် ကျွန်တော်တောင်းပန်ပါတယ်။ ကျွန်တော့်ကို ခွင့်လွှတ်ပါ အစ်ကို။ ကျွန်တော် အစ်ကို့အပေါ်မှာ ပြစ်မှားမိတယ်"

မောင်တိုးသည် မျက်ရည်တလည်လည်ဖြင့် ဖေဒါကို တောင်းပန်နေရှာတော့သည်။ ဖေဒါက မောင်တိုး၏ ခေါင်းကို လက်ဖြင့်အသာပွတ်သပ်လိုက်ရင်း ခွင့်လွှတ်သော အပြုံးဖြင့် ပြုံးလိုက်သည်။

"မင်း မမှားပါဘူး ငါမှားတယ်။ ငါ့ကိုယ်ငါ ဒါလောက် ညံ့လိမ့်မယ် မထင်ခဲ့ဘူး။ တကယ်တော့ ငါဟာ ခွင့်မလွှတ်နိုင်အောင် ညံ့တဲ့လူညံ့ တစ်ယောက်ပဲ။ အဖေရှိတဲ့နောက် အိမ်ရဲ့တာဝန်ဟာ ငါ့တာဝန်ပဲ။ ဒီတာဝန်တွေကို ငါ ထမ်းသင့်လျက်နဲ့ မတူမတန်တဲ့ မိန်းမတစ်ယောက်အတွက် ငါ သတိလက်လွှတ် ဖြစ်ခဲ့တယ်။ ငါ့ခုက္ခကြောင့် တစ်အိမ်လုံးကို ဒုက္ခပေးသလို ဖြစ်ခဲ့တယ်။ ငါ့ကို ခွင့်လွှတ်ကြပါကွာ။ ငါ့ဒုက္ခကို မင်းတို့မသိဘူးနော်။ ငါ့ရင်ထဲမှာ မီးတောက်နေတယ်။ ငါဟာ အရူးတစ်ယောက်နဲ့ ဘာမှမထူးဘူး။ ဒီအချိန်အတွင်း

လေးတော့ ငါ့ကို ခွင့်လွှတ်ပါ။ အမေ့ကိုတော့ စောစောကတည်းက ငါ ခွင့်တောင်းထားပါတယ်။ ငါ့ရင်ထဲမှာရော ခေါင်းထဲမှာရော မီးတောက်နေတဲ့ အချိန်အတွင်းမှာတော့ မှားတာကို ခွင့်လွှတ်ကြပါကွာ။ ငါ့ကို ခွင့်လွှတ်ကြပါ"

ပေဒါက ငိုသံဖြင့် တောင်းပန်လိုက်မှ မောင်တိုးရော ကြောင်မပါ ချုပ်တည်း၍မရတော့ချေ။ ပေဒါ ပေါင်ပေါ်တွင် မျက်နှာအပ်ကာ မောင်တိုးက ငိုလိုက်သည်။

"ကျွန်တော် ရုတ်တရက် ဒေါသထွက်ပြီး ပြောမိတာပါ အစ်ကိုရာ။ ကျွန်တော်ပြောတဲ့ စကားတွေကို အတည်မယူပါနဲ့။ ကျွန်တော် မှားပါတယ်။ ကျွန်တော့်ကို ရိုက်ချင်ရင်ရိုက်ပါ ကျွန်တော်ခံပါ့မယ်။ အစ်ကို အခုလို ပြောတော့ ကျွန်တော့်မှာ ရိုက်တာထက်တောင် အခံရခက်ပါသေးတယ် အစ်ကို"

"ဟုတ်ပါတယ် အစ်ကိုရယ်. . . ကိုကိုတိုးရော ကြောင်မရော အစ်ကို့ကို ...ည်းနည်းမှ မပစ်ဖူးပါဘူး။ အစ်ကို စိတ်ချမ်းသာရင် ကြောင်မတို့ ဝမ်းသာ...ါတယ်။ စားစရာမရှိရင် အဘွားဆီက ကြောင်မ ယူရင် ရပါတယ်။ အစ်ကို ...ိတ်ချမ်းသာဖို့ပဲ လိုပါတယ်။ ကြောင်မတို့အတွက် ဘာမှမစဉ်းစားနဲ့"

ဒေါ်အေးတင်သည် သားသမီးတွေ၏ အဖြစ်ကို ကြည့်ရင်းမျည်ရည် ...ဆည်နိုင်တော့ချေ။ ကလေးတွေပို၍ စိတ်ထိခိုက်မည်စိုး၍ သူ့ကိုယ်သူ မငိုမိ ...အောင် ချုပ်တည်း၍ ထားသော်လည်း မျက်ရည်က တလိမ့်လိမ့် စီးကျလာ ...ည်။ စိတ်ကို ချုပ်ထားမှ ပို၍ငိုချင်လာသည်။ ဦးဘအေးကို တ၍ အသံကုန် ...အော်ပြီး ငိုပစ်လိုက်ချင်သည်။ သူငိုလျှင် ကလေးတွေပို၍ စိတ်ထိခိုက်မည် ...း၍သာ သူ့စိတ်ကိုသူ တင်းထားရသည်။

"ငါ့သားမှာ ဘာမှအပြစ်မရှိပါဘူးကွယ်။ ရှိလည်း အမေ ခွင့်လွှတ်ပါ ...ယ်။ ငါ့သားဟာ တကယ့်သူတော်ကောင်းလေးပါ။ ရှေးဘဝတွေအား တို့မှာ... ...နှ သီလ နည်းပါးခဲ့လို့ ခုလို ဆင်းဆင်းရဲရဲ နေရပေမဲ့ တို့ရဲ့ စေတနာမှန်ရင် ...တနာအလျောက် အကျိုးပေးဦးမှာပါ သားရယ်"

ဒေါ်အေးတင်က ပေဒါက နှစ်သိမ့်လိုက်သည်။ သည်တော့လည်း ...ဒါက သူ့ရင်ထဲရှိသမျှကို မျိုသိပ်ထားလိုက်မိတော့သည်။ သူ့အတွက်နှင့် ...ည်း အမေ ညီ ညီမများ စိတ်ဒုက္ခမရောက်စေလို။ သူ့ဒုက္ခကို သူတစ်ယောက် ...ည်းသာ ကြိတ်၍ခံမည်ဟု ဆုံးဖြတ်လိုက်သည်။

ဗေဒါသည် အပေါ်ထပ် အခန်းကျဉ်းကလေးသို့ တက်၍ခွေနေလိုက်မိတော့သည်။ အိပ်၍ကားမပျော် မဆုံးနိုင်သော အတွေးဖြင့် မီးခိုးလို ငွေနေတော့သည်။

ခုတော့လည်း ဗေဒါသည် သူ့ဘဝကိုသူပြန်၍ သတိရလေပြီ။ ဘဝဆိုသည်မှာ မေ့၍ရကောင်းသည် မဟုတ်ချေ။ ကိုယ့်ဘဝကိုမေ့လျှင် ကိုယ်မင်းဒုက္ခတွေ့ရမည်ကိုလည်း ဗေဒါက ကောင်းကောင်းကြီး နားလည်သဘောပေါက်ပြီး ဖြစ်လေသည်။

❑

## ၁၂

ဖေဒါသည် အစောကြီးထ၍ ကျောင်းစာများကို ပြန်၍ကြည့်နေတော့သည်။ ညကတည်းက သူ့စိတ်ကိုသူ ဆုံးဖြတ်ထားသည်။ ဆွေးသည့်စိတ်ကို သန့်သန့်ထား၍ ကိုယ့်ဘဝကိုယ်ပြန်၍ လုပ်ရတော့မည်ကိုလည်း သဘောပေါက်လာသည်။ ခါတိုင်းလိုပင် ကျောင်းမှန်မှန်တက်ရမည်။ စာမှန်မှန် ကျက်ရမည်။ ရပေါက်ရလမ်း ရှိသမျှအလုပ်ကို လုပ်ရမည်။ ဒါမှသာ အိမ်အတွက်ရော ရွှေရေးအတွက်ပါ အဆင်ပြေမည်။ ရင်ကွဲမတတ် ခံစားနေရစေကာမူ သူ့ဘဝသည် ဆွေးစိတ်လွမ်းစိတ်ဖြင့် လွင့်ပါးပျက်စီးနေ၍မရ။ ဘဝကလည်း ခွင့်မပြု။ မည်မျှပင် ခံစားရစေကာမူ ကိုယ့်ဘဝကို ကိုယ်နားလည်ရမည်။ ကိုယ့်တာဝန်ကို ကိုယ့်သိရမည်။ ဤသို့ နားမလည် မသိလျှင် အားလုံးဒုက္ခရောက်မည်။

သူ့အတွက် ရွှေရေးကိုမူ မတွေးဝံ့လောက်အောင် ရှိတော့သည်။ အိမ်အတွက်ကား လက်ဝင်းငတ်မည်။ သည်တော့လည်း ဘဝပေးအခြေအနေကို သွန်ဆန်၍ ရုန်းနိုင်ပါဦးမည်ကား။

ထို့ကြောင့်လည်း ညကတစ်ညလုံး သူ့အမှားကို သူပြန်၍ စဉ်းစားရင်းနောင်တရမိသည်။ ထိုအမှားအတွက် အလျင်ထက် နှစ်ဆတိုးပြီး ကြိုးစားရမည်ကိုလည်း ဆုံးဖြတ်လိုက်သည်။ ဆုံးဖြတ်သည့် အတိုင်းပင် ဖေဒါသည် နံနက်လေးနာရီသာသာ အိပ်ရာမှထသည်။ စာကြည့်သည်။ မီးဖိုချောင်ကို ဝင်၍ကူသည်။ နောက်ထမင်းစားပြီးလျှင် အပြင်ထွက်၍ ဘောပေါက်အလုပ် တစေး

များရှာမည်။ ဦးထွန်းမြင့်နှင့် တွေ့ရမည် စသည်ဖြင့် သူ့စိတ်ထဲတွင် အစီအစဉ်ချ၍ ထားသည်။

တစ်နာရီသာသာလောက်တွင် ဗေဒါသည်စာကြည့်နေရာမှ အောက်သို့ ဆင်းခဲ့သည်။ ဗေဒါအောက်သို့ဆင်းအလာတွင် အိမ်အတွင်းသို့ ခပ်သုတ်သုတ် ဝင်လာသော အေးအေးကို တွေ့ရသည်။ အေးအေးက ဘေးအရိပ်အခြည်ကို ကြည့်လိုက်ရင်း ဗေဒါအနားသို့ အသာကပ်၍ ခပ်တိုးတိုးပြောလိုက်သည်။

"ဗေဒါ နင့်ကို မငြိမ်းက တွေ့ချင်လို့တဲ့ တို့အိမ်မှာ စောင့်နေတယ်"

ဗေဒါက မယုံကြည်သလို ကြောင်၍ကြည့်နေသည်။ အေးအေးက ထပ်၍ ပြောလိုက်သည့်တိုင်အောင် မယုံရဲ ယုံရဲရှိတော့သည်။

"ဟုတ်ပါတယ်ဟဲ့။ ညကတည်းက သူလာမလို့။ ငါကပြောထားလို့ ညက မင်းတို့ညီအစ်ကို ရန်ဖြစ်တာရော၊ မင်း ဖန်ခွက်နဲ့ရိုက်တာရော သူအားလုံးသိတယ်။ ငါ့ကိုတောင် စုံအောင်ဖွင့်ပြောသွားတယ်။ ညကတည်းက သူလာမလို့ ငါက မင်းမူနေတုန်း တွေ့လို့မကောင်းဘူးလို့ပြောတော့မှ မနက်ငါ့ကို အခေါ်ခိုင်းတာ"

"ကျွန်တော် မတွေ့ချင်ပါဘူး မမအေးရာ။ တွေ့ရောလည်း မလိုတော့ပါဘူး"

ဗေဒါက စိတ်ပျက်လက်ပျက်ဖြင့် ခပ်ညည်းညည်း ပြောလိုက်သည်ကိုပင် အေးအေးက မကျေမနပ်ဖြစ်ကာ ရန်တွေ့နေပါသည်။

"နင်ဒီလိုတော့ မရိုင်းစိုင်းပါနဲ့ ဗေဒါရယ်။ သူ့ခမျာ သနားပါတယ်။ မဖြစ်နိုင်လွန်းလို့သာ သူ့စိတ်ကို သူဇွတ်ပြောင်းရပေမယ့် နင့်အပေါ်မှာ သူ့ သံယောဇဉ် မပြတ်နိုင်ပါဘူး။ ခုလည်း တို့အိမ်မှာစောင့်နေရှာတယ်။ ခုလာခဲ့ပါနော် အပေါ်ထပ်ကိုလာခဲ့"

အေးအေးက ဖြောပြောဆိုဆို ထွက်သွားတော့သည်။ ဗေဒါက ရေနွေးကြမ်းတစ်ခွက် သောက်ပြီးလျှင် အမေထွေးတို့အိမ်ဘက်ဆီသို့ ခေါင်းငိုက်စိုက်ဖြင့် ထွက်ခဲ့သည်။ အောက်ထပ် အိမ်ရှေ့ခန်းတွင် အမေထွေးသည် ဆေးပေါ့လိပ် တစ်လိပ်နှင့် မှိန်းနေသည်။ ဗေဒါက အပေါ်ထပ်သို့ အသာတက်ခဲ့သည်။ အေးအေးက လှေကားထိပ်မှ ရပ်စောင့်နေသည်။ ပြီးမှ အခန်းပေါက်ဝတွင် ထိုင်နေသော ငြိမ်းကို မေးငေါ့ပြလိုက်ရင်း အောက်ထပ်သို့ ဆင်းသွားတော့သည်။

ဗေဒါသည် ငြိမ်းနှင့်ခပ်လှမ်းလှမ်းတွင် အသာဝင်၍ ထိုင်လိုက်သည်။ ပြီးတော့လည်း ဘာမျှမပြောဘဲ ခေါင်းကိုငုံ့ထားလိုက်သည်။ ငြိမ်းက ဗေဒါကို တစ်ချက်မျှ လှည့်၍ကြည့်လိုက်ပြီးလျှင် သူပြောမည့်စကားကို သူပြန်၍ စဉ်းစားလိုက်သည်။

"ငါ မင်းကို စကားပြောစရာရှိလို့ တမင်ခေါ်တွေ့တာ ဒီတစ်ခါတော့ ဂွဲနှစ်ယောက်ရန်မဖြစ်ဘဲ ပြောစရာရှိတာကို အေးအေးဆေးဆေး ပြောကြစို့။ အားလုံးပြောချင်တာတွေပြောပြီးမှ မင်းမကျေနပ်ရင် ငါ့ကို ကြိုက်သလို ပြောနိုင်တယ်။ လုပ်နိုင်တယ်။ အလျင်ဆုံးတော့ ငါပြောတာကို မင်းခေါင်းအေးအေးနဲ့ နားထောင်စေချင်တယ်၊ ဘယ့်နှယ်လဲ"

"မငြိမ်း ပြောချင်တာပြောပါ။ ကျွန်တော် နားထောင်ပါ့မယ်၊ ကျွန်တော့်အတွက်ကတော့ ဘာမှပြောစရာ မလိုတော့ပါဘူး။ ရှိသည့် တိုင်အောင်လည်း ပြောဖို့မလိုတော့ဘူးလို့ ကျွန်တော် နားလည်ထားပါပြီ"

ဗေဒါသည် သူ့စိတ်ကိုသူ အလျှော့နိုင်ဆုံးလျှော့၍ လေသံပျော့ပျော့ကလေးဖြင့် ပြန်၍ဖြေလိုက်သည်။ ငြိမ်းက ဗေဒါကို ကြည့်၍သူ့စကားကို သူပြန်၍ ဆက်လိုက်သည်။

"စာရေးဆရာကြီး တော်စတွိုင်း ပြောသလိုပဲ ဘဝကို နားမလည်ရင် အချစ်ကို နားမလည်နိုင်ဘူးဆိုတာ သိပ်မှန်တယ်။ အချစ်ဆိုတာ ဘဝ အခြေအနေပေါ်ကနေ မွေးဖွားလာတဲ့ ဆန္ဒတစ်ခုပဲ။ ဘဝကို လွန်ဆန်ပြီး ပေါက်ဖွားလာနိုင်တဲ့ အချစ်ဆိုတာ အလွန်ရှားလိမ့်မယ်။ တစ်ခုတော့ရှိတယ်။ ငယ်ရွယ်နုနယ်တဲ့ သူတွေအဖို့တော့ ရှိချင်ရှိနိုင်တယ်။ သူတို့မှာတော့ ဘဝဆိုတာ နိုင်နိုင်မာမာလည်း မရှိသေးဘူး။ တွယ်တာမှုလည်း မကြီးသေးဘူး၊ လေးလေးနက်နက်လည်း မတွေးခေါ်တတ်သေးဘူး။ ဒီလိုအရွယ်တွေမှာ အချစ်ဟာ ကိုးကွယ်ရာအဖြစ် ထားချင်ထားနိုင်မယ်။ ဒါပေမဲ့ တို့အရွယ်နဲ့ တို့ဘဝဟာ ဒီလိုမရှုနိုင်ကြတော့ဘူး။ ချစ်တာဟာ ချစ်တာ တခြားပဲ ဖြစ်သင့် ဖြစ်ထိုက်တာတွေက တခြားပဲ"

ငြိမ်းသည် စကားမဆုံးသော်လည်း ခဏမျှရပ်လိုက်သည်၊ သူ့ကိုယ်သူ ထိန်း၍ ပြောနေရသဖြင့်လည်း ပင်ပန်းပုံရသည်။ တစ်ချက်တစ်ချက် အသံက ပြောရင်း နစ်ဝင်သွားတတ်သည်၊ တစ်ခါတစ်ရံ ကွဲ၍ထွက်လာသည်။ တစ်ခါ တစ်ခါ တုန်၍နေသည်။ ဗေဒါက ငြိမ်းပြောသမျှကို ခေါင်းငုံ့၍ နားထောင်သည်။

"ငါ တစ်ခါက ပြောခဲ့သလိုပဲ မဖြစ်နိုင်မယ့် အချစ်နဲ့ ဒုက္ခခံနေတဲ့အခါ ဖြစ်နိုင်တဲ့နည်းကို အစားထိုးရမှာပဲ။ ဒါလည်း လွယ်တော့ မလွယ်ဘူး။ ခဏချင်းတော့ ကိုယ့်စိတ်ကိုယ်အသိကို ဆန့်ကျင်ပြီးလုပ်ရတာပဲ။ ကိုယ်မလုပ်ချင်ဆုံး အလုပ်တစ်ခုကို လုပ်ရသလိုပဲ။ ဒါပေမဲ့ ငါ ဒွတ်အစားထိုးပြီး ပြောင်းလိုက်တယ်။ မင်းလည်း ငါ့လိုပြောင်းနိုင်ရင် ပြောင်းပေါ့။ မပြောင်းနိုင်ရင်လည်း စိတ်ကို ထိန်းပါ ယောကျ်ားပဲ မင်းတို့အသည်းက ပိုပြီးခိုင်ရမှာပေါ့"

ငြိမ်းစကားကို နားထောင်ရင်း ဗေဒါက ပြောချင်စိတ်များ တဖွားဖွား ပေါ်လာတော့သည်။ အမှန်က ငြိမ်းပြောသမျှ ခေါင်းငုံ့နားထောင်ပြီး ပြန်မည်ဟု အစကတည်းကပင် ဆုံးဖြတ်ခဲ့သည်။ သို့သော် ငြိမ်းပြောသော စကားများမှာ သူ့သဘောနှင့် ပြောင့်ပြောင့်ကြီး ဆန့်ကျင်လာသောအခါ မပြောဘဲ မနေနိုင်အောင်ရှိတော့သည်။

"ကျွန်တော် ညကတည်းက ဆုံးဖြတ်ပြီးပါပြီ မငြိမ်း။ ကျွန်တော် ဘဝက အသည်းကွဲတာတောင် လွတ်လွတ်လပ်လပ် မကွဲနိုင်တဲ့ဘဝပါ။ ကျွန်တော် တစ်ယောက်တည်း အနေနဲ့ဆိုင်ရင်တော့ ဒီစိတ်နဲ့နစ်ချင်နစ် လွင့်ချင်လွင့် မကြောက်ပါဘူး။ ဒါပေမဲ့ ကျွန်တော်မှာ သံယောဇဉ်တွေက ရှိသေးတယ်။ ဒီအငတ်အမွဲ အကျပ်အတည်းထဲက မလွတ်နိုင်တဲ့ ကျွန်တော်တို့အိမ်ထောင်ကို အတတ်နိုင်ဆုံး ဒုက္ခမရောက်အောင် ကာကွယ်ဖို့ တာဝန်က ရှိသေးတယ်။ ဒီတော့လည်း ဘဝဆိုတာ မေ့လို့မရဘူးပေါ့"

ဗေဒါ၏ စကားကြောင့် ငြိမ်း၏ မျက်နှာကလေးသည် လန်း၍လာသည်။ မျက်လုံးကလေးများက ကြည်၍လာသည်။

"မင်း ခုလို ပြောလိုက်တာကို ကြားရတော့ မမ သိပ်ဝမ်းသာပါတယ်။ အချစ်ကြောင့် ဆွေးတယ်ဆိုတာလည်း ခဏပါကွယ်။ လူတိုင်းထင်ကြတာပဲ။ ဒီအဆွေးဒုက္ခကြီးနဲ့ တစ်သက်လုံး ရင်မှာပိုက်ပြီး ပြေးနေရမယ်လို့ လောကမှာ ကိုယ်သာ အချစ်ဆုံး ကိုယ်သာအချစ်အတွက် ဒုက္ခအရောက်ဆုံးလို့ လူတိုင်းထင်တတ်ကြတယ် အမှန်တော့ အတူတူပါပဲ"

"ဒါတော့ ကျွန်တော်လက်မခံဘူး မငြိမ်း၊ အသည်းကွဲတာချင်း တူပေမယ့် ကွဲပုံချင်း မတူပါဘူး။ လုံးဝမတူပါဘူး။ ကမ္ဘာ့ပြိုင်ပွဲတွေထဲမှာ အသည်းကွဲပြိုင်တွေများရှိရင် ပြိုင်ချင်စမ်းတယ်။ ကမ္ဘာမှာ ကျွန်တော့်လို အသည်းအစိမ်း

လိုက် ကွဲတဲ့သူ မရှိသေးပါဘူး မမငြိမ်းရာ။ ကျွန်တော့် အသည်းက လတ်လတ်ဆတ်ဆတ်ကြီး အစိမ်းလိုက်ကွဲရတာပါ"

"ဟဲ့ အရူး နင့်ကိုယ်နင် ထင်နေတာ"

"ထင်တာမဟုတ်ပါဘူး။ ကိုယ်တွေ့ခံစားပြီး ပြောတာပါ။ ပညာရှိမျက်စိနဲ့ကြည့်ပြီး အချစ်ကို ပညာရှိအသိဉာဏ်နဲ့ ချစ်တတ်တဲ့သူတွေဟာ ဘယ်တော့မှ အချစ်အတွက် ဒုက္ခမခံရပါဘူး။ ကျွန်တော်တို့က အချစ်ကို မမငြိမ်းတို့လို ပညာရှိ အသိဉာဏ်နဲ့ ချစ်တတ်တဲ့ လူသားတွေမဟုတ်ပါဘူး။ အကန်းလို ချစ်တတ်တယ်။ အရူးလိုချစ်တတ်တယ်၊ ဒါကြောင့် အချစ်အတွက် ဒုက္ခခံစရာရှိရင် မမငြိမ်းတို့ထက် ခံရတယ်။ စိတ်ညစ်စရာရှိရင် မမငြိမ်းတို့ထက် ညစ်ရတယ်။ မမငြိမ်းတို့မှာတော့ တစ်ယောက်ကိုချစ်တယ်။ ဒါပေမဲ့ ချစ်သူတစ်ယောက်ကိုပဲ ချစ်သင့်မချစ်သင့်ဆိုတဲ့ ပညာရှိ အသိဉာဏ်က ရှိနေတော့ မချစ်သင့်ရင် မချစ်သင့်တဲ့ အချစ်ကို ခဏနဲ့ဖျက်ပစ်လို့ရတယ်။ နောက်ချစ်သင့်တဲ့လူကို ထပ်ပြီးအစားထိုးလို့ ရတယ်။ ကျွန်တော်တို့က အကန်းလို အရူးလို ချစ်ရတော့ အသည်းထဲမှာ ချစ်ပြီးသားအချစ်ကို ဖျက်လို့လည်း မရဘူး။ အစားထိုးဖို့လည်းမလွယ်"

"မင်း ဒါငါ့ကို မတရားစွပ်စွဲတာ ကိုယ်ဖြစ်ချင်သလို မဖြစ်ကြရတဲ့ လောကကြီးမှာ တစ်ခါတလေ ကိုယ်မလုပ်ချင်တာတွေလည်း ဇွတ်မှိတ်ပြီး လုပ်ရတဲ့အခါ၊ တစ်ခါတလေ လုပ်သင့်တဲ့အလုပ်ဆိုတာ ကိုယ်ကိုယ်တိုင်က မဆုံးဖြတ်နိုင်ဘူး။ ကိုယ်ဖြစ်ချင်တာ လုပ်ချင်တာကို အများက မဖြစ်သင့်ဘူး၊ မလုပ်ရဘူးလို့ ဆုံးဖြတ်နေတဲ့အခါမျိုးမှာ ကိုယ့်ဆန္ဒနဲ့ ဆန့်ကျင့်ပြီး လုပ်ရတဲ့အခါတွေရှိတယ်။ ဒီလိုဘဝမျိုးကို မင်းတို့က ယောကျ်ားလေးဖြစ်နေတော့ ကြုံရတာနည်းလိမ့်မယ်။ တို့မိန်းမတွေက အမြဲတမ်း ကြုံရတယ်။ ဒါကြောင့်များ မင်းတို့လို မချစ်ဘူး။ မင်းတို့လို အချစ်အတွက် စိတ်မညစ်ဘူး မထင်နဲ့ အချစ် အတွက် စိတ်ညစ်တယ်ဆိုတာ မင်းတို့မှ ညစ်တယ်မထင်နဲ့။ အသည်းတို့ နှလုံး သားတို့ဆိုတာလည်း မင်းတို့မှ ရှိတယ် မထင်နဲ့။ မင်းတို့ ယောကျ်ားတွေ ပြောလေ့ပြောထရှိတဲ့ အသည်းကွဲပါပြီဆိုတဲ့ စကားတွေဟာ အမှန်တော့ တို့အတွက် ရယ်စရာတောင် ကောင်းသေးတယ်"

ငြိမ်းသည် ရင်ထဲတွင် ခံစားရသမျှ အကုန် အန်ထုတ်လိုက်သည့်တိုင်အောင် မရနိုင်သေးချေ။ ပြောချင်သော စကားများ ပြောချလိုက်သည့်တိုင်

အောင် ရင်ထဲတွင် ပေါ်၍မသွားသေး။ သည်တော့လည်း သူ့ရင်ထဲတွင် ပြောချင်သော စကားများက အပြည့်အကျပ် ရှိနေသေးသည်ကို သိရပြန်သည်။ ရင်ဝယ်မဆံ့ ခံစားနေရသည်ကိုလည်း ဖေဒါသိအောင် ဖွင့်ထုတ်လိုက်ချင်သေးသည်။

"အမှန်က အသည်းမာချင်း မာရမယ်ဆိုရင် မင်းတို့ ယောက်ျားတွေ အသည်းက ပိုပြီး မာရမယ်။ တို့နှလုံးသားက မွေးလာကတည်းက အချုပ်အနှောင်နဲ့ မွေးလာခဲ့တာ လွတ်လပ်မှုမရှိဘူး။ အချစ်အတွက် စိတ်ဒုက္ခ ခံရတာချင်း တူတာတောင် မင်းတို့ယောက်ျားတွေမှာ ဖြေဖျောက်စရာ နည်းလမ်းတွေ အများကြီးရှိတယ်။ သီချင်းဆိုပြီး ဖိုမလား။ အရက်သောက်ပြီး ဖြေဖျောက်မလား။ မကောင်းတဲ့ မိန်းမတွေနဲ့ ပျော်ပါးပြီး စိတ်ကိုပြောင်းမလား။ မင်းတို့ ဒုက္ခကို မင်းတို့ လွတ်လွတ်လပ်လပ် ဖြေဖျောက်နိုင်တယ်။ ကုစားနိုင်တယ်။ တို့မှာ အခွင့်အရေးတွေ တစ်ခုမှ မရှိဘူး။ အိပ်ရာထဲမှာ လှဲပြီး ခေါင်းဦးပေါ်မှာ မျက်ရည်သွန်ချရတာ၊ ငိုတာတောင် အသံထွက်အောင် မငိုရဲဘူး။ တို့လို မလွတ်လပ်တဲ့ ဘဝမို့ တို့မှာ ရင်မဆံ့အောင် ဒုက္ခကကြီးပေမဲ့ ဟန်လုပ်နေရတယ်။ ဟန်လုပ်ပြီးနေရတာ ကျိတ်ပြီးခံရတာက မင်းတို့လို ဖွင့်ပြီးခံစားရတာ ထက် ပိုပြီး ဒုက္ခကြီးတယ်မှတ်ပါ"

ငြိမ်းသည် သူ့ရင်ထဲတွင် ခံစားနေရသမျှ တစ်လုံးမချန်ဘဲ အန်ထုတ်လိုက်သည်။ သည်တော့လည်း ဖေဒါမှာ မလှုပ်သာအောင် ရှိတော့သည်။ ငြိမ်းက ခံစားရသမျှ အမှန်အတိုင်း ဖွင့်ထုတ်လိုက်ခြင်းဖြစ်၍မို့လည်း ပြန်၍ မငြင်းနိုင်တော့ချေ။ ငြိမ်းက ခံစားရပုံချင်း ကွာခြားပုံကို အသေးစိတ် ရှင်းပြလိုက်မှ ဖေဒါကိုယ်တိုင် သဘောပေါက်မိတော့သည်။ ငြိမ်း၏ စကားများမှာလည်း နိုင်လုံလှသည်။ အမှန်တော့ တစ်ယောက်နှင့်တစ်ယောက် ကိုယ့်ဘဝနှင့်ကိုယ် ခံစားချက်အရ ထွက်လာသော စကားများမှာလည်း အမှန်တွေချည်းသာ ဖြစ်သည်။

ဖေဒါအနေနှင့် သူ့ဘဝ သူ့အသက်နှင့် သူ့ခံစားချက်များမှ ထွက်လာသော စကားများသည် ယုတ္တိရှိနေသလောက် ငြိမ်းဘက်မှလည်း သူခံစားနေသည့်အတိုင်း အန်ထွက်လာသော စကားတွေများမှာ မငြင်းသာအောင် ရှိနေပြန်သည်။ ထို့ကြောင့်လည်း ဖေဒါကထပ်၍ အငြင်းမပွားတော့ချေ။ ငြိမ်းပြောသမျှကို ငြိမ်၍နားထောင်နေမိတော့သည်။

"ထားပါတော့လေ ခုနေအခါမှာ တစ်ယောက်နဲ့ တစ်ယောက် အချစ်ချင်း ပြိုင်နေဖို့လည်း မဟုတ်ပါဘူး။ အချစ်အတွက် ခံစားနေရတဲ့ ဒုက္ခချင်းလည်း ပြိုင်နေစရာ မလိုပါဘူး။ တို့နှစ်ယောက်စလုံးဟာ တို့ဖြစ်ချင်တဲ့ ဘဝကို မရတဲ့နောက် အတတ်နိုင်ဆုံး ဖြစ်သင့်တဲ့နည်းကို ရှာကြရအောင်။ ငါ့အတွက်ကတော့ မှန်မှန်မှားမှား တစ်ခုခု ဆုံးဖြတ်ပြီးသားရှိတယ်။ မင်းအတွက် ဒီအတိုင်း စိတ်အလိုကို လိုက်နေရင် နစ်မွန်းမှာစိုးတယ်။ မင်း ရှေ့ရေးအတွက် ငါပူတယ်။ ပြီးတော့ မင်း ခုလိုနေတာကိုမြင်ရတာ ငါ့မှာ ရင်နာတယ်။ ဒါကတော့ မင်း ယုံချင်မှ ယုံပါလေ။ ခုအချိန်မှာ မင်း တစ်နေ့ကလို အော်ပြီးပြောနေသလို နှလုံးသားကို သစ္စာဖောက်တဲ့ မိန်းမယုတ်ကြီးလို့ စွဲနေတာကိုး။ တစ်ခုတော့ရှိတယ်။ ပေဒါ သစ္စာဆိုတာ ကိုယ်က ရင်ကွဲမတတ် စောင့်သိချင်ပေမဲ့ ပတ်ဝန်းကျင်က အစောင့်မခံ ဖျက်ရတာပဲ။ ဒီတော့လည်း ဒီလိုဖျက်ရတဲ့ အချက်တစ်ခုအတွက် ကိုယ့်ဘဝကို တစ်သက်လုံး အနစ်မွန်း ခံရမလားဆိုတာ စဉ်းစားသင့်ပြီ။ ငါ့အနေနဲ့က နည်းလမ်းတွေ အများကြီး ရှိတယ်။ ငါက နစ်မွန်းခံချင်တောင် ငါ့ဘဝနဲ့ ငါ့ပတ်ဝန်းကျင်က အနစ်မွန်း မခံဘူး။ ပြီးတော့လည်း ငါ့ဘဝမှာ လျှောက်စရာလမ်းတွေက အားလုံးအသင့်ချည်းပဲ မှန်မှန်မှားမှား ဆက်လျှောက်ဖို့ လမ်းတွေက အသင့်ရှိတယ်။ ဦးတင်အောင်ကို လက်ထပ်မ လား။ နှစ်ယောက်အတူ ရန်ကုန်နဲ့ဝေးရာ သွားမလား။ ဒါမှမဟုတ် တစ်ယောက် တည်းပဲ တခြားကို လွှင့်မလား။ အားလုံး လုပ်လို့ရတယ်။ မင်းအနေနဲ့လည်း ငါ့စိတ်ကြောင့် မင်းဘဝကို မင်းအနစ်မွန်း မခံချင်ပေမယ့် နောက်က ငဲ့စရာ သံယောဇဉ်တွေက ရှိနေသေးတယ်။ ဒီတော့ မင်းရှေ့ရေးကို မင်း ထည့်စဉ်းစားရမယ်။ ပညာရေး စီးပွားရေးဆိုတာတွေ တွက်ရမယ်။ ဒီတော့ ခုခံစားနေရတဲ့ ဒုက္ခကို အသားပေးပြီး စိတ်အလိုကို လိုက်မှားရင် နောက်ဒါထက် ကြီးမားတဲ့ ဒုက္ခကို တွေ့ရလိမ့်မယ်။ ဒီမီးကို ဖြစ်တဲ့နည်းနဲ့ အမြန်ဆုံးငြိမ်းပြီး ကိုယ့်ဘဝကို ကိုယ်ပြန်ပြီး ထူထောင်ဖို့လိုတယ်"

ဆရာမကြီးတစ်ယောက်က တပည့်တစ်ယောက်ကို ဆုံးမသလို ငြိမ်းက တည်ငြိမ်သော လေသံဖြင့် ပေဒါကို ဆုံးနေတော့သည်။ ပေဒါက ဘာမျှပြန်မပြောသော်လည်း ရင်ထဲ၌ ခံပြင်းသလို ရှိတော့သည်။ ခုအချိန်မျိုးတွင် သူ့အတွက် ငြိမ်းက လမ်းညွှန်ပြနေရာ မလိုတော့ဟုလည်း ယူဆမိသည်။ တစ်ယောက်နှင့်တစ်ယောက် လမ်းခွဲ၍ သွားကြပြီးသည့်နောက် တစ်ယောက်လမ်းကို တစ်ယောက်

က စေတနာကောင်းကြီးဖြင့်လည်း ညွှန်ပြနေရန် မလိုတော့ဟုလည်း ထင်မိသည်။

ထို့ကြောင့်လည်း ဗေဒါသည် ငြိမ်းစကားများကို နားထောင်ရင်း မခံချင်စိတ်ဖြင့် အရွဲ့တိုက်ကာ ပြောလိုက်သည်။

"ကျွန်တော်လည်း အစီအစဉ်ရှိပါတယ် မမငြိမ်း ကျွန်တော်နဲ့ ဘဝတူချင်း တစ်ယောက်ကိုယူဖို့ ဆုံးဖြတ်ပြီးပါပြီ။ ပြီးတော့လည်း ကျွန်တော့်ဘဝက မမငြိမ်းတို့ လောကလို မလွတ်လပ်ပါဘူး။ ရင်ကွဲမတတ် ခံစားနေရလွန်းလို့သာ ထင်ရာရမ်းနေမိပေမဲ့ အမှန်ကတော့ ကျွန်တော်တို့မှာ တစ်ရက်လုပ်မှ တစ်ရက်စားရတာပါ။ ခုလေးငါးရက်လောက် ကျွန်တော် စိတ်လေတာဟာ တစ်အိမ်လုံး ဒုက္ခရောက်ရတာပဲ၊ ဒါကြောင့် ကိုယ့်ဘဝနဲ့ မတန်တဲ့သူ မတန်တဲ့ အလုပ်ကို မလုပ်သင့်ဘူးဆိုတာ ကျွန်တော် နားလည်ခဲ့ပါတယ်။ ခုတော့ ကျွန်တော် လုပ်ရမယ့်အလုပ်ကို လုပ်ရမယ်၊ ကျောင်းမှန်မှန်တက်မယ်။ ကျွန်တော်နဲ့ ထိုက်တန်တဲ့ ချစ်သူကို ချစ်မယ်။ ဘဝတူချင်း ဖက်တူခရီးသွားမယ်"

ဗေဒါက တမင်တကာ အရွဲ့တိုက်ပြီး ပြောလိုက်သည်ကို ငြိမ်းက မရိပ်မိပေ။ ငြိမ်းက ဗေဒါ၏ ဆုံးဖြတ်ချက်ကို နားထောင်ရင်း ဝမ်းသာဝမ်းနည်း ဖြစ်မိသည်။ ဗေဒါခုလို သူ့ဘဝကို သူ နားလည်၍ ပြုပြင်တော့မည်ဟု သိရ သဖြင့် တစ်ဖက်က ဝမ်းသာမိသော်လည်း တစ်ဖက်က ဗေဒါ သူ့ဘဝနှင့်ထိုက်တန်သော ချစ်သူကို ရွေးချယ်ပြီး ဖြစ်ကြောင်း ပြောလိုက်သဖြင့် ရင်ထဲတွင် နာကြည်း၍ လာသည်။ သို့သော် ဟန်ဆောင်၍ ပြုံးလိုက်ရှာသည်။

"အေး ဒါဟာ အမှန်ဆုံးနဲ့ အလုပ်သင့်ဆုံးပါပဲ။ နေပါဦး ငါ့မောင် ရွေးချယ်ထားတဲ့သူကိုရော မမ မသိရဘူးလား"

မည်မျှပင် ဟန်ဆောင်သော်လည်း မအောင့်နိုင်လွန်းသဖြင့် ဖွင့်၍ မေးလိုက်မိရှာသည်။ ဗေဒါက ငြိမ်းမေးလိုက်သည်ကို ချက်ချင်းပင် ပြန်၍ဖြေလိုက်သည်။

"မြသီဆိုတဲ့ ကချေသည်မလေးပါ မမငြိမ်း သိပါတယ်။ သူဟာ ကျွန်တော့်လို ဘဝတူပါပဲ။ အထက်တန်းကို မှန်းမိလို့ ကျွန်တော့်လို ဒုက္ခတွေ့ရတဲ့ မိန်းကလေးတစ်ယောက်ပါပဲ ခုတော့ အချစ်ဆိုတာ အတန်းအစားချင်းတူမှ ခိုင်မြဲနိုင်တယ်ဆိုတာ သူရော ကျွန်တော်ရော ကောင်းကောင်းကြီး သဘောပေါက်ကြတယ်။ ဒါကြောင့်လည်း တစ်ယောက်အမှားကို တစ်ယောက်က ခွင့်လွှတ်ပြီး ယူကြဖို့ ဆုံးဖြတ်လိုက်တယ်"

ငြိမ်းသည် ရင်တလှပ်လှပ် ဖြစ်လာသည်။ သူ့စိတ်ကို သူ မည်မျှ ဒိုင်မာသည်ဟု ထင်သော်လည်း တကယ်တမ်းကျတော့ ပေဒါပြောလိုက်သော စကားများသည် သူ့အသည်းကို အပ်နှင့်ဆွသလို ရှိတော့သည်။

"အေး. . . မင်း စိတ်ချမ်းသာမယ်ဆိုရင် ငါ ဝမ်းသာတယ်၊ ဒါပေမဲ့ တရွတ်ထိုးလုပ်ချင်တဲ့ စိတ်မျိုးနဲ့တော့ ဒီကိစ္စမျိုးကို မဆုံးဖြတ်သင့်ဘူး၊ တစ်သက်လုံး သွားရမယ့်ကိစ္စမို့ လေးလေးနက်နက် စဉ်းစားစေချင်တယ်၊ ဘာပဲဖြစ်ဖြစ် လိုတဲ့အကူအညီကိုပြော ငါ့ဘက်က အသင့်ပဲ။ မင်းဟာ ဟိုတုန်းကတောင် ငါ့ဆီက အကူအညီ လက်မခံခဲ့တဲ့ သူဆိုတော့ အခုအချိန်မှာ သာပြီးခေါင်းမာလိမ့်မယ်ဆိုတာ မမ ယုံပါတယ်။ ဒါပေမဲ့ မမစေတနာကိုများ နည်းနည်းပဲဖြစ်ဖြစ် မင်းအသိအမှတ် ပြုမယ်ဆိုရင်ဖြင့် မမရဲ့ စေတနာသန့်သန့်နဲ့ ကူညီလိုတဲ့ဆန္ဒကို တစ်ခါတလေ ခွင့်ပြုစေချင်တယ်၊ ကဲ. . . ငါပြန်မယ်"

ကြာကြာလည်း ဆက်၍ မနေနိုင်တော့ချေ။ အပြင်ပန်း မည်မျှဟန်ဆောင်စေကာမူ ငြိမ်း၏ ရင်တွင်း၌ကား အသည်းများကျွမ်းမတတ်ပင် မချည့်အောင် ခံစား နေရသည်။ မည်မျှပင် ဣန္ဒြေဆောင်၍ ထားသော်လည်း ကြာကြာဆက်နေလျှင် မျက်ရည်က ကျလာတော့မည်။ သူ့ရင်တွင်းမှ ခံစား နေသမျှကို သူသာ ကျိတ်၍ ခံစားချင်သည်။ ပေဒါကို လုံးလုံးမသိစေချင်။ ထို့ကြောင့်လည်း ငြိမ်းသည် စကားကိုဖြတ်၍ အိမ်ပေါ်မှ ဆင်းခဲ့သည်။

အိမ်အောက်တွင် အေးဘေးက ဆီး၍ နှုတ်ဆက်သည်ကို ကောင်းကောင်း ပြန်၍ မဖြေနိုင်၊ တစ်ခွန်းသာပြောရင်း ထွက်ခဲ့သည်။ မျက်ရည်က အလိုလို ဝဲ၍နေတော့သည်။ ဘာပဲဖြစ်ဖြစ် ကိုယ့်ဆုံးဖြတ်ချက်အတိုင်း လုပ်မိမှတော့ ကျလာသမျှဒုက္ခ တစ်ယောက်တည်းသာ ကျိတ်၍ရရုံအပြင် တခြားဘာများ တတ်နိုင်ဦးမည်နည်း။

❑

# ၁၃

ဗေဒါသည် ကျောင်းကအပြန် မြသီတို့ အိမ်ဘက်သို့ လှည့်၍ဝင်ရန် စိတ်ကူးမိသည်။ ငြိမ်းကို အရွဲ့တိုက်၍ ပြောခဲ့မိသော စကားသည် အမှန်တော့ သူကိုယ်တိုင် မဆုံးဖြတ်ရသေးချေ။ မြသီကို သနားသည်ကလွဲ၍ တခြားဘာမှ မရှိ။ ပြီးတော့လည်း ခုအချိန်မျိုးတွင် သည်လိုကိစ္စမျိုးကို လုံးလုံး မစဉ်းစားနိုင်သေးချေ။ စဉ်းစားရန်လည်း မသင့်သေးကြောင်း သဘောပေါက်မိသည်။ သို့သော် ငြိမ်းကို တမင်အရွဲ့တိုက် ပြောခဲ့မိသည်ကိုတော့ မြသီ အသိပေးသင့်သည်ဟု ထင်မိသည်။

ထို့ကြောင့်လည်း ဗေဒါသည် မြသီတို့အိမ်သို့ လှည့်ခဲ့မိသည်။ အိမ်ရှေ့တွင် ငြိမ်းတို့ အိမ်မှာ ကားကလေးရပ်ထားသည်ကို တွေ့ရသည်။ အိမ်ပေါက်ဝသို့ ရောက်သောအခါ ဗေဒါ၏ ခြေလှမ်းများသည် တုံ့၍သွားသည်။ ဗေဒါသည် အိမ်ပေါ်သို့ ရုတ်ကနဲ မတက်နိုင်ဘဲ လှေကားရင်းတွင် ရပ်နေမိလေသည်။

"နေစမ်းပါဦး။ ရှင်က ကျွန်မတို့ ကိစ္စကိုလာပြီး စုံစမ်းတာလား။ ခုမေးနေတာက ဘာသဘောလဲ"

မြသီ၏ အသံသည် မာကြောပြတ်တောင်းလှသည်။ ဗေဒါသည် အပေါ်သို့ မတက်သေးဘဲ အသာရပ်၍ နားထောင်နေမိသည်။

"အေးကွယ် စုံစမ်းတာတော့ မဟုတ်ပါဘူး။ ဒါပေမဲ့ သိတော့သိချင်တယ်။ ပြီးတော့လည်း ငါ့ညီမကို ပြောချင်တာလေးတွေလည်းရှိလို့ လာတာ

ပါ၊ မင်းတို့ချင်း တကယ်လို့ ဆုံးဖြတ်ပြီးတောင် လောလောဆယ်တော့ မစီစဉ်
သင့်သေးဘူးလို့ ထင်တယ်။ သူ့ပညာရေးအတွက် အချိန်စောင့်သင့်သေးတယ်
လို့ ထင်တယ်။ အဲဒါ ငါ့ညီမက သူ့အပေါ် မှာ တကယ်စေတနာထားရင် သူက
နေ့ချင်းညချင်း စီစဉ်ချင်တောင် မင်းက ဆယ်တန်းအောင်သည်အထိ အချိန်ကို
ဆွဲဖို့ကောင်းတယ်"

ငြိမ်းက လူကြီးတစ်ယောက်ကို အေးအေးဆေးဆေး ပြောလိုက်သော်
လည်း မြသီက ငြိမ်း၏ စေတနာကို မည်သည့်နည်းနှင့်မှ ယုံစား၍မရ။ ငြိမ်း
လို ဒုက္ခခံ၍ လာပြောသည်ကိုပင် မသက်ာနိုင်အောင် ရှိတော့သည်။

"ဒါက ကျွန်မ သဘောမဟုတ်ဘူး။ သူ့သဘော သူ့စိတ်ချမ်းသာမယ်
ဆိုရင် ခုနေအခါမှာ ဘာပဲလုပ်ရလုပ်ရ ကျွန်မ လုပ်မှာဘဲ၊ သူ့စိတ်ကြိုက်ကို
ကျွန်မ ဘာမဆို လိုက်မှာပဲ"

"အေး မင်းစေတနာကိုတော့ ငြိမ်းယုံပါတယ်။ ဒါပေမဲ့ စေတနာဟာ
ဝေဒနာဖြစ်မှာ စိုးရတယ်။ ငယ်တဲ့အရွယ်ဆိုတာ ဘာမှစဉ်းစားမှာ မဟုတ်ဘူး။
လုပ်ချင်တာကိုလုပ်ပစ်လိုက်မှာပဲ။ ဒုက္ခတွေ့တော့ မင်းတို့ပဲတွေ့မှာ"

"မထူးပါဘူး။ ကျွန်မတို့တစ်တွေဟာ ကံတူအကျိုးပေးတွေပဲ။ ကျွန်မတို့
ဘဝမှာ ဒုက္ခဆိုတာ ရှောင်လို့မလွတ်ပါဘူး။ အတူတူမျှခံဖို့ပဲ။ ဒါပေမဲ့ ဗေဒါကို
ဒုက္ခပေးတဲ့သူ ကျွန်မ မဟုတ်ပါဘူး။ ဘယ်သူပေးခဲ့တယ်ဆိုတာ ရှင်ပိုပြီး သိမှာ
ပေါ့"

"အေးပေါ့ကွယ်. . . ခုနေအခါတော့ မင်းတို့ပြောသမျှ ခံရမှာပဲ။ ဒါပေမဲ့
တစ်နေ့ ငါ့စေတနာကို မင်းတို့သိချင်လည်း သိပါလိမ့်မယ်။ သူပျက်စီးသွား
မှာကိုတော့ ငါ မကြည့်ရက်နိုင်တာ အမှန်ပဲ။ ခုနေအခါမှာ သူဟာ စိတ်လေတိုင်း
သင်ရာကို လျှောက်လုပ်နေတယ်။ ငါပြောရင်လည်း ငါ့စကားကို သူ နားမဝင်
နိုင်တဲ့ အချိန်၊ မင်း ပြောရင်ရနိုင်ဖို့ အကြောင်းရှိတယ်။ သူ့ကို မပျက်စီးအောင်
ထိန်းသိမ်းဖို့ မင်းမှာ တာဝန်ရှိတယ်လို့ ငါထင်တယ်"

"ကျွန်မ တစ်ခုမေးပါရစေ။ ဒါဖြင့် ဗေဒါကို ဖျက်ဆီးတာ ဘယ်သူလဲ။
ကျွန်မလား ရှင်လား။ ဗေဒါကို ဖျက်ဆီးတာ ကျွန်မ မဟုတ်ပါဘူးရှင်။ ရှင်
တို့အထက်တန်းစားတွေ ဂုဏ်ကြီးရှင်တွေဟာ ကျွန်မတို့လို အောက်တန်းစား
တွေကို အမြဲတမ်း ဖျက်ဆီးနေတာပဲ။ တစ်ယောက်မှ မကောင်းဘူး။ ဂုဏ်ရှိတဲ့
မိန်းမ၊ ပညာတတ်တဲ့ မိန်းမတွေဆိုရင် ဂုဏ်မဲ့တဲ့ ပညာမဲ့တဲ့ ယောက်ျားတွေရဲ့

အသည်းကို ခွဲပစ်နေကြတာပဲ။ ဒီလိုပဲ ဂုဏ်ရှိ ပညာရှိ ယောကျ်ားတွေဆိုရင်လည်း မြသီတို့လို ဂုဏ်မဲ့တဲ့ ပညာမဲ့တဲ့ မိန်းကလေးတွေကို ပန်းလိုခြွေပြီး ရှောမျှောပစ်နေကြတာပဲ။ ကျွန်မတို့လို မျက်နှာမွဲ သူဆင်းရဲ ယောကျ်ားတွေ မိန်းကလေးတွေကို မပျက်ပျက်အောင် ဖျက်ဆီးနေတာ ရှင်တို့ ဂုဏ်ကြီးရှင်တွေ ပညာရှင်တွေ သိလား"

ဗေဒါသည် ကြာလျှင်ပိုဆိုးတော့မည်ကို စိုးရိမ်လာသည်။ အပေါ်ကို တစ်လှမ်းချင်း တက်ခဲ့မိသည်။ မြသီမှာ စိတ်ထဲတွင်ရှိသည့်အတိုင်း ဒေါသဖြင့် ရန်မတွေ့လိုက်ရသည့်တိုင်အောင် မကျေနိုင် မချမ်းနိုင် ရှိနေသေးသည်။ ငြိမ်းက မြသီကို ခွင့်လွှတ်သောအပြုံးဖြင့် ပြုံး၍ကြည့်နေရှာသည်။

"အေးပါကွယ်၊ မင်းပြောတာတွေဟာ မငြင်းနိုင်ပါဘူး။ ဒါတွေပြောလို့လည်း လာတာမဟုတ်ပါဘူး။ မင်းတို့နှစ်ယောက် ချစ်ချစ်ခင်ခင်နဲ့ ခိုင်မြဲသွားတာကို မမ မြင်ချင်ပါတယ်။ ဒါပေမဲ့ အရာရာ စိတ်လိုက်မာန်ပါ မလုပ်စေချင်ဘူး။ အရှည်ကို စဉ်းစားစေချင်တယ်။ နေရေးထိုင်ရေး နှစ်ဖက်စလုံး တွေးစေချင်တယ်။ ပြီးတော့လည်း ပညာရေးအတွက်လည်း မထိခိုက်စေချင်ဘူး။ ကိုယ့်သစ္စာ ကတိကို ကိုယ်ယုံကြည်ရင် အေးအေးဆေးဆေးပဲ စီစဉ်စေချင်တယ်။ ငါ့ညီမက မိန်းကလေးဖြစ်တော့ ကိုယ့်ချစ်သူအပေါ်မှာ သည်းခံစိတ် အများကြီးထားရမယ်။ ချစ်သူရဲ့ ကြီးပွားရေး တိုးတက်ရေးကို အမြဲစဉ်းစားရမယ်။ အထောက်အကူ မပေးနိုင်တောင် အနှောင့်အယှက် မဖြစ်စေရဘူး။ ချစ်သူရဲ့ စိတ်ချမ်းသာမှုလည်း အမြဲဖြည့်တင်းနိုင်ရမယ်။ ဒါတွေဟာ မင်းတို့ အပေါ်မှာ လူတတ်ကြီးလုပ်ပြီး ဆုံးမနေတာ မဟုတ်ဘူးနော်။ မမ ဉာဏ်မီ သလောက် စေတနာနဲ့ ပြောပြတာပါ။ ဗေဒါကိုတော့ ငါ ပြောသင့်သလောက် ပြောပြီးပြီ။ အထူးသဖြင့် မင်းတို့ နှစ်ဖက်မိဘ သံယောဇဉ်တွေ အတွက်ပါ စဉ်းစားရမယ်။ မင်း ပညာရေးကိုလည်း မမေ့သင့်ဘူး။ အိမ်ထောင်ကျပြီးမှ ပညာကို ဆက်လိုက်ဖို့ဆိုတာ မလွယ်ဘူး။ အိမ်ထောင်တစ်ခုရဲ့ တာဝန်ဆိုတာ မသေးလှဘူး။ အဲ တာဝန်ကို ထမ်းရင်း ကိုယ့်ရဲ့ပညာရေးကို စွန့်ပစ်လိုက်ရရင် ကိုယ့်တက်လမ်းကို ပိတ်သလို ဖြစ်သွားမယ်။ အားလုံးကောင်းဖို့အတွက် စဉ်းစားရမယ်။ ဒီတော့ ကိုယ့်မှာ ကြိုးစားဖို့ အခွင့်ရှိခိုက် ကြိုးစားစေချင်တယ်။ တစ်ယောက်ကို တစ်ယောက် ယူကြတယ်ဆိုတာ ဘယ်အချိန်ဖြစ်ဖြစ် ယူလို့ရတယ်။ ပညာတို့

ဲပွားရေးတို့ဆိုတာ အခွင့်သာတုန်း ရှာကြရတာ။ အဲဒါကိုတော့ မင်းတို့
လေးလေးနက်နက် စဉ်းစားကြပါ"

မြသီသည် ငြိမ်းစကားကို ပြန်၍မပြောနိုင်တော့ချေ။ ငြိမ်းကလည်း
ရှားမှ ရေလွှတ်သလို သူ့စေတနာအတိုင်း အဆက်မပြတ် ပြောလိုက်သည်။
ဒေါ်နှင့် မြသီက ဆရာ့ရှေ့မှောက်၌ ရောက်နေသော ကျိုးနွံသည့်တပည့်
ကလေးများပမာ ရပ်၍နားထောင်နေတော့သည်။

"မင်းတို့ကို ငါ ခုလို တမင်တကာ လာပြောရတာတော့ တခြားကြောင့်
မဟုတ်ဘူး။ နက်ဖြန်ပဲ ငါ ရခိုင်ပြည်ကို သွားဖို့အားလုံးပြင်ပြီးပြီ။ ကျောက်ဖြူ
ကောလိပ်မှာ ငါ အလုပ်ရတယ်။ ဒါကြောင့် အချိန်ရတုန်း နှုတ်ဆက်ရင်း
လာပြောတာ၊ ငါ့ မောင်နဲ့ယှမယ် ညီမလည်း ပြောစရာရှိတာလေးတွေ ပြောချင်
လို့ လာခဲ့တာ။ ပြီးတော့ နောက်တစ်ခုက ဒေါ်ကို ပေးရင်လက်ခံမှာ မဟုတ်
လို့ မင်းကို ငါပေးခဲ့ပါရစေ၊ ဒါဟာ မင်းတို့ မင်္ဂလာကိစ္စအတွက် လက်ဖွဲ့တဲ့
သဘောလို့ပဲ အောက်မေ့ပါ။ ငါ့ချွေးနဲ့စာနဲ့ စုထားတဲ့ငွေထဲက ခွဲပြီး စေတနာ
သန့်သန့်နဲ့ ပေးတာမို့ မငြင်းစေချင်ဘူး။ ဒါကို လက်မခံရင် ဘယ်နည်းနဲ့မှ
ိတ်ကောင်းနိုင်မှာ မဟုတ်ဘူး။ ဒီတော့ မင်းတို့ လက်မခံနိုင်ဘူးဆိုရင် ငါ့ကို
ပြန်မပေးနဲ့၊ ပြန်ပေးလည်း ငါမယူဘူး။ တကယ်လို့ မင်းတို့ ငါ့စေတနာကို
ါလောက်ကလေးမှ အသိအမှတ် မပြုနိုင်ဘူးဆိုရင် ငါ့နှလုံးသားကို မီးရှို့တဲ့
ာနေနဲ့ ဒီငွေတွေကို မီးသာ ရှို့ပစ်လိုက်ကြပေတော့။ ကဲ. . . ငါသွားမယ်။ မင်း
ကို့နှစ်ယောက်စလုံးက တစ်သက်တာမှာ ချစ်ချစ်ခင်ခင်နဲ့ နိုင်မြဲပြီး ကိုယ် စိတ်
ချမ်းသာကြပါစေ"

ငြိမ်းသည် စကားဆုံးသည်နှင့် တစ်ပြိုင်နက် ချာခနဲ လှည့်၍ထွက်သွား
တော့သည်။ ဒေါ်သည် ခေါ်မဖော်နိုင်တော့ချေ။ ခုတော့လည်း ငြိမ်းစေတနာ
သည် ထင်ရှားလွန်းလှသည်။ ငြိမ်းသည် သူ့ပတ်ဝန်းကျင်မှ ရှောင်ပြေးသွား
ခြင်းသာ ဖြစ်သည်မဟုတ်လား။

ငြိမ်း၏ ကားကလေး ထွက်သွားသံကြားမှ ဒေါ်သည် ခေါင်းမော့၍
ကြည့်လိုက်သည်။ သူ့ မျက်လုံးအိမ်တွင်းမှ မျက်ရည်များသည် တလိမ့်လိမ့်
ါးကျ၍ လာတော့သည်။

မြသီက ဒေါ် လက်ကလေးကို ယောင်ယမ်း၍ ဖက်ထားလိုက်မိသည်။

ငြိမ်းကမူ ကားပေါ်တွင် မလှုပ်မယှက်ထိုင်ရင်း လိုက်လာသည်။ သူသည် မီးလောင်တွင် ပြေးနေရှာသော အရှုးမကဲ့သို့ ရှိနေတော့သည်။ မီးပိုင်ခံနေရသဖြင့် တစ်ကိုယ်လုံး အပူဒဏ်ကို ခံနေရသည်။ အပြင်က မီးဟပ်သည်ကိုသာ ခံနေရသည် မဟုတ်၊ ရင်တွင်း၌လည်း မီးဟုန်းဟုန် တောက်နေတော့သည်။

အမှန်တော့ ငြိမ်းလို သိမ်မွေ့နုနယ်သော မိန်းကလေးတစ်ယောက်အတွက် ခုလို အရှိန်ပြင်းလှသော မီးလောင်ပြင်အတွင်းမှ လွတ်အောင် ထွက်ပြေးရုံအပြင် တခြားနည်းလမ်း မရှိတော့ချေ။

❑

# ၁၄

ဆောင်းဦးပေါက်ဖြစ်၍ နှင်းတွေဝေ၍နေသည်။ အလင်းရောင်ကား မပွင့်တပွင့် ရှိနေသည်။ အရှေ့ဆီမှ ရောင်နီကလေးများ သန်းနေသော်လည်း နှင်းများက ဝေမှိုင်းနေသည်။ အရုဏ်ဦး၏ အလင်းရောင်သည် မထိုးဖောက်နိုင်သေးချေ။

မင်္ဂလာဒုံလမ်းမကြီးက ရှင်း၍နေသည်။ ပန်းကားများသာ တွေ့ရတတ်သည်။ ငြိမ်းတို့ကားကလေးသည် တက္ကသိုလ်ရိပ်သာကို ဖြတ်ကျော်၍ လာလေသည်။ ငြိမ်းသည် တက္ကသိုလ်ရိပ်သာမှ မည်းမည်းရိပ်ရိပ် မြင်ရသော အဆောက်အဦများကို ငေး၍ကြည့်နေရင်း လွမ်းမိသည်။ ခုတော့ သည်နယ်မြေ ပတ်ဝန်းကျင်ကို စွန့်ခွာရတော့မည့် အသိက ငြိမ်းစိတ်ကို တုန်လှုပ်ချောက်ချားစေသည်။ သည်နယ်မြေသည် ပတ်ဝန်းကျင်ကိုသာမက အိမ်သံယောဇဉ်ကိုပါ စွန့်ခွာခဲ့ရပြီ မဟုတ်လား။

အမှန်တော့ ငြိမ်းခုလို ထွက်လာခြင်းကို တစ်အိမ်လုံးက သဘောမတူကြချေ။ အစ်ကိုလုပ်သူက ငြိမ်းကို စကား လုံးလုံး မပြောတော့ချေ။ အမေက တစ်ညလုံး ငိုနေသည်။ အဖြစ်မှန်ကို မသိတော့လည်း ငြိမ်းကို အပြစ်တင်ကြသည်။ ငြိမ်းကို နားမလည်နိုင်အောင် ရှိတော့သည်။ ခုလောက် တိုတောင်းလှသော အချိန်အတွင်းဝယ် အလွယ်တကူ ဆုံးဖြတ်ပြုမှုပုံမျိုးကိုလည်း မအံ့ဩဘဲ မနေနိုင်အောင် ရှိတော့သည်။ သွားတော့မည် ဆိုမှ သိရတော့သည်။ ဘယ်လို ဆုံးဖြတ်၍ ဘယ်လို စီစဉ်လိုက်သည်ကိုမူ မည်သူမျှ မသိလိုက်ကြချေ။

တစ်သက်လုံးက မခွဲဘူးသော မေမေက ငြိမ်းကို တစ်ယောက်တည်း ရေခြားမြေခြား ခရီးဝေးသို့ မလွှတ်ရက်အောင် ရှိတော့သည်။

ငြိမ်းမေမေက ငြိမ်းကို အမျိုးမျိုး တောင်းပန်သည်။ ငြိမ်းက တစ်ခွန်းသာ ရှင်းပြလိုက်သည်။

"ငြိမ်း ဒီမှာရှိနေရင် မေမေတို့ကို သည့်ထက်နှိပ်စက်ညှဉ်းဆဲမိတဲ့ အလုပ်မျိုးကို လုပ်မိလိမ့်မယ်မေမေ။ ငြိမ်းကို ဒီတစ်ကြိမ်တော့ ခွင့်လွှတ်ပါ။ တစ်သက်လုံးက မေမေတို့ ကိုကိုတို့စကားကို မပယ်လှန်ခဲ့ပါဘူး။ ငြိမ်း သဘော ငြိမ်းဆန္ဒနဲ့ လုပ်ခဲ့တာ မရှိပါဘူး။ မေမေတို့ ကိုကိုတို့ သဘောဆန္ဒအတိုင်း လုပ်ခဲ့တာပါပဲ။ ခုတော့ ငြိမ်းလည်း လူတစ်ယောက်ပဲ။ အသက်အရွယ် ပညာနဲ့ ကိုယ်ပိုင်ဆုံးဖြတ်ပြီး လုပ်ကိုင်နိုင်တဲ့ အခွင့်တော့ ရှိသင့်ပါပြီ။ ဒီတစ်ခါတော့ ငြိမ်းကိုယ်ပိုင်ဆုံးဖြတ်ချက်နဲ့ ငြိမ်းလုပ်ခွင့်ပြုပါ မေမေ"

ငြိမ်းမေမေနှင့်ကိုကို့ကိုကန်တော့ရင်း အနူးအညွတ် တောင်းပန်ခဲ့သည်။ ငြိမ်း ကိုကိုက ဘာမျှမပြောတော့ချေ။ ခေတ်ပညာတတ် တစ်ယောက် ဖြစ်၍လည်း စိတ်ထဲမှ သဘောမတူသည့်တိုင်အောင် ငြိမ်း၏ လွတ်လပ်ခွင့်ကို မချုပ်ချယ်တော့ချေ။

သည်တော့လည်း မေမေက ဝိုရင်း သမီးအတွက် ကျန်းမာချမ်းသာစေရန် ဆုပေးလိုက်သည်။ ခုအချိန်ကျမှလည်း ဘာမှ မတတ်နိုင်တော့ချေ။ ငြိမ်းက သူ့အစီအစဉ်ကို အားလုံးလုပ်ပြီးမှ ဖွင့်ပြောခြင်းဖြစ်သည်။ မနက်သွားတော့မည်ဆိုမှ ကနေ့ ဖွင့်ပြောခြင်းဖြစ်၍လည်း ဘာမျှ မတတ်တော့ချေ။

ထွက်လာတော့လည်း တစ်ယောက်တည်း ထွက်ခဲ့ရသည်။ ကိုကိုက ဝတ္တရားကျေ လိုက်ပို့မည်ဟု ပြောသေးသည်။ ငြိမ်းက အပိုဒုက္ခမပေးတော့ချေ။ ကျောင်းမှ အဖော်များ လိုက်ပို့မည့်အကြောင်း စိတ်ချအောင်ပြော၍ တစ်ယောက်တည်း ထွက်ခဲ့သည်။

တစ်သက်နှင့်တစ်ကိုယ် မခွဲဘူးသော မိဘမောင်ဖွားတို့ကို ခွဲခွာလာခဲ့ရသဖြင့် အားငယ်မိသည်။ ဝမ်းနည်းမိသည်။ သို့သော် လူဆိုတာ အမြဲတမ်း သံယောဇဉ် လှောင်အိမ်ထဲတွင် နေသွား၍မဖြစ်။ တစ်ခါတစ်ရံတော့လည်း ကိုယ့်ဟာကိုယ် လွတ်လွတ်ကျွတ်ကျွတ် သွားသည့်အခါ သွားရပေမည်။ ကိုယ် ရွေးကြံ့တော့လည်း သက်လုံကောင်းရမည် မဟုတ်လား။

ဦးတင်အောင်၏ စကားများသည် ရင်ဖွင့်၍ ပြောလိုက်သော စကားများ ဖြစ်သည်ကို ငြိမ်း သဘောပေါက်မိသည်။ သည်တော့လည်း ဦးတင်အောင် အတွက် သနားရုံ ဝမ်းနည်းရုံအပြင် ဘာမျှ မတတ်နိုင်တော့ချေ။

"ဝမ်းနည်းပါတယ် ဦးတင်အောင် ကျွန်မတို့ သုံးယောက်စလုံးရဲ့ ဒုက္ခ ဟာ အခံဆင်ကွဲပေမဲ့ ဆင်းရဲတာချင်းကတော့ အတူတူပါပဲ။ ဒီအထဲမှာ ကျွန်မက ပိုချင်ပိုပါလိမ့်မယ်။ ဦးတင်အောင်နဲ့ ဒေါ်မှာကိုယ်မြတ်နိုးတဲ့ သူကို ကိုယ်မရ တဲ့ ဒုက္ခတစ်ခုပဲ ခံစားရမယ်။ ကျွန်မမှာက ကိုယ့်ကိုမြတ်နိုးမှန်းသိတဲ့ သူကို လည်း ပြန်မချစ်နိုင်၊ ကိုယ်ရော သူရော မြတ်နိုးတဲ့သူကိုလည်း အကြောင်း ကြောင်းတွေယောက်ပြီး စွန့်လွှတ်ရတဲ့ဘဝ ကျွန်မ ဒုက္ခဟာ ပိုကြီးပါတယ် ဦးတင်အောင် ဒေါ်ကို ကျွန်မချစ်တယ်၊ အသည်းတွေတုန်အောင် ချစ်တယ်၊ ဒါဟာ ရှက်စရာလည်း မလိုပါဘူး။ သူဟာ မွဲမွဲတေ်တေ် ကျွန်မ ချစ်တာဟာ ချစ်တာပဲ။ ကိုယ်ချစ်ရတဲ့သူမှာ ဒီလိုချို့တဲ့တာလေးတွေ တွေ့ရလို့ ပိုပြီး သနားရ တယ်၊ ပိုပြီး သံယောဇဉ်ကြီးရတယ်၊ ကိုယ့်ချစ်သူက အဘက်ဘက်က ပြည့်စုံ နေရင် စွန့်လွှတ်ရတာတောင် ကျွန်မ စိတ်အေးအေးနဲ့ စွန့်လွှတ်ရဲပါတယ်၊ သူ့အတွက် ဘာမှ ပူစရာ ပင်စရာ မလိုပါဘူး။ ခုတော့ အဘက်ဘက်က မျက်နှာ ငယ်ပြီး အကျိုးပေးနံ့ချာတဲ့သူကို မိဘမောင်ဖွားတွေနဲ့ လူ့ကျင့်ဝတ်တရားတွေ ကြောက်ပြီး စွန့်လွှတ်ခဲ့ရလို့ ကျွန်မ ရင်ကွဲမတတ် နာမိပါတယ်၊ မတတ်နိုင်ဘူး ဦးတင်အောင်၊ ဒေါ်ကို ကျွန်မအသည်းတွေ တုန်အောင် ချစ်ပေမဲ့ ကျွန်မဘဝ က သူ့ကို တစ်သက်လုံးချစ်ဖို့ ခွင့်မပြုဘူး။ ဒီလိုပဲ အဘက်ဘက် ပြည့်စုံတဲ့ ဦးတင်အောင်ကို ချစ်ဖို့ လက်ထပ်ဖို့ ကျွန်မဘဝနဲ့ လူမှုတရား အယောင် အဆောင်တွေက ခွင့်ပြုတယ်၊ ဒါပေမဲ့ ကျွန်မ နှလုံးသားက ခွင့်မပြုပြန်ဘူး။ ဒီတော့ ကျွန်မ ဘာလုပ်ရမလဲ၊ ဒီနှစ်ယောက်ကြားက ထွက်ပြေးတာဟာ အကောင်းဆုံး အဖြေပဲ"

ငြိမ်းသည် သူ့မျက်လုံးထောင့်ကလေးများတွင် သီး၍လာသော မျက် ရည်ဥကလေးများကို လက်ကိုင်ပဝါဖြင့် အသာတို့လိုက်သည်၊ ဦးတင်အောင် ကမူ ငြိမ်းကို ဆို့နင့်သော မျက်လုံးကြီးဖြင့် ကြည့်နေမိရှာသည်၊

"ငြိမ်း ဟိုရောက်ရင် ထပ်ပြီးစဉ်းစားပါဦးနော်. . . တကယ်လို့များ ငြိမ်း ဆုံးဖြတ်လို့ရမယ့် အချိန်ကလေးများ ပေါ်ပေါက်လာရင် ကျွန်တော့်ဆီကို အကြောင်းကြားပါ။ ကျွန်တော်အမြန်ဆုံး ပြေးလာပါ့မယ်။ ပြီးတော့လည်း

လေဆိပ်သို့ ကားကလေး ထိုးရပ်လိုက်သည်။ မောင်သန်းက ငြိမ်း ပစ္စည်းများကို ချပေးရသည်။ ပြီးတော့လည်း လုပ်စရာရှိသည်တို့ကို လုပ်ပေးရသည်။ မောင်သန်း အလုပ်လုပ်နေချိန်ဝယ် ငြိမ်းသည် ခုံလွတ်တွင် ဝင်၍ ထိုင်ရင်း ရှေ့ဆက်ရမည့် ခရီးစဉ်ကို စဉ်းစားနေမိသည်။

ထိုအတွင်းဝယ် ဦးတင်အောင်သည် အလျားဖားလျား ပြေး၍ဝင်လာသည်။ ဦးတင်အောင်သည် ငြိမ်းကိုအနှံ့လိုက်၍ရှာနေသည်။ ငြိမ်းက ဦးတင်အောင်ကို အားတုံ့အားနာ ဖြစ်မိကာ ရုတ်တရက် လှမ်းပင်မခေါ်မိ။ ဦးတင်အောင် သွားရာသို့သာ လိုက်၍ကြည့်နေမိသည်။ ဦးတင်အောင်သည် အတန်ကြာမှ ငြိမ်းကို လှမ်း၍ မြင်လိုက်သည်။ သည်တော့မှလည်း ငြိမ်းရှိရာသို့ အပြေးရောက်လာသည်။ ရောက်လာလာချင်းပင် မောကြီးပန်းကြီးဖြင့် ငြိမ်းကို ဝမ်းနည်းသံကြီးဖြင့် ပြောလိုက်ရှာသည်။

"ဘယ်လိုလုပ်တာလဲ ငြိမ်းရယ်။ ခုမှပဲ ဦးဘကြည် လာပြောလို့ သိရတယ်။ တကယ်ဆိုရင် ကျွန်တော်တို့ကို တိုင်ပင်သင့်ပါတယ်ဗျာ"

ဦးတင်အောင်က ဝမ်းနည်းပက်လက်ဖြင့် ညည်းလိုက်သည်။ ငြိမ်းက ဦးတင်အောင်၏ အဖြစ်ကို ကြည့်ရင်းအားနာမိတော့သည်။

"ဝမ်းနည်းပါတယ် ဦးတင်အောင် ကျွန်မ ဦးတင်အောင်ကို အရူးလုပ်သလို ဖြစ်နေပြီနော်။ ခုတော့ ကျွန်မအတွက်နဲ့ အားလုံးစိတ်ဆင်းရဲရတာ ဝမ်းနည်းပါတယ်။ ဒါပေမဲ့ ခက်တာပဲ ဦးတင်အောင် တစ်ခါက ဦးတင်အောင် ပြောသလိုပဲ လူတွေဟာ သူ့ရည်မှန်းချက်ကိုသူ လွတ်လွတ်လပ်လပ် တည်ဆောက်နိုင်သလား။ ဒါမှမဟုတ်ရင် ကံကြမ္မာမုန်တိုင်းလွင့်ရာကို လွင့်နေကြရတဲ့ ကြက်မွေးကလေးတွေလားဆိုတာ ခုတော့ ကျွန်မကိုယ် ကျွန်မ သိပါပြီ။ ကျွန်မဟာ ကံကြမ္မာမီးတောက် မုန်တိုင်းလွင့်ရာကို လွင့်ရတော့မှာပဲ"

"ငြိမ်းရယ် ဒီလို ဒုက္ခထဲက တစ်ယောက်တည်း ထွက်သွားရတဲ့ အဖြစ်ကို ကျွန်တော် ဝမ်းနည်းလို့ မဆုံးဘဲ။ ငြိမ်းရဲ့ ဒုက္ခဟာ ပင်လယ်မက ကြီးမားကျယ်ပြန့်ပါစေ။ ကျွန်တော့် မေတ္တာစေတနာတွေနဲ့ ဝိုင်းကာပြီး ထားချင်ပါတယ်။ ဒါပေမဲ့ ငြိမ်းက ခွင့်မပြုတော့ ကျွန်တော် ဘာလုပ်ရမှာလဲ။ ကျွန်တော်မှာ ငြိမ်း ခွင့်မလွှတ်နိုင်တဲ့ အပြစ်မျိုး ချို့ယွင်းချက်မျိုး ရှိရင်လည်း ဖွင့်ပြောပါလား ငြိမ်းရယ်။ ကျွန်တော် ပြင်ပါ့မယ်။ ညှိတယ်ပဲပြောပြော ငြိမ်းကိုသာ တစ်သက်လုံး ယုယ စောင့်ရှောက်ခွင့်ရရင် ကျွန်တော်ကိုယ့်ကို ကျွန်တော် ငြိမ်း ကြိုက်တဲ့ပုံစံမျိုး ဖြစ်အောင် ပြုပြင်ပေးပါရဲ့"

ဆုံးဖြတ်တဲ့နေရာမှာ ကျွန်တော့်ဘက်က ဘာမှထည့်သွင်းပြီး မစဉ်းစားပါနဲ့။ ငြိမ်း စိတ်ချမ်းသာမယ့် နည်းနဲ့သာ စဉ်းစားဆုံးဖြတ်ပါ။ ငြိမ်း ဆုံးဖြတ်တာကို ကျွန်တော် ဝမ်းသာအားရ နာခံဖို့ အသင့်ပါပဲ"

"ခုအချိန်မှာတော့ ကျွန်မ သူ့ရှေ့မှာ တခြား ယောကျ်ားတစ်ယောက် သူ့ပြဖို့ဆိုတာ ကျွန်မရင်ကိုခွဲပြရတဲ့ အလုပ်ထက် ခက်ခဲပါတယ် ဦးတင်အောင်၊ သူများ တခြားမိန်းကလေးတစ်ယောက်နဲ့ ဆုံစည်းပြီး သူ့မှာ တွယ်တာစရာတွေနဲ့ ပိုင်မြဲနေတဲ့ အချိန်မှာတော့ ဦးတင်အောင်ပြောသလို ကျွန်မ စဉ်းစားနိုင်ပါလိမ့်မယ်"

"ကျွန်တော် စောင့်ပါ့မယ် ငြိမ်းရယ်. . . ကမ္ဘာကြီး တည်နေသရွေ့ ကျွန်တော် ငြိမ်းကို စောင့်နေပါ့မယ်"

ထိုအတွင်းဝယ် ခရီးသည်များအတွက် အသင့်ရှိစေရန် သတိပေးသံကို ကြားရလေသည်။ မောင်သန်းက အားလုံးစီစဉ်ပြီးကြောင်း ပြောလိုက် သည်။ ငြိမ်းသည် လုပ်စရာရှိသည်တို့ကို လုပ်ပြီးလျှင် ဦးတင်အောင်ကို နှုတ်ဆက်သည့် မျက်လုံးများဖြင့် ကြည့်လိုက်သည်။

သူ့ရင်ထဲတွင် ပြောချင်သော စကားများသည် တစ္ဆုံဖြစ်လာသည်။ သူ့မျက်လုံးများသည် အခန်းတွင်းသို့ အနှံ့ကြည့်လိုက်သည်။ ဗေဒါများ ရောက်လာမလားဟု မျှော်လင့်မိသည်။ ဗေဒါ အရိပ်အယောင်ကိုမျှ မတွေ့ရ တော့မှ သူ့စိတ်ကို သူလျှော့လိုက်သည်။

သည်တော့မှလည်း သူ့စိတ်ကိုသူ ဆုံးဖြတ်၍ ရင်ထဲတွင် ရှိနေသော စကားများကို ဖွင့်၍ပြောလိုက်မိသည်။

"ဦးတင်အောင်ကိုများ ဒုက္ခပေးတယ်လို့ မအောက်မေ့ရင် ကျွန်မတစ်ခု တော့ မှာခဲ့ပါရစေ"

ငြိမ်းအသံသည် တုန်၍နေသည်။ မထွက်ရဲသော စကားကို ခွတ်မှိတ်၍ ပြောရသဖြင့်လည်း စကားများက ထစ်၍နေသည်။

"မှာပါ ငြိမ်း မှာတဲ့အတိုင်းလုပ်ဖို့ ကျွန်တော် တာဝန်ယူပါတယ်"

"ဗေဒါကို ကျွန်မကိုယ်စား စောင့်ရှောက်ဖို့ ဦးတင်အောင် တာဝန်ပေးခဲ့ပါရစေ။ သူ့နေရေးထိုင်ရေးကအစ ငွေရေးကြေးရေးပါ လိုရင် အစစ အရာရာ ကူညီစေချင်တယ်။ ပြီးတော့လည်း သူများ မြသီဆိုတဲ့ မိန်းကလေး နဲ့ မင်္ဂလာဆောင်ဖြစ်ရင် အရာရာတာဝန်ယူပြီး ကူညီပါ။ ဒီအတွက် အားလုံး ကျွန်မ တာဝန်ယူပါတယ်"

"ဒီကလေးအတွက် ငြိမ်းမှာ ဘယ်လိုဝဋ်ကြွေးများပါလာသလဲ မသိဘူး နော်"

"ဟုတ်ပါတယ် ဦးတင်အောင် ငြိမ်း သူ့ကို မောင်လေးလိုလည်း ခင်မင် တယ်၊ တပည့်ရင်း တစ်ယောက်လိုလည်း တွယ်တာတယ်၊ သားလိုလည်း သံယောဇဉ်ကြီးတယ်၊ ချစ်သူလိုလည်း ချစ်ရတယ်၊ ဘဝရေစက်က မပါလို့ မ ဆည်းကြရမဲ့ ငြိမ်းသူ့အပေါ်မှာ သံယောဇဉ် မဖြတ်နိုင်ဘူး၊ ဦးတင်အောင် သူ့အတွက် ဘယ်တော့များမှ အဝင်ကျနိုင်မယ် မသိပါဘူး ဦးတင်အောင်"

"အားလုံးစိတ်ချပါ ငြိမ်းရယ် ငြိမ်းကိုယ်စား ဗေဒါကို ကျွန်တော် လုံးလုံး တာဝန်ယူပြီး စောင့်ရှောက်ပါမယ်"

"ဦးတင်အောင် အပေါ်မှာ တင်ရှိနေတဲ့ ကျေးဇူးတွေထဲမှာ ဒီကျေးဇူး ဟာဖြင့် အကြီးဆုံးပါပဲဆိုတာ ကျွန်မ တစ်သက်လုံး မမေ့ပါဘူး ဦးတင်အောင် ကဲ ကျွန်မ သွားမယ်နော်"

ဦးတင်အောင်သည် ငြိမ်းကို ပြန်၍ပင် နှုတ်မဆက်နိုင်တော့ချေ၊ ... မြတ်နိုးသော အရာတစ်ခု ဆုံးရှုံးရလေပြီဟူသော အသိဖြင့် ရင်ထဲတွင် ... တက်၍လာသည်၊

ငြိမ်းသည် လေယာဉ်ပျံဆီသို့ သွားမည့် ကားဆီသို့ တစ်လှမ်းချင်း လျှောက်ခဲ့သည်၊ ကားပေါ်သို့ တက်မည်အပြုတွင် ငြိမ်းသည် တစ်ကိုယ်လုံး ... တုန်၍သွားသည်၊ ပြီးမှ ဝမ်းသာရွှင်လန်းသော မျက်နှာကလေးဖြင့် အားယူ၍ ပြုံးလိုက်ရှာသည်၊

ဗေဒါသည် ကားနောက်နားတွင် ရပ်၍ မလှုပ်မယှက် ငြိမ်းကို ကြည့် နေသည်၊ ပြီးမှပြန်၍ ပြုံးလိုက်သည်၊

အချိန်က မရှိတော့ချေ၊ ကားက စက်နှိုးလိုက်လေပြီ၊

"သွားတော့မယ်နော် ဗေဒါ"

"ဟုတ်ကဲ့ မမငြိမ်း ဟိုရောက်လို့ အမှတ်များရရင် စာထည့်နော် ... ပြောသာပြောရတယ်၊ အမှတ်ရမှာ မဟုတ်ပါဘူး၊ ရခိုင်ရွှေခင်းတွေက သာယာ ... တော့ ကျွန်တော်တို့ကို မေ့နေမှာပါ"

ဗေဒါက ရယ်ရယ်မောမော ပြုံးပြုံးရွှင်ရွှင်ပင် ငြိမ်းကို ပြန်၍ နှုတ်ဆက် လိုက်သည်၊ ဗေဒါ၏ အပြုအမူများသည် ငြိမ်းကို ပြောင်နေသလိုပင် ထင်... သည်၊

ငြိမ်းသည် ပေဒါကို ကြာကြာ မကြည့်ရဲတော့ချေ။ ပေဒါ၏ အပြုံးသည် မ်းနှလုံးသားကို မီးတင်ရှို့လိုက်သလို မချိမဆံ့ ခံစားရသည်။

ငြိမ်းသည် မျက်နှာကို ဖွတ်လွှဲ၍ ကားပေါ်သို့ တက်ခဲ့သည်။ ကားသည် ဖြည်းဖြည်း ထွက်စပြုလေပြီ။

မင်္ဂလာဒုံ လေယာဉ်ကွင်းပြင်ကြီးသည် နံနက်ခင်း နေရောင်ဖြင့် သာယာ သည်။ နေသည်ပင် အတော်မြင့်၍ လာလေပြီ။

လေယာဉ်ပျံကွင်းသို့ ရောက်သောအခါ ရှေ့ဆုံးမှ တက်ခဲ့သည်။ ခြလှမ်းများက မနိုင်တော့ချေ။ ထိုင်ခုံသို့ရောက်အောင် မနည်းအားတင်း၍ လျှောက်ခဲ့သည်။

ချစ်သူ၏ ရက်စက်လွန်းလှသော လှောင်ပြောင်မှုကို ခံရသဖြင့် ရင်ထဲ ွင် တဆတ်ဆတ် နာမိသည်။

"အေးလေ ဒါဟာ သူ့အတွက် စိတ်အချမ်းသာဆုံး နည်းလမ်းပဲ။ သူ တ်ချမ်းသာရင် ကျေနပ်ပါပြီ။ ကိုယ့်အတွက်ကတော့ စဉ်းစားစရာ မလိုပါဘူး"

သူ့စိတ်ကို သူမည်သို့ပင် တင်းစေကာမူ မျက်ရည်များက တဖြိုင်ဖြိုင် ကျလာသည်။

လေယာဉ်ပျံသည် မြေကြီးမှ အသာကြွ၍ တက်လာသည်။ ဝတ်သံက ြင်းထန်လှသော်လည်း ငြိမ်းသည် သူ့ရင်တွင်းမှ နှလုံးသားများ ရိုက်ခတ်သံ လောက် မပြင်းထန်ဟု ထင်မိသည်။

တိမ်ရိုင်ကလေးများတွင်းသို့ တိုးဝှေ့ ဝင်ရောက်လာသည့်အခါ ငြိမ်း သည် းအောက်သို့ မသိမသာ ငုံ့၍ကြည့်လိုက်သည်။

ရန်ကုန်မြို့တော်ကို မှုန်ပျပျကလေး မြင်ရသောအခါ လွမ်းစိတ် းဆွေးစိတ်များသည် တဝေ့ဝေ့ တက်၍လာလေသည်။

ဤကျယ်ပြန့်လှသော ရန်ကုန်ရှခင်းပြင်ကြီးထဲတွင် အသည်းတုန် းအောင် ချစ်ခဲ့ရသော ချစ်သူသည် အပြုံးမပျက် ကျန်ရစ်ခဲ့ပါတကား။

ပြင်းထန်လှသော လေယာဉ်စက်သံကြားဝယ် ငြိမ်း၏ ကြေကွဲဖွယ်ရာ ှိုက်သံကလေးများသည် ပျောက်ကွယ်သွားလေတော့သည်။

❑

ငြိမ်းသည် မျက်နှာကို လက်ကိုင်ပဝါဖြင့်အုပ်၍ တစ်ကိုယ်လုံး သိမ့်သိမ့်ခါအောင် ရှိုက်ငိုနေရာမှ တစ်စုံတစ်ယောက်က သူ၏ လက်မောင်းအိုးကလေးကို ဆုပ်ကိုင်လိုက်သဖြင့် ထိတ်လန့်တကြား မော့၍ကြည့်လိုက်မိသည်။

ငြိမ်းသည် အသက်ရှူပင် ရပ်သွားသည်ဟု ထင်ရသည်။ မျက်လုံးကလေးများသည် ဝိုင်း၍လာသည်။ နှုတ်ခမ်းကလေးများ တဆတ်ဆတ် တုန်၍နေသည်။

"ဗေဒါ"

တစ်ယောက်နှင့်တစ်ယောက် လွတ်ထွက်သွားမည်ကို စိုးရိမ်သော အကြည့်ဖြင့် မျက်တောင်မခတ် စိုက်၍ကြည့်နေမိသည်။

"မမငြိမ်း"

"မင်း. . . မင်း ဘယ်လိုလိုက်လာတာလဲ ဟင်"

"ကျွန်တော် မမငြိမ်းကို မခွဲနိုင်ဘူး။ ဦးတင်အောင်ကို မမငြိမ်း လက်မထပ် နိုင်သလို ကျွန်တော်လည်း မြသိကို မယူနိုင်ဘူး။ မမငြိမ်းနဲ့ ဝေးရင် ကျွန်တော် အသက်ရှင်နေတာဟာ အပိုပဲ။ ကျွန်တော်တို့ ကိုယ့်ကိုယ်ကိုယ် လိမ်မနေကြပါနဲ့တော့ မမရယ်"

ငြိမ်းရယ် လူသေကို အသက်ရှင်လျက် ပြန်တွေ့ရသကဲ့သို့ သူကိုယ်သူပင် မယုံနိုင်အောင် ရှိတော့သည်။ နှုတ်ခမ်းလွှာကလေးများက တဆတ်ဆတ် တုန်နေသဖြင့် ပြောချင်သော စကားက ချက်တရက်ထွက်၍ မရ။ စကားတစ်လုံး ထွက်ရန်ပင် မနည်းအားယူနေရရှာသည်။

"မင်း. . . မမကို ညှဉ်းဆဲရက်ပါပေ့ကွယ်"

ငြိမ်းက တုန်တုန်ယင်ယင်ဖြင့် ပြောလိုက်မိသည်။ ဗေဒါသည် ငြိမ်း၏ လက်မောင်းအိုးကလေးကို ဆုပ်နယ်၍နေရင်းက သနားစဖွယ် မျက်နှာငယ်ကလေးဖြင့် တောင်းပန်လိုက်ရှာသည်။

"ကျွန်တော့်ကို စိတ်ဆိုးသလား ပြောပါ မမငြိမ်းရယ်။ မမငြိမ်း တခြားသွားတော့မယ်ဆိုတော့ ကျွန်တော် နေလို့မရတော့ဘူး။ နောက်ဆုံး မမငြိမ်း နောက်ကို လိုက်တော့မယ်လို့ ဇွတ်ဆုံးဖြတ်လိုက်တယ်။ ဟိုရောက်မှ အလုပ်တစ်ခုခုလုပ်ပြီး အိမ်ကိုငွေပို့မယ်။ စာမေးပွဲလည်း အောင်အောင်ဖြေမယ်။ ခုတော့ မမငြိမ်းပေးခဲ့တဲ့ ငွေထဲကစရိတ်နှုတ်ပြီး အိမ်နဲ့မြသိကို ခွဲပေးခဲ့တယ်။ ကျွန်တော် မမငြိမ်းကို မခွဲနိုင်ဘူး။ ကျွန်တော်လိုက်လာတာ မမငြိမ်း စိတ်ဆိုးသလားဟင်"

ငြိမ်းသည် ဆွံ့အနေသူကဲ့သို့ ဘာမျှ မပြောနိုင်ဘဲ ရှိတော့သည်။ ဘာကြောင့်မှန်းမသိ၊ မျက်ရည်များက တလိမ့်လိမ့် စီးကျလာတော့သည်။

"မင်းလေး ဒီလို တခွတ်ထိုးလုပ်တာတွေကြောင့် မမတော့ ဒုက္ခရောက်လိမ့်မယ် ထင်တယ်။ ငါ့မောင်ရယ်၊ စဉ်းစဉ်းစားစားလည်း လုပ်ပါ"

"ဒုက္ခမရောက်ဘူး။ ကျွန်တော်ခုလို ဆုံးဖြတ်တာဟာ အမှန်ဆုံးပဲ။ တော်လောက်ပါပြီ မငြိမ်း။ သူများတွေအတွက် ငဲ့ပြီး ကျွန်တော်တို့နှစ်ယောက်စလုံး ဒုက္ခမခံသင့်တော့ပါဘူး။ ပြီးတော့ ကျွန်တော်တစ်ယောက်တည်း ခံရင်တော့ ထားပါတော့။ ခုတော့ မငြိမ်းလည်း ဟန်ဆောင်နေတာ တကယ်တော့ မငြိမ်းလည်း ရင်ကွဲမတတ် ခံစားရတာပဲ။ မငြိမ်း ဘယ်လောက် ခံစားရတယ်ဆိုတာ ကျွန်တော် ကိုယ်ချင်းစာတယ်၊ သူများတွေ ပါးစပ်ဖျားက ပြောမှာတွေကိုကြောက်ပြီး ကျွန်တော်တို့နှစ်ယောက်စလုံး သေလုမတတ် ဒုက္ခမခံကြပါစို့နဲ့ မငြိမ်းရယ်။ သတ္တိရှိစမ်းပါ။ အမှန်တရားကို ရင်ဆိုင်စမ်းပါ။ အပေါ်ယံ ဂုဏ်တွေ သိက္ခာတွေ ဟန်ဆောင်ပြီး ဖုံးမနေချင်ပါနဲ့တော့။ လူချီးမွမ်းတာတွေ ကဲ့ရဲ့တာတွေ ကြောက်ပြီး ကိုယ့်ကိုယ်ကိုယ် မညှဉ်းဆဲပါနဲ့တော့။ နှစ်ယောက်အတူ လက်တွဲပြီး လောကဓံကို ကြံ့ကြံ့ခံရအောင်နော်. . . မငြိမ်း"

သားငယ်က မိခင်ကို တောင်းပန်သလို ပေဒါသည် ငြိမ်းကို သနားစဖွယ် တောင်းပန်နေရှာသည်။ ငြိမ်းကား ခုထိစကားပြော၍ မရသေးချေ။ ပေဒါ့အဖြစ်ကို ကြည့်ရင်း ရင်ထုမနာဖြစ်ပီကာ မျက်ရည်များသည် ဘဆက်မပြတ် စီးကျလာသည်။

ပေဒါက ငြိမ်း၏ အဖြစ်ကိုကြည့်ရင်း ဆောက်တည်ရာ မရတော့ချေ။ ငြိမ်းထံမှ သူလိုချင်သော အဖြေမရပြန်တော့လည်း တဖြည်းဖြည်း ဘားငယ်လာသည်။

"ပြောပါ မငြိမ်းရယ်။ မကျေနပ်ဘူးဆိုလည်း ပွင့်ပွင့်လင်းလင်း ပြောလိုက်ပါတော့။ ဒီတစ်ခါ မငြိမ်း ကျွန်တော့်ကို ခွဲမယ်ဆိုရင် ရခိုင်ပင်လယ်ကမ်းခြေဟာ ကျွန်တော့်ဘဝရဲ့ ဇာတ်မြှုပ်ရာ သင်္ချိုင်း"

ငြိမ်းသည် ပေဒါ၏ ပါးစပ်ကို လက်ဝါးဖြင့်ပိတ်လိုက်သည်။ စောစောက ငြိမ်း၏ မှုန်မှိုင်းနေသော မျက်နှာကလေးသည် တိမ်ပုပ်များ ကင်းစင်သော လဖြည့်ဝန်းကဲ့သို့ ရွှန်းမြ၍လာလေသည်။

"ဒီတစ်ခါတော့ မမ ပြတ်သားရတော့မှာပါကွယ်၊ မပြတ်သားလို့လည်း မရပါဘူး"

"ဘယ်လို ပြတ်သားမှာလဲ၊ ပြောပါ မမငြိမ်းရယ်၊ ကျွန်တော် ရင်တွေ တုန်လှပြီ"

"မင်းကို မမ ဘယ်တော့မှ မခွဲတော့ဘူးသိလား၊ ခွဲလည်း မခွဲနိုင်ဘူး၊ ခွဲလည်းမခွဲရက်ဘူး၊ မင်းအတွက် မမလေ တစ်လောကလုံးနဲ့ ရင်ဆိုင်မယ်"

ပေဒါ၏ ငိုမဲ့မဲ့ မျက်နှာကလေးသည် တဖြည်းဖြည်း ပြုံး၍လာသည်။ ငြိမ်းက ပေဒါ၏ လက်ကလေးကို အတင်းအကျပ် ဆုပ်ကိုင်ထားလိုက်သည်။ တစ်ယောက်နှင့်တစ်ယောက် မဝနိုင်သော အကြည့်မျိုးဖြင့် စိုက်၍ ကြည့်နေမိသည်။

ပေဒါနှင့်ငြိမ်းတို့၏ မေတ္တာရောင်ခြည်သည် သူတို့ဖြတ်သန်းသွားရာ ကောင်းကင်တစ်ပြင်လုံး၌ ဖုံ့လွှင့်တောက်ပ၍သွားလေသတည်း။

ပြီးပြီ။

အောင်လင်း

၁၀-၅-၂၀၀၆ ညဉ့် ၁နာရီ

## ၂၀၀၆ နှင့် ၂၀၀၇ ခုနှစ်ထုတ် ရန်အောင်စာပေ - ၂ စာအုပ်များ

၁၇။ မောင်ထွန်းသူ ★ ဝက်ပါ
၁၈။ နတ်နွယ် ★တံခွန်တိုင်မောင်နှမများ
၁၉။ ချစ်ဦးညို ★အဆိပ်နှင့်ကမ္ဘာတစ်သိန်း
၂၀။ တွင်းကြီးဝမ်းမောင် ★ငတောလုံးဝတ္ထုတိုများ (၁+၂)
၂၁။ ချမ်းမြေအောင် ★ဝင်ကစွပ်ခရုအိမ်
၂၂။ (မောင်စိန်ဝင်၊ ဇော်ဇင်၊ စုယား) ★စွဲလန်းရာတမ်အနီးက ပေရယ်မေ
၂၃။ စိန်လွင်လေး ★မင်းတရားရွှေထီးနှင့် ဘုရင့်နောင်
၂၄။ မင်းလူ ★မိညီမ
၂၅။ မောင်မိုးသူ ★နိုလာကိုစတား အခုမကြည့်နဲ့ဦး
၂၆။ ရန်အောင် ★အောင်လံသားကွန့်နှင့် အခြားဝတ္ထုတိုများ
၂၇။ တင်မောင်မြင့် ★သံမဏိလိပ်ပြာ
၂၈။ ချစ်ဦးညို ★ဒုဠှဂါမဏိ
၂၉။ ယုဝတီ ခင်စိန်လှိုင် ★ရန်ကင်းသူ
၃၀။ လင်းယုန်မောင်မောင် ★အော်တိုစကော်ဇနီ
၃၁။ နတ်နွယ် ★ကုသိုလ်တစ်ပဲ ငရဲတစ်ပိဿာ
၃၂။ ဇီကြာကွေး ★သေမင်းကိုယ်တိုင်သေချင်တယ်နှင့် အခြားဟာသဝတ္ထုတိုများ
၃၃။ ချစ်ဦးညို ★စစ်သူကြီးဒလဗန်းနှင့်အခြားရာဇဝင်ဝတ္ထုရှည်များ
၃၄။ တင်မောင်မြင့် ★အတိတ်ခြေရာ-၂
၃၅။ ရွှေကူမေနှင်း ★ပိန်းရွက်ပေါ်မှ မိုးစက်များနှင့် အခြားဝတ္ထုတိုများ
၃၆။ စိန်လွင်လေး ★နတ်သျှင်နောင်နှင့် မာတုကလျာ
၃၇။ ရွှေစကြာ ★စစ်ကိုင်းမင်းသား
၃၈။ မောင်မောင်မြင့်သိန်း (ဗက်မူတက္ကသိုလ်) ★ကမောက်ကမဟာသတစ်ရာ

**ယခုလ**

၃၉။ အောင်လင်း ★ပေဒါနှင့်မောင့်မမငြိမ်း

**ဆက်လက်၍**

၄၀။ မင်းလူ ★သံယောဇဉ်အဖွဲ့
၄၁။ ဇီကြာကွေး ★မိမိကိုယ်ကို ပြန်လည်တွေ့ရှိခြင်းနှင့်အခြားဟာသဝတ္ထုတိုများ
၄၂။ စိန်လွင်လေး ★မြန်မာ့စစ်မှတ်တမ်းနှင့်သေနင်္ဂဗျူဟာများ
၄၃။ နတ်နွယ် ★ပျံလေသည့်ငှက်ခါး
၄၄။ တင်မောင်မြင့် ★တမ်းတတတ်သည် (၁+၂)
၄၅။ မောင်စူးစမ်း ★ဂလိုဘယ်အိုင်တီရန့်သင်းသော ပညာအတွေးအမြင်များ